ဂုံကော်ဝတ်ရည်

# သစ္စာနီ

## ကမ္ဘာကျော် အိပ်ရာဝင် ပုံပြင်များ

၁





ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - မေလ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - ဝလုံး

တန်ဖိုး - ၅၅၀၀ ကျပ်

# ကမ္ဘာကျော်
# အိပ်ရာဝင်ပုံပြင်များ [ ၁ ]

## သစ္စာနီ


ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၇၃၀ ၄၁၁၃၇ ၊ ၀၉ ၂၅၀၀၁၂၃၄၈

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| * နိဒါန်းစကား | | ၁၃ |
| ဇန်နဝါရီ | ၁ ဘုရင်ကြီးဖီးကွက် | ၁၅ |
| ဇန်နဝါရီ | ၂ ဘုရင်ကြီးဖီးကွက် | ၁၇ |
| ဇန်နဝါရီ | ၃ ဖားမင်းသားလေး | ၁၉ |
| ဇန်နဝါရီ | ၄ ဖားမင်းသားလေး | ၂၀ |
| ဇန်နဝါရီ | ၅ မင်းသားလေး မောင်သူရ | ၂၂ |
| ဇန်နဝါရီ | ၆ မောင်သူရနှင့် မင်းသမီးသုံးဖော် | ၂၄ |
| ဇန်နဝါရီ | ၇ မောင်သူရနှင့် နဂါးခေါင်းကိုးလုံး | ၂၆ |
| ဇန်နဝါရီ | ၈ မောင်သူရနှင့် ရွှေပန်းသီး | ၂၈ |
| ဇန်နဝါရီ | ၉ သိုးကျောင်းသားကလေး | ၃၀ |
| ဇန်နဝါရီ | ၁၀ ကြက်မနှစ်ကောင် | ၃၂ |
| ဇန်နဝါရီ | ၁၁ မြေခွေးနှင့် ကြောင် | ၃၄ |
| ဇန်နဝါရီ | ၁၂ ငန်းမင်းသမီးလေးများ | ၃၆ |
| ဇန်နဝါရီ | ၁၃ မိစ္ဆာရဲ့ သတို့သမီး | ၃၈ |
| ဇန်နဝါရီ | ၁၄ မှော်ပလွေ | ၄၀ |
| ဇန်နဝါရီ | ၁၅ ရဲငါးဖော်နှင့် ဓားပြများ | ၄၂ |
| ဇန်နဝါရီ | ၁၆ ရဲငါးဖော်နှင့် ဓားပြများ | ၄၄ |
| ဇန်နဝါရီ | ၁၇ မနှင်းဖြူနှင့် နှင်းဆီပန်းနီနီ | ၄၆ |

| | | | |
|---|---|---|---|
| ဇန်နဝါရီ | ၁၈ | မနှင်းဖြူနှင့် ရွှေဝက်ဝံ | ၄၈ |
| ဇန်နဝါရီ | ၁၉ | မနှင်းဖြူနှင့် ရွှေမင်းသား | ၅၁ |
| ဇန်နဝါရီ | ၂၀ | လက်မလေး | ၅၃ |
| ဇန်နဝါရီ | ၂၁ | ဉာဏ်များသော လက်မ | ၅၅ |
| ဇန်နဝါရီ | ၂၂ | လက်မနှင့် သူခိုးနှစ်ယောက် | ၅၇ |
| ဇန်နဝါရီ | ၂၃ | လက်မနှင့် ဝံပုလွေ | ၅၉ |
| ဇန်နဝါရီ | ၂၄ | ပင်လယ်မင်းသမီးလေး | ၆၁ |
| ဇန်နဝါရီ | ၂၅ | လိုတရ ခရုခွံ | ၆၃ |
| ဇန်နဝါရီ | ၂၆ | အဘွားအိုနှင့်ကြွက် | ၆၄ |
| ဇန်နဝါရီ | ၂၇ | နို့တစ်ပန်းကန် | ၆၆ |
| ဇန်နဝါရီ | ၂၈ | စောရမင်းသား | ၆၈ |
| ဇန်နဝါရီ | ၂၉ | စောရမင်းသား | ၇၀ |
| ဇန်နဝါရီ | ၃၀ | စောရမင်းသား | ၇၂ |
| ဇန်နဝါရီ | ၃၁ | စောရမင်းသား | ၇၄ |

* * *

| | | | |
|---|---|---|---|
| ဖေဖော်ဝါရီ | ၁ | အလီဘာဘာနှင့် ခိုးသားလေးဆယ် | ၇၇ |
| ဖေဖော်ဝါရီ | ၂ | အလီဘာဘာနှင့် ခိုးသားလေးဆယ် | ၇၉ |
| ဖေဖော်ဝါရီ | ၃ | အလီဘာဘာနှင့် ခိုးသားလေးဆယ် | ၈၁ |
| ဖေဖော်ဝါရီ | ၄ | အလီဘာဘာနှင့် ခိုးသားလေးဆယ် | ၈၃ |
| ဖေဖော်ဝါရီ | ၅ | မှော်အိုးကလေး | ၈၅ |
| ဖေဖော်ဝါရီ | ၆ | မပန်းဝါကလေး | ၈၇ |
| ဖေဖော်ဝါရီ | ၇ | မပန်းဝါကလေး | ၈၉ |
| ဖေဖော်ဝါရီ | ၈ | မပန်းဝါကလေး | ၉၁ |
| ဖေဖော်ဝါရီ | ၉ | မှင်စာကလေးသုံးကောင် | ၉၃ |
| ဖေဖော်ဝါရီ | ၁၀ | မှင်စာကလေးသုံးကောင် | ၉၅ |
| ဖေဖော်ဝါရီ | ၁၁ | မှင်စာကလေးသုံးကောင် | ၉၇ |

| | | | |
|---|---|---|---|
| ဖေဖော်ဝါရီ | ၁၂ | မှင်စာကလေးသုံးကောင် | ၉၉ |
| ဖေဖော်ဝါရီ | ၁၃ | အရုပ်ဆိုးတဲ့ဘဲကလေး | ၁၀၁ |
| ဖေဖော်ဝါရီ | ၁၄ | အရုပ်ဆိုးတဲ့ဘဲကလေး | ၁၀၃ |
| ဖေဖော်ဝါရီ | ၁၅ | အရုပ်ဆိုးတဲ့ဘဲကလေး | ၁၀၅ |
| ဖေဖော်ဝါရီ | ၁၆ | အရုပ်ဆိုးတဲ့ဘဲကလေး | ၁၀၇ |
| ဖေဖော်ဝါရီ | ၁၇ | ဖယောင်းတိုင်မီး ယုံတမ်းပုံပြင် | ၁၀၉ |
| ဖေဖော်ဝါရီ | ၁၈ | ဖယောင်းတိုင်မီး ယုံတမ်းပုံပြင် | ၁၁၁ |
| ဖေဖော်ဝါရီ | ၁၉ | ဖယောင်းတိုင်မီး ယုံတမ်းပုံပြင် | ၁၁၃ |
| ဖေဖော်ဝါရီ | ၂၀ | ဖယောင်းတိုင်မီး ယုံတမ်းပုံပြင် | ၁၁၅ |
| ဖေဖော်ဝါရီ | ၂၁ | မောင်ဆွံ့အလေးနှင့် သတို့သမီး | ၁၁၇ |
| ဖေဖော်ဝါရီ | ၂၂ | လူစွမ်းကောင်း ခုနစ်ယောက် | ၁၁၉ |
| ဖေဖော်ဝါရီ | ၂၃ | လူစွမ်းကောင်း ခုနစ်ယောက် | ၁၂၁ |
| ဖေဖော်ဝါရီ | ၂၄ | လူစွမ်းကောင်း ခုနစ်ယောက် | ၁၂၃ |
| ဖေဖော်ဝါရီ | ၂၅ | ကြီးကျယ်သော အပ်ချုပ်သမား | ၁၂၅ |
| ဖေဖော်ဝါရီ | ၂၆ | ကြီးကျယ်သော အပ်ချုပ်သမား | ၁၂၇ |
| ဖေဖော်ဝါရီ | ၂၇ | ကြီးကျယ်သော အပ်ချုပ်သမား | ၁၂၉ |
| ဖေဖော်ဝါရီ | ၂၈ | ကြီးကျယ်သော အပ်ချုပ်သမား | ၁၃၁ |


* * *


| | | | |
|---|---|---|---|
| မတ် | ၁ | ဉာဏ်ရှိသော အိုးဖုတ်သမား | ၁၃၃ |
| မတ် | ၂ | ဝံပုလွေနှင့် ခွေးအိုကြီး | ၁၃၅ |
| မတ် | ၃ | ဝံပုလွေနှင့် ခွေးအိုကြီး | ၁၃၇ |
| မတ် | ၄ | ဆူးလေပင်မလေး | ၁၃၉ |
| မတ် | ၅ | သိုးကို ဆေးကုနည်း | ၁၄၁ |
| မတ် | ၆ | သိုးထိန်းသမလေးနှင့် မီးခိုးခေါင်းတိုင်ရှင်းသမားလေး | ၁၄၃ |
| မတ် | ၇ | သိုးထိန်းသမလေးနှင့် မီးခိုးခေါင်းတိုင်ရှင်းသမားလေး | ၁၄၅ |
| မတ် | ၈ | ဂျစ်ပစီသခင်ကြီး | ၁၄၇ |

| | | | |
|---|---|---|---|
| မတ် | ၉ | စာကလေးငှက်သိုက် | ၁၄၉ |
| မတ် | ၁၀ | လူနီပုံပြင် | ၁၅၁ |
| မတ် | ၁၁ | အိုးအိုးနှင့်အားအား | ၁၅၃ |
| မတ် | ၁၂ | အာလာဒင်နှင့် မီးခွက်ဆန်း | ၁၅၅ |
| မတ် | ၁၃ | အာလာဒင်နှင့် မီးခွက်ဆန်း | ၁၅၇ |
| မတ် | ၁၄ | အာလာဒင်နှင့် မီးခွက်ဆန်း | ၁၅၉ |
| မတ် | ၁၅ | အာလာဒင်နှင့် မီးခွက်ဆန်း | ၁၆၁ |
| မတ် | ၁၆ | သိုးတွေကို ဘယ်လို ရေတွက်မလဲ | ၁၆၃ |
| မတ် | ၁၇ | ကြိတ်စက်သမားလေးနှင့် ကြောင်များ | ၁၆၅ |
| မတ် | ၁၈ | ကြိတ်စက်သမားလေးနှင့် ကြောင်များ | ၁၆၇ |
| မတ် | ၁၉ | ကြိတ်စက်သမားလေးနှင့် ကြောင်များ | ၁၆၉ |
| မတ် | ၂၀ | ရွှေမင်းသမီးနှင့် မောင်မောင်ရိုး | ၁၇၁ |
| မတ် | ၂၁ | ရွှေမင်းသမီးနှင့် မောင်မောင်ရိုး | ၁၇၃ |
| မတ် | ၂၂ | တစ်လုံး နှစ်လုံး သုံးလုံး | ၁၇၅ |
| မတ် | ၂၃ | တစ်လုံး နှစ်လုံး သုံးလုံး | ၁၇၇ |
| မတ် | ၂၄ | တစ်လုံး နှစ်လုံး သုံးလုံး | ၁၇၉ |
| မတ် | ၂၅ | ဂီတာသမားနှစ်ယောက် | ၁၈၁ |
| မတ် | ၂၆ | ဂီတာသမားနှစ်ယောက် | ၁၈၃ |
| မတ် | ၂၇ | သံသေတ္တာကြီး | ၁၈၅ |
| မတ် | ၂၈ | သံသေတ္တာကြီး | ၁၈၇ |
| မတ် | ၂၉ | သံသေတ္တာကြီး | ၁၈၉ |
| မတ် | ၃၀ | မိုက်မဲတဲ့ သတို့သမီး | ၁၉၁ |
| မတ် | ၃၁ | အဖေက ရွှေ အမေက ငွေ သားက ကြေးနီ | ၁၉၃ |

* * *

| | | | |
|---|---|---|---|
| ဧပြီ | ၁ | ဉာဏ်နည်းသော ကြွက်ကလေး | ၁၉၅ |
| ဧပြီ | ၂ | ဉာဏ်နည်းသော ကြွက်ကလေး | ၁၉၇ |

| | | | |
|---|---|---|---|
| ဧပြီ | ၃ | အစားကြီးတဲ့ ကောင်လေး | ၁၉၉ |
| ဧပြီ | ၄ | အိပ်မပျော်တဲ့ လှေသမား | ၂၀၁ |
| ဧပြီ | ၅ | ဓားပြလေး မောင်နံ့ | ၂၀၃ |
| ဧပြီ | ၆ | မှော်ဖိနပ်နဲ့ ပေါက်စ | ၂၀၅ |
| ဧပြီ | ၇ | မှော်ဖိနပ်နဲ့ ပေါက်စ | ၂၀၇ |
| ဧပြီ | ၈ | မှော်ဖိနပ်နဲ့ ပေါက်စ | ၂၀၉ |
| ဧပြီ | ၉ | ပြာလူးမလေး | ၂၁၁ |
| ဧပြီ | ၁၀ | ပြာလူးမလေး | ၂၁၃ |
| ဧပြီ | ၁၁ | ပြာလူးမလေး | ၂၁၅ |
| ဧပြီ | ၁၂ | ပြာလူးမလေး | ၂၁၇ |
| ဧပြီ | ၁၃ | မှော်ချားရဟတ် | ၂၁၉ |
| ဧပြီ | ၁၄ | ကူညီတတ်သော ဖြူကလေး | ၂၂၁ |
| ဧပြီ | ၁၅ | ပန်းသည်အဘွားအို | ၂၂၃ |
| ဧပြီ | ၁၆ | နှံ့ပြီစုတ်ဘုရင် | ၂၂၅ |
| ဧပြီ | ၁၇ | နှံ့ပြီစုတ်ဘုရင် | ၂၂၇ |
| ဧပြီ | ၁၈ | နှံ့ပြီစုတ်နှင့် ဝက်ဝံ | ၂၂၉ |
| ဧပြီ | ၁၉ | နှံ့ပြီစုတ်နှင့် ဝက်ဝံ | ၂၃၁ |
| ဧပြီ | ၂၀ | နဂါးတူရိယာအဖွဲ့ | ၂၃၃ |
| ဧပြီ | ၂၁ | ဆန်စေ့လေးတစ်စေ့ | ၂၃၅ |
| ဧပြီ | ၂၂ | မာနကြီးတဲ့ကြောင် | ၂၃၇ |
| ဧပြီ | ၂၃ | ဆောင်းတွင်းပန်းကလေး | ၂၃၉ |
| ဧပြီ | ၂၄ | ဘုရင်ဖြစ်ချင်တဲ့ငှက် | ၂၄၁ |
| ဧပြီ | ၂၅ | မြည်းဘုရင်ကြီး | ၂၄၃ |
| ဧပြီ | ၂၆ | အပြာရောင်မီးအိမ် | ၂၄၅ |
| ဧပြီ | ၂၇ | အပြာရောင်မီးအိမ် | ၂၄၇ |
| ဧပြီ | ၂၈ | အပြာရောင်မီးအိမ် | ၂၄၉ |
| ဧပြီ | ၂၉ | အပြာရောင်မီးအိမ် | ၂၅၁ |

| | | | |
|---|---|---|---|
| ဧပြီ | ၃၀ | ကြောင်နှင့် ကြွက် ကမ္ဘာရန်ဖြစ်ရခြင်း | ၂၅၃ |

* * *

| | | | |
|---|---|---|---|
| မေ | ၁ | ကိုမြန်စာသင့် ဖားမင်းသမီးလေး | ၂၅၅ |
| မေ | ၂ | ကိုမြန်စာသင့် ဖားမင်းသမီးလေး | ၂၅၇ |
| မေ | ၃ | ကိုမြန်စာသင့် ဖားမင်းသမီးလေး | ၂၅၉ |
| မေ | ၄ | ကိုမြန်စာသင့် ဖားမင်းသမီးလေး | ၂၆၁ |
| မေ | ၅ | စစ်သားသစ်သုံးယောက်နှင့် ဘီလူး | ၂၆၃ |
| မေ | ၆ | စစ်သားသစ်သုံးယောက်နှင့် ဘီလူး | ၂၆၅ |
| မေ | ၇ | သံဖြူစစ်သားလေး | ၂၆၇ |
| မေ | ၈ | သံဖြူစစ်သားလေး | ၂၆၉ |
| မေ | ၉ | သံဖြူစစ်သားလေး | ၂၇၁ |
| မေ | ၁၀ | သံဖြူစစ်သားလေး | ၂၇၃ |
| မေ | ၁၁ | မှန်တောင်တန်းက အပျိုစင် | ၂၇၅ |
| မေ | ၁၂ | မှန်တောင်တန်းက အပျိုစင် | ၂၇၇ |
| မေ | ၁၃ | မှန်တောင်တန်းက အပျိုစင် | ၂၇၉ |
| မေ | ၁၄ | မှန်တောင်တန်းက အပျိုစင် | ၂၈၁ |
| မေ | ၁၅ | အသန်မာဆုံးငှက်များ | ၂၈၃ |
| မေ | ၁၆ | ပြုစားတတ်တဲ့မှန် | ၂၈၅ |
| မေ | ၁၇ | ဝက်ဝံအရေခြုံနှင့် လူ | ၂၈၇ |
| မေ | ၁၈ | ဝက်ဝံအရေခြုံနှင့် လူ | ၂၈၉ |
| မေ | ၁၉ | ဝက်ဝံအရေခြုံနှင့် လူ | ၂၉၁ |
| မေ | ၂၀ | ဝက်ဝံအရေခြုံနှင့် လူ | ၂၉၃ |
| မေ | ၂၁ | မေ့တတ်သော ဆင်ကြီး | ၂၉၅ |
| မေ | ၂၂ | တံငါသည်နှစ်ယောက် | ၂၉၇ |
| မေ | ၂၃ | တံငါသည်နှစ်ယောက် | ၂၉၉ |
| မေ | ၂၄ | တံငါသည်နှစ်ယောက် | ၃၀၁ |

| | | | |
|---|---|---|---|
| မေ | ၂၅ | တံငါသည်နှစ်ယောက် | ၃၀၃ |
| မေ | ၂၆ | သီချင်းဆိုတဲ့မြစ် | ၃၀၅ |
| မေ | ၂၇ | ကျောင်းအုပ်ကြီးနှင့် ငမန်း | ၃၀၇ |
| မေ | ၂၈ | မင်းသမီးနှင့် ပဲစေ့ | ၃၀၉ |
| မေ | ၂၉ | မင်းသမီးတစ်ဆယ့်နှစ်ပါး | ၃၁၁ |
| မေ | ၃၀ | မင်းသမီးတစ်ဆယ့်နှစ်ပါး | ၃၁၃ |
| မေ | ၃၁ | မင်းသမီးတစ်ဆယ့်နှစ်ပါး | ၃၁၅ |

* * *

| | | | |
|---|---|---|---|
| ဇွန် | ၁ | မျော်ပန်းပွင့် | ၃၁၇ |
| ဇွန် | ၂ | ကြက်တူရွေးပုံပြင် | ၃၁၉ |
| ဇွန် | ၃ | ကြက်တူရွေးပုံပြင် | ၃၂၁ |
| ဇွန် | ၄ | ကံကောင်းတဲ့ သိုးကျောင်းသမား | ၃၂၃ |
| ဇွန် | ၅ | ကံကောင်းတဲ့ သိုးကျောင်းသမား | ၃၂၅ |
| ဇွန် | ၆ | ပညာရှိလယ်သမား | ၃၂၇ |
| ဇွန် | ၇ | ပညာရှိလယ်သမား | ၃၂၉ |
| ဇွန် | ၈ | ပြွန်ပလွေမှုတ်သမား | ၃၃၁ |
| ဇွန် | ၉ | ငန်းစိမ်း | ၃၃၃ |
| ဇွန် | ၁၀ | ငန်းစိမ်း | ၃၃၅ |
| ဇွန် | ၁၁ | လောရှည်၊ အနံကျယ်နှင့် နတ်မျက်စိ | ၃၃၇ |
| ဇွန် | ၁၂ | လောရှည်၊ အနံကျယ်နှင့် နတ်မျက်စိ | ၃၃၉ |
| ဇွန် | ၁၃ | လောရှည်၊ အနံကျယ်နှင့် နတ်မျက်စိ | ၃၄၁ |
| ဇွန် | ၁၄ | လောရှည်၊ အနံကျယ်နှင့် နတ်မျက်စိ | ၃၄၃ |
| ဇွန် | ၁၅ | မျိုးစေ့ကြီး | ၃၄၅ |
| ဇွန် | ၁၆ | ကိုလူပျင်း | ၃၄၇ |
| ဇွန် | ၁၇ | ရေဘူးနှင့် ပေါင်မုန့် | ၃၄၉ |
| ဇွန် | ၁၈ | မစံပယ်နှင့် စုန်းမကြီး | ၃၅၁ |

| | | | |
|---|---|---|---|
| ဌန် | ၁၉ | မစံပယ်နှင့် စုန်းမကြီး | ၃၅၃ |
| ဌန် | ၂၀ | မစံပယ်နှင့် စုန်းမကြီး | ၃၅၅ |
| ဌန် | ၂၁ | မစံပယ်နှင့် စုန်းမကြီး | ၃၅၇ |
| ဌန် | ၂၂ | မောင်နုံလေးနှင့် တစ္ဆေရဲတိုက် | ၃၅၉ |
| ဌန် | ၂၃ | မောင်နုံလေးနှင့် တစ္ဆေရဲတိုက် | ၃၆၁ |
| ဌန် | ၂၄ | မောင်နုံလေးနှင့် တစ္ဆေရဲတိုက် | ၃၆၃ |
| ဌန် | ၂၅ | မောင်နုံလေးနှင့် တစ္ဆေရဲတိုက် | ၃၆၅ |
| ဌန် | ၂၆ | မာနရှင်မင်းသမီး | ၃၆၇ |
| ဌန် | ၂၇ | မာနရှင်မင်းသမီး | ၃၆၉ |
| ဌန် | ၂၈ | မာနရှင်မင်းသမီး | ၃၇၁ |
| ဌန် | ၂၉ | ကြွက်ကလေးပုံပြင် | ၃၇၃ |
| ဌန် | ၃၀ | သူခိုးလက်က သူဖွက်လု | ၃၇၅ |


* * *

## နိဒါန်းစကား

လူကြီးဆိုတာ တစ်ခါတုန်းက ကလေးတွေသာ ဖြစ်ပါတယ်။ ကလေးဘဝကို ဖြတ်သန်းခဲ့ကြတဲ့အခါမှာ မပါမဖြစ်တဲ့ အရာသုံးခုကတော့ မိုးပုံ့ပူဖောင်းရယ်၊ သကြားလုံးရယ်၊ ပုံပြင်ရယ် ဖြစ်ပါတယ်။ လောကမှာ မိခင်နို့ မစို့ဖူးတဲ့ ကလေးတွေသာ ရှိပါတယ်။ ပုံနားမထောင်ဖူးတဲ့ ကလေးရယ်လို့ မရှိပါဘူး။

ပုံပြင်ဆိုတာ ကမ္ဘာမှာ အစောဆုံး ပေါ်ပေါက်ခဲ့တဲ့ (ဝတ္ထု ကဗျာ စတာတွေထက် စောတယ်။) သမိုင်းဦး အနုပညာပုံစံ ဖြစ်ပါတယ်။ သူ့နောက်မှာ ဂီတ၊ ရုပ်ရှင် စတဲ့ အနုပညာအသစ်တွေ ဘယ်လိုပဲ ပေါက်ဖွားလာလာ လောကကြီးမှာ ကလေးတွေ မဆိတ်သုဉ်းသရွေ့ ပုံပြင်တွေဟာလည်း ဘယ်တော့မှ ဆိတ်သုဉ်းခန်းခြောက်မှာ မဟုတ်ပါဘူး။

ကလေးဘဝက ပုံပြင်နားထောင်ခဲ့တဲ့သူတွေဟာ လူကြီးဖြစ်လာတဲ့အခါ ပုံပြောသူအဖြစ် တာဝန်ယူရလေ့ ရှိပါတယ်။ အဲဒီအခါမှာ လူကြီးတိုင်း ကြုံရတဲ့ အခက်အခဲတစ်ခုကတော့ ပုံပြင်ရှားပါးမှုပါပဲ။ ကလေးတွေ ပူဆာတိုင်း ပုံပြင်တွေကို တစ်မျိုးနဲ့တစ်မျိုး မရိုးမထပ်ရအောင် ပြောပြဖို့ကိစ္စဟာ ပြဿနာ ဖြစ်လာပါတယ်။ အဲဒီအခက်အခဲကို ပြေလည်အောင် ဖြေရှင်းပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ဒီပုံပြင်အတွဲကို တင်ဆက်ဖို့ စိတ်ကူးရခဲ့ပါတယ်။

မူရင်းစာအုပ်ကတော့ ကနေဒါနိုင်ငံ ကိုးလ်စ်ပုံပြင်စာအုပ် ထုတ်ဝေရေးကုမ္ပဏီက ထုတ်ဝေလိုက်တဲ့ စတက်ဖင်ဖင်း (Stephen Finn) ရဲ့ The book of Bedtime stories စာအုပ် ဖြစ်ပါတယ်။

ဇန်နဝါရီ တစ်ရက်နေ့ကစပြီး ဒီဇင်ဘာ သုံးဆယ့်တစ်ရက်နေ့အထိ ညအိပ်ရာဝင်တိုင်း ဝင်တိုင်း သင့်ကလေးကို တစ်ညကို ပုံပြင်တစ်ပုဒ်ကျစီ ပြောပြသွားနိုင်ဖို့ တစ်နှစ်စာ ၃၆၅ ပုဒ်ကို ကမ္ဘာပေါ်မှာရှိတဲ့ အကောင်းဆုံးပုံပြင်တွေထဲက ရွေးချယ်ထုတ်နုတ် စုဆောင်းထားတာ ဖြစ်ပါတယ်။

ဒီစာအုပ်ကလေးတွေဟာ နောင်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းစရာ အဖိုးမဖြတ်နိုင်တဲ့ရတနာ ဖြစ်နေပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကလေးဘဝ ပုံပြင်နားထောင်သူအဖြစ်နဲ့ ကိုယ့်အပေါ် ရှိခဲ့တဲ့ အကြွေးကို ဒီစာအုပ်ကလေးတွေနဲ့ လောကကြီးအား ပြန်ဆပ်ခွင့်ကြုံတဲ့အတွက် ဝမ်းသာကြည်နူးမိကြောင်း ပြောကြားလိုပါတယ် ခင်ဗျား။

မူလ ခြောက်အုပ်တွဲထုတ်စဉ်က ဦးရဲရဲဦး ဆိုတဲ့ ကျွန်တော့်ကလောင်ကွဲတစ်ခုနဲ့ပါ။ အခု ပြန်ထုတ်တော့ ကျွန်တော့် ကလောင်နာမည်အရင်း သစ္စာနီကိုပဲ လိုလိုချင်ချင် တပ်လိုက်ပါတယ်။

**သစ္စာနီ**
**(ဒီဇင်ဘာ ၂၀၁၅)**

❑


JANUARY

# ဇန်နဝါရီ ၁

## ဘုရင်ကြီးဇီးကွက်

ဟိုးရှေးရှေးတုန်းကပေါ့၊ ငှက်တွေဟာ လူတွေထက် ပိုပြီး အသိဉာဏ်ရှိကြသတဲ့။ အဲဒါကြောင့် သူတို့ကို အုပ်ချုပ်တဲ့ ဘုရင်လည်း မရှိဘူးတဲ့။ ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ် လို့ ပြောတဲ့ ဝန်ကြီးတွေလည်း မရှိဘူးတဲ့။ သူတို့ဟာ အမြဲတမ်း စုစုဝေးဝေး စည်းစည်းရုံးရုံး နေထိုင်ကြပြီး တစ်ယောက်အကြောင်း တစ်ယောက်ကို ပြောကြတယ်။ ဘယ်သူတော့ဖြင့် ငှက်ကလေးတွေ မွေးတယ်။ ဘယ်သူတော့ဖြင့် သေဆုံးသွားတယ်။ ဘယ်ငှက်ကလေးတွေဟာ ဖြင့် မိဘမဲ့ ဖြစ်နေတယ် စတဲ့ အကြောင်းတွေပေါ့ကွယ်။

သူတို့အားလုံးဟာ အတူတူပဲ။ အရေးကြီးတယ်ဆိုတဲ့ ငှက်လည်း မရှိဘူး။ အမိန့်ပေးတဲ့သူလည်း မရှိဘူးတဲ့။ သူတို့ လိုက်နာကြတဲ့ ဥပဒေက တစ်ခုပဲ ရှိတယ်။ အဲဒါက ချစ်ခင်ခြင်းနဲ့ ရင်းနှီးခြင်းတဲ့။ သူတို့ဟာ တစ်ကောင်နဲ့ တစ်ကောင် စိတ်ဆိုးတာတွေ၊ မုန်းတီးတာတွေလည်း မရှိဘူးတဲ့။ ဘယ်လောက် ကောင်းသလဲကွယ်။ သူတို့ အမြဲ ပျော်နေကြတာပေါ့။

တစ်နေ့တော့ ကောက်ကျစ်တဲ့ လူတစ်ယောက်ဟာ သူတို့အနားကို ရောက်လာတယ်။ သူက ငှက်တွေ ဒီလို စုစုဝေးဝေး ပျော်ပျော်ရွှင်ရွှင်နေကြတာကို သိပ်ကြည့်မရဘူး။ ဒီတော့ သူက အကြံနဲ့ ဒေါင်းကိုကြည့်ပြီး ပြောတယ်။

"ကိုရွှေဒေါင်း၊ ခင်ဗျားဟာ တခြားငှက်တွေနဲ့ စာရင် မယှဉ်သာအောင် ပိုလှသူ၊ ဘာလို့ ကိုယ့်ဘာသာမနေဘဲ ဒီအရုပ်ဆိုးတွေနဲ့ လာတွဲနေတာလဲ"

ဒီစကားကို ကြားတော့ ဒေါင်းငှက်ကလည်း မာနတက်သွားတယ်။ ဟုတ်ပေသားပဲ။ ဒီကောင်တွေနဲ့ အတူတူနေဖို့ မတူမတန်ဘူး ဆိုပြီး အုပ်စုထဲက ခွဲထွက်သွားတယ်။ ကောက်ကျစ်တဲ့လူက သိမ်းငှက်ဆီကို သွားပြန်ရော။

"ကိုရွှေသိမ်း၊ ခင်ဗျားက ဘယ်လိုလုပ် ဒီတောကြက်တွေနဲ့ ရင်းနှီးနေရတာလဲ။ ခင်ဗျားဟာ တခြားအကောင်တွေထက် ပိုပြီး သန်လည်းသန်မာ၊ မြင့်လည်း မြင့်မြတ်တယ် မဟုတ်လား။ ခင်ဗျားဟာ အမြင့်ဆုံး တိမ်တိုက်တွေထဲ ရောက်အောင် ပျံနိုင်တဲ့သူ။ တခြား

အကောင်တွေကတော့ သစ်ပင်ထိပ်ဖျား တွေလောက်သာ ပျံနိုင်ကြတာ။ ခင်ဗျားနဲ့ မတူမတန် လိုက်တာဗျာ'' လို့ ပြောတယ်။


အဲဒီစကားကို ကြားတော့ သိမ်းငှက် လည်း ဘဝင်မြင့်သွားတယ်။ သူ့ရဲ့ ခွန်အား၊ သူ့ရဲ့ ချွန်ထက်တဲ့ လက်သည်းတွေနဲ့ ငှက်ကလေးတွေရဲ့ အသိုက်တွေကို ဖျက်ဆီးပြီး သူ နေထိုင်တဲ့ ဟိုကျောက်တောင်ထိပ်ကို ပြန်သွားတော့တယ်။

အဲဒီကောက်ကျစ်တဲ့သူကတော့ ဖြည်းဖြည်းချင်းပဲ ငှက်တွေ တစ်ကောင်ချင်း လိုက်ပြီး ရန်တိုက်ပေးတဲ့ စကားကို တိုးတိုး တိုးတိုးနဲ့ ပြောနေတော့တယ်။

ကဲ··· ဒီနေ့တော့ ဒီလောက်နဲ့ တော်ကြစို့။

ကောက်ကျစ်တဲ့ လူတစ်ယောက်ကြောင့် ငှက်လောကကြီး ဘယ်လို ဖြစ်သွားခဲ့သလဲ၊ ဇီးကွက်ကြီးရော ငှက်လောကမှာ ဘယ်လိုလုပ် ဘုရင်ဖြစ်လာခဲ့သလဲဆိုတာ မနက်ဖြန်ညကျ မှပဲ ဆက်ပြောပြတော့မယ်။

❑



# ဇန်နဝါရီ ၂

## ဘုရင်ကြီးဖားကွက်

မနေ့က ပုံပြင်ကို ဆက်ပြောမယ်နော်၊ ကောက်ကျစ်တဲ့လူကြီး တစ်ယောက်ကြောင့် ငှက်တွေ တစ်ကောင်နဲ့ တစ်ကောင် မတည့်ဘဲ ဖြစ်နေကြတာတော့ မှတ်မိတယ် မဟုတ်လား။ အဲဒီအချိန်ကစပြီး ငှက်လောကဟာ ဈေးထဲက ငါးစိမ်းတန်းနဲ့ တူနေတော့တယ်တဲ့။

ငှက်တွေဟာ တစ်ကောင်နဲ့ တစ်ကောင် ရန်လိုကြ၊ ပုတ်ခတ်ကြ၊ မကောင်းပြောကြ၊ ထိုးကြဆိတ်ကြ၊ နောက်ဆုံး အင်အားကြီးတဲ့ အကောင်က အင်အားနည်းတဲ့ အကောင်ကို နှိပ်စက်ကြ၊ သတ်ကြနဲ့ ဖြစ်နေပါတော့တယ်။ မာနထောင်လွှားနေတဲ့ အဲဒီငှက်တွေကို ဘယ်သူကမှလည်း ဆုံးမစကားပြောလို့ မရဘူး။

'တို့တွေ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး' လို့ အသိဉာဏ်ရှိတဲ့ ငှက်တွေက တွေးမိကြတယ်။ အဲသလိုနဲ့ သူတို့နဲ့ တခြား သဘောတူတဲ့ ငှက်တွေကို စု၊ ပြီးတော့ ငှက်ငယ်ကလေးတွေခေါ်ပြီး ကျောက်တောင်ထိပ်မှာရှိတဲ့ သိမ်းငှက်ကြီးရဲ့ အသိုက်ဆီကို ရောက်အောင် လာခဲ့ကြတယ်။ ရောက်ကြတော့ "ကျွန်ုပ်တို့ တရားမျှတမှု လိုချင်တယ်" လို့ အော်ကြတယ်။

သိမ်းငှက်ကြီး ထွက်လာတော့-

"သင်ဟာ ကျုပ်တို့အထဲမှာ အသန်မာဆုံး ဖြစ်ပါတယ်။ ဒါကြောင့် ကျုပ်တို့ငှက်တွေ တစ်ကောင်အပေါ် တစ်ကောင် မတရား မနှိပ်စက်နိုင်အောင် စောင့်ရှောက်ပေးပါ" လို့ ပြောကြတယ်။

သိမ်းငှက်ကြီးက ဒီငှက်တွေ သဘောကျ လက်ခံလိုက်ရကောင်းမလား စဉ်းစားနေတယ်။ လက်ခံလိုက်ရင် သူဟာ ငှက်တွေရဲ့ဘုရင် ဖြစ်သွားမယ်ပေါ့။ အဲဒီအချိန်မှာ ကောက်ကျစ်တဲ့လူက အနားရောက်လာပြီး သိမ်းငှက်ကြီးကို တိုးတိုးလေး ပြောတယ်။

"သိမ်းငှက်ကြီး၊ မင်းက ဘုရင်လုပ်ဖို့ စိတ်ကူးနေတာလား။ တော်တော် ရူးသေးတာပဲ။ ဘုရင်ဆိုတာ ပြည်သူပြည်သားတွေရဲ့ အစေခံကွ။ သူလုပ်ချင်တာ လုပ်ရတာ မဟုတ်ဘူး။ တိုင်းပြည် တိုးတက်အောင်၊ ပြည်သူပြည်သားတွေ ကောင်းစားအောင် အမြဲလုပ်နေရတဲ့သူကွ။

အင်အားကြီးတဲ့သူက အင်အားနည်းတဲ့ကောင်ကို မတရားမနှိပ်စက်ရအောင် စောင့်ရှောက်ကာကွယ်နေရတဲ့သူ။ ဒီတော့ ဇီးကွက်ကို ဘုရင်မြှောက်တာ ပိုကောင်းတယ်''

''ဘာဖြစ်လို့လဲဗျ'' လို့ သိမ်းငှက်ကြီးက မေးတော့ အဲဒီလူက-

''ဇီးကွက်ဟာ မျက်လုံးကြီးက ပြူးနေပေမယ့် တစ်နေ့လုံး ဘာမှ မြင်ရတဲ့ကောင် မဟုတ်ဘူးကွ။ သူ့မျက်လုံးတွေက ညကျမှ သာ မြင်ရတာ။ တခြားငှက်တွေ နေရောင်ထဲမှာ ပျံသန်းနေတဲ့အချိန် သူက သူ့သစ်ခေါင်းထဲမှာ ငြိမ်ကုပ်နေရတာ။ ဒီတော့ တစ်နေ့လုံး မင်း ထင်ရာ လုပ်နိုင်တာပေါ့''

အဲဒီအကြံဉာဏ်ကို သိမ်းငှက်ကြီးက သိပ်သဘောကျသွားတယ်။ ဒီလိုနဲ့ ဇီးကွက်ကြီးကို ဘုရင်မြှောက်လိုက်ကြတယ်။ သူဟာ တခြားငှက်တွေ လှုပ်ရှားသွားလာနေကြတဲ့ တစ်နေ့လုံး သူ့သစ်ခေါင်းထဲမှာ အိပ်နေလေ့ ရှိတယ်။ ဒီတော့ ငှက်တွေ ဘာတွေဖြစ်နေတယ်ဆိုတာလည်း မသိဘူး။ အဲဒီအချိန်ကစပြီး ငှက်လောကကြီးဟာ ဟိုးအရင်ကလို ငြိမ်းချမ်းသာယာတဲ့ အခြေအနေကို ပြန်မရောက်တော့ဘူးတဲ့ ကလေးတို့ရယ်။

❑



# ဇန်နဝါရီ ၃

## ဖားမင်းသားလေး

တစ်ခါက ဘုရင်ကြီးတစ်ပါးဆီမှာ သိပ်လှတဲ့ သမီးလေး တစ်ယောက် ရှိတယ်။ မင်းသမီးကလေးပေါ့။ တစ်နေ့တော့ အဲဒီမင်းသမီးလေးဟာ နန်းတော်ဥယျာဉ်ကြီးထဲမှာ ရွှေဘောလုံးလေး တစ်လုံးနဲ့ တစ်ယောက်တည်း ဆော့ကစားနေတယ်။ အဲဒီလို ကစားနေရင်းနဲ့ သူ့ဘောလုံးကလေးဟာ ဥယျာဉ်နံရံဆီကို လိမ့်ဝင်သွားတယ်။ အနီးအနားက မြက်ခင်းတွေ၊ ချုံပုတ်တွေထဲမှာ ရှာပေမယ့်လည်း မတွေ့တော့ဘူးတဲ့။ မင်းသမီးလေးဟာ သူ့ဘောလုံးကလေးကို နှမြောတော့ တစ်ယောက်တည်း ထိုင်ငိုနေတာပေါ့လေ။

အဲဒီအချိန်မှာ အနားက ချုံပုတ်အောက်က တစ်ကိုယ်လုံး သစ်ရွက်ကလေးတွေလို စိမ်းနေတဲ့ ဖားကလေးတစ်ကောင် ခုန်ထွက်လာပြီး ဒီလို ပြောတယ်တဲ့။

"ငိုမနေပါနဲ့ မင်းသမီးလေးရယ်၊ မင်း ငါ့ကို ကတိပေးရင် မင်းရဲ့ ဘောလုံးကလေးကို ရအောင် ငါ ပြန်လုပ်ပေးပါ့မယ်တဲ့။ ဘာကတိတွေပေးရမလဲ ဆိုတော့ ထမင်းစားပွဲမှာ မင်းဘေးမှာ ငါ့ကို ထိုင်ခွင့်ပေးရမယ်။ မင်းစားတဲ့ ရွှေလင်ပန်းမှာ မင်းနဲ့အတူ စားသောက်ခွင့်ပြုရမယ်။ ညကျရင်လည်း မင်း ခုတင်ပေါ်မှာ မင်း အိပ်ရာဘေးက ငါ့ကို အိပ်ခွင့်ပြုရမယ်။ ဘယ့်နှယ်လဲ"

မင်းသမီးလေးဟာလည်း သူ့ဘောလုံးကလေးကို သိပ်လိုချင်နေတော့ ကတိပေးလိုက်တယ်။ မင်းသမီးလေးဆီက ကတိလည်းရရော ဖားကလေးက သူ မျိုချထားတဲ့ ရွှေဘောလုံးကလေးကို ပြန်အန်ပေးလိုက်တယ်။ သူ့ဘောလုံးကလေးကိုလည်း မြင်ရရော မင်းသမီးကလေးဟာ ဝမ်းသာအားရ ကောက်ယူပြီး အဲဒီနားက ထွက်ပြေးသွားတော့တယ်။ ဖားကလေးကိုရော၊ သူပေးလိုက်တဲ့ ကတိကိုရော မေ့သွားတယ် ဆိုပါတော့ကွယ်။

အဲဒီအချိန် နန်းတော်ကြီးထဲမှာ ဘုရင်ကြီးကလည်း ဂုဏ်သရေရှိ လူကြီး လူကောင်းတွေကို ဖိတ်ပြီး ကြီးကျယ်တဲ့ ညစာစားပွဲတစ်ခု ကျင်းပနေတယ်။ တစ်နေ့လုံး ဆော့ကစားနေရလို့ ဆာလောင်နေတဲ့ မင်းသမီးလေးကလည်း စားပွဲမှာ ဝင်ထိုင်ပြီး အားရပါးရ စားဖို့



ပြင်တော့တာပေါ့။ အဲဒီအချိန်မှာ တံခါးဝကနေပြီး အက်ကွဲကွဲအသံနဲ့ ပြောတဲ့ လူစိမ်းတစ်ယောက်ရဲ့အသံကို အခန်းထဲမှာရှိတဲ့ လူတွေအားလုံး ကြားလိုက်ကြရတယ်။

"မင်းသမီးလေး၊ မင်းပေးခဲ့တဲ့ ကတိကို မေ့သွားပြီလား။ ဒီလိုလုပ်တာ မကောင်းပါဘူး"

လူတွေက ကြည့်လိုက်တော့ အဲဒီစကားတွေကို ပြောနေတဲ့ သူက အရုပ်ဆိုးတဲ့ ဖားကလေးတစ်ကောင် ဖြစ်နေတယ်။ မင်းသမီးကလေးလည်း ထိတ်လန့်သွားတယ်။ သူ့အဖေ ဘုရင်ကြီး ဆီးကို ပြေးသွားရင်း "အဖေရေ ကယ်ပါဦး" လို့ အကူအညီတောင်းတော့တာပေါ့။ တရားမျှတမှုကို ကြိုက်တဲ့ ဘုရင်ကြီးကတော့ ဖားကလေးကို အကြောင်းစုံ မေးကြည့်တယ်။

အစအဆုံး သိရတော့ မင်းသမီးလေးကို-

"သမီးတော်၊ တို့ မဟာမျိုး မဟာနွယ်တွေဆိုတာ ကတိကို မချိုးဖျက်ရဘူး။ သမီးတော် သူ့ကို အဲဒီလို အကြံပေးခဲ့တယ်ဆိုရင် ပေးခဲ့တဲ့ ကတိအတိုင်း လိုက်နာဆောင်ရွက်ပေတော့" လို့ အမိန့်ပေးလိုက်တယ်။

ဒီတော့ မင်းသမီးလေးလည်း မတတ်နိုင်တော့ဘူးပေါ့။ ဖားကလေးကို ကောက်ယူ၊ သူ့ဒူးပေါ်မှာတင်ပြီး သူစားတဲ့ ရွှေလင်ပန်းနဲ့ ကျွေးရတော့တယ်။ သူကတော့ သိပ်ဆာနေပေမယ့် ဖားကလေးကို မြင်တော့ ရွံပြီး စားချင်စိတ် မရှိတော့ဘူး။ တခြားလူတွေက ဝိုင်းကြည့်နေတော့ ရှက်လိုက်တာလည်း မပြောပါနဲ့တော့။

ဖားကလေးက သူစားလို့ ဗိုက်လည်းဝရော "ကဲဟော့… ဗိုက်ပြည့်လို့ ငါတော့ အိပ်ချင်လာပြီ။ မင်း အိပ်ရာထဲကို ခေါ်သွားပေတော့" လို့ ပြောလိုက်တယ်။ ကဲလည်းကဲတဲ့ ဖားကလေးနော်။ ဒီတစ်ခါတော့ လူတွေကလည်း မအောင့်နိုင်ဘဲ ဝိုင်းရယ်ကြတာပေါ့။ မင်းသမီးကလေးဟာလည်း ဖားကလေးကို လွန်လွန်းတယ်လို့ စိတ်ဆိုးသွားတော့တယ်။

ကဲ… ဒီနေ့တော့ ဒီလောက်ပဲ တော်စို့နော်။

မနက်ဖြန်ညကျမှ ဆက်ပြောကြတာပေါ့ကွယ်။

❑

# ဇန်နဝါရီ ၄

## ဖားမင်းသားလေး

မင်းသမီးလေးဟာ ငိုချင်စိတ်နဲ့ ထမင်းစားပွဲက ထွက်ပြေးလာခဲ့တယ်။ ပြီးတော့ သူ့အိပ်ခန်းလည်းရောက်ရော အခန်းထဲ ဝင်ပြီး တံခါးကို ဆောင့်ပိတ်လိုက်တယ်။ မင်းသမီးလေး နောက်က ပါလာတဲ့ ဖားကလေးဟာ တံခါးမပိတ်ခင် အခန်းထဲကို ဆတ်ခနဲ ခုန်ဝင်လိုက်တာကို မင်းသမီးလေး မသိလိုက်ဘူး။

ဖားကလေးဟာ မင်းသမီးလေးရဲ့ ခြေထောက်ကြားကနေ ခုန်ဆွခုန်ဆွနဲ့ အိပ်ရာဆီ သွားပြီး ခုတင်ပေါ်ကို ခုန်တက်လိုက်တယ်။ မင်းသမီးလေးဟာ သူ့အိပ်ရာဆီရောက်ပြီး အိပ်ပါမယ်လုပ်တော့မှ အိပ်ရာခင်းပေါ်က ဖားကလေးကို မြင်သွားတော့တယ်။ ကြောက်လန့်စိတ်နဲ့ လန့်အော်မိမတတ် ဖြစ်သွားတယ်။ ပထမတော့ ဖားကလေးကို ယူပြီး ကြမ်းပြင်ပေါ် ချထားလိုက်မယ်လို့လည်း တွေးမိတယ်။ နောက်တော့ သူ့စိတ်ကို သူ ထိန်းလိုက်တယ်။ အဖေဘုရင်ကြီးရဲ့ ဆုံးမစကားကိုလည်း ပြန်ကြားယောင်လာတယ်။ မိဘစကားကို နားထောင်မယ်လို့ ဆုံးဖြတ်လိုက်ပြီး မင်းသမီးလေးဟာ ဖားကလေးရဲ့ဘေးက အိပ်ရာပေါ်လည်း လှဲအိပ်လိုက်ရော ဖြုန်းဆို ဖားကလေးဟာ အင်မတန်လှပတဲ့ မင်းသားလေးအသွင်ကို ပြောင်းသွားတော့တယ်။ မင်းသမီးလေးဟာ အဲဒီအဖြစ်ကိုကြည့်ပြီး အံ့သြလွန်းလို့ စကားတောင် မပြောနိုင်ဘူး။

မင်းသားလေးဟာ–

"တကယ်တော့ ငါဟာ မဝေးလှတဲ့ တိုင်းပြည်တစ်ပြည်က ထီးမွေဆက်ခံရမယ့် မင်းသားလေး တစ်ပါးပါ။ ကောက်ကျစ်တဲ့ နတ်သမီးတစ်ပါးက မကျေမနပ်ဖြစ်ပြီး ကျိန်ဆဲလို့ ခုလို ဖားကလေးဘဝ ရောက်နေရတာ၊ အခုတော့ သစ္စာရှိတဲ့ သင် မင်းသမီးလေးကြောင့် ဒီကျိန်စာကနေ လွတ်မြောက်သွားပါပြီ။ ငါ့နိုင်ငံကို ခေါ်သွားပြီး မင်းကို မိဖုရားမြှောက်မယ်" လို့ ပြောလိုက်တယ်။

အဲဒီအကြောင်းကို ဘုရင်ကြီးနဲ့ နန်းတွင်းသားတွေ သိတော့ ဝမ်းသာကြတာပေါ့။ မိဘစကားကို နားထောင်တဲ့ မင်းသမီးကလေးလည်း မိဖုရား ဖြစ်သွားတော့တယ်တဲ့ကွယ်။

❑

# ဇန်နဝါရီ ၅

## မင်းသားလေး မောင်သူရ

ဟိုးရှေးရှေးတုန်းက ဆင်းရဲတဲ့ ဘုရင်ကြီးတစ်ပါး ရှိတယ်တဲ့။ သူ့မှာ သားတော်လေး တစ်ပါးလည်း ရှိတယ်။ အဲဒီမင်းသားလေးကို ရဲရင့်လို့ မောင်သူရ ခေါ်ကြတယ်။ တစ်နေ့တော့ ဘုရင်ကြီးဟာ မောင်သူရလေးကိုခေါ်ပြီး အာဏာလွှဲပေးရင်း ဒီလို ပြောရှာတယ်။

"သားတော်လေး၊ တို့နိုင်ငံဟာ အခက်အခဲတွေ တွေ့နေရပြီ။ ကြွက်တွေ သောင်းကျန်းလို့ တို့နန်းတော်တစ်ခုလုံးလည်း ငတ်တော့မယ်။ ဒီတော့ မင်း ကမ္ဘာပေါ်ကို ထွက်ပြီး မင်းရဲ့ ကောင်းတဲ့ကံကို ရှာပေတော့။ ငါ့ရဲ့ စီးတော်မြင်း မြင်းဖြူကိုလည်း ယူသွားပေတော့" လို့ မိန့်မှာသတဲ့။


ဒီလိုနဲ့ ဖခင်စကားကို မြေဝယ်မကျ နားထောင်တတ်တဲ့ မင်းသားလေးဟာ သူတို့နိုင်ငံကနေ မြင်းဖြူကြီး စီးထွက်ခဲ့တယ်တဲ့ကွယ်။

မင်းသားလေးဟာ တစ်တောဝင် တစ်တောင်တက် မြင်းကြီးနဲ့ ခရီးဆက်ခဲ့တယ်။ တစ်လမ်းပြီးတစ်လမ်း၊ တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့ ခရီးဆက်ခဲ့တယ်။ အိမ်လွမ်းတဲ့စိတ်ကို ဖြေဖျောက်နိုင်ဖို့အတွက် လမ်းမှာ တစ်ကိုယ်တည်း သီချင်းတွေ ဆိုလာခဲ့တယ်။

အဲဒီသီချင်းသံကို သူ စီးလာတဲ့ မြင်းဖြူကြီးက ကြားတော့-

"အင်း... မင်းရဲ့ သီချင်းသံတွေဟာ မင်းရဲ့ သန့်စင်တဲ့ နှလုံးသားထဲက ထွက်လာတာပဲ။ လူငယ်တွေရဲ့ ရိုးသားတဲ့ သဘာဝအတိုင်းပဲလို့ ငါ ထင်တယ်။ အဲဒါကြောင့် မင်းကို ကံကြမ္မာကောင်းနဲ့ တွေ့အောင် ငါ ကူညီမယ်။ ဒါပေမဲ့ မင်း ငါ့ရဲ့စကားကို နားထောင်ရလိမ့်မယ်။ ဘယ့်နှယ်လဲ"

သူ စီးလာတဲ့ မြင်းရဲ့ ပါးစပ်က လူသံထွက်ပြီး စကားပြောတာ ကြားရတော့ ပထမ မင်းသားလေးဟာ အံ့ဩသွားတယ်။ ဒါပေမဲ့ သူဟာ မြင်းဖြူကြီးကို ဘာမေးခွန်းတွေမှ မေးမနေတော့ပါဘူး။ ခင်ဗျားရဲ့ စကားကို နားထောင်ပါ့မယ်လို့သာ ကတိပေးလိုက်တယ်။ တကယ်တော့ သူ့အဖေ ခိုင်းလို့သာ 'ကံကြမ္မာကောင်း' ဆိုတာကို ရှာဖွေဖို့



ထွက်လာတယ်။ အဲဒီကံကြမ္မာကောင်းဆိုတာ ဘယ်မှာရှိမှန်းလည်း မသိ။ လေးထောင့်လား၊ အဝိုင်းလား၊ ဖြူသလား၊ မည်းသလားလည်း မသိ ဖြစ်နေတာကိုး။

အဲသလို ကတိပေးပြီးလို့ မကြာခင်မှာပဲ သူတို့ဟာ တစ်ခါမှ မရောက်ဖူးတဲ့ နိုင်ငံတစ်နိုင်ငံကို ရောက်သွားကြတယ်။ စီးတော်မြင်းဖြူကြီးဟာ မြေပြင်တစ်နေရာမှာ ရပ်ပြီး မြေပြင်ကို ခွာနဲ့ပေါက်ပြီး အချက်ပြတယ်။ အဲဒီမြေကြီးကို တူးလိုက်တဲ့အခါ လျှို့ဝှက်လိုဏ်ခေါင်းကြီးကို တွေ့ရတယ်။ ဂူနံရံတွေက ရွှေရောင်တောက်ပနေလို့ ရွှေဂူကြီးလို့ ခေါ်နိုင်တာပေါ့။

မြင်းဖြူကြီးက-

“အင်း… ကိစ္စတစ်ခုတော့ ပြီးပြီ မင်းသားလေး။ အခုပဲ မြို့ကို ရောက်အောင်သွားပြီး နန်းတော်ထဲမှာ ခစားနိုင်အောင် ကြိုးစားပေတော့။ တစ်ခုတော့ သတိထားရမယ်။ ဒီအကြောင်းတွေကို မင်းသားလေး ဘယ်သူ့ကိုမှ ပြန်မပြောရဘူး။ အဲဒီ နန်းတော်မှာ မင်းသားလေးဟာ စကားမပြောတတ်တဲ့ အအယောင်ဆောင်နေရမယ်။ ဘယ်သူက ဘယ်လိုစကားမျိုးကို ပြောပြော မေးမေး၊ မင်းသားလေးက ဗျာ… ဗျာ… ဗျာ… ဆိုတာကလွဲပြီး ဘာမှ ပြန်မပြောရဘူး။ အဲဒါဆို မင်းသားလေးရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်လိမ့်မယ်။ ကျုပ်ကို အလိုရှိတဲ့အခါ ဒီနေရာကိုလာ မြေပြင်ကို ဖနောင့်သုံးချက် ပေါက်လိုက်ရင် ကျုပ် ထွက်လာခဲ့မယ်”

လို့ ပြောတယ်။

မင်းသားလေးလည်း စီးတော်မြင်း ပြောသမျှ လက်ခံပြီး အဲဒီနေရာက ထွက်လာခဲ့တယ်။ ဒီလိုနဲ့ မကြာခင်မှာပဲ မြို့ကို ရောက်ရှိသွားတော့တယ်တဲ့ကွယ်။

❑

# ဇန်နဝါရီ ၆

## မောင်သူရနှင့် မင်းသမီးသုံးဖော်

မင်းသားလေး အဲဒီမြို့တော်ကို ရောက်သွားတဲ့အချိန်ဟာ မြို့တော်တစ်ခုလုံး ပူဆွေးသောကရောက်နေတဲ့အချိန် ဖြစ်ပါတယ်။ မြို့တော်ရဲ့ အိမ်တိုင်းအိမ်တိုင်းမှာ အလံနက်တွေကို တစ်ဝက်လွှင့်ထူထားကြတယ်။ ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ပေါ့ကွယ်။ မြို့တော်ထဲက လူတွေဟာလည်း ကြေကွဲတဲ့ မျက်နှာတွေနဲ့ အဲဒီအကြောင်းတွေကို တဖွဖွ ပြောနေကြတယ်။ မင်းသားလေးက သွားနားထောင်တော့ ဒီလို ကြားရတယ်။

အရင်တုန်းက ဒီမြို့တော်ဟာ အင်မတန် ပျော်စရာကောင်းတဲ့အရပ် ဖြစ်တယ်တဲ့။ ဒါပေမဲ့ မကြာခင် ဒီမြို့ကို ခေါင်းကိုးလုံးရှိတဲ့ နဂါးကြီးတစ်ကောင် ရောက်လာတယ်တဲ့။ ဘုရင့်စစ်သည်တော်တွေ ဝိုင်းဝန်းတိုက်ခိုက်ကြပေမယ့် ဒီနဂါးကြီးကို မနိုင်ကြဘူးတဲ့။ နဂါးကြီးက ဘုရင်ကြီးကို အခွင့်အရေးတစ်ခု တောင်းဆိုတယ်။ လာမယ့် လပြည့်နေ့ညကျရင် ဘုရင်ကြီးရဲ့ သမီးတော်သုံးပါးကို နဂါးကြီးနေတဲ့ သားရဲတွင်းဂူကြီးဆီ ပို့ပေးရမယ်။ ပို့မပေးရင် တစ်မြို့လုံးကို ဖျက်ဆီးပစ်မယ်တဲ့။

ဘုရင်ကြီးဟာ ဒီရက်မတိုင်မီ နဂါးကြီးကို သတ်ရအောင် သူ့ဆီက အတော်ဆုံး အကောင်းဆုံး သူရဲကောင်းတွေကို ရွေးလွှတ်ပေမယ့် ဘယ်သူမှ မနိုင်ဘူးတဲ့။ လွှတ်လိုက်တဲ့ သူရဲကောင်းတွေသာ တစ်ယောက်မှ ပြန်မလာနိုင်လို့ နောက်သွားရဲတဲ့လူ မရှိတော့တဲ့အချိန် ဖြစ်နေတယ်။ မင်းသားလေးက နန်းတော်ကို ဘယ်ကသွားရလဲလို့ စူးစမ်းပြီး အဲဒီကို ထွက်လာခဲ့တယ်။

နန်းတော်ဥယျာဉ်ထဲကို ဖြတ်သွားတော့ မောင်သူရဟာ မင်းသမီးလေး သုံးယောက်နဲ့ တွေ့ရတယ်။ မင်းသမီးလေးတွေဟာ စိုးရိမ်သောကကြောင့် နေလောင်တဲ့ ပန်းကလေးတွေလို ညှိုးနွမ်းနေပေမယ့် သူတို့အလှတွေကတော့ ပေါ်လွင်နေတယ်တဲ့။ အဲဒီအထဲမှာ အလှဆုံး ဖြစ်တဲ့ အငယ်ဆုံး မင်းသမီးလေးကို မောင်သူရက မြင်မြင်ချင်း စွဲလမ်းချစ်ခင်သွားတော့တယ်။ အဲဒါကြောင့် သူက အဲဒီမင်းသမီးကလေးကို ပန်းဖြူဖြူလေးတစ်ပွင့် ခူးပေးပြီး ပြုံးပြလိုက်တယ်။

မင်းသမီးလေးက-

"ကျေးဇူးတင်ပါတယ်ရှင်၊ ရှင့်ရဲ့အပြုံးကို မြင်ရတာ ရင်ထဲကို နွေးသွားတာပဲ။ ရှင့် နာမည် ဘယ်သူလဲဟင်" လို့ မေးတယ်။

မောင်သူရကလည်း စီးတော်မြင်းကို ကတိခံထားလေတော့ 'ဗျာ… ဗျာ… ဗျာ' လို့ပဲ ပြန်ပြောနိုင်ရှာတယ်။

မင်းသမီးလေးက-

"အို… ရှင်က သနားစရာ၊ စကားမပြောတတ်ဘဲ ဆွံ့အနေတဲ့သူကိုး။ အင်းလေ ကျွန်မတို့ ကံကြမ္မာဆိုးနဲ့ တိုးတဲ့နေ့အထိပေါ့။ ရှင့်အပြုံးဟာ ကျွန်မအတွက် အားဆေးတစ်ခွက် ပါပဲ" လို့ ပြောတယ်။ မောင်သူရက ခေါင်းညိတ်ပြလိုက်တယ်။

ကျန်တဲ့ မင်းသမီးနှစ်ယောက်ကလည်း မောင်သူရကို "ဘယ်က လာခဲ့သလဲ၊ ဘယ်သွား မလို့လဲ၊ ဘာအတွက် လာခဲ့တာလဲ" လို့ မေးပေမယ့် ထုံးစံအတိုင်း မောင်သူရက "ဗျာ… ဗျာ… ဗျာ" လို့ပဲ ခွန်းတုံ့ပြန်တော့ မင်းသမီးလေးတွေက မောင်သူရကို 'မောင်မောင်ဗျာ' လို့ပဲ ခေါ်ကြတော့တယ်။

မောင်မောင်ဗျာရဲ့ အပြုံးဟာ သူတို့အတွက် အားဆေးဖြစ်နေတယ်။ မောင်သူရ သူတို့ အနားမှာ ရှိနေခိုက်မှာ သူတို့ဟာ သူတို့ရဲ့ ပူပန်သောကကိုတောင် ခဏ မေ့နေကြ တယ်တဲ့။ အပြုံးဆိုတာ အင်မတန် အစွမ်းထက်တဲ့ အရာပဲနော်။

ဘယ်လိုပဲ မေ့လျော့နေပေမယ့် လပြည့်ခါနီးရက်ကို ရောက်လာတယ်။ မင်းသမီးလေး သုံးဖော်လည်း နဂါးကြီးနဲ့ တွေ့ရမယ့် အရေးကို တွေးပြီး မပျော်နိုင်ကြတော့ဘူး။ မောင်သူရ လေးဟာ အလစ်ထွက်ပြီး ချွေဂူကြီးရှိရာကို လာခဲ့တယ်။ မြေပြင်ကို ဖနောင့်နဲ့ သုံးချက် ပေါက်လိုက်တော့ သူ့စီးတော်မြင်း ထွက်လာတယ်။ မောင်သူရလေးက ဖြစ်ကြောင်းကုန်စင် ကို ပြောပြလိုက်တာပေါ့။ စီးတော်မြင်းက-

"အေးလေ၊ နောက်နေ့ လထွက်ချိန် ကျရင် တို့ အဲဒီနဂါးဂူကို သွားကြတာပေါ့။ အခုတော့ နေလည်းဝင်ပြီ၊ အိပ်ချိန်ရောက် ပြီ။ တစ်ရေးတစ်မော အိပ်လိုက်ကြဦးစို့" လို့ အေးအေးလူလူ ပြောသတဲ့ကွယ်။

ကဲ… ကလေးတို့လည်း အိပ်လိုက် ကြဦး။ မနက်ဖြန်ကျမှ နဂါးခေါင်းကိုးလုံး ကို မောင်သူရလေး ဘယ်လို အနိုင်ယူခဲ့ တယ် ဆိုတာ နားထောင်တော့နော်။



❑

# ဇန်နဝါရီ ၇

## မောင်သူရနှင့် နဂါးခေါင်းကိုးလုံး

နောက်နေ့ဟာ လပြည့်နေ့ပဲ။ မပျော်မရွှင် ဖြစ်နေကြတဲ့ ဘုရင်ကြီးနဲ့ မင်းသမီးသုံးပါးဟာ ကြိုတင်ပေးထားရတဲ့ ကတိစကားအတိုင်း ခေါင်းကိုးလုံးနဂါးနေတဲ့ ကျောက်ဂူကြီးကို သွားကြရတယ်။

အဲဒီအချိန်မှာ မောင်သူရကတော့ သူ့စီးတော်မြင်းပြောတဲ့ ရွှေဂူကြီးထဲက ကျောက်သေတ္တာကြီးကို သွားဖွင့်ကြည့်တဲ့အခါ ရှေးခေတ်သူရဲကောင်းတစ်ပါးရဲ့ အသုံးအဆောင်ပစ္စည်းတွေကို တွေ့ရတယ်။ အင်မတန် ခိုင်ခံ့ပြီး မီးမလောင်နိုင်တဲ့ သံချပ်ကာအင်္ကျီရယ်၊ သံခေါင်းစွပ်ရယ်၊ ဒိုင်းကြီးတစ်ခုရယ်၊ ရှည်လျားပြီး အသွားအင်မတန်ထက်တဲ့ ဓားကြီးတစ်ချောင်းရယ်။

"ကဲ… ဒါတွေကို မင်း ဝတ်ပေတော့၊ ပြီးရင် ငါ့ကိုစီး။ နဂါးကြီးဆီ တို့သွားကြတာပေါ့" လို့ စီးတော်မြင်းက ပြောသတဲ့။

မင်းသမီးလေးသုံးပါးဟာ နဂါးကြီးကို ခုလို ကိုယ်တိုင်တွေ့လိုက်ရတော့ လိပ်ပြာလွင့်မတတ် ကြောက်ရွံ့သွားကြတယ်။ ကြောက်မက်ဖွယ် အသံကြီးနဲ့ ဟိန်းဟောက်နေတဲ့ နဂါးကြီးရဲ့ ပါးစပ်ထဲက မီးတောက်မီးလျှံတွေကလည်း အဆက်မပြတ် ထွက်နေတယ်တဲ့။ ခေါင်းကြီးတွေကလည်း အကျည်းတန်လိုက်တာ ရွံစရာကောင်းလိုက်တာ မပြောပါနဲ့တော့တဲ့။ သူတို့တော့ ဒီနဂါးကြီးလက်ချက်နဲ့ သေတော့မယ်လို့ပဲ အောက်မေ့လိုက်ကြတယ်။

အဲဒီအချိန်မှာ ဘယ်က ထွက်ပေါ်လာမှန်းမသိတဲ့ သူရဲကောင်းတစ်ယောက် ထွက်လာတယ်။ သူက လှပတဲ့ မြင်းဖြူကြီးကိုစီးပြီး နဂါးကြီးနားကို ရဲရဲဝံ့ဝံ့ ချဉ်းကပ်သွားတယ်။ သူ့ခေါင်းမှာ သံခေါင်းစွပ် စွပ်ထားလေတော့ မျက်နှာကို မမြင်ရဘူး။ ဒီတော့ ဒီလူစွမ်းကောင်းဟာ သူတို့ဆီမှာ ခစားနေတဲ့ မောင်မောင်ဗျာလို့လည်း သူတို့ ဘယ်သူမှ မသိကြဘူးတဲ့။ ဒါပေမဲ့ ကယ်တင်မယ့်သူ ရောက်လာတယ်ဆိုတော့ သူတို့ ဝမ်းသာသွားကြတာပေါ့။

နဂါးကြီးဟာ မီးတောက်မီးလျှံတွေ လွှတ်တာကို မောင်သူရက ဒိုင်းနဲ့ကာတယ်။



သံချပ်ကာအင်္ကျီကလည်း မီးမလောင်နိုင်ဘူး။ သူ့ဓားနဲ့ မှီလောက်တဲ့နေရာအထိ မြင်းနဲ့ ကပ်သွားပြီး လက်ထဲက ဓားနဲ့ ခုတ်လိုက်တယ်။ ဓားဟာ ထက်လည်းထက် မောင်သူရလေးကလည်း ရဲရဲရင့်ရင့် တအား ခုတ်လိုက်တာမို့ နဂါးခေါင်းဟာ လည်ပင်းက တိခနဲပြတ်ပြီး မြေကြီးပေါ် ကျသွားတယ်။ ဒါပေမဲ့ ခက်တာက ချက်ချင်းလိုလိုပဲ အဲဒီနေရာက ခေါင်းအသစ်တစ်လုံး ထပ်ထွက်လာတယ်တဲ့။ ခုတ်လိုက် ထွက်လိုက်နဲ့ကြာတော့ မောင်သူရလေး ခြေကုန်လက်ပန်းကျပြီး အရှုံးပေးရတော့မလို ဖြစ်လာတာပေါ့။

အဲဒီအချိန်မှာ အငယ်ဆုံး မင်းသမီးလေးဟာ သူ့လက်ထဲက ပန်းဖြူဖြူလေးကို အဲဒီလူစွမ်းကောင်းဆီ ပစ်ပေးလိုက်တယ်။ အဲဒီပန်းကလေးဟာ မောင်သူရအတွက် အားဆေးဖြစ်သွားတယ်။ မောင်သူရလေးဟာ တအားတက်လာပြီး နဂါးခေါင်းတွေကို တစ်လုံးပြီး တစ်လုံး ဖြတ်လိုက်တယ်။ နောက်ဆုံးတော့ တံစဉ်နဲ့တွေ့တဲ့ ကောက်ပင်တွေလိုပဲ ခေါင်းတွေဟာ တစ်လုံးပြီးတစ်လုံး ပြုတ်ကျပြီး မြေပြင်မှာ ပြန့်ကျဲကုန်တယ်။ သွေးတွေ ချောင်းစီးနေတဲ့ အဲဒီမြေပေါ်ကို ခေါင်းမပါတော့တဲ့ နဂါးကိုယ်ကြီးဟာ ဗုန်းခနဲ လဲကျပြီး သေပွဲဝင်သွားတော့တယ်။ မောင်သူရလေးဟာ နဂါးခေါင်းက လျှာတွေကိုဖြတ်ပြီး မြင်းကုန်းနှီးအိတ်ထဲ ထည့်လို့ အဲဒီနေရာက ထွက်ခွာလာခဲ့တယ်။

မင်းသမီးလေးသုံးပါးနဲ့ ဘုရင်ကြီးလည်း အပျော်ကြီးပျော်ပြီး နန်းတော်ကို ပြန်လာခဲ့ကြတယ်။ သူတို့ကို မောင်သူရလေးက တံခါးဝက ဆီးကြိုနေတာ တွေ့ရတော့ မင်းသမီးငယ်လေးဟာ ဒေါသဖြစ်ပြီး-

"မောင်မောင်ဗျာ၊ နင်ဟာ ကျေးဇူးကန်းတဲ့ ဒုက္ခိတပဲ။ တို့ရဲ့ နောက်ဆုံးအချိန်မှာ နင် ဘယ်ရောက်နေတာလဲ။ ငါ့ကို နင့်အပြုံးလေးနဲ့ မနှုတ်ဆက်နိုင်ဘူးလား" လို့ စကားနာထိုးလိုက်တယ်။

မောင်သူရကလေးကတော့ 'ဗျာ… ဗျာ… ဗျာ' လို့ပဲ ပြန်ပြောလိုက်တယ်။

သူ့အခန်းကို ပြန်ရောက်တော့ မင်းသမီးငယ်လေးဟာ ပန်းပွင့်ဖြူလေးကို သူ့ခေါင်းအုံးပေါ်မှာ ပြန်တွေ့ရတယ်။ အဲဒီပန်းလေးကို ဘယ်သူက ဒီနေရာမှာ ပြန်လာထားတာလဲလို့ တွေးလို့မရဘဲ ဖြစ်နေရှာသတဲ့ကွယ်။

ကဲ… မနက်ဖြန်ကျမှပဲ မောင်သူရလေး ဇာတ်သိမ်းပုံပြင်ကို နားထောင်တော့ကွယ်၊ ဟုတ်လား။

❑

# ဇန်နဝါရီ ၈

## မောင်သူရနှင့် ရွှေပန်းသီး

သမီးတော် အငယ်ဆုံးကလေးက နေ့စဉ်နှင့်အမျှ သူ့တို့ကို ကယ်တင်ခဲ့တဲ့ သူရဲကောင်းကို သတိရနေတယ်။ ကြာတော့ တမှိုင်မှိုင်တတွေတွေ ဖြစ်လာတယ်။ နောက်ဆုံးတော့ ဘုရင်ကြီးက သူ့သမီးသုံးပါးလုံးကို ခေါ်လိုက်တယ်။

"ငါတို့နိုင်ငံတော်ဟာ အခုတော့ ဘေးဒုက္ခအပေါင်းက ကင်းဝေးပြီး ကျွန်းမာပျော်ရွှင်နေပြီ။ အခုအချိန်ဟာ ငါ့သမီးတော်သုံးပါး လက်ထပ်ရမယ့်အချိန်ပဲ။ ကြင်ရာတော်ရွေးပွဲကို ကျင်းပရမယ်" လို့ ပြောတယ်။

အနီးပတ်ဝန်းကျင်က မင်းပျိုမင်းလွင်တွေကိုလည်း ဖိတ်လိုက်တယ်။ ကြင်ရာတော်ရွေးပွဲ ကျင်းပတဲ့နေ့မှာ နန်းတော်ရင်ပြင်ထဲကို အနယ်နယ်အရပ်ရပ်က သူရဲကောင်းတွေနဲ့ မင်းသားတွေ စုဝေး ရောက်ရှိနေတာပေါ့။ အဲဒီအထဲမှာ မင်းလုလင်လုပ်နေတဲ့ မောင်မောင်ဗျာကိုလည်း အရောရောအနှောနှော တွေ့ရတယ်။ စင်မြင့်ပေါ်မှာရှိတဲ့ ဘုရင်ကြီးက သမီးတော်သုံးပါးရဲ့ လက်ထဲကို ရွှေပန်းသီး တစ်ယောက်တစ်လုံးစီ ထည့်ပေးပြီး-

"သမီးတော်တို့ဟာ တစ်ယောက်ချင်း ကိုယ့်လက်ထဲက ပန်းသီးကို ရှေ့က လူအုပ်ထဲကို ပစ်မြှောက်လိုက်ကြရမယ်။ အဲဒီပန်းသီးကို ဖမ်းမိတဲ့သူဟာ ပန်းသီးရှင် သမီးတော်ရဲ့ ဖူးစာရှင်ပဲ။ သမီးတော်ကို အဲဒီလူနဲ့ လက်ထပ်ပေးစားမယ်"

လို့ အားလုံးကြားအောင် ကြေညာလိုက်တယ်။

ဒီလိုနဲ့ သမီးတော်ကြီးနှစ်ပါးက အရင်တစ်လှည့်စီ ပန်းသီးတွေကို ပစ်မြှောက်လိုက်ကြတယ်။ အဲဒီပန်းသီးတွေကို လူအုပ်ထဲမှာရောက်နေတဲ့ ရပ်ဝေးက မင်းသားနှစ်ပါးက တစ်ယောက်တစ်လုံးစီ ရသွားကြတယ်။ နောက်ဆုံး အငယ်ဆုံး သမီးတော်လေးရဲ့ ပန်းသီးက မောင်မောင်ဗျာဆီ ရောက်သွားပြီး မောင်မောင်ဗျာက လက်နဲ့ အသာအယာ ဖမ်းယူလိုက်တယ်။


သူပစ်လိုက်တဲ့ ပန်းသီးကို မောင်မောင်ဗျာ ရသွားတာ မြင်တော့ မင်းသမီးလေးဟာ စိတ်ပျက်ပြီး မျက်ရည်တွေကျလာတယ်။ သူ့အိပ်မက်ထဲက ကယ်တင်ရှင် လူစွမ်းကောင်း

နဲ့တော့ လွဲရပြီပေါ့။ သူ့ခမျာ ကံဆိုးလိုက်တာ။ မင်းလုလင်လုပ်နေတဲ့ ဒီအဆွဲ့အအ မောင်မောင်ဗျာ နဲ့မှ လက်ထပ်ရတော့မယ်လို့ တွေးမိတာကိုး။

အဲဒီအချိန်မှာ မောင်မောင်ဗျာက သူ့ဘေးနားကပ်လာပြီး "ကျွန်တော့်နာမည် မောင်မောင်ဗျာပါဗျာ။ ခင်ဗျားရဲ့ သတို့သားလောင်း၊ ခင်ဗျားရဲ့ ကယ်တင်ရှင်ပါပဲ" လို့ ပြောလိုက်တယ်။ မယုံမကြည်ဖြစ်နေတဲ့ မင်းသမီးလေးကိုလည်း သူ့အိတ်ထဲက သူ ဖြတ်ထားတဲ့ နဂါးကြီးရဲ့ လျှာတွေကို သက်သေထုတ်ပြလိုက်တယ်။ မင်းသမီးလေးလည်း အဲဒီတော့မှ ပျော်ရွှင်သွားတော့တာပေါ့။ မောင်မောင်ဗျာလို့ နာမည်တွင်သွားတဲ့ သူရဲကောင်း မင်းသားလေး မောင်သူရဟာ သူ့နိုင်ငံကိုလည်း ရွက်သဘော်တွေနဲ့ စားရေရိက္ခာတွေ တင်ပေးလိုက်တယ်။ သူ့အဖို့ကတော့ သူ ရှာဖွေဖို့ ထွက်လာခဲ့တဲ့ 'ကောင်းတဲ့ ကံကြမ္မာ' ကို တွေ့သွားပြီပေါ့လေ။

တချို့ လူတွေကတော့ အဲဒီမင်းသားလေး မောင်သူရဟာ ကမ္ဘာမြေတစ်နေရာက ရွှေဂူကြီးထဲမှာ သူ့စီးတော်မြင်းကြီးနဲ့အတူ သူ့ဆီက အကူအညီတောင်းခံလာမယ့်သူတွေကို ယနေ့တိုင်အောင် စောင့်မျှော်နေရှာတယ်လို့ ယုံကြည်နေကြလေရဲ့ကွယ်။

❑



# ဇန်နဝါရီ ၉

## သိုးကျောင်းသားကလေး

ကလေးတို့ရေ၊ အသိဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ သိုးကျောင်းသားလေး ပုံပြင်ကိုရော ကြားဖူးကြပြီလား။ ပုံပြင်လေးက ဒီလိုကွဲ့။

နိုင်ငံတစ်နိုင်ငံမှာ သိုးကျောင်းသားလေးတစ်ယောက် ရှိတယ်တဲ့။ သူ ကျောင်းရတဲ့ သိုးတွေက အများကြီးတဲ့။ အဲဒီသိုးတွေ အားလုံးကလည်း အင်မတန် အမေးအမြန်း ထူကြတယ်တဲ့။ သူ့ခမျာ တစ်နေ့တစ်နေ့ သူ့သိုးတွေ ကြံကြံဖန်ဖန်မေးတဲ့ မေးခွန်းတွေကို ဖြေနေရတာနဲ့ပဲ မအားမလပ်နိုင်အောင် ဖြစ်နေရသတဲ့။ ကြာတော့ သူလည်း အင်မတန် ဉာဏ်ရှိလာတယ်။ ကမ္ဘာပေါ်မှာ သူ မဖြေနိုင်တဲ့ မေးခွန်းဆိုတာ မရှိသလောက်ပဲလို့ ပြောရမယ်ထင်ပါတယ်။

ဒီသတင်းစကားတွေက ဘုရင်ကြီးနားကို ပေါက်ကြားသွားတော့ ဘုရင်ကြီးက အဲဒီ သိုးကျောင်းသားလေးကို သူ့ရှေ့ကို ဆင့်ခေါ်လိုက်တယ်။

"မင်းကို ငါ မေးခွန်းသုံးခု မေးမယ်။ အဲဒီမေးခွန်းတွေကို ဖြေနိုင်ရင် မင်းကို ငါ့သားအရင်းလိုပဲ လက်ခံမယ်။ ဘုရင်ကြီးရဲ့ ပထမမေးခွန်းက ဒီလိုတဲ့။

(၁) **"ပင်လယ်ထဲမှာ ရေစက်ကလေးတွေ ဘယ်လောက်ရှိသလဲ"** တဲ့။

သိုးကျောင်းသားလေးက-

"အင်း… အရှင်မင်းကြီးရဲ့ မေးခွန်းက တော်တော် ခက်ခဲတာပဲ။ ဒါပေမဲ့ ကျွန်တော်မျိုး ဖြေပါ့မယ်။ အရင်ဆုံး အရှင်မင်းကြီးက ပင်လယ်ကို စီးဝင်နေတဲ့ ကမ္ဘာပေါ်မှာရှိတဲ့ မြစ်တွေ အားလုံးကို ရပ်အောင် လုပ်ပေးပါ။ ဒီတော့မှ ပင်လယ်ဟာ ဆက်ကြီးထွားမလာနိုင်တော့ဘူး။ ဒီတော့မှပဲ ပင်လယ်ထဲမှာရှိတဲ့ ရေစက်တွေကို အမှန်အတိုင်းရအောင် ကျွန်တော် ရေနိုင်ပါမယ်" လို့ ဖြေလိုက်တယ်။ ဘုရင်ကြီးက ပြုံးပြီးပဲ နေလိုက်တယ်။ ပြီးတော့-

(၂) "ကဲ… အခု ဒုတိယမေးခွန်းကို မေးမယ်။ **ကောင်းကင်မှာ ကြယ်ပွင့်လေးတွေ ဘယ်လောက်ရှိသလဲ**" တဲ့။

သိုးကျောင်းသားလေးက သူ့အင်္ကျီအိတ်ကပ် သုံးခုထဲမှာရှိတဲ့ ဘိန်းစေ့ (ဘိန်းပင်ရဲ့ အစေ့လေးတွေ) ကို ထုတ်လိုက်ပြီးတော့ ရေတွက်နေဟန် ပြုလိုက်တယ်။ ပြီးတော့ ရုတ်တရက် ကြမ်းပြင်ပေါ်ကို ကြဲချလိုက်ပြီး-

“အရှင်မင်းကြီး၊ ကျွန်တော်မျိုး ရေတွက်လို့ပြီးပါပြီ။ ကောင်းကင်ထက်မှာ ရှိတဲ့ ကြယ်ပွင့်လေးတွေရဲ့ အရေအတွက်ဟာ ယောဒီ ဘိန်းစေ့ကလေးတွေရဲ့ အရေအတွက်နဲ့ အတူတူပါပဲ။ အရှင်မင်းကြီးကိုယ်တိုင်သာ ရေတွက်ကြည့်တော်မူပါတော့” လို့ ပြောလိုက်တယ်။

ဘုရင်ကြီးက ပြုံးပြန်တယ်။ ပြီးတော့-

(၃) **“ကဲ… ငါ နောက်ဆုံးမေးခွန်း မေးမယ်။ သံသရာမှာ စက္ကန့်ပေါင်း ဘယ်လောက် ရှိသလဲ”** တဲ့၊ မေးလိုက်ပြန်တယ်။

သိုးကျောင်းသားလေးက-

“အရှင်မင်းကြီး၊ ကမ္ဘာမြေပြင်ရဲ့အစွန်းမှာ စိန်တောင်ကြီး တစ်တောင် ရှိတယ်။ ငှက်တစ်ကောင်ဟာ အဲဒီတောင်ကိုရောက်အောင် အနှစ်တစ်ရာ ပျံသန်းရတယ်။ အဲဒီငှက်ဟာ သူ့ရဲ့ ချွန်ထက်တဲ့ လက်သည်းတွေနဲ့ အဲဒီတောင်ကို ဆိတ်ဖဲ့ယူသွားတယ်။ အဲဒီတောင်ကြီး လုံးဝ ပျက်စီးပျောက်ကွယ်သွားမှ သံသရာရဲ့ ပထမဆုံးစက္ကန့်ဟာ ကုန်ဆုံးတယ်။ ကဲ… ဘယ်လိုလုပ်ကြမလဲ အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့ အတူတကွ သံသရာဆုံးအောင် စောင့်ကြစို့၊ အဲဒါမှ စက္ကန့်တွေကို ရေလို့ ရလိမ့်မယ်”

ဒီအဖြေကြားတော့ သဘောကျပြီး ဘုရင်ကြီးက ဟက်ဟက်ပက်ပက် ရယ်လိုက်တယ်။

“မင်းဟာ တကယ်ဉာဏ်ရှိတဲ့ ကလေးပဲ၊ ငါ့ကတိအတိုင်း မင်းကို ငါ့သားတော် အဖြစ် မွေးစားတော်မူမယ်” လို့ ပြောလိုက်တယ်။



သိုးကျောင်းသားလေးက “အရှင်မင်းကြီး ကျွန်တော်မျိုးကို ယူရင် ကျွန်တော်မျိုးရဲ့ သိုးအုပ်တွေကိုလည်း ယူရမယ်” လို့ ပြောတော့ ဘုရင်ကြီးလည်း လက်ခံလိုက်ရတယ်။ အဲသလိုနဲ့ အဲဒီနိုင်ငံမှာ သိုးကျောင်းသားလေးက အုပ်ချုပ်သူ ဖြစ်လာတယ်။ ဘုရင်ကြီးကတော့ သိုးကျောင်းသားလေးရဲ့ သိုးတွေကို ကျောင်းနေရတော့တယ်တဲ့။

❑

# ဇန်နဝါရီ ၁၀

## ကြက်မနှစ်ကောင်

ကြက်မနှစ်ကောင်ဟာ ဆန်စေ့လေး တစ်စေ့အတွက် ရန်ဖြစ်နေကြတယ်။ ဒီဆန်စေ့ကို ငါ စားသင့်တယ်။ သူ စားသင့်တယ်ပေါ့လေ။ နောက်ဆုံးတော့ သူတို့ဟာ ကြက်ဖကြီးရဲ့ အဆုံးအဖြတ်ကိုခံမယ် ဆိုပြီး ကြက်ဖကြီးဆီ သွားရှင်းပြကြတယ်။ ကြက်ဖကြီးက နားထောင်ပြီး "အဲဒီဆန်စေ့ကို ငါ့ဆီ ယူလာခဲ့လို့" ပြောတယ်။ သူ့စကားကို နာခံပြီး ကြက်မနှစ်ကောင်က ယူလာတယ်။ ဆန်စေ့လည်း သူ့ရှေ့ရောက်လာရော ကြက်ဖကြီးက ဆတ်ခနဲ ကောက်ယူပြီး မျိုချလိုက်တယ်။

"တော်တော် မတရားတာပဲ"

ကြက်မ နှစ်ကောင်က လုံးဝ မကျေနပ်ကြဘူး။ ဒါနဲ့ တောထဲကို သွားပြီး မြေခွေး တစ်ကောင်ကို တိုင်ပြောကြတယ်။ မြေခွေးက-

"ဒါ တော်တော် မတရားတာပဲ။ ဒီကြက်ဖဟာ မင်းတို့အပေါ်သက်သက် လူလည်ကျတာ။ ဒီကြက်ဖရဲ့ ဗိုက်ထဲမှာ ဆန်စေ့ရှိမယ်။ သင်းကိုသာ ငါ့ဆီခေါ်လာခဲ့" လို့ ပြောလိုက်တယ်။

ကြက်မနှစ်ကောင်လည်း ကြက်ဖကို ဖြားယောင်းသွေးဆောင်ပြီးတော့ တောထဲက မြေခွေးဆီ ခေါ်လာခဲ့တယ်။ မြေခွေးက ကြက်ဖလည်း သူ့ရှေ့ရောက်လာရော တစ်ခါတည်း ကိုက်သတ်ပစ်လိုက်ရောတဲ့။ ကြက်မ နှစ်ကောင်လည်း "တော်တော် မတရားတာပဲ" လို့ မကျေမနပ်ပြောပြီး အဲဒီကိစ္စ ဝံပုလွေကို သွားတိုင်ပြန်ရော။ ဝံပုလွေကလည်း သူ့နှုတ်ခမ်းကို လျှာနဲ့ သိမ်းပြီး "ဒီမြေခွေးဆိုတဲ့ကောင်ကို ငါ့ဆီရောက်အောင်သာ ခေါ်ခဲ့" လို့ ပြောပြန်တယ်။ ဒီလိုနဲ့ ကြက်မနှစ်ကောင်လည်း အမျိုးမျိုး လှည့်ပတ်ပြောပြီး မြေခွေးကို ဝံပုလွေဆီ ခေါ်လာခဲ့တာပေါ့။

ဝံပုလွေကလည်း သူ့ရှေ့ရောက်လာတဲ့ မြေခွေးကို အချိန်တိုတိုကလေးအတွင်းမှာပဲ သတ်စားပစ်လိုက်ပြန်တယ်။



"တော်တော် မတရားတာပဲ"

ကြက်မ နှစ်ကောင်ဟာ အဲဒီကိစ္စကို တိုင်ပြောဖို့အတွက် ဝက်ဝံကြီးဆီ သွားကြပြန်တယ်။ ဝက်ဝံကြီးက အစအဆုံး နားထောင်ပြီး "ကဲ… ကောင်းပြီ၊ ဒီဝံပုလွေကိုသာ ငါ့ဆီ ရောက်အောင်ခေါ်ခဲ့" လို့ ပြောလိုက်ပြန်တယ်။ ကြက်မနှစ်ကောင်လည်း ဝံပုလွေကို အမျိုးမျိုး ညာပြီး ဝက်ဝံကြီးဆီ ခေါ်လာခဲ့တယ်။ ဝက်ဝံကြီးက ဝံပုလွေလည်း သူ့ရှေ့ ရောက်လာရော ဝံပုလွေကို ကိုက်စားလိုက်ပြန်ရော။

"ဝံပုလွေတော့ ငါ့ဗိုက်ထဲ ရောက်သွားပြီ။ နင်တို့နှစ်ကောင်ပဲ ကျန်တော့တယ်" လို့ ဝက်ဝံကြီးကလည်း ပြောလိုက်ရော ကြက်မ နှစ်ကောင်လည်း ကြောက်လန့်တကြားနဲ့ ထွက်ပြေးကြရရောတဲ့။ သူတို့ဟာ သူတို့ ခြံထဲရောက်တော့ တော်တော်မောနေကြတယ်။ တစ်ကောင်က-

"တို့နှစ်ယောက်ဟာ ဆန်စေ့တစ်စေ့အတွက် ရန်ဖြစ်ခဲ့ကြတယ်။ အဲဒီဆန်စေ့ကို ကြက်ဖက စားတယ်။ ကြက်ဖကို မြေခွေးက စားတယ်။ မြေခွေးကို ဝံပုလွေက စားတယ်။ ဝံပုလွေကို ဝက်ဝံက စားတယ်။ တို့လည်း အစားခံရတော့မလို့"

ကျန်တစ်ကောင်က-

"ဆန်စေ့တစ်စေ့အတွက် သေလိုက်ကြတဲ့ အကောင်တွေ မနည်းဘူး။ နောက်ကို တို့ အဲသလို ရန်မဖြစ်ကြတော့ဘူး" လို့ ပြောတယ်။

အဲဒီနေ့ကစပြီး သူတို့လည်း ညီညွတ်သွားကြတယ်။ ကလေးတို့လည်း အစားလေး တစ်လုတ်အတွက် ရန်မဖြစ်မိကြစေနဲ့နော်။

❑

# ဇန်နဝါရီ ၁၁

## မြေခွေးနှင့်ကြောင်

မြေခွေးဟာ သူ့ကိုယ်သူ လှတယ်။ ကျက်သရေရှိတယ်လို့ သိနေတဲ့သူပေါ့။ သူမပါရင် ဒီတောထဲမှာ ပွဲမစည်ဘူးလို့ ဆိုရမှာပေါ့ကွယ်။ သူကလည်း အမြဲပဲ မြို့စားကတော် တစ်ယောက် လို ဝတ်တတ် စားတတ်တယ်။ “ဟောဒီတောထဲက တိရစ္ဆာန်တွေထဲမှာတော့ ကျွန်မဟာ အလှဆုံး” လို့ တွေ့တဲ့သူကို ကြွားတတ်တယ်။ အဲဒီအလှအတွက်လည်း မာနတွေ တက် နေတယ်။

တစ်နေ့တော့ တောထဲမှာ ရိုးသားတဲ့ ကြောင်လေးတစ်ကောင်နဲ့ မြေခွေးနဲ့ တွေ့ကြ တယ်။ ကြောင်ကလေးက-

“အို… ရှင် ဒီနေ့ တယ်လှပါလား။ အင်းလေ ရှင်ကတော့ အမြဲလှနေတာပါပဲလေ။ အဲဒီလိုလှအောင် ရွှေမှုန်များ စားထားသလား။ ဘာတွေလုပ်လို့ ဒီလောက် လှနေတာလဲ။ ကျွန်မ မသိရဘူးလားရှင်” လို့ မေးလိုက်တယ်။

ဒီစကားကြားတော့ မြေခွေးဟာ သိပ်စိတ်ဆိုးသွားတယ်။ သူ့မာနတွေ ပေါက်ကွဲသွား တယ်။ ခပ်စွာစွာပဲ-

“နေရာတကာ မင်းက သိချင်နေတာပဲလား။ လှတယ်ဆိုတဲ့ ကိစ္စဟာ မင်းတို့လို အရုပ်ဆိုးတဲ့ ကြောင်တွေနဲ့ ဆိုင်တဲ့အရာ မဟုတ်ဘူး” လို့ ပြောလိုက်တယ်။

ကြောင်ကလေးက-

“ဒီလိုမပြောပါနဲ့ရှင်။ ကျွန်မတို့ကြောင်တွေ တော်တဲ့အချက် တစ်ချက်တော့ ရှိပါ တယ်။ ခွေးတွေက ကိုက်မယ်ဆိုရင် လျှင်လျှင်မြန်မြန် သစ်ပင်တွေပေါ် တက်ပြေးနိုင်တဲ့ အချက်ပေါ့” လို့ ပြောတယ်။

မြေခွေးက…

“ငါကတော့ ခွေးတွေကို ဘယ်လို လှည့်ဖြားရမယ်၊ မာယာနဲ့ သိမ်းသွင်းရမယ် ဆိုတာ သိတယ်။ မင်းမယုံရင် ငါနဲ့ လိုက်ခဲ့။ ငါ မင်းကို လက်တွေ့ပြမယ်။ ခွေးတွေရှိတဲ့

နေရာကို သွားကြမယ်'' လို့ ပြောတယ်။


အဲဒီအချိန်မှာပဲ မုဆိုးတစ်သိုက်နဲ့ သူတို့ရဲ့ အမဲလိုက်ခွေးတွေဟာ တောထဲကို ဝင်လာကြတယ်။ သူတို့ဟာ လှပတဲ့ မြေခွေးရဲ့အမြီးကို အဝတ်တန်ဆာအတွက် လိုချင်နေတဲ့သူတွေလေ။

ချက်ချင်းပဲ ကြောင်က အနီးဆုံးသစ်ပင်ပေါ် ခုန်တက်သွားတယ်။ ပြီးတော့ မြေခွေးကို လှမ်းပြောတယ်။

''ကဲ… ရှင့်ရဲ့ မာယာတွေကို ထုတ်ပြီး ခွေးတွေကို လှည့်ဖြားပြပါတော့''

မြေခွေးဟာ ဘာမှမလုပ်လိုက်ရဘူး။ ခွေးတွေကိုက်တာနဲ့ပဲ သေဆုံးသွားရတယ်။ ကြောင်ကတော့ သစ်ပင်တစ်ပင်ကနေ တစ်ပင် ခုန်ကူးပြီး လွတ်မြောက်သွားတယ်။ ကဲ… ကလေးတို့လည်း ဘယ်တော့မှ ဘဝင်မမြင့်ကြနဲ့နော်။

❑



ဇန်နဝါရီ ၁၂

## ငန်းမင်းသမီးလေးများ

တစ်ခါတုန်းက ဘုရင်ကြီးတစ်ပါးဆီမှာ သမီးတော်လေးနှစ်ပါး ရှိတယ်တဲ့။ အဲဒီ သမီးတော်လေးတွေဟာ တော်တော်ဆိုးတယ်ဆိုပဲ။ ဘုရင်ကြီးရဲ့ ပြောစကားကိုလည်း ဘယ်တော့ မှ နားမထောင်ဘူးတဲ့။ ဒီတော့ ဘုရင်ကြီးလည်း သူ့သမီးတော်လေးတွေကို ချစ်ပေမယ့် စိတ်ညစ်နေတော့တာပေါ့။ 'အင်း… ဒီကလေးတွေ ဘယ်လိုများ ကြီးပြင်းလာမယ် မသိဘူး' လို့ အမြဲပဲ တွေးပူနေမိတယ်တဲ့။

တစ်နေ့တော့ နန်းတော်ဥယျာဉ်ထဲက ရေကန်ကို ငန်းရိုင်းမတစ်ကောင်ဟာ သူ့ ငန်းကလေးတွေနဲ့ ကောင်းကင်က ပျံသန်းရောက်လာပြီး ကူးခပ်နေတယ်တဲ့။ အဲဒီငန်းသားအမိ တွေကို မြင်တော့ မင်းသမီးလေးနှစ်ပါးဟာ ပျော်ရွှင်သွားကြတယ်။ ငန်းသားအမိကို ခဲတွေနဲ့ ပေါက်ပြီး ကစားကြတယ်။ ငန်းမကြီးက-

"ဟေ့… မလုပ်ပါနဲ့" တောင်းပန်ပေမယ့်လည်း မရဘူး။ ဒီတော့ ငန်းမကြီးက "အေး… ဒီအတွက် မင်းတို့ မကြာခင် ဝမ်းနည်းရလိမ့်မယ်" လို့ ပြောပြီး သူ့ကလေးတွေနဲ့ အတူ ရေကန်ကြီးထဲက ထပျံသွားတယ်။ မင်းသမီးနှစ်ပါးကတော့ ရယ်မော ကျန်ရစ်ခဲ့တာပေါ့။

နောက်တစ်နေ့မနက် မင်းသမီးလေးတွေ နိုးလာတဲ့အခါကျတော့ သူတို့ကိုယ်သူတို့ ကြည့်ပြီး ထိတ်လန့်အံ့သြကုန်ကြတယ်။ သူတို့တစ်ကိုယ်လုံး အဖြူရောင်အမွေးတွေ ဖုံးနေတာ တွေ့ရတယ်။ "ဟာ… တို့တစ်တွေ ငန်းလေးတွေ ဖြစ်ကုန်ပြီ" ဆိုပြီး အော်ငိုကြတယ်။

ဘုရင်ကြီးလည်း ရောက်လာပြီး-

"ဒါ ငါ့သမီးတော်တွေလား" လို့ မေးတယ်။ အထိန်းတော်တွေလည်း ကြောက်လန့် တကြား-

"ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါ အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့လည်း မသျှောက်တတ်တော့ပါ" လို့ ပြောကြတယ်။ ဘုရင်ကြီးကလည်း ဒီကိစ္စဟာ ရှက်စရာ ကောင်းတယ်။ တခြားသူတွေ မသိအောင် ဖုံးဖိထားဖို့ တားမြစ်ခဲ့တယ်။ ဒီလိုနဲ့ ခပ်ဆိုးဆိုး



သမီးတော်နှစ်ပါးဟာ ငှန်းကလေး တွေလို နေ၊ ငှန်းကလေးတွေလို စားနေကြရတာပေါ့။

တစ်နေ့တော့ ဉာဏ်ခပ်တုံးတုံး အစေအပါးတစ်ယောက်ဟာ အဲဒီအခန်းထဲကို ရောက်လာတယ်။ အဲဒီမိန်းမက-

'အင်း... ခေါင်းအုံးတစ်လုံးကိုတော့ အထဲကဟာတွေ လဲပစ်ဦးမှ' လို့ တွေးတယ်။ ငှန်းကလေးနှစ်ကောင်ကို အခန်းထဲမှာ တွေ့တော့ 'အတော်ပဲ' ဆိုပြီး အဲဒီငှန်းကလေးတွေကို ရုတ်တရက် ဖမ်းလိုက်တယ်။ ပြီးတော့ ခေါင်းအုံးထဲမှာ သွတ်ဖို့ အမွေးရအောင် ဆိုပြီး ငှန်းကလေးတွေရဲ့ အမွေးတွေကို အရှင်လတ်လတ် ဆွဲနုတ်တော့တာပဲတဲ့။ ငှန်းကလေးတွေဟာ သေမတတ် နာကျင်လို့ အသံကုန် အော်ကြပေမယ့် မိန်းမက မရပ်ဘူး။ အမွေးအတောင်တွေ ပြောင်ကုန်အောင် ဆွဲနုတ်မြဲ နုတ်နေတယ်။ မင်းသမီးလေးတွေက-

"အမယ်လေး ကြောက်ပါပြီ။ နောက်ကို မဆိုးတော့ပါဘူး။ ကျွန်မတို့ဟာ ငှန်းအစစ်တွေ မဟုတ်ပါဘူး။ ဘုရင့်သမီးတော်တွေပါ" လို့ ပြောတယ်။

ငှန်းကလေးတွေ အော်သံကြားလို့ အထိန်းတော်တွေလည်း ပြေးလာပြီး တားရတယ်။ ဒီတော့မှ အစေအပါးမိန်းမလည်း အကြောက်ကြီး ကြောက်သွားတော့တယ်။

ဘုရင်ကြီးလည်း ရောက်လာပြီး သူ့သမီးတော်လေးတွေကို ခုလို နာကျင်အောင် လုပ်ရသလားလို့ အဲဒီမိန်းမကို အပြစ်ပေးဖို့ စီစဉ်တယ်။ ဒါပေမဲ့ သမီးတော်လေးနှစ်ပါးဟာ-

"သူ့ကို ခွင့်လွှတ်လိုက်ပါ အဖေဘုရင်ကြီးရယ်။ သူက သမီးတော်လေးတွေမှန်း မသိလို့ ခုလိုလုပ်တာပါ" လို့ တောင်းပန်ပေးကြတယ်။ အဲဒါကြောင့် အဲဒီမိန်းမလည်း အပြစ်က လွတ်သွားတယ်။ ထူးဆန်းတာက နောက်နေ့ အိပ်ရာက နိုးတော့ အဲဒီငှန်းတွေဟာ လူမင်းသမီးလေးတွေ ပြန်ဖြစ်နေကြတယ်တဲ့။ အားလုံး ဝမ်းသာသွားကြတာပေါ့ကွယ်။ မင်းသမီးလေးနှစ်ပါးလည်း အဲဒီနေ့က စပြီး လိမ္မာယဉ်ကျေးသွားကြတယ်တဲ့ကွယ်။



□

# ဇန်နဝါရီ ၁၃

## မိစ္ဆာရဲ့ သတို့သမီး

ဟိုးတစ်ခါတုန်းက ရွာတစ်ရွာမှာ အင်မတန် ဉာဏ်ကောင်းတဲ့ မြေဆရာတစ်ဦး ရှိတယ်တဲ့။ သူ့မှာ အင်မတန်လှပတဲ့ သမီးကလေးတစ်ယောက် ရှိတယ်။ သူ့သမီးလေး လှတယ် ဆိုတဲ့ သတင်းဟာ ဘယ်လောက်တောင် ပျံ့နှံ့ကျော်စောသလဲ ဆိုရင် ငရဲပြည် တိုင်အောင် ရောက်သွားတယ်တဲ့။

အဲဒီအချိန်ကစပြီး ငရဲပြည်က ဉာဏ်ခပ်တုံးတုံး မိစ္ဆာတစ်ကောင်ကလည်း မိန်းမယူဖို့ စဉ်းစားနေတဲ့အချိန် ဖြစ်နေတယ်။ သူက သူကိုယ်တိုင်သာ အရုပ်ဆိုးတာ၊ သူယူမယ့် မိန်းမ ကတော့ ကမ္ဘာပေါ်မှာ အလှဆုံး မိန်းကလေး ဖြစ်ရမယ်။ သူ့ကို မြင်တဲ့သူတိုင်းက မနာလိုစရာ ကောင်းအောင်လှတဲ့ မိန်းကလေး ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားတယ်တဲ့လေ။ ဒီသတင်း သူ့ဆီ ရောက်လာတော့ သူက ဘာမှ စဉ်းစားမနေတော့ဘဲ မြေဆရာဆီကို ချက်ချင်းသွားဖို့ ဆုံးဖြတ် လိုက်တယ်။

အဲဒီမိစ္ဆာဟာ မီးခိုးခေါင်းတိုင်ထဲက ဆင်းပြီး ဧည့်ခန်းထဲကို ဖြုန်းဆို ရောက်သွား တယ်တဲ့။ ပြီးတော့ ထိုင်နေတဲ့ မြေဆရာကို ဆိုင်းမဆင့် ဗုံမပါ ပြောလိုက်တယ်။

"ကဲ... ခင်ဗျားသမီးကို ကျုပ်နဲ့အမြန်သာ ပေးစားပေတော့။ ငြင်းရင်တော့ ခင်ဗျားကို ငရဲ ခေါ်သွားရလိမ့်မယ်"

အဲဒီအချိန်မှာ မြေဆရာသမီးဟာ အိမ်မှာ မရှိဘူးကွဲ့။ ရွာထဲက ရေတွင်းကို ရေခပ် သွားနေတဲ့အချိန်။


ဉာဏ်ကောင်းတဲ့ မြေဆရာက သူ မှုတ်နေတဲ့ ပလွေကို ဘေးအသာအယာချလိုက်ပြီး အေးအေးလူလူ အမူအရာနဲ့-

"အို... ဘာလို့ မပေးစားရမှာလဲ မိတ်ဆွေ။ ခင်ဗျားလိုချင် ယူပါ။ ဒါပေမဲ့ ကျုပ်သမီး က အခုအိမ်ထဲမှာ မရှိဘူး။ သူက ကျုပ်စကား နားမထောင်လို့ ဒဏ်ပေးတဲ့အနေနဲ့ ခြံထဲက တင်းကုပ်ထဲမှာ ချုပ်ထားတယ်" လို့ ပြောလိုက်တယ်။

အဲဒီစကားလည်းကြားရော မိစ္ဆာဟာ လူပျိုလှည့်ရအောင် ခြံထဲက တင်းကုပ်ဆီကို ခပ်သွက်သွက် ထွက်သွားတယ်။ ခြံထဲမှာက မြွေဆရာမွေးထားတဲ့ ဆိတ်အိုတစ်ကောင်ပဲ ရှိတယ်။ အဲဒီဆိတ်တင်းကုပ်ထဲက ခေါင်းထွက်လာတာ မြင်တော့ မိစ္ဆာက ဒီလိုတွေးတယ်။

"မြွေဆရာက အသက်လည်းကြီးပြီ။ မျက်နှာကလည်း မှုန်တေတေနဲ့။ သူ့အရွယ်က နောက်ပြောင်ရမယ့်အရွယ် မဟုတ်ဘူး။ သိပ်လှတယ်လို့ နာမည်ကြီးနေတဲ့ သူ့သမီးဟာ ဒါပဲ ဖြစ်ရမယ်" လို့ပေါ့လေ။ ဉာဏ်နည်းတဲ့သူတွေဟာ ဒီလိုပဲ အမှားမှား အယွင်းယွင်း တွေးတတ်ကြတာပဲနော်။

မိစ္ဆာက ဆိတ်ကိုကြည့်ပြီး အာမေဋိတ်သံနဲ့-



"အလို… ယမမင်းရေ (လူကောင်းတွေ ဘုရားရေလို့ ရွတ်သလိုပေါ့)၊ ချိုကလေးတွေကလည်း လှလိုက်တာ။ သုံးရက်လလိုပဲ။ ကွေးကွေးလေးတွေ။ မေးစေ့လေးကလည်း အမွေးထူထူနဲ့ ချစ်စရာလေး။ အင်း… ငါ့သတို့သမီးကို မြင်ရင် ကျန်တဲ့ မိစ္ဆာတွေတော့ မနာလို ဖြစ်ကုန်ကြတော့မှာပဲ"

အဲသလို ရေရွတ်ပြီး သူက ဆိတ်ကို မွေးမွေးပေးလိုက်တယ်။ ဆိတ်ကလည်း စိတ်ဆိုးပြီး သူ့ကို ခေါင်းနဲ့ဝှေ့တယ်။ မိစ္ဆာဟာ အဲဒီဆိတ်ကိုပဲ ယူပြီး ငရဲပြည်ကို ပြန်သွားတော့တယ်။

အဲဒီအချိန်မှာပဲ ကောင်းကင်ကြီးဟာ လကွယ်ညလိုပဲ မှောင်မည်းလာတယ်။ သူတို့အိမ်နားက ဖြတ်သွားတဲ့ သိုးကျောင်းသား တစ်ယောက်က အော်ပြောတယ်။

"မြွေဆရာရေ… ဒီနေ့ဟာ မိစ္ဆာလက်ထပ်တဲ့နေ့လို့ လူတွေက ပြောနေကြတယ်။ ဒါကြောင့် ကောင်းကင်ကြီး မှောင်မည်းလာတာတဲ့"

မြွေဆရာက ပြုံးပြီး-

"ငါ သိပြီးသားပါကွာ။ တို့တွေဟာ အိမ်နီးနားချင်းတွေပါ။ သူလက်ထပ်တဲ့ သတို့သမီးက ငါ့ဆိတ်အိုကြီးကွ" လို့ ပြန်ပြောလိုက်တယ်။ ပြီးတော့ ကုလားထိုင်တစ်လုံးမှာ ထိုင်ပြီး သူ့ပလွေကို အေးအေးလူလူ မှုတ်နေတော့တယ်တဲ့။ ကဲ… ကလေးတို့လည်း အခက်အခဲတွေ့ရင် ဉာဏ်ကိုသုံးပြီး ကျော်လွှားနိုင်အောင် သတိထားကြနော်၊ ဟုတ်လား။

❑

# ဇန်နဝါရီ ၁၄

## မှော်ပလွေ

တစ်ခါတုန်းက အင်မတန် မာနကြီးတဲ့ မင်းသမီးလေးတစ်ပါး ရှိတယ်တဲ့။ မာနကြီးတယ် ဆိုတော့ စိတ်ကောင်းမရှိဘူးပေါ့ကွယ်။ သူဟာ ဘာကိုမှလည်း စိတ်တိုင်းမကျဘူးတဲ့။ ပြီးတော့ နေရာတကာလည်း စပ်စုတတ်သေးတယ်တဲ့။

တစ်နေ့တော့ အဲဒီမြို့ကို ခြေသလုံးအိမ်တိုင် လူငယ်လေးတစ်ယောက် ရောက်လာတယ်။ ခြေသလုံးအိမ်တိုင်ဆိုတာ တစ်မြို့ကတစ်မြို့ တစ်ရွာကတစ်ရွာ လှည့်လည်သွားလာနေတဲ့လူ ဆိုပါတော့ကွယ်။ သူ့မှာ ထူးခြားတဲ့ မှော်ပလွေကလေးတစ်လက် ပါလာတယ်တဲ့။ သူက မြက်ခင်းပေါ်မှာထိုင်ပြီး နှင်းဆီဖြူဆိုတဲ့ သီချင်းလေးတစ်ပုဒ်ကို မှုတ်လိုက်တယ်။ မြန်းခနဲ အဖြူရောင် အရုပ်ကလေးတစ်ရုပ် ပေါ်လာပြီး သူ့ကို သုံးကြိမ် ဦးညွှတ်နှုတ်ဆက်တယ်တဲ့။ ပြီးတော့ လက်ကလေးကို သုံးကြိမ်မြှောက်ပြီး ကတယ်။

သူက ရွှေလိပ်ပြာဆိုတဲ့ သီချင်းလေးကို ပြောင်းမှုတ်လိုက်တယ်။ ရွှေရောင်လိပ်ပြာကလေးတွေ ထွက်လာပြီး သူ့ကို သုံးပတ်ပတ်ပြီး ပျံသန်းကြတယ်။ သူ့ပခုံးပေါ်မှာ သုံးခါ နားကြတယ်။ အဲဒါတွေ မာနကြီးတဲ့ မင်းသမီးမြင်တော့ ဟော… ကြည့်စမ်း၊ တကယ့်ကို ကောင်းတဲ့ ကစားစရာလေးပဲလို့ နန်းတော်ပြတင်းပေါက်ကနေ အော်ပြောတယ်။

ပြီးတော့ ခြေသလုံးအိမ်တိုင် ကောင်လေးကို ခေါ်ပြီး-

"အဲဒီပလွေလေး ငါ့ကို ရောင်းပါလား။ ငါ ဘယ်လောက် ပေးရမလဲ" လို့ မေးတယ်။ ကောင်လေးက ပြုံးပြီး-

"မင်းသမီး ယူချင်ရင် ဒီပလွေအတွက် တစ်ပြားမှ ပေးဖို့ မလိုပါဘူး။ ဒါပေမဲ့ ကတိတစ်ခုတော့ ပေးရမယ်။ ဒီပလွေနဲ့ လူတွေ ပျော်ရွှင်အောင် ဖျော်ဖြေပါ့မယ်ဆိုတဲ့ ကတိပဲ" လို့ ပြောတယ်။ မင်းသမီးက ပလွေကို လိုချင်နေတော့ ကတိကို လွယ်လွယ်ပဲ ပေးလိုက်တယ်။ ဒါပေမဲ့ အဲဒီကတိကိုတော့ စောင့်ထိန်းဖို့ မကြိုးစားဘူး။ နဂိုကတည်းက မင်းသမီးလေး ဒီပလွေကို သူတစ်ယောက်တည်းအတွက် အသုံးချဖို့ ကြံရွယ်ထားတာကိုး။

ဒါနဲ့ပဲ မင်းသမီးလေး ပလွေကို စမှုတ်လိုက်တယ်။ ဘယ်ကထွက်လာမှန်း မသိတဲ့ ပင့်ကူနက်တစ်ကောင် တွားတက်လာပြီး မင်းသမီးကို ဦးသုံးကြိမ် ညွှတ်တယ်။ နောက်တော့ သူ့ပင့်ကူမျှင်တွေနဲ့ မင်းသမီးကို သုံးကြိမ်ရစ်ပတ်တယ်တဲ့။ မင်းသမီးဟာ ပလွေကို ဒုတိယအကြိမ် မှုတ်လိုက်တယ်။ ဒီတစ်ခါတော့ နဂါးကောင် တစ်ကောင် ရောက်လာတယ်။ မင်းသမီးကို သုံးပတ်ဝဲပျံပြီး မင်းသမီးပခုံးကို သုံးကြိမ် တို့တ်လိုက်တယ်။

မင်းသမီးက ငိုပြီး ပလွေကို လွှင့်ပစ်လိုက်တယ်။ ပါးစပ်က-

''အလကား အသုံးမကျတဲ့ ပလွေ'' လို့လည်း ရေရွတ်လိုက်တယ်။ သူ့ဘေးကို ခြေသလုံး အိမ်တိုင်ကောင်လေး ရောက်လာပြီး-





''ဒီပလွေဟာ စိတ်ကောင်းနှလုံးကောင်းရှိပြီး အသည်းဖြူတဲ့သူတွေအတွက်ပါ'' လို့ ပြောရင်း သူ့ပလွေလေးကို ကောက်ယူလိုက်တယ်။ ပြီးတော့ သူ့နှုတ်ခမ်းမှာ ကပ်ပြီး မှုတ်လိုက်တယ်။ အဲဒီပလွေသံ ထွက်လာတဲ့အခါ အနီးမှာရှိတဲ့ ပန်းရောင်စုံလေးတွေက ကခုန်ကြတယ်။ အဝေးက ငှက်ကလေးတွေလည်း ပျံဝဲရောက်လာပြီး သီချင်းဆိုကြတယ်။ သူ့ဘေးမှာ နားကြတယ်။ အဲဒီကောင်ကလေးဟာ တစ်နေ့နေ့တော့ ကလေးတို့ လမ်းထဲကိုလည်း ရောက်လာလိမ့်မယ် ထင်ပါရဲ့ကွယ်နော်။

❑

# ဇန်နဝါရီ ၁၅

## ရဲငါးဖော်နှင့် တေးပြများ

ဟိုးတစ်ခါတုန်းက မြည်းတစ်ကောင် ရှိတယ်။ သူဟာ သူ့သခင်ဆီမှာ နှစ်ရှည်လများ အလုပ်အကျွေးပြုလာခဲ့တာ ကြာတော့ အိုမင်းမစွမ်း ရှိလာတယ်။ အဲဒါနဲ့ သူ့သခင်က သူ့ကို ဆက်မနိုင်းတော့ဘဲ ဘေးမဲ့ပေးလိုက်တယ်တဲ့။

"ငါက ဆင်းရဲတော့ မင်းကို ဒီအတိုင်း ကျွေးမွေးမထားနိုင်ဘူး။ ဒီတော့ လွတ်လွတ်လပ်လပ် မင်းသွားချင်တဲ့နေရာ သွားပေတော့" လို့ လွှတ်လိုက်တာပေါ့။

ဒီလိုနဲ့ သခင့်အိမ်က ထွက်လာတဲ့ မြည်းဟာ မကြာခင်ပဲ လမ်းပေါ်မှာ တွေ့ရတဲ့ အိမ်ခြေရာမဲ့ ကြောင်တစ်ကောင်ရယ်၊ ခွေးအိုကြီး တစ်ကောင်ရယ်၊ ခြေထောက်တစ်ဖက်ကျိုးလို့ ထော့နင်း ထော့နင်း ဖြစ်နေတဲ့ ဆိတ်တစ်ကောင်ရယ်၊ ကြက်ဖတစ်ကောင်ရယ်နဲ့ တွေ့ပြီး မိတ်ဆွေဖြစ်သွားကြတယ်။

အဲဒီကြက်ဖဟာ အရင်တုန်းကတော့ ယာခင်းခြံစည်းရိုးပေါ်မှာ နားပြီး အချိန်မှန်တွန်နိုင်လို့ တန်ဖိုးရှိတဲ့ ကြက်ဖပေါ့လေ။ ဒါပေမဲ့ သူကောင်းကောင်းလည်း မတွန်နိုင်ရော သူ့သခင်မက ဖမ်းပြီး လည်လှီးမယ်လုပ်လို့ ထွက်ပြေးလာရတဲ့ ကြက်ဖတဲ့ကွဲ့။

သူတို့တွေဟာ သေတစ်ပန် သက်တစ်ဆုံး ပေါင်းကြမယ့် တကယ့်သွေးသောက်ရဲဘော်တွေ ဖြစ်သွားကြတယ်။ မြည်းရယ်၊ ဆိတ်ရယ်၊ ခွေးရယ်၊ ကြောင်ရယ်၊ ကြက်ရယ်ဆိုတော့ ရဲငါးဖော်လို့ ခေါ်ရမှာပေါ့ကွယ်။

ထူးခြားတာကတော့ သူတို့အားလုံးဟာ ဂီတဝါသနာ ပါကြတယ်။ သူတို့ဟာ လမ်းလျှောက်ရင် ဂီတသံပြု လျှောက်ကြတယ်။ မြည်းက ဟီတယ်၊ ခွေးက အူတယ်၊ ကြောင်က အော်တယ်၊ ဆိတ်က မြည်တယ်၊ ကြက်ဖက တွန်တယ်။ တော်ရုံတန်ရုံ ကြားတဲ့သူတွေ နားမခံသာအောင်ပဲ။ ဒါပေမဲ့ သူတို့အတွက်ကတော့ ဂီတပေါ့လေ။ ကြားတဲ့သူတွေကတော့ သူတို့အုပ်စုကို ခဲနဲ့ပေါက်ထုတ်ကြတယ်။ နောက်ဆုံးတော့ "တို့တွေ အေးအေးလူလူ သီချင်း



ဆိုနိုင်တဲ့ နေရာတစ်နေရာ ရှာကြရင် ကောင်းမယ်'' လို့ မြည်းက ပြောတယ်။ အားလုံးကလည်း သဘောတူကြတယ်။ ဒီလိုနဲ့ လျှောက်ရှာကြရင်း တစ်ညတော့ တောစပ်မှာ တဲကလေး တစ်လုံးကို သွားတွေ့တယ်တဲ့။ အဲဒီတဲဟာ အင်မတန်ဆိုးတဲ့ ဓားပြတွေနေတဲ့ တဲပဲ။ မြည်းက ပြတင်းပေါက်က သွားကြည့်တဲ့အခါ တဲထဲက စားပွဲတစ်လုံးမှာ ဓားပြတွေဟာ စုဝေးထိုင်ပြီး ညစာစားမလို့ ပြင်ဆင်နေကြတာ တွေ့ရတယ်။

မြည်းဟာ ''ဟုတ်ပြီဟေ့၊ တို့လည်း သိပ်ဆာလောင်နေတယ်။ ဒီတဲထဲက လူတွေကို တို့သံစုံတီးဝိုင်းနဲ့ ဖျော်ဖြေလိုက်ကြရအောင်။ အဲဒါဆို ဒီလူတွေတို့ကို သူတို့ စားကြွင်းစားကျန်လေးတွေတော့ ကျွေးမှာ သေချာတယ်''

အဲသလိုပြောပြီး မြည်းက မြေကြီးကို သူ့ခွာနဲ့ပေါက်ပြီး အချက်ပြလိုက်တယ်။ သူတို့ အုပ်စုဆီက မညီမညာ သံသေးသံကြောင်တွေလည်း ထွက်လာတယ်။ ရုတ်တရက် မှောင်ထဲက ထွက်ပေါ်လာတဲ့ ဘာမှန်းမသိတဲ့ အသံတွေကြောင့် ဓားပြတွေဟာ ခေါင်းမွေးတွေ ထောင်ထောင်ထလာအောင် ကြောက်လန့်သွားကြတယ်။ ငရဲသားတွေ သူတို့ကို ခေါ်ရအောင် ရောက်လာတယ် ထင်ပြီး အိမ်ထဲကနေ အလုအယက် ထွက်ပြေးကြတော့တယ်။

ကလေးတို့ရဲ့ ဂီတပညာရှင်ကြီးတွေကတော့ အဲဒီတဲထဲကို ဝင်လာပြီး စားပွဲပေါ်က ရှိတဲ့ဟာတွေကို စားကြသောက်ကြနဲ့ ပျော်မြူးလို့ပေါ့။ ဒီညအဖို့ သူတို့ စားစရာသာ မဟုတ်ဘူး၊ အိပ်စရာ နေရာကိုပါ ရသွားကြတာပေါ့ကွယ်။

နောက်နေ့မှ ကျန်တာ နားထောင်တော့နော်။

❑

# ဇန်နဝါရီ ၁၆

## ရိုင်းဖော်နှင့် ဓားပြများ

ညမှောင်မှောင်ထဲမှာ ဓားပြတွေဟာ သူတို့တဲနဲ့ ဝေးနိုင်သမျှ ဝေးအောင် ပြေးခဲ့ကြတယ်။ အင်မတန် ကြောက်စရာကောင်းတဲ့ ဘာမှန်းမသိတဲ့ သူတို့ကြားလိုက်ရတဲ့ အသံကြီးက ခုထိ နားထဲက မထွက်နိုင်သေးဘူး။ တော်တော်ဝေးဝေးရောက်မှ မောမောပန်းပန်းနဲ့ ရပ်လိုက်ကြတယ်။ သူတို့ ဘယ်လိုအဖြစ်နဲ့ ကြုံခဲ့ရတာလဲလို့ ပြန်ဆွေးနွေးကြတယ်။ ဘယ်သူမှ တိတိကျကျ မပြောနိုင်ဘူး။

ခေါင်းဆောင်လုပ်တဲ့သူက စိတ်တိုတိုနဲ့-

"အဲဒီတဲက စထွက်ပြေးတာ ဘယ်ကောင်လဲကွ" လို့ မေးတယ်။ သူတို့ တစ်ပြိုင်နက် တည်း "ကျုပ်တို့အားလုံးပဲ" လို့ ဖြေတယ်။ "ကျုပ်တို့နောက်က ခင်ဗျားလည်း လိုက်ပြေး တာပဲ မဟုတ်လား" လို့ ပြောတယ်။ နောက်ဆုံးတော့ ခေါင်းဆောင်လုပ်တဲ့သူက အဲဒီနေရာကို သူ ကိုယ်တိုင် သွားပြန်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါမှပဲ ရေရေရာရာ အဖြေမှန်ကို သိရမယ်ပေါ့လေ။ သူနဲ့ ဘယ်သူမှ အဖော်မလိုက်ရဲကြဘူး။

သူတစ်ယောက်တည်း တဲဆီ ပြန်လာခဲ့တယ်။ မှောင်ထဲမှာ တဲလေးဟာ သင်္ချိုင်း တစ်ခုလို ငြိမ်သက်တိတ်ဆိတ်နေတယ်။ ခေါင်းဆောင်လုပ်တဲ့သူဟာ အသာအယာ ခြေဖျား ထောက်ပြီး တဲထဲကို ချောင်းကြည့်လိုက်တယ်။ အလျှံရဲရဲတောက်နေတဲ့ မီးကျီးခဲနှစ်ခုကို မြင်ရတော့ သူ လန့်သွားတယ်။ အမှန်တော့ အဲဒါတွေက ကြောင်ရဲ့ မျက်လုံးတွေပါ။ သူက အရဲစွန့်ပြီး တဲထဲကို ခြေလှမ်းချပြီး ဝင်ဖို့ ပြင်လိုက်တယ်။

သူ့ခြေထောက်က တံခါးဝမှာအိပ်နေတဲ့ ခွေးအိုကြီးရဲ့အမြီးကို နင်းမိတော့ ခွေးကြီးက ဆွဲဆွဲငင်ငင်အူပြီး သူ့ခြေသလုံးကို ကိုက်လိုက်တယ်။ ကြောင်ကလည်း ခွီးခနဲအော်ပြီး ကုတ် လိုက်တယ်။ မြည်းကလည်း လန့်ပြီး နောက်ခြေနှစ်ချောင်းနဲ့ ဓားပြကျောကုန်းကို ကန်လိုက် တယ်။ ဟီးလည်း ဟီးတယ်။ ဆိတ်ကလည်း သူ့ဆီရောက်လာတဲ့ ဓားပြကို ပဲခနဲ

အော်ပြီး ချိန့် ငေ့တယ်။ ထုပ်တန်းပေါ်က ကြက်ဖကလည်း ပျံဆင်းလာပြီး ဓားပြမျက်နှာကို သူ့အတောင်ပံ တွေနဲ့ တဖြန်းဖြန်းရိုက်ရင်း တွန်တယ်။

ဓားပြခေါင်းဆောင်ဟာ တဲထဲက ငယ်သံပါအောင် အော်ပြီး ထွက်ပြေးလာခဲ့တယ်။ သူ့တပည့်တွေဆီရောက်တဲ့အထိ အကြောက်မပြေသေးဘူး။

"ခုန မင်းတို့အပြေးမြန်လို့ အသက်ဘေးက သီသီလေး လွတ်လာတာဟေ့။ ခုတော့ တို့တဲတစ်ခုလုံး တစ္ဆေသရဲတွေနဲ့ ပြည့်နေပြီ။ ငါတော့ ကိုက်လည်းကိုက်၊ ကုတ်လည်းကုတ်၊ ကန်လည်းကန်၊ ငေ့လည်းငေ့တာ ခံခဲ့ရတယ်။ ကြားရတဲ့ အသံတွေကလည်း ကြောက်စရာကောင်းလိုက်တာ အလွန်ပဲ" လို့ ပြောတယ်။



ခေါင်းဆောင်လုပ်တဲ့သူရဲ့ စကားသံလည်းကြားရော ဓားပြတွေဟာ အလန့်တကြား ထပြေးကြတော့တယ်။ ခေါင်းဆောင်လည်း သူတို့နောက်က ပြေးလိုက်သွားတယ်။ သူတို့ဟာ ဘယ်တော့မှ အဲဒီတဲကလေးဆီကို ပြန်မလာတော့ဘူးတဲ့။

ကလေးတို့ရေ…

ရဲငါးဖော်လို့ခေါ်တဲ့ သံစုံတီးဝိုင်း အဖွဲ့ကတော့ ဒီနေ့ထက်တိုင် အဲဒီတဲကလေးမှာ ရှိနေလိမ့်ဦးမယ်လို့ ထင်ရတာပဲကွယ်။ သူတို့ဂီတသံကို ကလေးတို့ရော နားမထောင်ချင်ဘူးလားဟင်။

❑

# ဇန်နဝါရီ ၁၇

## မနှင်းဖြူနှင့် နှင်းဆီပန်းနီနီ

ဟိုရှေးရှေးတုန်းကတဲ့၊ တောစပ်နားက ဥယျာဉ်တစ်ခုအနီးမှာ တဲကလေးတစ်တဲ ရှိတယ်တဲ့။ အဲဒီဥယျာဉ်ထဲမှာ နှင်းဆီရုံလေးနှစ်ရုံ ရှိတယ်။ နှင်းဆီတစ်ရုံက အဖြူပွင့်ပြီး နှင်းဆီတစ်ရုံက အနီပွင့်တယ်တဲ့။ အဲဒီတဲမှာ ဆင်းရဲနွမ်းပါးတဲ့ မုဆိုးမတစ်ယောက် နေထိုင်ပြီး သူ့မှာ သမီးလေးနှစ်ယောက် ရှိတယ်။ ပထမသမီးလေးကိုတော့ မနှင်းဖြူလို့ ခေါ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အသားအရေဟာ အဖြူဖွေးဆုံး နှင်းဆီပန်း အငုံလေးတစ်ငုံလို ဖွေးဖွေး ဖြူနေလို့တဲ့။ ဒုတိယသမီးလေးကိုတော့ နှင်းဆီနီလို့ ခေါ်တယ်တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့အသားအရေက ကြက်သွေးရောင် နှင်းဆီပန်းလေးတစ်ပွင့်လို အမြဲတမ်း နီရဲနေလို့တဲ့။

အဲဒီမိန်းကလေး နှစ်ယောက်နဲ့ သူ့အမေဟာ ဆင်းရဲတော့ အလုပ်ကြမ်းတွေကို ပင်ပင်ပန်းပန်း လုပ်ကြရတယ်။ သူတို့ အလုပ်အားတဲ့အချိန်ဆိုရင်တော့ မိန်းကလေးနှစ်ယောက် ဟာ တောထဲကို သွားကြတယ်။ တောထဲမှာ ငှက်ကလေးတွေ၊ တိရစ္ဆာန်ပေါက်စကလေး တွေနဲ့ ကစားကြတယ်။ သူတို့ရဲ့ ဆံပင်လေး တစ်ပင်တောင် နာကျင်သွားအောင်လုပ်မယ့် တိရစ္ဆာန်ဆိုလို့ တောကြီးထဲမှာ တစ်ကောင်တောင် မရှိဘူးတဲ့။

ပထမဦးဆုံး နှင်းဆီပန်းတွေပွင့်တဲ့ နွေဦးပေါက်မှာတော့ မနှင်းဆီနီဟာ နှင်းဆီပန်း တွေကို တစ်ပွေ့တစ်ပိုက် အိမ်ထဲကို ယူလာတယ်။ ပြီးတော့ အိမ်ကလေးထဲမှာ နှင်းဆီပန်း တွေ ဖြန့်ကြဲပြီး မွေ့ရာခင်းလိုက်တယ်။ အဖြူရောင် နှင်းဆီပန်းတွေနဲ့ မွေ့ရာက မနှင်းဖြူဖို့။ အနီရောင် နှင်းဆီပန်းတွေနဲ့ မွေ့ရာက မနှင်းဆီနီဖို့။ ကျန်တဲ့ အဖြူနဲ့အနီ ရောထားတဲ့ ပန်းတွေနဲ့ ခင်းထားတဲ့ မွေ့ရာက သူတို့ရဲ့ အချစ်ဆုံးအမေအတွက်ပေါ့လေ။ ဒီလိုနဲ့ သူတို့ သုံးယောက်ဟာ အဲဒီတဲကလေးထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ချစ်ချစ်ခင်ခင် နေထိုင်နေခဲ့ကြတယ်။



တစ်နှစ်မှာတော့ အင်မတန် ကြမ်းတမ်းတဲ့ ဆောင်းတွင်းနဲ့ တွေ့ကြရတယ်။ သစ်တောကြီးတစ်ခုလုံးဟာ ရေခဲတုံးလို အေးစက်နေတယ်။ ဆီးနှင်းလေကြမ်းတွေကလည်း အရာရာတိုင်းကို သူတို့ လက်သည်းတွေနဲ့ ဆုတ်ဖြဲပစ်တော့မလို သဲသဲမဲမဲ တိုက်ခတ်နေတယ်။ အဲဒီအချိန်မှာ ရုတ်တရက် သူတို့တံခါးကိုခေါက်တဲ့အသံ ထွက်ပေါ်လာတယ်။ ပြီးတော့ ဝက်ဝံကြီးတစ်ကောင်ရဲ့ ခေါင်းဟာ ဧည့်ခန်းတံခါးကို တွန်းပြီး အထဲဝင်လာရင်း-

"မင်းတို့ မီးလင်းဖိုမှာ ကျုပ်လည်း ခဏလောက် လှုံပါရစေ။ အေးလွန်းလွန်းလို့ပါ။ ခွင့်ပြုကြပါဗျာ"

လို့ လူတစ်ယောက်ပြောတဲ့အသံနဲ့ ပြောလိုက်တယ်။ အခန်းထောင့်မှာရှိတဲ့ နီဖြူကလေးဟာ ကြောက်လန့်တုန်လှုပ်သွားတယ်။ သိုးဖြူကလေးလည်း ကြောက်လွန်းလို့ စားပွဲအောက်ကို ခေါင်းပုဝင်သွားတယ်။ မနှင်းဖြူလေးလည်း ကြောက်လို့ တစ်ကိုယ်လုံး တုန်ယင်နေတယ်။ မနှင်းဆီနီလေးကလည်း ကြောက်တာပဲ။

ဒါပေမဲ့ သူ့အမေက သူတို့အားလုံးကို လေအေးအေးနဲ့ ပြောလိုက်တယ်။

"ဒီဝက်ဝံကြီးက မင်းတို့ကို နာကျင်အောင် မလုပ်ပါဘူးကွယ်။ ကြောက်မနေကြပါနဲ့။ မိန်းကလေးတွေဆိုတာ ကြင်နာတတ်တဲ့ နှလုံးသား ရှိရတယ်။ အခုအချိန်မှာ သတ္တဝါတွေ အားလုံးဟာ သနားစရာပဲ။ ဆောင်းရဲ့ဒဏ်ကို အလူးအလဲ ခံနေကြရတယ်။ ကဲ… သူ့ကို အိပ်စရာတစ်နေရာ ပေးလိုက်ပါကွယ်"

ဒီလိုနဲ့ သူတို့ဟာ မကြာခင်မှာပဲ မိတ်ဆွေတွေ ဖြစ်သွားကြတယ်။ အဲဒီဝက်ဝံကြီးဟာလည်း တစ်ဆောင်းတွင်းလုံး သူတို့နဲ့အတူတူ အဲဒီတဲကလေးမှာ နေထိုင်သွားတယ်တဲ့နော်။

❑

# ဇန်နဝါရီ ၁၈

## မနှင်းဖြူနှင့် ရွှေဝက်ဝံ

ဝက်ဝံကြီးက မနှင်းဖြူတို့တဲမှာ အဲဒီလို နေထိုင်သွားတဲ့အချိန်ဟာ သူတို့အဖို့ အင်မတန် ပျော်ရွှင်စရာကောင်းတဲ့အချိန်တွေ ဖြစ်ခဲ့တယ်တဲ့ကွယ်။ မနှင်းဖြူနဲ့ မနှင်းဆီနီတို့ဟာ ဝက်ဝံကြီးနဲ့ ကစားကြတယ်။ အမျိုးမျိုး ကျီစယ်ကြတယ်။ တစ်ခါတလေ ဝက်ဝံကြီးက-

"မနှင်းဆီနီရေ၊ ကြမ်းကြမ်းတမ်းတမ်း မကစားနဲ့ကွယ်။ မနှင်းဖြူကလည်း သတိထား ပါကွယ်။ တစ်နေ့ကျရင် ငါဟာ မင်းခင်ပွန်း ဖြစ်လာမယ့် လူကွဲ့" လို့ ဆိုတယ်။

အဲဒီစကားကြားတော့ မနှင်းဖြူလေးနဲ့ မနှင်းဆီနီလေးက သဘောကျလွန်းလို့ အူတက်အောင် ရယ်ကြတယ်။ ဒီလိုနဲ့ ဆောင်းရာသီဟာ တဖြည်းဖြည်း ကုန်ဆုံးလုနီးအချိန်ကို ရောက်လာတယ်။ ဝက်ဝံကြီးကို ကြည့်ရတာ နေလို့ထိုင်လို့ ပျော်တဲ့ပုံ မရတော့ဘူး။ တစ်နေ့တော့ သူက စိတ်မချမ်းမြေ့စွာနဲ့ ပြောတယ်။

"ငါဟာ ငါ့ရတနာတွေကို မှော်ဆရာ လူပုလေးရဲ့ ရန်က ကာကွယ်စောင့်ရှောက်နေရတဲ့သူပါ။ ငါဟာ သူတို့ရဲ့ ကျိန်စာသင့်နေတဲ့ လူတစ်ယောက်ပါ"

အဲသလို ရှင်းပြတာကို မနှင်းဖြူလေးတို့က ကောင်းကောင်း နားမလည်ကြဘူး။ ဒီလိုနဲ့ သူ အိမ်က ထွက်ခွာသွားရမယ့်နေ့ကို ရောက်လာတယ်။ သူဟာ တံခါးဝကို ရောက်နေမှ ရပ်လိုက်ပြီး သူ့လက်သည်းချွန်ချွန်တွေနဲ့ သူ့အရေပြားကို ခြစ်ပြတယ်။ သူတို့အားလုံး မြင်ကြ ရတာ အံ့သြစရာ ဖြစ်နေတယ်။

အဲဒီဝက်ဝံအမွေး မည်းမည်းတွေရဲ့အောက်မှာ ရွှေရောင်တောက်ပနေတဲ့အရာကို မြင်လိုက်ကြရတယ်။ အဲဒီအကြောင်းကို သူတို့မမေးလိုက်နိုင်ခင်မှာပဲ ဝက်ဝံကြီးဟာ တဲထဲက ခပ် သွက်သွက် ထွက်သွားတော့တယ်တဲ့ကွယ်။ အဲဒီဝက်ဝံကြီးကို သူတို့တစ်တွေ လွမ်းကျန်ရစ် ခဲ့ကြတာပေါ့။

တစ်နေ့တော့ ညီအစ်မနှစ်ယောက်ဟာ တောထဲကို ထင်းခွေရအောင်သွားရင်း လူပုလေး တစ်ယောက်နဲ့ တွေ့တယ်။ အဲဒီလူပုလေးဟာ စိတ်တိုတိုနဲ့ ခုန်ဆွခုန်ဆွလုပ်ပြီး အသံကုန် အော်ဟစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှည်လျားလှတဲ့ သူ့မုတ်ဆိတ်မွေးအစဟာ သစ်ငုတ်တို တစ်ခုရဲ့ အက်ကြောင်းတစ်ခုထဲမှာ ညပ်နေလို့တဲ့။ မိန်းကလေးနှစ်ယောက်ဟာ လူပုလေးကို ကူညီချင်တဲ့စိတ်နဲ့ မုတ်ဆိတ်မွေးကို ကူပြီး ဆောင့်ဆွဲကြပေမယ့် ကျွတ်ထွက် မလာဘူးတဲ့။ နောက်ဆုံးတော့ မနှင်းဖြူကလေးဟာ လူပုကလေးရဲ့ မုတ်ဆိတ်မွေးစကို ဖြတ်ပေးလိုက်ရတော့တယ်။

"မင်းဟာ တော်တော်ဆိုးတဲ့ ကောင်မလေး ပဲ။ မင်းလုပ်ပုံနဲ့ ငါတော့ ကျက်သရေမဲ့တဲ့ ကောင် ဖြစ်တော့မှာပဲ"

ပြတ်သွားတဲ့ သူ့မုတ်ဆိတ်ကို ကြည့်ပြီး အပြစ်တင်စကား ပြောတယ်။ ပြီးတော့ သူဟာ မြက်ခင်းထဲက ရွှေအိုးကို ကောက်ယူ လိုက်ပြီး ရုတ်တရက် ပျောက်ကွယ်သွားတယ်။



ညီအစ်မ နှစ်ယောက်က-

"တို့က ကူလည်း ကူညီရသေးတယ်။ တော်တော် ကျေးဇူးမသိတတ်တဲ့ လူပုလေးပဲ" ဆိုပြီး အိမ်ပြန်လာခဲ့ကြတယ်။

နောက်တစ်ကြိမ်မှာ သူတို့ဟာ အဲဒီ လူပုကလေးကိုပဲ မြစ်ကမ်းပါးတစ်နေရာမှာ တွေ့ကြရပြန်တယ်။ ဒီတစ်ခါတော့ လူပု ကလေးရဲ့ မုတ်ဆိတ်ရှည်ဟာ ငါးမျှားတံမှာ ငြိနေတယ်။ ငါးမျှားချိတ်မှာ မိနေတဲ့ ငါးကြီး ကလည်း ရုန်းကန်နေတော့ လူပုကလေးကို ရေထဲ ဆွဲနှစ်တော့မယ့်ပုံ ပေါက်နေတယ်။

"အမယ်လေး... ကယ်ကြပါဦး၊ ရေနစ်သေရပါတော့မယ်"

လူပုကလေးဟာ အသံကုန်ဟစ်ပြီး ကြောက်လန့်တကြား အော်တယ်။ မိန်းကလေး နှစ်ယောက်ဟာ ငါးမျှားတံမှာ ငြိနေတဲ့ သူ့မုတ်ဆိတ်မွေးကို ကူရှင်းပေးကြတယ်။ ဒါပေမဲ့ ရှင်းမရဘူး ဖြစ်နေတယ်။ နောက်ဆုံးတော့ လူပုကလေး ရေထဲနစ် မသေရအောင် မနှင်းဖြူ ဟာ မုတ်ဆိတ်မွေးကို ဖြတ်ပစ်လိုက်ရပြန်တယ်။

လူပုလေးက ဒေါသတကြီးနဲ့ ပြစ်တင်ကြိမ်းမောင်းပြန်ရော။

"လုပ်ချလိုက်ပြန်ပြီ။ ကျက်သရေရှိလှတဲ့ ငါ့မုတ်ဆိတ်လည်း နင့်ကြောင့် ရုပ်ပျက် ဆင်းပျက် ဖြစ်ရပြီ"

ပြီးတော့ သူဟာ ကျူပင်တွေကြားထဲက ပုလဲတစ်အိတ်ကို ကောက်ယူလိုက်ပြီး သူတို့ ရှေ့က မြေမျိုလိုက်သလို ပျောက်သွားပြန်ရောတဲ့။ မနှင်းဖြူက-

"မနှင်းဆီနီရေ၊ တို့ ကူညီမိတာ မှားတာပဲ။ ဒီတစ်ခါ နောက်ဆုံးပဲ။ နောက်ဆို ဒီလူပုလေးကို ဘယ်တော့မှ မကူညီဘူး" လို့ နောင်တရစကားပြောရင်း အိမ်ပြန်လာခဲ့ကြတယ်တဲ့ကွယ်။

ကလေးတို့ရော ကျေးဇူးကန်းတဲ့သူတွေနဲ့တွေ့ရင် ဘယ်လို သဘောထားမလဲဟင်။ ကဲ… မနက်ဖြန်ကျမှပဲ မနှင်းဖြူပုံပြင်ရဲ့ ဇာတ်သိမ်းလေးကို နားထောင်ပါတော့ကွယ်။

❑

# ဇန်နဝါရီ ၁၉

## မနှင်းဖြူနှင့် ရွှေမင်းသား

တစ်နေ့တော့ မနှင်းဖြူတို့ ညီအစ်မဟာ မြို့ပေါ်ကဈေးမှာ လိုအပ်တဲ့ ပစ္စည်းကလေးတွေ ဝယ်ဖို့ ထွက်လာခဲ့ကြတယ်။ တောထဲကို ဖြတ်အသွားမှာ ကျေးဇူးကန်း လူပုကလေးကို တွေ့ကြပြန်ရော။ ဒီတစ်ခါတော့ လူပုကလေးကို ကြီးမားတဲ့ ငှက်တစ်ကောင်က ချီထားတယ်။ ငှက်ကြီးရဲ့ ချွန်ထက်တဲ့ လက်သည်းတွေရဲ့အောက်မှာ လူပုကလေးဟာ ယက်ကန် ယက်ကန် လုပ်ရင်း ကြောက်လန့်တကြား အော်ဟစ်နေတယ်။

စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ညီအစ်မဟာ ဒီလို သူတစ်ပါး ဒုက္ခရောက်နေတာကို မြင်တဲ့အခါ သူတို့ ထားခဲ့ကြတဲ့ကတိကို မေ့သွားတယ်။ ငှက်ရဲ့လက်က လွတ်အောင် လူပုကလေးကို ကူညီကြပြန်ရော။ ငှက်ကို အသံကုန်ဟစ်ပြီး ခြောက်လည်းခြောက်၊ လူပုကလေးကိုလည်း သူတို့ဆီပါအောင် ဝိုင်းဆွဲယူကြတယ်။ နောက်ဆုံးတော့ လူပုကလေးဟာ ငှက်လက်က လွတ်သွားတော့တယ်။

လွတ်တယ်ဆိုရင်ပဲ ထုံးစံအတိုင်း အပြစ်တင်ပြန်ရော။

"ကြည့်စမ်း… မကောင်းဆိုးဝါး ညီအစ်မပါလား။ နင်တို့ကြောင့် ငါ့အင်္ကျီ ပြဲကုန်ပြီ"

လို့ ပြောတယ်။ ပြီးတော့ ပခုံးမှာ ရတနာတွေ ထည့်ထားတဲ့ အိတ်ကို ပြင်လွယ်လိုက်ပြီး ညီအစ်မနှစ်ယောက် ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ ပျောက်သွားတယ်တဲ့။ သူတို့ ညီအစ်မလည်း မြို့ကို ဆက်ခရီးထွက်လာခဲ့ကြတယ်။

ညနေစောင်း မြို့က သူတို့ ပြန်လာတော့ တောထဲက ကွက်လပ်တစ်ခုမှာ စိန်တွေကို ဖယ်တောက်ကစားနေတဲ့ လူပုကလေးကို တွေ့ကြပြန်ရော။ လူပုကလေးက သူတို့ကိုလည်း မြင်ရော–

"ဟော့ကောင်မလေးတွေ ဘာဒုက္ခပေးဦးမလို့လဲ။ ကိုယ့်လမ်း ကိုယ်သွားကြစမ်း"

လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ငေါက်ငမ်းပြောတယ်။ အဲဒီအချိန်မှာပဲ တောထဲက ဝက်ဝံကြီး တစ်ကောင် ထွက်လာတယ်။ လူပုလေးဟာ ဝက်ဝံကြီးကို-

"ဟော့… အဲဒီညီအစ်မကို ကိုက်စားလိုက်စမ်း။ ငါ့ကို ကိုက်ဖို့ပြောတာ မဟုတ်ဘူး" လို့ အမိန့်ပေးလိုက်တယ်။

ဒါပေမဲ့ ဝက်ဝံကြီးကတော့ လူပုလေးဆီကိုသာ တန်းတန်းမတ်မတ် လျှောက်သွားပြီး သူ့ရဲ့ချွန်ထက်တဲ့ လက်သည်းကြီးတွေနဲ့ ဆုတ်ဖြဲပစ်လိုက်တယ်။ ဝက်ဝံကြီးလက်ချက်နဲ့ လူပုလေး သေသွားတာကိုလည်း မြင်ရော မနှင်းဖြူတို့ ညီအစ်မနှစ်ယောက်ဟာ ကြောက်လန့်တကြား ထွက်ပြေးကြတာပေါ့။

ဒါပေမဲ့ သူတို့ကို နောက်ကနေ လှမ်းခေါ်လိုက်တဲ့အသံကို ကြားရတယ်။

"ဟော့… မကြောက်ပါနဲ့၊ ငါက မင်းတို့ရဲ့သူငယ်ချင်း ဝက်ဝံပါ"

သူတို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြတယ်။ သူတို့ မြင်လိုက်ရတာက ခန္ဓာကိုယ်ပေါ်က ဝက်ဝံအရေတွေ ကျွတ်ကျသွားပြီး ရွှေရောင် ဝတ်စုံ ဝတ်ထားတဲ့ လှပတဲ့ မင်းသားလေးတစ်ပါး ဖြစ်နေတယ်။ သူတို့ ညီအစ်မ နှစ်ယောက်လုံး အံ့သြဝမ်းသာသွားကြတယ်။ မင်းသားလေးက-

"မှော်ဆရာ လူပုလေးဟာ ကျုပ်ရဲ့ ရတနာတွေကို ခိုးပြီး ကျုပ်ကို ဝက်ဝံဖြစ်အောင် ပြုစားထားတာပဲ။ အခုတော့ သူလည်း သေပြီမို့ ကျိန်စာတွေ ပျောက်ပြယ်ကုန် ပါပြီ" လို့ ပြောတယ်။

သူ့စကားအဆုံးကျတော့ သူတို့ဘေးမှာ ရွှေရောင်မြင်းလှည်းတစ်စီး ပေါ်လာတယ်။ သူတို့သုံးယောက်လုံး လှည်းပေါ်တက်ကြပြီး အိမ်ကို မောင်းသွားကြတယ်။ ပြီးတော့ သူ့အမေကို ခေါ်တယ်။ ချိုးဖြူလေးတွေနဲ့ သိုးလေးတွေလည်း ခေါ်တယ်။ ပြီးတော့ သူတို့အားလုံးကို တင်ဆောင်ထားတဲ့ ရထားဟာ နန်းတော်ကြီးဆီကို မောင်းသွားတော့တယ်။

မင်းသားလေးဟာ မနှင်းဖြူလေးကို လက်ထပ်လိုက်တယ်။ မနှင်းဆီနီလေးကိုတော့ သူ့ညီတော်နဲ့ ပေးစားလိုက်တယ်။ သူတို့တဲဘေး ပန်းခြံထဲက နှင်းဆီရုံနှစ်ရုံကိုလည်း ရွှေ့ယူလာပြီး နန်းတော်ရှေ့က ဥယျာဉ်ထဲမှာ စိုက်လိုက်ကြတယ်။

အဲဒီနှင်းဆီရုံတွေက ပန်းကလေးတွေ ပွင့်တဲ့အခါ နန်းတော်ထဲမှာလည်း ကလေးငယ်လေးတွေ မွေးဖွားကြတယ်။ တချို့ ကလေးတွေက နှင်းပွင့်လိုဖြူပြီး တချို့ကလေးတွေက နှင်းဆီလို နီကြသတဲ့ကွယ်။

ကလေးတို့ အိပ်မက်လှလှလေးတွေ မက်ကြပါစေ။

❑

# ဇန်နဝါရီ ၂၀

## လေက်မလေး

ဟိုးရှေးရှေးတုန်းက တောင်ခြေတဲကလေး တစ်တဲမှာ တောင်သူလယ်သမား လင်မယားနှစ်ယောက် ရှိကြတယ်တဲ့။ သူတို့ တဲကလေးဟာ အမြဲတမ်း ဝမ်းနည်းစရာ ကောင်းလောက်အောင် တိတ်ဆိတ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ကလေး တစ်ယောက်မှ မရှိလို့ပဲကွဲ့။

တစ်နေ့တော့ မိန်းမလုပ်တဲ့သူက ဒီလိုပြောတယ်။

"သားသမီး လိုချင်လိုက်တာ။ တို့မှာ သားလေး တစ်ယောက်လောက်ရှိရင် တော်ပါပြီကွယ်။ အဲဒီကလေးဟာ ပဲစေ့လောက်ကလေးပဲ ဖြစ်ချင် ဖြစ်ပါစေ" တဲ့။

လောကကြီးဟာ တော်တော်ဆန်းတယ်။ စကားနောက် တရားပါတယ်တဲ့။ နောက် ဆောင်းတွင်းတစ်ခုမှာ အဲဒီမိန်းမဟာ သူတို့ တဲကလေးထဲမှာ သားလေးတစ်ယောက်ကို မွေးတယ်။ အဲဒီသားလေးဟာ တကယ့်ကို သေးသေးလေးတဲ့။ ဘယ်လောက်သေးသလဲ ဆိုရင် မင်းတို့ လက်မကလေးလောက် သေးတယ် ဆိုပါတော့။

သူဟာ လူငယ်သလောက် အစားကြီးတယ်တဲ့။ လူကြီး နှစ်ယောက်စာလောက် စားပေမယ့် သူ့အရပ်ကတော့ ဆံပင်လေးတစ်မျှင်ရဲ့ ဖြက်လောက်တောင် ရှည်ထွက်မလာ ဘူးတဲ့။ ကြွက်ကလေးတစ်ကောင်ရဲ့ အရေခွံနဲ့ ချုပ်ပေးထားတဲ့ အင်္ကျီလေးကို သူ အမြဲ ဝတ်ထားတတ်တယ်။ ညှော်ခန်းတစ်ခုလုံးလည်း သူ ပြေးလွှားဆော့ကစားတဲ့ အသံတွေနဲ့ အခုတော့ ဆူညံနေတော့တာပေါ့ကွယ်။ သူဟာ ပျော်ရွှင်တတ်ပေမယ့် လူတစ်ဖက်သားကို ဒုက္ခဖြစ်အောင်တော့ သူ မလုပ်ဘူးတဲ့။ မိဘကိုလည်း ကူညီချင်တယ်တဲ့။ လူကောင်းကလေး ပေါ့ကွယ်။ ဒီလိုနဲ့ အချိန်တိုတိုကလေးမှာပဲ သူဟာ လူပျိုပေါက်ကလေး ဖြစ်လာတော့တယ် တဲ့။ သူ့ကို မြင်သူတိုင်းက ချစ်ကြတယ်။ ပြီးတော့ အားလုံးက သူ့အရပ်ကလေးကိုကြည့်ပြီး တညီတညွတ်တည်း လေက်မလေးလို့ ခေါ်ကြတယ်တဲ့ကွယ်။

တစ်နေ့တော့ သူ့အဖေဟာ ထင်းတွေ ရှာဖွေရအောင် အိမ်က ထွက်သွားတယ်။ နေ့လယ်ကျတော့ လက်မလေးဟာ သူ့အမေကို-

"အမေရေ… မြင်းလှည်းပြင်စမ်းပါ။ ကျွန်တော် အဖေ့နောက်ကို လိုက်သွားမလို့" လို့ ပြောတယ်။

သူ့အမေက…

"သားရယ်၊ ဘယ်ဖြစ်မှာလဲ။ မင်းက မြင်းဇက်ကြိုးကိုမှ မနိုင်တာ။ လှည်းကို ဘယ်လိုလုပ် မောင်းမှာလဲ" လို့ မေးတယ်။

လက်မလေးက-

"မပူပါနဲ့ အမေရယ်၊ ကျွန်တော့်ကို မြင်းနားရွက်ထဲကိုသာ ထည့်ပေးလိုက်ပါ။ ကျွန်တော် မောင်းနိုင်ပါတယ်" လို့ ပြောတယ်။

သူ့အမေကလည်း လက်မလေးပြောတဲ့အတိုင်း လုပ်ပေးလိုက်တယ်။ မြင်းနားရွက်ထဲလည်း ရောက်ရော လက်မလေးက 'ဟေး…' လို့ အော်လိုက်တယ်။ မြင်းလည်း အသားကျ ပြေးထွက်သွားတာပေါ့။

"ဒီမြင်း ဘယ်လိုလုပ် ပြေးနေတာလဲ၊ တောက်"

လက်မလေးက တောက်လိုက်တယ်ဆိုရင်ပဲ မြင်းဟာလေလို ပြေးတော့တာပဲတဲ့။

အဲဒီမြင်းလှည်း ဖြတ်သွားတဲ့နေရာမှာရှိတဲ့ ကောက်ကျစ်တဲ့ လူနှစ်ယောက်ဟာ လူမပါဘဲ မောင်းသွားတဲ့ မြင်းလှည်းကိုလည်း မြင်ရော တအံ့တဩဖြစ်ပြီး နောက်က ပြေးလိုက်သွားကြတယ်။

"ကြည့်စမ်းဟေ့… ဘယ်လောက် အံ့ဩစရာကောင်းသလဲ။ လူမပါဘဲ မြင်းလှည်း မောင်းသွားတာ" လို့လည်း ပါးစပ်က အော်ကြသေးတယ်။ သူ့အဖေ ရှိတဲ့နေရာကိုရောက်မှ မြင်းလှည်းဟာ ရပ်သွားတယ်။ မြင်းရဲ့နားရွက်ထဲက လက်မလောက်ရှိတဲ့ လူကလေး ထွက်လာတာ မြင်တော့ သူတို့ ပိုအံ့ဩသွားကြတယ်။ လက်မလေးက သူ့အဖေရဲ့ လက်ဝါးထဲ ခုန်တက်သွားတယ်။ အဖေလုပ်တဲ့သူကတော့ သူ့သား လက်မကလေးအတွက် ဂုဏ်ယူလို့ မဆုံးနိုင်အောင် ဖြစ်နေတာပေါ့ကွယ်။



ကဲ… လက်မလေးရဲ့ ထူးခြားတဲ့ အစွမ်းအစတွေကို နောက်နေ့ကျမှ ဆက်နားထောင်ဦးကွယ်၊ ဟုတ်လား။ ဒီနေ့တော့ တော်လိုက်ကြဦးစို့နော်။

□

# ဇန်နဝါရီ ၂၁

## ဉာဏ်များသော လက်မ

လက်မလေးကို မြင်သွားတဲ့ လူရုပ်နှစ်ယောက်က အကြံတစ်ခု ရသွားတယ်။ ဒီလောက်သေးတဲ့ လူလေးကို သူတို့ အံ့ပွဲအဖြစ် အခကြေးငွေယူပြီး ရုံသွင်းသာပြရရင် တော်တော်ပိုက်ဆံရမှာပဲ ဆိုတဲ့ အတွေးပေါ့။ ဒီလိုနဲ့ သူတို့ဟာ လက်မလေးရဲ့ အဖေကို ကပ်ပြီး လက်မလေးကို ရောင်းဖို့ အမျိုးမျိုး ပြောကြတယ်။ ဒါပေမဲ့ လောကကြီးမှာ မိဘ ဆိုတာ သားသမီးကို ဘယ်ရောင်းရက်ပါ့မလဲကွယ်။

"ခင်ဗျားတို့ တစ်ကမ္ဘာလုံး ပေးတောင် မရောင်းနိုင်ဘူး" လို့ ငြင်းလိုက်တယ်။

ဒါကို လက်မလေးက သိတော့ သူ့အဖေနားကပ်ပြီး တိုးတိုးလေး ပြောတယ်။

"ရောင်းသာ ရောင်းလိုက်ပါ အဖေရယ်။ ကျွန်တော့်အတွက် ပူမနေပါနဲ့။ ကျွန်တော့်မှာ အကြံ တစ်ခု ရှိတယ်"

နောက်ဆုံး လက်မလေးကိုယ်တိုင်က တိုက်တွန်းလွန်းတာနဲ့ သူ့အဖေလည်း လက်မလေးကို သင့်တော်တဲ့ဈေးနဲ့ ရောင်းလိုက်တယ်တဲ့။ လက်မလေးကို ရတဲ့ လူနှစ်ယောက်ကတော့ ပျော်သွားတာပေါ့။ တစ်ယောက်က လက်မလေးကို သူ့ကျောပိုးအိတ်ထဲ ထည့်ပြီး ခရီးဆက်ခဲ့ကြတယ်။



လက်မလေးကို ထည့်ထားတဲ့ ကျောပိုးအိတ်ဟာ ရွှေဒင်္ဂါးပြားတွေ ထည့်ထားတဲ့ အိတ်တဲ့။ လက်မလေးကလည်း တကယ်လို့ သူ့အဖေ သူ့



နောက်က ခြေရာခံလိုက်လာရင် သူ ဘယ်သွားနေတယ်ဆိုတာ သိအောင် အိတ်ထဲက ရွှေဒင်္ဂါးပြားတွေကို တစ်ပြားချင်း ထုတ်ပြီး လမ်းပေါ်မှာ ချထားခဲ့တယ်တဲ့ကွယ်။

အိတ်ထဲက ရွှေဒင်္ဂါးပြားတွေကုန်တော့ လက်မလေးက ဒီလို အော်တယ်။

"ဟေ့လူတွေ၊ ကျုပ်ဒီအိတ်ထဲမှာ နေရတာ မွန်းလည်း မွန်း၊ မှောင်လည်း မှောင်တယ်။ ကျုပ် အပြင်ထွက်ချင်တယ်" လို့။

ဒီတော့ သူ့ကို ကျောပိုးအိတ်ထဲက ထုတ်ပြီး အဲဒီလူက သူ့ခေါင်းပေါ်က ဦးထုပ်အနားပြားပေါ် တင်သွားတယ်။ လက်မလေးဟာ လမ်းဘေးက ကျေးရွာရှုခင်းတွေကို ကြည့်ရင်း ဟန်တစ်လုံးပန်တစ်လုံးနဲ့ လိုက်လာတယ်။

လယ်ကွင်းတစ်ခုနား ရောက်တော့ လက်မလေးဟာ အော်ပြန်တယ်။

"ဟေ့လူတွေ၊ ကျုပ်ကို အောက်ချပေးကြဦး။ ကျုပ် ဗိုက်နာနေပြီ"

အဲဒီလူက အဟုတ်မှတ်ပြီး သူ့ကို ဦးထုပ်ပေါ်ကယူ မြေကြီးပေါ်ကို ချပေးလိုက်တယ်။ မြေကြီးပေါ်လည်းရောက်ရော လက်မလေးဟာ သုတ်ခနဲ အနီးဆုံး ကြွက်တွင်းထဲကို ဝင်ပြေးရောတဲ့။ ဟိုလူနှစ်ယောက်လည်း လက်မလေးကို ဘယ်လိုက်ဖမ်းလို့ရတော့မလဲ။

ကြွက်တွင်း မြေအောက်လိုဏ်ခေါင်းတစ်လျှောက် အဝေးကြီးရောက်အောင် ပြေးခဲ့ပြီး နေရောင်မြင်ရတဲ့နေရာရောက်မှ လက်မလေးဟာ မြေကြီးပေါ်ကို ထွက်လာခဲ့တယ်။ သူဟာ ပြေးလာရတာ မောလည်း မောလေတော့ အနီးမှာရှိတဲ့ ခရုခွံအလွတ်ကလေးထဲ ဝင်ပြီး တစ်ရေး တစ်မော အိပ်နေလိုက်တယ်တဲ့။ သူ့အတွက်ကတော့ တည်းခိုခန်းကောင်းကောင်းလေးတစ်ခုမှာ အလကား တည်းရသလို ဖြစ်နေတာပေါ့ကွယ်။

နောက်နေ့မှ ဆက်နားထောင်ကြနော်။

❑

# ဇန်နဝါရီ ၂၂

## လေက်မနှင့် သူခိုးနှစ်ယောက်

မနက်စောစော စာကလေးတစ်သိုက်ဟာ အစာရှာဖို့ လယ်ကွင်းထဲကို ရောက်လာကြတယ်။ သူတို့ တကျိကျိအော်နေတဲ့အသံကြောင့် ခရုခွံအလွတ်ထဲမှာ အိပ်ပျော်နေတဲ့ လေက်မကလေးဟာ လန့်နိုးလာတယ်။ သူ နိုးလာလာချင်း လူနှစ်ယောက် စကားပြောနေတဲ့ အသံတွေ ကြားရတယ်။ နားထောင်ကြည့်လိုက်တော့ သူခိုးနှစ်ယောက် တိုင်ပင်နေတာ ကြားရတယ်။ သူတို့ တိုင်ပင်နေကြတာက ဒီလယ်ကွက်နားက ချမ်းသာတဲ့ လယ်ပိုင်ရှင်ရဲ့ အိမ်ကို ဘယ်လို ဝင်ခိုးရရင် ကောင်းမလဲ ဆိုတာပဲ။

ခရုခွံထဲက လေက်မလေးက ထွက်လာပြီး-

"ခင်ဗျားတို့ ကျွန်တော့်ကို ခေါ်သွားပါလား။ ကျွန်တော် ကူညီမယ်" လို့ ပြောတယ်။

သူခိုးနှစ်ယောက်က သူ့ကိုကြည့်ပြီး-

"မင်းလို ပိစိကွေးလေးဟာ တို့ကို ဘယ်လိုလုပ် ကူညီနိုင်မှာလဲကွ" လို့လည်း ပြောတယ်။ လေက်မလေးက-


"ကျွန်တော့်ကို ပြတင်းပေါက်ပေါ်သာ တင်ပေးလိုက်၊ ကျွန်တော်က အထဲကို ဝင်ပြီး ပြတင်းပေါက်ချက်ကို ဖြုတ်ပေးမယ်။ အဲဒါဆို ခင်ဗျားတို့ အထဲဝင်ပြီး လိုချင်တာယူလို့ ရတာပေါ့"

လေက်မလေး စကားကို သူတို့ သဘောကျသွားကြတယ်။ သူခိုးတစ်ယောက်က သူ့ကုတ်အင်္ကျီထဲ လေက်မလေးကို ထည့်ပြီး ခေါ်သွားတယ်။ လယ်ပိုင်ရှင်အိမ်နားကို ရောက်သွားကြတာပေါ့ကွယ်။ အရုဏ်ကျင်းစ မနက်စောလွန်းတော့ တစ်အိမ်လုံး ဘယ်သူမှ မနိုးကြသေးဘူး။

သူခိုးတွေက လေက်မလေးကို ပြတင်းပေါက်ဘောင်ပေါ် တင်ပေးလိုက်တယ်။

"ကဲ... အထဲကို ဝင်။ ပြတင်းပေါက် ဖွင့်ပေးပေတော့" လို့ ပြောတယ်။





လေက်မလေးက-

"နေပါဦး၊ ခင်ဗျားတို့က ဒီအိမ်ကရှိတာတွေ အကုန်လုံး ယူမှာပဲလား" လို့ အော်ကြီး ဟစ်ကျယ် မေးလိုက်တယ်။

သူခိုးတွေက-

"ဟော့ကောင်... ရှူးနေသလား၊ တိုးတိုးပြော" လို့ ပြောပေမယ့် လေက်မလေးက မသိချင်ယောင်ဆောင်ပြီး တမင် အသံကုန်ဟစ် မေးပြန်တယ်။

ဆူဆူညံညံ အသံတွေကြောင့် အိပ်ရာက နိုးလာတဲ့ ထမင်းချက်ဟာ ပြတင်းပေါက်က သူခိုးနှစ်ကောင်ကို တွေ့သွားတာပေါ့။ အဲဒီတော့ သူခိုးတွေလည်း ထွက်ပြေးကြရတော့တယ်။ လေက်မလေးလား၊ သူကတော့ သူခိုးတွေနောက်က ဘယ်လိုက်ပြေးမှာလဲ။ သူက သေးလွန်း တော့ သူ့ကို ထမင်းချက်ကလည်း မမြင်ဘူး မဟုတ်လား။ ဒီတော့ ခြံထဲက ကောက်ရိုးပုံဆီ ပြေးသွားပြီး ကောက်ရိုးပုံပေါ်မှာ တစ်ရေးတစ်မော ဆက်အိပ်လိုက်ပြန်တယ်တဲ့။

❑

ဇန်နဝါရီ ၂၃

## လေက်မနှင့် ဝံပုလွေ

မိုးလင်းတဲ့အခါကျတော့ အိမ်ထဲက အစေခံကောင်မလေး ခြံထဲကို ထွက်လာတယ်။ သူ့အလုပ်က တိရစ္ဆာန်တွေကို အစာကျွေးတဲ့အလုပ်ပဲ။ သူက ကောက်ရိုးပုံဆီသွားပြီး နွားစာကျွေးဖို့ ကောက်ရိုးတစ်ပွေ့ယူလိုက်တာ ကောက်ရိုးပုံထဲမှာ အိပ်နေတဲ့ လေက်မလေးလည်း ပါသွားတယ်။ လေက်မလေးဟာ အအိပ်ကြီးတော့ အဲဒါလည်း မနိုးဘူးတဲ့။ ကောင်မလေးက အဲဒီကောက်ရိုးတွေကို နွားစာခွက်ထဲ ထည့်လိုက်တယ်။ အဲဒါလည်း လေက်မလေး မနိုးဘူးတဲ့။

မျက်စိမှုန်နေတဲ့ နွားအိုကြီးကလည်း ကောက်ရိုးတွေကို စားလိုက်တာ။ ကောက်ရိုးတွေနဲ့အတူ လေက်မလေးလည်း သူ့ဗိုက်ထဲ ရောက်သွားတော့တယ်တဲ့။ နွားဗိုက်ထဲမှာဆိုတော့ မှောင်ကလည်း မှောင်၊ မွန်းကလည်း မွန်းပေါ့။ လေက်မလေးဟာ သူ ဘယ်ရောက်နေမှန်း မသိဘူး။

'ဟင်… ဒီအခန်းက အလင်းရောင်လည်း မရ၊ လေလည်း မရနဲ့ အိမ်ဆောက်တဲ့လူက ပြတင်းပေါက်ဖောက်ဖို့ မေ့သွားတယ်နဲ့ တူတယ်'

လို့ တွေးမိသေးတယ်တဲ့။ နွားကြီး စားလိုက်တဲ့ ကောက်ရိုးတွေ သူ့ကိုယ်ပေါ်ကျပြီး ပိနေတော့မှပဲ အလန့်တကြား အသံကုန်အော်တော့တယ်။

"ကျွန်တော် ဝပါပြီဗျို့။ ကျွန်တော့်ကို ထပ်မကျွေးကြပါနဲ့"

နွားကြီးပါးစပ်က လူတစ်ယောက်ရဲ့အသံ ထွက်လာတော့ နွားစာကျွေးနေတဲ့ ကောင်မလေးဟာ လန့်သွားတယ်။

"အမယ်လေး… လာကြပါဦး။ နွားက လူစကားပြောတယ်ရှင့်" လို့ အော်တယ်။ သူ့ဆီရောက်လာတဲ့သူက ခြံထဲက သားသတ်သမား။ သူက အသိဉာဏ်ရှိတဲ့လူ မဟုတ်ဘူး။ ဒီတော့ နွားဗိုက်ကို ဓားနဲ့ ခွဲချလိုက်တယ်။ ဒီလိုနဲ့ လေက်မလေးဟာ မြေကြီးပေါ်က နွားချေးပုံထဲ ကျသွားတော့တယ်တဲ့။

အဲဒီအချိန်မှာ အစာရှာနေတဲ့ ဝံပုလွေတစ်ကောင်ဟာ အဲဒီနားကို ရောက်လာတယ်။ သူက သိပ်ဆာလောင်နေတယ်။ ဝံပုလွေတွေဟာ ဆာလောင်နေရင် အစာမရွေးဘူး။ တွေ့ကရာ ရှစ်သောင်း စားတတ်ကြတယ်တဲ့။ ဝံပုလွေလည်း နွားချေးမြင်ရော မြင်မြင်ကရာကို စားလိုက်တာ လေက်မလေးပါ ပါသွားတော့တယ်။



လေက်မလေးဟာ အကြံတစ်ခု ရသွားတယ်။

"နောင်တော် ဝံပုလွေ၊ ကျုပ်ကို ကျုပ်အိမ်ကို ခေါ်သွားပါ။ ခင်ဗျားကို ကျုပ်အမေက ကျေးဇူးတင်ပြီး ခင်ဗျား စားချင်တာတွေ ချက်ကျွေးပါလိမ့်မယ်"

လို့ ပြောတယ်။ အစားမက်တဲ့ ဝံပုလွေလည်း ယုံသွားတယ်။ ဗိုက်ထဲက လေက်မလေး လမ်းညွှန်တဲ့အတိုင်း လေက်မလေးရဲ့ အိမ်ကို ရောက်အောင် သွားတယ်။

အိမ်ရောက်တော့ လေက်မလေးဟာ သူ့အမေကို အော်ပြောတယ်။

"အမေရေ ကယ်တော်မူပါ၊ ကျွန်တော် ဒီဝံပုလွေရဲ့ ဗိုက်ထဲ ရောက်နေပါတယ်"

ဝံပုလွေဟာ ထွက်ပြေးဖို့ အချိန်မရတော့ဘူး။ သူ့အမေက ပုဆိန်နဲ့ ခေါင်းကို ထုလိုက်တာ သေရောတဲ့။ ဒီတော့ သူ့အမေက လေက်မလေးကို ဝံပုလွေဗိုက်ကို ခွဲပြီး ထုတ်ယူရတယ်။ သူတို့ မိသားစုသုံးယောက် ပျော်ပျော်ရွှင်ရွှင် ပြန်တွေ့သွားကြတာပေါ့ ကွယ်။ ကဲ··· ကလေးတို့လည်း နေရာတကာ ဉာဏ်ကို သုံးကြရမယ်နော်။



❑

# ဇန်နဝါရီ ၂၄

## ပင်လယ်မင်းသမီးလေး

ဟိုးတစ်ခါတုန်းကတဲ့ ပင်လယ်ကမ်းခြေက တဲကလေးတစ်တဲမှာ ဆင်းရဲတဲ့ တံငါသည် လူငယ်လေးတစ်ယောက် ရှိတယ်တဲ့။ သူ့မှာ မိဘနှစ်ပါးစလုံး မရှိတော့ဘူးတဲ့။ တစ်နေ့တော့ အဲဒီတံငါသည်လေးဟာ ပင်လယ်ကမ်းခြေတစ်နေရာမှာ ကွန်ပစ်ပြီး ငါးဖမ်းနေသတဲ့။ တစ်နေ့လုံး ငါးတစ်ကောင်မှ မမိသေးတော့ သူ စိတ်ပျက်လက်ပျက် ဖြစ်နေတာပေါ့ကွယ်။

တစ်ကြိမ် သူ ကွန်ပစ်ပြီး ပိုက်ကွန်ကို ပြန်ဆွဲတင်လိုက်တဲ့အခါမှာတော့ လှပတဲ့ ငွေရောင်အကြေးခွံတွေနဲ့ ငါးလေးတစ်ကောင်ပါလာတာ တွေ့ရတယ်။ ပထမတော့ သူ ဝမ်းသာသွားတယ်။ ဒါပေမဲ့ ငါးကလေးကို သေသေချာချာ ကြည့်လိုက်တော့ သနားတဲ့စိတ်တွေ ဝင်လာတယ်။ ငါးကလေးရဲ့ မျက်လုံးလေးတွေက လူမိန်းကလေး တစ်ယောက်ရဲ့ မျက်လုံးလေးတွေလိုပဲ သိပ်လှတာပဲတဲ့။ ထူးခြားတာက ငါးကလေးရဲ့ လည်ပင်းမှာ ရွှေသော့လေး တစ်ချောင်း ကြိုးနဲ့ ဆွဲထားတာလည်း မြင်ရတယ်။ ငါးကလေးက-

"ကျွန်မဟာ ဒီပင်လယ်ကိုပိုင်တဲ့ ပင်လယ်ဘုရင်ကြီးရဲ့ သမီးတော်လေးပါရှင်။ ကျွန်မကို ပြန်လွှတ်ပေးမယ်ဆိုရင် ဟောဒီ လှိုင်းတွေအောက်က ရေအောက်နန်းတော်ကြီးဆီ ရှင့်ကို ခေါ်သွားမယ်။ ပြီးတော့ ရှင် ချမ်းသာအောင်လည်း ဆုတွေ လာဘ်တွေ ပေးပါ့မယ်" လို့ ပြောတယ်တဲ့။

ရုတ်တရက် ငါးကလေးကိုကြည့်ပြီး သနားစိတ်ဝင်နေတဲ့ တံငါသည်လေးဟာ ငြိနေတဲ့ ပိုက်ကွန်က ဖြုတ်ယူပြီး ရေထဲကို ပြန်လွှတ်ပေးလိုက်တယ်။ သူလည်း ငါးလေး နောက်က ရေအောက်ကို လိုက်သွားတယ်။ ငါးကလေးဟာ သူ့ကို လမ်းပြခေါ်သွားတယ်တဲ့။ ထူးခြားတာက ရေအောက်ကို ရောက်နေပေမယ့် သူဟာ ငါးတစ်ကောင်လိုပဲ ရေအောက်မှာ လေကို မရှူဘဲ နေနိုင်တယ်တဲ့။

သူ တစ်ခါမှ မမြင်ဖူးတဲ့ ရေအောက်ကမ္ဘာဟာ သိပ်လှနေတာ မြင်ရတော့တယ်။ ရောင်စုံငါးကလေးတွေဟာ အုပ်စုဖွဲ့ကူးခပ်နေတယ်။ ရေဘဝဲတွေကလည်း သူတို့ လက်တံရှည်တွေကို မြှောက်ပြီး ကလို့ခုန်လို့။ သူတို့ဟာ ပုလဲလုံးတွေ၊ သန္တာကျောက်ပန်း ရောင်စုံတွေနဲ့ ဆောက်လုပ်ထားတဲ့ ရေအောက်နန်းတော်ကို ရောက်သွားကြတယ်။ အဲဒီတံခါးဝကနေ အထဲကိုလည်း ဝင်လိုက်ရော သူ့ကို ခေါ်လာတဲ့ ငါးလေးဟာ အင်မတန် လှပတဲ့ လူအသွင်နဲ့ မင်းသမီးလေးတစ်ပါး ဖြစ်သွားရောတဲ့။

မင်းသမီးလေးဟာ ပုလဲခန်းမကြီးထဲ ခေါ်သွားတယ်။ အဲဒီကမှတစ်ဆင့် ရွှေရောင် ခန်းမကြီးထဲ ရောက်သွားတယ်။ အဲဒီခန်းမကြီးထဲမှာတော့ ပင်လယ်ကြီးတစ်ခုလုံးက ချမ်းသာသမျှ ပစ္စည်းရတနာတွေ စုပုံထားတာ တွေ့ရတယ်။ မင်းသမီးလေးဟာ သူ့လည်ပင်း မှာ ဆွဲထားတဲ့ သော့နဲ့ ရွှေသေတ္တာကြီးတစ်လုံးကို ဖွင့်လိုက်ပြီး-

"ကဲ… ရှင် လိုချင်တာသာ ရွေးယူပေတော့" လို့ ပြောလိုက်တယ်။

ရွှေသေတ္တာကြီးထဲမှာ ရတနာမျိုးစုံ ဝင်းလက်တောက်ပနေတယ်။ တံငါသည်လေး ဟာ ဘာကိုယူရမှန်း မသိဘဲ ရွေးရခက်နေတယ်။ ငွေရောင်အကြေးခွံတွေနဲ့ ချုပ်ထားတဲ့ ဂါဝန်ရှည်ကို ဝတ်ထားတဲ့ အင်မတန် ချစ်စရာကောင်းတဲ့ မိန်းကလေးက "ကဲ… ရှင် မရွေးတတ်ရင်တော့ ခရုခွံကြီးကိုသာ ယူပေတော့" လို့ ပြောတယ်။ တံငါသည်လေးဟာ လည်း မိန်းကလေး ဆန္ဒအတိုင်း ကျောက်မျက်ရတနာတွေထဲက ခရုခွံကြီးကိုပဲ ကောက်ယူ လိုက်တယ်။ မိန်းကလေးဟာ သဘောကျစွာ ပြုံးပြီး "ရှင့်ကို ကျွန်မ ကမ်းခြေကို ရောက်အောင် ပို့ပေးပါ့မယ်" လို့ ပြောတယ်။ သူတို့နှစ်ယောက် ပြန်ကူးခပ်လာခဲ့ကြတယ်။ ရေအောက် နန်းတော်ကြီးရဲ့ တံခါးဝကို မိန်းကလေးဟာ သွားပါလေရော လည်း ကျော်လိုက်ရော လှပတဲ့ ငွေရောင်ငါးကလေး ပြန်ဖြစ်တဲ့ကွယ်။



❑

# ဇန်နဝါရီ ၂၅

## လိုတရ ခရုခွံ

တံငါသည်လေးဟာ လှပတဲ့ ပင်လယ်မင်းသမီးလေးကို ချစ်နေမိပြီ။ ဒီတော့ ကမ်းခြေလည်းရောက်ရော ငွေရောင်ငါးကလေးကို ဒီလို ပြောတယ်တဲ့။

"မင်းဟာ ကုန်းပေါ်မှာ အသက်ရှင်နိုင်ရင် ဘယ်လောက် ကောင်းမလဲကွယ်။ မင်းကို ငါ လက်ထပ်ယူမှာပဲ"

ငါးကလေးဟာ ပြုံးပြီး-

"အဲသလိုဆိုရင် ရှင်ယူလာတဲ့ ခရုကြီးကို ကိုင်ပြီး ယုံယုံကြည်ကြည် ဆုတောင်းပေါ့။ ဒီခရုကြီးဟာ တောင်းတဲ့ဆုပြည့်နိုင်တဲ့ လိုတရ ခရုကြီးပဲ" လို့ ပြောလိုက်တယ်။

တံငါသည်လေးလည်း ဝမ်းသာအားရ သူလိုချင်တဲ့ဆု တောင်းလိုက်တာပေါ့။ အံ့သြစရာပဲ။ ခဏချင်းအတွင်းမှာပဲ ငွေရောင်ငါးကလေးဟာ မင်းသမီးလေးအသွင် ပြန်ပြောင်းသွားတယ်။ သူတို့ ပျော်ပျော်ရွှင်ရွှင်နဲ့ ကမ်းခြေကို တက်ခဲ့ကြတယ်။

တံငါသည်လေးဟာ သူ့တဲစုတ်ကလေးကို ရောက်တော့ ခရုခွံကို ကိုင်ပြီး ဆုတောင်းလိုက်ပြန်တယ်။ အဲဒီ တဲကုပ်ကလေးနေရာမှာ အင်မတန် လှပတဲ့ ရေအောက်က နန်းတော်လို နန်းတော်ကြီးတစ်ခု ပေါ်လာတယ်တဲ့။

နောက်တစ်ခါ ခရုကြီးကို ကိုင်ပြီး တံငါသည်လေးဟာ ဆုတောင်းလိုက်ပြန်တယ်။ သေဆုံးသွားတဲ့ သူ့မိဘနှစ်ပါးဟာ အသက်ရှင်ရက် ပြန်ရောက်လာကြတယ်။ သူတို့ သားကို သာမက ချွေးမလေးကို မြင်ရတော့ ဝမ်းသာသွားကြတယ်။ ဒီလိုနဲ့ သူတို့မိသားစု ပျော်ပျော်ရွှင်ရွှင် နေထိုင်နေကြတုန်း အဲဒီနိုင်ငံကို အုပ်ချုပ်တဲ့ ဘုရင်ကြီးဟာ ထူးခြားပြီး အစွမ်းရှိတဲ့ တံငါသည်လေးရဲ့ ခရုခွံအကြောင်းကို ကြားရတော့ လိုချင်ပြီး သူ့စစ်သည်ရဲမက်တွေနဲ့ လုယက်ဖို့ ချီတက်လာတယ်။ ဒါပေမဲ့ ပင်လယ်လှိုင်းလုံးကြီးတွေက ဘုရင်ကြီးနဲ့ သူ့လူတွေကိုပါ ပင်လယ်ထဲကို ဆွဲခေါ်သွားကြတယ်။ တံငါသည်လေးဟာ အဲဒီတိုင်းပြည်မှာ ဘုရင်ဖြစ်လာပြီး ပင်လယ်မင်းသမီးလေးကို မိဖုရားမြှောက်လိုက်သတဲ့ကွယ်။

❑

ဇန်နဝါရီ ၂၆

## အဘွားအိုနှင့် ကြွက်

တစ်ခါတုန်းက တောင်ကုန်းလေးတစ်ခုပေါ်က စက္ကူအိမ်လေးတစ်အိမ်မှာ ကြင်နာတတ်ပြီး ဉာဏ်လည်းကောင်းတဲ့ အဘွားအိုတစ်ယောက် နေထိုင်နေသတဲ့။ စက္ကူအိမ် ဆိုတာက ဆင်းရဲတော့ သစ်တွေဝါးတွေ မတတ်နိုင်ဘဲ စက္ကူတွေကို ကော်နဲ့ကပ် အိမ်လုပ်နေရတာကို ပြောတာပေါ့ကွယ်။

တစ်နေ့တော့ မျက်နှာပြောင်တိုက်တတ်တဲ့ ကြွက်ကလေး တစ်ကောင်ဟာ အဘွားအို အိမ်ကလေးဆီ ရောက်လာပြီး ဒီလို ပမာမခန့် ပြောတယ်တဲ့။

"အဘွားရေ၊ ကျုပ် ဒီအိမ်ကလေးမှာ ခင်ဗျားနဲ့ အတူတူနေမလို့ လာတာဗျ၊ ဘယ်လိုလဲ လက်ခံမှာလား။ လက်မခံဘူး ဆိုရင်တော့ ခင်ဗျားရဲ့ အိမ်ကလေးကို တစ်စစီ ဖြစ်အောင် ကျုပ် ကိုက်ဖြတ်ပစ်လိုက်မယ်နော်"

"ငါ လက်ခံပါတယ်၊ နေပေါ့ ကြွက်ကလေးရယ်"

ပါးနပ်တဲ့ အဘွားအိုက ကြွက်ကလေးကို အပြုံးနဲ့ ပြောလိုက်တယ်။

"ငါ ဒီမှာ တစ်ယောက်တည်း အထီးကျန် မနေရတော့ဘူးပေါ့။ အဖော်ရတာပေါ့။ ဒါထက် မင်း သဘောကျလား မသိဘူး။ တို့တွေ စကားထာဝှက်တမ်း ကစားရအောင်" လို့ အဘွားအိုက ပြောလိုက်တယ်။

ဘဝင်မြင့်နေတဲ့ ကြွက်ကလေးဟာ အဘွားအိုလက်ဝါးထဲမှာ ခုံခုံညားညား ထိုင်ပြီး-

"ကောင်းပြီလေ၊ ကဲ- ကျုပ်က စဝှက်မယ်နော်" လို့ ပြောတယ်။

သူပြောတဲ့ စကားထာက-

"လယ်တစ်ကေကို စာကလေးတစ်ကောင် ဖြတ်လျှောက်သွားရင် ခြေလှမ်း ဘယ်နှလှမ်း ရှိမလဲ။ ကဲ... ဖြေနိုင်ရင် ဖြေပေတော့" တဲ့။

အဘွားအိုက ပြုံးပြီး-

"ဒါ လွယ်လွယ်ကလေးပဲ။ တစ်လှမ်းမှ မရှိဘူး" လို့ ဖြေလိုက်တယ်။

"စာကလေးတွေဟာ ခြေထောက်နဲ့ လမ်းလျှောက်သွားတတ်တာ မဟုတ်ဘူးကွ။ သူတို့က ခုန်ဆွ ခုန်ဆွသာ သွားတတ်တာ"

လို့ ဖြေလိုက်တော့ မှန်နေတဲ့အခါ ကြွက်ကလေးလည်း နှုတ်ပိတ်သွားတယ်။ အဘွားအိုက "ဒီတစ်ခါတော့ ငါ့အလှည့်ပဲ" ဆိုပြီး-

"ကဲ… ငါ့စကားထာကို မင်း သေသေချာချာ နားထောင်" ဆိုတော့ ကြွက်ကလေးလည်း နားစွင့်နေတယ်။ အဘွားအိုက-

"ကြွက်လိုလည်း နားရွက် ရှိတယ်။

ကြွက်လိုလည်း လက်သည်း ရှိတယ်။

ကြွက်လိုလည်း နှုတ်ခမ်းမွေး ရှိတယ်။

ဒါပေမဲ့ ကြွက် မဟုတ်ဘူး။ အဲဒါ ဘာလဲ" လို့ မေးလိုက်တော့ ကြွက်ကလေးက-

"ကျွန်တော် ပန်းပေးပြီ"လို့ ပြောလိုက်တယ်။ အဘွားအိုက-

"မင်းကလည်း စဉ်းစားပြီး ဖြေမှပေါ့ကွ။ ကဲ… နောက်တစ်ခု မေးမယ်"

"ကြောင်နဲ့တူတဲ့ မျက်လုံး ရှိတယ်။

ကြောင်နဲ့တူတဲ့ ခြေထောက် ရှိတယ်။

ကြောင်နဲ့တူတဲ့ အမြီး ရှိတယ်။ အခု မင်းနောက်ကနေ ခုန်အုပ်ဖို့ ပြင်နေတယ်။ အဲဒါ ဘာကောင်လဲ"

"ကြောင်… ကြောင်… ကြောင်"

ကြွက်ကလေးဟာ ထစ်ထစ်ငေါ့ငေါ့ ကြောက်လန့်တကြား အော်ပြီး အိမ်ထဲကနေ အမြန်ဆုံး ထွက်ပြေးသွားတော့တယ်တဲ့။ အဘွားအိုကတော့ ပြုံးကျန်ရစ်ခဲ့တယ်။

"ငါ့အိမ်မှာ ဘယ်ကလာ ကြောင်ရှိရမှာလဲကွယ်။ ငါက စကားထာဝှက်တာပါ" လို့ တီးတိုးရေရွတ်နေတယ်။ အဲဒီကြွက်ကလေးဟာ အဘွားအိုရဲ့အိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးတဲ့ကွယ်။

❑

# ဇန်နဝါရီ ၂၇

## နို့တစ်ပန်းကန်

ဟိုးတစ်ခါတုန်းက ကမ္ဘာပေါ်မှာ ဝက်ကလေးတစ်ကောင်နဲ့ ကြောင်ကလေးတစ်ကောင်ဟာ အတူတူ မွေးလာကြသတဲ့ကွယ်။ တစ်ရက်တော့ သူတို့နှစ်ကောင်လုံးဟာ ပြိုင်တူပဲ ဆာလောင်မွတ်သိပ်နေကြတယ်။

ဒီလိုနဲ့ သူတို့နှစ်ယောက် အစာရှာထွက်လာလိုက်ကြတာ နောက်ဆုံးတော့ ဆိတ်မကြီးတစ်ကောင်နေတဲ့ ခြံကို ရောက်သွားကြတယ်။

"ကျွန်တော်တို့ ဆာလွန်းလို့ပါ ခင်ဗျာ။ နို့နည်းနည်းလောက် ပေးပါ"

နှစ်ယောက်လုံးက တောင်းကြတယ်။ ဆိတ်မကြီးက-

"ကောင်းပြီ၊ ငါလည်း စိုက်ဖို့ပျိုးဖို့ လုပ်နေတာ။ မင်းတို့ ငါ့ခြံကို အရင်တူးဆွပေးကြဦး။ ပြီးရင် ငါ နို့ပေးမယ်" လို့ ပြောတယ်။

အဲဒီစကားကို ကြားတာနဲ့ ဝက်ကလေးဟာ ခြံထဲကို ပြေးသွားပြီး အလုပ်လုပ်တော့တာပဲတဲ့။ ကြောင်ကလေးကတော့ ပျင်းပျင်းရိရိ တစ်ချက် သမ်းလိုက်တယ်။ ပထမဆုံး အနားယူတယ်။ နေရောင်အောက်မှာ လှဲတယ်။ အကြောဆန့်တယ်။ သူ့အမွေးတွေကို သူ့ပန်းရောင် လျှာနဲ့ လျက်တယ်။ အိပ်ငိုက်နေတယ်။ ဒီလိုနဲ့ပဲ အချိန်တွေ ကုန်သွားတယ်တဲ့။


နေ့လယ်ရောက်တော့ ဆိတ်မကြီးဟာ မလိုင်တွေ အပြည့်ထည့်ထားတဲ့ ပန်းကန်ကို ယူလာတယ်။ ပြီးတော့-

"ငါ့ခြံထဲမှာ ဘယ်သူဟာ အလုပ်အလုပ်ဆုံးလဲဟေ့။ ဒီပန်းကန်က အဲဒီသူအတွက်ပဲ"

ဝက်ကလေးဟာ ပန်းကန်ဆီရောက်အောင် အရင်ဆုံး ပြေးသွားတယ်။

"ဟောဒီ တစ်ခြံလုံး တူးဆွထားတာ ကျွန်တော်ပဲ ခင်ဗျ။ ကျွန်တော် တစ်ယောက်တည်း လုပ်ထားတာ"

လို့လည်း ပြောလိုက်တယ်။ ဆိတ်မကြီးက ခေါင်းကို ခါပြလိုက်တယ်။



"မြေကြီးကို ဒီလိုတူးနေတယ်ဆိုတာ မင်းတို့ ဝက်တွေရဲ့ သဘာဝပဲဟာ။ ဒါ အလုပ် လုပ်တာ မဟုတ်ဘူး။ မင်းက ငါ့ဆီက နေ့လယ်စာ ညစာစားမလို့လား"

ဆိတ်မကြီးက အဲဒီလိုပြောပြီး ကြောင်ဘက် လှည့်လိုက်တယ်။

"မင်းကရော တစ်မနက်လုံး ဘာလုပ်နေသလဲ" လို့ မေးလိုက်တယ်။ ကြောင်က-

"ကျွန်တော်လား၊ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းအောင် လုပ်နေရတယ်လေ။ ဝက်ကလေး ရဲ့ ကိုယ်စားပါ လုပ်နေရတာ"

ဆိတ်မကြီးက ခဏ စဉ်းစားလိုက်တယ်။ ပြီးတော့-

"အဲဒီ မလိုင်ပန်းကန်ကို ကြောင်လေး ယူလိုက်ပေ့။ သူက နှစ်ယောက်စာ အလုပ် လုပ်ရတာ" လို့ ပြောတယ်။

အဲဒီအချိန်ကစပြီး ကမ္ဘာပေါ်မှာ ထုံးစံတစ်ခု ပေါ်ပေါက်လာတယ်။ တစ်ယောက်ယောက် ဟာ အလုပ်တွေအားလုံးကို သိမ်းကျုံးလုပ်ရတယ်။ ဒါပေမဲ့ မလုပ်တဲ့ တခြားတစ်ယောက်က မလိုင်ပန်းကန်ကို ရတယ်။ တကယ်တော့ အဲဒါတွေအားလုံးရဲ့ အပြစ်ဟာ မိုက်မဲတဲ့ ဆိတ်မ ကြောင့်ပဲလို့ ဆိုကြတာပဲကွယ်။

❑

# ဇန်နဝါရီ ၂၈

## စောရမင်းသား

တစ်ခါတုန်းက မြို့ကလေးတစ်မြို့က အိမ်တစ်လုံးရဲ့ ခြံထဲမှာ အိမ်ပိုင်ရှင်တစ်ယောက်ဟာ သစ်ပင်တွေ စိုက်နေတယ်တဲ့။ အဲဒီအချိန်မှာပဲ လမ်းပေါ်က လမ်းလျှောက်လာတဲ့ လူစိမ်း တစ်ယောက်ဟာ အဲဒီခြံကို ရောက်လာတယ်။ အဲဒီလူစိမ်း ဝတ်စားထားတာကတော့ အကောင်းစား အဝတ်အစားတွေမို့ လူကြီးလူကောင်းပုံ ပေါက်နေတယ်လို့ ခေါ်နိုင်တယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေကတော့ ကောက်ကျစ်ဆိုးသွမ်းတဲ့ အရိပ်အယောင်တွေ ထင်ဟပ်နေသလိုပဲတဲ့။

လူစိမ်းက အိမ်ရှင်ကို မေးတယ်။

"ခင်ဗျားက ဘာလို့ ဒီအလုပ်တွေ ကိုယ်တိုင်လုပ်နေရတာလဲ။ ကူညီမယ့် သားလေး ဘာလေး မရှိဘူးလား"

"ရှိတော့ ရှိပါတယ်ဗျာ။ ကျုပ်သားက မလိမ္မာဘူး။ အိမ်က ထွက်ပြေးသွားတာလည်း ကြာပြီ" လို့ အိမ်ရှင်က ပြန်ဖြေတယ်။

လူစိမ်းက ပြုံးပြီး အိမ်ရှင်မိန်းမကိုလည်း မေးတယ်။

"ကျုပ်အတွက် ခင်ဗျားမိန်းမကို မနက်စာ ချက်ကျွေးခိုင်းရင် ဖြစ်နိုင်မလား။ ကျုပ် အရသာရှိရှိ လက်ရာကို မစားရတာကြာပြီ" လို့ ပြောတယ်။

အဲဒီအချိန်မှာ အိမ်ရှင်မဟာ သူ့ယောက်ျားအတွက် မနက်စာချက်နေတဲ့ အချိန်ပေါ့။ လူစိမ်းက ဆင်ဝင်အောက်က ရပ်ပြီး သစ်ပင်ကလေးတွေကို အိမ်ရှင်က ဝါးလုံးတွေနဲ့ ပူးချည်နေတာကို ကြည့်နေတယ်။

"ဘာဖြစ်လို့ ခင်ဗျားဟာ သစ်ပင်ကြီးတွေကိုတော့ မချည်နှောင်တာလဲ။ သစ်ပင်ကြီးတွေက ကောက်ကွေးနေလို့လား" လို့ မေးတယ်။ အိမ်ရှင်က-

"အသက်ကြီးသွားတဲ့ သစ်ပင်ကြီးတွေဟာ မဖြောင့်နိုင်တော့ဘူး။ သစ်ပင်တွေကို ဖြောင့်ချင်တယ်ဆိုရင် ငယ်ငယ်ကလေးကတည်းက အခုလို ဖြောင့်အောင် ချည်ပေးရတယ်" လို့ ပြန်ဖြေတယ်။

လူစိမ်းက သူ့ခေါင်းပေါ်က ဦးထုပ်ကို ချွတ်လိုက်ပြီး-

"လူတိုင်းကျတော့လည်း ဒီလိုမဟုတ်ပါဘူး အဖေ။ ကျွန်တော့်ကို ကြည့်စမ်းပါ။ ကျွန်တော်ဟာ နှစ်ပေါင်းများစွာက အဖေ ပျောက်ဆုံးသွားတယ် ဆိုတဲ့ သားပါ" လို့ ပြောတယ်။

အိမ်ရှင်လူကြီး အံ့အားသင့်သွားတယ်။ အိမ်ရှင်မိန်းမလည်း ရောက်လာတယ်။ ဟုတ်တယ်။ လူစိမ်းဟာ အိမ်ကထွက်သွားတဲ့ သူတို့သား ဖြစ်နေတယ်။ သားဖြစ်တဲ့သူက-


"အဖေဟာ ကျွန်တော့်ကို ငယ်ငယ်ကလေးတည်းက ဖြောင့်မတ်အောင်၊ လိမ္မာအောင် ဆုံးမခဲ့တာပဲ မဟုတ်လား။ ဒါပေမဲ့ ကျွန်တော်ဟာ ရိုးသားဖြောင့်မတ်တဲ့ လူတစ်ယောက် ဖြစ်မလာခဲ့ဘူး။ အိမ်က ထွက်ပြေးသွားပြီး ကျွန်တော်ဟာ ဓားပြတွေရဲ့ အသက်မွေးဝမ်းကျောင်း အလုပ် လုပ်ခဲ့တယ်။ အဲဒီ ဆိုးတဲ့တေတဲ့ဘက်မှာတော့ ကျွန်တော်ဟာ ပါရဂူဖြစ်နေခဲ့ပြီ အဖေ။ အခု ဘာဖြစ်သလဲ။ ကျွန်တော်ဟာ တင့်တောင့်တင့်တယ် ချမ်းချမ်းသာသာ နေနိုင်တယ်။ ကျွန်တော့်ကို အပေါင်းအသင်းတွေက စောရမင်းသားလို့ ခေါ်ကြတယ်"

သားစကားကို ကြားရတော့ မိဘနှစ်ပါးဟာ တုန်လှုပ်ချောက်ချားသွားကြတယ်။

အဖေက-

"မင်းရဲ့ မွေးစားအဖေ မြင့်မြတ်တဲ့ မြို့စားမင်းကိုရော မင်း ဒီအတိုင်း ပြောမှာလား ဟင်။ မင်းကို သူက ကြိုးစင်တင်ပြီး သတ်လိမ့်မယ်"

ဒီမြို့က မြို့စားမင်းဟာ သူ့ရဲ့မွေးစားအဖေလည်း ဖြစ်လို့ သားလုပ်တဲ့သူက အပူအပင် မရှိဘဲ ပြုံးတယ်။



"ဘာဖြစ်လို့လဲ အဖေ။ သူ ကြွယ်ဝချမ်းသာလာတာလည်း ရိုးရိုးသားသား အလုပ်နဲ့ မဟုတ်ပါဘူး။ တခြားနည်းလမ်းတွေနဲ့ပါ၊ မပူပါနဲ့။ မနက်ဖြန်ကျရင် သူ့ကို ကျွန်တော် ကိုယ်တိုင် သွားတွေ့လိုက်ပါ့မယ်" လို့ ပြောတယ်။

မိဘနှစ်ပါးက သားကို ပြန်တွေ့ပေမယ့် မပျော်နိုင်ကြဘူး။ သားအတွက် စိတ်ပူက်လက်လျှော့တဲ့ဟန်နဲ့ ခေါင်းကိုသာ ယမ်းခါနေကြတယ်တဲ့ကွယ်။

ဒီနေ့တော့ ဒီလောက်နဲ့ပဲ နားလိုက်ကြဦးစို့နော်။

မနက်ဖြန်ကျမှ သူ့မွေးစားအဖေ မြို့စားမင်းဆီ ရောက်သွားတဲ့ စောရမင်းသားလေး ဘယ်လို အဖြစ်မျိုးကြုံရတယ် ဆိုတာ ဆက်နားထောင်ကြတာပေါ့ကွယ်။

❑

# ဇန်နဝါရီ ၂၉

## စောရမင်းသား

နောက်တစ်နေ့ မနက်ကျတော့ စောရမင်းသားဟာ တစ်ခါက သူ့ရဲ့မွေးစားအဖေ ဖြစ်ခဲ့တဲ့ မြို့စားမင်းဆီ သူကိုယ်တိုင် သွားတွေ့တယ်။ ပြီးတော့ သူ ဘယ်လိုပညာတွေ သင်ကြားတတ်မြောက်ခဲ့တယ် ဆိုတာကိုလည်း ပြောပြလိုက်တယ်တဲ့။ ဒီတော့ အင်မတန် စည်းကမ်းတိကျတဲ့ မြို့စားမင်းဟာ တော်တော်မနှစ်မြို့ဘဲ ဖြစ်သွားတယ်။ စိတ်လည်း တော်တော်ဆိုးသွားတယ်။

"မင်းကို တကယ်တော့ ပါးကွက်အာဏာသားလက်ကို တစ်ခါတည်း လွှဲပေးလိုက်ဖို့ ကောင်းတယ်။ ဒါပေမဲ့ ငါက မင်းရဲ့ မွေးစားအဖေ ဖြစ်လေတော့ သနားတဲ့အနေနဲ့ ငဲ့ညှာလိုက်မယ်။ မင်းကို ငါ အမိန့်ပေးပြီး သုံးမျိုးခိုင်းမယ်။ အဲဒီသုံးမျိုးစလုံးကို အောင်မြင်အောင် မဆောင်ရွက်နိုင်ရင်တော့ ပါးကွက်အာဏာသားလက်ထဲက ရောက်ပြီ မှတ်ပေတော့" လို့ ကြိမ်းမောင်းတယ်။

စောရမင်းသားကတော့ ခပ်ပြုံးပြုံးပဲ-

"ကျွမ်းကျင်တဲ့သူခိုးတွေ မလုပ်နိုင်တဲ့အလုပ်ရယ်လို့ မရှိပါဘူး။ မြို့စားမင်း ခိုင်းစေချင်တဲ့ကိစ္စသာ အမိန့်ရှိပါ" လို့ အေးအေးဆေးဆေး ပြန်ပြောတယ်။ မြို့စားမင်းက-

"အေး… နားထောင်၊ ပထမတစ်ခုကတော့ ငါ့ရဲ့မြင်းဇောင်းကို သွားပြီး ငါ့ရဲ့ စီးတော်မြင်းကို ခိုးရမယ်။ အဲဒါကို မင်း အောင်မြင်ရင် ဒုတိယလုပ်ရမယ့်အလုပ်က ငါ့ရဲ့ အိပ်ခန်းဆောင်ထဲကို ဝင်ပြီး ငါ့မိဖုရားကြီးရဲ့လက်က လက်စွပ်ကို ရအောင် ခိုးရမယ်။ အဲဒါ အောင်မြင်ရင် နောက်ဆုံးတစ်ခု ကျန်သေးတယ်။ အဲဒါဟာ ဘာလဲဆိုတော့ ဘုန်းကြီးကျောင်းကိုသွားပြီး ရသေ့ကြီးနဲ့ ကျောင်းစောင့်ကို ရအောင် ခိုးရမယ်"

စောရမင်းသားကလည်း မြို့စားမင်းခိုင်းသမျှ အောင်မြင်အောင် လုပ်ပါ့မယ်လို့ ကတိပေးလိုက်တယ်။ ညကျတော့ သူဟာ အဘွားအိုတစ်ယောက်နဲ့တူအောင် ဝတ်စားဆင်ယင်၊

ဝိုင်အရက်ပြင်းပြင်း တစ်လုံးကို ကိုင်ပြီး ထော့နင်း ထော့နင်းနဲ့ မြင်းဇောင်းဘက်ကို လျှောက်သွားတယ်။



မြင်းဇောင်းမှာ မြို့စားကြီးရဲ့ စီးတော်မြင်းကို မပျောက်ရအောင် အစောင့်သုံးယောက်က စောင့်ရှောက်နေကြတယ်။ တစ်ယောက်က မြင်းကို ခွစီးလို့။ တစ်ယောက်က မြင်းဇက်ကြိုးကို ကိုင်လို့။ တစ်ယောက်ကတော့ မြင်းမြီးကို ဆုပ်လို့။ သတိနဲ့ သေသေချာချာ စောင့်နေကြတာပဲ။

ဝိုင်အရက်ပုလင်းတစ်လုံးနဲ့ ထော့နင်း ထော့နင်း သူတို့ရှိရာကို လျှောက်လာနေတဲ့ အဘွားအိုကို တွေ့တော့-

"အဘွားကြီး ဘယ်လဲ။ အရက်ပုလင်းကရော ဘာလုပ်ဖို့လဲ" လို့ မေးကြတယ်။

အဘွားကြီး အယောင်ဆောင်ထားတဲ့ စောရမင်းသားက-

"ညက သိပ်အေးတယ်ကွယ်။ ဒါကြောင့် မင်းတို့ သောက်ရအောင် ဝိုင်အရက် တစ်ပုလင်း သွားပို့ပေးပါလို့ မြို့စားမင်းနိုင်းလို့ လာပို့ရတာ" လို့ ဖြေတယ်။

အစောင့်သုံးယောက်လည်း သိပ်သဘောကျသွားတာပေါ့။ အဘွားကြီးလက်ထဲက ပုလင်းကိုယူပြီး မော့သောက်ကြတယ်။ အရက်က အင်မတန် ပြင်းလေတော့ တစ်ယောက်ကို တစ်ငုံစီလောက် သောက်မိရုံနဲ့ မှေ့လဲကုန်တော့တယ်။

နောက်နေ့မနက် မိုးလင်းတော့ မြင်းဇောင်းကို မြို့စားမင်း လာကြည့်တဲ့အခါ သူ့စီးတော်မြင်း ပျောက်နေတာ တွေ့ရတယ်။ သူ အစောင့်ထားတဲ့ လူသုံးယောက်လည်း တစ်ယောက်က မြေကြီးပေါ်မှာလဲလို့၊ တစ်ယောက်က မြင်းမြီးအစား ကောက်ရိုးတွေ ဆုပ်လို့၊ တစ်ယောက်က မြင်းပါးချုပ်ကြိုးအစား ကြိုးပြတ်တစ်ချောင်းကို ကိုင်လို့ မှူးမှူးနဲ့ အိပ်ပျော်နေတာ တွေ့ရတော့တယ်။

စောရမင်းသားဟာ မြို့စားမင်းကို စီးဇတ်မင်း ပြန်လာပေးတယ်။ မြို့စားက-

"အေး… ဒီတစ်ခါတော့ မင်း နိုင်သွားပြီပေါ့ကွာ။ နောက်တစ်ခါ ကြည့်ကြသေးတာပေါ့။ မင်း နှစ်ရက်ဆက် ကံမကောင်းပါဘူး" လို့ ဒေါသနဲ့ ပြောလိုက်တယ်တဲ့ကွယ်။

❑

# ဇန်နဝါရီ ၃၀

## စောရမင်းသား

အဲဒီနေ့ညမှာတော့ မြို့စားမင်းဟာ စောရမင်းသားကို သူကိုယ်တိုင် မရရအောင် သုတ်သင်မယ်လို့ ရည်ရွယ်ထားတယ်။ သူ့မိန်းမ မြို့စားကတော်ရဲ့ ခုတင်ပေါ်မှာ သူကိုယ်တိုင် တစ်ညလုံး ငုတ်တုတ်ထိုင်စောင့်မယ်ပေါ့လေ။ သူ့လက်တစ်ဖက်ကလည်း ရှေးတုန်းက သုံးကြ တဲ့ တစ်လုံးထိုး သေနတ်တစ်လက်ကို ကိုင်ထားသေးတယ်။ ဒီတစ်ကြိမ်တော့ စောရမင်းသား ဟာ ဘယ်လိုမှ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာမဟုတ်ဘူးလို့ သူ တွေးရင်း ပီတိဖြစ် နေတယ်။

စောရမင်းသားဟာ ညမှောင်ချိန်ရောက်တာနဲ့ သားသတ်ကုန်းကို သုတ်ခြေတင် သွားတယ်။ သားသတ်ကုန်းဆိုတာ ဟိုအရင်တုန်းက ကြီးလေးတဲ့ ပြစ်မှုကျူးလွန်တဲ့ ရာဇဝတ် သားတွေကို ကြိုးစင်တင်သတ်တဲ့ နေရာပေါ့ကွယ်။ အဲဒီကနေ အပြစ်ဒဏ်ပေးခံရလို့ သေနေတဲ့ ရာဇဝတ်သားတစ်ယောက်ရဲ့ အလောင်းကို ကြိုးစင်က ဖြုတ်ယူပြီး မြို့စားမင်းရဲ့ စံအိမ်ရှိတဲ့ နေရာကို ရောက်အောင် လာခဲ့တယ်။ ပြီးတော့ အိပ်ခန်းကနေ မြင်နိုင်လောက်တဲ့ စံအိမ်ကြီးရဲ့ ပြတင်းပေါက်တစ်နေရာမှာ အဲဒီအလောင်းကို အသာလေး မတ်မတ်ထောင်ထားပြီး အချိန် စောင့်နေတယ်။

အိပ်ခန်းကတော့ မှောင်ကျနေတယ်။ မြို့စားမင်းဟာ သူ ဒီလို သေနတ်ကိုင် စောင့်နေ တယ်ဆိုတာ စောရမင်းသား မမြင်ရအောင် တမင်မှောင်ချနေတာ။ မြို့စားမင်းဟာ စံအိမ်ကြီးရဲ့ ပြတင်းပေါက်တစ်နေရာက မှန်ပေါ်မှာ ရာဇဝတ်သားရဲ့ အလောင်းကို တွေ့တဲ့အခါ အဲဒါက သူတို့ဆီ ဖောက်ထွင်းခိုးဝင်ဖို့လာတဲ့ စောရမင်းသားပဲ ဖြစ်ရမယ်ဆိုပြီး လက်ထဲက သေနတ်နဲ့ ပစ်လိုက်တယ်။ ပြီးတော့ သူ့လက်ချက်နဲ့ သေ၊ မသေ သိရအောင် အဲဒီဘက်ကို စုံစမ်းကြည့်ဖို့ ထွက်သွားတယ်။ ပါးစပ်ကလည်း ညည်းတွားသွားသေးတယ်။

"အင်း… သနားစရာကောင်းတဲ့ စောရမင်းသားပဲ။ ငါ့လက်ချက်နဲ့ သေရှာပြီ။ နောက်ဆုံးတော့ သူ လက်စွပ်ကို ခိုးမသွားနိုင်ရှာဘူး" ပေါ့လေ။

အဲသလို မြို့စားကြီး အိပ်ခန်းထဲက ထွက်သွားတာ မြင်တာနဲ့ တစ်နေရာက ပုန်းကြည့်

နေတဲ့ စောရမင်းသား အလျှင်အမြန် ပြေးထွက်လာပြီး အိပ်ခန်းထဲ ဝင်သွားတယ်။ မှောင်ထဲမှာ ကြောက်လန့်နေတဲ့ မြို့စားကတော်ကို တီးတိုးလေသံကလေးနဲ့-

"မကြောက်ပါနဲ့ကွယ်။ ငါက မင်းခင်ပွန်း မြို့စားကြီးပါ။ စောရမင်းသားကတော့ ခုန ငါ့သေနတ်နဲ့ ပစ်လိုက်တဲ့ လက်ချက်နဲ့ သေရှာပြီကွာ။ အင်း... ဒီကောင်က ငါ့မွေးစားသား ဆိုတော့ စိတ်တော့ မကောင်းဘူး။ ဒီကောင် အသက်အသေခံပြီး ယူဖို့ ကြိုးစားပေမယ့် မရ လိုက်တဲ့ မင်းလက်စွပ်ကလေးကို နောက်ဆုံး အလိုလိုက်တဲ့အနေနဲ့ သူ့အလောင်းနဲ့ ထည့်ပေး လိုက်ချင်တယ်။ ကဲ... မင်းလက်စွပ်လေး ချွတ်ပေးပါဦး"

အဲဒီလိုပြောတော့ မြို့စားကတော်လည်း တကယ်ယုံပြီး လက်က လက်စွပ်ကို ချွတ်ပေးလိုက်တာပေါ့။ လက်စွပ်လည်းရရော စောရမင်းသားဟာ အခန်းထဲကနေ လေလို ထွက်ပြေးသွားတာပဲတဲ့။

ပြတင်းပေါက်က အလောင်းကို မြင်တာနဲ့ မြို့စားမင်းလည်း သူ အလှည့်စားခံရပြီ ဆိုတာ သိလိုက်တယ်။

"ငါပစ်လိုက်တာ စောရမင်းသားမှ မဟုတ်ဘဲ"

သူလည်း အိပ်ခန်းကို အမြန်ပြန်လာခဲ့တယ်။ ဒီရောက်တော့ သူ ထင်တဲ့အတိုင်းပဲ မြို့စားကတော်ကြီးရဲ့ လက်စွပ်ဟာ သူ့ခိုးနောက် ပါသွားပြီ ဖြစ်တာကို တွေ့ရတယ်။ ဒီတစ်ခါလည်း စောရမင်းသားပဲ နိုင်သွားပြန်တာပေါ့ကွယ်။



ကဲ... နောက်တစ်ကြိမ် အောင်နိုင်၊ မနိုင် ဆိုတာ နက်ဖြန်မှ ဆက်နားထောင်ကြတော့နော်။

❑

# ဇန်နဝါရီ ၃၁

## စောရမင်းသား

နောက်တစ်နေ့ညကျတော့ စောရမင်းသားဟာ သူဖမ်းလို့ရသလောက် ငါးပျံတွေကို အိတ်တစ်လုံးနဲ့အပြည့် ဖမ်းပြီး ဘုန်းကြီးကျောင်းဘက်ကို ထွက်လာခဲ့တယ်။

ငါးပျံဆိုတာက ပါးဟက်နှစ်ခုကို ခြေထောက်တွေလိုသုံးပြီး ကုန်းပေါ်မှာလည်း အသက်ရှင်သွားလာနိုင်တဲ့ ငါးသတ္တဝါတစ်မျိုးပါ။ ဘုန်းကြီးကျောင်းဝင်းထဲမှာရှိတဲ့ သချိုင်းအုတ်ဂူတွေကြားထဲလည်းရောက်ရော စောရမင်းသားဟာ သူ ယူလာတဲ့ ငါးပျံတွေရဲ့ ကျောပေါ်မှာ ဖယောင်းတိုင်တွေ စိုက်ပြီး ထွန်းလိုက်တယ်။ ပြီးတော့ သူတို့ကို အုတ်ဂူတွေရဲ့ကြားထဲမှာ နေရာချပေးလိုက်တယ်။

ပြီးတော့ စောရမင်းသားဟာ ဝတ်ရုံနက်အရှည်ကြီးကို ခေါင်းကနေ ခြုံလိုက်တယ်။ အသင့်ယူလာတဲ့ အိတ်ကြမ်းကြီးတစ်လုံးကိုလည်း လက်ကနေ ကိုင်ထားလိုက်သေးတယ်။ ပြီးတော့ ခန်းမကြီးထဲက တရားဟောစင်မြင့်ပေါ် တက်ပြီး အဲဒီလို အော်တယ်တဲ့။

"မြန်မြန်လာကြပါဗျို့။ ကမ္ဘာကြီးပျက်ဖို့ လက်တစ်လုံးလောက်ပဲ လိုပါတော့တယ်။ ဟောဒီမှာ လာကြည့်ကြပါ။ သေဆုံးကုန်တဲ့သူတွေဟာ သူတို့ဂူတွေကနေ ရှင်ပြန်ထမြောက်နေကြပါပြီ။ ကောင်းကင်ဘုံ နိုင်ငံတော်ကိုသွားဖို့အတွက် ပြင်ဆင်နေကြပါပြီ။ ကျုပ်ဟာ ကောင်းကင်ဘုံကိုဝင်တဲ့ဂိတ်က ဂိတ်ပေါက်စောင့်ကြီး ဖြစ်ပါတယ်။ ကမ္ဘာကြီး မပျက်စီးခင် ကောင်းကင်ဘုံကို ဝင်ချင်တဲ့သူတွေများရှိရင် ဟောဒီ ကျုပ်ရဲ့အိတ်ထဲကို ဝင်နိုင်ကြပါတယ်"


အဲဒီအသံတွေကို ကြားတဲ့အခါ ကျောင်းထဲက ရသေ့ကြီးနဲ့ ကျောင်းစောင့်တို့ဟာ ကျောင်းဝင်းထဲက သချိုင်းဘက်ကို လှမ်းကြည့်ကြတယ်။ အဲဒီနေရာမှာ အုတ်ဂူတစ်ခုနဲ့ တစ်ခုရဲ့အကြား အလင်းရောင်တွေ ဟိုဟိုဒီဒီ ရွေ့လျားနေကြတာ တွေ့တော့ ကြားရတဲ့ စကားတွေကို တကယ် ယုံကြည်သွားကြတယ်။

သူတို့နှစ်ယောက်ဟာ ကောင်းကင်ဘုံကို ရောက်လိုစောနဲ့ စောရမင်းသားရဲ့ လက်ထဲက အိတ်ကြီးထဲကို သူ့ထက်ငါ အလုအယက် တိုးဝင်လိုက်ကြတယ်။ စောရမင်းသားဟာ အဲဒီ အိတ်ကြီးကို ထိပ်က စုချည်ပြီး ကျောင်းလှေကားထစ်တွေအတိုင်း

တရွတ်တိုက် ဆွဲလာခဲ့တယ်။ ရသေ့ကြီးနဲ့ ကျောင်းစောင့်ရဲ့ ခေါင်းတွေဟာ လေကားထစ်တွေနဲ့ တစ်ထစ်ချင်း ဆောင့်မိနေတာပေါ့။ စောရမင်းသားက-

"ကျုပ်တို့ဟာ အခု ကောင်းကင်ဘုံက တောင်တန်းတွေပေါ် ရောက်နေပါပြီ" လို့ ပြောတယ်။ နောက်ကျောင်းဝင်းထဲက ရေဖွက်တွေထဲကို တရွတ်တိုက်ပြီး ဆွဲသွားတဲ့အခါ-

"အခု ကျုပ်တို့ဟာ ကောင်းကင်ဘုံက မိုးတိမ်တွေထဲကို ဖြတ်သန်းနေပါပြီ" လို့ ပြောပြန်တယ်။ နောက်ဆုံးတော့ မြို့စားမင်းရဲ့ စံအိမ်တော်ရှိတဲ့ ဝင်းထဲကို ရောက်လာတယ်။ အဲဒီထဲမှာ မြို့စားမင်း မွေးထားတဲ့ နွားအိမ်တွေနားရောက်တော့ စောရမင်းသားက မေးတယ်။



"ဘယ်လိုလဲ၊ ခင်ဗျားတို့ အခုကောင်းကင်ဘုံက နတ်သမီးလေးတွေရဲ့ တောင်ပံ ခတ်သံတွေကို ကြားကြရဲ့လား"

ကျောင်းစောင့်က "ကြားပါတယ်၊ ဒါပေမဲ့ မသိလို့ မေးပါရစေ။ ကောင်းကင်ဘုံ ဆိုတာ နွားအိမ်တွေနဲ့ တော်တော်တူသလား။ နွားချေးစော်နံသလိုလို ရှိလို့ပါ" အဲဒီလို မေးတယ်။

ကျောင်းစောင့်ရဲ့စကားကို ကြားတော့ စောရမင်းသားက အူတက်မတတ် ဗိုက်နှိပ် ရယ်သတဲ့။ မြို့စားမင်းကို အဲဒီအကြောင်းတွေ ပြောပြတော့ မြို့စားမင်းခမျာလည်း ဣန္ဒြေ မဆောင်နိုင်ရှာဘဲ ဟားတိုက်ရယ်မိတော့တယ်။

သူ ယူလာတဲ့ အိတ်ကြီးကို ဖွင့်လိုက်တော့ အထဲက ရသေ့ကြီးနဲ့ ကျောင်းစောင့် ထွက်လာတယ်။ ဒီတော့မှ သူတို့နှစ်ယောက်ဟာ စောရမင်းသား လှည့်စားတာကို ခံလိုက်ရကြောင်း သိလိုက်ကြတယ်။ မြို့စားမင်းက-

“အင်း… မင်းဟာ မင်းပြောသလိုပဲ။ ဒီဘက်မှာတော့ တစ်ဖက်ကမ်းခပ်ကျွမ်းကျင်တဲ့ သူဆိုတာ အမှန်ပါပဲ။ ဒါပေမဲ့ ငါပိုင်တဲ့နယ်မြေမှာ မင်းဆက်မနေပါနဲ့။ အမြန်ဆုံး ထွက်သွား ပါ။ နောက်လည်း ဘယ်တော့မှ ပြန်မလာနဲ့လို့ ငါ ပြောချင်တယ်”

စောရမင်းသားလည်း မြို့စားမင်းပြောတာကို လက်ခံပြီး၊ သူ့မိဘတွေကို နှုတ်ဆက်ပြီး အဲဒီမြို့က ထွက်သွားတော့တယ်တဲ့။ နောက်လည်း သူ့ကို ဘယ်သူကမှ ဘယ်တော့မှ မတွေ့ရ တော့ဘူးတဲ့ကွယ်။

❑

# FEBRUARY



ဖေဖော်ဝါရီ ၁

## အလီဘာဘာနှင့် ခိုးသားလေးဆယ်

ဟိုး… ရှေးရှေးတုန်းကတဲ့ကွယ်။

အဲဒီနိုင်ငံကတော့ ဦးတို့လိုပဲ ကမ္ဘာကြီးရဲ့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ နိုင်ငံပေါ့ကွယ်။ အဲဒီနိုင်ငံက သိပ်ပူတာတဲ့။ သဲကန္တာရတွေ ပတ်လည်ဝိုင်းနေတဲ့ မြို့တွေကလည်း စိမ်းစိမ်းစိုစို မရှိဘဲ ဖွေးဖွေးဖြူအောင် ခြောက်သွေ့နေတယ်တဲ့။ လမင်းကြီးကလည်း အမြဲတမ်း ကောင်းကင်ပေါ်မှာ အနီရောင် ကျောက်မျက်ရတနာကြီးတစ်လုံးလို အရှိန်အဝါတွေနဲ့ တောက်ပ နေတယ်တဲ့။

အဲဒီနိုင်ငံက မြို့ကလေးတစ်မြို့မှာ ကာဆင်နဲ့ အလီဘာဘာတို့ ညီအစ်ကို နှစ်ယောက် ရှိတယ်တဲ့။ ညီအစ်ကိုတွေဆိုပေမယ့် ကာဆင်က ချမ်းသာကြွယ်ဝတဲ့ ကုန်သည်ကြီးတဲ့။ ညီငယ် အလီဘာဘာကတော့ ဆင်းရဲရှာတယ်။ ခြောက်နေတဲ့ မြို့ပြင်က သစ်ပင်သစ်ကိုင်း တွေကို ခုတ်ချိုးပြီး မြို့ထဲကဈေးမှာ ထင်းလုပ်ရောင်းရင်း သူ့မိသားစုကို ကျွေးမွေးစောင့်ရှောက် ရတယ်တဲ့။ အလီဘာဘာဟာ ဆင်းရဲပေမယ့် ရဲရင့်တယ်။ စိတ်ထားလည်း မွန်မြတ်တယ် ဆိုတော့ လူချစ်လူခင် ပေါတယ်တဲ့။

တစ်နေ့တော့ အလီဘာဘာဟာ ထင်းရှာရအောင် မြို့ပြင်နောက်ဘက်က သဲကန္တာရ အစပ်ထဲ ရောက်နေတယ်။ အဲဒီနေရာက ပူပြင်းခြောက်သွေ့လိုက်တာလည်း လွန်ပါရောတဲ့။ သဲကန္တာရပြင်ကြီးနဲ့ ကမ္ဘာဦးကတည်းက စတင်ရှိနေတယ်လို့ ထင်ရတဲ့ ကျောက်တောင် ကျောက်ဆောင်ကြီးတွေပဲ ရှိတယ်။ သူက ရသလောက် ထင်းတွေကို စုစည်း၊ သူ့မှာ ပါလာတဲ့ ဝန်တင်လားကလေးပေါ် တင်ပေါ့လေ။ အဲသလို အလုပ်ရှုပ်နေတုန်း…။

အဝေးက မိုးခြိမ်းသံလို အသံကြီး ကြားရတယ်။ သူလည်း သိတယ်။

တကယ်တော့ မိုးခြိမ်းသံ မဟုတ်ဘူး။ အတော်ဝေးဝေးက မြင်းအုပ်ကြီးတစ်အုပ် အပြင်းမောင်းနှင်လာတဲ့ အသံပဲ။ တဖြည်းဖြည်း နီးလာတော့ ခွာသံတွေက ပိုပြီး ကျယ်လောင် လာတယ်။ မြင်းအုပ်ကြီးကြောင့် ထနေတဲ့ ဖုန်မှုန့်အလုံးကြီးကလည်း ကောင်းကင်က

တိမ်တိုက်ကြီးတစ်ခုလောက် ရှိတယ်တဲ့။ အလီဘာဘာက နီးစပ်ရာ ချုံပုတ်တစ်ခုထဲ ဝင်ပုန်းနေလိုက်တယ်။ ဘာတွေဖြစ်လာမလဲလို့ သူ စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

မြင်းအုပ်ကြီးဟာ သူ ချောင်းကြည့်နေတဲ့ ချုံပုတ်နားမှာ ရပ်လိုက်တော့မှ မြင်းစီးလာသူတွေဟာ တောပုန်းဓားပြတွေမှန်း သိတော့တယ်။ ခေါင်းဆောင်လုပ်တဲ့သူကို ထည့်မတွက်ဘဲ ရေရင် အားလုံး အယောက်လေးဆယ်တိတိ ရှိတာကို တွေ့ရတယ်။ တောပုန်းတွေအားလုံး မြင်းပေါ်က ဆင်းလိုက်ကြတယ်။ ခေါင်းဆောင်လုပ်တဲ့သူက ကျောက်တောင်ကြီးတစ်ခုရဲ့ ရှေ့မှာ ရပ်ပြီး ကြောက်စရာကောင်းတဲ့ အသံကြီးနဲ့ အခုလို အော်လိုက်တယ်တဲ့။

"ဥုံ… ဖွင့်လော့ တံခါး

တံခါးဖွင့်လော့… ဥုံ"

သူ့စကားသံဆုံးတာနဲ့ သူ့ရှေ့က ကျောက်သားနံရံကြီးဟာ ရွေ့လျားသွားပြီး ဂူကြီးတစ်ခုရဲ့ အဝင်ပေါက် ပေါ်လာတယ်။ အဲဒါ ဒီတောပုန်းတွေ ခိုးဝှက်လို့ရတဲ့ ရတနာပစ္စည်းမျိုးစုံကို လာလျှို့ဝှက်စုဆောင်းထားတဲ့နေရာ ဖြစ်နေတာကိုး။ တောပုန်းတွေဟာ ဂူထဲကို တန်းစီဝင်သွားကြတယ်။ သူတို့အထဲရောက်တာနဲ့ လျှို့ဝှက်တံခါးပေါက်ကြီးလည်း ပြန်ပိတ်သွားတယ်။ အလီဘာဘာကတော့ ချုံပုတ်ထဲကပဲ စောင့်ကြည့်နေတယ်။ အတော်ကြာတော့ တောပုန်းတွေဟာ ဂူထဲက အားလုံးပြန်ထွက်လာကြပြီး မြင်းကိုယ်စီ စီးပြီး အဲဒီနေရာကို စွန့်ခွာသွားကြတယ်။

ဒီတော့မှ အလီဘာဘာဟာ ချုံထဲက ထွက်လာတယ်။ သူဟာ လျှို့ဝှက်ကျောက်တံခါးကြီးရှေ့မှာ ရပ်ပြီး တောပုန်းခေါင်းဆောင် အော်ခဲ့သလို တုပအော်ဟစ်လိုက်ပါတယ်။

"ဥုံ… ဖွင့်လော့ တံခါး

တံခါးဖွင့်လော့… ဥုံ"

သူ့စကားဆုံးတာနဲ့ သူ့ရှေ့က ဂူတံခါးကြီးဟာ တရွေ့ရွေ့ ပွင့်ဟသွားခဲ့တယ်။ သူ ဂူထဲကို ဝင်သွားတော့ အထဲမှာ မြင်ရတာတွေက ကိုယ့်မျက်စိကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်နေတယ်။ ရွှေနဲ့ ပြုလုပ်ထားတဲ့ ရွှေထည်ပစ္စည်းတွေ၊ ရွှေဒင်္ဂါးပြားတွေ၊ ကျောက်မျက် ရတနာ လက်ဝတ်တန်ဆာတွေ၊ အဖိုးတန်ပစ္စည်းတွေဟာ ထောင်ပုံရာပုံ ဖြစ်နေတယ်။ အဲဒီ ရတနာပစ္စည်းတွေကို မြင်ရတာတောင် မျက်စိကျိန်းလောက်အောင်ပါပဲ။ သူ အသက်ရှူဖို့ တောင် မေ့လျော့ပြီး ငေးမောကြည့်နေမိတုန်း သူ့နောက်ကျောဘက်က တံခါးကြီးဟာ တဂျိမ်းဂျိမ်း မြည်ပြီး ပြန်ပိတ်သွားပါတော့တယ်။

အလီဘာဘာ ဒီဂူထဲက ပြန်ထွက်နိုင်မလား။

ဒီရတနာတွေကို သူရမှာလား ဆိုတာလေးတွေကို နောက်နေ့မှပဲ ဆက်နားထောင်တော့ကွယ်၊ ဟုတ်လား။

❑

# ဖေဖော်ဝါရီ ၂

## အလီဘာဘာနှင့် ခိုးသားလေးဆယ်

အလီဘာဘာက ဒီရတနာတွေကို မြင်ပြီး သူ ဒီတစ်သက်တော့ မဆင်းရဲတော့ဘူးလို့ တွေးလိုက်တယ်။ သူ့အနေနဲ့ အချိန်ဖြုန်းနေလို့မဖြစ်ဘူးဆိုတာ သိတော့ ရတနာပုံထဲက အဖိုးအထိုက်ဆုံးပစ္စည်းတွေကို တစ်ပွေ့နိုင်သလောက် သယ်တယ်။ တံခါးမကြီးနားမှာ ရပ်ပြီး အဝင်တုန်းက ဂါထာကိုပဲ ရွတ်လိုက်တော့ တံခါးက ပြန်ပွင့်သွားတယ်။

သူက သူယူလာတဲ့ ရတနာတွေကို ထင်းစည်းတွေထဲမှာ မြှုပ်ဝှက်ပြီး စည်းနှောင်လိုက်တယ်။ ပြီးတော့ သူ့ဝန်တင်လားလေးရဲ့ ကျောကုန်းပေါ်တင်ပြီးတော့ အိမ်ကို အမြန်ဆုံးပြန်လာခဲ့တယ်။ သူ့နောက်က ကျောက်ဂူတံခါးကြီးကတော့ ပိတ်ကျန်ခဲ့တာပေါ့လေ။

အိမ်ပြန်ရောက်လို့ သူ ယူလာတာတွေကို သူ့မိန်းမကိုပြတော့ သူ့မိန်းမဟာ မယုံကြည်နိုင်လောက်အောင် ဖြစ်နေတာကိုး။ သူ့တစ်သက်မှာ ဒီလောက် များပြားတဲ့ ရွှေတွေငွေတွေကို မြင်မှမမြင်ဖူးခဲ့ပဲကိုး။ ချက်ချင်းပဲ သူဟာ သူ့ခဲအိုကာဆင်ရဲ့အိမ်ကို ပြေးသွားတယ်။ (ခဲအို ဆိုတာ သူ့ယောက်ျားရဲ့အစ်ကိုကို ခေါ်တာကွဲ့) ကာဆင်တို့အိမ်ရောက်တော့ တွေ့ရတဲ့ ကာဆင်ရဲ့ မိန်းမဆီမှာ ပြည်တောင်း ခဏပေးပါလို့ ငှားတယ်။

ကာဆင်ရဲ့မိန်းမက ဒီလို စဉ်းစားတယ်။ အလီဘာဘာတို့ လင်မယားဟာ ဆန်ကိုပြည်(ပြီ) နဲ့ ခြင်တွယ်ပြီး ဝယ်စားနိုင်တဲ့သူတွေ မဟုတ်ဘူး။ ပြည်တောင်းကို ဘာတွေခြင်တွယ်ဖို့ လာငှားတယ်ဆိုတာ သိရအောင်လုပ်မယ် ဆိုပြီး ငှားလိုက်တဲ့ ပြည်တောင်းရဲ့အောက်ခြေမှာ ပျားရည်တွေ သုတ်လူးပေးလိုက်တယ်။

အလီဘာဘာရလာတဲ့ ရတနာတွေက များလွန်းတော့ တစ်ခုချင်း မရေနိုင်ဘူး။ ပြည်တောင်းနဲ့ ခြင်တွယ် ရေတွက်ရတယ်တဲ့။ ဒီလိုနဲ့ အလီဘာဘာရဲ့ မိန်းမက ပြည်တောင်းကို သွားပြန်ပေးလိုက်တယ်။ ကာဆင်ရဲ့မိန်းမက ပြည်တောင်းကို စစ်ဆေးကြည့်တော့ ပြည်တောင်းအောက်ခြေမှာ ပျားရည်ကြောင့် ကပ်ပြီးပါလာတဲ့ ရွှေဒင်္ဂါးလေးတစ်ပြားကို တွေ့သွားတာပေါ့လေ။ ကာဆင့်မိန်းမက ဒီအကြောင်း ကာဆင့်ကို ပြောပြလိုက်တယ်။



အဲဒီအကြောင်းလည်း သိရရော ကာဆင်ဟာ ချက်ချင်းပဲ အလီဘာဘာရဲ့အိမ် ရောက်အောင်သွားပြီး အကြောင်းစုံသိရအောင် အတင်းအဓမ္မ မေးတော့တာပါပဲ။ နောက်ဆုံးတော့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ အလီဘာဘာဟာ သူ ဘယ်လိုရတနာတွေ ရလာခဲ့တယ် ဆိုတာ ကာဆင်ကို ပြောပြလိုက်ပါတော့တယ်။

ရတနာတွေရှိတဲ့ လျှို့ဝှက်ဂူကြီးရဲ့ နေရာကိုရော၊ ဂူတံခါးပွင့်အောင် ရွတ်ရတဲ့ မန္တန်ကိုရော ပြောပြလိုက်တယ်။ လောဘကြီးတဲ့ ကာဆင်ဟာ ချက်ချင်းပဲ အိမ်ပြန်လာ။ မြင်းတစ်ကောင်ကို ယူပြီး အလီဘာဘာ ညွှန်ပြလိုက်တဲ့ ဂူကြီးဆီကို ခရီးထွက်ခဲ့တယ်။ ဂူကြီးလည်း တွေ့ရော ဂူဝမှာရပ်ပြီး-

"ဦ... ဖွင့်လော့တံခါး
တံခါးဖွင့်လော့... ဦ"

လို့ ရေရွတ်လိုက်တယ်။ ဒီတော့ တံခါးကြီးလည်း ပွင့်သွားတာပေါ့။ အထဲရောက်သွားတဲ့ ကာဆင်ဟာ သူ့တစ်သက် ဘယ်တုန်းကမှ မမြင်ခဲ့ဖူးတဲ့ ရွှေငွေရတနာတွေကို အစုလိုက်အပုံလိုက် မြင်လိုက်ရတော့ သိပ်ပြီး အံ့ဩဝမ်းသာသွားတယ်။ သူဟာ သူသယ်နိုင်သလောက် ရတနာတွေကိုယူပြီး ဂူကြီးက အမြန်ဆုံး ထွက်ခွာသွားဖို့ ကိစ္စကိုလည်း မေ့လျော့သွားတယ်။ သတိလက်လွှတ်ဖြစ်ပြီး ရတနာတွေနဲ့ ဆော့ကစားနေလိုက်တာ အချိန်တွေကုန်မှန်းမသိ ကုန်ကုန်တယ်။ လောဘဇောတွေ ကပ်ပြီး ဆင်ခြင်ဉာဏ်လည်း ပျောက်နေပြီ။ ပတ်ဝန်းကျင် ကိုရော၊ ကမ္ဘာကြီးကိုရော မေ့လျော့နေလိုက်တာ ဂူထဲကို ခိုးသားလေးဆယ် ပြန်ရောက်လာတဲ့ အထိပဲတဲ့။ ခိုးသားလေးဆယ်ဟာ သူတို့ဂူထဲရောက်နေတဲ့ ကာဆင်ကိုလည်း မြင်ရော စိတ်ဆိုးဆိုးနဲ့ သတ်ပစ်လိုက်တော့တယ်တဲ့။ လောဘဆိုတာ အင်မတန် ကြောက်စရာကောင်းတဲ့ အရာလို့ ကလေးတို့လည်း သိထားပြီး သတိတရားနဲ့ ဆင်ခြင်ကြနော်။

❑

# ဖေဖော်ဝါရီ ၃

## အလီဘာဘာနှင့် ခိုးသားလေးဆယ်

အချိန်တန်တဲ့အထိ ကာဆင်ဟာ သူ့အိမ်ကို ပြန်ရောက်မလာတဲ့အခါ သူ့မိန်းမက အလီဘာဘာဆီ အကူအညီ လာတောင်းတယ်။ ဒါနဲ့ အလီဘာဘာလည်း မြင်းတစ်စီးနဲ့ မြို့ပြင် ကျောက်ဂူကြီးဆီ ထွက်လာခဲ့ရပြန်ရောတဲ့။ ဂူထဲဝင်ကြည့်တော့ ခိုးသားတွေသတ်လို့ သေနေတဲ့ သူ့အစ်ကို ကာဆင်ရဲ့အလောင်းကို တွေ့ရတယ်။ အလီဘာဘာလည်း သူ့အစ်ကို ရဲ့အလောင်းကို မြင်းပေါ်တင်ပြီး ပြန်ယူလာခဲ့တယ်။ မြို့ပြန်ရောက်တော့လည်း မိသားစု ထုံးတမ်းစဉ်လာနဲ့အညီ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်လိုက်တယ်။

သူတို့ရတနာတွေထားတဲ့ ဂူကြီးဆီကို နောက်တစ်ကြိမ် ပြန်ရောက်လာတဲ့ ခိုးသား တောပုန်းတွေဟာ ကာဆင်ရဲ့ အလောင်းလည်း ပျောက်နေပြီး ခြေရာလက်ရာ ပျက်နေတာ မြင်ရတော့ မသင်္ကာဖြစ်သွားတယ်။ သူတို့ရဲ့ လျှို့ဝှက်ချက်ကို တစ်ယောက်ယောက်တော့ ရိပ်မိသွားပြီလို့ သဘောပေါက်သွားကြတယ်။ ဒါနဲ့ ခေါင်းဆောင်လုပ်တဲ့သူက သူ့နောက်လိုက် ခိုးသားတွေထဲက လူယုံတစ်ယောက်ကို သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို သိနေတဲ့သူကို မြို့ထဲမှာ ရအောင် သွားစုံစမ်းပြီး အဲဒီလူကို ဒီဂူဆီ ခေါ်လာခဲ့ဖို့ အမိန့်ပေးလိုက်တယ်။ အဲဒီလူယုံဟာ မြို့ထဲက လူစည်ကားတဲ့ ဈေးတန်းကိုသွားပြီး လိုက်မေးမြန်းစုံစမ်းတယ်။ နောက်ဆုံးတော့ အဲဒီလူယုံဟာ သူ သိချင်တာတွေကို သိခွင့်ရသွားတယ်။ အင်မတန်ဆင်းရဲတဲ့ အလီဘာဘာတို့ မိသားစုဟာ ရုတ်တရက် မထင်မှတ်လောက်အောင် ချမ်းသာလာကြောင်း၊ တစ်လောကပဲ အလီဘာဘာဟာ မြို့ပြင်တစ်နေရာက သူ့အစ်ကိုရဲ့အလောင်းကို ပြန်သယ် လာပြီး သင်္ဂြိုဟ်ခဲ့တဲ့ အကြောင်းတွေပေါ့။

လူယုံဟာ အလီဘာဘာရဲ့အိမ်ကို သိရအောင် စုံစမ်းပြီး အဲဒီအိမ်ရဲ့ တံခါးမကြီးပေါ် မှာ မြေဖြူနဲ့ ကြက်ခြေခတ်ရေးပြီး မှတ်သားထားခဲ့တယ်။ ညကျမှ အပေါင်းအဖော်တွေနဲ့ လာပြီး အလီဘာဘာကို ဖမ်းမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့လေ။ အလီဘာဘာရဲ့ အိမ်မှာ သစ္စာလည်းရှိ၊ ဉာဏ်လည်းကောင်းတဲ့ အစေခံမလေးတစ်ယောက် ရှိတယ်။ သူ့နာမည်က

ဂျီနှာတဲ့။ ဂျီနှာဟာ သူတို့အိမ်တံခါးပေါ်က မြေဖြူနဲ့ရေးထားတဲ့ ကြက်ခြေခတ်ကိုတွေ့တော့ သကာမကင်း ဖြစ်သွားတယ်။ အဲဒါနဲ့ အဲဒီလမ်းထဲမှာရှိတဲ့ အိမ်တွေရဲ့ တံခါးမကြီးတွေမှာ မြေဖြူနဲ့ ကြက်ခြေခတ်ရာတွေကို ဂျီနှာက လိုက်ရေးထားလိုက်တယ်။

ညကျတော့ ခိုးသားတွေနဲ့ ခေါင်းဆောင်ဟာ အဲဒီနေရာကို ရောက်လာကြတယ်။ လူယုံက သူ အလီဘာဘာရဲ့အိမ်ကို အမှတ်အသား လုပ်ခဲ့တယ်လို့ ပြောတော့ လွယ်လွယ်ရှာတွေ့မယ်လို့ ထင်ခဲ့ကြတယ်။ အခု ဒီရောက်တော့ အထင်နဲ့အမြင် လွဲနေတယ်။ ဒီလမ်းတစ်လမ်းလုံးက အိမ်တံခါးတွေပေါ်မှာ မြေဖြူကြက်ခြေခတ်ရာတွေကို တွေ့နေရတော့ ဘယ်ဟာ အလီဘာဘာရဲ့အိမ် ဆိုတာ ရွေးလို့ မရတော့ဘူး ဖြစ်နေတာပေါ့။ ခေါင်းဆောင်လုပ်တဲ့သူဟာ အလီဘာဘာကို မဖမ်းနိုင်ဘဲ ဒေါပွပြီးတော့ သူ့ရဲ့လူယုံကို သတ်ပစ်လိုက်တယ်။ အင်မတန် ဉာဏ်ကောင်းပြီး အမြော်အမြင်ရှိတဲ့ ကောင်မလေးက သူ့သခင် အလီဘာဘာရဲ့ အသက်ကို ကယ်လိုက်တာပဲ နော်။ နောက်တစ်ကြိမ် ခိုးသားခေါင်းဆောင်ဟာ ဘယ်လိုကြံတယ် ဆိုတာနဲ့ သူတို့ ဘယ်လို ပျက်စီးသွားတယ်ဆိုတာ မနက်ဖြန်မှပဲ ဆက်နားထောင်ကြတော့နော်။



❑



ပေဖော်ဝါရီ ၄

## အလီဘာဘာနှင့် ခိုးသားလေးဆယ်

ဒီတစ်ခါတော့ ခိုးသားခေါင်းဆောင်ဟာ အလီဘာဘာရဲ့အိမ်ကို သူကိုယ်တိုင် တွေ့အောင် ရှာဖွေတယ်။ ပြီးတော့မှ သူ့လူတွေရှိတဲ့ ဂူကို ပြန်လာခဲ့တယ်။ သူက သူ့အကြံ အစည်ကို ပြောပြတယ်။

သူက နွားဝကို သားရေဖုံးအုပ်ထားတဲ့ စည်ကြီးလေးဆယ်ကို ရှာခိုးတယ်။ စည်တစ်လုံး ထဲမှာပဲ ဆီတွေ အပြည့်ထည့်ပြီး ကျန်တဲ့ စည်ကြီး သုံးဆယ့်ကိုးလုံးထဲမှာတော့ သူ့ရဲ့ ကျန်နေ တဲ့ ခိုးသားသုံးဆယ့်ကိုးယောက်ကို ဝင်ပုန်းခိုင်းနေလိုက်တယ်။ သူက တစ်နယ်တစ်ကျေးက ဆီကုန်သည်ယောင်ဆောင်ပြီး မြို့ထဲကို သွားမယ်။ မြို့ထဲရောက်ရင် အလီဘာဘာရဲ့ အိမ်မှာ တည်းခွင့်ရအောင် ကြံမယ်။ ညကျလို့ သူ အချက်ပေးရင် ပုန်းနေတဲ့ စည်ကြီးတွေထဲက ထွက်ပြီး အလီဘာဘာနဲ့ သူ့အိမ်သားတွေကို သတ်ဖြတ်ကြမယ် ဆိုတဲ့ အစီအစဉ်ကိုလည်း ပြောပြထားလိုက်တယ်။

အဲဒီအကြံအစည်နဲ့ ခေါင်းဆောင်လုပ်တဲ့သူဟာ စည်ကြီးတွေကို မြင်းရထားတွေပေါ် တင်ပြီး အလီဘာဘာရဲ့အိမ်ကို ရောက်လာတယ်။ ဆီ တကယ်ထည့်ထားတဲ့ စည်ကို ဖွင့်ပြရင်း ဆီကုန်သည်ဖြစ်ကြောင်း ယုံအောင်ပြောပြီး အိမ်မှာ တစ်ညအိပ်ခွင့် တောင်းတယ်။ သဘောကောင်းတဲ့ အလီဘာဘာကလည်း ခွင့်ပြုလိုက်တာပေါ့။ ညကျတော့ အလီဘာဘာ ဟာ အဲဒီ ခိုးသားလေးဆယ်ခေါင်းဆောင်နဲ့ စကားထိုင်ပြောနေတယ်။

သူတို့ မီးဖိုခန်းထဲမှာ ထွန်းထားတဲ့ မီးအိမ်ဟာ မီးရောင်မှိန်လာတော့ အိမ်စေမလေး ဂျိန္နာက ဆီထပ်ဖြည့်မလို့ လုပ်တယ်။ သူက ညနေကမှ ရောက်လာတဲ့ ဆီအိုးကြီးတွေကို တစ်ပြိုင်နက်တည်း သတိရသွားတယ်။ အဲဒီတော့ အိုးတစ်အိုးထဲက ဆီကို ခပ်မယ်လို့ အိုးတွေ ထားတဲ့ အခန်းဆီ ရောက်သွားတယ်။



အိုးထဲမှာ ပုန်းနေတဲ့ ခိုးသားတွေဟာ သူတို့နား ရောက်လာတဲ့ ခြေသံကို ကြားတော့ အိမ်စေမလေးမှန်း မသိဘဲ သူတို့ ခေါင်းဆောင်လို့ပဲ ထင်တယ်။ ဒီတော့ လေသံနဲ့ တိုးတိုးလေး မေးကြတယ်။

"ဆရာရေ၊ အချိန်ကျပြီလား"

တဲ့။

အဲဒီအသံကို ကြားတော့ အစေခံမလေးဟာ သံသယဝင်သွားတယ်။ ဒီအိုးကြီးတွေဟာ သူတို့ကို ဒုက္ခပေးမယ့် ထောင်ချောက်တွေဆိုတာ သိသွားတယ်။ ဒီတော့ အသံဖျက်ပြီး "အချိန်မကျသေးဘူးဟေ့" လို့ ပြောလိုက်တယ်။ ပြီးတော့ ဆီအပြည့်နဲ့ အိုးကို တွေ့အောင်ရှာတယ်။ တွေ့တော့ အဲဒီထဲက ဆီတွေကို ခပ်ယူပြီး ဒယ်အိုးကြီးတစ်လုံးထဲမှာ ချက်တယ်။



ဆီတွေ ကျက်ကျက်ဆူတော့မှ အဲဒီဆီတွေကို ခပ်ပြီး အိုးတစ်အိုးချင်း လိုက်လောင်းထည့်လိုက်တယ်။ အထဲက ခိုးသားတွေလည်း အပူလောင်ပြီး သေကုန်ကြတာပေါ့။ ဒီတော့မှ အစေခံမလေးဟာ နန်းတော်က စစ်သားတွေကို သွားအကြောင်းကြားတယ်။ ပြီးတော့ ဆီကုန်သည်ယောင်ဆောင်ထားတဲ့ ခိုးသားလေးဆယ် ခေါင်းဆောင်ကြီးကိုလည်း ဖမ်းလိုက်တာပေါ့။ သစ္စာရှိပြီး ဉာဏ်ကောင်းတဲ့ အစေခံမလေးကြောင့် အလီဘာဘာတို့ မိသားစုလည်း အသက်ဘေးက လွတ်သွားတယ်။ နောက်လည်း ဒုက္ခမတွေ့တော့ဘဲ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားကြတယ်တဲ့ကွယ်။

* *Ali Baba and the Forty Thieves*

❑

ဖေဖော်ဝါရီ ၅

## မှော်အိုးကလေး

တစ်ခါတုန်းက ရွာကလေးတစ်ရွာမှာ သူဆင်းရဲ သားအမိနှစ်ယောက် ရှိတယ်တဲ့။ တစ်နေ့တော့ သမီးလုပ်တဲ့ မိန်းကလေးဟာ အလေ့ကျပေါက်နေတဲ့ စတော်ဘယ်ရီသီးလေးတွေကို ခူးဖို့ တောထဲကို ဝင်လာခဲ့တယ်တဲ့။ သူဟာ တောထဲမှာ အရုပ်ဆိုးဆိုးပိန်ပိန် အဘွားကြီးတစ်ဦးကို တွေ့တယ်တဲ့။ အဘွားကြီးက တုန်တုန်ယင်ယင် အသံနဲ့ "မိန်းကလေးရယ် စားစရာပေါင်မုန့်ကလေးများပါရင် တစ်ဖဲ့လောက် ကျွေးပါ။ ကျုပ်မှာ ဆာလွန်းလို့ မတ်တတ်က လဲတော့မယ့် အခြေအနေကို ရောက်နေပါပြီ"လို့ ပြောတယ်။

ကြင်နာသနားတတ်တဲ့ မိန်းကလေးဟာ သူ ဆာလောင်ရင် နေ့လယ်စားဖို့ သူ့အမေပေးလိုက်တဲ့ ပေါင်မုန့်ကြမ်းတွေ အဘွားကြီးကို စေတနာဗရပွနဲ့ ကျွေးလိုက်တယ်တဲ့။

စားလည်းပြီးရော အဘွားကြီးက-

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ ကြင်နာတတ်တဲ့ သမီးကို အဘွားက လက်ဆောင်ပြန်ပေးမယ်" ဆိုပြီး အိုးကလေးတစ်လုံး ထုတ်ပေးတယ်။ နောက်တော့ ပြောသေးတယ်။

"ဒီအိုးက သာမန်အိုး မဟုတ်ဘူး သမီးရဲ့၊ မှော်အိုးကလေး။ သမီးက အိုးကလေးရေ ဆန်ပြုတ်ချက်ပေးစမ်းပါလို့ ပြောလိုက်ရင် သမီး လိုသလောက် အလိုလို ချက်ပေးလိမ့်မယ်" လို့ ပြောတယ်တဲ့။ မိန်းကလေးဟာ ကျေးဇူးတင်စကားပြောပြီး ယူခဲ့တယ်။

အိမ်ရောက်တော့ အဘွားကြီး ပြောသလို ခိုင်းလိုက်တယ်။ အိုးကလေးကလည်း အလိုအလျောက် ချက်ပြုတ်ပေးတယ်။ ဒီအိုးတစ်လုံးက ဆန်ပြုတ်ဆိုရင် သူနဲ့ သူ့အမေနဲ့ စားလို့တောင် မကုန်ဘူးတဲ့။ အဲဒီနေ့ကစပြီး သူတို့သားအမိဟာ စားရေးသောက်ရေးအတွက် ပူပန်ရတဲ့ဒုက္ခက ကင်းသွားတော့တယ်။

တစ်နေ့တော့ သမီးလုပ်တဲ့သူဟာ အပြင်ကို ကိစ္စတစ်ခုနဲ့ သွားနေတယ်။ အချိန်နဲ့ ပြန်ရောက်မလာဘူး။ သူ့အမေလုပ်တဲ့သူကလည်း ဆာလောင်နေပြီ။ ဒါနဲ့ အိုးကလေးကို

မီးဖိုပေါ် ယူလာပြီး တင်လိုက်တယ်။ အိုးထဲက ဆန်ပြုတ်တွေဟာ ပူပူနွေးနွေး အကောင်း အတိုင်း ရှိသေးတယ်။ ဒါပေမဲ့ အမေလုပ်တဲ့သူက-

"အိုးကလေးရေ၊ ဆန်ပြုတ်ချက်ပေး စမ်းပါ" လို့ ပြောလိုက်တယ်။

အဲဒီတော့ အိုးကလေးကလည်း ချက်ပြီး ရင်း ချက်တော့တယ်။ အိုးထဲက ဆန်ပြုတ်တွေ အိုးပြည့်လို့ မီးဖိုဆောင် ကြမ်းပြင်ပေါ် လျှံကျ လာတာလည်း မရပ်ဘူး။ အမေလုပ်တဲ့သူ ဟာ အိုးကလေးကို ရပ်ဖို့ အမိန့်ပေးရမယ့် စကားကို မေ့နေတယ်။ သူဟာ ကြမ်းပြင် ပေါ်က ဆန်ပြုတ်တွေကို သုတ်ပစ်ပေ မယ့်လည်း မရဘူး။ ဆန်ပြုတ် တွေဟာ ဧည့်ခန်းထဲ ရောက် လာတယ်။



ဧည့်ခန်းထဲကနေ ပြတင်းပေါက်က လျှံကျပြီး ပန်းခြံထဲ ရောက်သွားတယ်။ အဲဒီကမှ တစ်ဆင့် ကျေးရွာလယ်ကွင်းတွေထဲကို စီးသွားပြန်ရော။

အဲဒီတော့မှ မိန်းကလေးလည်း အိမ်ကို ပြန်ရောက်လာတယ်။ ပြီးတော့ "အိုးကလေး ရေ တော်လောက်ပါပြီကွယ်" လို့ ပြောလိုက်တယ်။ အိုးကလေးကလည်း ဆန်ပြုတ်ချက်နေ တာကို ရပ်သွားတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဆန်ပြုတ်တွေက ကျေးရွာလယ်ကွင်းတစ်ခုလုံး ဖုံးလွှမ်းနေပြီ။ လယ်သမားတွေနဲ့ လယ်ထွန်တဲ့နွားတွေ ဘယ်လိုမှ ထွန်လို့ မရနိုင်တော့ဘူး တဲ့။ လူတစ်ယောက် ဆင်ခြင်ဉာဏ်ကင်းမဲ့ရင် လူအများ ပျက်စီးတတ်တယ်ဆိုတာ အသိပေး တဲ့ သင်ခန်းစာယူစရာ ပုံပြင်ကလေးပေါ့ကွယ်။

* *(The Magic Pot)*

❑

## ဖေဖော်ဝါရီ ၆

### မပန်းဝါကလေး

ရှေးရှေးတုန်းကပေါ့ကွယ်၊ ရွာကလေးတစ်ရွာမှာ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ရပေမယ့် ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်။ သူ့မိဘတွေလည်း မရှိတော့ သူတစ်ယောက်တည်း နေရရှာတယ်။ သူ့မှာ အဖော်ဆိုလို့ သီချင်းဆိုတဲ့ ငှက်ကလေးတစ်ကောင်ပဲ ရှိတယ်။ သူဟာ ဆင်းရဲပေမယ့် ရုပ်ကလေးကတော့ သိပ်ချောသိပ်လှတာပဲတဲ့။ သူ့အသားကလေးကလည်း ဝင်းဝင်းဝါဝါ၊ သူလှတာကလည်း ပွင့်သစ်စပန်းကလေးနဲ့ တူတော့ သူ့ကို အားလုံးက မပန်းဝါလို့ပဲ ခေါ်ကြတယ်။

မပန်းဝါလေးဟာ လှပေမယ့် ရှက်တတ်တယ်။ ဒါကြောင့် အပြင်ထွက်တဲ့အခါ သူ့မျက်နှာကို လူတွေ မမြင်ရအောင် ခေါင်းစည်းပဝါလေးနဲ့ ကွယ်ဝှက်ပြီး သွားလေ့ ရှိတယ်။ တစ်နေ့တော့ ဘုရင်ကြီးရဲ့သားတော် မင်းသားလေးဟာ မြို့ထဲက ဈေးတစ်နေရာမှာ မပန်းဝါလေးကို တွေ့သွားတယ်။ သူက ဘေးက လူတွေကို-

"ဒီကောင်မလေးဟာ သူ့မျက်နှာကို မမြင်ရအောင် ဘာကြောင့် ခြုံပဝါနဲ့ ကွယ်ထားရတာလဲ" လို့ မေးတယ်။ လူတွေက-

"ဒီမိန်းကလေးဟာ အင်မတန်ချောပါတယ် အရှင့်မင်းသား၊ ဒါပေမဲ့ သိပ်လည်း ရှက်တတ်ပါတယ်။ ဒါကြောင့် ခုလို ဖုံးကွယ်သွားလာနေတာပါ" လို့ ပြန်ဖြေကြတယ်။

ဒီစကားတွေကြားတော့ မင်းသားလေးဟာ မပန်းဝါလေးရဲ့ အဖုံးအကွယ်မရှိတဲ့ ပင်ကိုမျက်နှာကို သိပ်တွေ့ချင်သွားတယ်။ အဲဒီစိတ်ဟာ ဘယ်လိုမှ မျိုသိပ်လို့ မရတော့ဘူး။ အဲဒါနဲ့ သူ့ကျေးကျွန်တစ်ယောက်ကို ရွှေလက်စွပ်ကလေးတစ်ကွင်းပေးပြီး မပန်းဝါလေးရဲ့ တဲဆီ လွှတ်လိုက်တယ်။

"ဒီလက်စွပ်ကို မင်းသားလေးဟာ လက်ဆောင် ပေးလိုက်ပါတယ်။ မပန်းဝါလေးနဲ့လည်း တွေ့ချင်ပါတယ်။ ဝက်သစ်ချပင်အိုကြီးရဲ့အောက်ကို ဘယ်အချိန်ရောက်အောင်

လာခဲ့ပါ'' လို့လည်း စကားလက်ဆောင် ပါးလိုက်တယ်။ မင်းသားလေးရဲ့အမိန့် ဆိုတော့ မပန်းဝါလေးလည်း မငြင်းပယ်ရဲဘူး။

ချိန်းထားတဲ့အချိန် ဝက်သစ်ချပင်အိုကြီးရဲ့အောက်မှာ သွားစောင့်နေခဲ့တယ်။ မင်းသားလေးဟာ မပန်းဝါလေးရဲ့ မျက်နှာကို မြင်တာနဲ့ တန်းတန်းစွဲ ချစ်ခင်သွားတော့တယ်။ သူက စဉ်းစားမနေတော့ဘဲ သူ့စံအိမ်တော်ကို တစ်ခါတည်း လိုက်ခဲ့ဖို့ ခေါ်တယ်။ ဟိုရောက်ရင် မပန်းဝါလေးကို လက်ထပ်ယူမယ်လို့လည်း ပြောတယ်။ မပန်းဝါလေးက ငြင်းပါတယ်။

''ကျွန်မဟာ သိပ်ဆင်းရဲတဲ့ မိန်းကလေး ဖြစ်ပါတယ်။ အရှင့်သားရဲ့ သတို့သမီး အဖြစ် ကျွန်မကိုသာ ရွေးတယ်ဆိုတာ သိရရင် အရှင့်ဖခင် ဘုရင်မင်းမြတ်ဟာ အကြီးအကျယ် ဒေါသဖြစ်ပါလိမ့်မယ်။ ကျွန်မကို စဉ်းစားဖို့ ရက်နည်းနည်းလောက် အချိန်ပေးပါ'' လို့ တောင်းပန်တယ်။ မတတ်သာတော့ မင်းသားလေးလည်း သဘောတူလိုက်ရတော့တယ်။

မကြာခင်ရက်မှာပဲ မင်းသားလေးဟာ သူ့ကျေးကျွန်တစ်ဦးကို မပန်းဝါလေးဆီ လွှတ်လိုက်ပြန်တယ်။ ငွေရောင်ဖိနပ်ကလေးတစ်ရန်ကို လက်ဆောင်ပေးရင်း သူနဲ့ အရင်ဆုံခဲ့တဲ့ ဝက်သစ်ချပင်အိုကြီးရဲ့အောက်မှာ တွေ့ကြဖို့ ချိန်းခိုင်းလိုက်ပြန်တယ်။ မပန်းဝါလေးလည်း သွားတွေ့ရပြန်တယ်။ မင်းသားလေးကလည်း မဖြစ်နိုင်မှန်း သိရက်နဲ့ မပန်းဝါလေးကို သူနဲ့ လက်ထပ်ဖို့ တိုက်တွန်းပြန်ပါရော။ မပန်းဝါလေးကလည်း အရင်တစ်ခါလိုပဲ ငြင်းခဲ့တယ်။

နောက်ရက် သိပ်မကြာဘူး။ မင်းသားလေးဟာ သူ့ကျေးကျွန် တစ်ယောက်ကို မပန်းဝါလေးဆီ လွှတ်လိုက်ပြန်တယ်။ ဒီတစ်ခါတော့ ရွှေရောင်ဝတ်ရုံလေး လက်ဆောင်ပေးလိုက်ရင်း ဝက်သစ်ချပင်အိုကြီးရဲ့ အောက်မှာ ဆုံကြဖို့ ချိန်းပြန်တယ်။ မင်းသားလေးက ချိန်းပေမယ့် မပန်းဝါလေးက မသွားတော့ဘူးတဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ မင်းသားလေးရဲ့ ဖခင်ဘုရင်ကြီးကို ကြောက်လို့တဲ့ကွယ်။



* (Prinrose)

❑

# ဖေဖော်ဝါရီ ၇

## မပန်းဝါလေး

တစ်နေ့တော့ ဘုရင်ကြီးဟာ သူ့သားတော်မင်းသားလေး ဆင်းရဲသူမလေး တစ်ယောက်နဲ့ တိတ်တဆိတ် ချိန်းတွေ့နေကြတယ် ဆိုတဲ့ သတင်းကို သိသွားတော့တယ်။ ဘုရင်ကြီးဟာ အင်မတန် ဒေါသဖြစ်သွားတော့တာပေါ့။ သူ့သားတော်လေးကို ဂုဏ်ရည်တူ မိန်းကလေး တစ်ယောက်နဲ့ အမြန်ဆုံးလက်ထပ်ပေးမှ ဖြစ်တော့မယ်လို့လည်း တွေးလိုက်တယ်။ အဲဒါကြောင့် တိုင်းပြည်ချင်းနီးတဲ့ သူ့မိတ်ဆွေ ဘုရင်တစ်ပါးဆီကို သူ့သားတော်နဲ့ အဲဒီ ဘုရင်ကြီးရဲ့ သမီးတော်လေး လက်ထပ်ပေးဖို့ကိစ္စ ကမ်းလှမ်းလိုက်တယ်။

ပြီးတော့ သူ့စစ်သားတွေကိုခေါ်ပြီး အမိန့်ပေးတယ်။

"အဲဒီ သူဆင်းရဲကောင်မလေးရဲ့ အိမ်ကို မီးရှို့ဖျက်ဆီးလိုက်၊ ဒီကောင်မလေးလည်း တစ်ခါတည်း မီးထဲ ပါသွားပါစေ" လို့၊ စစ်သားတွေလည်း ဘုရင်ကြီးရဲ့ အမိန့်အတိုင်း ဆောင်ရွက်ဖို့ နန်းတော်က ထွက်ခွာသွားကြတယ်။

အဲဒီအချိန်မှာတော့ သူ့တဲကလေးထဲမှာ မပန်းဝါလေးဟာ အဝတ်ဟောင်းတွေကို ပြန်ချုပ်ရင်း တော်တော် အလုပ်ရှုပ်နေတယ်။ သူ့ဘေးမှာ ချထားတဲ့ ငှက်လှောင်အိမ်ကလေး ထဲမှာတော့ သူ့အဖော်ငှက်ကလေးက သီချင်းကလေးတွေ ဆိုလို့ပေါ့လေ။ အဲဒီအချိန်ကလေး မှာပဲ မီးတောက်မီးစတွေ ရုတ်တရက် သူမ ဘေးပတ်လည်နေရာအနှံ့ကို ကျလာတာ သိလိုက် ရတယ်။ ကြောက်လန့်တကြားနဲ့ အိမ်ပြင်ကို ထွက်ကြည့်လိုက်တော့ အိမ်ပတ်လည်မှာ ဘုရင့် စစ်သားတွေကိုလည်း မြင်လိုက်ရတယ်။

မပန်းဝါလေးဟာ သိပ်ကြောက်လန့် တုန်လှုပ်သွားတယ်။ အိမ်ထဲကို အမြန် ပြန်ဝင် ပြေးလာပြီး သူ့ငှက်လှောင်အိမ်လေးကို ယူရတယ်။ ပြီးတော့ ပြတင်းပေါက်က ခုန်ချပြီး ခြံထဲက ရေတွင်းပျက်ကြီးဆီ ရောက်အောင် ပြေးရတယ်။ ရောက်တော့ ရေတွင်းပျက်ကြီး ထဲမှာ တိတ်တိတ်ကလေး ပုန်းနေလိုက်ရတယ်။ သူ့တဲကလေး မီးလောင် ပြာကျသွားတော့ စစ်သားတွေလည်း မပန်းဝါလေး သေပြီထင်ပြီး ပြန်သွားကြတာပေါ့။

မပန်းဝါလေးကတော့ ရေတွင်းပျက်ကလေးထဲမှာပဲ ရက်အတော်ကြာအောင် ပုန်းနေခဲ့တယ်။ နေ့ရှိသရွေ့လည်း သူ ငိုနေရတယ်။ သူ့အိမ်ကလေး မီးလောင်သွားတာကို ဝမ်းလည်းနည်းသွားတယ်။ သူလည်း နေစရာ မရှိတော့ဘူးပေါ့။ သူချစ်နေတဲ့ မင်းသားလေးနဲ့ နောက်တစ်ခါ ပြန်ဆုံဖို့မလွယ်ဘူး ဆိုတာ တွေးမိတော့ မျက်လုံးအိမ်ထဲက မျက်ရည်စလေးတွေ ကြွေကျလာပြန်တယ်။



နောက်ဆုံးတော့ မပန်းဝါလေးဟာ သူ့စိတ်ကိုသူ ပြန်ထိန်းချုပ်နိုင်သွားတယ်။ သူ အကြံတစ်ခု ရလာတာနဲ့ သူ့ကိုယ်သူ ယောကျ်ားလေးတစ်ယောက်လို ဝတ်ဆင်လိုက်တယ်။ ပြီးတော့ နန်းတော်ကြီးဆီကို ရောက်အောင်လာပြီး နန်းတော်ထဲမှာ အလုပ်တစ်ခုခုရဖို့ သွားတောင်းတယ်။ ဘုရင်ကြီးက သားသားနားနားရှိတဲ့ သူ့ရုပ်ရည်ကို မြင်မြင်ချင်း သဘောကျသွားတယ်။ မင်းနာမည် ဘယ်သူလဲလို့ မေးတော့ မပန်းဝါလေးက "မောင်ကံဆိုး" ပါလို့ ဖြေလိုက်တယ်။

ဘုရင်ကြီးက "အင်း... မင်းနာမည်က တော်တော် မလှတာပဲ" လို့ ခေါင်း တဆတ်ဆတ်ညိတ်ရင်း ပြောတယ်။ "အင်းလေ... မင်း သီချင်းကောင်းကောင်းဆိုတတ်ရင်တော့ မင်းကို ငါ့လက်ပါးစေ မင်းလုလင် ခန့်မယ်" လို့လည်း ပြောတယ်။ မပန်းဝါလေးက သူ့ရဲ့ သီချင်းဆိုတတ်တဲ့ ငှက်ကလေးနဲ့အတူ အင်မတန် လှပပြီး အင်မတန် လွမ်းဆွတ်ကြေကွဲဖို့ကောင်းတဲ့ သီချင်းလေးတစ်ပုဒ်ကို ဆိုပြလိုက်တော့ ဘုရင်ကြီး စိတ်နှလုံး ထိခိုက်အောင် ခံစားလိုက်ရတယ်။



အဲဒါနဲ့ မပန်းဝါလေးကို ဘုရင်ကြီးဟာ သူ့အပါးမှာ အမြဲခစားရတဲ့ မင်းလုလင်လေး အဖြစ် ခန့်လိုက်တယ်။ မကြာမီအတွင်းမှာပဲ သူ့လက်ပါးစေ မင်းလုလင်လေး မောင်ကံဆိုးကို ဘုရင်ကြီးဟာ သူ့သားအရင်း တစ်ယောက်လိုပဲ ခင်တွယ်သံယောဇဉ် ရှိလာတော့တယ်တဲ့။

ကဲ... မောင်ကံဆိုးလို့ခေါ်တဲ့ မပန်းဝါလေးရဲ့ ကံကြမ္မာ ဘယ်လို ဖန်လာဦးမယ်ဆိုတာ မနက်ဖြန်ကျမှပဲ ဆက်နားထောင်တော့နော် ကလေးတို့။

❑

# ဖေဖော်ဝါရီ ၈

## မပန်းဝါကလေး

ပန်းဝါလေးတစ်ယောက် သူ့တဲလေးနဲ့အတူ မီးလောင် သေဆုံးသွားပြီ ဆိုတဲ့ သတင်းကို ကြားရတော့ မင်းသားလေးဟာ တော်တော်ပဲ စိတ်နှလုံး ထိခိုက်ကြေကွဲသွားတယ်။ ဘယ်လိုမှလည်း ဖြေလို့မရဘူး။ မပန်းဝါလေးကို သတိရတဲ့စိတ်နဲ့ မင်းသားလေး နေ့စဉ်နဲ့အမျှ တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာ မြင်ရတော့ ဘုရင်ကြီးက သားတော်လေးကို အမြန်ဆုံး လက်ထပ်ပေးစားဖို့ ဆုံးဖြတ်လိုက်တယ်။

သူ့မိတ်ဆွေ တစ်နိုင်ငံက ဘုရင်ကြီးဆီကို အထောက်တော်လွှတ် အကြောင်းကြားခိုင်းပြီး မကြာခင်မှာပဲ သူတို့လည်း အဲဒီနိုင်ငံကို မင်းခမ်းမင်းနားနဲ့ ထွက်ချီလာခဲ့တော့တယ်။ မင်းသားလေးနဲ့ ဘုရင်ကြီး စီးနင်းလိုက်ပါလာတဲ့ တော်ဝင်မြင်းရထားကြီးရဲ့ ဘေးမှာတော့ မောင်ကံဆိုးအသွင် ဝတ်ဆင်ထားတဲ့ မပန်းဝါလေးဟာ မြင်းတစ်ကောင်စီးပြီး လိုက်ပါလာပါတယ်။ သူဟာ သူ့အသည်းနှလုံးက ဖိတ်လျှံထွက်လာတဲ့အသံနဲ့ သီချင်းတစ်ပုဒ်ကို ဆိုတယ်။ အဲဒီသီချင်းဟာ မပန်းဝါလေးနဲ့ မင်းသားလေးတို့ ဝက်သစ်ချပင်အိုကြီးအောက်မှာ တွေ့ဆုံ ကြတဲ့အကြောင်းပဲ။

အဲဒီသီချင်းသံကို ကြားတော့ မင်းသားလေးက "အခု သီချင်းဆိုနေတာ ဘယ်သူလဲ" လို့ မေးတယ်။ ဘုရင်ကြီးက-

"ငါ့ရဲ့ မင်းလုလင်လေး မောင်ကံဆိုးပါ" လို့ ဖြေတယ်။ မင်းသားလေးက မသင်္ကာဘူး။ သေသေချာချာ ကြည့်လိုက်တော့ မောင်ကံဆိုးရဲ့လက်မှာ သူပေးခဲ့တဲ့ ရွှေလက်စွပ်ကလေး ဝတ်ထားတာကို သတိထားလိုက်မိပြီး ဒါဟာ သူချစ်တဲ့ မပန်းဝါလေးပဲ ဖြစ်ရမယ်လို့ ကောက်ချက်ချလိုက်တယ်။ သူက မပန်းဝါလေးကို ပြုံးပြလိုက်တယ်။ ဒါပေမဲ့ ဘာမှတော့ မပြောသေးဘူး။ သူ့အဖေ ဘုရင်ကြီး ရိပ်မိသွားမှာလည်း စိုးရိမ်တာကိုး။

ဒီလိုနဲ့ တစ်ဖက်နိုင်ငံက နန်းတော်ကို ရောက်သွားတယ်။ အိမ်ရှင်ဘုရင်ကြီးက သူတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံတယ်။ ညကျတော့ အေးအေးလူလူ တွေ့ဆုံကြရင်း

အိမ်ရှင် ဘုရင်ကြီးက "ကျုပ်တို့ စကားထာဖွက်ကြရင် ကောင်းမယ်" လို့ ပြောတယ်။ မင်းသားလေးဟာ မဆိုင်းမတွဘဲ "ကောင်းပါပြီ၊ ကျွန်တော် စဖွက်ပါရစေ" လို့ ဆိုပြီး ခုလို ပြောပြတယ်။

"ကျွန်တော်နေတဲ့ စံအိမ်တော်မှာ ရွှေသေတ္တာတစ်လုံး ရှိပါတယ်။ တစ်နေ့တော့ အဲဒီရွှေသေတ္တာကိုဖွင့်တဲ့သော့ ပျောက်သွားပါတယ်။ သူတို့က ကျွန်တော့်ကို သော့အသစ်တစ်ချောင်း ပေးမယ်လို့ ကတိပေးကြပါတယ်။ ဒါပေမဲ့ အခုတော့ ပျောက်နေတဲ့ ကျွန်တော့်သော့အဟောင်းကိုလည်း ပြန်တွေ့နေပါတယ်။ အဲဒီတော့ ကျွန်တော် ဘယ်သော့ကို ရွေးရမလဲ၊ အဟောင်းလား၊ အသစ်လား"

မင်းသားလေးရဲ့ ပုစ္ဆာစကားကို ကြားတော့ အိမ်ရှင်ဘုရင်ကြီးက-

"ဒါလား လွယ်လွယ်လေးပဲကွာ၊ သော့ဟောင်းကိုပဲ ရွေးရမှာပေါ့" လို့ ပြောလိုက်ပါတယ်။ ဘုရင်ကြီးရဲ့စကားလည်း ဆုံးရော မင်းသားလေးဟာ မပန်းဝါလေးရဲ့ လက်ကိုကိုင်ဆွဲပြီး ထရပ်လိုက်ပါတယ်။ ပြီးတော့ ဝမ်းသာအားရ လေသံနဲ့-

"မှန်ပါတယ် အရှင်မင်းမြတ်၊ ကျွန်တော်မျိုး စဉ်းစားရခက်နေတဲ့ ပြဿနာကို ပြေလည်အောင် အရှင်မင်းမြတ် ဖြေရှင်းပေးခဲ့ပါပြီ။ အရှင်မင်းမြတ်ရဲ့ အဆုံးအဖြတ်အတိုင်း ကျွန်တော်မျိုး လိုက်နာပါ့မယ်။ အရှင်မင်းမြတ်ရဲ့ သမီးတော်ကို ကျွန်တော်မျိုး လက်မထပ်နိုင်တော့ပါဘူး။ ဟောဒီမိန်းကလေးဟာ ကျွန်တော်မျိုး ပျောက်ဆုံးသွားတဲ့ သော့ကလေးပါပဲ။ အခု ပြန်တွေ့နေပါပြီ" လို့ ရဲရဲဝံ့ဝံ့ ပြန်ပြောလိုက်ပါတယ်။

လှပပြီး သနားစရာကောင်းတဲ့ မပန်းဝါလေးရဲ့ ဇာတ်ကြောင်းကို ကြားရတဲ့သူတိုင်းက သနားကုန်ကြတယ်။ အိမ်ရှင်ဘုရင်ကြီးလည်း စိတ်မဆိုးနိုင်တော့ဘူး။ မင်းသားလေးအဖေဘုရင်ကြီးကလည်း သူ သံယောဇဉ်ရှိနေတဲ့ မင်းလုလင်လေးဟာ မပန်းဝါလေး ဖြစ်နေတာကို သိရတော့ သူ့သားနဲ့ လက်ထပ်ဖို့ကိစ္စကို မကန့်ကွက်တော့ဘူး။



အိမ်ရှင်ဘုရင်ကြီးဟာ သူ့နိုင်ငံမှာပဲ မပန်းဝါလေးနဲ့ မင်းသားလေးရဲ့မင်္ဂလာဆောင်ကို ကြီးကြီးကျယ်ကျယ် ကျင်းပပေးခဲ့တယ်။ အဲဒီမင်္ဂလာပွဲ ပြီးတဲ့အခါမှာတော့ မင်းသားလေးဟာ သူ့စံအိမ်တော်သို့ ပျော်ရွှင်နေတဲ့ သူ့သတို့သမီးလေးနဲ့အတူ ချမ်းမြေ့စွာ ပြန်လာခဲ့ကြတယ်တဲ့ကွယ်။

❑

ဖေဖော်ဝါရီ ၉

## မှင်စာကလေးသုံးကောင်

ဟိုး… တစ်ခါတုန်းကတဲ့။

မုဆိုးဖိုတစ်ယောက်ဆီမှာ လှပတဲ့ သမီးလေးတစ်ယောက် ရှိတယ်တဲ့ (မုဆိုးဖိုဆိုတာ မိန်းမဆုံးသွားလို့ ကျန်ရစ်ခဲ့တဲ့ ယောကျ်ားကို ပြောတာကွဲ့)။ သူတို့အိမ်နဲ့ မလှမ်းမကမ်းမှာလည်း မုဆိုးမတစ်ယောက် နေထိုင်တယ်။ အဲဒီမုဆိုးမဆီမှာလည်း သမီးတစ်ယောက် ရှိတယ်။ အဲဒီ သမီးကတော့ အရုပ်လည်းဆိုး စိတ်ကောင်းလည်း မရှိတဲ့သူတဲ့။ သူတို့တွေဟာ ကံတူ အကျိုးပေးတွေ ဆိုတော့ ခင်မင်နေကြတယ်။ တစ်အိမ်နဲ့တစ်အိမ်လည်း ဝင်ထွက်သွားလာ လည်ပတ်လေ့ ရှိကြတယ်။

တစ်နေ့တော့ မုဆိုးမက သူ့အိမ်နီးနားချင်း မုဆိုးဖိုရဲ့သမီးကို ခုလို ပြောတယ်။

"တကယ်လို့ မင်းအဖေက ငါ့ကို သူ့ဇနီးအဖြစ်နဲ့ ယူမယ်ဆိုရင် မင်း ကန့်ကွက်စရာ စိတ်မကောင်းစရာ မရှိဘူး မဟုတ်လား။ အဲသလိုသာယူဖြစ်ရင် မင်းကို ငါ နေ့တိုင်း နွားနို့ တိုက်မယ်။ ထမင်းကောင်း ဟင်းကောင်းတွေလည်း ချက်ကျွေးမယ်။ မင်းကိုလည်း ငါ့သမီး အရင်းထက် ပိုပြီး ဂရုစိုက်စောင့်ရှောက်မယ်။ ဒီအကြောင်းတွေကို မင်းအဖေကို ဆက်ဆက် ပြောပြလိုက်နော်"

လို့ မှာတယ်။ မိန်းကလေးဟာလည်း အဲဒီမုဆိုးမပြောတဲ့အတိုင်း သူ့အဖေကို ပြန်ပြောလိုက်တာပေါ့။ သူ့အဖေက အဲဒီလို နောက်တစ်ကြိမ် လက်ထပ်ရမှာကို မနှစ်မြို့ဘူး။ အဲဒါကြောင့် "ဒီကိစ္စကို ဖေဖေလည်း မဆုံးဖြတ်ချင်ဘူး၊ ဒီတော့ ကံကြမ္မာရဲ့ အဆုံးအဖြတ်ကို ခံကြတာပေါ့" လို့ ပြောတယ်။ နောက်ဆုံးတော့ အကြံကောင်းတစ်ခု သူ ရသွားတယ်။ ဒါနဲ့ အဲဒီအကြံအတိုင်း ဆောင်ရွက်ရအောင် သူက ကျပ်ခိုးစင်ပေါ်မှာ တင်ထားတဲ့ သူ့ရဲ့ ရှူးဖိနပ်ဟောင်းကြီး တစ်ဖက်ကို ယူလိုက်တယ်။ ပြီးတော့ အဲဒီရှူးဖိနပ်အစုတ်ကြီးထဲကို ရေတွေ လောင်းထည့်ရင်း-

“သမီးရေ... မနက်မိုးလင်းတဲ့အထိ ဒီရှူးဖိနပ်ကြီးထဲမှာ ရေတွေ ရှိနေသေးရင် ဖေဖေ သူ့ကို လက်ထပ်မယ်” လို့ ပြောလိုက်တယ်။ ဒီရှူးဖိနပ်အစုတ်မှာက အပေါက်တွေ အများကြီး။ ဒါကြောင့် ရေတွေဟာ မနက်အထိ ခံမှာ မဟုတ်ဘူး။ ယိုပေါက်ကျလို့ ကုန်မှာပဲလို့ သူ တွေးမိတော့ လက်ထပ်ရမယ့်ကိစ္စကို ပူပန်မနေတော့ဘူးပေါ့။ အေးအေးလူလူပဲ အိပ်ရာဝင်လိုက်တယ်။

ဒါပေမဲ့ ကံဆိုးချင်တော့ ရေတွေစိုနေတော့ ရှူးဖိနပ်ကြီးဟာ ပွလာပြီး အပေါက်တွေလည်း သူ့အလိုလို ပိတ်ကုန်တယ်။ ဒါကြောင့် မနက်မိုးလင်းတဲ့အထိ ရှူးဖိနပ်ထဲမှာ ရေတွေက ရှိမြဲရှိနေတာပေါ့ကွယ်။ မုဆိုးဖိုကြီးလည်း ရှောင်လွှဲမရတော့ဘဲ သူ့ကတိအတိုင်း မုဆိုးမကို လက်ထပ်ယူလိုက်ရတယ်။

လက်ထပ်ခါစနေ့တွေမှာတော့ မုဆိုးမဟာ သူ့လင်ကပါလာတဲ့ သမီးကို ကောင်းကင်ဘုံက ပေးအပ်လိုက်တဲ့ ဆုလာဘ်လိုပဲ ပြုစုစောင့်ရှောက်လိုက်တာ မပြောပါနဲ့တော့တဲ့။ ဒါပေမဲ့ အဲဒါက ကြာရှည်မခံပါဘူး။ ခဏနေတော့ ဟန်ဆောင်ထားတဲ့ မျက်နှာဖုံး ကွာကျပြီး ဇာတိရုပ် ပေါ်လာတယ်။ မုဆိုးမရဲ့သမီးကလည်း အမျိုးမျိုး မဆုံးနိုင်လောက်အောင် သွေးခွဲစကားတွေ ပြောနေတာကိုး။ ဒီတော့ မုဆိုးဖိုရဲ့ သမီးလေးဟာ အမြဲတမ်းပဲ စိတ်အား ညှိုးငယ်နေရတော့တယ်တဲ့။



အဲဒီမုဆိုးမရဲ့ နှိပ်စက်ပုံနဲ့ ကံဆိုးတဲ့ ကောင်မလေး သူ့ရဲ့ စိတ်ကောင်း နှလုံးကောင်းကြောင့် ရုတ်တရက် ကံကောင်းလာပုံကိုတော့ နောက်နေ့မှပဲ ဆက်နားထောင်ပါတော့။

***** The Three Wood Elves**

❑

# ဖေဖော်ဝါရီ ၁၀

## မှင်စာကလေးသုံးကောင်

ဒီလိုနဲ့ ဆောင်းတွင်းကို ရောက်လာတော့တယ်။ အေးလိုက်တာလည်း အရိုးကွဲထွက်မတတ်ပဲတဲ့။ နှင်းတွေက တဖွဲဖွဲကျ၊ လေအေးတွေကလည်း ပြင်းပြင်းထန်ထန်တိုက်၊ နေခြည်ကိုလည်း မမြင်ရနဲ့ သစ်တောကြီး တစ်ခုလုံးတောင် အေးခဲနေသလိုပဲတဲ့။

အဲဒီအချိန်မှာ ရက်စက်တဲ့မိထွေးဟာ (ကောင်မလေးရဲ့ နောက်အမေ မုဆိုးမကိုပြောတာ) စက္ကူတွေနဲ့ အဝတ်တစ်စုံ ချုပ်နေတယ်။ ပြီးတော့ အဲဒီစက္ကူအဝတ်အစားတွေကို သူ့လင်ပါ သမီးကို ပေးဝတ်ခိုင်းပြီး-

"ကဲ... တောထဲကို အခုသွားစမ်း။ စတော်ဘယ်ရီသီး အမှည့်တွေ ဟောဒီခြင်းနဲ့ တစ်ခြင်းစာ ရှာယူခဲ့။ အဲသလောက်မှ အသုံးမကျရင်တော့ ဒီကို ဘယ်တော့မှ ပြန်မလာခဲ့နဲ့" လို့ အမိန့်ပေးတယ်။

တောကြီးတစ်ခုလုံး နှင်းတွေဖုံးနေတဲ့အချိန်မှာ စတော်ဘယ်ရီသီးတွေကို ဘယ်လိုလုပ်သွားရှာမှာလဲ။ ဒါပေမဲ့ သနားစရာကောင်းတဲ့ မိန်းကလေးဟာ မိထွေးလုပ်တဲ့သူရဲ့ အမိန့်ကို မလွန်ဆန်ရဲတော့ ခြင်းကလေးဆွဲပြီး အိမ်က ထွက်ခဲ့ရတယ်။

အပြင်မှာ အေးလိုက်တာကလည်း အလွန်ပဲ။ စက္ကူပါးပါးလေးနဲ့ ချုပ်ထားတဲ့ ဝတ်စုံဝတ်ထားရတဲ့ မိန်းကလေးကတော့ ခိုက်ခိုက်တုန်အောင် ချမ်းနေရတာပေါ့။ သည်းထန်တဲ့နှင်းထုထဲ ဖြတ်တိုးပြီး တောထဲကို ဝင်ခဲ့ရပေမယ့် ကောင်မလေးရဲ့ ပါးပြင်ပေါ်မှာတော့ အေးစက်တဲ့ မျက်ရည်တွေက အဆက်မပြတ် သွယ်တန်းကျလို့။ ဒီလိုနဲ့ တစ်စထက်တစ်စ တောနက်ကြီးထဲကို ရောက်လို့ သွားပါတော့တယ်။

အေးလွန်းတော့ သူ့ခန္ဓာကိုယ်ထဲက သွေးတွေက ခဲလုမတတ်ဖြစ်နေပြီ။ ဒီအတိုင်းသာ ဆိုရင် ကြာရှည်ဆက်သွားနိုင်တော့မှာ မဟုတ်ဘူး။ အဲဒီအချိန်မှာပဲ အိမ်ကလေးတစ်လုံးကို မိန်းကလေးတွေ့လိုက်ရတယ်။ ဒါနဲ့ အဲဒီအိမ်လေးထဲ ဝင်ခဲ့တာပေါ့။ အဲဒီအိမ်က သစ်တောထဲမှာနေတဲ့ မှင်စာလေးသုံးကောင်နေတဲ့ အိမ်လေ။

မိန်းကလေးဟာ အိမ်လေးထဲက မီးလင်းဖိုမှာ သူ ခဏလောက် မီးလှုံပါရစေလို့ ခွင့်တောင်းတယ်။ မှင်စာလေးသုံးကောင်က သဘောတော့ မကျဘူး။ ဒါပေမဲ့ ဒီကောင်မလေး အကူအညီတောင်းနေတာ မြင်ပြီး ခွင့်ပြုလိုက်တယ်။ မိန်းကလေးလည်း ဝမ်းသာသွားပြီး မီးလင်းဖိုရှေ့မှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လိုက်တယ်။ ပြီးတော့ သူယူလာတဲ့ ပေါင်မုန့်ကို ထုတ်လိုက်တယ်။ ပေါင်မုန့်က ခြောက်နေပြီ ဆိုတော့ စားလို့ရအောင် အပေါ်က အခွံမာတွေ ဖယ်ပစ်နေတုန်း မှင်စာလေးသုံးကောင်က "တို့ကိုလည်း နည်းနည်းကျွေးပါလား" လို့ တောင်းကြတယ်။

မိန်းကလေးဟာ စိတ်ကောင်းရှိတဲ့သူဖြစ်တော့ သူ့ဖို့ပါလာတဲ့ နည်းနည်းလေးထဲကပဲ မှင်စာလေးသုံးကောင်ကို ဝေမျှပေးလိုက်တယ်။ ပြီးတော့ ပေါင်မုန့်စားနေတုန်း မိန်းကလေးက ဒီလောက်ချမ်းစီးတဲ့ တောကြီးထဲ သူ ဘာကြောင့် ခုလိုထွက်လာခဲ့ရတယ် ဆိုတဲ့အကြောင်းလည်း ပြောပြလိုက်တယ်။ စားပြီးတော့ မှင်စာကလေးတွေက-

"ဟဲ့ကောင်မလေး၊ တံမြက်စည်းယူပြီး တို့အိမ်နောက်က နှင်းတွေကို သွားလှည်းကျင်းပစ်စမ်း" လို့ အမိန့်ပေးလိုက်တယ်။

မိန်းကလေးလည်း သူတို့ပြောတဲ့အတိုင်း လုပ်ကိုင်ဖို့ တံမြက်စည်းကို ယူပြီး အပြင်ထွက်သွားတယ်။ ကောင်မလေး အပြင်ရောက်သွားမှ မှင်စာလေးသုံးယောက်ဟာ ကျိုးနွံတဲ့ ကောင်မလေးကို ဘယ်လိုဆုလာဘ်တွေ ပေးရရင် ကောင်းမလဲလို့ ဆွေးနွေးတိုင်ပင်ကြတယ်။

ပထမတစ်ယောက်က "ငါကတော့ ဒီကောင်မလေး တစ်နေ့ထက်တစ်နေ့ ပိုပြီး လှလာ ချစ်စရာကောင်းတဲ့ဆုပေးမယ်" လို့ ပြောတယ်။

ဒုတိယတစ်ယောက်က "ငါကတော့ ကောင်မလေး စကားပြောတိုင်း သူ့ပါးစပ်ထဲက ရွှေဒင်္ဂါးပြားတွေ ထွက်ကျစေတဲ့ဆု ပေးမယ်" လို့ ပြောတယ်။

တတိယတစ်ယောက်ကတော့ "ငါကတော့ မကြာခင် ဘုရင်တစ်ယောက်က သူ့ကို မိဖုရားမြှောက်စေတဲ့ ဆုပေးမယ်" လို့ ပြောတယ်။



အဲဒီအချိန်မှာပဲ အိမ်နောက်ဖေးမှာ နှင်းတွေကို လှည်းကျင်းပစ်လိုက်တဲ့ မိန်းကလေးဟာ ပထမတုန်းက နှင်းတွေဖုံးနေလို့ မမြင်ခဲ့ရတဲ့ ဝင်းမှည့်နေတဲ့ စတော်ဘယ်ရီသီး နီနီတွေကို တွေ့လိုက်ရတော့ ကောင်မလေးဟာ အံ့ဩဝမ်းသာသွားတယ်။ ဒါဟာ သူ့အပေါ် မှင်စာလေး သုံးကောင်က ကြင်နာသနားမှုကို ပြတာပဲလို့ တွေးလိုက်တယ်။ ပြီးတော့ အဲဒီစတော်ဘယ်ရီသီးတွေကို သူ့မှာ ပါလာတဲ့ ခြင်းနဲ့အပြည့် ခူးထည့်ပြီး အမြန်ဆုံး အိမ်ကို ပြန်လာခဲ့တော့တယ်တဲ့ကွယ်။

❑

# ဖေဖော်ဝါရီ ၁၁

## မှင်စာကလေးသုံးကောင်

ခြင်းနဲ့ စတော်ဘယ်ရီသီးတွေအပြည့်နဲ့ မိန်းကလေးဟာ အိမ်ကို ပြန်ရောက်လာပြီး မိသားစုကို နှုတ်ဆက်စကားပြောလိုက်တယ်။ အဲဒီလို ပြောလိုက်တယ်ဆိုရင်ပဲ သူ့ပါးစပ်ထဲက ရွှေဒင်္ဂါးလေးတစ်ပြား ထွက်ကျလာတယ်တဲ့။ အားလုံးက အံ့အားသင့်နေတာပေါ့။ မိန်းကလေးကလည်း သူတောကြီးထဲမှာ ကြုံခဲ့ရပုံတွေကို အစအဆုံး ပြန်ပြောပြလိုက်တယ်။ သူ စကားပြောတိုင်း သူ့ပါးစပ်ထဲက ရွှေဒင်္ဂါးတစ်ပြား ထွက်ထွက်ကျနေတော့ ဧည့်ခန်း ကြမ်းပြင်တစ်ခုလုံးဟာ ရွှေဒင်္ဂါးတွေနဲ့ ပြည့်နေတော့တယ်တဲ့။ သူ့မိထွေးနဲ့ စိတ်ထားမကောင်းတဲ့ သမီးဟာ နားထောင်ရင်းနဲ့ မနာလိုလည်းဖြစ်၊ မိန်းကလေးရဲ့ ဘဝကို အားကျနေမိတယ်တဲ့။ သူတို့ မနာလိုစရာက ဒီလောက်နဲ့ မရပ်သေးဘူး။ မိန်းကလေးက တစ်နေ့တခြား လှသထက် လှလာတာလည်း ပါတယ်တဲ့။

တစ်နေ့တော့ အရုပ်ဆိုးတဲ့ မိထွေးသမီးဟာ အဲဒီမိန်းကလေးလို ဖြစ်ချင်တာနဲ့ တောထဲ သွားပြီး စတော်ဘယ်ရီသီးတွေ ရှာဖို့ ကိုယ့်ဘာသာ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ သူဟာ အပြင်ရောက်ရင် မအေးရအောင်လို့ ကုတ်အင်္ကျီအထူကြီးကို ထပ်ဝတ်တယ်။ နောက်တော့ ခြင်းတောင်းနဲ့ ကိတ်မုန့်တွေလည်း အပြည့်ထည့်တယ်။ ပြီးတော့ တောထဲ ထွက်ခဲ့တယ်။

သူဟာ ကောင်မလေးဆီက သိခဲ့တဲ့ လမ်းအတိုင်း မှင်စာလေးတွေရဲ့အိမ်ကို တန်းတန်း မတ်မတ် ရောက်အောင် သွားတယ်။ ပြီးတော့ ဘယ်သူ့ကိုမှ ခွင့်တောင်းမနေဘဲ အိမ်ထဲကို ဝင်သွားပြီး မီးလင်းဖိုမှာ ကိုယ့်သဘောနဲ့ကိုယ် မီးလှုံနေတယ်။ မီးလှုံရင်း ဗိုက်ဆာလာတာနဲ့ ပါလာတဲ့ ကိတ်မုန့်ကို ထုတ်စားတယ်။ မှင်စာလေးသုံးကောင်က ကြည့်ပြီး "တို့ကိုလည်း နည်းနည်းလောက် ပေးပါလား" လို့ ပြောတော့လည်း အရေးတောင် မစိုက်ဘူးတဲ့။ သူမ တစ်ယောက်တည်း ကုန်အောင် စားပစ်တယ်။

နောက်ဆုံးတော့ မှင်စာကလေးတွေက အဲဒီမိထွေးရဲ့သမီးကို တံမြက်စည်းတစ်ချောင်း ယူပြီး သူတို့ခြံထဲက နှင်းတွေကို ရှင်းပစ်ဖို့ ပြောတယ်။ မိထွေးရဲ့သမီးကလည်း လောကကြီး



မှာ သူ အမုန်းဆုံးဟာ အလုပ်လုပ်ရတာပဲတဲ့။ အဲဒီတော့ ငါပြန်ဖို့ အချိန်ကျပြီလို့ ဆုံးဖြတ်ပြီး သူလည်း ထပြန်လာခဲ့တယ်။ သူ ထွက်သွားတော့ မှင်စာလေး သုံးယောက်ဟာ ဒီလို ရိုင်းစိုင်းတဲ့ မိန်းကလေးကို ဘယ်လို ဒဏ်ခတ်ရရင် ကောင်းမလဲလို့ တိုင်ပင်ကြတာပေါ့။

ပထမတစ်ယောက်က "ငါကတော့ ဒီမိန်းကလေး တစ်နေ့ထက်တစ်နေ့ အရုပ်ပိုဆိုးလာစေလို့ ဒဏ်ခတ်မယ်" လို့ ပြောတယ်။

ဒုတိယတစ်ယောက်က "ငါကတော့ ဒီမိန်းကလေး စကားတစ်ခွန်းပြောတိုင်း ပါးစပ်က ဖားပြုပ်တစ်ကောင် ထွက်ကျလာပါစေလို့ အပြစ်ပေးမယ်" လို့ ပြောတယ်။

တတိယတစ်ယောက်က "မကြာခင် ဒီမိန်းကလေး ကံဆိုးမိုးမှောင်ကျပါစေ" လို့ ကျိန်ဆဲလိုက်တယ်။

အဲဒီအချိန်မှာပဲ မိထွေးသမီးဟာ အိမ်ပြန်ရောက်သွားတယ်။ တောထဲမှာ သူ တွေ့ခဲ့ရတာတွေကို ပြန်ပြောလိုက်တာနဲ့ သူ့ပါးစပ်ထဲက ဖားပြုပ်တစ်ကောင်ပြီး တစ်ကောင် ထွက်ကျလာတယ်။ မကြာခင်ကလေးမှာပဲ သူတို့အိမ်လေးမှာ တောထဲက ရေအိုင်ကလေးလိုပဲ ဖားပြုပ်တွေ ပြည့်နှက်နေတော့တယ်တဲ့။ ကဲ… ကြောက်စရာ မကောင်းဘူးလားကွယ်။ စိတ်ကောင်းမရှိရင် ကောင်းကျိုးမပေးနိုင်ဘူးလို့ ဒီပုံပြင်လေးက သက်သေခံနေတာပါပဲကွယ်။

❑

ဖေဖော်ဝါရီ ၁၂

## မှင်စာကလေးသုံးကောင်

ရွှေရောင်လျှာနဲ့ မိန်းကလေးကတော့ ဒုက္ခတွေ့ရတော့တာပေါ့ကွယ်။ မိထွေးသားအမိက သူ့ကို အရင်ကထက် ပိုပြီး နှိပ်စက်ညှဉ်းပန်းကြတယ်။ တစ်နေ့တော့ သူ့မိထွေးဟာ ရေခဲမတတ် အေးနေတဲ့ စမ်းချောင်းလေးဆီကို အဝတ်သွားလျှော်ဖို့ သူ့ကို လွှတ်လိုက်တယ်။ မတတ်သာတော့ မိန်းကလေးဟာ ချမ်းချမ်းစီးစီးပဲ အလုပ်လုပ်နေရတော့တာပေါ့။

အဲဒီအချိန်မှာ ဘုရင်ဟာ မြင်းတစ်ကောင်နဲ့ အဲဒီဘေးက ဖြတ်သွားတာနဲ့ ကြုံရတယ်။ ယဉ်ကျေးပျူငှာတဲ့ မိန်းကလေးက ဘုရင်ကြီးကို နှုတ်ခွန်းဆက်စကား ပြောလိုက်တာပေါ့။ အဲဒီလို ပြောလိုက်တယ်ဆိုရင်ပဲ မိန်းကလေးရဲ့ ပါးစပ်ထဲက ရွှေဒင်္ဂါးလေးတစ်ပြား ထွက်ကျလာတယ်။ ဘုရင်က တွေ့တော့-

"လှလိုက်တဲ့ မိန်းကလေး၊ ချမ်းလည်းချမ်းသာတဲ့ သတို့သမီး။ ဒီလို မိန်းကလေးမျိုးကို ဘုရင်ကလွဲလို့ ဘယ်သူကမှ လက်ထပ်မယူသင့်ဘူး" လို့ ပြောပြီး တစ်ခါတည်း သူ့နန်းတော်ကို ခေါ်သွားတော့တယ်။

ဒီလိုနဲ့ စိတ်ထားကောင်းတဲ့ မိန်းကလေးဟာ ဘုရင်ကတော် မိဖုရားလေး ဖြစ်သွားတယ်တဲ့ကွယ်။ မကြာခင်မှာပဲ သူဟာ ကလေးလေးတစ်ယောက် ဖွားမြင်လာတော့တယ်။

အဲဒီသတင်းကို သူ့မိထွေးက ကြားတော့ သူ့သမီး ရုပ်ဆိုးမကို ခေါ်ပြီး နန်းတော်ကို အမြန်ရောက်လာတယ်။ ဘုရင်ကလည်း သူ့မိဖုရားရဲ့မယ်တော် အလည်လာတယ် ဆိုပြီး ကောင်းကောင်းမွန်မွန် ကြိုဆိုဧည့်ခံတယ်။ မိထွေးသားအမိကတော့ မကောင်းတဲ့ အကြံအစည်နဲ့ လာကြတာ ဆိုတော့ အခွင့်ကောင်း ချောင်းနေတော့တာပေါ့။

တစ်နေ့တော့ သူတို့ရဲ့ အိပ်ခန်းမဆောင်က ဘုရင်ကြီး အပြင်ထွက်သွားတုန်း မိထွေးနဲ့ သူ့သမီးဟာ အဲဒီအခန်းထဲ ဝင်လာတယ်။ ပြီးတော့ အိပ်ရာပေါ်မှာ အိပ်နေတဲ့ မင်းသမီးလေးကို မယူပြီး ပြတင်းပေါက်ကနေ အောက်က မြစ်ထဲ ပစ်ချလိုက်တော့တယ်။



ပြီးတော့ သူ့သမီး ရုပ်ဆိုးမက မင်းသမီးလေးရဲ့နေရာ အိပ်ရာထဲမှာ ဝင်လှဲပြီး မျက်နှာထိအောင် စောင်ကို ခြုံထားလိုက်တယ်။ ဘုရင်ကြီး အိပ်ခန်းထဲ ပြန်လာလို့ မေးတဲ့အခါ အရှင့်မိဖုရားလေး ကောက်ကာငင်ကာ ရုတ်တရက် ဖျားနာနေကြောင်း မိထွေးလုပ်တဲ့သူက လျှောက်တယ်။

ဘုရင်က စောင်ကို လှပ်လိုက်တော့ အင်မတန် အရုပ်ဆိုးတဲ့ မိထွေးရဲ့ သမီးကို မြင်ရတယ်။ နေမကောင်းတာကို ဘုရင်က စုံစမ်းမေးမြန်းလို့ ဖြေတော့လည်း အဲဒီမိန်းမရဲ့ ပါးစပ်က ဖားပြုပ်တွေ ထွက်ကျလာတာ မြင်ရတော့ ရွံရှာသွားတာပေါ့။ မိထွေးလုပ်တဲ့သူက သူ့သမီးဟာ နေထိုင်မကောင်းဖြစ်ရင် ဒီလိုပဲ ပြောင်းလဲသွားတတ်ကြောင်း လိမ်လည်ပြောလိုက်တယ်။ ဘုရင်လည်း ယုံရခက်ခက် ဖြစ်နေတာပေါ့။

အဲဒီအချိန်မှာ နန်းတော် မီးဖိုဆောင်ထဲကို ငန်းဖြူလေးတစ်ကောင် ရောက်လာပြီး စားဖိုမှူးလုပ်တဲ့သူကို "ကျွန်မရဲ့ကလေး ဘယ်လိုနေလဲ" လို့ မေးတယ်။ စားဖိုမှူးက အဲဒါဟာ သူတို့ရဲ့ မိဖုရားလေးအသံမှန်း ချက်ချင်း မှတ်မိသွားတယ်။ "အရှင့်ကလေး ပုခက်ထဲမှာ အိပ်ပျော်နေပါတယ်" လို့ ဖြေပြီးတာနဲ့ တစ်ပြိုင်နက်တည်း အဲဒီကိစ္စကို ဘုရင်ဆီ အပြေးသွားလျှောက်တယ်။

ဘုရင်ကိုယ်တိုင်ကလည်း ဒီထူးထူးဆန်းဆန်းကိစ္စကို ကိုယ်တိုင် တွေ့ချင်မြင်ချင်တာနဲ့ မီးဖိုဆောင်ကို လိုက်လာတယ်။ ငန်းဖြူလေးဟာ ဘုရင်ကိုတွေ့တော့ ဘုရင်ရဲ့ဓားနဲ့ သူ့ရဲ့ခေါင်းကို သုံးကြိမ်ထိဖို့ တောင်းပန်တယ်။ ဘုရင်ကလည်း ငန်းဖြူလေး တောင်းဆိုသလို မဆိုင်းမတွ လုပ်ပေးလိုက်တာနဲ့ ငန်းဖြူလေးဟာ ချက်ချင်းပဲ သူ့ရဲ့ရွှေရောင်လျှာပိုင်ရှင် မိဖုရားလေး ပြန်ဖြစ်သွားရောတဲ့။

စိတ်ကောင်းမရှိတဲ့ မိထွေးနဲ့ သူ့သမီးကတော့ ဘုရင်ကြီး အပြစ်ပေးမှာ ကြောက်ပြီး ပြတင်းပေါက်က ခုန်ချလိုက်ကြတာ အောက်က မြစ်ထဲကျပြီး သေဆုံးကုန်ကြတယ်တဲ့ကွယ်။

❑

# ဖေဖော်ဝါရီ ၁၃

## အရုပ်ဆိုးတဲ့ ဘဲကလေး

ကပ်စေးနဲပင်အရှည်ကြီးတွေရဲ့ ကြားထဲက အသိုက်တစ်ခုမှာ ဘဲမတစ်ကောင်ဟာ ဝပ်နေရှာတယ်။ သူ့ဥတွေ ပေါက်လာမယ့်အချိန်ကို သူ စောင့်နေရတာ တော်တော် ကြာနေပြီတဲ့။ နောက်ဆုံး တစ်နေ့မှာတော့ သူဝပ်နေတဲ့ဥတွေဟာ တစ်လုံးပြီးတစ်လုံး စပေါက်လာကြတယ်။ ဥထဲက ထွက်လာတဲ့ အကောင်လေးတွေဟာ တဂတ်ဂတ်အော်ရင်း သူတို့ခေါင်းကလေးတွေ ထောင်ပြီး ကြီးကျယ်လှတဲ့ ကမ္ဘာကြီးကို မျှော်ကြည့်ကြတယ်။

ခက်တာက ကျန်တဲ့ဥတွေက အကုန်ပေါက်သွားပေမယ့် အဲဒီထဲက အကြီးဆုံးဥကြီးကတော့ မပေါက်သေးဘူးတဲ့။ သူက ဘာဖြစ်လို့ ပေါက်ဖို့ ငြင်းဆန်နေရတာလဲ။ တခြား ဘဲမတစ်ကောင်က လာကြည့်ပြီး ခုလို မှတ်ချက်ချတယ်။

"ဒီဥကတော့ ကြက်ဆင်ဥ ဖြစ်လိမ့်မယ် ထင်တယ်ဟေ့။ သေချာပါတယ်။ တစ်ခါတုန်းက အိမ်ရှင်တွေက ငါ့ဥတွေထဲမှာ အဲသလို ကြက်ဆင်ဥ လာထည့်ထားတာ ငါ ကြုံဖူးတယ်။ အကောင်းဆုံးကတော့ ဒီဥကို ဒီအတိုင်းပဲ ထားပစ်ခဲ့။ နင့်ကလေးတွေကို ခေါ်သွားပြီး ရေကူးသင်ပေးရင် အကောင်းဆုံးပဲ"

ဒါပေမဲ့ မိခင်ဘဲမကတော့ အဲဒီဥကြီးကိုလည်း စွန့်မသွားရက်ဘူး။ ဒီလိုနဲ့ ဆက်ဝပ်နေလိုက်တာ မကြာခင် အဲဒီဥကလည်း ပေါက်လာရော။

"ဘုရားရေ… ဘယ်လိုဟာပါလိမ့်"

အထဲက ထွက်လာတဲ့ အကောင်လေးကိုကြည့်ပြီး ဘဲမ ရေရွတ်လိုက်မိတယ်။ အဲဒီ အကောင်လေးဟာ တခြားအကောင်လေးတွေနဲ့ မတူဘဲ ကလန်ကလားနဲ့ တော်တော် အရုပ်ဆိုးနေတယ်တဲ့။ ကြီးလည်းကြီး သန်လည်း သန်မာတယ်တဲ့။

"မဟုတ်မှလွဲရော ဒီအကောင်ဟာ ကြက်ဆင်ဥများ ဖြစ်နေမလား။ အေးလေ မကြာခင် သိရမှာပဲ"လို့ ဘဲမ တစ်ကိုယ်တည်း ပြောလိုက်တယ်။ ပြီးတော့ သူ့ကလေးတွေ အားလုံး ရေကန်ဆီခေါ်သွားပြီး ရေထဲကို တွန်းချလိုက်တယ်။



ဘဲကလေးတွေဟာ တစ်ကောင်ပြီး တစ်ကောင် ရေထဲခုန်ဆင်းသွားရင်း ပျော်ပျော်ပါးပါး ကူးနေကြတယ်။ အရုပ်ဆိုးတဲ့ ဘဲကလေးကလည်း ကောင်းကောင်း ကူးနိုင်တာ တွေ့ရတယ်။

မိတ်ဆွေဘဲမက လာကြည့်ပြီး-

"ဒီလို ရေကောင်းကောင်း ကူးနိုင်ရင်တော့ ကြက်ဆင် မဖြစ်နိုင်ဘူးပေါ့။ အင်း… နင့်ရဲ့သားသမီးပဲ ဖြစ်ပါလိမ့်မယ်" လို့ ပြောတယ်။

"ကြည့်စမ်းပါဦး၊ သူ ရေကူးနေတာ ဘယ်လောက် ကျွမ်းကျင်သလဲ"

ဘဲမက ဂုဏ်ယူဝင့်ကြွားတဲ့ လေသံနဲ့ ပြောလိုက်တယ်။ ပြီးတော့ သူ့ကလေးတွေ အားလုံးကို ဘဲခြံကို ခေါ်သွားတယ်။ တခြားဘဲတွေနဲ့ တွေ့ရအောင်ပေါ့လေ။ အထူးသဖြင့်ကတော့ သူတို့ရဲ့ ဘုရင်မကြီးနဲ့ တွေ့ရအောင်ပဲ။ အဲဒီဘုရင်မကြီးဟာ အင်မတန် အမျိုး မြင့်မြတ်တယ်။ စပိန်သွေးတောင် စပ်တယ်လို့ ပြောကြတယ်။ သူ့ခြေထောက် တစ်ချောင်းမှာ ဖဲကြိုးတစ်စ ရှိတယ်။ အဲဒီဘုရင်မကြီး ဘဲတွေအားလုံးကို အုပ်ချုပ်လာတာ တော်တော်ကြာခဲ့ပါပြီတဲ့။

* ***The Ugly Duckling***

❑

# ဖေဖော်ဝါရီ ၁၄

## အရုပ်ဆိုးတဲ့ ဘဲကလေး

ဘဲမသားအမိဟာ ဘဲခြံကို ရောက်သွားတယ်။ ဘဲဘုရင်မကြီးက သူ့ကလေးတွေကို စေ့စေ့စပ်စပ် ကြည့်ပြီး-


"ညည်းကလေးတွေက လှတယ်ဟေ့၊ ချစ်စရာလေးတွေပဲ။ ဟောဟိုက ခပ်ထွားထွား အကောင်က လွဲလို့ဟေ့။ ဒီကောင်က တော်တော် အရုပ်ဆိုးတာပဲ။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက် အရုပ်ဆိုးတာ မတွေ့ဖူးပါဘူး" လို့ ပြောတယ်။ အဲဒီလိုပြောတဲ့အသံကို တခြား ဘဲတွေလည်း ကြားသွားရော သူ့ကို ဝိုင်းရှုတ်ချကြ၊ လှောင်ပြောင်ကြပါလေရော။

"တော်တော်အကျည်းတန်တဲ့ အကောင်ပဲဟေ့"

"အရုပ်ကလည်း ဆိုးပါ့ကွာ"

"ဘယ်လို ပုံပန်းမှန်း မသိဘူး"

စသည်ဖြင့်ပေါ့လေ။ ဒီလို ဘဲအုပ်ကြီး ဝိုင်းလှောင်ကြ ပြောင်ကြတော့ အဲဒီခြံထဲမှာ ရှိတဲ့ တခြား မန်ဒါလီ တွေ၊ ဘဲငန်းတွေ၊ ကြက်တွေကပါ လှောင်ပြောင် သရော်တဲ့ အထဲမှာ ပါလာကြတယ်။ အဲဒီတိရစ္ဆာန်တွေ စုဝေးနေတဲ့ ခြံထဲမှာ ကိုယ့်ကိုယ်ကိုယ် အရှင်သခင် ကြီးလို့ ထင်ပြီး ဘဝင်မြင့်နေတဲ့ ကြက်ဆင် ကြီးလည်း ပါတယ်။ သူကလည်း သူ့မျက်နှာ နီနီရဲရဲကြီးနဲ့ ဘဲရုပ်ဆိုး လေးဆီ ပြေးလာပြီး လည်ချောင်းသံကြီးနဲ့ ဟောက်တော့ ကြောက်လွန်းလို့ ဘဲရုပ်ဆိုး လေးဟာ ဘယ်ထွက်ပြေးရမှန်းတောင် မသိဘူးတဲ့။



ဘဲရုပ်ဆိုးလေး ဘယ်လောက် ကံဆိုးသလဲဆိုရင် အဲသလို လှောင်ကြပြောင်ကြတဲ့ အထဲမှာ သူနဲ့ မွေးဖော်မွေးဖက် ညီအစ်ကို မောင်နှမတွေတောင် ပါတယ်တဲ့။ သူတို့ကလည်း သူ့ကို ရယ်စရာလို သဘောထားကြတယ်။ နောက်ဆုံး သူ့အမေကတောင်-

"နင် ဘယ်တော့မှ ပြန်မလာနိုင်တဲ့ဆီ သွားနေရင် ကောင်းမယ်" လို့ အော်ငေါက် ခံရတယ်တဲ့။

ဘဲရုပ်ဆိုးလေးဟာ တစ်ခြံလုံးက မညှာမတာ ရန်လုပ်တာ ခံနေရတယ်။ ဘဲတွေက တွေ့တဲ့နေရာထိုး၊ ကြက်တွေက ဆိတ်နဲ့ ဒီခြံထဲမှာ သူ့ခမျာ မျက်ရည်နဲ့မျက်ခွက်။ ဟိုပြေး ဒီပုန်း လုပ်နေရတယ်။ နောက်ဆုံးတော့ ဒီနေရာမှာ သူ ဆက်နေလို့ မဖြစ်တော့ဘူးလို့ သိလာတယ်။

ဒါနဲ့ တစ်နေ့မှာတော့ သူဟာ ခြံစည်းရိုးကိုကျော်ပြီး အဲဒီနေရာက ထွက်ပြေးလာခဲ့ တော့တယ်။ ခြေဦးတည့်ရာ စွတ်ပြေးရင်းနဲ့ ဘဲရုပ်ဆိုးလေးဟာ ရွှံ့ဗွက်လတာပြင် ကိုင်းတော ထဲကို ရောက်လို့သွားတယ်။ အဲဒီနေရာကတော့ တောဘဲရိုင်းတွေ ပျော်မွေ့နေထိုင်တဲ့နေရာပဲ။ ဘဲရုပ်ဆိုးလေးလည်း မောမောနဲ့ အဲဒီနေရာမှာပဲ အိပ်ပျော်သွားတော့တယ်။

နောက်တစ်နေ့ မိုးလင်းတော့မှ တောဘဲတွေက သူ့ကို တွေ့သွားကြတယ်။

သူ့ကို ကြည့်ပြီး-

"ဟာ... ဘယ်ကကောင်လဲ။ တော်တော် အရုပ်ဆိုးတဲ့ကောင်ပဲကွာ။ အေးလေ အရုပ်ဆိုးတာ ကိစ္စမရှိပါဘူး။ အချိန်တန်ရင် မင်းတို့ထဲက တောဘဲမတစ်ကောင်ကောင်နဲ့ မညားရင် ပြီးတာပဲ" လို့ ပြောတယ်။

ဘဲရုပ်ဆိုးလေးက အိမ်ထောင်ပြုဖို့ စိတ်မကူးနိုင်ပါဘူး။ သူ့ကို ဒီလို ခိုနားခွင့်ပေးတာ ကိုပဲ ကျေးဇူးတင်လှပြီ။ သူ့နားကို တောဘဲနှစ်ကောင် ရောက်လာပြန်တယ်။ သူတို့က သရော်တော်တော် ပြောတယ်။

"မင်းဟာ တော်တော် အရုပ်ဆိုးတဲ့ကောင်ကွာ၊ အေးလေ တို့ကလည်း ဒါကြောင့် မင်းကို သဘောကျတာပေါ့။ တို့နဲ့ မင်း လိုက်ခဲ့ပါလားကွ။ ဒါမှ ဒေသပြောင်းတတ်တဲ့ ငှက်တွေနဲ့ တူသွားမှာ"

ဘဲရုပ်ဆိုးလေးဟာ ဘာမှပြန်မပြောဘဲ ဝမ်းနည်းကြေကွဲတဲ့ အမူအရာနဲ့ ခေါင်း ငိုက်စိုက်ချပြီးတော့ပဲ နေတယ်။

❑

# ဖေဖော်ဝါရီ ၁၅

## အရုပ်ဆိုးတဲ့ ဘဲကလေး

သူ့ကို လာစကားပြောတဲ့ တောဘဲနှစ်ကောင်က ထပျံကြတယ်။ ဒါပေမဲ့ သူတို့ ဝေးဝေး မပျံနိုင်ကြပါဘူး။ သေနတ်သံ တဒိုင်းဒိုင်း ထွက်ပေါ်လာပြီး အဲဒီတောဘဲနှစ်ကောင်လည်း သေနတ်မှန်ပြီး ရေထဲကို ထိုးကျသွားတော့တယ်။ သေနတ်သမားတွေဟာ အဖွဲ့လိုက် တောပစ်ထွက်လာကြတာကိုး။ လတာပြင် ကျူတောထဲမှာ စောင့်ချောင်းနေပြီးမှ ပစ်ကြတာ။

ကွင်းပြင်တစ်ခုလုံး သူတို့ရဲ့ တဒိုင်းဒိုင်း သေနတ်သံတွေနဲ့ ဆူညံနေတာပဲ။ ကျူတောထဲက ထပျံကြတဲ့ တောဘဲတွေလည်း တစ်ကောင်ပြီးတစ်ကောင် သေနတ်ထိမှန်ပြီး ရေထဲ ပြုတ်ကျသေကုန်တယ်။ အဲဒီလူအုပ်မှာ အမဲလိုက်ခွေးတွေလည်း ပါသွားတယ်။ အဲဒီခွေးတွေက တောဘဲတွေကို ကိုက်ချီသွားကြတယ်။ သူတို့က တောဘဲတွေကို တိုးဝှေ့ရှာလို့ ကျူပင်တွေလည်း ဖရိုဖရဲ ယိမ်းလှုပ်နေတယ်။

ဘဲရုပ်ဆိုးလေးဟာ ကြောက်လွန်းလို့ ပုန်းစရာနေရာမရှိဘူး။ သူ့အတောင်ပံတွေထဲမှာ ခေါင်းဝှက်ပုန်းမယ်လို့ လုပ်နေတုန်း ဖြုန်းဆို သူ့အနီးကို ခွေးကြီးတစ်ကောင် ရောက်လာတယ်။ မျက်လုံးတွေက မီးဝင်းဝင်းတောက်လို့။ အစွယ်ဖွေးဖွေးတွေပေါ်အောင် ဖြဲထားတဲ့ ပါးစပ်မှာ လျှာကြီးကလည်း တွဲလောင်းကျလို့။ ခွေးကြီးက ဘဲရုပ်ဆိုးလေးကို သူ့နှာခေါင်းနဲ့ ထိပြီး အနံ့ခံကြည့်တယ်။ လျှာနဲ့လည်း လျက်(ယက်) ကြည့်တယ်။ ပြီးတော့ တစ်ခါတည်း ပြန်လှည့်သွားတော့တယ်။

"ဘုရားမတာပဲ၊ ငါက အရုပ်ဆိုးလွန်းအားကြီးတော့ အင်း··· ခွေးကတောင် မကိုက်ချင်ဘူး" လို့ ညည်းရင်း ဘဲရုပ်ဆိုးလေး ကျန်နေခဲ့တယ်။

သူဟာ အဲဒီ လတာပြင် ကျူတောကြီးနဲ့ ဝေးရာကို တစ်ခါ ထွက်ပြေးလာခဲ့ပြန်တယ်။ ညနေစောင်းလောက်ကျတော့ သူဟာ တဲကလေးတစ်တဲဆီကို ရောက်သွားတယ်။ အဲဒီတဲက အဘွားအိုကြီးတစ်ယောက်ပိုင်တဲ့ တဲပဲ။ အဲဒီတဲမှာ အဘွားအိုနဲ့အတူ ကြောင်တစ်ကောင်ရယ်၊ ကြက်မတစ်ကောင်ရယ် အတူတူ နေကြတယ်။

ကြက်မက ဥကောင်းကောင်း ဥပေးတယ်။ အဲဒီဥတွေကို အဘွားကြီးက စားနေရတာပေါ့။ ကြောင်ကတော့ သူ့ခါးကိုကုန်းပြီး ညောင်ညောင်နဲ့ အော်တတ်တယ်။ သူ့ကျောကို ပွတ်ပေးနေရင် သိပ်သဘောကျတယ်။ အဲဒီသတ္တဝါနှစ်ကောင်ဟာ ကိုယ့်ဘာသာကိုယ် အခြောက်တိုက် ဘဝင်မြင့်နေတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သတ္တဝါတွေထဲမှာ သူတို့နှစ်ကောင်ဟာ အသိဉာဏ် အမြင့်မားဆုံးလို့ ထင်နေကြတယ်။

အဘွားအိုက ဘဲရုပ်ဆိုးလေးကိုလည်း သူ့တဲမှာ လက်ခံထားလိုက်တယ်။ တစ်နေ့ကျရင် ဒီဘဲဟာလည်း သူ့ကို တစ်နေ့ တစ်ဥ ဥပေးနိုင်လိမ့်မယ်လို့ တွေးမိတာကိုး။ ဒီဘဲလေး အရုပ်ဆိုးတာကတော့ သူ့အတွက် ကိစ္စမရှိဘူး။ သူက မျက်စိမှုန်နေတော့ ကောင်းကောင်း မမြင်ရဘူးလေ။

ဒီလိုနဲ့ ရက်အတော်ကြာသွားတယ်။ ဘဲရုပ်ဆိုးလေးက အထီးဆိုတော့ ဘယ်ဥနိုင်မှာလဲ။ ဘဝင်မြင့်နေတဲ့ ကြောင်နဲ့ကြက်က သူ့ကို အသုံးမကျတဲ့ သတ္တဝါလို့ ပြောတယ်။

ကြက်မက "မင်း ငါ့လိုလည်း မဥတတ်ဘူး"

ကြောင်က "မင်း ငါ့လို ခါးလည်း မကုန်းတတ်ဘူး၊ ညောင်လို့လည်း မအော်တတ်ဘူး။ အလကားပဲ" လို့ အမြဲရှုတ်ချတယ်။

ဒီလိုနဲ့ ဘဲရုပ်ဆိုးလေးလည်း ဒီတဲကလေးကို စွန့်ခွာထွက်ပြေးလာခဲ့ရပြန်တယ်။

❑



# ဖေဖော်ဝါရီ ၁၆

## ၊ အရုပ်ဆိုးတဲ့ဘဲကလေး

အဲသလိုနဲ့ ဘဲရုပ်ဆိုးလေးဟာ ခြေဦးတည့်ရာ ထွက်လာခဲ့ရပြန်တယ်။ သူ ဘယ်နေရာကို ရောက်ရောက် သူ့ကို ခင်ခင်မင်မင် လိုလိုလားလားရှိတဲ့သူကို မတွေ့ရဘူး။ သူ အရုပ်ဆိုးတာကို အကြောင်းပြပြီး လှောင်ပြောင်ရှုတ်ချတဲ့သူတွေကိုပဲ အမြဲတွေ့နေရတယ်။ ဒီလိုနဲ့ တစ်နေ့ ကုန်ဆုံးသွားတယ်။ နောက်တော့ အော်တွန်ရာသီ။ ပြီးတော့ အင်မတန်ကြမ်းတမ်းရက်စက်တဲ့ ဆောင်းရာသီကို ရောက်လာတော့တယ်။

သစ်ရွက်တွေကြွေလို့ သစ်ပင်တွေလည်း အရိုးတံပြိုင်းပြိုင်းနဲ့ စိမ့်နေအောင် အေးတဲ့လေတွေကလည်း အဆက်မပြတ် တဟူးဟူး တိုက်ခတ်နေတယ်။ နှင်းတွေကလည်း ထုထုထဲထဲ ကျဆင်းနေတယ်။ အဲဒီဆောင်းတွင်းမှာ သူကြုံရတဲ့ဒုက္ခတွေကတော့ စာဖွဲ့ပြစရာ စကားလုံး ရှာလို့ မရဘူးလို့တောင် ပြောရမယ်။ ရေကန်တွေလို ဘဲရုပ်ဆိုးလေး သွေးခဲပြီး သေဆုံးမသွားတာကိုပဲ အံ့ဩစရာ ဆိုရမယ်။

ဒီလိုနဲ့ နွေဦးပေါက်ရာသီကို ရောက်လာပြန်တယ်။ နှင်းတွေလည်း ပျောက်ကုန်ပြီ။ နေရောင်ခြည်ကလည်း နွေးနွေးလေး ဖြာကျလို့။ သစ်ပင်တွေလည်း ရွက်နုလေးတွေ ဝေလို့။ ဘဲရုပ်ဆိုးကလေးဟာ သူ အားပိုကောင်းလာတာ၊ သူ့အတောင်ပံတွေ သန်မာလာတာကို သတိထားမိတယ်။ အဲဒီအတောင်ပံတွေကို စမ်းသပ်ခတ်ကြည့်တော့ သူ ကောင်းကောင်း ပျံနိုင်နေတာ တွေ့လိုက်ရတယ်။ ဒီလိုနဲ့ သူဟာ အမြင့်ကြီး အဝေးကြီးကို ပျံသန်းသွားတယ်။

တစ်နေ့တော့ အဲသလို ပျံသန်းသွားရင်းနဲ့ ထူးထူးခြားခြား စီမံပြုလုပ်ထားတဲ့ ရေကန်ကြီး တစ်ကန်နဲ့ အင်မတန်လှပတဲ့ ဥယျာဉ်ကြီးတစ်ခုကို သွားတွေ့တယ်။ အဲဒီရေကန်ထဲမှာ လည်ပင်း ရှည်ရှည်နဲ့ ဆွတ်ဆွတ်ဖြူတဲ့ အမွေးအတောင်တွေနဲ့ အင်မတန်လှပတဲ့ ငှက်ကြီးတွေဟာ ရေကူးနေကြတယ်။ အဲဒီအကောင်တွေကတော့ ငန်းဆိုတဲ့ သတ္တဝါတွေပဲ။ ဘဲရုပ်ဆိုးလေးကတော့ မသိဘူးတဲ့။

ဘဲရုပ်ဆိုးလေးဟာ တော်တော် ပျော်သွားတယ်။ ဒီလိုလှပပြီး ချစ်စရာကောင်းတဲ့ သတ္တဝါနဲ့ အတူတူနေရရင် ကောင်းမှာပဲလို့ တွေးမိတယ်။ သူဟာ ရှက်ရှက်နဲ့ အဲဒီငန်းတွေဆီကို ကူးခပ်သွားတယ်။ သူ့ကိုများ အရုပ်ဆိုးတယ်ဆိုပြီး နှင်ထုတ်လေမလား ဆိုတဲ့ စိတ်နဲ့ ရင်တထိတ်ထိတ်နဲ့ပေါ့။

ဒါပေမဲ့ ထင်မှတ်ထားသလို မဟုတ်ဘဲ သူ့ကိုမြင်တာနဲ့ ငန်းတွေက ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြတယ်။ ဘဲရုပ်ဆိုးလေးဟာ ကူးခပ်သွားရင်းနဲ့ ရေထဲမှာပေါ်နေတဲ့ သူ့အရိပ်ကို မြင်လိုက်ရတော့ အံ့ဩဝမ်းသာသွားတယ်။ သူဟာ ဒီရေကန်ထဲက တခြားသတ္တဝါနဲ့ အသွေးတူ အမွေးတူ ဖြစ်နေလို့ပါပဲ။

အဲဒီအချိန်မှာ ကလေးတချို့ဟာ ရေကန်ဘေးကို ပြေးလာပြီး ဟောဒီလို အော်ကြတယ်။

"ဟာ... ကြည့်စမ်းဟေ့၊ ဒီမှာ ငန်းအသစ်ကလေးတစ်ကောင် ရောက်နေတယ်။ ဒီငန်းကလေးဟာ ငန်းတွေထဲမှာတော့ အလှဆုံးပဲဟေ့"

ဒီအသံကြားတော့ ဘဲရုပ်ဆိုးလေးဟာ သိပ်ပျော်သွားတယ်။ တကယ်တော့ သူဟာ ဘဲခြံထဲမှာ ပေါက်လာတဲ့ ငန်းကလေးပါပဲ။ ကြေကွဲဖွယ် သူ့အတိတ်ဟာ ကျန်ခဲ့ပါပြီ။

သူဟာ ဘဝသစ် ပတ်ဝန်းကျင်သစ်မှာ ပျော်မွေ့နေပါပြီ။

"အင်း... ဒီအဖြစ်တွေက ငါ ဘဲရုပ်ဆိုးဘဝတုန်းက အိပ်မက်တောင် မမက်ခဲ့ဖူးတဲ့ အဖြစ်တွေပါပဲ" လို့ သူ ရေရွတ်နေမိတော့တယ်တဲ့ကွယ်။

တော်သေးပြီ။

❑



# ဖေဖော်ဝါရီ ၁၇

## ဖယောင်းတိုင်မီး ယုံတမ်းပုံပြင်

ဟို တော်တော်ဝေးဝေး ရှေးရှေးတုန်းက ဆိုပါတော့ကွယ်။ တဲကလေးတစ်တဲထဲမှာ မိန်းမအိုကြီးတစ်ယောက် နေနေတယ်တဲ့။ သူ့ဆီမှာ ဖယောင်းတိုင်တစ်တိုင် ရှိတယ်တဲ့။ အဲဒီဖယောင်းတိုင်က ရိုးရိုးဖယောင်းတိုင် မဟုတ်ဘူး။ ထူးဆန်းတဲ့ မှော်ဖယောင်းတိုင်တဲ့။ အမြဲတမ်း မီးတောက်နေလိုက်တာ ငြိမ်းတယ်လို့ မရှိဘူးတဲ့။ အဲဒီဖယောင်းတိုင်ဟာ လောင်ကျွမ်းလို့ ဘယ်တော့မှလည်း ကုန်ခန်းမသွားဘူး။ အင်း… မှော်ဖယောင်းတိုင်ဆိုတော့ ဖြစ်နိုင်တာပေါ့လေ။

အဲဒီဖယောင်းတိုင် မီးတောက်ကို တစ်ယောက်ယောက်က စူးစိုက်ကြည့်လိုက်မိရင် အဲဒီလူဟာ အဲဒီညကျရင် ထူးခြားတဲ့ ယုံတမ်းပုံပြင်လေးတစ်ပုဒ်ကို အိပ်မက်မက်တော့တာ ပဲတဲ့။ ဘယ်သူပဲ စူးစိုက်ကြည့်ကြည့် အဲဒီလူ အိပ်မက်မြင်ရတာပဲတဲ့။ သူ မြင်ရတဲ့ အိပ်မက် ပုံပြင်ကတော့ ဒီလိုတဲ့ ကလေးတို့ရဲ့။

ဟိုတစ်ခါတုန်းက ပိစိကွေးလို့ခေါ်တဲ့ မင်းသားလေးတစ်ပါး ရှိတယ်တဲ့။ မင်းသားလေး ဟာ ဘယ်လောက် သေးသလဲဆိုရင် သစ်အယ်သီးခွံထဲမှာ နန်းတော် ဆောက်နေတာတဲ့။ အဲဒီ သူနေတဲ့ သစ်အယ်သီးခွံလေးကိုပဲ စိန်တွေစီပြီး ရွှေချထားတာတဲ့။ သူ ပြတင်းပေါက် ကနေ ကြည့်လိုက်ရင် ငွေရောင်ပန်းတွေပွင့်နေတဲ့ ဥယျာဉ်တစ်ခု ရှိတယ်။ ဒီဥယျာဉ်ကို ပြုစုထိန်းသိမ်းရတဲ့ ဥယျာဉ်မှူးကောင်မလေးရဲ့ နာမည်ကတော့ ပုတုလေးတဲ့။

ပိစိကွေးနဲ့ ပုတုလေးပေါ့လေ။ သူတို့နှစ်ယောက်ဟာ အမြဲ ရန်ဖြစ်နေကြတာပဲ။ တစ်ခါတလေကျတော့ သူတို့နှစ်ယောက် ဘယ်သူက ပိုရှည်တယ်ပေါ့လေ။ တစ်ခါတလေကျတော့ လည်း သူတို့နှစ်ယောက်မှာ ဘယ်သူက ပိုပုတယ်။ တစ်ခါတလေကျတော့လည်း ဘယ်သူက မှည့်ခြောက် ပိုများတယ်။ တစ်ခါတလေကျတော့လည်း ကိတ်မုန့်ကို ဘယ်လိုဖုတ်ရတယ် စသဖြင့်ပေါ့လေ။ အကြောင်းတစ်ခုမဟုတ်ရင် အခြား အကြောင်းတစ်ခုနဲ့ စကားများနေကြ တာပဲ။ အဲ… ရန်ဖြစ်ပြီးတဲ့အချိန်ကျတော့လည်း သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို

တစ်ယောက် သိပ်ချစ်ကြပြန်တယ်တဲ့။ ဒါပေမဲ့ ဒီလိုချစ်ကြတာကိုလည်း တစ်ယောက်နဲ့ တစ်ယောက် ထုတ်မပြောကြဘူး။ သူတို့က သိပ်လည်း ရှက်တတ်ကြတာကိုး။

အဲသလိုနဲ့ တစ်နေ့ကျတော့ မင်းသားလေးဟာ တောပစ်ထွက်ခဲ့ပါရောတဲ့။ ဒီလောက်ပုတဲ့ ပိစိကွေးမင်းသားလေးဟာ ဘယ်လိုအကောင်ကိုများ အမဲပစ်မှာလဲလို့ ကလေးတို့ သိချင်နေမယ်။ အင်း… အဲဒါတော့ ဦးလည်း သေသေချာချာ မသိဘူးကွဲ့။ စဉ်းစားမိတာကတော့ ဖြစ်နိုင်တာက ခြင်ကောင်တွေ ဖြစ်မှာပဲ။ ကဲ… ထားလိုက်ပါတော့၊ ဒီထက် စိတ်ဝင်စားစရာကောင်းတဲ့အခန်း ရောက်လာပြီ။

အဲဒီအချိန်မှာပဲ ဘယ်က ရောက်လာမှန်း မသိတဲ့ ဘီလူးနှစ်ကောင်ဟာ ပျံသန်းရောက်လာပြီး တစ်ကောင်က မင်းသားလေးကို သူ့ခြေထောက်တွေနဲ့ ကုပ်ဖမ်းလိုက်တယ်။ နောက်တော့ နှစ်ကောင်သား အဝေးကို ပျံထွက်သွားရောတဲ့။ တောကစားထွက်သွားတဲ့ မင်းသားလေး ပြန်ရောက်မလာတော့ဘူးဆိုတော့ ဘုရင်ကြီးလည်း စိတ်ပူရတာပေါ့။ ဒါကြောင့် သူပိုင်တဲ့ တစ်ကမ္ဘာလုံးကို ကြေညာချက် ထုတ်တယ်။ ငါ့သားတော်လေးကို အိမ်ရောက်အောင် ပြန်ခေါ် လာနိုင်တဲ့သူဆိုရင် ငါပိုင်တဲ့ တိုင်းပြည်တစ်ဝက်ပေးမယ်လို့။ ဒါပေမဲ့ ဘယ်သူမှ မတတ်နိုင်ကြဘူး။ ဘယ်သူမှလည်း ရှာမတွေ့ကြဘူး။ နောက်ဆုံးတော့ ဥယျာဉ်မှူးမလေး ပုတုလေးက "ကျွန်မ မင်းသားလေးကို အိမ်ပြန်ရောက်အောင် ခေါ်လာပါ့မယ်" လို့ ဘုရင်ကြီးကို သွားပြောတယ်တဲ့။



"သူ မရှိတော့ ကျွန်မနဲ့ ရန်ဖြစ်ရမယ့်အဖော်မရှိဘူး ဖြစ်နေတယ်။ ပျင်းဖို့ကောင်းလှတယ်။ ဒါကြောင့် သွားရှာမှာ" လို့ ပြောတယ်တဲ့။ ပြီးတော့ သူက ပင့်ကူမျှင်နဲ့ ရက်ထားတဲ့ သူ့ဖိနပ်ကလေးကို ထုတ်စီးခဲ့ပြီး နှုတ်ဆက်ထွက်ခွာသွားတော့တယ်တဲ့ကွယ်။

* ***The Candle-Flame Fairy Tale***


□

# ဖေဖော်ဝါရီ ၁၈

## ဖယောင်းတိုင်မီး ယုံတမ်းပုံပြင်

ကလေးတို့၊ ပုတုလေး ဘယ်ကိုသွားမယ် ထင်သလဲ။ သူ့နှာခေါင်းနောက်ကို သူ လိုက်တော့တာပေါ့။ ဟုတ်တယ်လေ၊ အနံ့ခံပြီးသွားတော့ လမ်းစ မပျောက်တော့ဘူး။ မကြာခင် ရေခဲဂူလေးတစ်ဂူကို ရောက်သွားတယ်တဲ့။ အထဲမှာ ရွှေရောင် ရေခဲပန်းဆွဲတွေ လှလိုက်တာတဲ့။ ဂူအလယ်က ခုတင်လေးပေါ်မှာတော့ မင်းသားလေး ပိစိကွေးဟာ သစ်တုံးတစ်တုံးလို အိပ်ပျော် နေတယ်တဲ့။

အဲဒီခုတင်လေးရဲ့ ခေါင်းရင်းမှာ ပန်းပုံတွေ ရေးထားတယ်တဲ့။ ခြေရင်းမှာတော့ ငန်းပြူ နှစ်ကောင်ရဲ့ ပုံကို ရေးထားတယ်။ အဲဒီငန်းတွေရဲ့ အောက်မှာတော့ စာတန်းတစ်ခု ရေးထားတယ်။ ဒါပေမဲ့ မှော်စာလုံးတွေနဲ့ ရေးထားတာ ဆိုတော့ ဘယ်သူမှ မဖတ်တတ်ကြဘူး။ ပုတုလေးလည်း မဖတ်တတ်ဘူး။ ကလေးတို့လည်း ဖတ်တတ်မှာ မဟုတ်ဘူး။



ပုတုလေးဟာ မင်းသားလေးရဲ့ နှာခေါင်းကို ဆွဲညှစ်နှိုးတယ်။ မနိုးဘူး။ ခြေဖျားကို ချိုးပြီး နှိုးတယ်။ အဲဒါလည်း တုတ်တုတ်မှ မလှုပ်ဘူး။ သူ့မျက်လုံးတွေက လင်းနို့မျက်လုံးတွေလိုပဲ ဖြစ်နေတယ်။ မှေးစင်းစင်းနဲ့ မပွင့်တာကို ပြောတာ။ အဲဒီအချိန်မှာပဲ မိုးကြိုးပစ်သံ လောက် ကျယ်လောင်တဲ့ ခြေသံတွေကို

ဂူအပြင်ဘက်က ကြားလိုက်ရတယ်။ တစ်ဆက်တည်းပဲ အရုပ်ဆိုးတဲ့ ဘီလူးနှစ်ကောင်လည်း ဂူထဲကို ဝင်လာတော့တယ်။ ပုတုလေး ရေခဲပန်းဆွဲတစ်ခု နောက်မှာ ကပျာကသီ ပြေးဝင်ပုန်းလိုက်တာ အချိန်မီရုံလေး ရှိတယ်တဲ့။

အဲဒီဘီလူးနှစ်ကောင်ဟာ ခုတင်ပေါ်မှာ နားပြီး ဒီလို အမိန့်ပေးလိုက်ကြတယ်။

"ငှန်းတွေ၊ သူအိပ်နေတဲ့ ခုတင်ပေါ်က ငှန်းတွေ သီချင်းဆိုကြ၊ သူ့မျက်လုံးက အိပ်စက် ခြင်းတွေကို အဝေးရောက်လေအောင် သီချင်းဆိုကြ ငှန်းတွေ"

ငှန်းတွေက သီချင်းဆိုကြတယ်။ မင်းသားလေးလည်း နိုးလာတယ်။ ဘီလူးနှစ်ကောင်က မင်းသားလေးကို ကြည့်ပြီး မနှစ်မြို့တဲ့လေသံနဲ့ ပြောကြတယ်။

"ဘယ်လိုလဲ၊ မင်း တို့နှစ်ယောက်ထဲက တစ်ယောက်ကို လက်ထပ်ယူဖို့ ဆုံးဖြတ်ပြီးပြီလား"

မင်းသားလေးကတော့ ခါးခါးသီးသီး ငြင်းတယ်။

"သွားကြ ဝက်ပျံတွေ၊ မင်းတို့ကို ငါ တစ်သက်လုံး လက်မထပ်ဘူး"

ဘီလူးနှစ်ကောင်ဟာ ဒေါသတကြီးနဲ့ ထပ်ပျံရင်း ခုလို အမိန့်ပေးပြန်တယ်။

"ငှန်းတွေ၊ သူအိပ်နေတဲ့ ခုတင်ပေါ်က ငှန်းတွေ သီချင်းဆိုကြ၊ အိပ်စက်ခြင်းနဲ့ သူ့မျက်လုံးတွေ လေးလံလာအောင် သီချင်းဆိုကြ ငှန်းတွေ"

အဲသလိုနဲ့ မင်းသားလေးလည်း ပြန်အိပ်ပျော်သွားပြန်တယ်။ ဘီလူးနှစ်ကောင်လည်း ဂူထဲက ထွက်သွားကြတော့တယ်။

❑

# ဖေဖော်ဝါရီ ၁၉

## ဖယောင်းတိုင်မီး ယုံတမ်းပုံပြင်

ဘီလူးနှစ်ကောင် အပြင်ရောက်သွားတာနဲ့ ပုတုလေးဟာ ပုန်းနေရာက ထွက်လာတယ်။ ပြီးတော့ ခုန သူကြားလိုက်သလို ဘီလူးနှစ်ကောင် အမိန့်ပေးခဲ့တာကို တုပပြီး ငန်းတွေကို အမိန့်ပေးလိုက်တယ်။

"ငန်းတွေ၊ သူအိပ်နေတဲ့ ခုတင်ပေါ်က ငန်းတွေ သီချင်းဆိုကြ၊ သူ့မျက်လုံးက အိပ်စက်ခြင်းတွေ အဝေးရောက်လေအောင် သီချင်းဆိုကြ ငန်းတွေ"

ငန်းတွေက သီချင်းဆိုတယ်။ မင်းသားလေးလည်း အိပ်ရာက နိုးလာတယ်။ သူ့မျက်လုံးတွေ ပွင့်လာလို့ ပုတုလေးကိုလည်းမြင်ရော ဝမ်းသာအားရ ဖက်ပါလေရော။ နောက်တော့ ထုံးစံအတိုင်း ရန်နည်းနည်းဖြစ်ကြပြန်ရော၊ နောက်တော့ ချစ်ကြပြန်ရော။

ပုတုလေးက မင်းသားလေး ပိစိကွေးကို သင်ပေးတယ်။ နောက်တစ်ခါ ဘီလူးနှစ်ကောင် လာမေးရင် တစ်ယောက်ကို လက်ထပ်ယူပါ့မယ်လို့ ဟန်ဆောင်ပြီး ပြောဖို့ပေါ့။ ပြီးတော့ သူတို့ ဒီဂူကြီးထဲမှာ မရှိတဲ့အခါ ဘယ်မှာသွားပြီး ဘာလုပ်ကြတယ် ဆိုတာ မေးဖို့။ ပြီးတော့ ငန်းရုပ်တွေအောက်က လျှို့ဝှက်ရေးထားတဲ့ မှော်အက္ခရာတွေဟာ ဘယ်လိုစာဖြစ်တယ်ဆိုတာ မေးဖို့။ ဒါမှသာ ဒီခုတင်လေးရဲ့ ရည်စူးချက်ကို သိရမှာလို့ ပြောပြနေတယ်။

အဲဒီအချိန်မှာပဲ အပြင်က ဘီလူးတွေ ဂူဆီပြန်လာတဲ့အသံ ကြားတော့ ရွှေကျောက်ပန်းဆွဲတွေရဲ့နောက်မှာ ပုတုလေးက ဝင်ပုန်းနေလိုက်ပြန်တယ်။

ဒီတစ်ခါလည်း ဘီလူးနှစ်ကောင်က မင်းသားလေးကို ခြိမ်းခြောက်မေးပြန်တယ်။

"ဘယ်လိုလဲ၊ မင်းစိတ်ထားတွေ မပြောင်းသေးဘူးလား၊ တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို လက်မထပ်နိုင်သေးဘူးလား"

ဒီတစ်ခါတော့ မင်းသားလေးဟာ ပုတုလေး မှာထားတဲ့အတိုင်း ဟန်ဆောင်ပြောလိုက်တယ်။

"ကျုပ် မင်းတို့ထဲက တစ်ယောက်ကို လက်ထပ်ယူပါတော့မယ်။ ဒါပေမဲ့ တစ်ခု တော့ ရှိတယ်။ ငါ သိချင်တာတွေကို မင်းတို့က လိုက်လျောပြောပြရမယ်။ ဒါမှ လက်ထပ် နိုင်မယ်"

သူတို့က "ဘာသိချင်တာလဲ"လို့ မေးတော့-

"ဟောဒီ ဂူကြီးထဲမှာ မရှိတဲ့အခါ မင်းတို့ ဘယ်ကိုသွားပြီး ဘာလုပ်နေကြသလဲ။ ပြီးတော့ ဟောဒီ ခုတင်ပေါ်မှာ ရေးထားတဲ့ လျှို့ဝှက်စာတွေက ဘာအဓိပ္ပာယ်လဲ"

ဘီလူးနှစ်ကောင်ဟာ မင်းသားလေးကို သဘောကျနေတဲ့အတွက် မင်းသားလေး သိချင်တာတွေကို ပြောပြတယ်။

"ငါတို့ ဒီဂူထဲမှာမရှိတဲ့အခါ မလှမ်းမကမ်းက သစ်တောနက်ထဲမှာ ရွှေဥတစ်ဥနဲ့ သွားဆော့ကစားနေကြတာ။ အဲဒီရွှေဥကိုသာ တစ်ယောက်ယောက် ခွဲပစ်လိုက်ရင် ငါတို့ဟာ အစွမ်းမရှိတဲ့ ငန်းနက်နှစ်ကောင်ဘဝကို ပြန်ရောက်သွားလိမ့်မယ်"

ပြီးတော့ သူတို့က ခုတင်ပေါ်က မှော်အက္ခရာနဲ့ ရေးထားတဲ့ စာတွေကိုလည်း မင်းသားလေး နားလည်အောင် ဖတ်ပြကြတယ်။ ဒီခုတင်ဟာ မှော်ခုတင်ပဲ။ ဒီစာတွေက မှော်ခုတင်ကို အမိန့်ပေးတဲ့စာတွေ။ ဘယ်သူမဆို ခုတင်ပေါ် တက်ထိုင်ပြီး-

"အို… မှော်ခုတင် တို့ဆိုင်းမနေနဲ့၊ အခုချက်ချင်း ငါတို့ သွားလိုရာကို ပို့ပေး ပါလော့"

လို့ ရွတ်ပြီး ကိုယ်သွားချင်တဲ့နေရာကို ပြောလိုက်ရင် အဲဒီခုတင်က ပျံပြီး ပို့ပေးလိမ့်မယ်။ အဲဒီနောက်မှာတော့ ဘီလူးနှစ်ကောင်ဟာ မင်းသားလေးကို ပြန် အိပ်ပျော်အောင် လုပ်လိုက်တယ်။ မင်းသားလေး အိပ်ပျော်သွား တာနဲ့ သူတို့လည်း ရွှေဥနဲ့ ကစားရအောင် သစ်တော နက်ကို ရောက်သွားပါရောတဲ့။

❑




## ဖေဖော်ဝါရီ ၂၀

### ဖယောင်းတိုင်မီး ယုံတမ်းပုံပြင်

ဘီလူးတွေရဲ့ ခြေသံတွေ တဖြည်းဖြည်း ဝေးပြီး ပျောက်သွားတဲ့အထိ ပုတုလေးဟာ ပုန်းနေလိုက်တယ်။ ပြီးမှ ပုန်းနေရာက ထွက်လာပြီး မင်းသားလေးကို နှိုးဖို့ ငန်းတွေကို အမိန့်ပေးလိုက်တယ်။ မင်းသားလေးလည်း နိုးလာရော ခုတင်ပေါ်ကို သူပါ တက်ထိုင်ပြီး ဘီလူးနှစ်ကောင်ဆီက ကြားထားတဲ့အတိုင်း အမိန့်ပေးလိုက်တယ်။

"အို… မှော်ခုတင် တုံ့ဆိုင်းမနေနဲ့၊ အခုချက်ချင်း ငါတို့ သွားလိုရာကို ပို့ပေးပါလော့"

ပြီးတော့ ဘီလူးတွေရှိတဲ့ သစ်တောနက်ဆီကို ပို့ပေးဖို့ ပြောလိုက်တယ်။ သူ့စကား ဆုံးတာနဲ့ ထူးထူးခြားခြားပဲ မှော်ခုတင်ဟာ ငှက်တစ်ကောင်လို ပျံတက်သွားတယ်။ ဒီလိုနဲ့ လေထဲမှာ သူတို့ကို သယ်ဆောင်သွားရင်း သစ်တောနက်ထဲ ရောက်သွားတော့တယ်။



ပိစိကွေးနဲ့ ပုတုလေးတို့ဟာ သစ်ပင်ကြီးတစ်ပင်ရဲ့ ထိပ်မှာ ပုန်းနေကြတယ်။ မင်းသားလေးက သစ်ကိုင်းလေးတစ်ကိုင်းကို ချိုးပြီး ထိပ်ကို လုံလေးတစ်ချောင်းလို ဖြစ်အောင် ချွန်ပြီး အသင့်စောင့်စားနေလိုက်တယ်။ မကြာပါဘူး၊ ဘီလူးနှစ်ကောင်ဟာ အဲဒီသစ်ပင်ကြီးရဲ့ အောက်ကို ရောက်လာကြပါရော။ ပြီးတော့ သူတို့ဟာ သူတို့မှာ ပါလာတဲ့ ရွှေကိုထုတ်ပြီး တစ်ယောက်ဆီ တစ်ယောက် ပစ်မြှောက်ပေးတမ်း ကစားနေကြတယ်။

အဲဒီရွှေဥ လေထဲမှာ ရောက်နေတုန်း မင်းသားလေး ပိစိကွေးဟာ သူ့လှံလေးကို သေသေချာချာ ချိန်ရွယ်ပြီး ပစ်လိုက်တယ်။ အဲဒီလှံကလေးက ရွှေဥကို ထိသွားလေတော့ ရွှေဥလည်း အစိတ်စိတ်အမြွာမြွာ ကွဲသွားပါလေရောတဲ့။ အဲဒါကြောင့် ဘီလူးနှစ်ကောင်က လည်း ငန်းနက်နှစ်ကောင်ဘဝကို ပြန်ရောက်သွားကြတော့တယ်။

ပိစိကွေးနဲ့ ပုတုလေးဟာ တုံ့ဆိုင်းမနေဘဲ ဂူကြီးဆီပြန်သွားဖို့ သူတို့ခုတင်လေးကို အမိန့်ပေးလိုက်တယ်။ ရောက်တော့ သူတို့ဟာ အဲဒီဂူထဲက ရွှေတွေနဲ့ ကျောက်မျက်ရတနာ တွေကို သူတို့ ယူနိုင်သလောက် ယူကြတယ်။ ပြီးတော့မှ ခုတင်လေးကို သူတို့အိမ်ကို ပြန်ပို့ပေးဖို့ အမိန့်ပေးလိုက်တယ်။

သူတို့ဟာ ဘေးအန္တရာယ်မရှိဘဲ ကောင်းကောင်းမွန်မွန် ပြန်ရောက်သွားကြတယ်။ ဘုရင်ကြီးက သိပ်ဝမ်းသာတာပေါ့။ သူတို့နှစ်ယောက်ကို ခမ်းခမ်းနားနား လက်ထပ်ပေးလိုက် တယ်။ သူ့တစ်တိုင်းပြည်လုံး လွှဲပေးလိုက်တယ်။ သူကတော့ အသက်ကြီးပြီဆိုတော့ တရား အားထုတ်ပဲ နေတော့တာပေါ့။ ကလေးတို့က ပိစိကွေးနဲ့ ပုတုလေးအကြောင်း ဆက်သိချင် သေးရင်တော့ ပြောပြရတာပေါ့ကွယ်။ ဒီလိုတဲ့။

အဲဒီအချိန်ကစပြီး သူတို့ ရန်ဖြစ်နေလိုက်ကြတာ မဆုံးနိုင်အောင်ပဲတဲ့။ ပုတုလေးက ပလ္လင်ပေါ်တက်ထိုင်ပြီး တိုင်းပြည်ကို အုပ်ချုပ်နေရတယ်။ ပိစိကွေးကတော့ ပုတုလေးရဲ့ ခုတင်လေးပေါ်မှာ အမြဲ အိပ်ပျော်နေတော့တယ်တဲ့ကွယ်။

❑

# ဖေဖော်ဝါရီ ၂၁

## မောင်ဆွံ့အလေးနှင့် သတို့သမီး

ဟိုးတစ်ခါတုန်းကတဲ့ကွယ်၊ ရှေးရှေးတုန်းကလောက် မကြာသေးဘူးပေါ့။ တောရွာတစ်ရွာက လယ်သမား ဖနီးမောင်နှံဆီမှာ သားလေးတစ်ယောက် ရှိတယ်။ အဲဒီသားကလေးဟာ တကယ့်ချစ်စရာလေးပါပဲ။ စကားတော့ တစ်လုံးမှ မပြောတတ်ရှာဘူးတဲ့။ စကားပြောရမယ့်အရွယ် ရောက်လာလို့ သူ့မိဘတွေက ဘယ်လိုပဲ သင်ပေးပေး မပြောနိုင်ရှာဘူး။

သူ့မိဘတွေကလည်း ဒီသားကလေးကို စကားပြောတတ်ချင်ရှာတော့ အမျိုးမျိုးကြိုးစားပြီး ဟိုဟိုဒီဒီ ခေါ်သွားကြတယ်။ ဆရာဝန်ဆီ ခေါ်သွားတယ်။ ဗိန္ဓောဆရာဆီလည်း ခေါ်သွားကြတယ်။ အကြံဉာဏ်ပေးနိုင်တဲ့သူမှန်သမျှဆီ သူတို့ ရောက်တာပဲ။ ကျောင်းဆရာမကြီးဆီလည်း ရောက်တယ်။ ရွာထဲကလူတွေက စုန်းတတ်တယ်လို့ ပြောတဲ့ မိန်းမကြီးဆီလည်း ရောက်တယ်။ ဘယ်သူကမှ သူ့ကို စကားလေးတစ်လုံးတောင် ပြောအောင် မတတ်နိုင်ကြဘူး။ သူဟာ လူစင်စစ်က ငါးတစ်ကောင်ဘဝ ရောက်နေသလိုပဲ။

နောက်ဆုံးတော့ သူ့မိဘတွေကပဲ လက်လျှော့လိုက်ကြတယ်။ ဒီလိုနဲ့ စကားမပြောတတ်တဲ့ မောင်ဆွံ့အလေးဟာ အရွယ်ရောက်လာတော့တယ်။ ဒီတော့ သူ့မိဘတွေလည်း မောင်ဆွံ့အလေးနဲ့ ပေးစားဖို့ မိန်းမရှာရတော့တာပေါ့။ သိပ်တော့ ရှည်ရှည်ဝေးဝေး မရှာရပါဘူး။ သူတို့ လယ်ထဲမှာပဲ အလုပ်လုပ်နေတဲ့ ကောင်မလေး ရှိတယ်။ မထိုင်းတဲ့၊ မထိုင်းလို့ ဘာကြောင့် ခေါ်ရတာလဲ ဆိုတော့ ဉာဏ်ထိုင်းလွန်း၊ ထူလွန်း အလွန်းအားကြီးလို့တဲ့။ စကားကလည်း နည်းနည်းပဲ ပြောတတ်တယ်တဲ့။

သူ့မိဘတွေက မောင်ဆွံ့အလေးနဲ့ မထိုင်းကို ပေးစားဖို့ စီစဉ်ကြတယ်။ တစ်ယောက်ကလည်း စကားမပြောတတ်။ တစ်ယောက်ကလည်း စကားနည်းနည်းပဲ ပြောတတ်တယ်ဆိုတော့ သူတို့ လင်မယား ခွန်းကြီးခွန်းငယ် စကားများမှာ မပူရတော့ဘူးလို့ တွေးသတဲ့။ ဟုတ်လည်း ဟုတ်တယ်နော်။

ဒီလိုနဲ့ မင်္ဂလာပွဲနေ့ ရောက်လာတယ်။ တစ်ရွာလုံးကို ဖိတ်ထားတော့ အင်မတန် စည်ကားနေတာပေါ့။ မထိုင်းကလေးက နွားနို့ဆန်ပြုတ်တစ်အိုး ကျိုနေတယ်။ သူက ဒီမင်္ဂလာပွဲကို ရောက်နေတဲ့သူတွေ သူတို့မင်္ဂလာဆောင်ကျင်းပတဲ့နေ့ကို တစ်သက် မမေ့နိုင်အောင် လုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့လေ။ ဒါပေမဲ့ နဂိုကတည်းက ဉာဏ်ထိုင်းတဲ့ မိန်းကလေး ဆိုတော့ ဆန်ပြုတ်ကျိုတာတောင် ဘယ်သဘာဝကျအောင် ကျိုတတ်ပါ့မလဲ။

ဆန်ပြုတ်လည်း ကျိုပြီးရော မထိုင်းလေးဟာ တစ်ပန်းကန်ခပ်ပြီး သတို့သား မောင်ဆွံ့ဆီ အရင်ယူလာပေးတယ်။ အဲဒီဆန်ပြုတ်ကို တစ်ဇွန်းလည်း ခပ်သောက်ပြီးတော့ ရုတ်တရက် မောင်ဆွံ့ရဲ့ ပါးစပ်က မကျေမနပ်သံ ထွက်လာရောတဲ့။

"ဟင်… ဆန်ပြုတ်က ချိုလည်း မချိုပါလား"

မောင်ဆွံ့ စကားပြောသံကြားတော့ လူတိုင်း အံ့အားသင့်သွားကြတယ်။ လူတွေက တအံ့တသြ ဝိုင်းမေးကြတယ်။

"မင်းဟာ တစ်သက်လုံး စကားမပြောတဲ့ကောင်၊ ခုမှ ဘာလို့ ပြောရတာလဲ" လို့ပေါ့လေ။ ဒီတော့ မောင်ဆွံ့ကလေးက ပွင့်နေတဲ့ သူ့ပါးစပ်ကို လက်နဲ့ပိတ်ပြီး ဒီလို ဖြေတယ်တဲ့။

"အရင်က ကျွန်တော် စကားမပြောတာ အကြောင်းရှိပါတယ်။ အရင်က ကျွန်တော် သောက်ရသမျှ ဆန်ပြုတ်တွေက ချိုနေလို့ပါ" တဲ့။ ဒီပုံပြင်လေးကတော့ ရယ်စရာကလေး ပေါ့ကွယ်။

❑



ဖေဖော်ဝါရီ ၂၂

## လူစွမ်းကောင်း ခုနစ်ယောက်

တစ်ခါတုန်းက ရွာတစ်ရွာမှာ သူရဲဘောကြောင်တဲ့လူ ခုနစ်ယောက် ရှိတယ်။ သူရဲဘောကြောင်တယ် ဆိုတာ သတ္တိနည်းတာ၊ ကြောက်တတ်တာကို ပြောတာပေါ့ ကလေးတို့ရယ်။ သူတို့ ခုနစ်ယောက်ဟာ သတ္တိသာနည်းတာ၊ အကြွားအဝါကျတော့ အင်မတန်သန်တယ်တဲ့။ လူတွေတွေ့ရင် သူတို့ ဘယ်တုန်းကမှ မကြုံခဲ့ဖူးတဲ့ သူတို့ ဘယ်လောက်ရဲရင့်တယ်။ သတ္တိကောင်းတယ် ဆိုတဲ့ အကြောင်းတွေကို ကြံဖန်ပြီး ပြောတတ်တယ်တဲ့။

တစ်နေ့ကျတော့ သူတို့ထဲမှာ စကားများလွန်းအားကြီးလို့ ကိုလေပေါလို့ နာမည်ရတဲ့လူက စပြောတယ်။

"အို… ငါ့သွေးသောက်တို့၊ တို့တွေ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး။ တို့တွေဘယ်လောက် သတ္တိရှိတယ်၊ ရဲရင့်တယ်ဆိုတာ ကမ္ဘာကြီးသိအောင် ခရီးထွက်ပြီး ပြကြစို့" လို့ ပြောတယ်။

ကျန်တဲ့သူတွေကလည်း ကြွားချင်သူတွေဆိုတော့ ချက်ချင်းပဲ ဝမ်းမြောက်ဝမ်းသာ သဘောတူလိုက်ကြတယ်။

အဲဒီတော့ သူတို့ဟာ မကြောက်ရွံ့ရအောင် ဆိုပြီး လှံရှည်ကြီးတစ်ချောင်း လုပ်တယ်။ အဲဒီလှံရှည်ကြီးက ဘယ်လောက်ရှည်သလဲဆိုရင် သူတို့ ခုနစ်ယောက် တစ်ပြိုင်နက်တည်း ထမ်းမှ သယ်လို့ရတယ်။ ကြောက်ကြောက်နဲ့ လက်နက်ကြီးကို ကြီးအောင် လုပ်ကြတာ။ ရန်သူနဲ့တွေ့ရင် ဒါကြီးနဲ့ တိုက်မယ်ပေါ့လေ။ အဲဒီလှံကြီးရဲ့ ထိပ်ဆုံးမှာ ကိုလေပေါက နေရတယ်။ သူ့နောက်မှာတော့ ကြီးစဉ်ငယ်လိုက် စီပြီး ရပ်ကြရတယ်။ အငယ်ဆုံးက နောက်ဆုံးမှာပေါ့။

လှံကြီးကရှည်တော့ ခရီးထွက်မလို့ ထမ်းလိုက်တာ နောက်ဆုံးက တစ်ယောက်ဟာ ချုံထဲက သစ်ရွက်တွေကြား ရောက်နေတယ်။ ဘာမှမမြင်ရဘူးပေါ့။ ဒါပေမဲ့ သူ အမိန့်ပေး

တာ၊ ဆုံးဖြတ်တာကို ကျန်တဲ့သူတွေဟာ လုပ်ကြရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကျန်တဲ့ လူသုံးယောက်စာလောက် သတ္တိရှိလို့တဲ့။

ဒီလိုနဲ့ သူတို့ခရီးထွက်လာလိုက်ကြတာ မြက်တောကွင်းပြင်ကြီး တစ်ခုထဲကို ရောက်လာတယ်။ အဲဒီမှာ သူတို့ဟာ ပျားပိတုန်းတစ်ကောင်ရဲ့ အတောင်ပံခတ်သံကို ကြားရတယ်။ ရှေ့ဆုံးက ကိုလေပေါက ရပ်ပြီး အထိတ်တလန့် အော်လိုက်တယ်။

"ဟော့… ကြားကြလားဟော့။ ရန်သူတွေက အချက်ပေးတဲ့ ဗုံတီးနေတဲ့အသံ၊ စစ်မြေပြင်နဲ့ သိပ်နီးနေပြီ ထင်တယ်" ပေါ့လေ။

အဲဒီအချိန်မှာ လေတိုက်တော့ အနီးအနားရွာက မီးခိုးတချို့လည်း ပျံ့လွင့်လာတာပေါ့။ အဲဒါကို တခြားတစ်ယောက် အနံ့ခံလိုက်ပြီး-

"ကိုလေပေါ ပြောတာ မှန်တယ်၊ ကျုပ်ကတော့ ယမ်းနံ့တွေတောင် ရနေတယ်" လို့ ထောက်ခံလိုက်တယ်။



အဲဒီအသံတွေလည်း ကြားရော နောက်ဆုံး သတ္တမမြောက် လူက "ရန်သူတွေဆီ ချီတက်ကြ" လို့ အော်အမိန့်ပေးလိုက်တော့တယ်။ သူက အားလုံးရဲ့ နောက်ကနေရတာ ဆိုတော့ ဘာမှတော့ မြင်ရတာ မဟုတ်ဘူး။ အဲဒီလို အော်လိုက်တဲ့အချိန်မှာ သူ့ဒူးတွေက ကြောက်လွန်းလို့ တဆတ်ဆတ် တုန်နေပြီ။

ရှေ့ဆုံးက ကိုလေပေါလည်း ဒီအမိန့် ပေးသံကြားရော ကြောက်လန့်တကြားနဲ့ ထခုန်ပါတော့တယ်။

ကဲ… လူစွမ်းကောင်းကြီး ခုနစ်ယောက်ရဲ့ မဟာစွန့်စားခန်းကြီးကို နောက်နေ့မှ ဆက်နားထောင်ကြပါတော့ကွယ်။

* *The Seven Swagians*

❑

# ဖေဖော်ဝါရီ ၂၃

## လူစွမ်းကောင်း ခုနစ်ယောက်

ကိုလေပေါ်ခမျာ ကံဆိုးတယ် ခေါ်ရမယ်။ သူ ကြောက်လန့်တကြား ထခုန်ပြီး ပြန်ကျတာက မြေကြီးပေါ်မှာ လှဲထားတဲ့ ထွန်ခြစ်အသွားပေါ် ဖြစ်နေတယ်။ ဒီတော့ ထွန်ခြစ်ရဲ့ လက်ကိုင်ရိုးက ထောင်ထလာပြီး သူ့မျက်လုံးနှစ်လုံးအကြားက နှာရောင်ကို တည့်တည့်မတ်မတ် ရိုက်မိတော့တယ်။

အဲဒီလို ရိုက်မိတယ်ဆိုရင်ပဲ လူစွမ်းကောင်းကြီး ကိုလေပေါ်ဟာ "ကယ်ကြပါဦးဗျို့၊ ကြောက်ပါပြီ၊ လက်နက်ချပါပြီ" လို့ ကုန်းအော်တော့တယ်။ နောက်ကပါလာတဲ့ တခြား လူစွမ်းကောင်းတွေလည်း ဒီအသံကြားရော သူတို့ထမ်းလာတဲ့ လှံကို ပစ်ချပြီး နီးစပ်ရာ ကောက်ရိုးပုံထဲ သူ့ထက်ငါ လုယက်ခေါင်းတိုးဝှက်ကြရင်း-

"ကျုပ်တို့လည်း လက်နက်ချပါပြီဗျာ၊ ချမ်းသာပေးပါ၊ ချမ်းသာပေးပါ" လို့ ကုန်းအော်ကြတော့တယ်။

အချိန်က တော်တော်ကြာသွားတယ်။ ဘာမှလည်း ဖြစ်မလာဘူး။ အဲဒီတော့မှ လူစွမ်းကောင်းတွေဟာ ကောက်ရိုးပုံထဲ လျှိုထားတဲ့ ခေါင်းတွေကို မသိမသာလေး ထုတ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကြတယ်။ သူတို့ဟာ ရန်သူတစ်ယောက်မှလည်း မတွေ့ရဘူး။ ဘာသံမှလည်း မကြားရဘူး။ ဒီတော့မှ လူစွမ်းကောင်းတွေဟာ ရင်ကိုကော့ပြီး တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ချီးကျူးဂုဏ်ပြုကြတယ်။

"ကြည့်စမ်း၊ ဘယ်လောက် ကြီးကျယ်တဲ့ ငါတို့ရဲ့ မဟာအောင်ပွဲကြီးလဲ" တဲ့။ ရယ်စရာကောင်းတဲ့သူတွေပဲနော် ကလေးတို့။

အဲသလိုနဲ့ သူတို့ဟာ ဆက်ခရီးထွက်လာခဲ့ကြတယ်။ တကယ့်အောင်ပွဲရ စစ်သည်တော်တွေ ပုံစံနဲ့ပေါ့လေ။ သူတို့ဟာ နှင်းဆီရိုင်းတွေပွင့်နေတဲ့ ခြံစည်းရိုးနား ရောက်သွားတယ်။ အင်မတန် သာယာလှပတဲ့ နေရာကလေးပဲ။ အဲဒီနှင်းဆီရိုင်းတွေ အောက်မှာတော့ ယုန်ဝဝတစ်ကောင်က အိပ်ပျော်နေတယ်။ ယုန်ကလေးဟာ အပူအပင်မရှိ အိပ်နေလိုက်တာ မျက်လုံး

တွေလည်း ပွင့်လို့၊ နားရွက်ကလေးကလည်း ထောင်လို့ အားရပါးရ ဟောက်တောင်နေလိုက်သေးတယ်။

"ရပ်"လို့ ကိုလေပေါက အော်လိုက်တယ်။

သူက ယုန်လေးရဲ့ ဟောက်သံကို နားထောင်ပြီး-

"ရှေ့က ချုံပုတ်ထဲမှာ ဘယ်လိုသတ္တဝါကြီးများ ချောင်းမြောင်းနေသလဲ မသိဘူးဟေ့" လို့ ပြောလိုက်တယ်။

သူတို့တွေဟာ ဗဟုသုတနည်းတော့ ယုန်ကိုလည်း မမြင်ဖူးကြဘူး။ သူတို့က ကြောက်စရာကောင်းတဲ့ သတ္တဝါတစ်ကောင်လို့ပဲ ထင်နေကြတာ။

"အဲဒါဟာ နဂါးဆိုတာ ဖြစ်ရမယ်"

လူစွမ်းကောင်းတစ်ယောက်က ယုန်ကိုကြည့်ပြီး ပြောလိုက်တယ်။ နောက်တစ်ယောက် က-

"မဖြစ်နိုင်ဘူး၊ ငါကြားဖူးတာက နဂါးတွေမှာ အမွေးအမှင် မရှိဘူးတဲ့"

နောက်တစ်ယောက်ကလည်း-

"ကယ်တော်မူကြပါ၊ တို့တွေ့နေတာ တကယ့် မိစ္ဆာကောင်ကြီးပဲဟေ့။ ဒါမှမဟုတ်ရင် သူ့ဘွားအေ ဖြစ်ရမယ်"

အဲသလို ပြောလိုက်တယ်။ တစ်ယောက်တစ်ခွန်း ပြောနေတာ ကြားရတဲ့ နောက်ဆုံးက အငယ်ဆုံး လူစွမ်းကောင်းက အမိန့်ပေးလိုက်တယ်။

"ရန်သူဆီကို အမြန်ဆုံး ချီတက်ကြ"

သူက အတန်းရဲ့ နောက်ဆုံးက ဆိုတော့ ဘာမှ မမြင်ဘဲကိုး။

"ရန်သူကို တစ်စစီဖြစ်အောင် ဆုတ်ဖြဲခုတ်ထစ်ပစ်ကြ"

သူ အမိန့်ပေးပေမယ့် ကျန်တဲ့လူတွေက ရှေ့မတိုးကြဘဲ သူ့ကို-

"မင်း အရင် ရှေ့က သွားပါလား" လို့ ပြောတယ်။ သူက-

"မကြောက်ကြပါနဲ့၊ ရှေ့က ကိုလေပေါပဲ သွားပါစေ။ ဒီအလုပ်ဟာ သူလုပ်ရမယ့်အလုပ်ပဲဟာ" လို့ ပြန်ဖြေတယ်။

နောက်ဆုံးတော့ ရှေ့ဆုံးကရောက်နေတဲ့ ကိုလေပေါဟာ မလွှဲသာတော့ဘဲ တစ်လှမ်းချင်း အနီးကို ကပ်သွားတယ်။ တဖြည်းဖြည်း ယုန်နားရောက်သွားတော့ သူ ဆက်မသွားရဲတော့ဘူး။ သူ့ရဲ့ ခြေထောက်တွေအားလုံးဟာ သူ့ရဲ့ ကြောက်ရွံ့မှုကို ဒူးထောက် အရှုံးပေးလိုက်ရတော့တယ်။

သူက ကြောက်လန့်တကြားနဲ့-

"အိုး… အိုး… အိုး" လို့ ထအော်တယ်။ အဲဒီအသံကြားလို့ လန့်နိုးသွားတဲ့ယုန်ဟာ တချိုးတည်း ထွက်ပြေးသွားတော့တယ်။ လူစွမ်းကောင်း ခုနစ်ယောက်ကတော့ ဒုတိယအကြိမ် မဟာအောင်ပွဲကြီး ရသွားတာပေါ့လေ။

❑

ဗေဟော်ဝါရီ ၂၄

## လူစွမ်းကောင်း ခုနစ်ယောက်

ယုန်တစ်ကောင်ကို အောင်နိုင်ပြီးတဲ့နောက်မှာ လူစွမ်းကောင်း ခုနစ်ယောက်ဟာ နောက်ထပ် စွန့်စားခန်းအသစ်တွေ ရှာဖို့ ဆက်ခရီးထွက်ခဲ့ကြတယ်။ ဒီလိုနဲ့ သူတို့ဟာ အင်မတန် ကျယ်ပြန့်တဲ့ ပန်းခင်းကြီးတစ်ခုဆီ ရောက်သွားတယ်။ ပန်းခင်းတစ်ခုလုံး အပြာရောင် ပန်းပွင့်ကလေးတွေ ပွင့်နေကြတယ်။

ရှေ့ဆုံးက ကိုလေပေါက ကြည့်ပြီး တအံ့တသြ ပြောလိုက်တယ်။

"ဟ… ဒါဘာကြီးပါလိမ့်၊ ကြီးလည်းကြီးတယ်၊ အရောင်ကလည်း အပြာကြီး၊ ပြီးတော့ အဆုံးကိုလည်း ငါ ကြည့်တာ မမြင်ရဘူး"

"အဲဒါ ဘာဖြစ်ရမှာလဲဗျ၊ ပင်လယ်ပေါ့ဗျ"

ကိုလေပေါအတွက် ပုစ္ဆာဖြစ်နေတဲ့ အဖြေကို နောက်က လူတွေက အော်ပြောလိုက်ကြတယ်။ ကိုလေပေါလည်း သတိကြီးစွာထားပြီး အဲဒီပန်းခင်းထဲကို ခြေတစ်လှမ်း ချကြည့်လိုက်တယ်။ သူ တွေ့ရတာက အဲဒီအပြာရောင်ပန်းခင်းထဲမှာ သူ့ဒူးလောက်ပဲ မြုပ်သွားတာကိုး၊ ဒီတော့ အားရပါးရ ရယ်ပြီး-

"ဩော်… လူတွေ၊ လူတွေ၊ တော်တော်လည်း ရူးတဲ့ လူတွေပဲ။ ပင်လယ်ကို ဖြတ်ဖို့တဲ့။ သင်္ဘောကြီးတွေ ဘာတွေကို ပင်ပန်းခံဆောက်လို့။ ဟော… ကျုပ်တို့ကျတော့လည်း ဘာမှမလိုဘဲ အသာလေး ဖြတ်နိုင်တယ်။ ကြည့်စမ်း ဘယ်လောက် ချီးမွမ်းဖို့ကောင်းတဲ့ လူစွမ်းကောင်းတွေလဲ"

ဒီလိုနဲ့ သူတို့ဟာ အဲဒီအပြာရောင်ပန်းခင်းကြီးကို ဘေးမသီရန်မခဘဲ ဖြတ်လာနိုင်ခဲ့ကြတယ်။ ဒီလိုနဲ့ သူတို့ဟာ အင်မတန်နက်တဲ့ မြစ်ကြီးတစ်စင်းရဲ့ ကမ်းပါးကို ရောက်သွားကြရော။

"တို့ ဘယ်လိုလုပ် ဖြတ်ကြမလဲ"

တစ်ယောက်က မေးလိုက်တယ်။ အဲဒီအချိန်မှာ အဲဒီမြစ်ကိုဖြတ်ဖို့ စီစဥ်ထားတဲ့ ကူးတို့လှေက တစ်ဖက်ကမ်း ရောက်နေတယ်။ လှေသမားက တစ်ဖက်ကမ်းကနေ "ကျုပ်



ပြန်လာအောင် စောင့်ကြဦး'' လို့ အော်ပြောတယ်။ ဒါပေမဲ့ ဝေးလည်းဝေး၊ လေကလည်း တိုက်နေတော့ မကြားရဘူး ပေါ့လေ။ သူတို့ထဲမှာ နောက်ဆုံးက ရောက်နေတဲ့ သတ္တမမြောက် လူစွမ်းကောင်းက-

''ဘာလုပ်နေကြတာလဲ၊ ကျုပ်တို့ဟာ ပင်လယ်ကြီးတောင် ဒီအတိုင်း ဖြတ်လာခဲ့သေးတာပဲ။ ဒီဘာမဟုတ်တဲ့ မြစ်ကျမှ စိုးရိမ်နေကြတယ်။ ကဲ... ဖြတ်ကြ'' လို့ အမိန့်ပေးလိုက်တယ်။



ဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက် မြစ်ထဲကို ခုန်ဆင်းလိုက်ကြတာ တစ်ယောက်မှ ပေါ်မလာတော့ဘူးတဲ့။ အဲဒီဝမ်းနည်းစရာကောင်းတဲ့ မတော်တဆဖြစ်မှုလေးနဲ့ ကြုံသွားလို့ ပေါ့ဗျာ။ သို့မဟုတ်ရင် အဲဒီလူစွမ်းကောင်း ခုနစ်ယောက်ဟာ ကမ္ဘာကြီးတစ်ခုလုံးကိုတောင် အောင်နိုင်မှာ သေချာပါတယ်နော်။

❑

ဖေဖော်ဝါရီ ၂၅

## ကြီးကျယ်သော အပ်ချုပ်သမား

တစ်ခါက ကြီးကျယ်တဲ့ အပ်ချုပ်သမားတစ်ယောက် ရှိတယ်တဲ့။ သူက သူ့အလုပ်သူ လုပ်ရင်း လက်ကို အပ် ခဏ ခဏ စူးတာကို စိတ်ကုန်ပြီး ငြီးငွေ့နေတဲ့လူတဲ့။ အဲဒါနဲ့ တစ်နေ့တော့ ငါ အပ်ချုပ်သမားဘဝကို စွန့်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီး သူ့အဘိုး ကျန်ခဲ့တဲ့ သေတ္တာကြီးကိုဖွင့်၊ အထဲက မြင်းစီးခေးလွတ်ဟောင်းကြီးတစ်ခုကို ထုတ်ပြီး ခါးမှာ ချိတ်တယ်။ ကွယ်လွန်သွားတဲ့ သူ့အဘိုးက အရင်တုန်းက မြင်းတပ်က တပ်သား ဟောင်းကြီး တစ်ဦးကိုး။ သူ့အဘိုးရဲ့ စစ်အင်္ကျီအဟောင်းကြီးကိုလည်း ထုတ်ဝတ်တယ်။ ပြီးတော့ သူက သူ့ကိုယ်သူ ဗိုလ်ချုပ်ကြီးလောက် ထင်သွားတယ်။ အဲဒီအထင်နဲ့ ကမ္ဘာကြီး ထဲကို ခရီးဆန့်ခဲ့တယ်တဲ့။

"အကြောင်းတစ်စုံတစ်ရာတော့ ပေါ်လာမှာပဲ" လို့ သူ့ကိုယ်သူ အားပေးစကား ပြောလိုက်တယ်။ ဒီလိုနဲ့ သူဟာ လမ်းလျှောက်လာလိုက်တာ အချိန်တွေ တော်တော် ကြာမြင့်သွားတယ်တဲ့။ မြင်းမရှိတော့ မြင်းလည်း မစီးနိုင်ဘူးကိုး။ ခြေထောက်ပဲ အားကိုး ရတာပေါ့လေ။ ဒါပေမဲ့ ကြာလာတော့ သူ့ခြေထောက်တွေကလည်း အားကိုးမရတော့ စတင် နာလာတယ်။

အဲဒါနဲ့ သူဟာ ကမ်းပါးတစ်ခုမှာထိုင်ပြီး သူ့ရှူးဖိနပ်တွေကို ချွတ်ပစ်ရတော့တယ်။ သူ့ခြေထောက်တွေဟာလည်း အပူနာပေါက်ပြီး ရောင်ကိုင်းနေတယ်။ သူလည်း ဒဏ်ရာ သက်သာပါစေတော့ရယ်လို့ သူ့ခြေထောက်တွေကို စိုစွတ်နေတဲ့ မြက်တောထဲ ချထားမိတယ်။ မကြာပါဘူး၊ အဲဒီမြက်တောထဲက တောခြင်တစ်အုပ်က သူ့ခြေဖဝါးကို ဝင်ကိုက်ခဲ့တော့ တာပဲ။

ဒေါပွပွနဲ့ အပ်ချုပ်သမားဟာ သူ့လက်ဖဝါးနဲ့ တအားလွှဲရိုက်လိုက်တာ တစ်ချက်တည်း နဲ့ ခြင်ကောင် နှစ်ဒါဇင်လောက် သေသွားတယ်တဲ့။ အဲဒါကို မြင်တော့ အပ်ချုပ်သမားက ဂုဏ်ယူဝင့်ကြွားစွာနဲ့-

"ငါဟဲ့ယောက်ျား၊ ဘယ်ကောင်များ တစ်ချက်တည်းနဲ့ ငါ့လို ဒီလောက်သေအောင် ရိုက်နိုင်သလဲ" လို့ ကြွေးကြော်ပြီး သူ ဆောင်းလာတဲ့ သူ့ဦးထုပ်ရှည်ကြီးပေါ်မှာ မြေဖြူခဲနဲ့ ခုလို ရေးလိုက်တယ်။

'တစ်ချက်တည်းနဲ့ ခြင် ခုနစ်ဆယ့်လေးကောင် သေအောင် သတ်နိုင်သူ' လို့။

အဲဒီလိုနဲ့ ခရီးဆက်ထွက်လာလိုက်တာ သိပ်မကြာဘူး။ သူ တစ်ခါမှ မရောက်ဖူးတဲ့ မြို့တစ်မြို့ကို ရောက်သွားတယ်။ မြို့ထဲက လူတွေက သူ့ဦးထုပ်မှာ ရေးထားတဲ့ စာကို တွေ့တော့ အထူးအဆန်းလို ကြည့်ကြတယ်။ ဒီလောက် ကြီးကျယ်တဲ့ လူသန်ကြီးနဲ့လည်း ဘယ်သူကမှ အရောတဝင် မလုပ်ချင်ကြဘူး။

အဲဒါကြောင့် သူက မေးရိုးမေးစဉ် ရိုးရိုး လမ်းမေးတာတောင် သူတို့က တောနက်ထဲကို လမ်းညွှန်လိုက်တယ်။ အဲဒီတောနက်ထဲမှာ အင်မတန်ဆိုးတဲ့ တောဝက်သိုးတစ်ကောင် ရှိတာကိုး။ ဒီတောဝက်က သူ လှည့်လည်ကျက်စားရာနေရာ အဲဒီတောထဲကို ဝင်လာရင် ဘယ်သူ့ကိုမှ ချမ်းသာမပေးဘူး။ သွားစွယ်နဲ့ တရကြမ်း လိုက်ပက်တတ်တဲ့ တောကောင်။ အင်း… တောဝက်က ဒီလူသန်ကြီးတော့ အစိတ်စိတ်အမြွာမြွာဖြစ်အောင် ဆုတ်ဖြဲပစ်လိမ့်မယ် လို့ မြို့ခံလူတွေက တွေးနေကြတယ်။

တောထဲဝင်သွားတဲ့ အပ်ချုပ်သမားဟာ ဝင်သွားပြီး မကြာခင် တောဝက်သိုးနဲ့ တိုးတော့ တာပါပဲ။ မြင်တာနဲ့ တောဝက်သိုးက သူ့ဆီ တိုက်ခိုက်ဖို့ ကမူးရှူးထိုး ပြေးလာတာပေါ့။ အဲဒါလည်းမြင်ရော အပ်ချုပ်သမားဟာ နောက်ကြောင်းလှည့်ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်း ကျအောင် ပြေးရတော့တာပဲတဲ့။

*** The mighty Tailor**

❑



## ဖေဖော်ဝါရီ ၂၆

### ကြီးကျယ်သော အပ်ချုပ်သမား

တောဝက်က အပ်ချုပ်သမားကို မီလုမီခင်အချိန်ကလေးမှာပဲ သူတို့ဟာ ရွာက ဘုရားရှိခိုးကျောင်းငယ်လေးတစ်ခုနားကို ရောက်သွားကြတယ်။ အပ်ချုပ်သမားအတွက် အကွက်ကောင်း ရသွားတယ်။ သူဟာ ဝက်ရန်က လွတ်အောင်ပုန်းဖို့ အဲဒီကျောင်းထဲ တံခါးဖွင့်ပြီး တစ်ဟုန်ထိုး ဝင်ပြေးသွားတော့တယ်။

နောက်က ဝက်သိုးဟာလည်း ထက်ကြပ်မကွာ ပါလာတယ်။ ဝက်သိုးလည်း ကျောင်းထဲ ရောက်ရော အဲဒီဝက်သိုး အရှိန်တန့်ပြီး နောက်ပြန်လှည့်မလာနိုင်ခင် အပ်ချုပ်သမားက ကပျာကသီ အလျင်အမြန် ကျောင်းထဲက ပြန်ပြေးထွက်ခဲ့ပြီး တံခါးကို ရုတ်တရက် ဆောင့်ပိတ်လိုက်တယ်။ ဝက်သိုးဟာ ထွက်ပေါက်မရှိဘဲ အဲဒီကျောင်းထဲမှာ ပိတ်မိနေတာပေါ့လေ။

ဒီတော့မှ အပ်ချုပ်သမားဟာ အေးအေးလူလူဟန်နဲ့ ရင်ကော့ပြီး မြို့ထဲကို ပြန်လျှောက်လာတယ်။ တွေ့တဲ့လူတိုင်းကိုလည်း တောထဲမှာ သူနဲ့တောဝက် ဘယ်လို ရင်ဆိုင်နိုင်ခဲ့တယ် ဆိုတဲ့အကြောင်း၊ အခု အဲဒီတောဝက်ကို နားရွက်က ဆွဲယူလာပြီး ဘုရားရှိခိုးကျောင်းထဲ ကိုင်ပစ်ခဲ့ကြောင်း၊ ခုချိန်ထိ ဒီတောဝက် မလွတ်သေးလို့ မယုံကြည်တဲ့လူရှိရင် သွားကြည့်နိုင်တဲ့အကြောင်းတွေ ကြွားဝါပြောတော့တယ်တဲ့။

ကြားရတဲ့သူတွေဟာ မယုံကြည်လို့ သွားကြည့်တော့လည်း တောဝက်ကို သူပြောသလို ကျောင်းထဲမှာ တွေ့ရတော့ အားလုံး တအံ့တဩ ဖြစ်ကုန်တယ်။ ဒီလူဟာ တကယ် ရဲရင့်တဲ့လူ၊ တကယ့်ကို သန်စွမ်းတဲ့လူလို့လည်း တစ်ယောက်စကား တစ်ယောက်ကြား ပြောဆိုနေကြတာပေါ့လေ။

နောက်ဆုံးတော့ ဒီသတင်းဟာ ဘုရင့်နားကို ပေါက်ကြားသွားတော့တယ်။ ဒီလိုနဲ့ ဘုရင်ကြီးဟာ အပ်ချုပ်သမားကို သူ့ရှေ့ကိုခေါ်ပြီး ဒီလိုပြောတယ်။

"မောင်လူသန်ကြီး၊ ငါ့ရဲ့နိုင်ငံတော်ကို ခြူး ဆိုတဲ့ သတ္တဝါတစ်ကောင် လာရောက်နှောင့်ယှက်နေတယ်။ သူ့ကြောင့် သေဆုံးပျက်စီးရတာတွေ မနည်းတော့ဘူး။ အဲဒီတော့

မင်း ဒီခြူးကောင်ကို နှိမ်နင်းပေးစမ်းပါ။ အောင်မြင်ရင် မင်းကို ငါ့သမီးတော်နဲ့ လက်ထပ်ထိမ်းမြား ပေးမယ်"

ခြူးဆိုတာက ခေါင်းထိပ်တည့်တည့်မှာ အင်မတန်ချွန်တဲ့ ချိုတစ်ချောင်းပါတဲ့ မြင်းလို သတ္တဝါကို ခေါ်တာကွဲ့။

"အို… ဘာကြောင့် မသတ်နိုင်ရမှာလဲ၊ ကျွန်တော့်တာဝန်ထားပါ" လို့ အပ်ချုပ်သမား က စကားပြန်လိုက်တယ်။ ပြီးတော့ သူ့ခရီးအတွက် အသုံးပြုဖို့ ဘုရင်ကြီးဆီက ရွှေစနည်းနည်း လည်း တောင်းတယ်။ ပြီးတော့ နန်းတော်က အမြန်ဆုံး ထွက်သွားနိုင်မယ့် လမ်းကိုလည်း သူ ရှာဖွေကြည့်ထားလိုက်တယ်။

တကယ်တော့ သူက ဒီခြူးကောင်နဲ့ တိုက်ခိုက်ဖို့ စိတ်ကူးထဲတောင် ထည့်မထားဘူး။ သူ့ဦးထုပ်မှာရေးထားတဲ့ စာတန်းကလည်း သူ ခြင် ဘယ်နှကောင် သတ်နိုင်သလဲ ဆိုတာ ရေးထားတာပဲဟာ။ အဲဒါနဲ့ သူဟာ အလစ်မှာ လူတွေ သိပ်အဝင်အထွက်မလုပ်တဲ့ နန်းတော် မြို့ရိုးတံခါးက အသာလေး ထွက်လာခဲ့တယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ သူ ထွက်သွားမယ့် နေရာက ခြူးကောင် ဆိုးသွမ်းနေတဲ့နေရာ ဖြစ်နေတယ်။

ခြူးကောင်ဟာ သူ့ကိုမြင်တာနဲ့ တစ်ပြိုင်နက် ဒေါသတကြီး ခေါင်းနဲ့ ပြေးဝှေ့တော့ တာပဲပေါ့။ အပ်ချုပ်သမားလည်း သူ့နောက်မှာရှိတဲ့ ဝက်သစ်ချပင်ကြီးပေါ်ကို ခုန်တက် ပြေးလိုက်တာ အချိန်မီရုံကလေးပဲ ရှိတယ်။ သူကတော့ အပင်ပေါ် ရောက်သွားတယ်။

သူ့ကို ဒေါသတကြီး ပြေးဝှေ့နေတဲ့ ခြူးကောင်ရဲ့ ချိုကသာ ဝက်သစ်ချပင်ကြီး ပင်စည်မှာ အတော်နက်နက်ကြီး စူးဝင်သွားတယ်။



ခြူးကောင်ဟာ သူ့ဘာသာ ပြန်ဆွဲနုတ်ပေမယ့်လည်း မရတော့ဘူး။

အပ်ချုပ်သမားလည်း အမြန်ဆုံး အပင်ပေါ်က ပြန်ဆင်းလာပြီး သူ့ခါးပတ်နဲ့ အဲဒီ ခြူးကောင်ရဲ့ ခြေထောက်တွေကို ချည်နှောင်လိုက်တယ်။ ပြီး တော့ သူ့အောင်မြင်မှုကို ကြွားဝါဖို့အတွက် ဘုရင်ကြီးဆီကို အမြန်ဆုံး ထွက်သွားတော့တယ်တဲ့။

❑

# ဖေဖော်ဝါရီ ၂၇

## ကြီးကျယ်သော အပ်ချုပ်သမား

အပ်ချုပ်သမားဟာ ဘုရင့်ရှေ့ရောက်တော့ သူ့ရဲ့ စွန့်စားခန်းပုံပြင်ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတော့တာပေါ့။ သူ ခြူးကောင်ကို အမြီးကကိုင်ပြီး ဖမ်းခဲ့တယ်ဆိုတဲ့ အကြောင်း၊ သစ်ပင်နဲ့ ခြူးကောင် ကို လွှဲရိုက်တာ တစ်ချက်တည်းနဲ့ မသေကြောင်း၊ တော်တော် အံ့သြဖို့ကောင်းတဲ့ သတ္တဝါ ဖြစ်တဲ့အကြောင်း စုံလို့ပေါ့လေ။ အမှန်တော့ ဒီခြူးကောင်ကို နှိမ်နင်းနိုင်တာလောက်နဲ့တင် ဒီအပ်ချုပ်သမားကို ဘုရင့်သမီးတော်နဲ့ ပေးစားဖို့ ထိုက်နေပါပြီ။

ဒါပေမဲ့ ဘုရင်ကြီးက ဒီလိုတွေးတယ်။ ဒီလောက်စွမ်းတဲ့ လူသန်ကြီးကို သမီးတော်နဲ့ ပေးစားပြီး နန်းတော်မှာ ထားရရင် ငါ ကြာရှည် နန်းစံရမှာ မဟုတ်ဘူး။ ဒီတော့ တစ်မျိုး လှည့်ကြံမှပဲ ဆိုပြီး အပ်ချုပ်သမားကို ခေါ်ပြောတယ်။ ကျုပ်တို့ရဲ့နိုင်ငံမှာ အင်မတန် ဆိုးသွမ်းတဲ့ ဘီလူးကြီးသုံးကောင် ရှိနေပါတယ်။ အဲဒီကောင်တွေကို ရအောင် အရင် နှိမ်နင်းပေးပါဦးပေါ့လေ။ ဘုရင်ကြီးထင်တာက ဒီဘီလူးသုံးကောင်နဲ့ တွေ့ရင် ဒီလူသန်ကြီးတော့ မုချသေမှာပဲလို့ပေါ့။

အပ်ချုပ်သမားကတော့ မမှုတဲ့လေသံနဲ့ အဲဒီကိစ္စကိုလည်း လက်ခံလိုက်တာပဲ။ သူက သူ့အဝတ်ထုပ်ထဲမှာ ဒိန်ခဲနှစ်ခဲကို ထည့်ထုပ်တယ်။ ပြီးတော့ သူ့မှာရှိတဲ့ ရွှေစလေးတွေကို နန်းတော်တံခါးစောင့်တွေ လာဘ်ထိုးပြီး အမြန်ဆုံး လစ်ပြေးတော့တာပဲ။ ဒီလိုပြေးမှ သူ့အတွက် အန္တရာယ်ကင်းမယ်ဆိုတာ သိတာကိုး။ သူက ဘီလူးသုံးကောင်နဲ့ တိုက်ဖို့အရေး ထည့်တောင် မတွေးဘူး။

ဒီလိုနဲ့ မြို့ပြင် တောစပ် ရောက်သွားတယ်။ ချုံတောထဲမှာ အသံကြားလို့ ကြည့်လိုက်တော့ အတောင်ပံတွေ ငြိပြီး မပျံနိုင်တဲ့ ငှက်ကလေးတစ်ကောင်ကို တွေ့လို့ ဖမ်းပြီး သူ့ အဝတ်ထုပ်ထဲ ထည့်ထုပ်ထားလိုက်တယ်။ သူ့စိတ်ကူးက ငှက်ဖမ်းတဲ့သူတွေနဲ့ တွေ့ရင် ရောင်းစားမယ်ပေါ့လေ။ ဒီလိုနဲ့ သူဟာ ဆက်ပြီး လျှောက်လာလိုက်တာ မကြာခင် တောစပ် တစ်ခုကို ရောက်သွားတယ်။



အဲဒီမှာ သူဟာ မိုးခြိမ်းသံကြီးလို အဆက်မပြတ် ကြားတော့တာပဲ။ ဒါပေမဲ့ တကယ်တော့ မိုးခြိမ်းသံ မဟုတ်ဘူး။ ဘီလူးကြီးတစ်ကောင် လျှောက်လာတဲ့ ခြေသံ ဖြစ်နေတယ်။ အဲဒီဘီလူးကြီးက ဘယ်လောက်ကြီးသလဲဆိုရင် သစ်ပင်တွေတောင် သူ့ခြေထောက်အောက်မှာ ပိပြားကုန်တယ်။ အဲဒီဘီလူးကြီးဟာ သူ့ကိုတွေ့တော့-

"မင်းက ငါတို့နဲ့ ဖက်ပြိုင်အန်တုဖို့လာတဲ့ လူလား၊ အေး… မင်း နိုင်ရင်နိုင်၊ မနိုင်ရင်တော့ မင်းကို ငါ စပျစ်သီးလို မျိုချပစ်လိုက်မယ်" လို့ ကြိမ်းဝါးလိုက်တယ်တဲ့။

❑

ဖေဖော်ဝါရီ ၂၈

## ကြီးကျယ်သော အပ်ချုပ်သမား

အပ်ချုပ်သမားက ဒီတစ်ခါတော့ ငါ့ နောက်ဆုံးနေ့ရောက်ပြီလို့ တွေးလိုက်တယ်။

ဘီလူးက-

"ကဲ… တို့ စပြိုင်ကြမယ်၊ ဘယ်သူက အဝေးဆုံး ပစ်နိုင်မလဲ၊ စမ်းကြည့်ရအောင်" ဆိုပြီး ကျောက်တုံးကြီးတစ်တုံးကို မိုးပေါ် မြှောက်ပစ်လိုက်တယ်။ တကယ့်ကို ကျောက်ခဲလေး တစ်ခဲလိုပဲ။ အဲဒီကျောက်တုံးကြီး မိုးပေါ်ကို မြောက်သွားလိုက်တာ ဆယ့်ငါးမိနစ်လောက် ကြာမှ မြေပေါ် ပြန်ကျတယ်တဲ့။

အပ်ချုပ်သမားက သူ့အလှည့်လည်းရောက်ရော အထုပ်ထဲက ငှက်ကလေးကို ယူပြီး ကောင်းကင်ကို မြှောက်ပစ်လိုက်တယ်။ ငှက်ကလေးဟာ ပျံပြေးသွားတာပေါ့။ အပ်ချုပ်သမား က "ငါ့ ကျောက်တုံးက ဘယ်တော့မှ မြေကို ပြန်ကျမှာ မဟုတ်ဘူး" လို့ ပြောလိုက်တယ်။

ဘီလူးက "အင်း… ဒီတစ်ခါတော့ မင်းနိုင်သွားပြီ။ နောက်တစ်မျိုး ပြိုင်ကြစို့" ဆိုပြီး ကျောက်တုံးတစ်တုံးကို ယူပြီး သူ့လက်နဲ့ ညှစ်လိုက်တယ်။ အဲဒီကျောက်တုံးဟာ အစိတ်စိတ်အမွှာမွှာဖြစ်ပြီး အထဲက ရေစက်တွေဟာ ရေတံခွန်လို ကျလာတယ်။ အပ်ချုပ် သမားကလည်း အားကျမခံ သူ့အထုပ်ထဲက ဒိန်ခဲတွေကို ထုတ်ပြီး လက်နဲ့ ညှစ်ပြလိုက် တယ်။ အထဲက နို့ကြက်တက်ရည်တွေ စီးကျလာတာ မြင်တော့ ဘီလူး လန့်သွားတယ်။ ဘီလူးက သူ့မျက်လုံးတွေကို မယုံနိုင်အောင် ဖြစ်သွားတယ်။ ပြီးတော့ ကဲ… ဒီတစ်ခါ တို့ ဘယ်လောက် မြင့်အောင် ခုန်နိုင်တယ်ဆိုတာ ပြိုင်ကြရအောင်လို့ ပြောပြီး အားနဲ့ ခုန်လိုက်တယ်။

ဘီလူးဟာ အင်မတန်မြင့်တဲ့ ကျောက်တောင်ထိပ်ပေါ်က သူတို့နေတဲ့ ရဲတိုက်ခေါင်မိုး ပေါ်ကို ရောက်သွားရောတဲ့။ အင်မတန်ပါးတဲ့ အပ်ချုပ်သမားက ကျနေတဲ့ ဘီလူးခါးက ခါးစည်းကြိုးအစကို ဆွဲပြီး ဘီလူးခုန်ကတည်းက လိုက်သွားလေတော့ သူလည်း ရဲတိုက် ခေါင်မိုးပေါ် ရောက်နေတယ်။



ဘီလူးဟာ သူ့ဘေးမှာ အပ်ချုပ်သမားကို တွေ့တော့-

"မင်းဟာ တကယ့်ကို စွမ်းတဲ့လူပဲ၊ ကဲ··· ငါ့အစ်ကိုတော်တွေနဲ့ တွေ့လိုက်ပါဦး" ဆိုပြီး ရဲတိုက်ထဲ ခေါ်သွားတယ်။

ဘီလူးသုံးကောင်ဟာ ညစာစားပွဲနဲ့ အပ်ချုပ်သမားကို အချိန်ဆွဲပြီး ဧည့်ခံကြတယ်။ ညကျတော့ သူတို့အခန်းကျယ်ကြီးတစ်ခုထဲမှာ ခုတင်တစ်လုံးနဲ့ သိပ်တယ်။ ဒါပေမဲ့ အပ်ချုပ်သမားက မအိပ်ဘူး။ ပုန်းပြီး စောင့်ကြည့်နေတယ်။


ညမှောင်ထဲမှာ ဘီလူးသုံးကောင်ဟာ သူ အိပ်နေတဲ့ ခုတင်နားကပ်လာပြီး ကျောက်တုံးကြီးနဲ့ ပစ်ထုလိုက်တာ အပ်ချုပ်သမားက ဒီလို အော်ပြောတယ်။

"ဟေ့ကောင်တွေ··· မင်းတို့ ဘာလုပ်တမ်း ကစားနေတာလဲ၊ ငါ့ကို ငှက်မွေးနဲ့ မပေါက်ပါနဲ့"

အဲဒီအသံလည်း ကြားရော ဘီလူးသုံးကောင်ဟာ ကြောက်အားလန့်အားနဲ့ ရဲတိုက်ပြတင်းပေါက်က ခုန်ချလိုက်တာ ချောက်ထဲကျပြီး ဇက်ကျိုးသေကုန်ရောတဲ့။ အပ်ချုပ်သမားလည်း နန်းတော်ကို ပြန်လာပြီး ဘုရင်ကို သူ ဘီလူးတွေကို နှိမ်နင်းပြီးတဲ့အကြောင်း လျှောက်လိုက်တယ်။ ဘုရင်ကြီးလည်း ကြောက်လန့်သွားပြီး အပ်ချုပ်သမားကို သမီးတော်နဲ့ ပေးစားပြီး နန်းလွှဲပေးလိုက်ရတော့တယ်တဲ့ကွယ်။

❑

# MARCH



## မတ် ၁

### ဉာဏ်ရှိသော အိုးဖုတ်သမား

ဟောဒီကနေ မိုးကုပ်စက်ဝိုင်းအဆုံးထိ မြင်နေရတဲ့ အပြာရောင် ပင်လယ်ကြီးရဲ့ တစ်ဖက်မှာ တိုင်းပြည်တစ်ပြည် ရှိတယ်တဲ့။ အဲဒီတိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဘုရင်ကြီးရဲ့ နာမည်က ဦးချမ်းသာတဲ့။ အဲဒီဘုရင်ကြီးဟာ နာမည်နဲ့လိုက်အောင် ချမ်းသာကြွယ်ဝတယ်တဲ့။ ကမ္ဘာပေါ်မှာရှိတဲ့ အရှားပါးဆုံးဆိုတဲ့ ပစ္စည်းတွေကိုတောင် သူ ပိုင်တယ်တဲ့။ အဲဒီ သူပိုင်တဲ့ပစ္စည်းတွေထဲမှာ သူ တန်ဖိုးအထားဆုံးပစ္စည်းကတော့ အင်မတန်မှ ချောမောလှပတဲ့ သူ့သမီးတော်လေး ဖြစ်တယ်တဲ့။

တစ်နေ့တော့ သူဟာ အကြံတစ်ခုရပြီး ကမ္ဘာအနှံ့သိအောင် ကြေညာချက်တစ်ခု ထုတ်လိုက်တယ်။ အဲဒါက ဘာလဲဆိုတော့ သူ့မှာမရှိတဲ့ ပစ္စည်းတစ်ခုခုကို ယူလာပြီး သူ့ကို ပေးနိုင်တဲ့သူရှိရင် အဲဒီလူကို သူ့သမီးနဲ့ လက်ထပ်ပေးစားမယ်ဆိုတဲ့ သတင်းစကားပဲ။ အဲဒီ သတင်းလည်းကြားရော ဘုရင်ကြီးရဲ့ သမီးတော်ကို အနီးအဝေးက အိမ်ထောင်မရှိသေးတဲ့ ဘုရင်တွေ၊ မင်းညီမင်းသားတွေ၊ မြို့စားနယ်စားတွေ၊ သူဌေးသူကြွယ်တွေ၊ ကုန်သည်ပွဲစား တွေဟာ သူတို့အရှားပါးဆုံးလို့ထင်တဲ့ ပစ္စည်းတွေယူလာပြီး ဘုရင်ကြီးကို ပေးဖို့ ကြိုးစားကြ တယ်။ အဲဒီအထဲမှာ အင်မတန် အဖိုးတန်တဲ့ အင်မတန် ရှားပါးတဲ့ ကျောက်သံပတ္တမြားတွေ၊ ပုလဲဖြူ၊ ပုလဲနက်တွေ၊ စိန်တွေ၊ လှပတဲ့ လက်ရာမြောက်တဲ့ အသုံးအဆောင်ပစ္စည်းတွေ စုံလို့ပါပဲတဲ့။ ဒါပေမဲ့ အဲဒီပစ္စည်းတွေကိုကြည့်ပြီး ဘုရင်ကြီးက ရယ်တယ်။ ဒီလိုပစ္စည်းမျိုး တွေက သူ့ဆီမှာ အလျှံပယ်ပါပဲတဲ့။ ဒါတွေဟာ သူပိုင်တဲ့အရာတွေနဲ့ ယှဉ်လိုက်ရင် သမုဒ္ဒရာ ထဲက ရေတစ်စက်လောက်ပဲ ရှိပါသေးတယ်တဲ့။ ဒါမျိုးတွေကို သူ နှစ်ပေါင်းများစွာကတည်း က ပိုင်ဆိုင်ပြီးသားတဲ့။

ဒီလိုနဲ့ ဘုရင့်သမီးတော်ကို ဘယ်သူကမှ လက်မထပ်နိုင်ခဲ့ဘူး။ တစ်နေ့တော့ ဘုရင့် ရှေ့တော်မှောက်ကို ဆင်းရဲတဲ့ အိုးဖုတ်သမားလေးတစ်ယောက် ရောက်လာတယ်။


သူက ရိုရိုသေသေ ဦးညွတ်ပြီး-

"မြင့်မြတ်တဲ့ အရှင်မင်းကြီး၊ အရှင်မင်းကြီးထံမှာ ဘယ်တုန်းကမှ မရှိခဲ့သောအရာကို ကျွန်တော်မျိုး လက်ဆောင် ဆက်နှင်းပါ့မယ်" လို့ ပြောလိုက်တယ်။

ဘုရင်ကြီးက ဘယ်လို အရာမျိုးဖြစ်မလဲလို့ စိတ်ဝင်တစားကြည့်နေတုန်း အဲဒီလူငယ်ဟာ သူယူလာတဲ့အိုးရဲ့ မျက်နှာဝကို လက်နဲ့ တစ်ချက် ရိုက်လိုက်တယ်။ အဲဒီလို ရိုက်လိုက်လို့ ထွက်ပေါ်လာတဲ့ လိုဏ်သံဟာ ခန်းမဆောင်နံရံတွေမှာ အကြိမ်တစ်ရာလောက် ပဲ့တင်ထပ်ရိုက်ခတ်သွားတယ်။ ဒီအသံကိုလည်း ကြားရော ဘုရင်ကြီးအပါးမှာ ခစားနေတဲ့ မင်းချင်းတွေဟာ ကြောက်လန့်တကြားနဲ့ ကြမ်းပြင်ပေါ်မှာ ဝပ်တဲ့လူကဝပ်၊ ထပြေးတဲ့သူက ပြေး၊ ပုန်းစရာ နေရာရှာတဲ့သူက ရှာနဲ့ အားလုံး ဝရုန်းသုန်းကား ဖရိုဖရဲ ဖြစ်ကုန်တော့တယ်။

အဲဒါကိုမြင်တော့ ဘုရင်ကြီးက ရယ်တယ်။ လူငယ်ကိုလည်း သဘောကျသွားတယ်။

"အိုးဖုတ်သမားသူငယ်၊ မင်းဟာ ငါ ရည်ရွယ်ထားတဲ့အချက်နဲ့ ကိုက်ညီပါပေတယ်။ လောကကြီးမှာ ချမ်းသာကြွယ်ဝတာထက် အသိဉာဏ်ရှိတာက ပိုအရေးကြီးကြောင်း ငါ သိပါပြီ၊ ငါ မရှိတဲ့အခါ ငါ့တိုင်းပြည်ကို မင်းပဲ ဆက်အုပ်ချုပ်ရလိမ့်မယ်" လို့ ပြောပြီး သမီးတော်နဲ့ ပေးစားလိုက်တယ်တဲ့ ကလေးတို့ရယ်။



* ***The Clever Potter***

❑

## မတ် ၂

### ဝံပုလွေနှင့် ခွေးအိုကြီး

တစ်ခါတုန်းက ယာသမားတစ်ယောက်မှာ အင်မတန် သစ္စာရှိတဲ့ ခွေးတစ်ကောင် ရှိတယ်တဲ့။ သူဟာ ငယ်ငယ်ကလေးကတည်းက ယာသမားရဲ့အိမ်မှာနေပြီး ခွေးတစ်ကောင်ရဲ့ ဝတ္တရားတွေကို ကျေပွန်အောင် ထမ်းဆောင်ခဲ့တယ်တဲ့။ ဒီလိုနဲ့ အချိန်ကာလတွေ ကြာမြင့်လာတော့ သူလည်း သဘာဝအတိုင်း အိုမင်းမစွမ်း ရှိလာတာပေါ့။ အရင်ကလိုလည်း မသန်စွမ်းတော့ဘူး။ သူ့ပါးစပ်ထဲမှာ အစွယ်ဝေးလို့ သွားတွေတောင် တစ်ချောင်းမှ မရှိတော့ဘူးတဲ့။

ဒီတော့ သူ့သခင်က ဒီအသုံးမကျတော့တဲ့ ခွေးအိုကြီးကို ဆက်ပြီး ကျွေးမွေးမထားချင်တော့ဘူး။ အလကား ဆန်ကုန်မြေလေးလို့ ထင်တယ်။ ဒီတော့ ဒီခွေးအိုကြီးကို သတ်ပစ်ရရင် ကောင်းမယ်လို့ သူ့မိန်းမကို တိုင်ပင်တယ်။ မိန်းမကလည်း ဒီကိစ္စကို သဘောတူလိုက်တယ်။ ကံအားလျော်စွာပဲ ခွေးအိုကြီးက သူတို့လင်မယား တိုင်ပင်နေတာ ကြားလိုက်ရတယ်။ သူလည်း ကြောက်ကြောက်နဲ့ တောထဲကို ထွက်ပြေးလာခဲ့တယ်။

အဲဒီတောထဲမှာက သူ့မိတ်ဆွေ ဝံပုလွေတစ်ကောင် ရှိတယ်။ ခွေးအိုကြီးက သူ့အဖြစ်အပျက်ကို ဖွင့်ပြောပြီး-

"ငါ ဘယ်လိုလုပ်ရရင် ကောင်းမလဲကွာ" လို့ အကြံတောင်းတယ်။

ဒီတော့ ဝံပုလွေက-

"လွယ်ပါတယ်ကွာ၊ ဒီလိုလုပ်၊ မင်းသခင်နဲ့ သခင်မဟာ သူတို့ယာတဲကို အလုပ်သွားတဲ့အခါ သူတို့သားလေးကို ခေါ်ခေါ်သွားပြီး အနားက ချုံပုတ်အရိပ်မှာ သိပ်ထားတတ်တယ်။ ဒါ သူတို့ အမြဲလုပ်နေကျ အလုပ်ပဲ။ ဒီတော့ မနက်ဖြန် သူတို့ကလေးကို ချုံရိပ်မှာ သိပ်ထားရင် ငါက ဟန်ဆောင်ပြီး ချီ (ကိုက်) ပြေးမယ်။ အဲဒီအချိန်မှာ မင်းက အပြေးအလွှား ရောက်လာပြီး ဝင်ကယ်ပေါ့။ ငါကလည်း ကလေးကိုထားပြီး ထွက်ပြေးမယ်။ အဲဒါဆိုရင် မင်းသခင်နဲ့ သခင်မဟာ မင်းကို သိပ်ကျေးဇူးတင်သွားပြီး အရင်ကလိုပဲ ဆက်ကျွေးမွေးထားလိမ့်မယ်"

လို့ အကြံပေးတယ်။ ခွေးအိုကြီးကလည်း လက်ခံလိုက်တယ်။ ဒီလိုနဲ့ နောက်နေ့ ရောက်တော့ သူတို့လည်း ကြိုတင်တိုင်ပင်ထားတဲ့ အစီအစဉ်အတိုင်း လုပ်ကြတာပေါ့။ ဝံပုလွေ ပြောသလိုပဲ ယာရှင်လင်မယားဟာ ခွေးအိုကြီးကို သူတို့သားလေးရဲ့ အသက်သခင် ကျေးဇူးရှင်ပဲလို့ ထင်သွားကြပြီး အရင်ကလိုပဲ ဆက်ကျွေးမွေးစောင့်ရှောက်ထားကြတယ်တဲ့။

ပုံပြင်လေးက ဒီလိုနဲ့ ပြီးမသွားဘူးကွဲ့။ တစ်နေ့ကျတော့ သူ့မိတ်ဆွေ ဝံပုလွေက ခွေးအိုကြီးဆီ ရောက်လာတယ်။ ဝံပုလွေက-

"မင်းကို ငါ ကူညီခဲ့ရလို့ တင်နေတဲ့ အကြွေးအတွက် ဆပ်ဖို့ အချိန်ကျပြီ" လို့ ပြောတယ်။

သူ ဆက်ပြောတာက-

"ငါ ညကျရင် မင်းတို့ခြံထဲကို ဝင်လာပြီး သိုးအုပ်ထဲက သိုးတစ်ကောင်ကို ခိုးမယ်။ မင်းသခင်တွေ အိပ်မောကျနေတဲ့အချိန်ပေါ့။ ဒီကိစ္စကို မင်းသခင် မသိအောင် မင်းက တိတ်တိတ်လေးနေရမယ်" တဲ့။

ခွေးအိုကြီးက-

"ငါဟာ ငါ့သခင်အပေါ် သစ္စာရှိရမယ်။ မင်း ဒီလို သိုးတစ်ကောင် လာခိုးမှာကို ငါလက်မခံနိုင်ဘူး" လို့ ပြန်ပြောတယ်။

ဒါပေမဲ့ ဝံပုလွေက ခွေးအိုကြီးရဲ့စကားကို ဂရုမစိုက်ဘူး။ မိတ်ဆွေချင်းချင်း ဒီလို လုပ်မှာ မဟုတ်ဘူးလို့ ယုံပြီး ညကျတော့ ခြံထဲကို ဝင်လာတယ်။ ဝံပုလွေကို မြင်တာနဲ့ ခွေးအိုကြီးဟာ သူ့သခင် နိုးအောင် ကျယ်ကျယ်လောင်လောင် ဟောင်တော့တယ်။ သူ့သခင်လည်း အိပ်ရာက နိုးလာပြီး ဝံပုလွေကို လိုက်ရိုက်တော့ ဒဏ်ရာရပြီး ဝံပုလွေ ထွက်ပြေးရတော့တာပေါ့။ သူက ခွေးအိုကြီးကို တော်တော် စိတ်နာသွားတယ်။

ဒါကြောင့် နောက်တစ်နေ့မှာ ခွေးအိုကြီးကို လာတွေ့ပြီး-

"မင်းဟာ ငါ့ရဲ့ခင်မင်မှုကို အလွဲသုံးစားလုပ်တဲ့ကောင်ပဲ။ ဒီတော့ မင်းနဲ့ငါနဲ့ ရန်သူ တွေ ဖြစ်ကုန်ကြပြီ။ မင်းနဲ့ငါနဲ့ တစ်ယောက်ချင်း တိုက်ကြရအောင်၊ ငါ မင်းကို စိန်ခေါ်တယ်။ မနက်ဖြန် နေထွက်ရင် တောထဲကို လာခဲ့ပါ။ မင်းအတွက် လက်ထောက် တစ်ယောက်ကိုလည်း ခေါ်ခဲ့ပါ။ တို့တစ်တွေ အဲဒီမှာ စာရင်းရှင်းကြတာပေါ့" လို့ ပြောပြီး တောထဲကို ပြန်သွားသတဲ့ကွယ်။

အဲသလို စာရင်းရှင်းကြတဲ့အခါ ခွေးအိုကြီးနဲ့ ဝံပုလွေ ဘယ်သူနိုင်မယ် ဆိုတာ မနက်ဖြန်မှပဲ ဆက်နားထောင်ကြတော့နော်။

❑

# မတ် ၃

## ဝံပုလွေနှင့်ခွေးအိုကြီး

နောက်တစ်နေ့မနက်ရောက်တဲ့အခါ ဝံပုလွေဟာ သူ့လက်ထောက်အဖြစ်နဲ့ တောဝက်တစ်ကောင်ကို ခေါ်ထားတယ်။ သူကတော့ သစ်ပင်ပေါ်တက်ပြီး ချောင်းနေတယ်။ ခွေးအိုကြီးကတော့ သူ့လက်ထောက်အဖြစ်နဲ့ ရှာတွေ့တဲ့ ဒုက္ခိတ ကြောင်တစ်ကောင်ကိုပဲ ခေါ်လာခဲ့တယ်။ (သူတို့ဆီမှာက အခုလို တစ်ယောက်နဲ့တစ်ယောက် ချိန်းဆိုပြီး တိုက်ခိုက်ကြရင် သက်သေလည်းဖြစ်အောင် လက်ထောက် အကူတစ်ယောက်ကို ခေါ်ကြရတဲ့ ထုံးစံရှိတာကိုး) ခွေးအိုကြီးခေါ်လာတဲ့ ကြောင်ကတော့ ခြေထောက်သုံးချောင်းပဲ ရှိတယ်။ တစ်ချောင်းက ပြတ်နေတယ်။ ဒါပေမဲ့ အဲဒီကြောင်ဟာ သန်မာတဲ့ သူ့အမြီးအတွက် အမြဲဂုဏ်ယူနေတဲ့ ကြောင်။

ဒါကြောင့် ခွေးအိုကြီးနဲ့လိုက်လာခဲ့တဲ့ ကြောင်ဟာ လမ်းတစ်လျှောက်လုံး တွေ့သမျှ ကျောက်ခဲတွေကို သူ့အမြီးနဲ့ အဆက်မပြတ် ရိုက်လာခဲ့တယ်။ အဲဒါကို အဝေးကြီးကနေ ဝံပုလွေက မြင်တော့ ကြောင်ရဲ့ သန်မာတဲ့အမြီးကို ဓားလွတ်တစ်ချောင်းလို့ ထင်ပြီး ကြောက်လန့်တုန်လှုပ်သွားတယ်။ ကြောက်လွန်းလို့ သူဟာ မေးခိုက်ခိုက်တုန်နေတယ်။

အောက်က စောင့်နေတဲ့ တောဝက်ကိုလည်း အဲဒီအကြောင်း လှမ်းပြောလိုက်တယ်။ ဒီတော့ တောဝက်လည်း ကြောက်ကြောက်လန့်လန့်နဲ့ သစ်ပင်အောက်က သစ်ရွက်ခြောက်တွေထဲ တစ်ကိုယ်လုံးမြုပ်အောင် တိုးဝင်ပြီး ပုန်းနေလိုက်တယ်။ ဒါပေမဲ့ သူ့နားရွက်တစ်ဖက် အဲဒီထဲက ထွက်ပြီး ပေါ်နေတာကိုတော့ သူ မသိဘူးတဲ့။

ဒီလိုနဲ့ ကြောင်နဲ့ခွေးအိုကြီးဟာ သူတို့ ချိန်းဆိုထားတဲ့နေရာကို ရောက်လာကြတယ်။ ဒါပေမဲ့ တစ်ယောက်မှ မတွေ့ရဘဲ ဖြစ်နေတော့ အံ့သြနေကြတယ်။ အဲဒီအချိန်မှာ ကြောင်က သစ်ရွက်ခြောက်တွေထဲက ပေါ်နေတဲ့ တောဝက်ရဲ့ နားရွက်တစ်ဖက်ကို သွားတွေ့တယ်။ သူက မျက်စိမှုန်မှုန်ဆိုတော့ အဲဒီနားရွက်ကို ကြွက်တစ်ကောင်လို့ ထင်ပြီး တအားကိုက်ပစ်လိုက်တယ်။

တောဝက်လည်း နာနာနဲ့-

"အမယ်လေး ကြောက်ပါပြီဗျ၊ ကျွန်တော် ဘာအန္တရာယ်မှ မပေးပါဘူး၊ ဝံပုလွေ သစ်ပင်ပေါ်မှာ ပုန်းနေပါတယ်"

လို့ အော်ပြီး တစ်ခါတည်း ထွက်ပြေးသွားတော့တယ်။ ခွေးအိုကြီးနဲ့ ကြောင်ဟာ သစ်ပင်ပေါ်ကို ကြည့်လိုက်တော့ သစ်ရွက်တွေကြားထဲမှာ ပုန်းနေတဲ့၊ ရှက်လည်းရှက်၊ ကြောက်လည်း ကြောက်နေတဲ့ ဝံပုလွေကို သွားတွေ့ရတယ်။ ခွေးအိုကြီးက ရယ်ပြီး-

"ဒါလားကွ၊ စီးချင်းထိုးမယ့် သူရဲကောင်းကြီး" လို့ ပြောလိုက်တယ်။ ပြီးတော့မှ-

"ကဲကွာ၊ အောက်ဆင်းခဲ့ပါတော့၊ မင်းနဲ့ ငါနဲ့ဟာ မိတ်ဆွေကောင်းတွေပါ" လို့ ပြောမှ ဝံပုလွေလည်း ဆင်းလာရဲတယ်။

ဒီလိုနဲ့ သူတို့ရဲ့ ရန်ပွဲလည်း ရပ်စဲသွားတော့တယ်တဲ့ ကလေးတို့ရယ်။

* *Old Sultan*

❑



## မတ် ၄

### ဆူးလေပင်မလေး

ဟိုးတစ်ခါတုန်းက ပိန်သေးလို့ခေါ်တဲ့ ကောင်မလေးတစ်ယောက် ရှိတယ်တဲ့။ သူ့ရဲ့ ခန္ဓာကိုယ်ကလေးက တကယ့်ကို ပိန်ပိန်သေးသေးလေးဖြစ်နေလို့ အဲဒီလို ခေါ်ကြတာတဲ့။ သူ့မှာ မိဘနှစ်ပါးလုံး မရှိတော့ဘူး။ သူငယ်ငယ်ကလေးကတည်းက ကွယ်လွန်ကုန်ကြပြီ။ သူက ချမ်းသာတဲ့ လယ်သမားကြီးဆီမှာ အစေခံ လုပ်နေရတယ်လေ။

သူဟာ အမြဲတမ်း ဝမ်းနည်းကြေကွဲနေတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ကြင်နာသနားတဲ့သူ၊ သူ့ဘဝကို စာနာတတ်တဲ့သူရယ်လို့ တစ်ယောက်မှ မရှိဘဲကိုး။ တစ်ကမ္ဘာလုံးကပဲ သူ့ကို ဂရုမစိုက်ဘဲ နေနိုင်ရက်ကြတယ်လို့လည်း တွေးပြီး အားငယ်နေတတ်တယ်။ တစ်ညတော့ အဲဒီအဖြစ်တွေကို တွေးမိပြီး သူဟာ အိပ်မပျော်နိုင်ဖြစ်ပြီး ပန်းခြံထဲကို ဆင်းလာခဲ့တယ်။

အဲဒီမှာ သူဟာ အံ့သြစရာ သွားတွေ့ရတယ်။ ပန်းခြံထဲက ပန်းပွင့်လေးတွေမှာ အင်မတန် လှပတဲ့ ပန်းပွင့်စောင့် နတ်သမီးကလေးတွေဟာ ကခုန်နေကြတယ်။ ပန်းပွင့်တွေက အရောင်စုံ သလို သူတို့တွေကလည်း အရောင်စုံပဲတဲ့။

ကောင်မလေးကို မြင်တော့ ပန်းပွင့်ကလေးတွေက–

"ဟော့…လာလေ၊ တို့နဲ့အတူ ကလှည့်ပါလား၊ ငါတို့က ပန်းပွင့်လေးတွေရဲ့ ဝိညာဉ်တွေပဲ" လို့ ပြောကြတယ်။ ရွှေရောင်တောက်ပနေတဲ့ နေကြာပန်းပွင့်ကြီးကလည်း–

"လာလေ ကစမ်းပါ၊ မင်းပျော်သွားမှာ" လို့ ပြောတယ်။ ပိန်သေးမလေးကို သိပ်ပြီး သွေးမဆောင်လိုက်ရပါဘူး။ ကောင်မလေးဟာ ပန်းဖွင့်လေးတွေနဲ့အတူ ကနေလိုက်တာ နံနက် အရုဏ်တက်ရောင်ခြည် ပေါ်ထွန်းလာတဲ့အထိ တစ်ညလုံးပဲတဲ့။ ဒီလို ကလိုက်ရတဲ့ အတွက် သူ့အသည်းဟာ အရင်ကလို လေးလံမနေတော့ဘူးတဲ့။ ဒီလိုနဲ့ ညတိုင်း ပန်းပွင့်လေးတွေနဲ့ အတူ ကနေမိတော့တယ်တဲ့။

အဲဒီကိစ္စကို စပြီး သံသယဝင်လာတာက သူ့သခင် လယ်သမားကြီးပဲ။ မနက်မိုးလင်းတိုင်း ပိန်သေးမလေး ဘာလို့ ပင်ပန်းနွမ်းနယ်နေရတာလဲလို့ သူက သိချင်လာတယ်။ ပိန်သေးမလေးက တစ်ညလုံး ပန်းလေးတွေနဲ့ ကခုန်ခဲ့ရတာဆိုတော့ မိုးလင်းရင် နွမ်းနယ်နေတာပေါ့လေ။ အဲဒါကြောင့် တစ်ညတော့ သူက စောင့်ကြည့်နေခဲ့တယ်။

ကောင်းကင်ပေါ်မှာ ကြယ်ရောင်လေးတွေ တလဲ့လဲ့ ဖိတ်လက်လာတဲ့အခါ ပိန်သေးမလေးဟာ ပြတင်းပေါက်ကိုဖွင့်ပြီး ခြံထဲကို ထွက်လိုက်တယ်။ သူထွက်တာက ကြွက်ကလေးတစ်ကောင်လို လျှင်လျှင်မြန်မြန်ပါပဲ။ ဒါပေမဲ့ အသင့်ချောင်းနေတဲ့ အိမ်ရှင်ကြီးက ရုတ်တရက်ထွက်ပြီး ပိန်သေးမလေးကို ဆွဲထားလိုက်နိုင်တယ်။

ပိန်သေးလေးကလည်း-

"ရွှေနေကြာရေ၊ ငါ့ကို ကယ်ပါဦး၊ သနားစရာကောင်းတဲ့ ပိန်သေးလေးရဲ့အဖြစ်ကိုကြည့်လှည့်ပါဦး" လို့ အော်ဟစ် အကူအညီတောင်းလိုက်တယ်။ အဲဒါကြောင့် နေကြာပန်းဟာ သူ့တန်ခိုးနဲ့ ပိန်သေးမလေးကို ဆူးတွေနဲ့ ဆူးလေပင်လေးဘဝကို ပြောင်းပစ်လိုက်တယ်တဲ့။ အဲဒီအချိန်ကစပြီး ဆူးလေပင်ကလေးတွေဟာ လယ်သမားတွေရဲ့ လက်ကိုသွေးထွက် အောင် စူးစေတတ်တာပဲတဲ့။

ဒီလိုနဲ့ ပိန်သေးမလေးလည်း ဘဝပြောင်းသွားတယ်။ ပန်းပင်လေးတွေကြားက ဆူးလေပင်လေးဘဝကို ရောက်သွားတော့တယ်။ အခုတော့ သူဟာ အဖော်မဲ့တဲ့သူ မဟုတ်တော့ဘူး။ ကြယ်ရောင်တောက်ပနေတဲ့ ကောင်းကင်အောက်မှာ ပန်းပွင့်စောင့်နတ်သမီးလေးတွေနဲ့ တစ်ညလုံး တွဲကရင်း ပျော်နေပြီ။ ဘယ်သူကမှလည်း သူ့ကို မကြင်မနာ ကိုယ်ထိလက်ရောက် မစော်ကားနိုင်တော့ဘူး။ သူ့ကိုယ်မှာက ဆူးလေးတွေ ရှိနေတာကိုး။ ပန်းရုံတွေကြားက ဆူးလေပင်ကလေးတွေဟာ အထီးကျန်ဆန်တဲ့ အဖော်ကင်းမဲ့တဲ့ ကလေးတွေနဲ့တွေ့တဲ့အခါ သူတို့ဇာတ်ကြောင်းကို အဲသလို ပြန်ပြောနေတတ်တယ်တဲ့ကွာ။

* ***The Thistle Doll***

❑

## မတ် ၅

### သိုးကို ဆေးကုနည်း

တစ်ခါက သိုးမကလေးတစ်ကောင်ဟာ တော်တော် မကျန်းမမာ ဖြစ်နေတယ်တဲ့။ သူတို့က သိုးမလေးကို ပေါင်မုန့်နှုန့်နဲ့ ဆေးမြက်တစ်မျိုးကို ရောကျွေးကြတယ်။ ဆေးဖက်ဝင် သစ်ရွက်တွေ ထောင်းထုထားတဲ့ ဆေးရည်ကိုလည်း လူးပေးကြတယ်။ အမျိုးမျိုး ကုကြ ပေမယ့် ရောဂါက မသက်သာဘူးတဲ့။ နောက်ဆုံးတော့ သူတို့ဟာ သိုးမလေးကို ဆရာဝန်ဆီ ခေါ်သွားဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဆရာဝန်ကတော့ သိုးအိုကြီးတစ်ကောင်ပဲ။ သူ့ရဲ့ ဒီဂရီမျက်မှန်က သူ့နှာခေါင်းပေါ် လျှောကျနေတယ်။ သူ့ရဲ့ ဆရာဝန်သုံး နားကြပ်ကတော့ သူ့ရဲ့ နားရွက်တွေပဲတဲ့။ ဆရာဝန် က သူ့လူနာကို ပြောတယ်။

"ကဲ… မင်းရဲ့လျှာကိုထုတ်ပြီး အားလို့ အော်စမ်း"

သူ့စကားဆုံးတော့ သိုးမလေးက လျှာကိုထုတ်ပြီး 'ဘား' လို့ အော်လိုက်တယ်။ ဒေါက်တာသိုးက ပြုံးပြီး-

"ဘာရောဂါဖြစ်နေတယ် ဆိုတာ ငါ ကောင်းကောင်း သိပြီဟေ့၊ ကောင်မလေး ရောဂါက နားပင်းနေတာပဲ" လို့ ပြောလိုက်တယ်။

ဒေါက်တာသိုးရဲ့ ဉာဏ်ပညာကြီးမားပုံနဲ့ အစွမ်းထက်ပုံကို ကျန်တဲ့သူတွေက အံ့ဩကုန်ကြတယ်။ ဒေါက်တာသိုးက ထပ်ပြောတယ်။

"ကဲ… မင်းရဲ့လျှာကိုထုတ်ပြီး 'ဘား'လို့ အော်စမ်း"

ဒီတစ်ခါတော့ သိုးမလေးဟာ သူ့လျှာကိုထုတ်ပြီး 'ဘား' လို့ အော်လိုက်တယ်။ ဒေါက်တာသိုးက "အင်း…အရင်ကထက်တော့ ပိုကောင်းလာပြီ" လို့ ပြောတယ်။ ပြီးတော့မှ သိုးမကလေးရဲ့ နားကိုကပ်ပြီး တိုးတိုးလေးလေသံနဲ့ မေးလိုက်တယ်။

"ဘယ့်နှယ်လဲ၊ မနက်ဖြန်ကျရင် မင်း ကျောင်းမတက်ဘူး မဟုတ်လား"

အဲဒီစကားကြားတော့ သိုးမလေးဟာ ငါးတစ်ကောင်လို ထခုန်တယ်။ "ဟေး… မနက်ဖြန် ကျောင်းမတက်ဘူးဟေ့" လည်း အော်ဟစ်လိုက်တယ်။


ဒေါက်တာသိုးက အားလုံးသိနေတဲ့ ပုံမျိုးနဲ့ ပြုံးပြီး တိုးတိုးလေး ပြောလိုက်တယ်။

"တကယ်လို့ နေမကောင်းတဲ့ သိုးကလေးတွေကို ဆေးကုချင်တယ်ဆိုရင် ဘယ်တော့မှ ကျောင်းကို မလွှတ်နဲ့" တဲ့။

ကလေးတို့လည်း ကျောင်းမတက်ချင်တာနဲ့ နေမကောင်းချင်ယောင် မဆောင်ရဘူးနော်။ ဒေါက်တာသိုးနဲ့ တွေ့သွားလိမ့်မယ်။

* How to Cure a Sheep

❑



## မတ် ၆

## သိုးထိန်းသမလေးနှင့် မီးခိုးခေါင်းတိုင်ရှင်းသမားလေး

တစ်ခါတုန်းက အိမ်ကြီးတစ်အိမ်ရဲ့ ဧည့်ခန်းထဲမှာ နံရံကို မှီထောင်ထားတဲ့ သစ်သားဗီရိုကြီးတစ်လုံး ရှိတယ်တဲ့။ အဲဒီဗီရိုကြီးရဲ့ မျက်နှာစာကို ထွင်းထုထားတဲ့ သစ်သားပန်းပုဖောင်းကြွလက်ရာတွေနဲ့ တန်ဆာဆင်ထားတယ်တဲ့။ နှင်းဆီပန်းပုံတွေ၊ ကျူးလစ်ဆိုတဲ့ ဂမုန်းပန်းတွေ အစုံပဲပေါ့လေ။ အဲ… အလယ်ကောင်မှာတော့ အင်မတန် အရုပ်ဆိုးတဲ့ လူတစ်ယောက်ရဲ့ မျက်မှောင်ကြုတ်နေတဲ့ မျက်နှာကြီး ရှိတယ်။ သူ့နဖူး အလယ်ကောင်မှာလည်း ချို (ဂျို) ပေါက်နေသေးတယ်။ အဲဒီလူဟာ ဆိတ်တစ်ကောင်ရဲ့ မုတ်ဆိတ်နဲ့တူတဲ့ မုတ်ဆိတ်တွေ ရှိတယ်။ သူ့ခြေထောက်တွေကလည်း ဆိတ်ခြေထောက်တွေတဲ့။ ဒါကြောင့် အဲဒီအိမ်က ကလေးတွေက သူ့ကို 'ဆိတ်ခြေထောက်နဲ့ ခေါင်းဆောင်ကြီး' လို့ လှောင်ပြောင်ခေါ်လေ့ ရှိကြတယ်။

ချိုပေါက်နေတဲ့ လူတွေရဲ့ ထုံးစံအတိုင်း သူဟာ တစ်နေ့တော့ မိုက်မိုက်မဲမဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ အဲဒါက ဘာလဲဆိုတော့ သိုးထိန်းသမ ကြွေရုပ်ကလေးကို လက်ထပ်ယူမယ် ဆိုတဲ့ ဆုံးဖြတ်ချက်ပဲ။ အဲဒီသိုးထိန်းသမ ကြွေရုပ်ကလေးက တရုတ်ပြည်က လာတာတဲ့။ ဗီရိုကြီးနဲ့ ရှေ့တည့်တည့် ကြည့်မှန်ကြီးတစ်ချပ်ရဲ့အောက်က စားပွဲပေါ်မှာ မတ်တတ်ရပ်ရက်ကလေး ရှိနေတာတဲ့။ အဲဒီသိုးထိန်းသမအရုပ်ကလေးရဲ့ဘေးမှာ မီးခိုးခေါင်းတိုင်ရှင်းသမား အရုပ်ကလေးတစ်ခုလည်း အတူတူ ရှိနေတယ်။ (သူတို့နိုင်ငံက အိမ်တိုင်းမှာ မီးခိုးခေါင်းတိုင်တွေ ရှိတယ်။ ဒီသူငယ်လေးရဲ့ အလုပ်က ညစ်ပတ်နေတဲ့ အဲသလို မီးခိုးခေါင်းတိုင်တွေကို သန့်ရှင်းရေးလုပ်ပေးရတဲ့ အလုပ်ပေါ့လေ။)

သူတို့ရဲ့နောက်မှာ ခေါင်းကို အမြဲ တညိတ်ညိတ်လှုပ်နေတဲ့ တရုတ်လူဝကြီး အရုပ်တစ်ရုပ် ရှိတယ်။ တရုတ်လူဝကြီးက သိုးထိန်းသမလေးနဲ့ သူဟာ မြေးအဘိုးတော်တယ်လို့ ပြောတာပဲ။ ဆိတ်ခြေထောက်နဲ့ ချိုပေါက်နေတဲ့လူက အဲဒီတရုတ်လူဝကြီးဆီမှာ သိုးထိန်းသမ

လေးကို လက်ထပ်ခွင့်တောင်းတယ်။ လူဝကြီးကလည်း ခေါင်းညိတ်ပြီး သဘောတူလိုက်တယ်။

ပြီးတော့ လူဝကြီးက သိုးထိန်းသမလေးကို ပြောတယ်။

"နင် ဆိတ်ခြေထောက်နဲ့ ခေါင်းဆောင်ကြီးကို လက်ထပ်ယူရမယ်။ နင် ဆိတ်ခြေထောက်ကတော်ဖြစ်ရင် အဲဒီဗီရိုကြီးတစ်လုံးနဲ့ အပြည့်ထည့်ထားတဲ့ ငွေပန်းကန်၊ ငွေခွက်တွေကို ပိုင်ဆိုင်ရမှာပဲ" တဲ့။

ဒါပေမဲ့ သိုးထိန်းသမလေးကတော့ အဲဒီသစ်သားဗီရိုကြီးဆီကို မသွားချင်ဘူး။ အဲဒီဗီရိုကြီးထဲမှာ ဆိတ်ခြေထောက်နဲ့ ခေါင်းဆောင်ကြီး လက်ထပ်ပြီး သိမ်းထားတဲ့ ကြွေရုပ်ကလေးတွေ တစ်ဒါဇင်လောက်ရှိတာကို သူလည်း သိထားတာကိုး။ နောက်တစ်ကြောင်းက သူတို့ အတူတူနေကြရတာ ကြာတော့ မီးခိုးခေါင်းတိုင်ရှင်းသမားလေးနဲ့ ချစ်သူတွေဘဝလည်း ရောက်နေကြပြီကိုး။



"ကျွန်မတို့ ဒီကနေ အတူတူ ထွက်ပြေးကြပါစို့ရှင်" လို့ မျက်ရည်တွေနဲ့ သူ့ချစ်သူကို တောင်းပန်တယ်။ နောက်ဆုံးတော့ မီးခိုးခေါင်းတိုင်ရှင်းသမားလေးဟာ သူ့ချစ်သူ အလိုကျ အားလုံး အိပ်မောကျနေကြတဲ့ အချိန်မှာ ထွက်ပြေးကြဖို့ သဘောတူလိုက်ပါတော့တယ်။

❑

မတ် ၇

## သိုးထိန်းသမလေးနှင့် မီးခိုးခေါင်းတိုင်ရှင်းသမားလေး

အဲသလိုနဲ့ ညရောက်လို့ အားလုံးအိပ်မောကျနေလောက်တဲ့အချိန်မှာ သိုးထိန်းသမလေတို့ ချစ်သူနှစ်ဦးဟာ အဲဒီစားပွဲကြီးပေါ်က စားပွဲခြေထောက်တိုင်တွေကို တွယ်ပြီး ဆင်းလာခဲ့ကြတယ်။ အဲဒီအချိန်မှာပဲ သူတို့ ကံဆိုးချင်တော့ ဆိတ်ခြေထောက် ခေါင်းဆောင်ကြီးဟာ နိုးသွားတော့တယ်။ သူက တရုတ်အဘိုးအိုကြီးကို လှမ်းအော်ပြီး နှိုးတယ်။

"ထ… ထ… သူတို့ ထွက်ပြေးကြပြီ"

ဒီအသံကြားတော့ ချစ်သူနှစ်ဦးဟာ အလန့်တကြားဖြစ်ပြီး ပြတင်းပေါက်နဲ့ ကပ်ရက်ခုံပေါ်ကို ခုန်ချလိုက်ကြတယ်။ အဲဒီမှာက ရုပ်သေးကပွဲတစ်ခု ပြနေတယ်။ ဖဲလေးချပ်ကလည်း ဖဲကစားနေကြတယ်။ ပြနေတဲ့ဇာတ်က ငယ်ရွယ်တဲ့ ချစ်သူစုံတွဲတစ်တွဲ၊ ချစ်ကြပေမယ့် အတူတူမနေနိုင်တဲ့ ဇာတ်တဲ့။ အဲဒီမှာ ရှေ့ဆုံးတန်းက ထိုင်ကြည့်နေတာဟာ ဖဲချပ်ထဲက ဘုရင်မ၊ ကျူးလစ်ပန်းကလေးတွေကလည်း အိုက်လို့ သူတို့ကိုယ်သူတို့ ယပ်ခတ်လို့။

အဲဒီဇာတ်ကိုကြည့်ပြီး သိုးထိန်းသမလေးဟာ မျက်ရည်လည်လာတယ်တဲ့။ သူတို့ဇာတ်နဲ့ တူလို့ပေါ့လေ။ အဲဒီအချိန်မှာပဲ နောက်လှည့်ကြည့်ပြီး သိုးထိန်းသမလေးဟာ အလန့်တကြား အော်လိုက်တယ်။

"တရုတ်အဘိုးကြီး လိုက်လာနေပြီ"

ဒီအသံလည်းကြားရော ခေါင်းတိုင်ရှင်းသမားလေးဟာ သိုးထိန်းသမလေးရဲ့ လက်ကိုဆွဲပြီး မီးဖိုထဲ ဝင်ပြေးတော့တယ်။ အဲဒီကနေတစ်ဆင့် သူတို့နှစ်ယောက်ဟာ မီးခိုးခေါင်းတိုင်ထဲကို တွယ်တက်ကြတယ်။ မီးခိုးခေါင်းတိုင်က အမြင့်ကြီးပဲ။ သူတို့နှစ်ယောက် အတူတူမြင့်သထက်မြင့်အောင် တက်ကြတယ်။ အဲဒီခရီးက အင်မတန် အန္တရာယ်များတဲ့ ခရီး၊ အင်မတန်လည်း မှောင်မည်းနေတာပဲ။ နောက်ဆုံးတော့ သူတို့ဟာ မီးခိုးခေါင်းတိုင်ထိပ်ဝနှုတ်ခမ်းပေါ်ကို ရောက်သွားတယ်။

သူတို့ရဲ့ ခေါင်းပေါ်မှာတော့ ကြယ်ပွင့်တွေနဲ့ပြည့်နေတဲ့ ကောင်းကင်ကြီး၊ သူတို့ပတ်ဝန်းကျင် ကမ္ဘာကြီးကလည်း ဘယ်ကိုပဲကြည့်ကြည့် အဆုံးမရှိသလို ကျယ်ပြန့်လိုက်တာလွန်ရော။ အဲဒါတွေကို မြင်တော့ တစ်သက်လုံး ဧည့်ခန်းထဲက စားပွဲခုံပေါ်မှာသာ နေလာခဲ့ဖူးတဲ့ သိုးထိန်းသမလေးဟာ ကြောက်ရွံ့တုန်လှုပ်သွားတယ်။

"ကျွန်မတို့ ကိုယ့်နေရာပဲ ကိုယ်ပြန်ကြရအောင်" လို့ မျက်ရည်တဝေဝေနဲ့ ပြောတယ်။ မပြန်ဖို့ မီးခိုးခေါင်းတိုင်ရှင်းသမားလေးဟာ အမျိုးမျိုး ဖျောင်းဖျပြောပေမယ့်လည်း အလကားပဲတဲ့။ ကောင်မလေးဟာ စိတ်မပြောင်းဘူး။ နောက်ဆုံးတော့ ကောင်မလေးရဲ့ဆန္ဒကို လိုက်လျောလိုက်ရတယ်။

သူတို့ မီးခိုးခေါင်းတိုင်ထဲကပဲ တိတ်တိတ်ကလေး ပြန်ဆင်းလာခဲ့ကြတယ်။ သူတို့နေရာ ဧည့်ခန်းထဲကိုရောက်တော့ ကြမ်းပြင်ပေါ်မှာကျပြီး အစိတ်စိတ်အမြွာမြွာ ကွဲနေတဲ့ တရုတ်အဘိုးအို ကြွေရုပ်ကို တွေ့ရတယ်။ စားပွဲခုံခြေထောက်က တွယ်ဆင်းနေတုန်း သူ့ခြေထောက် သေးသေးတွေက သူ့ခန္ဓာကိုယ်ဝဝကြီးကို မနိုင်ဘဲ လိမ့်ကျပြီး ကွဲသွားတာပေါ့လေ။ သူ့ခေါင်းကတော့ ခန္ဓာကိုယ်ကနေ လွင့်စဉ်သွားလိုက်တာ အခန်းထောင့်တစ်နေရာကို ရောက်နေတယ်။

ကောင်မလေးက အဘိုးအိုအတွက် ဝမ်းနည်းပြီး ငိုတယ်။

မီးခိုးခေါင်းတိုင်ရှင်းသမားလေးဟာ-

"မပူပါနဲ့ကွာ၊ လူတွေက သူ့ကို ကော်နဲ့ ပြန်ကပ်ပြီး ဆက်ပေးပါလိမ့်မယ်။ သူ့ခေါင်းထဲကိုလည်း သစ်သားစို့တစ်ချောင်း ထည့်ပေးထားလိုက်ရင် ကောင်းသွားမှာပါ" လို့ နှစ်သိမ့်စကားပြောတယ်။

သူပြောတဲ့အတိုင်းပဲ လူတွေက တရုတ်အဘိုးအိုရဲ့ အစိတ်စိတ်အမြွာမြွာ ခန္ဓာကိုယ်ကို ကော်နဲ့ကပ်ပြီး ပြန်ဆက်ပေးလိုက်တယ်။ တခြားစီဖြစ်နေတဲ့ သူ့ခေါင်းနဲ့ ခန္ဓာကိုယ်ကိုလည်း သစ်သားစို့တစ်ချောင်းနဲ့ ဆက်ပေးထားလိုက်တယ်။ တရုတ်အဘိုးအိုအရုပ်ဟာ အကောင်းပြန်ဖြစ်သွားတယ်။ ဒါပေမဲ့ သူ့ခေါင်းကိုတော့ အရင်ကလို မညိတ်နိုင်တော့ဘူးတဲ့။

အဲဒါကြောင့် နောက်တစ်ကြိမ် ဆိတ်ခြေထောက်နဲ့ ခေါင်းဆောင်ကြီးက သိုးထိန်းသမလေးကို လက်ထပ်ခွင့်တောင်းလာတဲ့အခါ သူဟာ ခေါင်းမညိတ်ပြနိုင်တော့ဘဲ ရှိတယ်။ သူ့ခေါင်းထဲမှာ သစ်သားစို့တစ်ခု ရှိနေတဲ့အတွက် ခေါင်းညိတ်မပြနိုင်တာပါလို့လည်း ရှက်တာနဲ့ ရှင်းမပြချင်တော့ဘူး။ အဲဒီအချိန်ကစပြီး သိုးထိန်းသမလေးနဲ့ မီးခိုးခေါင်းတိုင်ရှင်းသမားလေးဟာ အတူတူ နေထိုင်သွားကြတယ်တဲ့ကွယ်။ သူတို့ ခန္ဓာကိုယ်လေးတွေ ကျိုးပဲ့ပျက်စီးကုန်တဲ့အထိပဲ ဆိုပါတော့ကွယ်။

*** *The Shepherdess and the chimney-sweep***

❑

မတ် ၈

## ဂျစ်ပစီသခင်ကြီး

တစ်နေ့တော့ ဂျစ်ပစီတစ်ယောက်ဟာ သိုးအိုကြီးတစ်ကောင်ကို ဂျာမန်စကားပြော သင်ပေးဖို့ ဆုံးဖြတ်လိုက်တယ်တဲ့။ ဒါပေမဲ့ သိုးအိုကြီးက အင်မတန် ထုံအတော့ ဘယ်လို သင်ပေးပေး မတတ်ဘူးတဲ့။ သူက စကားတစ်ခွန်းပဲ ပြောတတ်တယ်။ အဲဒါဟာ 'ဘား ဘား ဘား' ဆိုတာပဲ။

နောက်ဆုံးတော့ ဂျစ်ပစီက ဒီလောက်တတ်ရင်လည်း တော်ပါပြီလို့ ဆုံးဖြတ်လိုက်ပြီး အဲဒီသိုးအိုကြီးကို လူကြီးလူကောင်း တစ်ယောက်လို အဝတ်အစားတွေ ဆင်ယင်ပေးတယ်။ သူ့မျက်လုံးတစ်လုံးပေါ်မှာလည်း တစ်ဖက်တည်းတပ်ရတဲ့ မျက်မှန်တစ်ဖက်ကို တပ်ပေး၊ သူ့ခေါင်းပေါ်မှာ ဦးထုပ်တစ်လုံး ဆောင်းပေးလိုက်တယ်။ ပြီးတော့ သူတို့အုပ်စုဟာ စားကောင်းသောက်ဖွယ်တွေရတဲ့ ခရီးသွားတွေ နားနေစားသောက်တဲ့ ဆိုင်ကြီးတစ်ဆိုင်ဆီ ထွက်လာခဲ့ကြတယ်။

ဆိုင်ရောက်တော့ အကျအန ဝတ်ဆင်ထားတဲ့ သိုးအိုကြီးကို စားပွဲခုံတစ်လုံးမှာ ခုံ တစ်လုံးနဲ့ နေရာချထားပေးလိုက်တယ်။ ပြီးတော့ အဲဒီဂျစ်ပစီဟာ ဆိုင်ရှင်ကြီးဆီသွားပြီး-

"ကျုပ်တို့အတွက် စားစရာနဲ့ သောက်စရာတွေ ယူလာခဲ့စမ်း။ ကျုပ်တို့က ဟောဟိုမှာ ထိုင်နေတဲ့ ဂျစ်ပစီသခင်ကြီးရဲ့ မင်္ဂလာပွဲအတွက် ခရီးထွက်လာကြတဲ့သူတွေ။ ကျုပ်တို့ သခင်ကြီးနဲ့ လက်ထပ်မှာက ဟန်ဂေရီမင်းသမီးဗျ" လို့ ခပ်တည်တည်နဲ့ ပြောတယ်။

ဆိုင်ရှင်က-

"ခင်ဗျားတို့ စားသမျှကို ဘယ်သူက ငွေရှင်းပေးမှာလဲ၊ ခင်ဗျားတို့ ဂျစ်ပစီတွေကလား" လို့ မေးတော့ ဂျစ်ပစီက-

"ကျုပ်တို့က ဘာလို့ ရှင်းရမှာလဲဗျ၊ သခင်ကြီး ရှင်းမှာပေါ့၊ သူကလွဲလို့ ဘယ်သူက ပေးရမှာလဲ" လို့ ပြန်ပြောတယ်။

ဒါနဲ့ ဆိုင်ရှင်လည်း သိုးအိုကြီးနား ကပ်သွားပြီး-

"ခင်ဗျားက ကျသလောက်ရှင်းမယ် ဆိုတာ ဟုတ်ပါသလား သခင်ကြီး" လို့ မေးတယ်။ ဒီတော့ သိုးအိုကြီးက-

"ဘား ဘား ဘား" လို့ မြည်လိုက်တာပေါ့။ အဲဒါကိုပဲ ဆိုင်ရှင်က ကျေနပ်သွားတယ်။ ဂျစ်ပစီကတော့ သူ့အပေါင်းအသင်း ဂျစ်ပစီတွေကို ဆိုင်ထဲခေါ်သွင်းထားပြီ။ ဆိုင်ရှင်ကလည်း သူတို့ အလိုရှိသလောက် စားစရာသောက်စရာတွေကို ယူပေးတယ်။ ဆိုင်ထဲမှာ ဂျစ်ပစီတွေ စားလိုက်သောက်လိုက်ကြတာ ဘာပြောကောင်းမလဲတဲ့။ ဟော… စားလည်းပြီးရော ဆိုင်ထဲက တစ်ယောက်ပြီးတစ်ယောက် အလျှိုလျှို ထွက်သွားလိုက်ကြတာ ကုန်ရောတဲ့။ နောက်ဆုံး ဂျစ်ပစီသခင်ကြီးပဲ ကျန်တော့တယ်။

ဆိုင်ရှင်က သိုးအိုကြီးနား ကပ်သွားပြီး-

"ကဲ… ကျွန်တော် ကြည့်ချင်လှပြီ၊ ပိုက်ဆံရှင်းစရာရှိတာ ရှင်းပါတော့ သခင်ကြီး" လို့ ပြောတယ်။ သိုးအိုကြီးကတော့ အင်းမလှုပ် အဲမလှုပ်ပေါ့။ ငွေထုတ်ရှင်းမယ့်ပုံလည်း မပေါ်ဘူး။ ဒီတော့ ဆိုင်ရှင်ဟာ ဒေါပွလာပြီး သိုးအိုကြီးကို ကိုင်လှုပ်တယ်။

"ခင်ဗျား ပိုက်ဆံရှင်းမယ်ဆို ရှင်းတော့လေ၊ ဘယ်မလဲ" ပေါ့။ သူ ကိုင်လှုပ်တော့ သိုးအိုကြီးရဲ့ မျက်မှန်တစ်ဖက်ဟာ ရှေ့က ဂေါ်ဖီထုပ်ချဉ်စည်ထဲ ပြုတ်ကျသွားတယ်။

သိုးအိုကြီးဟာ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး။ ဒီတော့ သူ ထွက်ပြေးလို့ရအောင် ဆိုင်ရှင်ရင်ဘတ်ကို ခေါင်းနဲ့ ဝှေ့လိုက်တယ်။ အဲဒီအရှိန်နဲ့ ဆိုင်ရှင်ဟာ ပြတင်းပေါက်က ကျော်ပြီး ခြံထဲက တိရစ္ဆာန်မစင်ပုံထဲကို ကျသွားပါရောတဲ့။ ဒီတော့ ဆိုင်ရှင်လည်း-



"တော်လောက်ပါပြီ သခင်ကြီး၊ တော်လောက်ပါပြီ" လို့ အော်တော့တယ်။ ဒါတောင်မှ ထွက်ပြေးခါနီး ဂျစ်ပစီသခင်ကြီးက ပြောသွားသေးတယ်။

"ဘား ဘား ဘား" တဲ့။

* *The Gypsy Bmon*

□

မတ် ၉

## စာကလေးငှက်သိုက်

အင်မတန်ရှည်လျားတဲ့ မြစ်ကြီးတစ်စင်းရဲ့ ကမ်းပါးမှာ မြို့တစ်မြို့ ရှိတယ်တဲ့။ ကမ္ဘာပေါ်မှာ ဉာဏ်ပညာအရှိဆုံး ဆိုတဲ့ စာကလေးတွေကို အဲဒီမြို့မှာ တွေ့နိုင်တယ်တဲ့။ အဲဒီ စာကလေးတွေ အဲဒီမြို့ကို ရောက်လာပုံက ဒီလိုတဲ့။

ဟိုးရှေးရှေးတုန်းက အဲဒီမြို့မှာ ခပ်ဆိုးဆိုး ခပ်ပေပေ ကောင်လေးတစ်ယောက် ရှိတယ်တဲ့။ သူဟာ ဘာကိုမှ လေ့လာသင်ကြားချင်တဲ့ ဆန္ဒလည်း မရှိဘူးတဲ့။ ညစ်ပတ်လိုက်တာလည်း လွန်ပါရောတဲ့။ သူ့လက်သည်းတွေထဲမှာလည်း ကြေး(ဂျီး) အပြည့်နဲ့တဲ့။ သူ့ခေါင်းကလည်း စာကလေးငှက်သိုက် ကျနေတာပဲ၊ ရှုပ်ပွနေတာပဲတဲ့။

တစ်နေ့တော့ အဲဒါကို စာကလေးအိုတစ်ကောင်က မြင်ပြီး သူ့မိသားစုကို ခေါ်လာပြီး ကောင်ကလေး ခေါင်းပေါ် ပြောင်းရွှေ့နေကြတယ်တဲ့။ ဒီလိုနဲ့ ကောင်လေး ကျောင်းတက်တဲ့နေ့မှာ စာကလေးတစ်သိုက်လည်း သူနဲ့အတူ ကျောင်းကို ပါသွားတော့တာပေါ့။

ကျောင်းရောက်တော့ ဆရာမက ကောင်လေးကို မေးတယ်။

"တစ်ကောင်နဲ့ တစ်ကောင် ပေါင်းရင် ဘယ်လောက်ရလဲ" တဲ့။

ကောင်လေးက မဖြေတတ်ဘူး။ အဲဒီအချိန်မှာပဲ သူ့နားထဲမှာ လေသံတိုးတိုးလေးနဲ့ ရေရွတ်နေတဲ့အသံကို ကြားတယ်။ တကယ်တော့ သူ့ခေါင်းပေါ်က စာကလေးသိုက်ထဲက စာကလေးတွေ မြည်နေတဲ့အသံပဲ။ ဒါကို သူက တစ်စုံတစ်ယောက်က အဖြေကို ပြောနေတဲ့အသံလို့ ထင်တယ်။ အဲဒီတော့ သူကြားလိုက်တဲ့အတိုင်း ဆရာမကို ပြန်ဖြေလိုက်တယ်။

"ကျလီ ကျလီပါ ဆရာမ"

သူ့အဖြေကို ကြားတော့ ဆရာမက စိတ်ဆိုးပြီး မျက်မှောင်ကြုတ်လိုက်တယ်။ နောက်မေးခွန်းတွေကိုလည်း ဆက်တိုက်မေးတယ်။

"အနှစ်သုံးဆယ် စစ်ပွဲဟာ နောက်ဆုံးမှာ ဘာဖြစ်သွားသလဲ"

"ငှက်မွေးတစ်ပေါင်ကို ဘယ်လောက် ပေးရသလဲ"

"ဒီကနေ ဟိုနေရာ၊ ဒါမှမဟုတ် ဟိုကနေ ဒီနေရာကို ဘယ်လောက် ဝေးသလဲ" ဆိုးပေလေးကတော့ မေးခွန်းတိုင်းကို-

"ကျလိ ကျလိ" လို့ပဲ ဖြေတယ်။ စာကလေးတွေကလည်း သူ့ကို ဒီအတိုင်းပဲ ပြောတာကိုး။ ဆရာမလည်း နောက်ဆုံးတော့ စိတ်ဓာတ်ကျပြီး လက်မြှောက်သွားတော့တယ်။ အဲဒီအချိန်ကစပြီး အဲဒီမြို့မှာ စာကလေးတွေဟာ ကမ္ဘာပေါ်မှာ ဉာဏ်အရှိဆုံး စာကလေးတွေ ဖြစ်လာတော့တာပဲတဲ့။ သူတို့ဟာ ကျောင်းကို သွားကြတယ်။ ပြီးတော့ ဆရာမရဲ့ မေးခွန်းတွေကို လေသံလေးတွေနဲ့ အဖြေပေးကြတယ်။

ပျင်းရိတဲ့ ဆိုးပေကလေး ဘယ်ရောက်သွားသလဲ သိချင်ကြလို့လား။ သူဟာ ဒီလိုနဲ့ပဲ ကြီးပြင်းလာတယ်တဲ့။ အဲဒီမြို့ကလူတွေ ပြောတာကတော့ သူဟာ နိုင်ငံခြားကို ပြောင်းရွှေ့သွားတယ်တဲ့။ အဲဒီမှာလည်း သူဟာ ဘာဆိုဘာကိုမှ မသင်ကြားဘူးတဲ့။ အဲဒါနဲ့ နောက်ဆုံးတော့ သူ့ကို ဘုရင်မြှောက်လိုက်ကြရတယ်။

* *The Sprrow's Nest*

❑



မတ် ၁၀



## လူနီပုံပြင်

လူတွေဟာ ဘယ်နေရာကိုပဲသွားသွား သူသွားလေရာမှာ သူ့အရိပ်ဟာ ကောက်ကောက်ပါအောင် လိုက်ပါနေတတ်တယ်။ အဲဒါကြောင့် သူဟာ အထီးကျန် ဘယ်တော့မှ မဖြစ်ဘူး။ သူ တစ်စုံတစ်ရာ ပြောစရာရှိတယ်ဆိုရင် သူ့အရိပ်ကို သူ ပြောလိုက်ရုံပဲ။ ဒီတော့ အဆင်ပြေတယ်လို့ ခေါ်ရမှာပေါ့ ကလေးတို့ရယ်။ ကဲ… အရိပ်ရှိတာ ကံမကောင်းဘူးလား။

ဟိုး… အရင့်အရင် တော်တော်ဝေးတဲ့ အချိန်တွေတုန်းကတဲ့။ ကြယ်ပွင့်လေးတွေဟာ ရက်ဒ်အင်ဒီယန်းလို့ခေါ်တဲ့ လူနီတွေလိုပဲ ပရေယီမြက်ခင်းပြင်ကျယ်ကြီးထဲမှာ အမဲလိုက်နေကျတဲ့။ အဲဒီကြယ်ပွင့်လေးတွေကို ကြည့်ရတာ အင်မတန်လှပတဲ့ လူနီမအပျိုစင်ကလေးတွေကို မြင်ရသလိုပဲတဲ့။ ဒါပေမဲ့ တစ်ခု ကွာခြားတာက သူတို့ခန္ဓာကိုယ်တွေက ကြည်လင်လွန်းတော့ ဒိုးယို(တိုးလျို)ပေါက် မြင်နေရတယ်။ ဒီတော့ သာမန်လူနီတွေလိုလည်း အရိပ်မထွက်ကြဘူးတဲ့။

အဲဒါနဲ့ သူတို့ခေါင်းဆောင်က နေနတ်ဘုရားဆီမှာ သူတို့ကို တန်ခိုးနဲ့ အရိပ်ဖန်တီးပေးဖို့ တောင်းပန်တယ်။ ဒါပေမဲ့ သူ့တောင်းပန်စကားကို နေဘုရားက မကြားဘူး။ ဒီတော့ သူတို့ခေါင်းဆောင်က အားမလျှော့ဘဲ…

"ငါ လနတ်ဘုရားဆီမှာ တောင်းပန်ကြည့်ပါဦးမယ် ညီမတို့ရယ်" လို့ ပြောတယ်။

ပြီးတော့ လှေကလေးတစ်စင်းကို ယူပြီး အဆုံးမရှိအောင် ကျယ်တဲ့ ရေကန်ကြီးထဲမှာ ကောင်းကင်အစပ်နဲ့ ရေပြင်ထိနေတဲ့ နေရာအထိ တစ်ကိုယ်တည်း လှော်လာခဲ့တယ်။ အဲဒီနေရာရောက်တော့ ရပ်ပြီး လှေပေါ်ကနေ တက်လိုက်တာနဲ့ ကောင်းကင်ကြီးထဲ ရောက်သွားရောတဲ့။

သူက လနတ်ဘုရားဆီ သွားပြီး-

"ကျွန်မတို့ကို အရိပ်ဖန်တီးပေးပါ"

လို့ တောင်းပန်တယ်။

လနတ်ဘုရားကလည်း "ဘာလို့ အရိပ်လိုချင်တာလဲ" မေးတော့-

"ကျွန်မတို့ဟာ အမဲလိုက်တဲ့အခါ တစ်ကိုယ်တည်း အထီးကျန် ဖြစ်နေပါတယ်။ ဒါကြောင့် စကားပြောဖို့ အဖော်လိုချင်လို့ပါ" လို့ ပြောတယ်။ ဒီတော့ လနတ်ဘုရားက-



"ကောင်းပြီ၊ မင်းတို့လိုချင်တဲ့ အရိပ်ကို ဖန်တီးပေးမယ်။ ဒါပေမဲ့ အဲဒီအချိန်ကစပြီး ကောင်းကင်ပေါ်မှာပဲ အမဲလိုက်ကြရမယ်။ အဲဒါကလည်း ငါ့ရဲ့ အလင်းရောင်ထွန်းလင်းနေတဲ့အချိန် ဖြစ်ရမယ်။ ကဲ… မင်း ညီမတွေ ခေါ်လိုက်ပေတော့" လို့ ပြောတယ်။

ခေါင်းဆောင်လုပ်တဲ့သူကလည်း သူ့ညီမ ကြယ်ပွင့်တွေကို ခေါ်မလို့ မြေပြင်ကို ငုံ့ကြည့်လိုက်တဲ့အခါ ကန်ရေမျက်နှာပြင်မှာ တလက်လက် တောက်ပ ရောင်ပြန်ဟပ်နေတဲ့ သူမရဲ့ပုံကို သူမ ပြန်မြင်သွားတယ်။

"အဲဒါ ဘာပါလိမ့်" လို့ တအံ့တသြ ရွတ်လိုက်တယ်။

လနတ်သမီးက-

"အဲဒါ မင်းရဲ့အရိပ်ပဲ၊ မင်းတို့ရဲ့ ခန္ဓာကိုယ်က ကြည်လင်တောက်ပနေတော့ မင်းတို့ အရိပ်ကလည်း ကြည်လင်တောက်ပနေတာပေါ့" လို့ ပြောတယ်။

ကြယ်ပွင့်ဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။ သူ့ညီမတွေ အားလုံးကိုလည်း သူ့ဆီ ခေါ်လိုက်တယ်။ အဲဒီအချိန်ကစပြီး ကြယ်ပွင့်လေးတွေဟာ ကောင်းကင်ပေါ်မှာပဲ အမဲလိုက်နေရတော့တယ်တဲ့ကွယ်။

* ***A Red Indian Tale***

❑

မတ် ၁၁

## အိုးအိုးနှင့်အားအား

တစ်ခါတုန်းက လောဘကြီးပြီး ကောက်ကျစ်တဲ့ လူတစ်ဦးဟာ တောထဲက ထူးဆန်းတဲ့ ငှက်တစ်ကောင်ကို ဖမ်းမိလာတယ်တဲ့။ အဲဒီငှက်ဟာ ဘယ်နေရာကိုပဲဖြစ်ဖြစ် သူ့နှုတ်သီးနဲ့ ပေါက်လိုက်ရင် ရွှေစတွေ ထွက်လာစေတဲ့ ငှက်တဲ့။ အဲဒီတော့ အဲဒီလူဟာ ချက်ချင်းပဲ ချမ်းသာကြွယ်ဝလာတာပေါ့ကွယ်။ ချမ်းသာကြွယ်ဝလာမှ ဒီလူဟာ လောဘလည်းကြီး၊ ပိုလည်း ကောက်ကျစ်တတ်လာတယ်တဲ့။

တစ်နေ့တော့ သူဟာ မကောင်းတဲ့ အကြံတစ်ခုကို ရတယ်။ သူ့အိမ်က အစေခံအမှုထမ်းတွေကို အချိန်တန်လို့ လခပေးရမယ့်အခါ ခေါ်ပြီး ဒီလိုပြောတယ်။

"မင်းတို့အားလုံး ဈေးကိုသွားပြီး ငါ့အတွက် အိုးအိုးနဲ့အားအား ဝယ်ခဲ့ကြရမယ်။ တကယ်လို့ ငါပြောတဲ့အတိုင်း မဝယ်နိုင်ဘူးဆိုရင် မင်းတို့ရမယ့်လခအစား ကြိမ်ဒဏ်တစ်ရာပဲ အရိုက်ခံရမယ်" လို့ ပြောတယ်။

အစေခံနဲ့ အမှုထမ်းတွေဟာ သူဝယ်ခိုင်းတဲ့ အိုးအိုးနဲ့အားအားဆိုတာ ကြားတောင်မကြားဖူးတော့ သူ့ဆီ ပြန်မသွားကြတော့ဘူး။ ပြန်သွားရင်လည်း ကြိမ်ဒဏ်အရိုက်ခံရဦးမှာကိုး။ ဒီတော့ ကိုယ့်အိမ်မှာနေတာပဲ ပိုကောင်းတယ်လို့ တွေးပြီး အိမ်မှာပဲ နေလိုက်ကြတော့တယ်။ သူတို့ ရစရာရှိတဲ့ လခတွေကိုတော့ ဆုံးရှုံးလက်လွှတ်လိုက်ရတာပေါ့လေ။

တစ်နေ့တော့ အဲဒီကောက်ကျစ်တဲ့လူဟာ သူ့အိမ်မှာ ခိုင်းစေဖို့ လူငယ်လေးတစ်ယောက်ရလာတယ်တဲ့။ ထုံးစံအတိုင်းပဲ သူဟာ လခပေးဖို့ အချိန်တန်တဲ့အခါ ကောင်လေးကို ခေါ်ပြီး အရင်ကအတိုင်း ပြောပြန်တယ်။ ကောင်လေးက အင်မတန် ဉာဏ်ကောင်းတဲ့ ကောင်လေးဆိုတော့-

"သခင်ကြီးပြောတဲ့ အိုးအိုးနဲ့အားအား ဆိုတာကို ကျွန်တော်မျိုးယူလာရင် သခင်ကြီးက သခင်ကြီးပိုင်တဲ့ ထူးဆန်းတဲ့ငှက်ကို ပေးမလား" လို့ ပြန်မေးတယ်။

ကောက်ကျစ်တဲ့သခင်ကြီးက သူခိုင်းတာကို ဒီကောင်လေး ဘယ်နည်းနဲ့မှ မလုပ်နိုင်မှန်းသိတော့ ကောင်လေး တောင်းဆိုတာကို "ကောင်းပြီ" လို့ သဘောတူလိုက်တယ်။ အဲဒီ စကားလည်းကြားရော ကောင်လေးဟာ တစ်ခါတည်း ဈေးကို တန်းပြေးတော့တယ်။ ဈေးရောက်တော့ ဘူးသီးခြောက်ကို လုပ်ထားတဲ့ ဘူးတောင်းနှစ်လုံးကို ဝယ်လိုက်တယ်။ ပြီးတော့ ဘူးတောင်းတစ်လုံးထဲမှာ နကျယ်တစ်ကောင်၊ ဘူးတောင်းတစ်လုံးထဲမှာ ပျားတစ်ကောင် ထည့်ပြီး ပြန်လာခဲ့တယ်။

သူ့သခင်ကို ဘူးတောင်းနှစ်လုံးကိုပေးပြီး-

"သခင်ကြီး၊ သခင်ကြီးအတွက် ကျွန်တော်မျိုး အိုးအိုးနဲ့အားအားကို ယူဆောင်လာခဲ့ပါပြီ။ အဲဒီဘူးတောင်းတွေထဲကို သခင်ကြီးရဲ့ လက်ညှိုးထိုးထည့်ပြီး ကြည့်တော်မူပါ။ သခင်ကြီးကိုယ်တိုင်ကိုယ်ကျ တွေ့ရပါလိမ့်မယ်" လို့ ပြောတယ်။

ကောင်လေး ပြောတဲ့အတိုင်း သူ့သခင်က ဘူးတောင်းထဲကို လက်ထည့်လိုက်တာနဲ့ သူ့လက်ကို ဒေါသဖြစ်နေတဲ့ နကျယ်ကောင်က တုတ်လိုက်တယ်။ နာကျင်လွန်းလို့ ရုတ်တရက် သခင်ကြီးပါးစပ်က "အိုးအိုး" လို့ အသံထွက်သွားတယ်။



ကောင်လေးက ရယ်မောပြီး-

"ကဲ... ကျွန်တော် မပြောဘူးလား သခင်ကြီး။ သခင်ကြီးအတွက် ကျွန်တော်မျိုး အိုးအိုးကို ယူလာခဲ့ပြီ မဟုတ်လား။ သခင်ကြီး လက်ကို ကျန်တဲ့ ဘူးတောင်းထဲ ထည့်လိုက်ပါဦး။ အဲဒါဆို **အားအားကိုပါ** တွေ့ရလိမ့်မယ်"

လို့ ပြောတယ်။

သခင်ကြီးအတွက်ကတော့ ဒီလောက်နဲ့တင် လုံလောက်သွားပြီ။ ထပ်မစမ်းသပ်ရဲတော့ပါဘူး။ ကတိအတိုင်းသာ ဉာဏ်ရှိတဲ့ ကောင်လေးကို သူ့ရဲ့ထူးဆန်းတဲ့ ရွှေငွေကို ပေးလိုက်ရတယ်။ အဲဒီအချိန်ကစပြီး သခင်ကြီးဟာ ဘယ်သူ့ကိုမှ ဈေးကိုသွားပြီး အိုးအိုးနဲ့ အားအား သွားဝယ်ချေလို့ ဘယ်သောအခါမှ မလွှတ်တော့ဘူးတဲ့။

*** Ow and Ouch**

❑

## မတ် ၁၂

### အာလာဒင်နှင့် မီးခွက်ဆန်း

တစ်ခါက အာဖရိက တောလယ်တစ်နေရာမှာ အင်မတန်အစွမ်းထက်တဲ့ မှော်ဆရာကြီးတစ်ယောက် နေနေတယ်တဲ့။ သူ့မှာ ထူးဆန်းတဲ့ မှော်လက်စွပ်တစ်ကွင်း ရှိတယ်။ လက်မှာ ဝတ်ထားတဲ့ အဲဒီလက်စွပ်ကို သုံးပတ်ပြည့်အောင် လှည့်လိုက်ရင် ဖောင်းထုပ်ကို ပြင်ပတ်ရင်း မြေပြင်ကို ခေါင်းညွှတ်ထားတဲ့ လက်စွပ်စောင့်ဘီလူး ပေါ်လာတတ်တယ်။ အဲဒီဘီလူးက "ကျွန်ုပ်ဟာ လက်စွပ်စောင့်ဘီလူးပါ။ သခင်အလိုရှိရာ ခိုင်းစေတော်မူပါ" လို့ ပြောတယ်။ ခိုင်းသမျှကိုလည်း ဖြစ်အောင် ဆောင်ရွက်ပေးနိုင်တယ်။

တစ်နေ့တော့ မှော်ဆရာကြီးက လက်စွပ်စောင့်ဘီလူးကို ခေါ်ပြီး "ဟောဒီကမ္ဘာပေါ်မှာ ဘယ်လူဟာ တန်ခိုးစွမ်းအင် အကြီးဆုံးလဲ" လို့ မေးတယ်။ လက်စွပ်စောင့်ဘီလူးက-

"သခင်… ဒီကနေ တော်တော်ဝေးဝေး အရှေ့ဖူးဖူးကိုသွားရင် မြေအောက်လိုဏ်ဂူကြီးတစ်ခု တွေ့လိမ့်မယ်။ အဲဒီလိုဏ်ဂူထဲမှာ အင်မတန် ဆန်းကြယ်တဲ့ ဥယျာဉ်တစ်ခု ရှိတယ်။ အဲဒီဥယျာဉ်တစ်နေရာမှာ မီးခွက်ဟောင်းတစ်ခုကို တွေ့လိမ့်မယ်။ သာမန်ကြည့်ရင်တော့ ဒီမီးခွက်ဟာ ဘာမှ မထူးခြားသလိုပဲ။ ဒါပေမဲ့ အဲဒီမီးခွက်ကို လက်နဲ့ ပွတ်လိုက်ရင် မီးခွက်စောင့်ဘီလူး ထွက်လာလိမ့်မယ်။ သူဟာ ကျွန်ုပ်ရဲ့ အစ်ကိုတော်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်ထက် အဆပေါင်းတစ်ထောက်လောက် စွမ်းအားရှိတယ်။ ကမ္ဘာပေါ်မှာ သူ မစွမ်းဆောင်နိုင်တာ ဘာမှမရှိဘူး။ ကြယ်တွေပေါ်မှာ ရေးထားတဲ့စာကို ကျွန်ုပ် ဖတ်ရတာကတော့ အဲဒီဂူကြီးထဲကို ဝင်နိုင်မယ့်သူဟာ အာလာဒင်ဆိုတဲ့ လူငယ်လေးတစ်ယောက်သာ ရှိတယ်တဲ့။ အဲဒီသူငယ်လေးဟာ ဆင်းရဲတဲ့ မုဆိုးမတစ်ယောက်ရဲ့သားပါ။ သူတို့သားအမိဟာ အတော်ဝေးတဲ့ အရှေ့အရပ် မှာ နေပါတယ်။ တစ်ခုတော့ ရှိတယ်။ အဲဒီကောင်လေးကို အသက်ရှင်ရက်နဲ့ ဂူထဲက ပြန်ထွက်လာစေချင်တယ် ဆိုရင်တော့ သခင်ဝတ်ထားတဲ့ ဒီမှော်လက်စွပ်သူ့ကို ပေးဝတ်ရလိမ့်မယ်"

လို့ ပြောတယ်။ မှော်ဆရာကြီးဟာ လက်စွပ်စောင့်ဘီလူးပြောတဲ့ မီးခွက်ကို သိပ်လိုချင်သွားတယ်။ ဒါနဲ့ လက်စွပ်စောင့်ကို ချက်ချင်းပဲ အာလာဒင်တို့မြို့ရောက်အောင် ပို့ပေးဖို့ အမိန့်ပေးလိုက်တယ်။



အဲဒီမြို့ကို ရောက်သွားတော့ မှော်ဆရာကြီးဟာ သူ့ကိုယ်သူ ချမ်းသာကြွယ်ဝတဲ့ ကုန်သည်ကြီးတစ်ယောက် ဟန်ဆောင်ပြီး အာလာဒင်တို့အိမ်ကို သွားတယ်။ အာလာဒင်ရဲ့ အမေ မုဆိုးမနဲ့ တွေ့တော့-

"ကျုပ်ဟာ မင်းရဲ့ ကွယ်လွန်သွားတဲ့ ယောကျ်ားရဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ အစ်ကိုတော်ပါပဲ။ ငါက တစ်ကမ္ဘာလုံး လှည့်လည်သွားလာနေတာနဲ့ နှစ်ပေါင်းများစွာ ကြာသွားတယ်။ အခု ကိုယ့်ဇာတိမြို့ကို ပြန်ရောက်လို့ မင်းတို့သားအမိကို ကူညီရအောင် လာခဲ့တာပဲ။ ငါ့တူလေးကို ငါ ကူညီချင်တယ်။ သူ့ကို ငါ စောင့်ရှောက်ဖို့ အပ်လိုက်ပါ။ သူ့ကို လူချမ်းသာလေးတစ်ယောက် ဖြစ်အောင် ငါလုပ်ပေးပါ့မယ်"

လို့ သဘောကျလောက်အောင် ပြောတယ်။

သူ့စကားတွေ ကြားတော့ အာလာဒင်ရဲ့အမေလည်း ဝမ်းသာအားရဖြစ်ပြီး အာလာဒင်ကို မှော်ဆရာကြီးနဲ့ ထည့်လိုက်တော့တယ်တဲ့။

❑

မတ် ၁၃

## အာလာဒင်နှင့် မီးခွက်ဆန်း

အာလာဒင်ဟာ မှော်ဆရာကြီး ခေါ်ဆောင်ရာကို လိုက်ပါလာခဲ့တာ နောက်ဆုံးတော့ အင်မတန်မြင့်တဲ့ တောင်တန်းကြီးပေါ် ရောက်သွားတယ်။ တစ်နေရာရောက်တော့ မှော်ဆရာကြီးဟာ မြေပြင်ကို ကြည့်ပြီး လျှို့ဝှက်မန္တန်တွေ ရွတ်လိုက်တာ ဂူတံခါးပွင့်ပြီး မြေအောက် လိုဏ်ဂူကြီးတစ်ခု ပေါ်လာတော့တယ်တဲ့။

မှော်ဆရာကြီးက အာလာဒင်ကို-

"ကဲ… ဂူထဲကို ဆင်းတော့၊ ထူးဆန်းတဲ့ ပန်းခြံကြီးတစ်ခုထဲမှာ မီးခွက်ဟောင်းကြီးတစ်လုံး တွေ့လိမ့်မယ်။ အဲဒီမီးခွက်ကို ငါ့အတွက်ယူပြီး ပြန်လာခဲ့တော့။ မင်းအသက်ကို မင်း တန်ဖိုးထားတယ်ဆိုရင် တခြားအရာတွေကို လက်ဖျားနဲ့တောင် မထိနဲ့"

လို့ မှာလိုက်တယ်။ ဂူထဲ မဆင်းခင် သူ့ရဲ့မှော်လက်စွပ်ကို အာလာဒင်ရဲ့လက်မှာ ပြောင်းပြီး ဝတ်ပေးလိုက်တယ်။ ဒီလိုနဲ့ အာလာဒင်ဟာ မြေတွင်းထဲကို တွယ်ဆင်းရင်း မြေအောက် ဂူကြီးထဲ ရောက်သွားတယ်။ ဂူကြီးအောက် မြေပြင်မှာ အဖိုးတန် ကျောက်မျက်ရတနာတွေ၊ ပုလဲတွေ၊ ရွှေအိုးရွှေခွက်တွေ ပြန့်ကျဲနေတာတွေ့ရပေမယ့် အာလာဒင်ဟာ အဲဒါတွေကို လက်ဖျားနဲ့တောင် မတို့ဘူးတဲ့။ မြေအောက် ဥမင်အတိုင်း ခပ်မြန်မြန်ပဲ ထူးဆန်းတဲ့ ဥယျာဉ်ကြီးဆီ ရောက်အောင်ပဲ ပြေးသွားခဲ့တယ်။

ထူးဆန်းတဲ့ ဥယျာဉ်ကြီးရဲ့အဝမှာ ကျောက်ခွေးရုပ်ကြီး နှစ်ရုပ် ရှိတယ်။ ဥယျာဉ်တစ်ဖက် နံရံရဲ့ ထွင်းထားတဲ့ အခေါင်းလေးထဲမှာ မီးခွက်ဟောင်းတစ်လုံးကို တွေ့ရတယ်။ သူ့ဦးလေးလို့ဆိုတဲ့ လူကြီး (မှော်ဆရာ) လိုချင်တာ ဒီမီးခွက်ပဲဖြစ်မယ်လို့ အာလာဒင်က သိလိုက်တယ်။ သူဟာ မီးခွက်ကို ဆွဲယူပြီး အမြန်ဆုံး ပြန်ပြေးထွက်လာခဲ့တယ်။

အဲသလို ပြေးလာရင်း ချုံပုတ်တစ်ခုကို အဖြတ်မှာ ရွှေရောင်သစ်ပင်တွေမှာ သီးနေတဲ့ အဖိုးတန်ကျောက်မျက်ရတနာ တစ်လုံး၊ နှစ်လုံးကို သူရအောင် ဖြုတ်ယူပြီး သူ့အင်္ကျီအိတ်



ထဲ ထည့်ခဲ့တယ်။ သူ လိုဏ်ဂူထဲက တွင်းဝရောက်တော့ တော်တော်မောနေပြီ။ ဒါကြောင့် အပေါ်ကို မော့ကြည့်ပြီး အော်တယ်။

"ကျွန်တော့်ကို ကူပါဦး ဦးလေး၊ ကျွန်တော့်ဘာသာတော့ ဒီတွင်းပေါ်ကို ပြန်မတက်နိုင်တော့ဘူး"

တွင်းဝက သူ့ဦးလေးရဲ့ မျက်နှာ ပေါ်လာတယ်။

"အာလာဒင်၊ မင်း လက်ထဲက မီးခွက်ကို အရင်လှမ်းပေးလိုက်၊ ပြီးရင် မင်းကို ငါ ဆွဲတင်မယ်"

ဒါပေမဲ့ အာလာဒင်က သူ့လက်ထဲက မီးခွက်ကို လှမ်းမပေးဘဲ ထားတယ်။ မှော်ဆရာကြီးရဲ့ အရောင်တလက်လက်ထွက်နေတဲ့ မျက်လုံးတွေကို ကြည့်ပြီး အာလာဒင်က သံသယ ဖြစ်နေတယ်။ မီးခွက်သာ လှမ်းပေးလိုက်ရင် သူ့ကို ဘယ်နည်းနဲ့မှ ဆွဲတင်မှာ မဟုတ်ဘူးလို့ သိနေသလိုပဲ။ ဒါကြောင့်-

"ကျွန်တော့်လက်ကိုသာ ဆွဲတင်ပါ၊ အပေါ်ရောက်ရင် ကျွန်တော် မီးခွက်ကို ပေးပါ့မယ်" လို့ ပြောတယ်။

အာလာဒင်က သူ့အမိန့်ကို ဖီဆန်တာ တွေ့တော့ မှော်ဆရာကြီးဟာ သိပ်စိတ်ဆိုးသွားတယ်။ တစ်ခါတည်း ဂါထာကို ဒေါသတကြီး မန်းမှုတ်လိုက်တာနဲ့ အဲဒီမြေအောက်လိုဏ်ဂူအဝဟာ ပိတ်သွားတော့တယ်။

အာလာဒင်ရဲ့ ခေါင်းပေါ်မှာ မှောင်မိုက်သွားတယ်။ မှော်ဆရာကြီးကတော့ ဖုန်လုံးတိမ်တိုက်တွေကြားထဲမှာ အဲဒီနေရာက ကျောခိုင်းထွက်ခွာသွားတော့တယ်။ ဒီလိုနဲ့ အာလာဒင်ဟာ မြေအောက်လိုဏ်ဂူကြီးထဲမှာ အကျဉ်းသား ဖြစ်သွားရတော့တယ်တဲ့ကွယ်။

❑

## မတ် ၁၄

### အာလာဒင်နှင့် မီးခွက်ဆန်း

အာလာဒင်ဟာ မှောင်မိုက်နေတဲ့ မြေအောက်ဂူကြီးထဲမှာ စိတ်ပျက်လက်ပျက် ထိုင်မှိုင်နေမိတယ်။ ငေးငေးငိုင်ငိုင်နဲ့ ငိုမိတော့မလို ဖြစ်နေတယ်။ တစ်ဆက်တည်းမှာပဲ သူဟာ မရည်ရွယ်ဘဲနဲ့ အဓိပ္ပာယ်မဲ့ မီးခွက်ကို လက်နဲ့ ပွတ်လိုက်မိတယ်။ အဲသလို ပွတ်လိုက်မိတယ် ဆိုရင်ပဲ သူ့ရှေ့တည့်တည့်မှာ ကြောက်စရာကောင်းတဲ့ ဘီလူးကြီးတစ်ကောင် ပေါ်လာတယ်။

အဲဒီဘီလူးကြီးက သူ့ကို ဦးညွှတ်ပြီး-

"ကျွန်ုပ်ဟာ မီးခွက်စောင့်ဘီလူး ဖြစ်ပါတယ် သခင်၊ သခင်အလိုရှိရာ တောင်းဆိုပါ၊ ကျွန်ုပ် ဖြည့်ဆည်းပေးပါ့မယ် သခင်"

လို့ ပြောတယ်။ အာလာဒင်ဟာ ဝမ်းလည်းဝမ်းသာ၊ အံ့လည်း အံ့ဩသွားတယ်။ သူက သူ့ကို ပထမဆုံး သူ့အိမ်ရောက်အောင် ပြန်ပို့ပေးဖို့ အမိန့်ပေးလိုက်တယ်။ သူ့စကား ဆုံးတာနဲ့ တစ်ပြိုင်နက် မဆိုင်းမတွဘဲ သူဟာ အိမ်ပြန်ရောက်သွားတာကို တွေ့လိုက်ရတယ်။ သူဟာ အမေ့ကို ဝမ်းသာအားရ နှုတ်ဆက်ပြီး သူ ကြုံခဲ့ရတာတွေကို ပြောပြလိုက်တယ်။

အဲဒီအချိန်ကစပြီး အာလာဒင်နဲ့ သူ့အမေဟာ ဘာမဆို လိုတိုင်း ရနေတော့တယ်။ မီးခွက်စောင့်ဘီလူးဟာ သူတို့ အလိုရှိတာမှန်သမျှကို ပြည့်ဝအောင် ဖန်တီးပေးတယ်။ ဒါကြောင့် သူတို့သားအမိဟာ အရင်ကလို မဆင်းရဲတော့ဘဲ ကြွယ်ကြွယ်ဝဝ ခမ်းခမ်းနားနား နေထိုင် နိုင်ကြတယ်။

တစ်နေ့တော့ အာလာဒင်ဟာ မြို့ထဲမှာ လျှောက်သွားရင်း အင်မတန် ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ကို သွားတွေ့တယ်။ အဲဒီမိန်းကလေးဟာ စူလတန် ဘုရင်ကြီးရဲ့ သမီး ဖြစ်တယ်။ အာလာဒင်ဟာ မင်းသမီးလေးကို မြင်မြင်ချင်း ချစ်ခင်သွားမိတယ်။

အဲဒါကြောင့် အာလာဒင်က သူ့အမေကို-

"အမေ စူလတန်ဘုရင်ရဲ့ နန်းတော်ကိုသွားပြီး သူ့သမီးကို တောင်းပေးပါ။ ကျွန်တော် မြေအောက်လိုဏ်ဂူကြီးဆီကို တစ်ခေါက်ပြန်သွားပြီး အဖိုးတန်ကျောက်မျက်ရတနာတွေ ယူလာ ခဲ့မယ်။ အဲဒါတွေကို သူ့ဆီယူသွားပြီး လက်ဆောင်ပေးရင်း သူ့သမီးနဲ့သားကို လက်ထပ်ပေးဖို့ ဖြားယောင်းပေးစမ်းပါ" လို့ တောင်းပန်တယ်။

သူ့အမေက မသွားချင်ပေမယ့် နောက်ဆုံးတော့ သားဆန္ဒကို လိုက်လျောချင်တာနဲ့ သွားပါ့မယ်လို့ ကတိပေးလိုက်တယ်။ အာလာဒင်လည်း မြေအောက်ဂူကြီးဆီ ပြန်ပြီး အဲဒီထဲက ရတနာတွေ ယူလာခဲ့တယ်။

အဲဒီရတနာတွေကို သူ့အမေက စူလတန်ဘုရင်ဆီ ဆက်လိုက်တော့ ဘုရင်က အံ့အားသင့်သွားတယ်။ သူဟာ အင်မတန် ချမ်းသာကြွယ်ဝတယ် ဆိုပေမယ့် ဒီလောက်များတဲ့ အဖိုးတန်ရတနာတွေကိုတော့ တစ်ကြိမ်မှ မမြင်ဖူးခဲ့ဘူး။ ဒါကြောင့် -

"မင်းသားက ငါ့ထက်တောင် ချမ်းသာနေပါလား"

လို့ ရေရွတ်ပြီး အာလာဒင့်အမေကို-

"မင့်သားကို ပြောလိုက်၊ ငါ့သမီးနဲ့ လက်ဆက်ချင်တယ်ဆိုရင် တစ်ညတည်းနဲ့ အပြီး ငါ့သမီးအတွက် ရွှေနန်းတော်ကြီးတစ်ခု တည်ဆောက်ပေးရမယ်။ အဲသလို လုပ်နိုင်ရင် သူ့ကို သမီးတော်နဲ့ ပေးစားမယ်"

လို့ ပြောလိုက်တယ်။ သူ့အမေက အာလာဒင်ကို ဒီစကား ပြန်ပြောတော့ အာလာဒင် က ပြုံးတယ်။ ဒီကိစ္စဟာ သူ့အတွက် ခက်ခဲတဲ့ကိစ္စ မဟုတ်ဘဲကိုး။ သူက မီးခွက်ကို လက်နဲ့ ပွတ်တွန်းလိုက်တာနဲ့ မီးခွက်စောင့်ဘီလူး ပေါ်လာတယ်။ စူလတန်ဘုရင် တောင်းဆိုတာကို ဖြည့်ဆည်းပေးဖို့ မီးခွက်စောင့်ဘီလူးကို အာလာဒင်က အမိန့်ပေးလိုက်တယ်။

မနက်မိုးလင်းတဲ့အခါ စူလတန်ဘုရင်ဟာ သူ့နန်းတော်ကြီးရဲ့ဘေးမှာ ရွှေသားအစစ်နဲ့ တည်ဆောက်ထားတဲ့ နန်းတော်အသစ်ကြီးတစ်ခုကို တွေ့ရတယ်။ ဘယ်လူသားမှ သူ့မျက်လုံးနဲ့ ဘယ်လိုကြည့်ကြည့် မဝနိုင်အောင် လှပတဲ့နန်းတော်၊ ဘယ်လူသားမှ မမြင်ဖူးသေးတဲ့ နန်းတော်ပဲ။

ဒါကြောင့် ဘုရင်ကြီးဟာ နှစ်သက်သဘောတူစွာနဲ့ပဲ အာလာဒင်ကို သူ့သမီးတော်နဲ့ ပေးစားလိုက်တယ်။ ပုံပြင်လေးက ဒီမှာ မဆုံးသေးဘူးတဲ့။ အခဲမကျေသေးတဲ့ မှော်ဆရာကြီး ဘယ်လိုရောက်လာပြီး အာလာဒင်ကို ဒုက္ခပေးတယ် ဆိုတာကိုတော့ နောက်တစ်နေ့ညကျမှပဲ ဆက်နားထောင်တော့နော်။

❑

မတ် ၁၅

## အလာဒင်နှင့် မီးခွက်ဆန်း

အလာဒင်နဲ့ သူ့ရဲ့လှပတဲ့ဇနီးဟာ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်နေကြတယ်တဲ့။ အဲဒီသတင်းကိုကြားသွားတဲ့ မှော်ဆရာကြီးဟာ အလာဒင်ရဲ့လက်ထဲ ရောက်နေတဲ့ မီးခွက်ကို မရ ရအောင်ယူမယ်လို့ ဆုံးဖြတ်လိုက်တယ်။

တစ်နေ့တော့ အလာဒင်ဟာ အဲဒီမြို့အနီးအနား တောအုပ်ကို အမဲလိုက်ထွက်သွားတယ်။ အဲဒီအချိန်မှာ မှော်ဆရာကြီးဟာ လမ်းလျှောက် ဈေးသည်ကြီး တစ်ယောက်လိုဝတ်ပြီး အလာဒင်တို့ နန်းတော်ရှေ့က လမ်းမပေါ်မှာ-

"မီးခွက်တွေ အဟောင်းနဲ့ အသစ်နဲ့ လဲတယ်။

မီးခွက်တွေ အဟောင်းနဲ့ အသစ်နဲ့ လဲတယ်" လို့ အော်တယ်။

နန်းတော်ပြတင်းဝမှာ ရပ်နေတဲ့ အလာဒင်ရဲ့ဇနီးက အဲဒီစကားကို ကြားသွားတယ်။ သူက သူ့ယောက်ျားရဲ့ အခန်းထဲက မီးခွက်ဟောင်းတစ်ခုရှိတာကို သွားသတိရတယ်။ ဒီတော့ အစေခံတစ်ယောက်ကို ခေါ်ပြီး အဲဒီမီးခွက်အဟောင်းကို လမ်းလျှောက်ဈေးသည်ကြီးဆီ ယူသွားပြီး အဟောင်းနဲ့ အသစ်နဲ့ လဲချေလို့ ခိုင်းလိုက်တယ်။

သူ့လက်ထဲကို မီးခွက်ဟောင်းလည်း ရောက်လာရော မှော်ဆရာကြီးဟာ အချိန်စောင့်ဆိုင်းမနေတော့ဘူး။ မီးခွက်ကို သူ့လက်နဲ့ပွတ်လိုက်ပြီး ပေါ်လာတဲ့ မီးခွက်စောင့်ဘီလူးကို အလာဒင်ရဲ့ နန်းတော်ကြီးကိုရော အလာဒင်ရဲ့ဇနီးကိုပါ သူ့အိမ်နားက တောနက်ကြီးတစ်ခုထဲကို ပြောင်းရွှေ့ပေးဖို့ အမိန့်ပေးလိုက်တယ်။ မီးခွက်စောင့်ဘီလူးလည်း မီးခွက်ပိုင်ရှင်ရဲ့စကားကို နာခံပြီး လုပ်ပေးလိုက်ရတယ်။

အလာဒင်ဟာ အမဲလိုက်ရာက ပြန်ရောက်လာတဲ့အခါ သူ့နန်းတော်ကြီးရော၊ သူ့ဇနီးရော ပျောက်ခြင်းမလှ ပျောက်နေတာ တွေ့ရတယ်။ ဒါနဲ့ သူလည်း သူ့မှော်လက်စွပ်ကို သုံးပတ်လှည့်ပြီး လက်စွပ်စောင့်ဘီလူးကို ခေါ်လိုက်တယ်။ လက်စွပ်စောင့်ဘီလူး ပေါ်လာပြီး-



"သခင်အလိုရှိရာ အမိန့် ပေးတော်မူပါ" လို့ ပြောတယ်။

အာလာဒင်က ဝမ်းသာအားရ–

"ငါ့ဇနီးနဲ့ ငါ့ရဲ့ နန်းတော်ကြီးကို ဒီနေရာ ပြန်ရောက်အောင် လုပ်ပေး" လို့ ပြောလိုက်တယ်။ ဒီတော့ လက်စွပ်စောင့်ဘီလူးက ဝမ်းနည်းစွာနဲ့–

"ကျုပ်ဟာ ကျုပ်အစ်ကို မီးခွက်စောင့်ဘီလူးလို မစွမ်းပါဘူး။ သူ ဖန်တီးထားတာကိုလည်း ဆန့်ကျင်ဘက်ဖြစ်အောင် မလုပ်နိုင်ပါဘူး။ တစ်ခုတော့ ရှိတယ်။ သခင့်ကို မှော်ဆရာကြီး ရှိနေတဲ့ တောနက်ကအိမ်ဆီကိုတော့ ရောက်အောင် ပို့ပေးနိုင်တယ်။ ဟောဒီ အထုပ်ကလေးကတော့ အဆိပ်ထုပ်ကလေးပါပဲ။ ဒီနေ့ည မှော်ဆရာကြီးဟာ သူ့အောင်မြင်မှုအတွက် စားသောက်ပွဲတစ်ခု ကျင်းပလိမ့်မယ်။ သင်က သင့်ဇနီးနဲ့ တိတ်တိတ်တွေ့ပြီး ဒီအဆိပ်ထုပ်လေး ပေးလိုက်။ မှော်ဆရာကြီးသောက်မယ့် ဝိုင်ထဲ ထည့်လိုက်ဖို့ပြော။ မှော်ဆရာကြီး အဆိပ်မိပြီးသေရင် သခင်လည်း မီးခွက်ကို ပြန်ရပြီး မီးခွက်ပိုင်ရှင် ပြန်ဖြစ်ရောပေါ့"

လို့ ပြောတယ်။ အာလာဒင်ကလည်း လက်စွပ်စောင့်ဘီလူးက ပြောတဲ့အတိုင်း လုပ်တယ်။ ဒီလိုနဲ့ သူ့လက်ထဲကို မီးခွက်ပြန်ရောက်လာတယ်။ သူလည်း မီးခွက်စောင့်ဘီလူးကို နန်းတော်ကြီး မူလနေရာပြန်ရွှေ့ဖို့ အမိန့်ပေးလိုက်တာပေါ့ကွယ်။ အဲဒီအချိန်ကစပြီး သူတို့ ဇနီးမောင်နှံဟာ အနှောင့်အယှက် မရှိဘဲ အသက်ထက်ဆုံး နေသွားကြရတယ်တဲ့ကွယ်။

* ***Aladdin and the Wonderful lamp***

❑

မတ် ၁၆

## သိုးတွေကို ဘယ်လို ရေတွက်မလဲ

ဒီပုံပြင်ကတော့ ပုံပြင်ရှည်ရှည်ကြိုက်တဲ့ ကလေးတွေအတွက် ဆိုပါတော့ကွယ်၊ နားထောင်ပေတော့။

ဟိုးရှေးရှေးတုန်းက သိုးတွေချည်းနေတဲ့ သိုးတိုင်းပြည်ဆိုတာ ရှိတယ်တဲ့။ အဲဒီတိုင်းပြည်ကို အုပ်ချုပ်နေတာ သိုးဘုရင်မတဲ့။ သူ့ရဲ့လည်ပင်းမှာ ရွှေရောင်ချူလေးတစ်လုံး ဆွဲထားတယ်။ သူ့မှာ လက်အောက်ခံသိုးတွေ အများကြီး ရှိတယ်။ ဘယ်လောက်ရှိတယ်ဆိုတာ ရေတွက်လို့ မရဘူး။ အဲဒီအတွက် ဘုရင်မဟာ အမြဲ စိတ်သောက ဖြစ်နေတယ်တဲ့။

တစ်နေ့တော့ သိုးကျောင်းသား ကောင်လေး တစ်ယောက်ဟာ လှည့်လည်သွားလာရင်းနဲ့ အဲဒီတိုင်းပြည်ကို ရောက်လာတယ်တဲ့။ ဘုရင်မရဲ့ အခက်အခဲကို သိတော့-

"ဒီအတွက်တော့ စိုးရိမ်မနေပါနဲ့ သိုးဘုရင်မ၊ သင့်တိုင်းသူပြည်သားတွေ ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော် ရေတွက်ပေးပါ့မယ်။ ကျွန်တော် အားလုံး ရေတွက်ပြီးရင် ဘုရင်မက သင့်ရဲ့ ရွှေခေါင်းလောင်းကို လှုပ်လိုက်ပါ။ အဲသလိုဆိုရင် ဒီပုံပြင်ဟာလည်း ပြီးဆုံးခြင်းကို ရောက်ပါလိမ့်မယ်" လို့ ပြောတယ်။

နောက်တော့ သိုးကျောင်းသမားလေးဟာ သိုးတွေကို အဖြူရောအမည်းပါ အားလုံးကို မြက်ခင်းကွင်းပြင်ကျယ်မှာ တစ်အုပ်တည်းဖြစ်အောင် ရောပစ်လိုက်တယ်။ ပြီးတော့ သူတို့ကို မြစ်ကမ်းပါးဆီရောက်အောင် မောင်းသွားတော့တယ်။

မြစ်ရဲ့ တစ်နေရာမှာ ကျဉ်းမြောင်းတဲ့ လူသွားတံတားလေးတစ်ခု ရှိတယ်။ အဲဒီရောက်တော့ သိုးကျောင်းသားလေးဟာ သိုးတွေကို အဲဒီတံတားပေါ်က တစ်ကောင်ချင်း ဖြတ်ဖို့ အမိန့်ပေးလိုက်တယ်။ ကဲ... ကလေးတို့၊ မျက်လုံးထဲမှာ မြင်ယောင်လာပြီ မဟုတ်လား။

သူတို့ သွားကြပုံက တစ်ကောင်နဲ့ တစ်ကောင် ရှေ့ဆင့် နောက်ဆင့်၊ ဒီတော့ သိုးကျောင်းသားလေးဟာ ဖြတ်သွားသမျှ သိုးတွေကို တစ်ကောင်ချင်း ရေလို့ ရသွားတာပေါ့။

ကဲ… ကလေးတို့လည်း သိုးကျောင်းသားလေးနဲ့အတူတူ သိုးတွေအားလုံး တစ်ဖက်ကမ်း ရောက်သည်အထိ ရေတွက်ကြည့်ရအောင်။ ကလေးတို့ ကောင်းကောင်း ရေတွက်တတ်တယ် မဟုတ်လား။ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ မင်းတို့ ခေါင်းလောင်းသံ ကြားတဲ့အခါကျရင် ဒီပုံပြင်လည်း ဆုံးပြီလို့ မှတ်ပေတော့။

* *How the Shepherd Counted Sheep*

❑



မတ် ၁၇

## ကြိတ်စက်သမားလေးနှင့် ကြောင်များ

တစ်ခါတုန်းက အသက်ကြီးရင့်နေပြီဖြစ်တဲ့ ကြိတ်စက်ရဲ့ပိုင်ရှင်တစ်ယောက် ရှိတယ်။ ကြိတ်စက်ဆိုတာက ဘာမဆို အမှုန့်ကြိတ်နိုင်တဲ့စက်ကို ခေါ်တာပေါ့ကွယ်။ အဲဒီပိုင်ရှင် သူဌေးကြီးဆီမှာ သားသမီး မရှိဘူးတဲ့။ သူ့ကြိတ်စက်မှာလုပ်တဲ့ ကြိတ်စက်သမား သုံးယောက်တော့ ရှိတယ်။

တစ်နေ့တော့ ပိုင်ရှင်ကြီးဟာ အလုပ်သမား သုံးယောက်ကို ခေါ်ပြီး ဒီလိုပြောတယ်။

"ငါက အိုမင်းနေပြီ၊ ငါ သေသွားရင် ဒီကြိတ်စက်ရုံကို အမွေခံမယ့်လူလည်း မရှိဘူး။ ဒီတော့ မင်းတို့ထဲက တစ်ယောက်ယောက်ကို လွှဲပေးခဲ့ချင်တယ်။ ဒီနေ့ကစပြီး မင်းတို့ လောကကြီးထဲကိုသွား၊ ငါ့အတွက် မြင်းတစ်ကောင် ရှာလာခဲ့ကြ၊ အကောင်းဆုံး မြင်းယူလာ နိုင်တဲ့သူကို ငါ့စက်ရုံ လွှဲပေးမယ်"

အဲဒီစကားကြားတော့ အလုပ်သမား သုံးယောက်ဟာ မဆိုင်းမတွဘဲ အဲဒီ နေရာကနေ ထွက်ခွာသွားကြတယ်။ သူတို့သုံးယောက်ထဲက အငယ်ဆုံးကောင်လေးရဲ့ နာမည်က ဂျက်တဲ့။ ဒီကောင်လေးဟာ ရိုးရိုးအအ ကောင်လေး။ ကျန်တဲ့နှစ်ဦးက အမွေရနိုင်တဲ့အထဲက သူ့ကို ဖွဲ့ထုတ်ဖို့ ကြံကြတယ်။ ဒါကြောင့် ဂျက်ကို ညာခေါ်သွားပြီး တောနက်ကြီး အလယ်ကောင်မှာ တစ်ယောက်တည်း ထားခဲ့ကြတယ်။ ဂျက်ဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ၊ ဘယ်ကို သွားရလာရမှန်းလည်း မသိဘဲ တောထဲမှာ ဝမ်းနည်းပမ်းနည်း ဖြစ်နေတာ ပေါ့ကွယ်။

အဲဒီအချိန်မှာ ရုတ်တရက် လှပတဲ့ ကြောင်မတစ်ကောင် ပေါ်ထွက်လာတယ်။

အဲဒီကြောင်မက-

"ရှင်ဘာတွေ ဒုက္ခဖြစ်နေတယ် ဆိုတာ ကျွန်မ သိပါတယ်" လို့ ကြောင်သံနဲ့ ပြော တယ်။



"တကယ်လို့ ရှင်ဟာ ကျွန်မနဲ့အတူ ကျွန်မရဲ့ ကြောင်နန်းတော်ကို လိုက်လာမယ်၊ ကျွန်မဆီမှာလည်း ခုနစ်နှစ်ပြည့်အောင် သစ္စာရှိရှိနဲ့ အမှုထမ်းမယ်ဆိုရင် ရှင်လိုချင်တဲ့ ကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့ မြင်းကို ကျွန်မ ပေးမယ်" လို့ ပြောတယ်။

ဂျက်ဟာ တခြား ရွေးစရာလမ်း မရှိဘူး။ ဒီတောနက်ထဲမှာ သူတစ်ယောက်တည်း ဘာလုပ်ရမှန်းလည်း မသိတော့ အဲဒီကြောင်မနဲ့ လိုက်သွားတော့တယ်။ သူဟာ တောနက်ထဲက ရဲတိုက်ကြီးတစ်ခုကို ရောက်သွားတယ်။ အဲဒီရဲတိုက်ကြီးမှာ လူတစ်ယောက်မှ မရှိဘူး။ ကြောင်တွေ သိမ်းပိုက်ထားတဲ့ ရဲတိုက်ကြီးပေါ့။ ပင့်ကူတစ်ကောင်ပဲ သူတို့ရဲ့ အခိုင်းအစေရယ်လို့ ရှိတယ်။

ကြောင်တွေအားလုံးဟာ ဂျက်ကို ဝမ်းသာအားရ ကြိုဆိုကြတယ်။ သူ့ကို စားပွဲတစ်လုံးမှာ ထိုင်ခိုင်းတယ်။ ပြီးတော့ စပြီး တီးကြမှုတ်ကြ ကခုန်ကြတော့တယ်။ ဂျက်က စားလို့သောက်လို့ ဗိုက်ပြည့်တဲ့အခါ ကြောင်တွေက သူ့ကို ကခုန်ဖို့ ဖိတ်ခေါ်တယ်။ ကမှာပေါ့လို့ ဂျက်ကလည်း လက်ခံလိုက်တယ်။ သူတို့ဟာ ကလိုက်ခုန်လိုက်ကြတာ တစ်ညလုံးပါပဲတဲ့။

□

မတ် ၁၈

## ကြိုတ်စက်သမားလေးနှင့် ကြောင်များ

နံနက်နေရောင်ခြည် ထွက်ပေါ်လာတယ်။ ကြောင်တွေအားလုံးဟာ ဂျက်အေးမှာ ဝိုင်းရံ နေကြတယ်။ တချို့က ဖြူဖြူ၊ တချို့က နက်နက်၊ တချို့က ညိုတိုတို၊ တချို့က ဝါတာတာ၊ တချို့က ပြာမှိုင်းမှိုင်း အရောင်အသွေးစုံပါပဲ။ သူတို့ဟာ ဂျက်ဆိုတဲ့ ကောင်လေးကို အစာကျွေးပြီး အဝတ်အစားလည်း ပေးကြတယ်။

ပြီးတော့ သူတို့ရဲ့သခင်မ ကြောင်မဆီ ခေါ်သွားတယ်။ ကြောင်မက ဂျက်ကို အလုပ်လုပ်ခိုင်းတယ်။ သူမက ဂျက်ကို ငွေပုဆိန်တစ်လက်၊ ငွေစို့တစ်ချောင်းနဲ့ ငွေလွှတစ်ချောင်း ပေးပြီး သစ်တောထဲက သစ်ပင်တွေကို ခုတ်လှဲဖို့ ခိုင်းလိုက်တယ်။ ဂျက်ကလည်း နှောင့်နှေးခြင်း မရှိဘူး။ အားရပါးရ လုပ်လိုက်တာ သိပ်မကြာခင်အချိန်အတွင်းမှာပဲ အဲဒီ သစ်တောဟာ ပြောင်တလင်းခါသွားတယ်။

နောက်တစ်ခါ ကြောင်မက သူ့ကို ရွှေတံစဉ်တစ်ခုပေးပြီး မြက်ခင်းပြင်ကို ဖြတ်ခိုင်းတယ်။ ဂျက်က အချိန်ဆွဲမနေဘူး၊ အလုပ်လုပ်လိုက်တာ သိုးတွေ သူတို့စားကျက်ကို ပြန်လာတဲ့အခါ မြက်တစ်ပင်မှ မရှိဘဲ ဖြစ်နေတော့တယ်။

"ရှင်ဟာ တကယ့်ကိုတော်တဲ့ အလုပ်သမားပဲ ဂျက်"

လို့ ကြောင်မလေးက နှစ်သက်သဘောကျစွာနဲ့ ပြောတယ်။

"ရှင့်ကို ဆုလာဘ်ချီးမြှင့်တဲ့အနေနဲ့ ကျွန်မတို့ ကကြရအောင်" လို့ ဆိုပြီး သူတို့ နှစ်ယောက် ကကြတယ်။

နောက်တော့ ကြောင်မလေးက သူ့ကို အလုပ်တစ်ခု ခိုင်းပြန်တယ်။ ကြီးမားတဲ့ ငွေပုဆိန်တစ်ချောင်းပေးပြီး-

"ကဲ… ကျွန်မအတွက် ငွေအိမ်လေးတစ်လုံး ဆောက်ပေးပါဦး၊ ထုပ်တွေအားလုံး ငွေဖြစ်ရမယ်"

လို့ ပြောတယ်။ ဂျက်ကလည်း စိတ်ပါလက်ပါနဲ့ အလုပ်လုပ်လိုက်တယ်။ သူဟာ အင်မတန် သေသပ်တဲ့ အိမ်လေးတစ်လုံးကို ဆောက်လုပ်ပြီးသွားတယ်။ အဲဒီအိမ်ကလေးကို မြင်တဲ့အခါ ကြောင်မလေးက ပီတိဖြစ်ပြီး ပြုံးတယ်။

"ဒီနေ့ တစ်နေ့တည်း သင် လုပ်ခဲ့တာတွေဟာ ကျွန်မဆီမှာ ၇ နှစ် အမှုထမ်းခဲ့တာနဲ့ အတူတူပါပဲ။ ဒီတော့ ရှင့်အဝတ်အစားဟောင်းကို ရှင်ပြန်ဝတ်ပြီး ပြန်နိုင်ပါပြီ။ ရှင်ဒီမှာ အမှုထမ်းခဲ့တဲ့အတွက် ရသင့်ရထိုက်တဲ့မြင်းကို မနက်ဖြန်ဆို ရှင့်ဆီကို လာပို့ပါ့မယ်"

လို့ ပြောလိုက်တယ်။

ဂျက် ဘာလုပ်မယ်လို့ ကလေးတို့ ထင်သလဲ။

ဂျက်ဟာ သူမစကားကို ယုံကြည်စိတ်ချစွာနဲ့ အိမ်ပြန်လာခဲ့တယ်တဲ့ကွယ်။

❑



မှတ် ၁၉

## ကြိုတ်စက်သမားလေးနှင့် ကြောင်များ

သူ အိမ်ပြန်ရောက်တဲ့အခါကျတော့ သူ့ကိုကြည့်ပြီး လက်ချည်းသက်သက် အိမ်ပြန်လာလား ဆိုပြီး ကျန်တဲ့သူတွေက လှောင်ရယ်ရယ်ကြတယ်။ ကျန်တဲ့ အလုပ်သမားနှစ်ယောက်ကတော့ မြင်းတစ်ကောင်ကို ရအောင် ယူလာနိုင်တယ်။ အဲ… အဲဒီမြင်းကတော့ ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတမြင်းပိန်မတစ်ကောင်ပေါ့။ ဒါပေမဲ့ သူတို့က ဂျက်ထက်တော့ သာသလို ဖြစ်နေတယ်။

ပိုင်ရှင်ကြီးကလည်း ဂျက်ကို သဘောမကျဘူး။ ဂျက်က စိတ်ပျက်လက်ပျက်နဲ့-

"ခင်ဗျားတို့ဟာ ကျုပ်ကို ဘယ်တော့မှ အကောင်းမပြောဘူး။ တော်ပြီ၊ ငန်းခြံထဲ သွားအိပ်တာပဲ ကောင်းပါတယ်" လို့ ပြောပြီး တကယ်ပဲ ငန်းခြံထဲ ဝင်အိပ်နေလိုက်တော့တယ်။

အရှေ့တစ်ခွင်က အရုဏ်ရောင်နီ ထွက်ပေါ်လာတဲ့အခါ မြင်းခွာသံ တဖြောက်ဖြောက်ကို ကြားရတယ်။ ရွှေရောင်မြင်းရထားကြီး တစ်စီးဟာ ဂျက်တို့အိမ်ရှိရာကို ဦးတည်မောင်းလာတာ တွေ့ရတယ်။ အဲဒီအိမ်ရှေ့မှာ ရပ်ပြီးတဲ့အခါ ရထားထဲက ကြောင်တွေ တစ်သိုက်ပြီးတစ်သိုက် ခုန်ထွက်လာတယ်။

ပထမ ကြောင်ဖြူဖြူ၊ နောက် ကြောင်မည်းမည်း။

နောက် ကြောင်ဝါဝါ၊ ကြောင်ပြာပြာ စသဖြင့်ပေါ့။

နောက်ဆုံးကျတော့မှ ကြောင်မလေး ထွက်လာတယ်။

ကြောင်တွေရဲ့ ခြေထောက်တွေဟာ မြေကြီးနဲ့ ထိမိတာနဲ့ တစ်ပြိုင်နက် သူတို့ဟာ အင်မတန်သားနားတဲ့ နန်းတွင်း အပျိုတော်လေးတွေ၊ အစေခံ မင်းလုလင်လေးတွေအဖြစ် ပြောင်းလဲသွားတယ်။ သူတို့သခင် ကြောင်မလေးကတော့ အင်မတန်လှပတဲ့ မင်းသမီးလေး အသွင် ပြောင်းသွားတယ်။

ဂျက်ဟာ ငန်းခြံထဲကနေ ခေါင်းထွက်ကြည့်နေတော့ အားလုံးကို မြင်နေရတယ်။ မင်းသမီးလေးဟာ–

"ရှင့်အတွက် မြင်းကို ကျွန်မ ယူလာပါပြီ"

လို့ ပြောတယ်။ အဲဒီ သူစီးလာတဲ့ ရွှေရောင်မြင်းလှည်းရဲ့နောက်မှာ မြင်းတစ်ကောင် ချည်ပြီး ပါလာတယ်။ အဲဒီမြင်းဟာ လှလည်းလှပ၊ ဆန်းလည်း ဆန်းကြယ်တယ်။ အဲဒီ မြင်းရဲ့ ကျောပေါ်မှာ ခွေးတစ်ကောင်က စီးလို့။ အဲဒီခွေးရဲ့ ကျောပေါ်မှာ ရှဉ့်တစ်ကောင်က စီးလို့။ အဲဒီရှဉ့်နဲ့ခွေးက မြင်းပေါ်က ခုန်ဆင်းလိုက်လို့ မြေပြင်ကို သူတို့ခြေထောက်နဲ့ ထိတဲ့အခါ သူတို့ဟာ မင်းလုလင်လေးတစ်ယောက်နဲ့ အပျိုတော်လေးတစ်ယောက် ဖြစ်သွားတယ်။

သူတို့က ဂျက်ကို ရွှေရောင်အင်္ကျီတွေ ဝတ်ဆင်ပေးကြတယ်။ ပြီးတော့ မင်းသမီးလေး အမိန့်ပေးတဲ့အတိုင်း ငွေရောင်အိမ်လေးဆီကို မောင်းနှင်သွားကြတယ်။ ငွေရောင်အိမ်ကလေး ကလည်း အင်မတန်ကြီးကျယ်တဲ့ နန်းတော်ကြီး ဖြစ်သွားတယ်။ ကြိတ်စက်ပိုင်ရှင်နဲ့ အလုပ်သမား နှစ်ယောက်ကတော့ ဂျက်ကို အားကျပြီး ကျန်ခဲ့ကြတယ်။ ကြိတ်စက်ပိုင်ရှင်ဟာ မကြာခင် သူ့စက်ကို ရောင်းပစ်လိုက်တယ်။ ရောင်းလို့ရတဲ့ ငွေတွေကတော့ သူ အရက်သောက်ပစ်တာနဲ့ ကုန်ရောတဲ့။

* *The Poor Mill-Hand And the Cat*

❑



မတ် ၂၀

## ရွှေမင်းသမီးနှင့် မောင်မောင်ရှိုး

တစ်ခါက တဲရှင်တစ်ယောက်မှာ မောင်မောင်ရှိုးလို့ခေါ်တဲ့ နာမည်နဲ့လိုက်အောင် ရှိုးတဲ့ သားတစ်ယောက် ရှိတယ်။ သူဟာ ဘယ်လောက်ရှိုးသလဲဆိုရင် တစ်ကနေ ငါးအထိ ထက် ပိုပြီး မရေတွက်တတ်ဘူးတဲ့။

ဒါကြောင့် သူ့အဖေဟာ သူ့မှာရှိတဲ့ တစ်ကောင်တည်းသော နွားကို ဘယ်တော့မှ မောင်မောင်ရှိုးကို အကျောင်းမခိုင်းဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ အထိန်းမတတ်ရင် ပျောက်သွားမှာစိုးလို့ပေါ့ကွယ်။ သူ့အထက်က အစ်ကိုတွေကိုပဲ တစ်လှည့်စီ ကျောင်းခိုင်းလေ့ ရှိတယ်။ အဲဒီကိစ္စအတွက် မောင်မောင်ရှိုးဟာ တော်တော် ဝမ်းနည်းနေတယ်တဲ့။

တစ်နေ့တော့ သူ့အဖေကို ပြောတယ်။

"အဖေရယ် တစ်ရက်တလေလောက် ကျွန်တော့်ကို နွားကျောင်းဖို့ နွားနဲ့အတူ စားကျက်ကို လွှတ်စမ်းပါ။ အဖေ့နွား မပျောက်ရအောင် ကျွန်တော် ဂရုတစိုက် စောင့်ကြည့်မှာပါ၊ စိတ်ချစမ်းပါ"

သူ့အဖေက ပထမတော့ လက်မခံဘူး။ နောက်ဆုံး တောင်းတောင်းပန်ပန် ပြောလွန်းမက ပြောတော့မှပဲ သူ့သားဆန္ဒကို တစ်ကြိမ် လိုက်လျောလိုက်တယ်။ ဒါနဲ့ မောင်မောင်ရှိုးဟာ အိမ်နောက်ဘက်က နွားချည်ထားတဲ့နေရာကို လာခဲ့တယ်။

အဲဒီနေရာမှာ ဆူးလေပင်တွေနဲ့ ခွေးသေးပန်းပင်တွေကို မြင်ရတော့-

"သနားစရာကောင်းလိုက်တဲ့ နွားကြီးရယ်၊ မင်းက ဒါတွေကို စားပြီး မကျန်းမမာ ဖြစ်နေတာကိုး၊ မင်းကို ဒီထက်ကောင်းတဲ့ စားစရာတွေ ငါကျွေးမယ်"

လို့ ပြောပြီး နွားကြီးကို မြစ်ကမ်းပါးဆီ ဆွဲခေါ်သွားရော၊ မြစ်ကမ်းပါးလည်း ရောက်ရော နွားကြီးက ရေထဲခုန်ချပြီး တစ်ဖက်ကမ်းကို ကူးပြေးပါလေရော။ မောင်မောင်ရှိုးဟာ နွားကြီးရဲ့ အမြီးကိုဆွဲရင်း နွားနောက်က ကောက်ကောက်ပါအောင် ပါသွားတယ်။

"ဟဲ့… နွားမိုက်၊ ရပ်လိုက် ရပ်လိုက်" နဲ့ ပါးစပ်ကလည်း ဒေါသတကြီးနဲ့ တကြော်ကြော် အော်တယ်။ ဒါပေမဲ့ နွားကြီးကတော့ သူ့စကားကို တစိကလေးမှ ဂရုမစိုက်ဘူး။ မြစ်တစ်ဖက် ကမ်းရောက်တော့ ဆက်ပြေးလိုက်တာ၊ နွားပြေးတဲ့ လမ်းတစ်လျှောက် မောင်မောင်ရီးဟာ လယ်ကွက်တွေ၊ ခြံစည်းရိုးတွေ ဖြတ်ရင်း နွားမြီးဆွဲရင်း တန်းလန်းပါသွားတော့တယ်။

နောက်ဆုံးတော့ သူတို့ဟာ လှပတဲ့ ရဲတိုက်ကြီးတစ်ခုကို ရောက်သွားတယ်။ ရဲတိုက်ကြီး တစ်ခုလုံးဟာ ရွှေတွေငွေတွေနဲ့ ဖိတ်ဖိတ်တောက် တည်ဆောက်ထားတာပဲ။ မြင်းဇောင်းကဆို လတ်လတ်ဆတ်ဆတ် ကောက်ရိုးနံ့လေးတောင် မွှေးနေသေးတယ်။ အဲဒီအနံ့လည်း ရရော နွားကြီးဟာ မြင်းစာခွက်ဆီ ပြေးသွားပြီး အထဲက ကောက်ရိုးတွေကို အားရပါးရ စားတော့တာပဲ။

စိတ်ရှိလက်ရှိစားလို့ သူ့ဗိုက်ပြည့်တော့မှပဲ ရပ်တော့တယ်။ အဲဒီတော့မှ မောင်မောင်ရီးလည်း အိမ်ပြန်ခေါ်လို့ ရတော့တယ်။ သူ့အဖေကတော့ အချိန်တန်လို့ အိမ်ပြန်လာတဲ့ သားနဲ့ နွားကို မြင်တော့ ဝမ်းသာသွားတာပေါ့။ သူ့နွားဗိုက်ကားအောင် စားထားတာ မြင်ရဲတော့ သူ့သားအငယ်ကို ချီးမွမ်းမဆုံး ရှိတော့တယ်တဲ့။

❑



မတ် ၂၁

## ရွှေမင်းသမီးနှင့် မောင်မောင်ရိုး

အဲဒီအချိန်ကစပြီး နွားကို နွားစားကျက်သွားကျောင်းတဲ့အလုပ်ကို မောင်မောင်ရိုး တစ်ယောက်တည်းသာ လုပ်ခွင့်ရတော့တယ်။ သူ့အဖေက သိပ်သဘောကျသွားတာကိုး။ အဲဒါကို အရင်က နွားကျောင်းနေကျ သူ့အစ်ကိုတွေက မကျေနပ်ကြဘူး။ ဒေါသလည်းဖြစ်၊ မနာလိုလည်း ဖြစ်နေကြတာပေါ့လေ။

သူ့အဖေကတော့ သားငယ်ကျောင်းလို့ အစာဝဝလင်လင် စားရပြီး ဘီယာစည်ကြီး လောက် ခန္ဓာကိုယ် တုတ်ဖီးဖီးဖြစ်နေတဲ့ နွားကြီးကို မြင်ပြီး ပီတိဖြစ်နေတာပေါ့။ ဒီတော့ သူ့သားအငယ်အကြောင်း မကောင်းပြောတဲ့စကားဆိုရင် တစ်လုံးမှ မကြားချင်ဘူးလို့ အိမ်မှာ အမိန့်ထုတ်ထားလိုက်တယ်။

တစ်နေ့တော့ ခါတိုင်းလိုပဲ မောင်မောင်ရိုးဟာ ရွှေရဲတိုက်ကြီးကို သူ့နွားနဲ့အတူ ရောက်နေတုန်း ခွေးမည်းလေးတစ်ကောင်က ပြေးထွက်လာပြီး သူတို့ကို ဟောင်တယ်။ မောင်မောင်ရိုးက မောင်းပေမယ့်လည်း ခွေးလေးက ထွက်ပြေးမသွားဘူး။ သူက လူ့စကားနဲ့ ဒီလို ပြောလိုက်သေးတယ်။

"မနက်ဖြန် မင်းနွားနဲ့အတူ ငါ့ရဲ့ ရဲတိုက်ကြီးကိုလာရင် ပုဆိန်တစ်လက် ယူခဲ့ စမ်းပါ" တဲ့။

မောင်မောင်ရိုးက မေးခွန်းလည်း မထုတ်ဘူး။ ဘာမှလည်း ပြန်မပြောဘူး။ ဒါပေမဲ့ နောက်နေ့လာတဲ့အခါကျတော့ ပုဆိန်တစ်လက်ကို ယူလာခဲ့တယ်။ အဲဒီအချိန်မှာ ခွေးလေးဟာ ပြေးထွက်လာပြီး-

"ငါ့ခေါင်းကို ခုတ်လိုက်စမ်းပါ" လို့ ပြောတယ်။

မောင်မောင်ရိုးဟာ တုံ့ဆိုင်းတွေဝေနေတယ်။ သူဟာ သဘာဝအားဖြင့် ရိုးသားတဲ့ သနားကြင်နာတတ်တဲ့ လူငယ်တစ်ယောက်ပဲ။ ဒီတော့ သတ္တဝါတစ်ကောင်ကို ပုဆိန်နဲ့ခုတ်ဖို့

ခက်နေတာပေါ့။ ဒါပေမဲ့ ခွေးလေးကို ကြည့်လိုက်တော့လည်း သူ့ကို တကယ်ခုတ်ဖို့ အသနားခံ တောင်းပန်တိုးလျှိုးတဲ့သဘော ပေါ်နေတယ်။

ဒါကြောင့် မလွှဲသာဘဲ နောက်ဆုံးတော့ ခုတ်လိုက်ရတော့တယ်။ သူ့ပုဆိန်ချက် ထိလို့ ခွေးလေး မြေပေါ် လဲကျသွားတယ်ဆိုရင်ပဲ မြေကြီးဟာ တုန်လှုပ်သွားတယ်။ ပြီးတော့ သူ့ရှေ့မှာ အင်မတန်လှပတဲ့ မင်းသမီးလေးတစ်ပါး ပေါ်လာတယ်။

မင်းသမီးလေးဟာ သူ့ရင်ခွင်ထဲကို တိုးဝင်ပြီး မျက်ရည်တွေပြည့်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်ရင်း သူ့ကို ကျိန်စာက လွတ်မြောက်အောင် ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောတယ်။ ပြီးတော့ သူ့ကို ရွှေနန်းတော်ကို ခေါ်သွားတယ်။ ရွှေပလ္လင်ပေါ်မှာ သူနဲ့အတူ တွဲထိုင်ခိုင်းပြီး ဘုရင်မြှောက်လိုက်တယ်။

ယုံချင်ယုံ မယုံချင်နေပေါ့ကွယ်။

မောင်မောင်ရိုးဟာ တစ်ကနေ ငါးအထိသာ ရေတတ်ပေမယ့် တိုင်းပြည်ကို ကောင်းကောင်းမွန်မွန် ဥပဒေစည်းမျဉ်းနဲ့အညီ အုပ်ချုပ်သွားတယ်လို့ ပြောကြတာပဲကွယ်။

* *How the Fool Freed & Princess*

❑



မတ် ၂၂

## တစ်လုံး နှစ်လုံး သုံးလုံး

ဟိုးတစ်ခါတုန်းက အိမ်တစ်အိမ်မှာ မိန်းမကြီးတစ်ယောက်နဲ့အတူ သမီးသုံးယောက်တို့ နေထိုင်ကြတယ်တဲ့။ သူတို့ရဲ့ သမီးအကြီးဆုံးနာမည်က မတစ်တဲ့။ ဘာဖြစ်လို့ အဲသလိုခေါ်သလဲဆိုတော့ သူ့မျက်နှာမှာ မျက်လုံးတစ်လုံးတည်းရှိလို့တဲ့။ အဲဒီမျက်လုံးက နဖူးအလယ်တည့်တည့်မှာ ပေါက်နေသတဲ့။

သမီးအလတ်ရဲ့ နာမည်ကတော့ မနှစ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာမှာ မျက်လုံးနှစ်လုံးပါလို့တဲ့။ မျက်လုံးတွေကလည်း သာမန်လူတွေလိုပဲတဲ့။ အငယ်ဆုံးသမီးရဲ့ နာမည်ကတော့ မသုံးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာမှာ မျက်လုံးသုံးလုံးရှိလို့တဲ့။ သူ့ရဲ့ အပိုမျက်လုံး တစ်လုံးက နဖူးမှာ ပေါက်နေတာတဲ့။

မနှစ်ဟာ အမြဲပဲ ဒုက္ခတွေ့နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အမေနဲ့ သူ့အစ်မနဲ့ သူ့ညီမတို့က သူ့ကို မုန်းတီးနေကြလို့တဲ့။ သူတို့ မုန်းတာက မနှာလိုလို့တဲ့။ သူတို့ မနှာလို ဖြစ်လောက်အောင်ပဲ မနှစ်ကလည်း အင်မတန် ချောမောလှပတယ်တဲ့။

ဒါကြောင့် သူတို့ဟာ မနှစ်ကလေးကို အဝတ်အစား အဟောင်းအစုတ်တွေကိုပဲ ပေးဝတ်တယ်တဲ့။ ကျွေးတော့လည်း သူတို့စားလို့ပြီးတဲ့ စားကြွင်းစားကျန်လောက်ပဲ ကျွေးတယ်တဲ့။ မနက်တိုင်း အဲဒီသနားစရာကောင်းတဲ့ မနှစ်ကလေးဟာ သူတို့အိမ်က ဆိတ်ကလေးကို ခေါ်ပြီး စားကျက်မြက်ခင်းကို သွားကျောင်းရတယ်။ မိုးစုံးစုံးချုပ်မှပဲ အိမ်ကို ပြန်လာရတယ်။ အိမ်ပြန်ရောက်ရင်တော့ သူတို့ စားသောက်ပြီးလို့ ပြောင်နေတဲ့၊ ဘာမှမရှိတော့တဲ့ ပန်းကန်ပြား တွေကိုပဲ တွေ့ရတတ်တယ်တဲ့။

ဒီတော့ မနှစ်ကလေး အမြဲတမ်း မျက်ရည်နဲ့မျက်ခွက် ဖြစ်နေတာ အဆန်းမဟုတ်တော့ဘူးပေါ့ကွယ်။ တစ်နေ့တော့ သူဟာ မြက်ခင်းတွေရဲ့အလယ်မှာ သူစိမ်းမိန်းမတစ်ယောက်ကို တွေ့တယ်။ အဲဒီမိန်းမက-

"မနှစ်ကလေး ဘာကြောင့် ငိုနေရတာလဲ" လို့ မေးတယ်။ မနှစ်ကလေးက သူကြုံ ရတဲ့ ဒုက္ခတွေကို ပြောပြလိုက်တယ်။ အဲဒီသူစိမ်းမိန်းမက မနှစ်ကလေးရဲ့ ဆံပင်ကို ပွတ်သပ် ချော့ပြီး-

"ကဲ… ဒီလောက် စိတ်သောကဖြစ်မနေပါနဲ့ မနှစ်ရယ်။ မင်း ဆာလောင်မွတ်သိပ် တဲ့အခါ မင်းရဲ့ဆိတ်ကလေးကို ဒီလိုပြောလိုက်။


'ချစ်လှစွာသော ဆိတ်ကလေးရယ်၊ ငါ့အတွက် စားစရာတွေ စားပွဲလေးတစ်လုံးနဲ့ ပေးပါကွယ်'

အဲသလို မင်းဆန္ဒရှိတဲ့ အစားအစာကို တောင်းဆိုလိုက်၊ ဆိတ်ကလေးက ပြည့်ဝ အောင် ဖန်တီးပေးလိမ့်မယ်" လို့ ပြောတယ်။

မနှစ်ကလေးက အဲဒီမိန်းမပြောတဲ့အတိုင်း ရွတ်လိုက်တယ်။ စားပွဲခုံလေးတစ်လုံးနဲ့ စားကောင်းသောက်ဖွယ်တွေ ပေါ်လာတယ်။ မနှစ်ကလေး ဗိုက်ပြည့်အောင် စားပြီးတော့ သူစိမ်းမိန်းမကြီးက-

"ချစ်လှစွာသော ဆိတ်ကလေးရယ်၊ မင်းစားပွဲလေးကို ပြန်သိမ်းနိုင်ပါပြီကွယ်" လို့ ပြောလိုက်တာ စားပွဲလေးနဲ့အတူ သူစိမ်းမိန်းမလည်း ပျောက်ကွယ်သွားတော့တယ်တဲ့ ကွယ်။

❑



မတ် ၂၃

## တစ်လုံး နှစ်လုံး သုံးလုံး

အဲဒီအချိန်ကစပြီး မနှစ်ကလေးဟာ ပျော်ရွှင်နေတော့တယ်။ မပျော်ရွှင်နိုင်တာကတော့ သူ့အမေနဲ့ အစ်မတွေပဲ။ သူတို့က မနှစ်ကလေးဟာ ဘာမှမစားရဘဲ ဘာလို့ မဆာလောင်ဘဲ နေနေနိုင်ရတာလဲလို့ တွေးလို့မရဘဲ ဖြစ်နေတယ်။ ဒါကြောင့် နောက်တစ်နေ့ မနှစ်ကလေး စားကျက်မြက်ခင်းကို သိုးကျောင်းသွားတဲ့အခါ သူ့သမီးအကြီး မတစ်ကို အတူတူ ထည့်လိုက်တယ်။

နေ့လယ်ကျတော့ မနှစ်ကလေးဟာ မနက်က ဘာမှ မစားခဲ့ရတော့ တော်တော် ဆာလောင်နေတယ်။ ဆိတ်ကလေးဆီက တစ်ခုခု တောင်းစားချင်ပေမယ့် သူ့ဘေးမှာ တစ်ချိန်လုံး မတစ်က ရှိနေတော့ အဲသလိုလုပ်ဖို့ ခက်နေတယ်။

ဒါကြောင့် သူ့အစ်မဘေးမှာ ထိုင်ပြီး-

"အစ်မရေ၊ အစ်မကို အင်မတန်ကောင်းတဲ့ သီချင်းလေးတစ်ပုဒ် ဆိုပြမယ်၊ နားထောင်" လို့ ပြောပြီး-

"မျက်လုံးတစ်လုံးရေ ပိတ်ပါတော့၊ အချိန်တန်ပြီပေါ့။

မျက်လုံးတစ်လုံးရေ ပိတ်ပါတော့ အချိန်တန်ပြီပေါ့"

ဆိုတဲ့ သီချင်းလေးကို အသံသာသာနဲ့ ထပ်တလဲလဲ ဆိုပြနေတယ်။ အဲဒီသီချင်းကို နားထောင်ရင်းနဲ့ မတစ်ရဲ့ မျက်လုံးတစ်လုံးဟာ တဖြည်းဖြည်းပိတ်ပြီး အိပ်ပျော်သွားပါလေရောတဲ့။ ဒီတော့မှ မနှစ်ကလေးဟာ ဆိတ်ကလေးဆီက သူစားချင်တဲ့ အစားအစာတွေ တောင်းပြီး စားရတော့တယ်။ စားပြီးတော့လည်း ပြန်ဖျောက်ခိုင်းရတယ်။ ညနေရောက်တော့မှ အိပ်ပျော်နေတဲ့ သူ့အစ်မ မတစ်ကို နှိုးပြီး အိမ်ကို ပြန်လာခဲ့ကြတယ်။

အိမ်ရောက်တော့ မတစ်ဟာ သူ့အမေကို အကြောင်းစုံ ပြန်ပြောပြတယ်။ နေ့ခင်းက သူ အိပ်ပျော်သွားတဲ့အတွက် ဘာတွေ ဖြစ်ကုန်တယ်ဆိုတာ သူ မသိ မမြင်လိုက်ပါဘူးလို့။

အဲဒီစကားကြားတော့ အမေဖြစ်သူဟာ အင်မတန် စိတ်ဆိုးသွားတယ်။ နောက်တစ်နေ့ မနှစ်ကလေး သွားတဲ့အခါ စောင့်ကြည့်ဖို့ အငယ်ဆုံးသမီး မသုံးကို ထည့်လိုက်ပြန်တယ်။

ပထမနေ့လိုပဲ သူ ဆာလောင်လာတဲ့အခါ မနှစ်ကလေးဟာ မသုံးဘေး မြက်ခင်းပြင်ပေါ်မှာ ထိုင်ပြီး-

"ညီမလေး၊ ညီမလေးကို သိပ်ကောင်းတဲ့ သီချင်းလေးတစ်ပုဒ် ဆိုပြမယ်၊ နားထောင်နော်" လို့ ပြောပြီး သီချင်းကို စဆိုတယ်။

"မျက်လုံးနှစ်လုံးရေ ပိတ်ပါတော့၊ အိပ်ချိန်တန်ပြီပေါ့"

အဲဒါကိုပဲ ထပ်တလဲလဲ ကျော့ကျော့ဆိုတယ်။ ဒါပေမဲ့ သူဆိုတာက မှားနေတယ်။ တကယ်က မျက်လုံးသုံးလုံးလို့ ဆိုရမှာ။ အခုတော့ မသုံးလေးဟာ အိပ်တော့သွားပါရဲ့။



မျက်လုံးနှစ်လုံးသာ ပိတ်ပြီး အလယ်က တစ်လုံးကတော့ ပွင့်နေတယ်။ ဒီတော့ သူ အိပ်ပျော်နေတယ် ထင်ပြီး မနှစ်က ဆိတ်ကလေးဆီက သူ စားချင်တဲ့ အစားအစာတွေ တောင်းစားနေတာကို ပွင့်နေတဲ့ မျက်လုံးတစ်လုံးက မြင်သွားတော့တာပေါ့။

မနှစ်ကလေးကတော့ မသိရှာဘူး။ ညနေရောက်တော့ မသုံးကို နှိုးပြီး အိမ်ကို ပြန်လာခဲ့ကြတယ်။ မသုံးဟာ အိမ်လည်းရောက်ရော သူ မြင်ခဲ့သမျှ အကြောင်းစုံကို သူ့အမေကို ပြန်ပြောပြလိုက်ပါတော့တယ်။

□

မတ် ၂၄

## တစ်လုံး နှစ်လုံး သုံးလုံး

သူတို့အမေဟာ အဲဒီစကားလည်းကြားရော အင်မတန် ဒေါသဖြစ်ပြီး မနှစ်ကလေးကို နောက်မကူညီနိုင်အောင် ဆိတ်ကလေးကို တစ်ခါတည်း ခေါင်းဖြတ်သတ်ပစ်လိုက်တော့တယ်။ သနားစရာကောင်းတဲ့ မနှစ်ကလေးဟာ အသည်းကွဲရပြန်တော့တယ်။

သူတစ်ယောက်တည်း ထိုင်ငိုနေတုန်း ရုတ်တရက် ကြင်နာသနားတတ်တဲ့ သူစိမ်းမိန်းမဟာ ပေါ်လာပြန်တယ်။ အဲဒီမိန်းမက–

"ငိုမနေပါနဲ့ မနှစ်ရယ်၊ ပြတ်သွားတဲ့ ဆိတ်ကလေးရဲ့ ခေါင်းက ဦးချို(ဂျို)ကို အိမ်တံခါးရှေ့နားမှာ စိုက်လိုက်ပါ"

လို့ ပြောပြီး ပြန်ပျောက်သွားတယ်။ မနှစ်ကလေးလည်း အဲဒီမိန်းမစကားအတိုင်း ဆိတ်ကလေးရဲ့ ဦးချိုကို အိမ်ရှေ့တံခါးနားမှာ မြေမြှုပ်စိုက်လိုက်တယ်။ ထူးထူးခြားခြားပဲ နောက်နေ့မနက်ရောက်တဲ့အခါ အဲဒီနေရာမှာ အင်မတန်လှပတဲ့ ရွှေပန်းသီးပင်တစ်ပင် ပေါက်နေတာကို တွေ့ရတယ်။

သူ့အမေနဲ့ အစ်မတွေဟာ ဝမ်းသာအားရနဲ့ အဲဒီအပင်က အသီးတွေကို ခူးဖို့ ကြိုးစားကြတယ်။ ဒါပေမဲ့ သစ်ကိုင်းတွေက သူတို့လက်တွေနဲ့ လွဲအောင် ရှောင်တိမ်းနေကြတော့ အသီးတွေကို သူတို့ လက်နဲ့တောင် ထိခွင့်မရကြဘူးတဲ့။ ဒါပေမဲ့ မနှစ်ကလေး သစ်ပင်နားကို ရောက်တဲ့အခါကျတော့ ရွှေရောင်ပန်းသီးတွေဟာ အလိုအလျောက် သူ့ရင်ခွင်ထဲကို ကြွေကျလာတယ်တဲ့။ အဲဒီပန်းသီးတွေကိုလည်း သူ့အမေနဲ့အစ်မတွေက သိမ်းယူသွားကြတာပါပဲ။

တစ်နေ့တော့ ချောမောခံ့ညားတဲ့ သူရဲကောင်းတစ်ယောက်ဟာ လှည့်လည်သွားလာရင်းနဲ့ အဲဒီနေရာကို ရောက်လာတယ်။ အဲဒါကိုတွေ့တော့ သူ့အမေနဲ့အစ်မတွေဟာ မနှစ်ကလေးကို စည်ပိုင်းအိုကြီးတစ်လုံးထဲကို အတင်းထိုးသွင်းပြီး ဝှက်ထားကြတယ်။ သူတို့က မနှစ်ကလေးအတွက် ရှက်လို့တဲ့။ သူတို့သားအမိတွေကသာ ဦးညွှတ်ကြိုကြတယ်။

မြင်းစီးသူရဲကောင်းက ရွှေပန်းသီးပင်ကို ကြည့်ပြီး-

"ဟောဒီ ထူးဆန်းတဲ့ အပင်ပိုင်ရှင်ဟာ ဘယ်သူလဲ၊ ကျုပ်ကို တစ်ခိုင်လောက် ခူးပေးစမ်းပါ။ အဲဒီသူကို ကျုပ် သူလိုချင်တဲ့ ဆုလာဘ်ပေးမယ်"

လို့ ပြောတယ်။ ဒီစကားကြားတော့ မတစ်နဲ့မသုံးက ပြိုင်တူပဲ "ကျွန်မအပင်ပါ" လို့ ပြောတယ်။ ပန်းသီးတစ်ခိုင်လောက် ခူးဖို့လည်း ကြိုးစားကြတယ်။ ဒါပေမဲ့ သစ်ကိုင်းတွေက သူတို့လက်နဲ့ မထိအောင် ရှောင်တိမ်းနေတော့ တစ်လုံးမှ မခူးနိုင်ကြဘူး။

ဒါပေမဲ့ သစ်ပင်ပေါ်က အလိုအလျောက် ကြွေကျလာတဲ့ ရွှေပန်းသီးတွေအားလုံးဟာ စည်ပိုင်းအိုကြီးထဲကိုပဲ လိမ့်ကျသွားကြတယ်။ သူရဲကောင်းက အဲဒီစည်ပိုင်းအိုကြီးဆီ သွားကြည့်တော့ အထဲမှာ မနှစ်ကလေးကို တွေ့သွားတော့တယ်။ သူရဲကောင်းက တောင်းတော့ မနှစ်ကလေးက ဝမ်းသာအားရပဲ ရွှေပန်းသီးတွေကို ပေးလိုက်တယ်။ သူရဲကောင်းက-



"ဒီအပင်ကို ဘယ်သူပိုင်တယ်ဆိုတာ ကျုပ်သိပြီ" လို့ ပြောလိုက်တယ်။ ပြီးတော့ မြင်းပေါ်တင်ပြီး မနှစ်ကလေးကို သူ့ရဲ့ ရဲတိုက်ဆီ ခေါ်သွားတော့တယ်။ ရွှေပန်းသီးပင်ဟာလည်း သူ့အမြစ်ကို သူနုတ်ပြီး မနှစ်ကလေးနောက်က အိမ်သစ်ကို ပြောင်းဖို့ လိုက်သွားတော့တယ်တဲ့ကွယ်။

* ***One-Eye, Two-Eyes, Three-Eyes***

❑

မတ် ၂၅

## ဂီတသမားနှစ်ယောက်

တစ်ခါတုန်းက ဆင်းရဲသား ဂီတသမားနှစ်ယောက် ရှိတယ်။ သူတို့ဟာ ကမ္ဘာနေရာ အနှံ့ လှည့်လည်ပြီး တီးမှုတ်နေလေ့ ရှိတယ်။ တစ်ယောက်က ထရမ်းပက် မှုတ်တယ်။ ကျန်တဲ့ တစ်ယောက်က ဒရမ်တီးတယ်တဲ့။ တစ်နေ့တော့ သူတို့ဟာ လှည့်လည်တီးမှုတ်ရင်းနဲ့ သစ်တောအုပ်တစ်ခုထဲကို ရောက်သွားတယ်တဲ့။ နွေဦးပေါက်ရာသီဆိုတော့ တောအုပ်တစ်ခု လုံးဟာ သိပ်လှပတင့်တယ်နေတယ်တဲ့။ ပန်းပွင့်ရောင်စုံကလေးတွေကလည်း ပွင့်လို့။ လေနုအေးလေးတွေကလည်း ဖြည်းဖြည်းလေး တိုက်ခတ်လို့ပေါ့လေ။

သူတို့နှစ်ယောက်ရဲ့ ပတ်လည်မှာ ပန်းပွင့်စောင့်နတ်သမီးလေးတွေကလည်း ဝိုင်းပတ် ကခုန်လို့။ ပန်းပွင့်စောင့်နတ်သမီးဆိုတာ လိပ်ပြာလောက်ပဲရှိတဲ့ လူ့ခန္ဓာကိုယ်နဲ့ အတောင်ပံပါတဲ့ မိန်းကလေးတွေတဲ့။ ပန်းပွင့်စောင့်နတ်သမီးလေးတွေရဲ့ ဘုရင်မက-

"ကျွန်မတို့အတွက် တီးမှုတ်ပေးကြစမ်းပါ ဂီတသမားတို့" လို့ ပြောတယ်။ အဲဒီစကားကြားတော့ ထရမ်းပက်သမားက အင်မတန် ကလို့ကောင်းမယ့် တေးသွားလေးတစ်ပုဒ်ကို တီးမှုတ်ပေးတယ်။ ဒရမ်တီးတဲ့လူကတော့ တီးပေးဖို့ ငြင်းတယ်။ သူ့အတွက် ဘာတစ်ခုမှ မရဘဲ တီးမပေးနိုင်ဘူးလို့ ပြောတယ်။

နောက်ဆုံးတော့ ဒရမ်တီးတဲ့လူဟာ ဆာလောင်ပြီး မြက်ခင်းပေါ်မှာ လှဲချရင်း အိပ်ပျော် သွားတယ်။ ပန်းပွင့်စောင့်နတ်သမီးလေးတွေကတော့ ထရမ်းပက်သမားရဲ့ ဂီတသံနဲ့ ဆက် ကခုန်နေတယ်။ သူတို့ ကခုန်လို့ အားရတော့မှ သူတို့ ဘုရင်မက ပြောတယ်။

"ကဲ… အခုတော့ ရှင်တို့နှစ်ယောက်စလုံးကို ကျွန်မ ဆုချရတော့မယ်"

အဲသလိုပြောပြီး နတ်သမီးဘုရင်မက ထရမ်းပက်ကို သူ့လက်ထဲက ရွှေရောင်ပန်း ဝါဝါလေးနဲ့ ထိလိုက်တယ်။ ဒရမ်သမားရဲ့ ဒရမ်ကိုတော့ ခြောက်သွေ့နေတဲ့ ဆူးလေပင်နဲ့ ရိုက်လိုက်တယ်။ ဆူးလေပင်ဆိုတာက လမ်းဘေးမြက်ခင်းထဲမှာ အလေ့ကျပေါက်တတ်တဲ့ ဆူးပါတဲ့ အပင်တစ်မျိုးပဲကွဲ့။

"မင်း ဆုပေးတာ ဒါပဲလားကွ၊ အလကားပဲ" လို့ ဒရမ်သမားက နှာခေါင်းရှုံ့ရင်း ပြောလိုက်တယ်။ ထရမ်းပက်သမားကတော့ ဖော်ဖော်ရွေရွေ ပြုံးပြီး-

"ဒီလိုဆုချတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်။ ပြီးတော့ ငါ့ဂီတကို နှစ်သက်တယ် ဆိုတဲ့အတွက် ဝမ်းလည်းသာပါတယ်"

လို့ ပြောတယ်။ ပြီးတော့ ဂီတသမားနှစ်ယောက်ဟာ သူတို့ခရီးကို ဆက်ခဲ့ကြတယ်။ ဒီလိုနဲ့ သူတို့ဟာ ကျေးရွာတစ်ရွာကို ရောက်သွားကြတယ်။ အဲဒီကျေးရွာမှာ ပျော်ပွဲရွှင်ပွဲ ကျင်းပနေကြတယ်။ ထရမ်းပက်သမားက သူ့ထရမ်းပက်ကို အားရပါးရ မှုတ်တယ်။ ဒရမ်သမားကလည်း သူ့ဒရမ်ကို အားရပါးရ တီးတယ်။

အဲဒီမှာ အင်မတန် အံ့ဩထူးဆန်းတဲ့ကိစ္စတွေ ဖြစ်ပေါ်လာတယ်။ ထရမ်းပက်သမားရဲ့ ထရမ်းပက်ထဲက ဂီတသံနဲ့အတူ ရေတံခွန်ထဲက ရေတွေ ထွက်ကျလာသလို ရွှေတုံးရွှေခဲတွေ ထွက်ကျလာတယ်။ အဲဒီရွှေတုံးရွှေခဲတွေဟာ ထရမ်းပက် တီးမှုတ်သွားသမျှ မြေပြင်တစ်လျှောက်မှာ ဖိတ်ဖိတ်တောက် ပြန့်ကျဲပြီး ကျန်ခဲ့တယ်။ ဒရမ်သမားတီးလိုက်တဲ့ ဒရမ်ကတော့ နကျယ်ကောင်တစ်အုပ် ထွက်လာပြီး ဒရမ်သမားကို တုတ်လိုက်တာ ဒရမ်သမား ဘယ်လိုပြေးပြေး မလွတ်အောင်ပဲတဲ့။ နောက်ဆုံးတော့ ဒရမ်သမား ရွာပြင်ကို ထွက်ပြေးသွားရတော့တယ်တဲ့ကွယ်။



❑

## မတ် ၂၆

## ဂီတသမားနှစ်ယောက်

ထရမ်းပက်သမားဟာ ချမ်းသာသွားပြီး အဲဒီရွာမှာပဲ နေတော့တယ်တဲ့။ သူဟာ မြို့ဝန်မင်းရဲ့ သမီးနဲ့လည်း လက်ထပ်လိုက်တယ်တဲ့။ သူဟာ စိတ်ကောင်း နှလုံးကောင်းရှိပြီး ကြင်နာတတ်တဲ့သူဆိုတော့ သူ့အိမ်တံခါးဝကို ရောက်လာတဲ့ အလှူခံ၊ သူတောင်းစားမှန်သမျှကို လက်ချည်းပြန်ရတယ် မရှိအောင် မလွှတ်တမ်း ပေးကမ်းတတ်တယ်တဲ့။

ဒရမ်သမားရဲ့ အခြေအနေကတော့ တော်တော်လည်း ဆိုးဝါးတယ်တဲ့။ သူဟာ ကျိန်စာ သင့်နေတဲ့ သူ့ရဲ့ဒရမ်ကိုလည်း လွှင့်ပစ်လိုက်တယ်။ ရှေ့လျှောက်ပြီး ဘယ်လိုလုပ်အသက်မွေး နေထိုင်ရမယ် ဆိုတာတောင် တွေးမရအောင်ပဲတဲ့။ ဒီလိုနဲ့ ခြေဦးတည့်ရာသွားနေရင်း သူဟာ တစ်ခါက တောအုပ်ကလေးထဲကို တစ်ကြိမ် ပြန်ရောက်သွားတယ်တဲ့။ အဲဒီအချိန်ကလည်း အရင်ကလို နွေဦးပေါက်ပဲ ဖြစ်နေပြန်တယ်တဲ့။ တောတစ်ခွင်လုံး ပန်းရောင်စုံလေးတွေ လှလှပပ ဝေဝေဆာဆာ ပွင့်လို့ပေါ့လေ။

ရုတ်တရက် ပန်းပွင့်စောင့်နတ်သမီးလေးတွေ ပေါ်လာပြန်တယ်။ သူတို့ ဘုရင်မက ဒရမ်သမားကို -

"ကျွန်မတို့ ကရအောင် တီးမှုတ်ပေးပါလားရှင်" လို့ ပြောတယ်။ ဒရမ်သမားကလည်း -

"မင်းတို့ ငါ့မိတ်ဆွေကို ဆုချလိုက်တဲ့ ထရမ်းပက်မျိုး ငါ့ကို ဆုချမယ်ဆိုရင် မင်းတို့အတွက် မိုးလင်းက မိုးချုပ် တီးမှုတ်ပေးပါ့မယ်" လို့ ပြန်ပြောလိုက်တယ်။

နတ်ဘုရင်မက ပြုံးတယ်။ ပြီးတော့ ရေကန်ဘေးမှာ ပေါက်နေတဲ့ ကျူပင်လေး တစ်ပွင့်ကို ဆွဲနုတ်လိုက်ပြီး သူ့လက်ထဲက ဆူးလေပင်အခြောက်နဲ့ ရိုက်လိုက်တယ်။ အဲသလို ရိုက်လိုက်တာနဲ့ ကျူပင်လေးဟာ ရွှေရောင်ထရမ်းပက်အသွင် ပြောင်းသွားတယ်။

ဒရမ်သမားဟာ နတ်သမီးလေးတွေ စိတ်ပြောင်းမသွားခင် အဲဒီထရမ်းပက်ကို ဆတ်ခနဲ ဆွဲယူပြီး အလျင်စလို မှုတ်လိုက်တယ်။ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး၊ သူ့အတွက်

အုံအားသင့်စရာ မနှစ်မြို့စရာတွေ ဖြစ်ပေါ်လာတယ်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးဟာ သူ့ဆံပင်ရှည်တွေနဲ့ ဖုံးအုပ်သွားတယ်။ သူ့ခြေသည်းတွေဟာလည်း ရှည်ထွက်လာတယ်။



သူ့နှာခေါင်းကလည်း ရှည်ထွက်လာလိုက်တာ နောက်ဆုံးတော့ ငှက်ကလေးတစ်ကောင်ရဲ့ နှုတ်သီးနဲ့ တူလာတယ်။ ဒရမ်သမားဟာ သူ့ပုံကိုသူ ရေကန်တစ်ခုရဲ့အရိပ်ထဲမှာ သွားကြည့်ပြီး လန့်ဖျပ်ကြောက်ရွံ့သွားတယ်။ သူဟာ လူစင်စစ်ကနေ ရွံစရာကောင်းတဲ့ သတ္တဝါတစ်ကောင်အဖြစ် ပြောင်းသွားတာကိုး။

အဲဒီအချိန်ကစပြီး လပြည့်ညတွေဆိုရင် သစ်တောအုပ်တွေထဲမှာ ဆူးဆူးရှရှ မကြားဖူးတဲ့ အသံတွေ ကြားရတတ်တယ်။ လူတွေကတော့ အဲဒါကို ဇီးကွက်အော်သံလို့ ပြောကြတယ်။ သူတို့ကတော့ ယုံမှာ မဟုတ်ဘူး။ တကယ်တော့ အဲဒါဟာ ခုနပြောတဲ့ အသွင်ပြောင်းသွားတဲ့ ဂီတသမားရဲ့ ထရမ်းပက်မှုတ်သံကွဲ့။ သူဟာ ပန်းပွင့်စောင့်နတ်သမီးလေးတွေ ကခုန်ရအောင် ထရမ်းပက်မှုတ်ရင်း သူတို့ သူ့အပေါ် ကရုဏာသက်လာမယ့်အချိန်ကို ဒီနေ့တိုင်အောင် စောင့်နေရရှာတယ်တဲ့ကွယ်။

*** The Two Musicians**

□

မတ် ၂၇

## သံသေတ္တာကြီး

တစ်ခါက ဆင်းရဲတဲ့ တောသူတောင်သားတစ်ယောက် ရှိတယ်။ တစ်နေ့တော့ သူဟာ ထင်းခုတ်ဖို့ တောထဲကို ဝင်သွားရင်း အင်မတန်ကြီးမားတဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့ မြေပေါ် ပေါ်နေတဲ့ သစ်မြစ်တွေကြားထဲမှာ သံသေတ္တာကြီးတစ်လုံးကို သွားတွေ့တယ်။ ဒီသေတ္တာကြီးထဲမှာ ဘယ်လိုပစ္စည်းတွေများရှိမလဲလို့ သူ စဉ်းစားနေတုန်း ရုတ်တရက် သူ့ဘေးနားကို ဘယ်ကမှန်းမသိတဲ့ မိန်းမတစ်ယောက် ပေါ်လာတယ်တဲ့။

အဲဒီမိန်းမက "ဒီသေတ္တာကြီးထဲမှာ အဖိုးတန် ရွှေဒင်္ဂါးတွေအပြည့် ရှိတယ်။ အဲဒီ ဒင်္ဂါးပြားတွေကို ကျုပ်ပိုင်တာပဲ။ ရှင် အလိုရှိသလောက် ယူနိုင်တယ်။ တစ်ခုတော့ ရှိတယ်၊ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောရဘူးလို့ ကတိပေးရမယ်" လို့ ပြောတယ်။

သူဆင်းရဲကလည်း တောင်းတဲ့ကတိပေးလိုက်ရော အဲဒီမိန်းမကြီးလည်း ပျောက်သွားရောတဲ့။ သူဆင်းရဲဟာ အချိန်မဆိုင်းဘဲ အိမ်ပြန်ပြီး ပုဆိန်တစ်လက်နဲ့ သေတ္တာတစ်လုံးကို ယူလာခဲ့တယ်။ ပြီးတော့ သံသေတ္တာကြီးသော့ကို ပုဆိန်နဲ့ဖွင့်ပြီးတော့ သူသယ်နိုင်သလောက် ရွှေဒင်္ဂါးတွေကို သယ်လာခဲ့တာပေါ့ကွယ်။

ကလေးတို့ ထင်တဲ့အတိုင်းပဲ။ အိမ်ရောက်တော့ သူ့မိန်းမကို သူက အကြောင်းစုံ ဖွင့်ပြောလိုက်တာပေါ့။ ဒါပေမဲ့ တစ်ခုတော့ မှာသေးတယ်။ "အဲဒီကိစ္စကို မင်း ဘယ်သူ့ကိုမှ ဖွင့်မပြောနဲ့နော်" လို့။ သူ့မိန်းမကလည်း မပြောပါဘူးလို့ ကတိပေးတယ်။ ပြီးတော့ ဈေးကို သွားပြီး အဲဒီငွေတွေနဲ့ အမဲသားငါးတွေ ဝယ်လာခဲ့တယ်။ အိမ်ပြန်ရောက်တော့ သူ့ယောကျ်ား စားဖို့အတွက် တချို့ကို ချက်၊ တချို့ကို ကြော်၊ တချို့ကို လှော်နဲ့ အမျိုးမျိုးလုပ်နေတာပေါ့ ကွယ်။

အဲသလို ကြော်လှော်နေတဲ့ ဟင်းနံ့ရတော့ အိမ်နီးနားချင်း ရောက်လာတယ်။ "ဘာ တွေများ ချက်ပြုတ်နေတာလဲ" လို့ မေးတာပေါ့။ အဲဒီဆင်းရဲသားရဲ့မိန်းမဟာ နှုတ် အင်မတန် ဖွာတဲ့သူ။ သူ့ဘဝမှာ ဘာလျှို့ဝှက်ချက်ရယ်မှ မထားတဲ့သူ။ ဒီတော့ အဲဒီအိမ်နီးနားချင်းကို

သူ့ယောက်ျား တောထဲက ရွှေဒင်္ဂါးတွေ ရလာတဲ့အကြောင်း အကုန်ပြောပြလိုက်တော့တယ်။ ဒါပေမဲ့ မှာတော့ မှာလိုက်သေးတယ်။ ""ရှင် ဒီအကြောင်းတွေကို ဘယ်သူမှ လျှောက်မပြောနဲ့နော်"" လို့။

ဒါပေမဲ့ လူ့သဘာဝက အဲဒီလို မပြောပါနဲ့ဆိုရင် ပိုပြောချင်တယ်လေ။ ဘူးတစ်ရာ အပေါက်ကို ဆို့လို့ရတယ်။ လူတစ်ယောက် ပါးစပ်ကို ဆို့လို့မရဘူး ဆိုတဲ့ စကားလည်း ရှိတယ်။ အဲဒီအိမ်နီးနားချင်းက သူ့နဲ့ အမျိုးတော်တဲ့ သင်္ချိုင်းက သုဘရာဇာကို ပြောတယ်။



သုဘရာဇာက သူ့မိတ်ဆွေ ဘုရားရှိခိုးကျောင်းအစောင့်ကို ပြောတယ်။ အဲဒီအစောင့်က ကျောင်းက ဘုန်းကြီးသင်းအုပ်ကို ပြောတယ်။ သင်းအုပ်ဆရာက တရားသူကြီးကို ပြောတယ်။ ဒီလိုနဲ့ ဒီသတင်းဟာ တစ်စထက် တစ်စ ပျံ့နှံ့သွားတယ်တဲ့ ကွယ်။

□

မတ် ၂၈

## သံသေတ္တာကြီး

တရားသူကြီးဟာ အဲဒီစကားကို ကြားတယ်။ ဆင်းရဲသား ရုတ်တရက် ချမ်းသာတာကိုလည်း တွေ့တယ်ဆိုတော့ မယုံသင်္ကာဖြစ်နေတယ်။ ဒါကြောင့် ဆင်းရဲသားကို ရုံးတော်ကို ဆင့်ခေါ်ပြီး -

"ဟေ့… ကောက်ကျစ်တဲ့ မြေခွေး၊ မင်းဆီမှာ ရွှေဒင်္ဂါးတွေရှိတယ်လို့ ငါ ကြားတယ်။ အဲဒါဟာ ဘယ်နေရာက ဘယ်သူ့ဆီက ခိုးလာတာလဲ။ ငါ့ကို အမှန်အတိုင်း ပြောစမ်း။ လိမ်မယ်မကြံနဲ့။ မင်းမိန်းမကတော့ မင်းတစ်နေရာက ရလာခဲ့တယ်လို့ ပြောနေတယ်" လို့ ဟိန်းဟောက်ပြီး မေးတယ်။ ဆင်းရဲသားဟာ ဖြေရခက်နေတယ်။

နောက်ဆုံးတော့ သူ့ခေါင်းထဲမှာ အကြံတစ်ခု ရလာတယ်။ အဲဒါကြောင့် ပြုံးပြီး -

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော့်ဇနီးက ဒီအတိုင်းပဲ ပြောသလား။ သူ့စကားကို ယုံတော်မမူပါနဲ့၊ သူဟာ ရူးသွပ်နေတဲ့ မိန်းမတစ်ယောက်ပါ" လို့ လျှောက်တယ်။ မယုံရင် နောက်တစ်ပတ် ရုံးတော်တက်တဲ့အချိန်ကျရင် ကျွန်တော် ခေါ်လာခဲ့ပါ့မယ်။ ကျွန်တော့်မိန်းမ ဘယ်လောက် ရူးသွပ်တယ် ဆိုတာ အဲဒီကျတော့ တွေ့ရပါလိမ့်မယ်" လို့ ရဲရဲတင်းတင်း လျှောက်ခဲ့တယ်။

သူဟာ ရုံးတော်ကနေ အိမ်ပြန်လာတဲ့အခါ လမ်းမှာတွေ့သမျှ မုန့်ဖုတ်တဲ့ဆိုင်တွေက ကိတ်မုန့်တွေ၊ ဘီစကွတ်တွေကို ရသလောက် ဝယ်လာခဲ့တယ်။ အိမ်ရောက်တဲ့အခါ အဲဒီမုန့်တွေကို တချို့ ခြံထဲက မြေကြီးပေါ်မှာ၊ ချုံပုတ်တွေပေါ်မှာ ဖြန့်ကြဲထားလိုက်တယ်။ တချို့ကိုတော့ အိမ်ခေါင်မိုးပေါ် ပစ်တင်ထားလိုက်တယ်။

ပြီးတော့မှ သူ့မိန်းမ ချက်ပြုတ်နေတဲ့ မီးဖိုထဲ ပြေးဝင်ပြီး -

"ဟဲ့… မိန်းမရယ်၊ မိုက်လှချေလား၊ စားဖို့သောက်ဖို့များ ဘာလို့ ဒီလောက် ပင်ပင်ပန်းပန်း ချက်ပြုတ်နေရတာလဲ။ ခုနပဲ ကောင်းကင်ပေါ်က မုန့်မိုးတွေ ရွာချတာ မတွေ့ဘူးလား၊ အပြင်ထွက်ကြည့်ပါဦး" လို့ ပြောတယ်။



သူ့မိန်းမက အပြင်ထွက်ကြည့်ပြီး ပန်းခြံထဲမှာ၊ ခေါင်မိုးပေါ်မှာ မုန့်တွေကို တွေ့တော့ အံ့အားသင့်သွားတယ်။ ပြီးတော့ အူယားဖားယား ကောက်တော့တာပေါ့ကွယ်။

နောက်နေ့ကျတော့ သူ့ယောက်ျားက ဒီလို ပြောပြန်တယ်။

"မိန်းမရေ၊ ဒီဘက်ကို ဘုရင့်စစ်သည်တော်တွေ လာနေတယ်ဟေ့၊ သူတို့မှာ သံမဏိ နှုတ်သီးကြီးတွေ ရှိတယ်။ မိန်းမတွေကို တွေ့ရင် အဲဒီနှုတ်သီးကြီးတွေနဲ့ တစ်ခါတည်း ပေါက်ကြ ဆိတ်ကြတော့တာပဲ၊ ဒီတော့ မင်း ပုန်းနေချေ"

လို့ ပြောပြီး မိန်းမကို အဝတ်လျှော်တဲ့ သစ်သားစည်ပြတ်ထဲ ဝင်ပုန်းခိုင်းတယ်။ သူ့ မိန်းမလည်း ကြောက်ကြောက်နဲ့ အဲဒီစည်ထဲ ဝင်ပုန်းရင်း ဘာတွေများ ဖြစ်လာဦးမလဲလို့ တထိတ်ထိတ်နဲ့ စောင့်စားနေတာပေါ့ကွယ်။

❑

မှတ် ၂၉

## သံသေတ္တာကြီး

အဲဒီအချိန်မှာ ယောကျ်ားဖြစ်တဲ့လူဟာ မီးဖိုထဲက ဂျုံစေ့အိတ်တစ်အိတ်ကို ယူလာပြီး စည်ထဲမှာ ပုန်းနေတဲ့ မိန်းမရဲ့ ကိုယ်ပေါ်ကို မှောက်သွန်ချလိုက်တယ်။ မိန်းမရဲ့ ကိုယ်ပေါ်မှာ ဂျုံစေ့တွေ ဖုံးသွားတာပေါ့ကွယ်။ အဲဒီအချိန်ကျတော့မှ သူဟာ ခြံထဲက ကြက်ပေါက်ကလေးတွေ ခေါ်လိုက်တယ်။

ကြက်ပေါက်ကလေးတွေဟာ သူ့ထက်ငါ ပြေးလာပြီး စည်ပိုင်းပြတ်ထဲဝင် အလုအယက် ဂျုံစေ့တွေကို တတောက်တောက် မြည်အောင် ကောက်စားတော့တာပေါ့။ စည်ထဲမှာ ပုန်းနေတဲ့ မိန်းမက ကြောက်လွန်းလို့ ခေါင်းတောင်မဖော်နိုင်ဘူးတဲ့။

ဂျုံစေ့တွေကုန်ပြီး ကြက်ကလေးတွေ ထွက်သွားတော့မှ-

"ကဲ… မိန်းမရေ ထွက်ခဲ့တော့၊ ဘုရင့်စစ်သည်တွေ သွားကုန်ပါပြီ" လို့ ပြောတယ်။

မိန်းမက ကြောက်ကြောက်လန့်လန့်နဲ့-

"ကျေးဇူးပါပဲ ကျွန်မယောကျ်ားရယ်၊ ရှင် ကျွန်မအသက်ကို ကယ်လိုက်တာပဲ။ ရှင် မြင်လိုက်သေးသလား၊ ဘုရင့်စစ်သားတွေ သူတို့ နှုတ်သီးတွေနဲ့ ကျွန်မကို ပေါက်သွားတာ" လို့ တုန်တုန်ယင်ယင် ပြောတယ်။ ယောကျ်ားလုပ်တဲ့သူကတော့ တစ်ကိုယ်တည်း ကျိတ်ပြုံးနေတာပေါ့။

နောက်တစ်ကြိမ် ရုံးပတ်ရောက်တဲ့အခါ ရုံးတော်ကို အဲဒီမိန်းမကိုခေါ်ပြီး ဆင်းရဲသား ရောက်သွားတယ်။ တရားသူကြီးက-

"ကဲ… ငွေတွေ ဘယ်က ရလာတာလဲ ပြောစမ်း" လို့ မေးတော့ ထုံးစံအတိုင်း အဲဒီမိန်းမဟာ တစ်နေရာက ရတယ်ဆိုပြီး သူ့ယောကျ်ားသေတ္တာကြီးတစ်လုံးနဲ့ သယ်လာတယ် ဆိုတဲ့အကြောင်း ပြောလိုက်တယ်။ ဆင်းရဲသားဟာ-

"တရားသူကြီးခင်ဗျား၊ ဒီမိန်းမစကားကို မယုံပါနဲ့။ ဒီမိန်းမ ရူးနေတယ်ဆိုတာ သက်သေပြပါ့မယ်" လို့ ပြောပြီး သူ့မိန်းမဘက် လှည့်မေးတယ်။

"မိန်းမ၊ ဘယ်တုန်းက ဒီငွေသေတ္တာကို သယ်လာလို့လဲ" လို့ပေါ့။ ဒီတော့ အဲဒီ မိန်းမက-

"ရှင်ကလည်း မေ့တတ်လိုက်တာလွန်ရော၊ မမှတ်မိဘူးလား၊ ရှင် အဲဒီငွေသေတ္တာကို ယူလာပြီးတဲ့ နောက်နေ့မှာ မုန့်မိုးတွေတောင် ရွာသေးတယ်လေ။ ကိတ်မုန့်တွေ၊ ဘီစကွတ်တွေ အဲဒီတုန်းက ကျွန်မတို့ ကောက်စားတာ စားလို့တောင် မကုန်သေးဘူး။ နောက်နေ့ကျတော့လည်း သံမဏိနှုတ်သီးနဲ့ ဘုရင့်စစ်သည်တော်တွေ လာကြသေးတယ်။ ကျွန်မ သစ်သားစည်ထဲ ဝင်ပုန်းနေတာတောင် ကျွန်မကို သူတို့ နှုတ်သီးတွေနဲ့ ပေါက်သွားတာ တတောက်တောက်နေတာပဲ" လို့ တတွတ်တွတ် ပြောပါလေရော။

အဲဒီစကားလည်းကြားရော တရားသူကြီးဟာ ဒီမိန်းမ ရူးနေတာလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဆင်းရဲသားကိုလည်း အပြစ်မရှိဘူး ဆိုပြီး လွှတ်လိုက်ရောတဲ့။



* ***The Iron Box***

❑

မတ် ၃၀

## မိုက်မဲတဲ့ သတို့သမီး

တစ်ခါက ကြိတ်စက်ပိုင်ရှင် တစ်ယောက်ဆီမှာ သမီးတစ်ယောက် ရှိတယ်တဲ့။ အဲဒီသမီးဟာ ရုပ်က မဆိုးလှပေမယ့် အသိဉာဏ်က အင်မတန် နည်းတယ်တဲ့။ ဒါကြောင့် အဲဒီအနီးတစ်ဝိုက်က လူပျိုလူရွယ်တွေက သူ့ဆို ဝေးဝေးက ရှောင်တယ်တဲ့။ ဒါကြောင့် အရွယ်ရောက်တဲ့အထိ အိမ်ထောင်ရက်သား မကျသေးဘူးတဲ့။

တစ်နေ့တော့ တစ်ရပ်တစ်ကျေးက ဆင်းရဲသား လယ်သမားလေးတစ်ယောက်ဟာ ခရီးသွားရင်းနဲ့ သူတို့အိမ်နား ရောက်လာတယ်။ ကြိတ်စက်ပိုင်ရှင်မိန်းမက အဲဒီလူငယ်လည်း တွေ့ရော-

'တို့သမီးနဲ့ ပေးစားဖို့ ငနဲတစ်ကောင်တော့ ရပြီ။ လက်လွှတ်ခံလို့ မဖြစ်ဘူး'

လို့ တွေးပြီး အိမ်ထဲဖိတ်တယ်။ စားစရာ သောက်စရာတွေလည်း ချကျွေးတယ်။ နောက်ဆုံး တိုတိုပြောရရင်တော့ သူတို့ဟာ စကားစမြည်ပြောကြရင်းနဲ့ သူ့သမီးကို လက်ထပ်ယူဖို့ကိစ္စအထိ ရောက်သွားကြတယ်။ ဆင်းရဲသားလူငယ်က ယူဖို့ သဘောတူတယ် ဆိုတော့ ဝမ်းသာသွားကြတာပေါ့။

မိန်းမကြီးက သမီးကို ကရားတစ်လုံးပေးပြီး မြေတိုက်ခန်းထဲကို လွှတ်လိုက်တယ်။ အဲဒီမှာက လှောင်ထားတဲ့ ဘီယာစည်ကြီးတွေ ရှိတယ်။ ဘီယာကို ကရားနဲ့ ထည့်ယူလာဖို့ပေါ့လေ။ အဲဒီဘီယာတွေကို သူတို့သမီးနဲ့ ဆင်းရဲသား လက်ထပ်ဖို့ သဘောတူတဲ့ အခမ်းအနားအဖြစ်နဲ့ သောက်ကြမယ်ပေါ့။

မြေတိုက်ထဲ ရောက်သွားတဲ့ သမီးက ကရားကို မြေပေါ်မှာ ချပြီး ဘီယာစည်ကြီးက ဘုံပိုင်ခေါင်းကို ဖွင့်လိုက်တယ်။ ပြီးတော့ ရည်ရွယ်ချက်မဲ့ မြေတိုက်ခန်းထဲမှာ လျှောက်ငေး ကြည့်ရင်း မြေတိုက်ရက်မမှာ သပ်စိုက်ထားတဲ့ ပုဆိန်တစ်လက်ကို သွားတွေ့တယ်တဲ့။

ဒီတော့ ဒီလိုတွေးတယ်။

'တကယ်လို့ ဟိုလူနဲ့ ငါနဲ့ ရပြီး ကလေးမွေးလာမယ်၊ အဲဒီကလေးရဲ့ ခေါင်းပေါ်ကို ဒီပုဆိန်ပြုတ်ကျရင်တော့ ဒုက္ခပဲ။ တို့ရင်သွေးလေး ကံဆိုးရှာမယ်' လို့ တွေးပြီး မျက်ရည် ဖြိုင်ဖြိုင်ကျရောတဲ့ကွယ်။ သူ ဖွင့်ထားတဲ့ ဘီယာစည်ထဲက ဘီယာတွေကတော့ ကရား ပြည့်ရုံမက လျှံကျပြီး မြေတိုက်ကြမ်းပြင်ပေါ်မှာ ဖုံးနေတာ သူ့ခြေမျက်စိရောက်နေပြီ။ သူက ငိုကောင်းတုန်း။



အဲဒီအချိန်မှာပဲ ကြာလို့လိုက်လာတဲ့ သူ့အမေ ရောက်လာပြီး "ဘာဖြစ်နေတာလဲ သမီး" လို့ မေးတယ်။ ဒီတော့ သမီးလုပ်တဲ့သူက သူ တွေးသမျှ ပြန်ပြောပြရင်း "အမေပဲ စဉ်းစားကြည့်စမ်းပါ၊ အမေ့မြေးလေးရဲ့အဖြစ်ဟာ ဘယ်လောက် ရင်နာဖို့ကောင်းလဲ"လို့ ပြောတော့ အမေလုပ်တဲ့သူကပါ သမီးနဲ့ ရောငိုနေလိုက်တာ ဘီယာတွေက သူတို့ ခြေသလုံးကို ရောက်ရောတဲ့။

အဲဒီအချိန်မှာပဲ ကြာလို့လိုက်လာတဲ့ သူ့အဖေ ရောက်လာတယ်။ သူ့အဖေက မေးလို့ သမီးက ပြန်ပြောတော့ အဖေကလည်း သူတို့နဲ့ ရောငိုနေလိုက်တာ ဘီယာတွေ ရင်ခေါင်း ရောက်ရောတဲ့။ နောက်ဆုံး ရောက်လာတာက ဆင်းရဲသားလူငယ်ပဲ။ ဆင်းရဲသားလူငယ်က မေးကြည့်လို့ အကြောင်းစုံလည်း သိရော။

"ဒီလောက် မိုက်မဲတဲ့ သတို့သမီး လက်ထပ်လို့ မဖြစ်ဘူး" ဆိုပြီး ထွက်သွားပါလေရောတဲ့ကွယ်။

* ***The Foolish Bride***

❑

## မတ် ၃၁

### အဖေကရွှေ အမေကငွေ သားကကြေးနီ

တစ်ခါတုန်းက မြို့တစ်မြို့မှာ ညီအစ်ကိုနှစ်ယောက် ရှိတယ်။ အစ်ကိုက ချမ်းသာပြီး ညီက ဆင်းရဲတယ်တဲ့။ တစ်နေ့တော့ ညီလုပ်တဲ့သူဟာ လမ်းဘေးက ငွေတုံးလေးတစ်တုံး ကောက်ရလာတယ်။ သူဟာ အဲဒီငွေတုံးလေးကိုင်ပြီး သူ့အစ်ကိုဆီ ရောက်လာတယ်။ ပြီးတော့ ငွေတုံးကိုပြပြီး-

"အစ်ကိုရေ၊ ကျွန်တော်တော့ အစ်ကိုရဲ့ ရွှေတုံးအတွက် သတို့သမီးတစ်ယောက် ရလာပြီ။ ကျွန်တော့် ငွေတုံးကို အစ်ကို့ရွှေတုံးနဲ့ လက်ထပ်ပေးစားကြရအောင်။ သူတို့က ကလေးမွေးလာရင် အစ်ကို့ကို မိသားတစ်စုလုံး ကျွန်တော် လာပေးမယ်" လို့ ပြောလိုက်တယ်။

သူ့အစ်ကိုက ပထမ တွေဝေနေတယ်။ နောက်တော့ သဘောတူပြီး ရွှေတုံးတစ်တုံး ပေးလိုက်တယ်။ ရက်သိပ်မကြာဘူး။ သူ့ညီဟာ သူ့ဆီကို သူပေးလိုက်တဲ့ ရွှေတုံးရယ်၊ ငွေတုံးရယ်၊ ကြေးနီလေးတစ်စရယ် ယူလာပေးတယ်။

"ရော့… အစ်ကို၊ အစ်ကို့ရဲ့ ရွှေနဲ့ ကျွန်တော့်ရဲ့ငွေ ရလို့ မွေးတဲ့ ကြေးနီလေး၊အားလုံး အစ်ကိုယူတော့" လို့ ပြောတယ်။ အစ်ကိုလုပ်တဲ့သူဟာ အံ့အားသင့်နေတယ်။

ညီက-

"ရွှေနဲ့ငွေနဲ့ ပေါင်းရလို့သာ ကြေးနီမွေးတာပေါ့ အစ်ကိုရယ်၊ ရွှေနဲ့ရွှေသာ ပေးစားရင် ရွှေလေးတွေ အများကြီး မွေးမှာ" လို့ ပြောတယ်။



"ငါ့ဆီက ရွှေတုံးတွေပေးလိုက်ပြီး သူတို့ချင်း ပေးစား လိုက်ရင် အဲသလို ရွှေလေးတွေ အများကြီးရမလား" လို့ မေးလိုက်တယ်။ ညီက-

"ဘာလို့ မရရမှာလဲ၊ ကျွန်တော့်တာဝန်လေ"

လို့ ပြောတယ်။ ဒါနဲ့ အစ်ကိုလည်း လောဘတက်ပြီး သူ့ဆီက ရွှေတွေ အကုန်ပေးလိုက်တယ်။ ဒီတစ်ခါတော့ ရက်တွေ တော်တော်ကြာပြီးတဲ့အထိ ညီရောက်မလာတော့ အစ်ကိုဟာ ညီအိမ်ကို လိုက်လာတယ်။

"ဟေ့ကောင်၊ ငါ ပေးလိုက်တဲ့ ရွှေတွေကော" လို့ မေးတော့ ညီက ဝမ်းနည်းတဲ့ မျက်နှာနဲ့-

"အစ်ကိုရေ၊ အစ်ကို့ရွှေတွေအားလုံးတော့ သေကုန်ရှာပြီ" လို့ ပြောတယ်။ အစ်ကိုက-


"မင်း ရူးနေသလား၊ ရွှေပဲ သေတယ်ဆိုတာ ဖြစ်နိုင်မလား" ဆိုတော့

"အစ်ကိုရယ်၊ ရွှေက ကလေးတောင် မွေးနိုင်သေးတယ်ဆိုရင် ဘာကြောင့် မသေနိုင်ရမှာလဲ"

လို့ ပြန်ပြောတယ်။ အစ်ကိုက မခံနိုင်ဘူး။ တရားစွဲလို့ ရုံးရောက်ကြတယ်။ ရုံးရောက်တော့လည်း ညီဖြစ်သူရဲ့စကားက ခိုင်လုံနေလို့ ညီပဲ အနိုင်ရသွားတော့တယ်တဲ့ကွယ်။

* ***Father Gold, Mother Silver and Son Copper***

❑



# APRIL



ဧပြီ ၁

## ဉာဏ်နည်းသော ကြွက်ကလေး

သိပ်တော့ မကြာလှသေးဘူးပေါ့ကွယ်။

ဟိုး မဝေးလှတဲ့ တစ်ခါတုန်းက ကြောင်တစ်ကောင်က ကြွက်ကလေးတစ်ကောင်ကို သူနဲ့အတူလာနေဖို့ ဖိတ်ခေါ်တယ်တဲ့။

"တို့နှစ်ယောက် ပေါင်းနေရရင် ပျော်စရာကောင်းမှာပဲ၊ တို့ စားစရာတွေကို အတူတူ စားကြမယ်၊ ပျင်းရင် အတူတူ တွဲကကြမယ်၊ တို့တစ်ကိုယ်ချင်းနေရတာ ပျင်းစရာ ကောင်းတယ်" လို့ ပြောတယ်။

ကြွက်ကလေးကလည်း ကြောင်ကလေးစကားကို နားယောင်ပြီး ခေါင်းညိတ်လိုက်တယ်။ သဘောတူလိုက်တယ်ပေါ့ကွယ်။ ဒီလိုနဲ့ သူဟာ ကြောင်ကလေးနေတဲ့နေရာကို ပြောင်းသွားပြီး အတူတူ နေခဲ့တော့တယ်။

သူတို့ အတူတူ စားကြတယ်၊ အတူတူ ကကြတယ်၊ အတူတူ သီချင်းဆိုကြတယ်ဆိုတော့ ကြွက်ကလေးလည်း ပျော်နေတာပေါ့ကွယ်။ ဒီလိုနဲ့ တစ်စထက်တစ်စ ဆောင်းရာသီနီးကပ်လာတော့မယ်။ ဆောင်းရာသီဆိုရင် သူတို့ဆီမှာ နှင်းတွေက တစ်လောကလုံး ဖွေးဖွေးဖြူဖုံးအောင်ကျ၊ လေအေးတွေကလည်း အဆက်မပြတ် တိုက်ခတ်၊ နှင်းမိုးတွေကလည်း တဖွဲဖွဲရွာတတ်လေတော့ အပြင်ထွက်ပြီး အစာရှာဖွေဖို့ ခက်တယ်။ ဒါကြောင့် ဆောင်းတွင်းစာကို ကြိုရှာပြီး စုဆောင်းထားကြရတယ်။ ကြောင်နဲ့ကြွက်လည်း အဲသလို ဆောင်းတွင်းရောက်ရင် စားဖို့ အစာတွေရှာပြီး စုဆောင်းတာ အိုးနဲ့တစ်လုံး အပြည့်ရလာတယ်တဲ့။ ဒီတော့ ကြောင်က-

"တို့ ဒီအိုးကို ဘယ်မှာ သွားဝှက်ထားမလဲ" လို့ မေးတယ်။ ကြွက်ကလေးက စဉ်းစားပြီး-

"ဘုရားရှိခိုးကျောင်း တရားဟောစင်ရဲ့အောက်မှာ သွားဝှက်ထားရင် ကောင်းမယ်။ အဲဒီမှာဆို ဘယ်သူမှ ရိပ်မိမှာ မဟုတ်ဘူး၊ ဘယ်သူမှလည်း ခိုးနိုင်မှာ မဟုတ်ဘူး"

လို့ ပြောတယ်။ ကြောင်ကလည်း သဘောတူလိုက်ပြီး အဲဒီအိုးကို ဘုရားရှိခိုးကျောင်း တရားဟောစင်အောက်မှာ သွားဝှက်ထားလိုက်တယ်။

တစ်နေ့တော့ ကြောင်ဟာ တခြားမှာ အစာသွားရှာမစားချင်တာနဲ့ စိတ်ကူးရပြီး ကြွက်ကို ဒီလိုပြောတယ်။

“ကြွက်ရေ၊ ငါ ဘုရားရှိခိုးကျောင်းကို သွားလိုက်ဦးမယ်။ အဲဒီမှာ ငါ့ညီမဝမ်းကွဲက မွေးတဲ့ကလေးကို နာမည်ပေးပွဲလုပ်လိမ့်မယ်”

ကြွက်ကတော့ သဘောရိုးနဲ့ “မင်္ဂလာသတင်းပဲကွာ၊ မင်းတူလေးအတွက် ငါ မေတ္တာပို့လိုက်ပါတယ်”

လို့ ပြောလိုက်တယ်။ ကြောင်ဟာ ဘုရားရှိခိုးကျောင်းရောက်တော့ အိုးထဲက အစာတွေကို သူတစ်ယောက်တည်း ခိုးစားလိုက်တာ အိုးရဲ့ သုံးပုံတစ်ပုံလောက် ကုန်သွားတယ်။ သူစားပြီး ရောက်လာတော့ ကြွက်ကလေးက မေးတယ်။

“မင်းရဲ့ တူကလေးနာမည်က ဘယ်သူလဲဟင်”

“သုံးပုံ တစ်ပုံ ကုန်ပြီ”

ကြောင်ရဲ့ပါးစပ်က လွှတ်ခနဲ ယောင်ပြီး ထွက်သွားတယ်။

ကြွက်ကလေးက မျက်လုံးပြူးပြီး-



“ဟင် … မင်းတူလေးရဲ့ နာမည်က ဆန်းလှချေလား၊ သုံးပုံ တစ်ပုံ ကုန်ပြီရယ်လို့၊ တစ်သက်နဲ့တစ်ကိုယ် ဒီလိုနာမည်မျိုး မကြားဖူးပါလား”

လို့ ပြောတယ်။ ကြောင်က ကြောင်ပါးဆိုတော့-

“မင်းကလည်းကွာ ဒီခေတ်မှာ နာမည်ဆန်းဆန်းတွေ မှည့်နေကြတာပဲ။ ငါ့တူနာမည်က မီကိုဖူးဇင်တို့၊ ခွာနီးတို့ နာမည်တွေလောက်တော့ မဆန်းပါဘူး”

လို့ ပြန်ပြောရင်း ဗိုက်တင်းတင်းနဲ့ အိပ်ပျော်သွားရောတဲ့ကွယ်။

❑

## ဧပြီ ၂

# ဉာဏ်နည်းသော ကြွက်ကလေး

ဒီလိုနဲ့ ခိုးစားရတာကောင်းမှန်း သိသွားတဲ့ ကြောင်လေးဟာ မကြာခင်မှာ ဘုရားရှိခိုး ကျောင်းကို သွားပြန်ရော။ ဒီတစ်ခါတော့ သူ့အစ်ကိုရဲ့ကလေး ကင်ပွန်းတပ်ပွဲလို့ ညာပြော ပြန်တယ်။ ဟိုရောက်တော့ စားလိုက်တာ အိုးတစ်ဝက် ကုန်ပါလေရော။

ပြန်ရောက်တော့ ကြွက်ကလေးဟာ ထုံးစံအတိုင်း မေးတာပေါ့။

"မင်းတူလေးရဲ့ နာမည်က ဘယ်သူတဲ့လဲ"

"တစ်ဝက်ကုန်ပြီတဲ့"

ဒီနာမည်ကြားရတော့ ကြွက်ကလေးဟာ သူ့ခေါင်းကိုပဲ သူ ခါယမ်းနေတော့တယ်။ ကြောင်ကတော့ မိုက်တင်းတင်းနဲ့ အိပ်တော့တာပေါ့။ ကြွက်ကလေးကိုလည်း အရ၊ နံ့ရ မလား တွေးပြီး တစ်ကိုယ်တည်း ကျိတ်ပြုံးလိုက်သေးတယ်။

ဒီလိုနဲ့ ရက်အနည်းငယ်ကြာတော့ ကြောင်ဟာ-

"ငါ့အစ်မရဲ့ကလေး ကင်ပွန်းတပ်ပွဲ သွားလိုက်ဦးမယ်"

လို့ အကြောင်းပြပြီး ဘုရားရှိခိုးကျောင်းကို သွားပြန်ရော။ ဒီတစ်ခါတော့ စားကောင်း ကောင်းနဲ့ စားလိုက်တာ အိုးထဲက စားစရာတွေ အကုန်ကုန်သွားရောတဲ့။ ကြောင်ကလေး ပြန်လာတော့ ကြွက်ကလေးက မေးပြန်တယ်။

"ဒီနေ့ ကင်ပွန်းတပ်ပွဲလုပ်တဲ့ မင်းတူလေးရဲ့ နာမည်က ဘယ်သူလဲ"

"အကုန်ကုန်ပြီတဲ့"

ကြောင်ကလေးက ပြုံးစိစိနဲ့ ဖြေတယ်။ ကြွက်ကလေးက-

"အင်း... အကုန်ကုန်ပြီ ဟုတ်လား၊ နာမည်ကလည်း ဆန်းလိုက်တာကွာ"

လို့ပဲ ပြောတယ်။ ကြွက်ကလေးဟာ ဉာဏ်နည်းတော့ ကြောင်ကလေး လှည့်ဖြား နေတာကို မရိပ်မိဘူး။

ဒီလိုနဲ့ တိုတိုပြောရရင် ဆောင်းတွင်းရောက်လာတာပေါ့ကွယ်။ အစာ ရှာဖွေစားသောက်

ရတာလည်း ခက်ခဲလာတယ်။ အဲဒီတော့မှ ကြွက်ကလေးဟာ သူတို့ဝှက်ထားတဲ့ အိုးကို သတိရလာတယ်။ ဒီလိုနဲ့ ကြောင်နဲ့ကြွက်က ဘုရားရှိခိုးကျောင်းကို အတူတူ သွားကြတယ်။ ဟိုရောက်လို့ကြည့်တော့ အိုးထဲမှာ စားစရာတစ်စက်မှ ရှိမနေတာ တွေ့ရတယ်။

ဒီတော့မှ ကြွက်ကလေးဟာ အရင်ကဟာတွေကို ပြန်တွေးပြီး ခပ်ရေးရေး သဘောပေါက်လာတယ်။

"လက်စသတ်တော့ ဒီအိုးထဲကဟာတွေကို မင်းက တစ်ယောက်တည်း လာခိုးစားနေတာကိုး"

ကြွက်ကလေးက ဒေါသထွက်ပြီး-

"ဒါကြောင့် မင်း ပြောခဲ့တာကိုး၊ ပထမတော့ သုံးပုံတစ်ပုံကုန်ပြီ၊ နောက်တော့ တစ်ဝက်ကုန်ပြီ၊ နောက်ဆုံးတော့ အားလုံးကုန်ပြီ" လို့။

ကြောင်ကလေးဟာ ကောက်ကျစ်စွာ ပြုံးပြီး-


"အေး- ဟုတ်တယ်၊ အခုတော့ ငါ့မှာ စားစရာရယ်လို့ မင်းပဲ ကျန်တော့တယ်" လို့ ပြောပြီး တစ်ချက်တည်း ကိုက်စားလိုက်ပါလေရောတဲ့။

သနားစရာကောင်းတဲ့ ကြွက်ကလေးပေါ့ကွယ်။

ကြွက်နဲ့ကြောင် အဆွေခင်ပွန်းဖွဲ့ရင် နောက်ဆုံးတော့ ကြွက်တွေသာ နာင်တရစရာ ဖြစ်တတ်တယ်တဲ့။ မှတ်ထားနော် ကလေးတို့။

* The Cat and the Mouse Join Forces

❑



ပြော ၃

## အစားကြီးတဲ့ကောင်လေး

တစ်ခါတုန်းက ဘာမဆို အငမ်းမရ စားတတ်တဲ့ အစားကြီးတဲ့ ကောင်လေး တစ်ယောက်ရှိတယ်တဲ့။ တစ်နေ့တော့ အဲဒီကောင်ကလေးကို သူ့အဖေဟာ ဈေးကို သိုးခေါင်းကင်ဝယ်ဖို့ လွှတ်လိုက်တယ်တဲ့။ ကောင်လေးဟာ သူ့အဖေ သဘောကျအောင်လို့ ဈေးကို ခပ်သုတ်သုတ်ကလေးသွားပြီး သိုးခေါင်းကင်ကို ဝယ်လိုက်တယ်။ ပြီးတော့ ခပ်သွက်သွက်ပဲ လျှောက်ပြီး အိမ်ကို ပြန်လာခဲ့တယ်။ သူတို့အိမ်နဲ့ဈေးက တော်တော်လေး လှမ်းတယ်။ သူ့အနေနဲ့ကလည်း ဒီထက်မြန်အောင် မလျှောက်နိုင်တော့ဘူး။

လျှောက်လာရင်းနဲ့ သူကိုင်လာတဲ့ သိုးခေါင်းက အသားကင်နံ့ကလေးက တသင်းသင်း မွှေးလာတယ်။ အဲဒီလို အသားကင်နံ့ကလေးရတော့ သူ့ပါးစပ်ထဲက သွားရည်ယိုလာတယ်။ နောက်ဆုံးတော့ စားချင်စိတ်ကို သူဟာ မထိန်းနိုင်တော့ဘဲ လမ်းမှာတင် အသားတွေကို ဖဲ့စားတော့တယ်။ လမ်းတစ်လျှောက်လုံး အဲဒီလို စားလာလိုက်တာ နောက်ဆုံး အရိုးချည်း ကျန်တော့တဲ့အထိပဲ။

အိမ်ရောက်လို့ သူ့အဖေကို ပေးတဲ့အခါ သိုးခေါင်းဟာ အရိုးခွံချည်းသက်သက်သာ ကျန်တော့တယ်။ သူ့အဖေက-

"သား၊ မင်း ငါ့ဆီကို ဘာကြီး ယူလာတာလဲ" လို့ မေးတယ်။ သားက-

"အဖေ ဝယ်ခိုင်းလိုက်တဲ့ သိုးခေါင်းလေ" လို့ ပြောတယ်။ အဖေက-

"မျက်လုံးက ဘယ်မှာလဲကွ"

"ဒီသိုးက မျက်လုံးပောက်ပက် ကန်းနေတယ် အဖေ" လို့ အစားကြီးတဲ့ သားက ပြောတယ်။

"နားရွက်ရောကွ" ဆိုတော့ သားက-

"ဒီသိုးက နားလေးနေတယ် အဖေ" တဲ့။

"ဒါဖြင့်ရင် လျှာရောကွာ" ဆိုတော့-



"ဒီသိုးက ဆွံ့လည်း ဆွံ့နေတယ် အဖေ" လို့ ဖြေတယ်။

သူ့အဖေက ဒေါပွပြီး-

"ထားပါတော့ကွာ၊ သူ့ခေါင်းမှာ ဘာလို့ အရေပြားတောင် မရှိရတာလဲ" ဆိုတော့ သားက-

"အဖေ ဒီသိုးက ထိပ်လည်းပြောင်နေတယ် အဖေ"

လို့ ပြောတယ်။ ပြီးတော့ တစ်ဆက်တည်းပဲ သူ့အမေဆီက ကိတ်မုန့်တောင်းစားရအောင် မီးဖိုထဲကို ဝင်သွားတော့တယ်တဲ့။ တော်တော်လည်း အစားကြီးတဲ့ သူငယ်ပဲနော် ကလေးတို့။ သူ့လိုတော့ အတုမယူကြနဲ့ပေါ့ ကွယ်။

* ***The Ram's Head***

❑

ပုံပြင် ၄

## အိပ်မပျော်တဲ့ လှေသမား

တစ်ခါတုန်းက တောနက်ကြီးတစ်ခုမှာရှိတဲ့ ရေကန်ကြီးရဲ့ ဘေးမှာ စိတ်ထားမကောင်းတဲ့ လှေသမားတစ်ယောက် ရှိတယ်။ တစ်နေ့တော့ ရှုပ်နှောက်နှောက် ငါးတစ်ကောင်ဟာ အဲဒီလှေသမားရဲ့ 'အိပ်ခြင်း'ကို တိတ်တဆိတ် ခိုးသွားတယ်တဲ့။ အဲဒီအချိန်ကစပြီး လှေသမားဟာ နေ့စဉ်ရက်ဆက် တစ်ရေးကလေးမှတောင် အိပ်လို့မရတဲ့ဘဝ ရောက်နေတော့တယ်တဲ့။

တစ်ညတော့ ပျော်တတ်ရွှင်တတ်တဲ့ ခရီးသွားတစ်စုဟာ အဲဒီရေကန်ဘေးကို ရောက်လာပြီး စခန်းချ ရပ်နားနေကြတယ်။ သူတို့ အိပ်ပျော်နေကြတုန်း လှေသမားဟာ ရေထဲက လက်ထွက်လာပြီး ခရီးသည်တစ်ယောက်ရဲ့ ခြေထောက်ကိုဆွဲပြီး ရေထဲခေါ်သွားရင်း ဒီလို ပြောတယ်။

"ကဲ… မင်း ငါ့လက်ထဲရောက်နေပြီ၊ ငါ့ရဲ့ ပျောက်ဆုံးနေတဲ့ အိပ်ခြင်းကို ဘယ်မှာ ရှာရမလဲ ပြောပေတော့၊ မပြောနိုင်ရင် မင်းကို ကန်အောက်ခြေရောက်တဲ့အထိ ဆွဲခေါ်သွားမယ်"

ဒီစကားကြားတော့ ခရီးသွားဟာ ကြောက်ရွံ့ထိတ်လန့်သွားတယ်။ ဒါပေမဲ့ သူက ဉာဏ်ကိုသုံးပြီး–

"ခင်ဗျား ညည အိပ်မပျော်ဘူး၊ ဟုတ်လား" လို့ အံ့သြတဲ့လေသံနဲ့ မေးတယ်။ ပြီးတော့–

"ခင်ဗျားရဲ့ ခေါင်းအောက်မှာ ဘယ်လိုရေမျိုးကို ထားအိပ်လို့လဲ" လို့ မေးတယ်။ လှေသမားက–

"ဘယ်လို ရေ ဖြစ်ရမှာလဲ၊ စမ်းရေပေါ့" လို့ ဖြေတယ်။

ဒီတော့ ခရီးသွားက–

"ဟုတ်ပြီ၊ ခင်ဗျား အိပ်မပျော်တာ အဲဒါကြောင့်ပဲ။ တကယ်တော့ ခင်ဗျား အိပ်ရာလုပ်ရမှာက ရွှံ့ရေဗျ၊ စမ်းရေက မာကျောလွန်းအားကြီးတယ်" လို့ ပြောတယ်။

လှေသမားဟာ သူ့ကို ဒီလိုအကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အကြံပေးတဲ့အတိုင်း လုပ်ပါ့မယ်လို့ ပြောပြီး ခရီးသွားကို ပြန်လွှတ်ပေးလိုက်တယ်။ နောက်တစ်နေ့ညမှာတော့ ရွံ့ရေနဲ့ မွေ့ရာလုပ်အိပ်ပေမယ့် မထူးခြားဘူး။ အရင်ကလိုပဲ အိပ်မရဘူး။

ဒါကြောင့် နောက်နေ့မှာ သူဟာ ကန်ကို ဖြတ်ကူးသွားပြီး ခရီးသည်ကို ဖမ်းပြန်တယ်။ ဒေါသနဲ့-


"မင်းဟာ ငါ့ကို မဟုတ်တဲ့ အကြံဉာဏ်ပေးတာပဲ၊ မင်းကို ရေထဲ ဆွဲနှစ်မယ်" လို့ ခြိမ်းခြောက်ပြန်တယ်။ အဲဒီအခါ ကြောက်ရွံ့ဟန်မပြဘဲ ခရီးသွားက-

"ခင်ဗျားကို မနေ့က ကျွန်တော်ပြောဖို့ တစ်ခု မေ့သွားတယ်၊ ခင်ဗျားနဲ့အတူ ဖားတွေအားလုံးကို ခေါ်ထားရမယ် ဆိုတာပဲ၊ အဲဒီဖားတွေက ခင်ဗျားကို အိပ်ရာဝင် သီချင်းတွေဆိုပြီး ချော့သိပ်လိမ့်မယ်"

လို့ ပြောတယ်။ လှေသမားကို ခရီးသွားဟာ သူ့အလိုကျဖြစ်အောင် ဆွဲဆောင်နိုင်လိုက်တယ်။ ဒီလိုနဲ့ နောက်တစ်ကြိမ် အိပ်ရာဝင်ချိန်တန်တော့ လှေသမားဟာ ဖားတွေအားလုံးကို ခေါ်ထားလိုက်တယ်။ ဖားတွေရဲ့ အော်သံတွေဟာ လှေသမားအတွက်တော့ ပြည့်စုံတဲ့ ဂီတသံတွေ ဖြစ်နေတယ်။

အမှန်တော့ ဖားအော်သံဆိုတာ စိတ်ပျက်ငြီးငွေ့စရာ အသံတွေပဲ။ ဒါပေမဲ့ မိုးမခပင်တွေထဲက လှေသမားအဖို့ မျက်လုံးတွေ တဖြည်းဖြည်း လေးလံလာစေတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ သူဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့တယ်တဲ့။

အဲဒီအချိန်ကစပြီး လသာတဲ့ညတွေမှာ ရေကန်ဘေးကို ရောက်လို့ သင် နားထောင်ကြည့်ရင် အဲဒီလှေသမားရဲ့ ဟောက်သံကို သဲ့သဲ့ကြားရတတ်တယ်လို့ ပြောစမှတ်ပြုခဲ့ကြတာပဲကွယ်။



* *The Waterman Who Couldn't Sleep*

❑

ဧပြီ ၅

## ဓားပြလေးမောင်နံ့

ဟိုးတစ်ခါတုန်းက တောအုပ်တစ်ခုထဲက တောင်ကုန်းတစ်ကုန်းပေါ်မှာ ဓားပြကြီး တစ်ယောက် ရှိတယ်။ သူဟာ အိုမင်းမစွမ်း ရှိလာတော့ သူ့ရဲ့သား မောင်နံ့ကို ခေါ်ပြီး ဒီလို ပြောတယ်။

"ငါ့သား၊ ငါက မျက်စိလည်း မှုန်နေပြီ၊ မသန်မာတော့ဘူး။ ဒီတော့ မင်းဟာ ငါ့ရဲ့ပညာကို တစ်ဆင့်သင်ပြီး ငါ့ကို ပြန်လုပ်ကျွေးရမယ့်အချိန်ကို ရောက်ပြီ၊ မင်းခြေထောက်ပေါ် ရပ်တည်နိုင်အောင် ကြိုးစား"

သူ့သား မောင်နံ့ ဆိုတာက နာမည်နဲ့လိုက်အောင် နံ့အတဲ့နေရာမှာ နှစ်ယောက် မရှိတဲ့သူတဲ့။ ပြီးတော့ ပျင်းလည်း ပျင်းသေးတယ်။ ဒါပေမဲ့ အဖေသွန်သင်ချက်အတိုင်း ဓားပြထွက်တိုက်ဦးမှလို့ တွေးမိတယ်။

အဲဒီတော့ မောင်နံ့ ဘာလုပ်တယ် ထင်သလဲ။ သူ့ခေါင်းပေါ် ဆောင်းထားတဲ့ ငှက်မွေး ဦးထုပ်ကို မျက်လုံးအုပ်အောင် ရှေ့ကို ဆွဲချလိုက်ပြီး တောင်စောင်းအတိုင်း ကိုယ်ကို လှိမ့်ချ လိုက်တယ်။ လမ်းလျှောက်ရမှာ ပျင်းလို့တဲ့။ ဒီလိုနဲ့ တောင်ကြားလမ်းပေါ် ရောက်သွားတယ်။

အဲဒီအချိန်မှာ အဲဒီတောင်ကြားလမ်းထဲ ခြေသလုံးအိမ်တိုင်သမားတစ်ယောက် ဖြတ်လျှောက်လာတာနဲ့ ကြုံတယ်။ ခြေသလုံးအိမ်တိုင်သမားဆိုတာက ဆင်းဆင်းရဲရဲ စားရ သောက်ရမဲ့ လှည့်လည်သွားလာနေတဲ့ အခြေအနေမဲ့ ပျံကျတွေကို ခေါ်တာပေါ့ကွယ်။

အဲဒီခြေသလုံးအိမ်တိုင်က ဘယ်လောက် မွဲတေသလဲဆိုရင် သူ့ဝတ်ထားတဲ့အင်္ကျီ အဝတ်အစားတွေက အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေပြီ။ သူ့အင်္ကျီအိတ်တွေဆိုရင်လည်း အပေါက်တွေ ဗရပွနဲ့။ အဲဒီအပေါက်တွေကို လေတိုးလို့ တရှီးရှီးတောင် မြည်နေတယ်တဲ့။

အဲဒီလူကိုလည်းမြင်ရော မောင်နံ့ဟာ ဓားပြတိုက်ဖို့ သတိရသွားတယ်။ သူက သူ့အဖေ သင်လိုက်တဲ့အတိုင်း ဓားကိုထုတ်ပြီး အော်လိုက်တယ်။

"ဟေ့လူ အသက်ပေးမှာလား၊ ငွေပေးမှာလား"

ဒီစကားကြားရတော့ ခြေသလုံးအိမ်တိုင်သမားဟာ ပထမ အံ့သြသွားတယ်။ နောက်တော့ သူက အရပ်တကာ လှည့်လည်နေတဲ့ လူလည်ပီပီ-

"လေးစားထိုက်တဲ့ ဓားပြကြီးပါလား" ဆိုပြီး မောင်နံ့ကို ဦးညွှတ် အရိုအသေ ပေးလိုက်တယ်။ ပြီးတော့-

"ကျုပ်ဘဝမှာ ချမ်းသာသမျှက ဒီငွေတွေ အကုန်ပါပဲဗျာ၊ ဒီငွေတွေကို အမှီပြုနေရတာပါ၊ ဒါပေမဲ့ ခင်ဗျား လိုချင်တယ် ဆိုရင်တော့ ကျုပ်အိတ်တွေထဲက ပိုက်ဆံတွေအားလုံး ခင်ဗျားကို ပေးလိုက်ပါ့မယ်။ တစ်ခုတော့ ဂရုပြုရမယ်၊ ဒီပိုက်ဆံတွေက လေပိုက်ဆံတွေ။ ကျုပ်ကို လေဘုရင်ကြီးက ပေးထားတာတွေပဲ။ တကယ်လို့ ကျုပ်အိတ်ထဲက လေပိုက်ဆံတွေကို နှိုက်ယူပြီး ခင်ဗျားအိတ်ထဲထည့်မယ်ဆိုရင် အဲဒါတွေက လေထဲမှာ ပျံပြေးသွားလိမ့်မယ်။ ဒီတော့ အကောင်းဆုံးက ကျုပ်အင်္ကျီကို ခင်ဗျားအင်္ကျီနဲ့ လဲဝတ်တာပဲ။ အဲသလိုဆိုရင် လေပိုက်ဆံတွေကို ခင်ဗျား မဖိတ်မစဉ် ယူသွားနိုင်မယ်" လို့ ညာပြောတယ်။

မောင်နံ့ဆိုတာက တစ်သက်လုံး အဖေ့လုပ်စာ ထိုင်စားလာတဲ့သူ။ ဒီတော့ သူ့ဘဝမှာ ဒင်္ဂါးပြားလေး တစ်ပြားတောင် မြင်ဖူးတာ မဟုတ်ဘူး။ ဒီတော့ ခြေသလုံးအိမ်တိုင်ပြောတဲ့ စကားကို တကယ် ယုံသွားတယ်။ သူ့ရဲ့ အင်မတန်ကောင်းတဲ့ ဓားပြဝတ်ရုံအသစ်ကြီးကို ခြေသလုံးအိမ်တိုင်ရဲ့ အဝတ်စုတ်နဲ့ လဲဝတ်ပြီး သူ ပထမဆုံး ဓားပြတိုက်လို့ရတဲ့ လေပိုက်ဆံတွေကို ပြဖို့ အိမ်ကို ဝမ်းသာအားရ ပြန်သွားတော့တယ်တဲ့ကွယ်။



* *The Foolish Jacob Learnt to be a Robber*

❑

## ဧပြီ ၆

### မှော်ဖိနပ်နဲ့ ပေါက်စ

ဟိုးရှေးရှေးတုန်းက ကြာတော့ ကြာပြီပေါ့ကွယ်။ ဒီကနေသွားရင် တော်တော်ဝေးတဲ့နေရာမှာ မောင်ပေါက်စ ဆိုတဲ့ ကောင်လေးတစ်ကောင် နေတယ်တဲ့။ သူက ခပ်ညှက်ညှက် ခပ်သေးသေးပဲ။ ဒါပေမဲ့ သဘောကောင်းပြီး ဖော်ရွေတယ်တဲ့။ သူ့မှာ မိဘနှစ်ပါးလုံးလည်း မရှိတော့ဘူး။

တစ်နေ့တော့ ငါ ဒီလိုနေလို့ မတိုးတက်ဘူး၊ ကြီးပွားအောင် ခရီးသွားမှလို့ တွေးပြီး သူပိုင်တဲ့ မြင်းကလေးကိုစီးပြီး ကမ္ဘာကြီးထဲကို ထွက်လာခဲ့တယ်။ ဒီလိုနဲ့ သူဟာ အင်မတန်လှပတဲ့ မြို့လေးတစ်မြို့ကို ရောက်သွားတယ်။ အဲဒီမြို့မှာ အဘွားကြီးတစ်ယောက် ရှိတယ်။ သူက မြို့ပြင်မှာ အိမ်တစ်လုံးနဲ့ နေတယ်။ သူ့တစ်အိမ်လုံးလည်း ခွေးတွေ၊ ကြောင်တွေနဲ့ ပြည့်နေတာပဲတဲ့။

အဲဒီအဘွားကြီးက ပေါက်စကို သူ့အိမ်မှာ ခိုင်းစေဖို့အတွက် လက်ခံလိုက်တယ်။ ပေါက်စရဲ့ အလုပ်ကတော့ အဘွားကြီးရဲ့ ခွေးတွေ၊ ကြောင်တွေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ အလုပ်ပဲ။ ပေါက်စလည်း အဲဒီမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်နေတယ်။ ကြာလာတော့ ခွေးတွေ၊ ကြောင်တွေကလည်း သူ့ကို ချစ်ခင်လာတယ်။ သူနဲ့အခင်ဆုံးကတော့ ခြေထောက်မသန်တဲ့ ခွေးကလေး တစ်ကောင်တဲ့။

တစ်နေ့ အဘွားကြီး အိမ်မှာမရှိတုန်း အဲဒီခွေးကလေးက ပေါက်စကို အခန်းတစ်ခန်းကို ဦးဆောင်ခေါ်သွားတယ်။ အဲဒီအခန်းတစ်ခန်းလုံးမှာ ဖိနပ်တစ်ရန်နဲ့ တုတ်တစ်ချောင်းပဲ ရှိတယ်တဲ့။ ခွေးကလေးက လူအသံနဲ့ ပေါက်စကို ဒီလိုပြောတယ်။

"ဟောဒီတုတ်က မှော်တုတ်ပဲ။ ဘယ်နေရာက မြေကြီးကို တူးရင် ရွှေရနိုင်တယ်ဆိုတာ ပြနိုင်တယ်။ ဒီတုတ်က မြေကြီးကို သုံးချက်ခေါက်တဲ့နေရာ တူးရင် ရွှေရမယ်။ နှစ်ချက်ခေါက်တဲ့နေရာကို တူးရင် ငွေရမယ်"

ပေါက်စလည်း အဲဒီမှော်တုတ်ကို ယူလိုက်တာပေါ့။ ခွေးကလေးက-



"ဖိနပ်ကိုလည်း ယူဖို့ မမေ့နဲ့၊ အဲဒါလည်း မှော်ဖိနပ်ပဲ။ အဲဒီဖိနပ်ကိုစီး၊ ဖနောင့်နဲ့ သုံးကြိမ် လှည့်လိုက်ရင် စိတ်ထဲက သွားချင်တဲ့ နေရာကို ဖိနပ်က ရောက်အောင် ချက်ချင်း ပို့ပေးနိုင်တယ်"

လို့ ပြောတယ်။ ဒီလိုနဲ့ အဲဒီမှော်ဖိနပ်နဲ့ မှော်တုတ်ကို ယူ၊ သူ့မြင်းလေးကို စီးပြီး ပေါက်စလည်း အဲဒီမြို့လေးက ထွက်လာခဲ့တယ်။ သူ စမ်းသပ်ကြည့်တော့ ခွေးလေး ပြောခဲ့တာတွေဟာ အမှန်တွေဖြစ်နေတာ တွေ့ရတယ်။ သူဟာ မှော်တုတ်နဲ့ လမ်းမှာ ရွှေတွေ၊ ငွေတွေ ရှာပြီး နိုင်သလောက် သယ်လာခဲ့တယ်။ ဆင်းရဲတဲ့သူတွေ တွေ့ရင်လည်း ဝေပေးခဲ့တယ်။

တစ်နေ့တော့ ပေါက်စဟာ သူ့မြင်းကလေးကို ကြိုးဖြေလွှတ်လိုက်တယ်။ ပြီးတော့ မှော်ဖိနပ်ကိုစီး ဖနောင့်ပေါ်မှာ သုံးပတ်လှည့်ပြီး ဘုရင့်ရွှေနန်းတော်ကို ရောက်စေလို့ အမိန့်ပေးလိုက်တာနဲ့ ရွှေနန်းတော်ကြီးဆီ ရောက်သွားတော့တယ်တဲ့ကွယ်။

❑



ပြေ ၇

## မှော်ဖိနပ်နဲ့ပေါက်စ

သူ နန်းတော်ကြီးကို ရောက်သွားတဲ့အချိန်မှာ နန်းတော်ကြီးမှာ အလွန်ကြီးကျယ်တဲ့ အပြေးပြိုင်ပွဲကြီးတစ်ခု ကျင်းပဖို့ စီစဉ်နေတဲ့အချိန်နဲ့ တိုက်ဆိုင်နေတယ်။ အဲဒီပြိုင်ပွဲမှာ အနိုင်ရတဲ့ အမြန်ဆုံးလူကို ဘုရင်က ရွေးချယ်ပြီး သူ့ခြေမြန်တော် ခန့်မယ်ဆိုတော့ ကမ္ဘာအရပ်ရပ်က အတော်ဆုံးဆိုတဲ့ အပြေးသမားတွေ စုဝေးရောက်ရှိနေတာပေါ့ကွယ်။

ခြေမြန်တော်ဆိုတာက ဘုရင်လိုချင်တဲ့ သတင်းတွေကို တစ်နေရာက တစ်နေရာ ရောက်အောင် အမြန်ဆုံး ပြေးပို့ရတဲ့သူကို ခေါ်တာ။ ပေါက်စလေးလည်း ဒီရာထူးကို လိုချင်တော့ ဒီပြိုင်ပွဲကိုဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူ ဒီပြေးပွဲမှာ ဝင်ပြီး ပါပါရစေလို့ လျှောက်တော့ ပေါက်စရဲ့ ခန္ဓာကိုယ်ကိုကြည့်ပြီး ဘုရင်က ပထမတော့ ဟက်ဟက်ပက်ပက် ရယ်တယ်။ နောက်ဆုံး ပေါက်စလေးက တောင်းပန်လွန်းမက တောင်းပန်တော့မှပဲ သနားတာနဲ့ ခွင့်ပြုလိုက်တယ်။

ဒီလိုနဲ့ ပြိုင်ပွဲချိန်လည်း ရောက်ရော-

ပေါက်စလေးဟာ သူ့မှော်ဖိနပ်ကို စီး၊ ဖနောင့်ပေါ်မှာ သုံးကြိမ်လှည့်လိုက်တာ တစ်ခါတည်း ပန်းတိုင်ရောက်သွားရောတဲ့။ ကျန်တဲ့ ပြိုင်ဘက်တွေဟာ သူတို့ မျက်လုံးတောင် သူတို့ မယုံနိုင်အောင် ဖြစ်နေတယ်။ ပွဲ ဘယ်လိုပြီးသွားတယ် ဆိုတာတောင် မသိလိုက်ကြဘူး။ ဘုရင်ကတော့ ပေါက်စလေးကို သိပ်သဘောကျပြီး ချက်ချင်းပဲ ဘုရင့်ခြေမြန်တော် ရာထူး ခန့်လိုက်တယ်။

ပေါက်စလေးဟာ သူလိုချင်တဲ့နေရာရတော့ ပျော်နေတာပေါ့။ ဒါပေမဲ့ အဲဒီပျော်ရွှင်မှုဟာ သိပ်ကြာရှည်မခံပါဘူး။ ဖော်ရွေပြီး သဘောကောင်းတဲ့ ပေါက်စ ဆိုတဲ့ ကောင်ကလေးဟာ သူ့အလိုရှိတဲ့နေရာကို တူးရင် ရွှေတွေ၊ ငွေတွေ ရနိုင်တယ် ဆိုတဲ့ သတင်းဟာ ကျေးရွာက လူတွေ ပြောကြဆိုကြရင်း တစ်ယောက်စကား တစ်ယောက်နားနဲ့ သူနေတဲ့မြို့ကို



ရောက်လာတယ်။ အင်မတန် ရက်ရောတဲ့ စေတနာကောင်းတဲ့ သူ့အကြောင်းကို လူတွေက ပုံပြင်တစ်ပုဒ်လို ပြောနေကြတာကိုး။

သူကတော့ ဒီကိစ္စတွေကို မသိမကြားချင်ယောင်ဆောင်နေပါသေးတယ်။ ဒါပေမဲ့ သူ့ကိုမုန်းတဲ့ ပြိုင်ဘက်တွေက ဒီသတင်းကို ဘုရင့်နားပေါက်ကြားအောင် သွားလျှောက်ကြတယ်။ အဲဒါ



လည်း ဘုရင်က ကြားရော ပေါက်စကလေး ချမ်းသာသမျှဟာ ဘုရင့် ဘဏ္ဍာတိုက်ထဲက ခိုးလို့ရတာတွေပဲ ဖြစ်မယ်လို့ ယူဆပြီး ပေါက်စလေးကို ရာထူးက ဖြုတ် ထောင်ထဲ ထည့်ထားလိုက်တော့တယ်တဲ့ကွယ်။

ပြီ ၈

## မှော်ဖိနပ်နှင့် ပေါက်စ

သနားစရာကောင်းတဲ့ ပေါက်စလေးဟာ ဘုရင်ကို လူကောင်းတစ်ယောက်လို့ ယုံကြည်နေတယ်။ သူ လျှို့ဝှက်ထားတဲ့ မှော်တုတ်နဲ့ မှော်ဖိနပ်ကို ထုတ်ပြပြီး အကျိုးအကြောင်း ပြောလိုက်ရင် သူ့ကို အပြစ်လွှတ်လိမ့်မယ်လို့ ထင်တာကိုး။ ဒီတော့ အကြောင်းစုံ ဘုရင်ကို ပြောပြလိုက်တယ်။

ကောက်ကျစ်တဲ့ဘုရင်က သူထင်သလို သူ့ကို ထောင်ကလွှတ်ပြီး နန်းတော်ကတော့ နှင်ထုတ်လိုက်ပါရဲ့။ တစ်ဆက်တည်း တန်ဖိုးရှိတဲ့ သူ့ရဲ့မှော်ဖိနပ်နဲ့ မှော်တုတ်ကိုတော့ သိမ်းယူလိုက်တော့တယ်။ ပေါက်စလေးဟာ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထွက်လာခဲ့ရတော့တယ်။

ဒီလိုနဲ့ ကံဆိုးတဲ့ ပေါက်စလေးဟာ ခြေဦးတည့်ရာ လှည့်လည်သွားလာနေရင်း မှော်တောအုပ်ထဲကို ရောက်သွားတယ်။ အဲဒီမှာ အင်မတန်လှပတဲ့ သဖန်းပင်တွေဟာ ပြွတ်ခဲအောင် သီးနေကြတယ်။ ပေါက်စလေးဟာ ဆာကလည်းဆာ၊ တခြားလည်း စားစရာ မရှိတော့ အဲဒီ သဖန်းသီးတွေကို ခူးစားလိုက်တယ်ဆိုရင်ပဲ-

သူ့ရဲ့ နားရွက်တွေဟာ ကြီးလာ၊ သူ့နှာခေါင်းကလည်း ချွန်ရှည်လာတာ တွေ့ရတယ်။ ပေါက်စလေးဟာ ကြောက်လည်းကြောက်၊ ဝမ်းလည်းနည်းတော့ ငိုတောင်ငိုတယ်။ ဆိုးဝါးလှတဲ့ ကံကြမ္မာကိုပဲ အပြစ်တင်နေမိတယ်။ အဲဒီလို ငိုနေရင်းနဲ့ တခြား သီးနေတဲ့ သဖန်းပင်တစ်ပင်ကို သတိထားမိပြန်ရော။

ဒီတော့ သူလည်း အရဲစွန့်ပြီး စမ်းသပ်တဲ့အနေနဲ့ အဲဒီအပင်က အသီးတွေကို ခူးစားလိုက်တော့ သူ့နှာခေါင်းနဲ့ နားရွက်ဟာ မူလနဂိုအတိုင်း ပြန်ဖြစ်သွားတော့တယ်တဲ့။ ပေါက်စလေး ပျော်သွားတယ်။ သူ့အပေါ် ရက်စက်တဲ့ ဘုရင်ကို ပြန်ကလဲ့စားချေဖို့ အကြံတစ်ခုလည်း ရသွားတယ်။ ဒါကြောင့် သဖန်းသီးတွေ ခူးပြီး နန်းတော်ကို ပြန်လာခဲ့တယ်။

နန်းတော်ရောက်တော့ နန်းတော် စားဖိုချောင်ကို ဝင်ပြီး သူ ယူလာတဲ့ ပထမ သဖန်းသီး တွေကို ထားလိုက်တယ်။ ဘုရင်ကလည်း ညစာစားပြီးတော့ အဲဒီသဖန်းသီးတွေကို အချိုပွဲအဖြစ် စားတော့တာပေါ့။ စားလည်းပြီးရော ဘုရင်ရဲ့မျက်နှာက နှာခေါင်းနဲ့နားရွက်ဟာ သူ့ရဲ့ စီးတော်ဆင်လိုပဲ ရှည်ထွက်လာတော့တယ်တဲ့။

ဘုရင်လည်း ကြောက်ရွံ့ထိတ်လန့်သွားတယ်။ နန်းတော်တစ်ခုလုံးလည်း အုန်းအုန်း ကျွက်ကျွက် ဖြစ်နေတယ်။ အဲဒီအချိန်မှာ ဆေးကုတဲ့ သမားတော် အဝတ်အစားတွေ ဝတ်ပြီး ပေါက်စက ရောက်လာတယ်။ ဘုရင်ကြီးရဲ့ရောဂါကို သူပျောက်အောင် ကုနိုင်တယ်လို့ ပြောတယ်။ နန်းတော်ထဲက လူတစ်ယောက်ကို ပထမ သဖန်းသီးကျွေးပြီး နားရွက်တွေ၊ နှာခေါင်းတွေ ရှည်ထွက်လာနေတယ်။ ဒုတိယ သဖန်းသီးကို ကျွေးလိုက်တော့ မူလအတိုင်း ပြန်ဖြစ်သွားတယ်။

ဘုရင်က ယုံကြည်ပြီး သူ့ကို မြန်မြန်ကုပါတော့လို့ ပြောတယ်။ ပေါက်စက-

"ဘုရင်ကြီးရဲ့ရောဂါကို ကျုပ် ပျောက်အောင် ကုပေးမယ်။ ဒါပေမဲ့ ကုသခအဖြစ် ဘုရင့်ဘဏ္ဍာတိုက်ထဲက ကျုပ်ကြိုက်တဲ့ပစ္စည်းကို ယူဆောင်ခွင့်ပေးရမယ်"

လို့ တောင်းဆိုတယ်။ ဘုရင်လည်း သဘောတူပြီး ပေါက်စကို သူ့ရတနာတွေထားတဲ့ ဘဏ္ဍာတိုက်ထဲကို ခေါ်သွားရတယ်။ ဘဏ္ဍာတိုက်ထဲရောက်တော့ ပေါက်စဟာ သူ့မှော်တုတ်ကို ယူပြီး မှော်ဖိနပ်ကို အမြန်စီးလိုက်တယ်။

"သင်ဟာ ယုတ်မာတဲ့ဘုရင် ဖြစ်တယ်၊ ဒါကြောင့် သင်နဲ့ထိုက်တဲ့ ရတနာတွေအဖြစ် နားရွက်ကြီးနဲ့ နှာခေါင်းရှည်ကြီးကို တစ်သက်လုံး သိမ်းထားပေတော့၊ အင်း… တကယ် ကြီးကျယ်တဲ့ ဘုရင်မင်းမြတ်ပဲ"

လို့ ပြောပြီး သူ့ဖနောင့်ပေါ်မှာ သုံးကြိမ်လှည့်လိုက်တာ အဲဒီနေရာကနေ ပျောက်ကွယ်သွားသတဲ့ကွယ်။ ပေါက်စလေး ဘယ်ရောက်သွားတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ သူ့ရဲ့ သစ္စာရှိတဲ့ မြင်းကလေးကတော့ သူ့ကို ကမ္ဘာမြေတစ်နေရာက အခု တိုင် စောင့်စားနေရှာ သတဲ့ကွယ်။

** Little Pip*



❑

ဧပြီ ၄

## ပြာလွှားမလေး

ဟိုးတစ်ခါတုန်းက ချမ်းသာတဲ့ ကုန်သည်ကြီးတစ်ယောက် ရှိတယ်။ သူ့ဆီမှာ စိတ်သဘောထားကောင်းတဲ့ ဇနီးနဲ့ လှပယဉ်ကျေးတဲ့ သမီးလေး တစ်ယောက်လည်း ရှိတယ်တဲ့။ ဒါပေမဲ့ ကံဆိုးလှစွာပဲ သူတို့မိသားစု ပျော်ပျော်ရွှင်ရွှင်နေနေကြတုန်း သူ့ဇနီးဟာ ရုတ်တရက် သေဆုံးသွားရှာတယ်။

သူ့သမီးလေးဟာ သူ့အမေရဲ့မြေပုံကို သွားပြီး နေ့စဉ် နေ့တိုင်း ငိုကြွေးနေတယ်တဲ့။ ဘယ်လိုငိုငို သူ့မျက်ရည်တွေက ကုန်ခန်းမသွားသလို သူ့ရင်ထဲက အလွမ်းတွေလည်း ကုန်ခန်းမသွားဘူးတဲ့။ သူ့အဖေကလည်း သမီးလေးကိုကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်လာတယ်။

သူ့သမီးလေးဟာ မိခင်ရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ကင်းဝေးနေရှာတယ်။ တကယ်လို့ အမေအစားရရင်တော့ သူ့အမေအပေါ် တမ်းတလွမ်းဆွတ်နေတဲ့ စိတ်တွေ ပြေပျောက်သွားမှာပဲလို့ တွေးမိပြီး နောက်အိမ်ထောင်ပြုလိုက်တယ်တဲ့ကွယ်။

အဲဒီနောက်အိမ်ထောင်ကလည်း သမီးနှစ်ယောက် ပါလာတယ်။ အဲဒီ သမီးနှစ်ယောက်ဟာ လှတော့လှကြပါရဲ့။ ကြည့်လိုက်ရင် နှင်းဆီပန်းဖူးလေးတွေလိုပဲ။ ဒါပေမဲ့ သူတို့ရဲ့ အသည်းနှလုံးထဲမှာတော့ အင်မတန် အကျည်းတန်တဲ့ မနာလိုစိတ်တွေ၊ မုန်းတီးမှုတွေနဲ့ ပြည့်လျှံနေတယ်တဲ့။

သူ့မိထွေးနဲ့ သမီးနှစ်ယောက်ဟာ သူတို့အိမ်ကို ပြောင်းလာလာချင်း သမီး နှစ်ယောက်က သူတို့ရဲ့ ညီမလေး အသစ်ကလေးကို သေသေချာချာ လှည့်ပတ်ကြည့်ရင်း-

"အမယ်လေး၊ ဒီကောင်မလေး ကြည့်ရတာ မာနကြီးတဲ့ မင်းသမီးလေးတစ်ပါး အတိုင်းပဲ၊ အဝတ်အစားတွေကလည်း ကြည့်စမ်းပါဦး၊ ကောင်းလိုက်တာ လွန်ရော"

အဲသလိုပြောပြီး သူတို့ဟာ ကောင်မလေးဝတ်ထားတဲ့ လှပတဲ့ အဝတ်အစားတွေကို ချွတ်ခိုင်းပြီး အဝတ် အဟောင်းအစုတ်အပြတ်တွေကို အတင်းဝတ်ခိုင်းတယ်။ ပြီးတော့ စီးဖို့ ဆိုပြီး သစ်သားဖိနပ်အဟောင်းကြီး တစ်ရန်ကို ပေးတယ်။ ပြီးတော့ ပြောကြသေးတယ်။



"နင် ဒီအိမ်မှာ အလကားမနေရဘူး၊ ခုအချိန်ကစပြီး နင်စားတဲ့ ပေါင်မုန့်နဲ့တန်အောင် အိမ်က အလုပ်တွေ လုပ်ရမယ်"

သူတို့တွေဟာ ကောင်မလေးကို နောက်ဖေးက မီးဖိုချောင်ထဲမှာ တံခါးပိတ်လှောင်ထားပြီး မနှစ်မြို့စရာကောင်းတဲ့ အလုပ်ကြမ်းမှန်သမျှကို ခိုင်းတော့တယ်တဲ့။ အဲသလောက် ခိုင်းတာတောင် သူတို့ အားမရဘူး။ သူတို့ဟာ ပဲစေ့တွေနဲ့ သစ်စေ့တွေကို ပြာပုံထဲ သွန်ချပြီး ကောင်မလေးကို တစ်ခုမှ မကျန်ရအောင် တစ်လုံးချင်း ရွေးကောက်စေတယ်တဲ့။

နေ့စဉ်နဲ့အမျှ အလုပ်ကြမ်းတွေ လုပ်လို့ပြီးတော့လည်း ငြိမ်းငြိမ်းချမ်းချမ်း အနားမယူရရှာဘူး။ မီးဖိုတွေဘေးက ပြာပုံတွေထဲမှာ အိပ်ခိုင်းတယ်။ ဒီတော့ သနားစရာကောင်းတဲ့ ကောင်မလေးဟာ အမြဲတမ်း ပြာတွေနဲ့ပေလူးပြီး ညစ်ပတ်နေတာပေါ့လေ။ ဒါကြောင့် အဲဒီ ကောင်မလေးကို သူတို့တွေက "ပြာလူးမလေး" လို့ ခေါ်ကြတယ်တဲ့ကွယ်။

❑

## ဧပြီ ၁၀

### ပြာလူးမလေး

သနားစရာကောင်းတဲ့ ပြာလူးမလေးဟာ အဲဒီအဖြစ်တွေကို သူ့အဖေကိုလည်း ပြန်မပြောရဲဘူး။ သူ့အဖေ ကွယ်ရာမှာ သူ့ကို မိထွေးနဲ့ သူ့သမီးတွေက ရန်ပြုမှာ ကြောက်တာကိုး။ သူ့အဖေကလည်း ရိုးအတော့ ပြာလူးမလေး နှိပ်စက်ခံနေရတာကို မရိပ်မိဘူး။

တစ်နေ့တော့ သူ့အဖေဟာ မြို့ကိုသွားဖို့ကိစ္စ ပေါ်လာတယ်။ ဒီတော့ သူ့သမီးသုံးယောက်လုံးကို ခေါ်ပြီး သူ အပြန်ကျရင် ဘယ်လိုလက်ဆောင် ဝယ်လာခဲ့ရမလဲလို့ မေးတယ်။ မယားပါ သမီးနှစ်ယောက်က လက်ကောက်တွေ၊ ဆွဲကြိုးတွေ ရတနာပစ္စည်းတွေ ဝယ်လာခဲ့ဖို့ မှာတာပေါ့လေ။ အငယ်ဆုံး ပြာလူးမလေးကတော့-

"အဖေ အိမ်ပြန်လာရင် အဖေ့ဦးထုပ်နဲ့ ပထမဆုံး တိုက်မိတဲ့ သစ်ခက်သစ်ညွှန့်လေးသာ ကျွန်မအတွက် လက်ဆောင်ယူလာပါ"

လို့ မှာလိုက်တယ်။ သူ့အဖေကလည်း သူ့သမီး မှာလိုက်တဲ့အတိုင်း သူ့ခေါင်းနဲ့ တိုက်မိတဲ့ သစ်အယ်ပင် အကိုင်းလေးတစ်ကိုင်းကို ပြာလူးမလေးအတွက် ယူလာခဲ့တယ်။

ပြာလူးမလေးဟာ အဲဒီသစ်အယ်ကိုင်းလေးကို ယူသွားပြီး သူ့အမေရဲ့ သင်္ချိုင်းမြေပုံပေါ်မှာ စိုက်တယ်။ သစ်ပင်ကို လောင်းဖို့ရေကတော့ သူ့မျက်ရည်တွေကို သုံးလိုက်တာပေါ့ကွယ်။ အဲဒီမှာ ထူးထူးဆန်းဆန်း ဖြစ်လာတယ်တဲ့ကွယ်။

မျက်စိတစ်မှိတ်အချိန်ကလေးအတွင်းမှာပဲ အဲဒီသစ်အယ်ပင် အညွှန့်ခက်ကလေးဟာ ချုံပုတ်တစ်ခုအဖြစ် ကြီးထွားသွားတယ်။ အဲဒီချုံပေါ်မှာ အဖြူရောင် ငှက်ကလေးတစ်ကောင်က လာနားပြီး-

"ကဲ… ပြာလူးမလေး၊ မင်း ဘာလိုချင်သလဲ ပြော၊ ငါက မင်း လိုချင်တာအားလုံး ပြည့်စုံအောင် ဖန်ဆင်းပေးနိုင်တယ်" လို့ ပြောတယ်။

ဒါပေမဲ့ ရိုးသားတဲ့ ပြာလူးမလေးက ဘာမှ မလိုချင်ဘူးတဲ့။ သူက သူ့အမေကိုသာ လွမ်းဆွတ်နေတာကိုး။

တစ်နေ့တော့ သူ သင်္ချိုင်းကပြန်အလာ အိမ်ကိုရောက်တော့ သူ့မိထွေးနဲ့ ကောက်ကျစ်တဲ့ သူ့အစ်မနှစ်ယောက်ဟာ အစွမ်းကုန် ဖြီးလိမ်းပြင်ဆင်နေတာ တွေ့ရတယ်။ မေးကြည့်တော့-

သူတို့ဟာ နန်းတော်ကြီးက ကပွဲသဘင်ကို သွားမလို့လို့ ပြောတယ်။ အဲဒီပွဲသဘင်က သုံးရက်တောင်ကြာအောင် ကျင်းပမှာတဲ့။ မင်းသားလေးဟာ သူ့အတွက် သတို့သမီးလောင်းကို အဲဒီကပွဲသဘင်ကို တက်လာတဲ့ အပျိုတွေထဲက ကြည့်ပြီး ရွေးချယ်မှာလို့ ပြောတယ်။

ပြာလူးမလေးက သူ့ကိုလည်း အဲဒီပွဲကိုခေါ်သွားဖို့ တောင်းပန်တယ်။ သူ့မိထွေးက ပြာလူးမလေးကို ကြည့်ပြီး ရယ်တယ်။ သူက သစ်စေ့တောင်းတစ်တောင်းကို ပြာပုံထဲ သွန်ချပြီး-

"ကဲ… တစ်နာရီအတွင်း ဒီသစ်စေ့တွေကို ပြာပုံထဲက တစ်စေ့မကျန် ပြန်ကောက်နိုင်ရင် ညည်းကို ခေါ်သွားမယ်" လို့ ပြောတယ်။



ပြာလူးမလေးဟာ ပန်းခြံထဲ ပြေးထွက်လာပြီး ငှက်ကလေးတွေကို သူ့ကို ကူညီကြဖို့ တောင်းပန်တယ်။ ငှက်ကလေးတွေက လာပြီး သစ်စေ့လေးတွေကို ဝိုင်းကောက်ပေးလိုက်ကြတာ ခဏလေးနဲ့ သစ်စေ့တွေအားလုံးဟာ တောင်းထဲ ပြန်ရောက်သွားတယ်။ ဒါပေမဲ့ သူ့မိထွေးကတော့ သူ့ကို လိုက်ခွင့်မပေးပါဘူး။

"နင် ဒီနေရာကနေပြီး ဘယ်ကိုမှ မသွားရဘူး၊ နင်လိုက်လာပြီး တို့ကို အရှက်ခွဲဦးမလို့လား၊ နင့်ရုပ်ကိုလည်း ပြန်ကြည့်ပါဦး၊ သူတောင်းစားပုံပေါက်နေတာ" လို့ ပြောပြီး သူတို့ချည်း နန်းတော်ကို ထွက်သွားကြတယ်တဲ့ကွယ်။

❑

ပြေ ၁၁

## ပြာလူးမလေး

အိမ်မှာ တစ်ကိုယ်တည်းကျန်ခဲ့တဲ့ ပြာလူးမလေးဟာ ဝမ်းနည်းပန်းနည်းနဲ့ သူ့အမေရဲ့ မြေပုံရှိရာကို ပြေးသွားပြီး ငိုရှာတယ်။ သစ်အယ်ပင် ချုံနွယ်လေးကို ကိုင်ပြီး-

"ကျွန်မနဲ့ မင်းသားလေး တွေ့ရအောင် ဖန်တီးပေးပါ၊ ချစ်လှစွာသော သစ်အယ်ပင်လေးရယ်" လို့ တိုင်တည်ပြောလိုက်တယ်။

အဲသလိုပြောရင်ပဲ သစ်အယ်ပင်ချုံပုတ်လေးဟာ တစ်ချက် လှုပ်ရှားသွားပြီး ငှက်ဖြူကလေး ပေါ်လာတယ်။ ငှက်ဖြူလေးဟာ သူ့တန်ခိုးနဲ့ ပြာလူးမလေး ဝတ်ထားတဲ့ ဂါဝန်အစုတ်ကို ရွှေမျှင်ငွေမျှင်တွေနဲ့ ရက်လုပ်ထားတဲ့ အင်မတန်လှတဲ့ ဂါဝန်လေး ဖြစ်အောင် လုပ်ပေးလိုက်တယ်။ ပြီးတော့ ကတ္တီပါဖိနပ်လှလှလေးတစ်ရန်လည်း ဖန်ဆင်းပေးလိုက်တယ်။

ဒီဝတ်စုံနဲ့ဆိုရင် နန်းတော်မှာ ကျင်းပနေတဲ့ ကပွဲသဘင်ကို သွားဖို့ လုံလောက်ပါပြီ။ ဒီလိုနဲ့ နန်းတော်ကို ပြာလူးမလေး ရောက်သွားတော့တယ်။ ခန်းမဆောင်ထဲက လူတွေအားလုံးဟာ ပြာလူးမလေးကိုပဲ မျက်တောင်မခတ် စိုက်ကြည့်နေကြတယ်။ ပြာလူးမလေးရဲ့ အလှကို အံ့သြချီးမွမ်းကုန်ကြတယ်။

သူ့မိထွေးနဲ့ အစ်မနှစ်ယောက်ဟာလည်း သူတို့မျက်လုံးတွေကို မယုံနိုင်အောင် ဖြစ်နေတယ်။ ဒီလောက်လှတဲ့၊ ကျက်သရေရှိတဲ့ မင်းသမီးလေးဟာ သနားစရာကောင်းတဲ့ သူတို့ညီမ ပြာလူးမလေးလို့ သူတို့လည်း ဘယ်တွေးမိမလဲ။ မင်းသားလေးကလည်း ပြာလူးမလေးကို သူနဲ့ တွဲကဖို့ ရွေးလိုက်တယ်။

မင်းသားလေးဟာ တစ်ညလုံး ပြာလူးမလေးကလွဲလို့ ဘယ်သူနဲ့မှ တွဲမကတော့ဘူးတဲ့။ ဒါပေမဲ့ ညသန်းခေါင်ရောက်တဲ့အခါမှာတော့ ပြာလူးမလေးဟာ ကနေရင်းက မင်းသားလေးရဲ့ လက်မောင်းထဲက အတင်းရုန်းထွက်ပြီး အိမ်ကို ပြန်ပြေးတော့တယ်တဲ့။

မင်းသားလေးဟာ နောက်က အတင်းပြေးလိုက်ပေမယ့် ပြာလူးမလေးက ပျံလွှားငှက်တစ်ကောင် ပျံသလောက် မြန်အောင် ပြေးတာမို့ လိုက်လို့မမီဘူးတဲ့။ အိမ်ရောက်တော့



ပြာလူးမလေးဟာ ခြံထဲက ခိုအိမ်ကလေးထဲ ဝင်ပုန်းနေလိုက်တယ်။ မင်းသားလေးလည်း အိမ်ကို ရောက်လာပြီး တွေ့ရတဲ့ ပြာလူးမလေးရဲ့ အဖေကို မေးတယ်။

"ဒီခိုအိမ်ထဲမှာ အင်မတန်လှပတဲ့ မင်းသမီးလေးတစ်ပါးများ ပုန်းနေသလား" လို့။

အင်း… အဲဒါပြာလူးမလေးပဲ ဖြစ်လိမ့်မယ်လို့ သူ့အဖေက ကိုယ့်ဟာကိုယ် တွေးလိုက်မိတယ်။

မင်းသားလေးဟာ ပုဆိန်တစ်လက်ကို ယူပြီး ခိုအိမ်ကို ဖျက်ရှာပေမယ့် ပြာလူးမလေးကိုတော့ မတွေ့ရတော့ဘူးတဲ့။ ဘယ်တွေ့ရပါ့မလဲ။ အဲဒီအချိန်မှာ ပြာလူးမလေးဟာ မီးဖိုချောင်ထဲက ပြာပုံထဲရောက်ပြီး မောမောနဲ့ အိပ်ပျော်နေပြီကိုး။ အိပ်မက်မက်ပြီး ပြုံးတောင်နေလိုက်သေးတယ်တဲ့။ မင်းသားလေးကတော့ သူ့နန်းတော်ကို စိတ်ပျက်လက်ပျက်နဲ့ ပြန်သွားရရှာတယ်တဲ့ကွယ်။

❑

ပြီ ၁၂

## ပြာလူးမလေး

နောက်နေ့ကျတော့လည်း သစ်အယ်ပင် ချုံကလေးက ပြာလူးမလေးကို အင်မတန် အဖိုးထိုက်ပြီး လှပတဲ့ ဂါဝန်လေးတစ်ထည်နဲ့ ငွေဖိနပ်ကလေးကို ဖန်ဆင်းပေးလိုက်ပြန်တယ်။ ပြာလူးမလေးဟာ မင်းသားလေးနဲ့ တွေ့ပြီး ကပွဲခန်းမဆောင်ထဲမှာ မနေ့ကလိုပဲ ကနေလိုက်တာ တစ်ညလုံးပဲတဲ့။

ဒါပေမဲ့ သန်းခေါင်လည်းတိုင်ရော မင်းသားလေးကို ထားပြီး ထွက်ပြေးခဲ့ရပြန်ရော တဲ့။ ဒီတစ်ခါတော့ ပြာလူးမလေးဟာ သစ်တော်သီးပင်ထိပ်ဖျားမှာ တက်ပုန်းနေလိုက်တယ်။ မင်းသားလေးက အပင်ပေါ်တက်လိုက်လာတော့ အပင်ပေါ်က ခုန်ချပြီး မီးသွေးပုံတွေ ကြားထဲမှာ ပုန်းနေလိုက်တယ်။ မင်းသားလေးလည်း ရှာလို့မတွေ့တော့ လက်လျှော့ ပြန်သွား ရတာပေါ့ကွယ်။ ဒီလိုနဲ့ တတိယညလို့ ပြောရမယ့် နောက်ဆုံး ညကို ရောက်ရှိလာတယ်တဲ့။

ဒီနေ့ညမှာတော့ ခါတိုင်းညလို အလွတ်မခံချင်တာနဲ့ မင်းသားလေးဟာ သွန်းတော် လှေကားထစ်တွေပေါ်မှာ ကော်စေးတွေ လောင်းခိုင်းထားတယ်။ ပြာလူးမလေးဟာ ဒီတစ်ည တော့ ရွှေဖိနပ်ကလေးနဲ့ ရောက်လာတယ်။

ထုံးစံအတိုင်းပဲ မင်းသားလေးနဲ့ တစ်ညလုံးတွဲကပြီး သန်းခေါင်တိုင်တော့ ထွက်ပြေး တယ်။ ဒါပေမဲ့ မင်းသားလေး ကြိုတင်စီမံထားတဲ့အတိုင်း လှေကားထစ်က ကော်တွေနဲ့ ဖိနပ်ကလေးက ကပ်နေတော့ ပြေးရခက်နေတာပေါ့။ နောက်ဆုံးတော့ ပြာလူးမလေးဟာ ရွှေဖိနပ်ကလေးတွေ ချွတ်ထားခဲ့ပြီး ဒီအတိုင်း ခြေဗလါးသက်သက်နဲ့ ပြန်ပြေးသွားတယ်။

ရွှေဖိနပ်ကလေးကို ကောက်ယူပြီး နောက်က လိုက်လာတဲ့ မင်းသားလေးဟာ ပြာလူးမလေးတို့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတယ်။ သူက အဲဒီအိမ်ထဲမှာ ယုတ်မာတဲ့ ပြာလူးမလေးရဲ့ အစ်မနှစ်ယောက်ကိုပဲ တွေ့တယ်။ မင်းသားလေးဟာ-

"ဟောဒီ ဖိနပ်နဲ့တော်တဲ့သူကို ငါ မိဖုရားမြှောက် လက်ထပ်ယူမယ်"



လို့ ပြောတော့ အဲဒီမိန်းကလေးနှစ်ယောက်ဟာ ဖိနပ်ကလေးကို အတင်းကြိုးစားပြီး စီးကြတယ်။ ဒါပေမဲ့ သူတို့ခြေထောက်တွေဟာ ကြီးပြီး ဘယ်လိုမှ မတော်ဘူးတဲ့။ နောက်ဆုံးတော့ သူတို့အမေ အကြံပေးတဲ့အတိုင်း အငယ်မက ဖိနပ်နဲ့တန်အောင် သူ့ခြေချောင်းလေး တစ်ချောင်းကို ဖြတ်ပြီး စီးပြလိုက်တယ်။ မင်းသားလေးကလည်း သူ့ကတိအတိုင်း အငယ်မကိုပဲ မိဖုရားမြောက်ဖို့ နန်းတော်ကို ခေါ်သွားဖို့ ကြံတာပေါ့။ အဲဒီအချိန်မှာ ငှက်ဖြူလေး ရောက်လာပြီး ဒီလို သီချင်းဆိုတယ်တဲ့။

"သတို့သမီးခများ
ခြေချောင်းလေးတစ်ချောင်း မပါ
ရွှေဖိနပ်နဲ့တော်အောင်
သူ့ဘာသာသူ ဖြတ်ခဲ့တာ"

ဒီသီချင်း ကြားတော့ မင်းသားလေးဟာ ဖိနပ်ချွတ်ကြည့်တယ်။ ခြေချောင်းလေးတွေ တစ်ဖက်တစ်ချောင်းစီ ပြတ်နေတာ တွေ့တော့ ဒေါသနဲ့ နှင်ပစ်လိုက်တယ်။

ကျန်တဲ့ အကြီးမကလည်း သူ့အမေ အကြံပေးတဲ့အတိုင်း ဖိနပ်နဲ့တော်အောင် ဖနောင့်ကို ဓားနဲ့လှီးပြီး ဝတ်ပြပါလေရော။ ရွှေဖိနပ်နဲ့ တော်နေတော့ မင်းသားလေးကလည်း သူ့ကိုပဲ နန်းတော်ခေါ်သွားဖို့ စီစဉ်တာပေါ့။ အဲဒီအချိန်မှာ ငှက်ဖြူလေး ရောက်လာပြီး သီချင်းဆိုပြန်တယ်။

"သတို့သမီးခများ
ဖနောင့်ကလေး တိုနေရှာ
ရွှေဖိနပ်နဲ့တော်အောင် သူ့ဘာသာသူ ဖြတ်ခဲ့တာ"



ဒီသီချင်းကြားတော့ မင်းသားလေးဟာ စစ်ဆေးကြည့်ပြီး စိတ်ဆိုးမာန်ဆိုး နှင်ထုတ်လိုက်ပြန်တယ်။ အဲဒီအချိန်မှာ ပြာလူးမလေးက ပေါ်လာတယ်။ ဒီဖိနပ်ကလေး သူ့ကို စီးခွင့်ပေးဖို့ ခွင့်တောင်းတယ်။ စီးလိုက်တော့ ဖိနပ်လှလှလေးဟာ သူ့ခြေထောက်လှလှလေးနဲ့ အနေတော် ဖြစ်နေတာ တွေ့ရတယ်။ မင်းသားလေးကလည်း သုံးညလုံး သူနဲ့တွဲကခဲ့တဲ့ အဖော် ဒီပြာလူးမလေးမှန်း သိသွားတယ်။ ဒါကြောင့် လက်ထပ်ယူဖို့ နန်းတော်ကို ခေါ်သွားပါလေရောတဲ့။

* *Cinderella*

□

## မေ ၁၃

### မှော်ချားရဟတ်

သိပ်မကြာသေးတဲ့အချိန်တုန်းကပေါ့ကွယ်။ ကောင်လေးတစ်ယောက် ရှိတယ်တဲ့။ အဲ့ဒီကောင်လေးမှာ ကြောင်လေးတစ်ကောင်လည်း ရှိတယ်။ ကောင်လေးဟာ အဲ့ဒီကြောင်လေးကို ဘယ်လောက်ချစ်သလဲဆိုရင် အဲဒီကြောင်လေးလောက် သူချစ်တာ ကမ္ဘာပေါ်မှာ ဘာမှ မရှိဘူးတဲ့။

တစ်နေ့တော့ အဲဒီကြောင်လေးဟာ ခါတိုင်းလိုပဲ လှည့်လည်သွားလာနေရာကနေ အချိန်တန်ပေမယ့် အိမ်ပြန်မလာတော့ဘူးတဲ့။ ကောင်လေးဟာ ကြောင်လေး သွားတတ်တဲ့ နေရာတွေကို လိုက်ရှာပေမယ့်လည်း ဘယ်မှာမှ မတွေ့ဘူးတဲ့။ ဒီတော့ ကောင်လေး အသည်းကွဲရတော့တာပေါ့ကွယ်။ သူ့ကြောင်လေးကိုပဲ နေ့စဉ်နဲ့အမျှ လွမ်းနေတော့တယ်တဲ့။

တစ်နေ့တော့ သူတို့ရွာကို ချားရဟတ်လှည့်တဲ့ လူကြီးတစ်ယောက် ရောက်လာတယ်။ ကလေးတို့စီးဖူးတဲ့ ပွဲဈေးက ချားလိုပါပဲ။ ကလေးတွေက မြင်းရုပ်ကလေးတွေပေါ် တက်စီး၊ ချားကြီးက လည်တော့ ကလေးတွေလည်း တစ်ပတ်ပြီး တစ်ပတ်လည်၊ ပျော်စရာကြီးပေါ့ကွယ်။ ဒါပေမဲ့ ဒီချားရဟတ်ကတော့ ရိုးရိုးမဟုတ်ဘူး။ နည်းနည်းထူးတယ်။

ချားပိုင်ရှင်ကြီးက ဒီလိုအော်တယ်။

"လာဟေ့၊ ငါ့ချားကို လာစီးကြ၊ ငါ့ချားရဟတ်က မှော်ချားရဟတ်၊ စီးတဲ့လူကို သူ သွားချင်တဲ့နေရာ ပို့ပေးနိုင်တယ်ဟေ့"

ကလေးတွေက အလုအယက် ချားထဲက မြင်းရုပ်တွေပေါ် တက်စီးကြတာပေါ့။ ကြောင်လေးကို လွမ်းနေတဲ့ ကောင်လေးလည်း မြင်းရုပ်တစ်ကောင်ပေါ်ကို ရောက်သွားတယ်။ ချားစီးမယ့်ကလေးတွေကလည်း ဆန္ဒအမျိုးမျိုး ရှိကြတာပေါ့ကွယ်။

တချို့က တိရစ္ဆာန်ရုံကို အရောက်သွားချင်တယ်။

တချို့က ပန်းခြံကို အရောက်သွားချင်တယ်။

တချို့က အမေရိကားကို အရောက်သွားချင်တယ်။

အမယ် တချို့က လပေါ်တောင် အရောက်သွားချင်တယ်တဲ့။

ကောင်ကလေးကတော့ ပျောက်ဆုံးနေတဲ့ သူ့ကြောင်လေးရှိတဲ့ နေရာကိုပဲ သွားချင်တယ်လို့ စိတ်ထဲက တမ်းတလိုက်တယ်။

ချားရဟတ်ကြီး စလည်တယ်ဆိုရင်ပဲ သူစီးနေတဲ့ သစ်သားမြင်းရုပ်ကြီးက သူ့ကို တစ်နေရာကို ခေါ်သွားတော့တယ်။ သူတစ်ခါမှ မရောက်ဖူးတဲ့ ထူးထူးဆန်းဆန်းနေရာတဲ့။ အဲဒီမှာ လူတွေလည်း အများကြီး၊ တိရစ္ဆာန်တွေလည်း အများကြီးတဲ့။ ဒါပေမဲ့ သူတို့ အားလုံးကို ကြည့်ရတာက အရိပ်တွေကို မြင်နေရသလိုပဲတဲ့။

ရုတ်တရက် သူ့ဘေးနားကို သူ့ကြောင်ကလေး ရောက်လာလို့။

"ငါ ဘယ်ရောက်နေတာလဲ" လို့ ကောင်လေးက တအံ့တဩ မေးလိုက်တယ်။

ကြောင်လေးက-

"သတိရခြင်းတိုင်းပြည်ကို ရောက်နေတာ" လို့ ပြန်ပြောတယ်။ သူက လူလိုပဲ စကားပြောတာ။ ပြီးတော့-

"ကမ္ဘာပေါ်က ဝမ်းပန်းတနည်း ခွဲခွာကွဲကွာခဲ့ကြတဲ့ အရာတွေ အားလုံးဟာ ဒီနေရာကို ရောက်လာကြတာပဲ။ သူတို့ဟာ သူတို့ကို တစ်ယောက်ယောက်က သတိရ အမှတ်ရနေသရွေ့သာ ဒီနေရာမှာ အသက်ရှင်နေထိုင်ကြရတယ်" လို့ ဆက်ပြောသေးတယ်။

ကောင်လေးက ကြောင်လေးကို သူနဲ့အတူ အိမ်ကိုပြန်လိုက်ခဲ့ဖို့ ခေါ်တယ်။

ကြောင်ကလေးက-

"ဒီကိုရောက်နေပြီးရင် အဲဒီလို ပြန်လိုက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်။ သခင်ကသာ မအိပ်ခင် ကျွန်တော့်နာမည်ကိုခေါ်ပြီး အိပ်ရင် ကျွန်တော် သခင့်အိပ်မက်ထဲကို ရောက်အောင် လာခဲ့ပါ့မယ်။ အဲသလို တွေကြတာပေါ့" လို့ ပြောတယ်။

စကားလည်းဆုံးရော ကောင်လေးဟာ ချားရဟတ်ပေါ်က သစ်သားမြင်းရုပ်ပေါ် ပြန်ရောက်နေတာ ကိုယ့်ဘာသာကိုယ် သတိထားမိသွားတယ်။ ကောင်လေးဟာ အိမ်ပြန်လာခဲ့ပြီး သူ့အမေကို သူ ထူးထူးဆန်းဆန်း ကြုံခဲ့ရတာကို ပြောပြတယ်။ ဒါပေမဲ့ သူ့စကားတွေကို သူ့အမေက မယုံဘူးတဲ့။

ကောင်လေးဟာ အိပ်ခါနီးမှာ ကြောင်ကလေးရဲ့ နာမည်ကို ခေါ်ပြီး အိပ်လိုက်တယ်။ သူ့အိပ်မက်ထဲကို ကြောင်ကလေးဟာ တကယ်ပဲ ရောက်လာတယ်တဲ့။ ဒီလိုနဲ့ သူဟာ ကြောင်ကလေးကို ဘယ်တော့မှ မမေ့တော့ဘူးတဲ့။

*** The Magic Merry-Go-Round**

❑

ပြီ ၁၄

## ကျေးဇူးတတ်သော ဖြူကလေး

တစ်ခါက တောစပ်က အိမ်ကလေးတစ်လုံးမှာ ကြင်နာသနားတတ်တဲ့ အဘွားကြီး တစ်ယောက် ရှိတယ်တဲ့။ တစ်နေ့တော့ စိတ်ထားပုပ်တဲ့ ဆိတ်တစ်ကောင်ဟာ အဲဒီအိမ်ရှေ့ ရောက်လာပြီး အဘွားကြီးဆီမှာ အိမ်ထဲဝင်ပြီး မီးလှုံခွင့်တောင်းတယ်။ သနားတတ်တဲ့ အဘွားကြီးက ခွင့်ပြုလိုက်ပါတယ်။ ဒါပေမဲ့ စိတ်ထားပုပ်တဲ့ ဆိတ်ဟာ အိမ်ထဲရောက်လာတာနဲ့ အဘွားကြီးကို သူ့ချိုနဲ့ ဝှေ့ပြီး အိမ်ပြင်ရောက်အောင် မောင်းထုတ်ပစ်လိုက်တယ်။ ပြီးတော့ မီးလင်းဖိုရှေ့မှာ တစ်ယောက်တည်း မီးလှုံနေတော့တယ်။

ဒီလိုနဲ့ မျက်ရည်စက်လက်နဲ့ အဘွားအိုဟာ အကူအညီလိုက်ရှာတော့ ရဲရင့်တဲ့ မြည်းတစ်ကောင်နဲ့ သွားတွေ့တယ်။ မြည်းကလည်း အကြောင်းစုံ သိတော့ ကူညီရအောင် အိမ်ကို လိုက်လာတယ်။ အိမ်ဝရောက်တော့ တံခါးခေါက်ပြီး-

"ဟေ့ကောင် ဆိတ်မိုက်၊ ခုချက်ချင်း ထွက်ခဲ့စမ်း၊ မင်းကိုတော့ မှတ်လောက် သားလောက်အောင် ကန်ရမယ်"

လို့ အော်ပြောတယ်။ သူ့စကားလည်းဆုံးရော တံခါး ရုတ်တရက် ပွင့်လာပြီး ဆိတ်ဟာ မြည်းကို ချိုနဲ့ တအားဝှေ့လိုက်တာ မြည်းလည်း 'အရိုးကျိုးပါပြီဗျ' လို့ အော်ပြေးပါလေရော။

ဒီလိုနဲ့ အဘွားအိုဟာ ဝက်ဝံကြီးတစ်ကောင်ကို သွားပြောပါသေးတယ်။ အပျင်းထူ နေတဲ့ ဝက်ဝံကြီးက ကူညီဖို့ စိတ်မဝင်စားဘူး။ ဒီတော့ အားကိုးစရာမရှိတဲ့ အဘွားအိုဟာ ငိုပြီး တောထဲမှာ လျှောက်သွားနေတော့တာပေါ့။ သူ့မျက်လုံးတွေက မျက်ရည်တွေ စိုနေတော့ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး။ ဒီတော့ ဖြူလေးတစ်ကောင်ကို ခလုတ်တိုက်မိရော။

ဖြူလေးက-

"မျက်ရည်လေး ဘာလေး သုတ်ပါဦး အဘွားရယ်၊ ဘယ်လိုဖြစ်လာတာလဲ" လို့ မေးတယ်။ အဘွားအိုက အကြောင်းစုံ ပြန်ပြောပြလိုက်တာပေါ့။

"မပူပါနဲ့ အဘွားရယ်၊ ကျွန်တော် ကူညီပါ့မယ်"



လို့ ပြောပြီး ဖြူကလေးက လိုက်လာခဲ့တယ်။ အိမ်တံခါးကို ခေါက်လို့ အိမ်တံခါးလည်း ပွင့်ရော အိမ်ထဲကို သူ့ကိုယ်လုံးလေးကို လုံးလိုက်ပြီး ဘောလုံးလေးတစ်လုံးလို လှိမ့်ဝင်သွားတယ်။ ဆိတ်ကလည်း ချိုနဲ့ ပြေးဝှေ့တာပေါ့။ အဲသလို ဝှေ့လိုက်တာနဲ့ ဖြူကလေးရဲ့ ကိုယ်က ချွန်ပြီး ထောင်နေတဲ့ ဆူးတွေဟာ ဆိတ်ခေါင်းကို တအားစူးသွားတော့တယ်။

ဆိတ်လည်း ကြောက်လန့်ပြီး ထွက်ပြေးလိုက်တာ နောက်တောင် ပြန်မကြည့်နိုင် ဘူးတဲ့။ အဘွားအိုလည်း သူ့အိမ်ကလေးကို သူ ပြန်ရသွားတယ်။ ကူညီတဲ့ ဖြူကလေးကိုလည်း ပန်းသီးတစ်လုံး ဆုချလိုက်တယ်တဲ့ကွယ်။

❑

* *The Tale of the Wicked Goat*

ပြီ ၁၅

## ပန်းသည်အဘွားအို

ဟို တော်တော်ဝေးတဲ့ တိုင်းပြည်တစ်ပြည်မှာ-

ဟို တော်တော်လေးကြာတဲ့ အချိန်တုန်းကပေါ့။ ခပ်ကြောင်ကြောင် ဘုရင်တစ်ပါးဟာ ရူးသွပ်သွပ် ဥပဒေနဲ့ အုပ်ချုပ်နေတယ်တဲ့။ တစ်နေ့တော့ သူဟာ တစ်နိုင်ငံလုံး ပျော်ရွှင်ချမ်းမြေ့နေနိုင်မယ့် ဥပဒေတစ်ရပ်ကို ထုတ်လိုက်တယ်။ အဲဒါက သူ့တိုင်းပြည်အတွင်းမှာ ဘယ်သူ တစ်ဦးတစ်ယောက်မှ မငိုကြွေးရဘူးလို့ ဥပဒေနဲ့ တားမြစ်လိုက်တာပဲ။

လူတိုင်းလူတိုင်းဟာ ပြုံးနေကြရမယ်တဲ့။ လူတိုင်းဟာ နေရာတကာ အကြောင်းကိစ္စတိုင်းမှာ မပြုံးနိုင်လို့ဖြစ်စေ၊ ဝမ်းနည်းကြေကွဲစရာ တစ်စုံတစ်ခုနဲ့ ကြုံပြီး ဝမ်းနည်းရင်ဖြစ်စေ ဘယ်သူမှ မမြင်နိုင်တဲ့ ထောင့်တစ်ထောင့် ကွယ်ရာမှာ သွားငိုပြီး မျက်ရည်တွေ ခြောက်သွေ့တဲ့အထိ နေရမယ်တဲ့။

ဒါကြောင့် အဲဒီတိုင်းပြည်က လူတိုင်းလူတိုင်းဟာ ပြုံးနေကြရတယ်။ ဒါပေမဲ့ သူတို့ရဲ့ အသည်းနှလုံးထဲမှာတော့ ဝမ်းနည်းကြေကွဲမှုတွေနဲ့ ပြည့်လျှံနေတယ်။ သူတို့အထဲမှာ ဝမ်းအနည်းဆုံးဖြစ်နေတဲ့သူက ဘုရင်ကြီးတဲ့။

တစ်နေ့တော့ ပန်းသည်အဘွားအိုဟာ နန်းတော်ပြတင်းပေါက်အောက်နားမှာ လင်ပန်းတစ်ချပ်နဲ့ ပန်းလာရောင်းတယ်။ သူ့ပန်းတွေဟာ လှလိုက်တာ အလွန်ပဲတဲ့။ ဒါပေမဲ့ ဝမ်းနည်းကြေကွဲပြီး မျက်ရည်စက်လက် ကျနေကြတယ်။ အဲဒါကို ပြတင်းဝကနေ ဘုရင်မြင်တော့ သိပ်ဒေါသထွက်သွားတယ်။

"ဟော့... ငါ့နိုင်ငံထဲက အရာအားလုံး ပျော်ရွှင်ပြုံးရယ်နေရမယ်လို့ ငါ အမိန့်ထုတ်ထားတယ် မဟုတ်လား၊ ပန်းတွေက ဘာဖြစ်နေတာလဲ" လို့ ကြိမ်းမောင်းတယ်။

ပန်းသည်အဘွားအိုက ဖြူဖွေးနေတဲ့ သူ့ရဲ့ခေါင်းကို ယမ်းခါပြီး-

"ပျော်ရွှင်ခြင်းဆိုတာ အမိန့်ဒီကရီထုတ်ပြီး ပြုလုပ်လို့ရတဲ့အရာ မဟုတ်ပါဘူး အရှင်မင်းကြီး။ မျက်ရည်တွေနဲ့ ပြည့်နေတဲ့ အသည်းကို ကုစားနိုင်ဖို့ရာ နည်းတစ်နည်းပဲ ရှိပါ


တယ်။ အဲဒါက ဘယ်သူမဆို သူ့ဆန္ဒရှိသလို အစစ်အမှန် ပျော်ရွှင်ခြင်းကို သိဖို့ပါပဲ။ ကျွန်မရဲ့ ပန်းတွေ နွမ်းလျနေတာ တခြားကြောင့် မဟုတ်ပါဘူး၊ သူတို့မှာ အာဟာရဖြစ်တဲ့ လူတွေရဲ့ မျက်ရည် ချို့တဲ့နေလို့ပါပဲ'' လို့ ရဲရဲရင့်ရင့် ပြန်ပြောတယ်။

အဲဒီအချိန်မှာပဲ ပန်းဖူးလေးတစ်ဖူးက သီချင်းတစ်ပုဒ်ကို စဆိုတယ်။ သီချင်းလေးက ချိုလည်းချိုသာ ဝမ်းနည်းကြေကွဲစရာလည်း ကောင်းတော့ နားထောင်နေတဲ့ ဘုရင်ကြီးကိုယ်တိုင် မျက်ရည်တွေ တတွေတွေ ကျလာတယ်။ ဘုရင်ကြီး မျက်ရည်ကျတာ မြင်တော့ အပါးမှာ ခစားနေတဲ့ မင်းမှူထမ်းတွေလည်း မျက်ရည်တွေ ကျလာတယ်။ အဲသလိုနဲ့ တစ်တိုင်းပြည်လုံး ငိုကြတာပေါ့ကွယ်။

လေးလံနေတဲ့ သူတို့အသည်းနှလုံးထဲက ဝန်ထုပ်ဝန်ပိုးတွေဟာ သူတို့မျက်ရည်တွေနဲ့ ရောပါသွားတော့တယ်။ ပထမဆုံးအကြိမ်အဖြစ်နဲ့ သူတို့ရဲ့ မျက်နှာတွေပေါ်မှာ အပြုံးအစစ်တွေ ဖြစ်ပေါ်လာတယ်။ သူတို့တွေဟာ ပြုံးနေလိုက်ကြတာ။ နှစ်တွေ အများကြီးတောင် ကြာတယ်တဲ့။ ပန်းတွေဟာလည်း လှလှပပ လန်းလန်းဆန်းဆန်း ပွင့်နိုင်တော့တယ်တဲ့ကွယ်။

* ***The Old Flower Seller***

❑



ပြေ ၁၆

## နံ့ပြီစုတ်ဘုရင်

ဟိုး… ရှေးရှေး- ရှေးရှေးတုန်းကတဲ့ကွယ်။

သိပ်အဝေးကြီး ကြာတုန်းကပေါ့ကွယ်။ ကမ္ဘာမြေကြီးပေါ်မှာရှိတဲ့ အရာဝတ္ထုတိုင်းဟာ စကားပြောနိုင်ကြတယ်တဲ့။ ပြီးတော့ အသံမှန်သမျှဟာလည်း အဓိပ္ပာယ်ရှိကြတယ်တဲ့။ ဒီလို ဆိုပါတော့ကွယ်။

ပန်းပဲသမားက သူ့တူကြီးကို မြှောက်ပြီး ပေကို ထုတယ် ဆိုပါတော့။ တူကြီးက 'ငြိမ်ခံ ငြိမ်ခံ' လို့ အသံထွက်တယ်တဲ့။ ပေတုံးကလည်း ဘယ်လိုအသံနဲ့ တုံ့ပြန်သလဲဆိုတော့ 'ထုသာထု၊ ထုသာထု' တဲ့။ လက်သမားဆရာက လွှကိုဆွဲတယ် ဆိုပါတော့။ သူ့လွှက သစ်ခင်လွှဆွဲတိုင်း ဘယ်လို အသံထွက်အော်သလဲ ဆိုတော့-

'ပြတ်အောင်ဖြတ်၊ ပြတ်အောင်ဖြတ်' တဲ့။

နောက် အမှုန့်ကြိတ်စက်ကြီး ဆိုပါတော့။ သူကလည်း ဘီးစလည်တာနဲ့ မာနကြီး တစ်ခွဲသားနဲ့ ဒီလို အသံထွက်တယ်တဲ့။

'တစ်နာရီကို အိတ်လေးဆယ်၊ တစ်နာရီကို အိတ်လေးဆယ်' တဲ့။

အဲဒီအချိန်အခါတုန်းက ငှက်တွေဟာလည်း သူတို့ဘာသာစကားနဲ့ သူတို့ စကားပြော ကြတယ်တဲ့။ လူတိုင်း လူတိုင်းကလည်း သူတို့ ဘာသာစကားကို နားလည်ကြတယ်တဲ့။

တစ်နေ့တော့ ငှက်တွေဟာ သူတို့ထဲက တစ်ယောက်ယောက်ကို ရွေးပြီး ဘုရင်မြှောက် ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီလိုနဲ့ ငှက်သဘင် အစည်းအဝေးခေါ်လိုက်တော့ ငှက်တွေ အားလုံး ရောက်လာကြတယ်။ လင်းယုန်လည်းပါ၊ စွန်လည်းပါတယ်။ မိုးခွေငှက်လည်းပါ၊ ဥဩလည်း ပါတယ်၊ ဇီးကွက်လည်း ပါတယ်၊ ကျီးလည်း ပါတယ်၊ စာကလေးလည်း ပါတယ်၊ ချိုးလည်း ပါတယ်၊ ဒေါင်းလည်း ပါ၊ ကြက်တူရွေးလည်း ပါတယ်၊ ငှက်ပေါင်းစုံပဲ ဆိုကြပါစို့ ကွယ်။ အဲဒီအထဲမှာ ငှက်သေးသေးလေး တစ်ကောင်လည်း ပါတယ်။ အဲဒီငှက်ကလေးရဲ့ နာမည်ကိုတော့ တခြားငှက်တွေကတောင် မသိကြဘူးတဲ့ကွယ်။



တစ်တီတူးငှက် တစ်ကောင်ကတော့ ဒီလို ဘုရင်ရွေးမြှောက်မှာကို သဘောမကျဘူးကွဲ့။ အဲဒါကြောင့် သူတို့နဲ့ခွဲပြီး ငြိမ်းချမ်းငြိမ်သက်တဲ့နေရာကို ရှာဖို့ဆိုပြီး ဆန့်ကျင်ဘက် အရပ်ကို ထွက်သွားတယ်။

'တွေ့ပြီ၊ တွေ့ပြီ' လို့ သူက အော်လိုက်တယ်။ အဝေးလဟာပြင် ဗွက်တောကိုင်းထဲမှာ အထီးကျန်ဆန်တဲ့ မြေနေရာကွက်ကွက်ကလေးကို သူ တွေ့သွားတယ်။ အဲဒီကတည်းက သူတို့အားလုံးဟာ တခြားငှက်တွေလို သစ်ပင်ပေါ်မှာ မနေဘဲ ကွင်းပြင်ထဲမှာပဲ တသီးတသန့် နေကြတော့တယ်တဲ့။

အဲဒီအချိန်မှာပဲ ငှက်တွေဟာ စိုးစိုးစီစီနဲ့ တိုင်ပင်ကြရင်း သူတို့အထဲက ကောင်းကင်ကို အမြင့်ဆုံးရောက်အောင် ပျံနိုင်တဲ့သူကို ဘုရင်မြှောက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကြက်မက အဲဒီစကားကို ကောင်းကောင်းမကြားတော့ ကြက်ဖကို မေးတယ်။ 'ကတော်၊ ကတော်' တဲ့။ အဓိပ္ပာယ်က 'ဘာလုပ်ကြမှာလဲ၊ ဘာလုပ်ကြမှာလဲ' ပေါ့။ ကြက်ဖက ရှင်းပြရတယ်။

အဲဒါကို ကျီးကန်းက 'အားအား အားအား' နဲ့ ထောက်ခံလိုက်တယ်။ သူတို့ကို ကြည့်ပြီး ကျန်ငှက်တွေက ရယ်ကြတာပေါ့ကွယ်။

❑

ဧပြီ ၁၇

## နံပြီစုတ်ဘုရင်

နောက်တစ်နေ့ မနက်စောစောမှာ ငှက်တွေအားလုံးဟာ တစ်ပြိုင်နက်တည်း ကောင်းကင်ပေါ် ပျံတက်လိုက်ကြတာ ကြီးမားတဲ့ တိမ်မည်းထုကြီးနဲ့တောင် တူတယ်တဲ့။ နေက တစ်စထက်တစ်စ မြင့်တက်လာတယ်။ ငှက်တိုင်းငှက်တိုင်းဟာ သရဖူဆောင်းဖို့အတွက် သူတို့ စွမ်းအားရှိသလောက် ပြိုင်ကြတယ်။

ဒါပေမဲ့ ကြာလေ တစ်ကောင်ပြီးတစ်ကောင် လက်လျှော့လာလေပဲ။ အဲဒီအကောင်တွေက ဆက်မပျံတော့ဘဲ မြေပြင်ကို ပြန်ဆင်းလာခဲ့ကြတယ်။ နောက်ဆုံးမှာတော့ ဆက်ပျံတဲ့အကောင်တွေကလည်း သူတို့ရောက်နေတဲ့ နေရာကထက် ပိုမြင့်အောင် မပျံနိုင်ကြတော့ဘူး။ သူတို့အားလုံးရဲ့အထက်မှာ ပျံနေတဲ့ငှက်က တစ်ကောင်ပဲ ရှိတယ်။ အဲဒါက လင်းယုန်ပဲ။

သူတို့ အားလုံးက-

"ခင်ဗျားပဲ ကျုပ်တို့ဘုရင် လုပ်ပါတော့" လို့ တညီတညွတ်တည်း ပြောကြတယ်။

အဲဒီအချိန်မှာ-

"ဟေ့… သူ့ထက် မြင့်အောင် ပျံနိုင်တဲ့အကောင် ရှိသေးတယ်ကွ၊ ငါပဲ" ဆိုတဲ့ အသံ တိုးတိုးလေး ထွက်လာတယ်။ ကြည့်လိုက်တော့ လင်းယုန်ငှက် အပေါ်မှာ တကယ်ပဲ ငှက်သေးသေးလေးတစ်ကောင် ပျံနေတာ တွေ့ရတယ်။ အဲဒီငှက်ကလေးက ဘယ်သူမှ နာမည်မသိဘူးဆိုတဲ့ ငှက်ကလေးပေါ့ကွယ်။ တကယ်တော့ ဒီငှက်ကလေးက သက်သက် ဉာဏ်များတာ။ သူက လင်းယုန်ငှက်ရဲ့ အမွေးတွေကြားထဲမှာ ပုန်းပြီး လိုက်လာတာ။ အခုမှ သူက ထပျံပြီး သူ အမြင့်ဆုံးလို့ ကြွေးကြော်နေတာ။

လင်းယုန်ငှက်က တော်တော် စိတ်ဆိုးတယ်။ ငှက်တွေအားလုံးကလည်း ဒါ နည်းလမ်းမကျဘူးလို့ အော်ကြတယ်။ ဒီလိုနဲ့ ငှက်တွေဟာ အစီအစဉ်ကိုပြင်ဖို့ ဆုံးဖြတ်ကြရပြန်တယ်။ ဒီတစ်ခါတော့ သူတို့က မြေကြီးထဲကို အနက်ဆုံး တိုးဝင်နိုင်တဲ့ငှက်ကို ဘုရင်မြှောက်ဖို့ သဘောတူကြတယ်။

ဒီတစ်ခါလည်း ဉာဏ်များတဲ့ ငှက်ကလေးက ကြွက်တွင်းထဲကို ဝင်ပြေးသွားပြီး အထဲကနေ "ငါနိုင်ပြီ၊ ငါနိုင်ပြီ" လို့ ကြွေးကြော်နေတယ်။ ငှက်တွေက မကျေနပ်ဘူး။

"ဒီအကောင်သေးသေးလေးကို တို့က ဘုရင်တော်ရမလား"

လို့ ပွစိပွစိ ပြောကြတယ်။ နောက်ဆုံးတော့ သူတို့ဟာ အဲဒီငှက်ကလေးကို အစာငတ်သေအောင် လုပ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သူတို့တွေထဲက ဇီးကွက်ကို ကြွက်တွင်းဝကနေ ငှက်ကလေး ထွက်လာတာကို စောင့်ဖို့ တစ်ည တာဝန်ပေးလိုက်တယ်။ သူက ငှက်တွေထဲမှာ မျက်လုံးအပြူးဆုံးမို့ ဒီတာဝန်ပေးတာ။

ဒါပေမဲ့ အအိပ်မက်တဲ့ ဇီးကွက်ဟာ မျက်ခွံတွေ လေးလာပြီး ပထမ မျက်လုံးတစ်ဖက် ပိတ်သွားတယ်။ နောက်တော့ ကျန်မျက်လုံးတစ်ဖက်လည်း ပိတ်သွားပြန်တယ်။ အဲဒီအချိန်မှာပဲ ငှက်ကလေးဟာ ကြွက်တွင်းထဲက ထွက်ပြေးပြီး လွတ်သွားတော့တယ်။ တာဝန်မကျေတဲ့ ဇီးကွက်ဟာ အဲဒီအချိန်ကစပြီး တခြားငှက်တွေကို မျက်နှာမပြရဲလို့ ညဘက်ကျမှပဲ ထွက်ရတော့တယ်တဲ့။

ထွက်ပြေးသွားတဲ့ ငှက်ကလေးဟာလည်း တခြားငှက်တွေရဲ့ရန်က ဝေးအောင် အဲဒီအချိန်ကစပြီး ဆူးချုံပင်ငယ်ကလေး၊ ခြံစည်းရိုး ချုံနွယ်ပင်တွေကြားမှာပဲ ပုန်းအောင်းပြီး အသိုက်ဆောက်နေရတယ်။ သူ့ကို လူတွေက နံပြီစုတ်လို့ ခေါ်တယ်တဲ့ကွယ်။



✱ *King Wren*

□

ပြီ ၁၈

## နံ့ပြီစုတ်နှင့် ဝက်ဝံ

တစ်နေ့တော့ ဝက်ဝံတစ်ကောင်နဲ့ မြေခွေးတစ်ကောင်ဟာ တောထဲကို ဖြတ်ပြီး လမ်းလျှောက်လာကြရင်း အသံစူးစူးကလေးတွေကို ကြားတော့ ဝက်ဝံက-

"ဟာ… သီချင်းသံလေးက သာယာလိုက်တာ၊ ဘယ်သူဆိုတာများလဲ"

လို့ မေးတယ်။

မြေခွေးက-

"နံ့ပြီစုတ်ပေါက်စလေးတွေ အသံပါဗျာ"

လို့ ပြောတယ်။

ဝက်ဝံက ဒီစကား ကြားတော့-

"ဟာ… နံ့ပြီစုတ်ဆိုတာ ငှက်တကာတို့ရဲ့ ဘုရင်လို့ ငါ ကြားဖူးတယ်ကွ။ ကြံ့တုန်း သူ့ရဲ့နန်းတော် ဘယ်လောက် ကြီးကျယ်ခမ်းနားတယ်ဆိုတာ ငါ ကြည့်သွားချင်တယ်"

လို့ ပြောပြီး ဝက်ဝံဟာ လိုက်ရှာတော့တယ်တဲ့။ နောက်ဆုံးတော့ ဆူးချုံကလေး တစ်ခုထဲမှာ လုပ်ထားတဲ့ နံ့ပြီစုတ်ငှက်သိုက်ကို တွေ့သွားတာပေါ့။ အသိုက်ထဲမှာလည်း နံ့ပြီစုတ်အကောင်ပေါက်ကလေးတွေနဲ့ ပြည့်နေတယ်။

အဲဒီအသိုက်ကိုလည်း မြင်ရော ဝက်ဝံက နှာခေါင်းရှုံ့ပြီး-

"ဒါလားကွာ ငှက်ဘုရင်ရဲ့ နန်းတော်၊ သူတောင်းစား တဲလောက်တောင် မကောင်း ဘူး၊ အလကား ကျက်သရေမရှိတဲ့ ငှက်သိုက်"

လို့ ရှုတ်ချစကားပြောတယ်။ ငှက်ပေါက်စလေးတွေက မခံချင်လို့ တစ်ယောက်တစ်ခွန်း ထအော်မှပဲ ဝက်ဝံနဲ့မြေခွေးလည်း ထွက်ပြေးသွားကြတယ်။


မကြာခင် အဖေနံ့ပြီစုတ်ကြီး ပြန်ရောက်လာတော့ ငှက်ကလေးတွေက ဝိုင်းတိုင် ကြတာပေါ့။ ဝက်ဝံဟာ သူတို့နန်းတော်ကို ကြည့်ပြီး လှောင်ပြောင်သရော်သွားတယ် ဆိုတော့ နံ့ပြီစုတ်လည်း တော်တော် စိတ်ဆိုးသွားတယ်။



''တွေ့ကြသေးတာပေါ့ ဝက်ဝံစုတ်ရယ်''

လို့ ကြိမ်းပြီး ဝက်ဝံရဲ့ သားရဲတွင်းကို သွားတယ်။ ဝက်ဝံကို တွေ့တော့ သူ့ကို စော်ကားတဲ့အတွက် မနက်ဖြန်ကစပြီး တိုက်ကြ ခိုက်ကြမယ်လို့ အတိအလင်း စစ်ကြေညာလိုက်တော့ တယ်တဲ့။

❑



ဧပြီ ၁၉

## နံ့ပြီစုတ်နှင့် ဝက်ဝံ

နံ့ပြီစုတ်က စစ်ကြေညာခံရတာနဲ့ ဝက်ဝံဟာ အချိန်ဖြုန်းမနေတော့ဘူး။ သူဟာ တောတစ်တောလုံးမှာရှိတဲ့ ခြေလေးချောင်း တိရစ္ဆာန်တွေကို စုဝေးခေါ်လိုက်တယ်။ စစ်ကောင်စီ ဖွဲ့ဖို့ပေါ့လေ။

တစ်ချိန်တည်းမှာပဲ နံ့ပြီစုတ်ငှက်ကလည်း စစ်တပ်ဖွဲ့ရအောင် လေထဲမှာ ပျံနိုင်တဲ့ အကောင်တွေ စုစည်းလိုက်တယ်။ ယင်ကောင်တွေ၊ ခြင်ကောင်တွေ၊ ပိတုန်းတွေ၊ ပျားတွေ၊ နကျယ်ကောင်တွေ စသဖြင့် အများကြီးပေါ့။ နံ့ပြီစုတ်က ခြင်တစ်ကောင်ကို ရန်သူ့သတင်း ထောက်လှမ်းဖို့ လွှတ်လိုက်တယ်။

ခြင်ကလည်း ဝက်ဝံတို့အုပ်စု စည်းဝေးနေတဲ့ နေရာနားအရောက်သွား သစ်ရွက်တစ်ရွက် အောက်မှာ ပုန်းပြီး ချောင်းနားထောင်နေတယ်။ ခြေလေးချောင်းတွေက မြေခွေးအုပ်ထဲက ဉာဏ်အများဆုံး မြေခွေးကို စစ်ဗိုလ်ချုပ်ခန့်ဖို့ ရွေးချယ်လိုက်ကြတယ်။ မြေခွေးက-

"ကောင်းပြီ၊ ရန်သူ့နယ်မြေကို ကျုပ်က ခေါင်းဆောင်ပြီး ချီတက်မယ်။ ကျုပ်တို့ ဘယ်လို အချက်ပေးရမလဲဆိုတာ အရင်ဆုံးဖြတ်ကြရမယ်။ ကျုပ်က ဉာဏ်လည်း ကောင်းတယ်၊ အမြီးထူထူထည်း ရှိတယ်။ ကျုပ်ကို ကြည့်နေကြ။ ကျုပ်က အဲဒီအမြီးကို မြှောက်လိုက်ရင် ရန်သူတွေကို ဝင်စီးပေတော့။ အဲ… ကျုပ်က အဲဒီအမြီးကို အောက်ကို ချလိုက်ရင်တော့ မင်းတို့အသက် လွတ်အောင် ပြေးကြပေတော့"

လို့ ပြောတယ်။


အဲဒီစကားကို နားထောင်လာတဲ့ ခြင်က ပြန်ပြောတော့ နံ့ပြီစုတ်လည်း သိသွားတော့ တာပေါ့။ ဒါကြောင့် သူက အင်မတန် အဆိပ်ပြင်းတဲ့ ပျားပတူကောင်ကို မြေခွေးရဲ့ အမြီးကို သွားတုတ်ဖို့ လွှတ်လိုက်တယ်။ ပျားပတူကောင်ရဲ့ အတုတ်လည်းခံရရော မြေခွေးဟာ နာလွန်းလို့ အသံကုန်အော်ပြီး သူ့အမြီးကို ခြေထောက်တွေကြားထဲ ကုပ်ချပြီး ဝှက်လိုက်တယ်။



မြွေခွေးကို စောင့်ကြည့်နေတဲ့ ကျန်တဲ့ ခြေလေးချောင်းတွေဟာ အဲဒါကိုလည်းမြင်ရော သူတို့ကို မြွေခွေးက ထွက်ပြေးဖို့ အချက်ပြပြီ ထင်ပြီး ပြေးလိုက်ကြတာ တပ်ပျက်ရောတဲ့။ ဒါနဲ့ နံ့ပြီစုတ်ကို ဝက်ဝံလည်း စစ်ရှုံးရရောတဲ့ကွယ်။

* *King Wren and the Bear*

❑



ဧပြီ ၂၀

## နဂါးတူရိယာအဖွဲ့

တစ်ခါတုန်းက ခေါင်းဆယ်လုံးရှိတဲ့ နဂါးတစ်ကောင်ဟာ ဘုရင့်ရဲ့ နေပြည်တော်ကို ပြောင်းရွှေ့လာတယ်။ အဲဒီသတင်းကြားတော့ ဘုရင်ကြီးဟာ စိတ်ပျက်ဝမ်းနည်းသွားတယ်။

'ဒီရှုပ်ရှုပ်ထွေးထွေး သတ္တဝါဟာ မျက်စိကလည်း အလုံးနှစ်ဆယ် ရှိတယ်။ ငါ့သမီးတော်တွေကို တွေ့ပြီး သူ့ဇနီးအဖြစ် တောင်းရင် ဒုက္ခပဲ'

လို့ တွေးပြီး စိတ်ဒုက္ခရောက်နေတယ်။ ပလ္လင်ပေါ်မှာ ဘာလုပ်ရမှန်းမသိဘဲ ထိုင်မှိုင်နေတုန်း သူ့နန်းတော်မှာ အမှုထမ်းနေတဲ့ တီးဝိုင်းတော်က ဝိုင်းခေါင်းဆောင်ဟာ အူယားဖားယား ပြေးလာပြီး စိတ်ပျက်လက်ပျက် လျှောက်တယ်။

"အရှင်မင်းကြီး··· ကယ်တော်မူပါဦး။ တီးဝိုင်းတော်က တူရိယာ တီးမှုတ်တဲ့ ဂီတသမားတွေအားလုံး မြို့တော်က ထွက်ပြေးကုန်ကြပါပြီ။ အဲဒါအရှင်မင်းကြီးရဲ့ မြင့်မြတ်တဲ့ သမီးတော်တွေကြောင့်ပါပဲ။ သူတို့က နန်းတော်ထဲက ကြောင်တွေရဲ့ အမြီးတွေကို ဆွဲတယ်။ ဒီတော့ ကြောင်တွေက ဆူဆူညံညံ အော်တယ်။ အဲဒီအသံတွေကို နားမခံနိုင်လို့ ကျွန်တော်မျိုးလူတွေ ထွက်ပြေးကြတာပါပဲ"

အဲဒီတော့ ဘုရင်က ဒေါသဖြစ်ပြီး-

"ဟေ့ကောင်၊ ဘယ့်နှယ် ကြောင်အမြီးတွေအကြောင်း လာပြောနေရတာလဲ။ အခု ငါ့နိုင်ငံမှာနေဖို့ ခေါင်းဆယ်လုံးနဲ့နဂါး ပြောင်းရွှေ့လာတာ မင်း မသိသေးဘူးလား"

လို့ မေးတယ်။

အဲဒီစကားကြားတော့ ဝိုင်းခေါင်းဆောင်က တအံ့တဩ-

"ဘုရားရေ··· နဂါး ဟုတ်လား" လို့ ရေရွတ်ပြီးမှ-

"တစ်ကောင်တည်းနဲ့ ခေါင်းဆယ်လုံးရှိတယ် ဟုတ်လား၊ ကြည့်စမ်း၊ ဘယ်လောက်ကောင်းသလဲ၊ ဟန်ကျတာပဲ"

ဝိုင်းခေါင်းဆောင်ဟာ နန်းတော်တီးဝိုင်းက တူရိယာပစ္စည်းတွေ လှည်းတစ်စီးပေါ်တင်ပြီး နဂါးကြီးလှဲနေတဲ့နေရာ သွားတယ်။ တွေ့တော့ နဂါးကို နှုတ်ဆက်ပြီး-

"ဒီမယ်... ဒီမယ်၊ ဟောဒါက စည်၊ ဟောဒါက ဂစ်တာ၊ ဟောဒါက ပလွေ၊ နှဲ၊ လေမှုတ်တူရိယာတွေ၊ ဟောဒါက စည်းနဲ့ဝါး၊ ဟောဒါက ပတ်မ၊ ဟောဒါက ကြေးနောင်" စသဖြင့် နဂါးရဲ့ ခေါင်းနဲ့လက်တွေနဲ့အမျှ တူရိယာပစ္စည်းတွေကို ပေးပြီး-

"ကဲ... ကျုပ်တို့ တီးကြမှုတ်ကြရအောင် မိတ်ဆွေနဂါး"

လို့ ပြောလိုက်တယ်။ သူက လက်ကိုမြှောက်ပြီး အချက်ပေးလိုက်တာနဲ့ နဂါးကြီးက စပြီး တီးမှုတ်တော့တာပဲတဲ့။ အံ့အားတသင့်နဲ့ ဘာဖြစ်မလဲလို့ ဝိုင်းကြည့်နေတဲ့လူတွေလည်း ကကြရတာပေါ့။ ဘုရင်ကြီးကိုယ်တိုင်လည်း ကတယ်တဲ့။ နဂါးခေါင်း ဆယ်လုံးကသာ တီးတာ မှုတ်တာ မရပ်ရင် သူတို့ ဒီနေ့ထက်တိုင် ကကြရဦးမယ်ကွဲ့။

* *The Dragon Band*

❑



ပြေ ၂၁

## ဆန်စေ့လေးတစ်စေ့


ဟိုးတစ်ခါတုန်းက သနားစရာကောင်းတဲ့ လူငယ်လေးတစ်ဦး ရှိတယ်တဲ့။ သူ့မိဘတွေက ကွယ်လွန်သွားကြပြီ။ သူတို့ သေဆုံးသွားကြတော့ သူ့အတွက် ကျန်ရစ်ခဲ့တဲ့ ပစ္စည်းဆိုလို့ ဆန်စေ့လေးတစ်စေ့ပဲ ရှိတယ်တဲ့။ လူငယ်လေးလည်း အဲဒီဆန်စေ့ကလေးကိုပဲ ယူပြီး လောကကြီးထဲ ထွက်လာခဲ့တယ်။

ဒီလိုနဲ့ ညရောက်တော့ သူဟာ ယာသမားတစ်ယောက်ရဲ့ တဲနားကို ရောက်သွားတော့တယ်။ သူက တံခါးကိုခေါက်ပြီး သူ့ကို တစ်ညလောက် အိပ်ခွင့်ပြုဖို့ ခွင့်တောင်းတယ်။ ခွင့်ပြုချက်ရလို့ အိပ်မယ်လို့ သူလည်း လှဲလိုက်ရော သူ့အိတ်ထဲက ဆန်စေ့လေးဟာ ကြမ်းပေါက်ကနေ အောက်ကို ကျသွားတယ်တဲ့။ လူငယ်လေးက-

"ဒီဆန်စေ့လေးဟာ ကမ္ဘာပေါ်မှာ ကျွန်တော်ပိုင်တဲ့ တစ်ခုတည်းသော ပစ္စည်းပါ၊ ဘယ်သူမှ မခိုးကြပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်" လို့ ပြောတယ်။

အဲဒီတော့ ယာသမားက-

"စိတ်ချလက်ချသာ အိပ်စမ်းပါ လူကလေးရာ၊ ငါက ဒီဆန်စေ့လေးတစ်စေ့ကို မင်းဆီက လုမယူပါဘူး" လို့ ကတိပေးလိုက်တယ်။



ဒါပေမဲ့ နောက်တစ်နေ့ မနက်စောစော အိမ်ရာက နိုးလာတဲ့ ကြက်ဖတစ်ကောင်ဟာ အဲဒီဆန်စေ့ကိုတွေ့တော့ ကောက်စားလိုက်ပါရောတဲ့။ ယာသမားက လူလေးကို-

"မင်း ဆန်စေ့ကိုတော့ ငါ့ကြက်က ကောက်စားလိုက်ပြီ၊ ဒီတော့ ဆန်စေ့အစား ငါ့ကြက်ကိုသာ ယူသွားပေတော့"

လို့ ပေးလိုက်တယ်။ လူကလေးက ကျေးဇူးတင်စကားပြောပြီး ကြက်ကိုယူ ခရီးဆက်ခဲ့တယ်။ ညရောက်တော့ သူဟာ တွေ့တဲ့ တောင်သူတစ်ယောက်အိမ်မှာ ဝင်ပြီး အိပ်ခွင့်တောင်းပြန်ရော။ သူဟာ သူ့ကြက်အတွက် စိုးရိမ်နေတယ်။

အဲဒါကို တောင်သူက ရိပ်မိတော့-

"စိတ်ချလက်ချသာ အိပ်စမ်းပါ လူကလေးရယ်၊ မင်း ကြက်ကို ငါက လု မယူပါဘူး"

လို့ ပြောတယ်။ ဒါပေမဲ့ နောက်နေ့မနက်ကျတော့ သူ့ကြက်ဟာ တောင်သူရဲ့ ဝက်က ကိုက်စားလို့ ဗိုက်ထဲရောက်နေပြီ။ တောင်သူကလည်း-

"ငါ ပြောထားသားပဲကွာ၊ ငါ့ဝက်ကိုသာ မင်း ကြက်အစား ယူသွားပေတော့"

လို့ ပြောတယ်။ လူငယ်လေးလည်း ကြိုးတစ်ချောင်းနဲ့ ဝက်လည်ပင်းကိုချည် ကြိုးကို ဆွဲပြီး ခရီးဆက်ခဲ့တယ်။ အဲဒီနေ့ညကျတော့ သူဟာ လယ်သမားတစ်ယောက်ရဲ့ အိမ်ကို ရောက်သွားတယ်။ မနက်ကျတော့ အဲဒီအိမ်က နွားက ဖွေ့လိုက်တာ သူ့ဝက် သေပါလေရော။ လယ်သမားက သဘောကောင်းတော့ ဝက်အစား နွားကို ပေးလိုက်ပြန်တယ်။ လူငယ်လေးဟာ တစ်လျှောက်လုံး ကံကောင်းလာတာပဲ။

ဒီလိုနဲ့ တခြားရွာတစ်ရွာကို ရောက်လာတော့ သူ့နွားကို မြင်းတစ်ကောင်က ကန်လို့ သေပါလေရောတဲ့။ မြင်းရှင်ကလည်း သူ့ကို နွားအစား မြင်းကို အလျော်ပေးလိုက်တယ်။ ဒီတစ်ခါတော့ မြင်းကို ကုန်းနှီးဆင်ပြီး လူလေးဟာ မြက်ခင်းတောင်ကုန်းပေါ်ကို ကိုယ်တိုင် စီးတက်လာခဲ့တယ်။

အဲဒီမှာ အင်မတန်လှပတဲ့၊ လက်မထပ်ရသေးတဲ့ မင်းသမီးလေး တစ်ပါး ရှိတယ်။ မင်းသမီးလေးက သူ့ကို သဘောကျပြီး လက်ထပ်ယူလိုက်တာ တစ်ချိန်ကျတော့ လူငယ်လေးဟာ ဘုရင်ဖြစ်သွားပါရောတဲ့။ ကဲ… ဒီကောင်လေး ကံကောင်းပါတယ်လို့ မတွေးမိဘူးလား။ တကယ် သင်ခန်းစာယူရမှာက လောကမှာ ဆန်စေ့လေးတစ်စေ့ပဲဖြစ်ဖြစ် ကြီးပွားတိုးတက်ဖို့ရာမှာ အရေးပါအရာရောက်တယ် ဆိုတဲ့ အကြောင်းပဲကွဲ့။



*** The Grain of Millet**

❑

ပြော ၂၂

## မာနကြီးတဲ့ကြောင်

တစ်ခါတုန်းက လူတွေ စွန့်ခွာသွားတဲ့ ကြိတ်စက်ရုံတစ်ရုံမှာ ကြောင်အိုမတစ်ကောင် နေတယ်တဲ့။ အဲဒီကြောင်မဟာ သူ့ကိုယ်သူ ဒီနေရာကြီးရဲ့ အရှင်သခင်လို့ စိတ်ကြီးဝင်နေတယ်တဲ့။ တစ်နေ့တော့ အဲဒီနေရာမှာ ကျေးတောသား လူငယ်လေးတစ်ယောက် ရောက်လာတယ်။ ကြောင်မက ကောင်လေးကို တွေ့တော့ သူ့ကျောကုန်းကို ခုံးပြပြီး မာန်ဖီတဲ့အသံနဲ့-

"ဟေ့… ထွက်သွားစမ်း၊ ဒါ ငါပိုင်တဲ့စက်ရုံ" လို့ ပြောတယ်။

ကောင်ကလေးက ပြုံးပြီး-

"ကြောင်ကလေးရာ၊ မင်းအနေနဲ့ ဒီစက်ရုံကြီးကို ဘာများ အသုံးချနိုင်လို့လဲ။ မင်းနဲ့ငါ နှစ်ယောက်လုံး အကျိုးရှိအောင် ပစ္စည်းချင်း ဖလှယ်ကြရအောင်။ မင်းကို ငါ့ရဲ့ ဟောဒီ စကြည့်မျက်မှန် ပေးမယ်။ ဒီမျက်မှန်က ဘယ်လောက်စွမ်းသလဲဆိုရင် ဒီမျက်မှန်တပ်ပြီး မင်း ဘယ်အရာကိုပဲကြည့်ကြည့် နဂိုရှိရင်းထက် နှစ်ဆပိုကြီးအောင် မြင်ရတယ်။ မယုံရင် ကြည့်"

ကြောင်က အဲဒီမျက်မှန်ကို နှာခေါင်းပေါ်တင်ပြီး အနားက ဖြတ်ပြေးသွားတဲ့ ကြွက်ကို ကြည့်လိုက်တယ်။ ကြွက်က သူ မြင်ဖူးတာထက် ကြီးနေတော့ သူ လန့်တောင်သွားတယ်။ မျက်မှန်ကို လိုချင်ပေမယ့် လောဘကြီးတဲ့ကြောင်က ချက်ချင်း မလဲသေးဘဲ-

"မင်း ငါ့ကို ဒီမျက်မှန်အပြင် မင်းယူလာတဲ့ ကိတ်မုန့်ထုပ်ပါ ပေးရမယ်၊ ဒါဆိုရင် မင်းကိုငါ ဒီစက်ရုံပေးမယ်" လို့ ပြောတယ်။ ဒီလိုနဲ့ သူတို့ အပေးအယူ တည့်သွားကြတယ်။

ကြောင်မဟာ မျက်မှန်နဲ့ ကိတ်မုန့်ထုပ်ကို ယူပြီး စက်ရုံဟောင်းထဲက ထွက်လာခဲ့တယ်။ လမ်းမှာ သူဟာ ဆာလောင်နေတဲ့ မြေခွေးတစ်ကောင်နဲ့ တွေ့တယ်။

မြေခွေးက လျှာကို သိမ်းရင်း-

"ဗိုက်ဆာနေတာနဲ့ အဆင်သင့်ပဲ၊ မင်းတော့ ငါ့အစာဖြစ်ပြီ" လို့ ပြောတယ်။ ဒါပေမဲ့ ကြောင်မဟာ ကြောက်ရွံ့တဲ့ဟန် မပြဘဲ-



"ကဲ... မစားခင် ငါ့ကို နင် သေသေချာချာ ကြည့်စမ်းပါဦး"

လို့ ပြောပြီး မြွေခွေးနှာခေါင်းပေါ် သူ့မျက်မှန်ကို တင်ပေးလိုက်တယ်။ မျက်မှန်ကြောင့် အကြီးကြီးဖြစ်နေတဲ့ ကြောင်ကိုလည်း မြင်ရော မြွေခွေးဟာ တစ်ခါတည်း အမြီးကုပ်ပြီး အော်ပြေးတော့တာပဲတဲ့။ ဒီလိုနဲ့ ကြောင်ဟာ သူ့ကို ရန်ပြုမယ့် တိရစ္ဆာန်တွေနဲ့ တွေ့တိုင်း မျက်မှန်နဲ့ လှည့်ဖြားပြီး အနိုင်ယူခဲ့တာ ကြာတော့ သူ့ကိုယ်သူ အထင်ကြီးပြီး ဘဝင်မြင့်စပြုလာတယ်။

"လောကကြီးမှာ ငါဟာ အကြီးကျယ်ဆုံး သတ္တဝါပဲ၊ ငါ့ကို အားလုံးက ကြောက်ရွံ့ကြရတယ်"

အဲသလို ရေရွတ်ပြီး သူဟာ စက်ရုံဟောင်းဆီ ပြန်လာခဲ့တယ်။ စက်ရုံထဲမှာ ကောင်လေးကို တွေ့တော့-

"ငါ့ဆီက ယူထားတဲ့ စက်ရုံကို ငါ့ကို ပြန်ပေးစမ်း၊ မပေးရင် မင်းကို ငါ ဝါးစားပစ်လိုက်မယ်၊ ငါ ဘယ်လိုသတ္တဝါဆိုတာ ကြည့်စမ်းပါဦး"

ဆိုပြီး ကောင်လေးရဲ့ နှာခေါင်းပေါ်မှာ သူ့မျက်မှန်ကို တင်ပေးလိုက်တယ်။ ကောင်လေးဟာ သဘောကျစွာ ပြုံးတယ်။ ပြီးတော့-

"အဲဒါဟာ ဘဝင်မြင့်နေတဲ့ မင်းအတွက် ဆုလာဘ်ပဲ"

ဆိုပြီး ခေါင်းကို ထုလိုက်တာ အဲဒီကြောင်မ သေပါလေရောတဲ့။ မာနကြီးတဲ့အတွက် နောက်ဆုံးတော့ အရာရာကို ဆုံးရှုံးရတော့တာပေါ့ကွယ်။

** The Poor Country Boy and the Cat*

❑

## ဧပြီ ၂၃

### ဆောင်းတွင်းပန်းကလေး

တောကြီး တစ်တောလုံးဟာ ဗိုင်အိုလက်ပန်းတွေနဲ့ ပြည့်နေတာပဲတဲ့။ ဗိုင်အိုလက်ပန်း ဆိုတာ သူတို့နိုင်ငံတွေမှာ အလေ့ကျပေါက်တတ်တဲ့ ခရမ်းရောင် ပန်းကလေး တစ်မျိုးပေါ့ ကွယ်။ တောင်ကုန်းတစ်ခုလုံးလည်း အဲဒီပန်းခင်းကြီးက ဖုံးထားတော့ အင်မတန် လှပတဲ့ ခရမ်းရောင် တောင်ကုန်းကြီး ဖြစ်နေတာပေါ့ကွယ်။


အဲဒီတောင်ကုန်းပေါ်မှာ တဲလေးတစ်လုံးရှိပြီး သစ်ခုတ်သမားနဲ့ သူ့ဇနီးနဲ့ နေထိုင် နေကြတယ်။ ကမ္ဘာပေါ်မှာ သူတို့အလိုလား အတောင့်တဆုံးအရာက သားကလေး ဖြစ်ဖြစ်၊ သမီးကလေးဖြစ်ဖြစ် ရင်သွေးရတနာလေး တစ်ယောက် လိုချင်တာပဲတဲ့။ ဒါပေမဲ့ သူတို့ရဲ့ ဆန္ဒက မပြည့်ဝဘူးတဲ့။ တစ်ခါတလေကျတော့ အဲဒီအဖြစ်ဟာ သူတို့အတွက် တကယ် ကြေကွဲဝမ်းနည်းစရာ ဖြစ်နေတယ်။

တစ်နေ့တော့ သူတို့တံခါးကိုခေါက်နေတဲ့ အသံတိုးတိုးလေးကြားလို့ သူတို့ ဖွင့်ကြည့် လိုက်တဲ့အခါ ကောင်မလေး သေးသေးလေး တစ်ယောက်ကို တွေ့ရတယ်တဲ့။ ဘယ်လောက် သေးသလဲ ဆိုတော့ ဖယောင်းတိုင် မီးတောက်လောက်ပဲ ရှိတယ်တဲ့။ သစ်ရွက်ကလေးတွေကို အင်္ကျီချုပ်ဝတ်ထားတဲ့ အဲဒီမိန်းကလေးရဲ့ လည်ပင်းမှာ ခရမ်းရောင် ဗိုင်အိုလက် ပန်းကုံးလေး ကို ဆွဲထားတယ်တဲ့။

သူက ခြေဖျားလေးထောက်ပြီး ပြောတယ်။

"ကျွန်မက ဗိုင်အိုလက်ကလေးပါ၊ ဟောဟို ပန်းခင်းကြီးထဲက လာခဲ့တာ။ ကျွန်မ တို့ရဲ့ ဘုရင်မက ရှင်တို့နဲ့ သွားနေရမယ်ဆိုလို့ လာခဲ့တာ။ ရှင်တို့ ကျွန်မကို သမီးအဖြစ် မွေးစားမယ် မဟုတ်လားဟင်။ ကျွန်မကို ရှင်တို့ အစာကျွေးဖို့ မလိုပါဘူး၊ တစ်ခါတလေ ရေလေးလောက်တိုက်ရင် ရပါတယ်"

သစ်ခုတ်သမားနဲ့ သူ့ဇနီးလည်း အင်မတန် ဝမ်းသာသွားကြတယ်။ ဗိုင်အိုလက်ကလေးကို သမီးအဖြစ် မွေးလိုက်ကြတယ်။ သူတို့တွေဟာ အိမ်ကလေးမှာ အတူတူ ပျော်ပျော်ရွှင်ရွှင် နေကြတယ်။ ဒီလိုနဲ့ နွေရာသီကို ရောက်လာတယ်တဲ့ကွယ်။



အဲဒီအချိန်မှာ ဝိုင်အိုလက်ကလေးလည်း မကျန်းမမာ ဖြစ်တော့တယ်။ ဆေးဝါးတွေ တိုက် ဘယ်လိုပြုစုယုယပေမယ့် သက်သာရာမရဘူးတဲ့။ ဝိုင်အိုလက်ကလေးက ဝမ်းပန်းတနည်း ဒီလိုပြောတယ်။

"ပန်းခင်းထဲက ကျွန်မရဲ့ အစ်မတွေအားလုံးဟာ ပွင့်ဖတ်တွေ ခြောက်ခြွေကျကုန် ပါပြီ၊ ကျွန်မလည်း သူတို့လို မကြာခင် သေဆုံးရလိမ့်မယ်"

ဒီစကားကြားရတော့ သစ်ခုတ်သမား လင်မယားလည်း ရင်ကွဲပက်လက် ဖြစ်ရတာ ပေါ့ကွယ်။

အဲဒီသတင်းကို ကြားတော့ ကြင်နာသနားတတ်တဲ့ သူတို့ရဲ့ အိမ်နီးနားချင်း ပန်းချီဆရာဟာ သူတို့ဆီ ရောက်လာတယ်။ ပြီးတော့ တစ်ညလုံး ပြတင်းပေါက်မှန်ပေါ်မှာ ခရမ်းရောင်ကလေးတွေ ပွင့်လန်းနေတဲ့ပုံကို ရေးခဲ့တယ်။ မနက်မိုးလင်းလို့ ပြတင်းပေါ်က အဲဒီပန်းကလေးတွေလည်း မြင်ရော ဝိုင်အိုလက်ကလေးဟာ စပြီးတော့ ပြုံးတယ်။ နောက်တော့ မကြာပါဘူး။ တစ်စထက် တစ်စ သက်သာကောင်းမွန်လာရောတဲ့။

ဒီလိုနဲ့ ဝိုင်အိုလက်ကလေးဟာ တစ်နွေလုံး ကျန်းကျန်းမာမာ နေထိုင်နိုင်ခဲ့တယ်။ ဒီလိုနဲ့ ဆောင်းရောက်လာပြန်ရောတဲ့။ တဖွဲဖွဲကျနေတဲ့ နှင်းခဲတွေက ပွတ်တိုက်ကျလို့ မှန်ပြတင်းပေါ်က ဝိုင်အိုလက်ပန်းလေးတွေလည်း ဆေးပျက်ကုန်တယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ဝိုင်အိုလက်ကလေးဟာ ပြန်ပြီး မကျန်းမမာ မဖြစ်တော့ပါဘူးတဲ့။ သူဟာ အထီးကျန် တစ်ကိုယ်တည်းရှိတဲ့ ပန်းကလေးတစ်ပွင့် မဟုတ်တော့ဘူးလေ။

တောင်ကုန်းတစ်ခုလုံးနဲ့ တစ်တောလုံး သူ့အစ်မရတော် ခရမ်းရောင် ဝိုင်အိုလက်ကလေး တွေ ဖုံးလွှမ်းဝေဆာ ပွင့်နေကြပြီ မဟုတ်လားကွယ်။

* *Little Violet*

❑

ပြော ၂၄

## ဘုရင်ဖြစ်ချင်တဲ့ငှက်

တစ်ခါတုန်းက ငှက်ဖမ်းသမား တစ်ယောက်ဟာ ဥယျာဉ်ထဲက သစ်ပင်တစ်ပင်ရဲ့ အကိုင်းမှာ ရွှေနဲ့လုပ်ထားတဲ့ လှောင်အိမ်အလွတ်ကလေး တစ်ခုကို ချိတ်ထားလိုက်တယ်။ ငှက်လှောင်အိမ်တံခါးကိုတော့ ဖွင့်ထားတာပေါ့လေ။ အထဲမှာ ငှက်နားနေဖို့ တန်း၊ ငှက်စာခွက် စတာတွေ အားလုံးကိုလည်း ရွှေနဲ့ချည်း လုပ်ထားတယ်။ ငှက်စာခွက်ထဲမှာလည်း အစာတွေ အပြည့်ထည့်ထားတာပေါ့။

မကြာပါဘူး၊ အဲဒီနားကို ပျံသန်းလာတဲ့ ငှက်နှစ်ကောင် ရောက်လာတယ်။ တစ်ကောင်ရဲ့ အမည်က မာနကြီးတဲ့ ငှက်မွေးတဲ့။ တစ်ကောင်ရဲ့ နာမည်ကတော့ လွတ်လပ်တဲ့ အတောင်ပံတဲ့။ အဲဒီ ရွှေလှောင်အိမ်ကို မြင်တော့ မာနကြီးတဲ့ငှက်မွေး ဆိုတဲ့ အမည်နဲ့ ငှက်က ဒီလိုပြောတယ်။

"ကြည့်စမ်းဟေ့၊ ဘယ်လောက်လှတဲ့ ရွှေနန်းတော်လဲ။ အထဲမှာ ထိုင်စရာ ရွှေပလ္လင် ကလည်း အဆင်သင့်။ ရွှေခွက်နဲ့ တည်ထားတဲ့ စားသောက်စရာတွေကလည်း အလျှံပယ်။ အဲဒါတွေအားလုံးဟာ စိုးစံမယ့် ဘုရင်မင်းမြတ်ကို စောင့်နေကြတာပဲကွ။ အဲဒီထဲကို ငါ ဝင်သိမ်းပိုက်ပြီး နန်းစံတော့မယ်"

ဒီတော့ လွတ်လပ်တဲ့ အတောင်ပံဆိုတဲ့ ငှက်က-

"စဉ်းစဉ်းစားစား လုပ်ပါကွာ၊ စည်းစိမ်ချမ်းသာဆိုတာ ထောင်ချောက်ပဲ။ ငါတို့ ငှက်တွေအတွက် အကောင်းဆုံး အရာကတော့ ငှက်မွေးနဲ့ လုပ်ထားတဲ့ အသိုက်ပဲ၊ ပြီးတော့ တို့စားစရာ သစ်ခက်သစ်ညွန့် လတ်လတ်ဆတ်ဆတ်လေးတွေ၊ ပြီးတော့ လွတ်လပ်မှု၊ တို့ရဲ့ ခေါင်းပေါ်မှာ အပြာရောင် ကောင်းကင်ကြီး အမြဲရှိနေတာ၊ အဲ့ဒါတွေကသာ ငှက်တွေအတွက် အစစ်အမှန် တန်ဖိုးရှိတဲ့ အရာတွေပါ" လို့ ပြောတယ်။


ဒါပေမဲ့ ဘုရင်ဖြစ်ချင်နေတဲ့ ငှက်က သတိပေးစကားကို နားမထောင်ဘူး။ ရွှေလှောင်အိမ် ထဲကို ပျံဝင်သွားတယ်။ သူလည်း အထဲရောက်သွားရော တစ်နေရာက ချောင်းကြည့်နေတဲ့ ငှက်ဖမ်းသမားက ပြေးထွက်လာပြီး လှောင်အိမ်တံခါးကို ပိတ်လိုက်ရောတဲ့။

အဲဒီအချိန်ကစပြီး မာနကြီးတဲ့ ငှက်မွေးဟာ ရွှေလှောင်အိမ်ထဲကနေ သူနဲ့ ဘဝတူ ငှက်တွေ လွတ်လွတ်လပ်လပ် ပျံသန်းနေတာကို ကြည့်ပြီး-

"ငါဟဲ့ ဘုရင်၊ ငါဟဲ့ ဘုရင်" လို့ ဝမ်းနည်းပက်လက်နဲ့ ငိုပြီး နေရတော့တယ် တဲ့ကွယ်။

* ***The Bird That Wanted to be King***

❑



ဧပြီ ၂၅

## မြည်းဘုရင်ကြီး

ဟိုး ရှေးရှေး ရှေးရှေးတုန်းကတဲ့။ တိရစ္ဆာန်တွေအားလုံးဟာ အတူတူ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စုပေါင်းနေကြတယ်တဲ့။

တစ်နေ့တော့ ခြသေ့ တွေကို အုပ်ချုပ်တဲ့ ခြသေ့ဘုရင်ကြီးဟာ ကွယ်လွန်သွားရှာတယ်။ သူက မကွယ်လွန်ခင် သူ့မျိုးမတ်ခြသေ့တွေကို သူ့အရိုက်အရာဆက်ခံဖို့ ဘုရင်တစ်ယောက် ရွေးမြှောက်ကြဖို့ မှာသွားတယ်။ ရုတ်တရက် ခြသေ့မျိုးမတ်တွေဟာ ဘယ်သူ့ကို ရွေးရမယ် ဆိုတာ ဝေခွဲမရဖြစ်နေတုန်း မြည်းအိုတစ်ကောင်က ရောက်လာတယ်။ သူက-

"မင်းတို့ ဘုရင်တင်မြှောက်ဖို့ မင်းတို့အထဲက အရွေးရခက်နေတာ ဘာကြောင့်လဲ သိလား၊ မင်းတို့အားလုံးက အတူတူ ဖြစ်နေတာကိုး။ မင်းတို့တစ်ယောက်မှာရှိတာ တခြား သူတွေမှာ ရှိတယ်၊ တစ်ယောက်မှာမရှိတာ တခြားသူတွေမှာ မရှိဘူး။ တကယ်တော့ အများကို အုပ်ချုပ်မယ့်သူဆိုတာ သူ အုပ်ချုပ်မယ့်သူတွေနဲ့ ကွဲပြားတဲ့အသွင် ရှိရမယ်။ ခြားနားတဲ့ ခံ့ထည်မှု၊ မတူတဲ့ ကျက်သရေတွေ ရှိရမယ်။ ငါ့ကိုကြည့်၊ ငါဟာ ခြသေ့တွေလိုလည်း ရဲရင့်တယ်၊ မြည်းတစ်ကောင်ရဲ့ နားရွက်လည်း ရှိတယ်။ မင်းတို့မှာ ဘယ်သူများ မြည်းနားရွက် ရှိကြလို့လဲ၊ ငါ အကြံပေးတဲ့အတိုင်း မင်းတို့ ငါ့ကိုသာ ဘုရင်ခန့်ကြပါတော့" လို့ ပြောတယ်။

ခြသေ့တွေလည်း ခေါင်းချင်းဆိုင် တိုင်ပင်ကြပြီး နောက်ဆုံး အဲဒီမြည်းကို သူတို့ ဘုရင်ခန့်လိုက်တယ်။ အဲဒီမြည်းဟာ ရာဇပလ္လင်မှာ ထိုင်မိတာနဲ့ အမိန့်တွေ ဥပဒေတွေ စထုတ် တော့တာပဲ။ ဒါပေမဲ့ သူထုတ်တဲ့ဟာတွေက မြည်းဥပဒေတွေ ဖြစ်နေတယ်။


ဒီလိုတဲ့၊ ခြသေ့တွေအားလုံးဟာ မြက်ပဲ စားရမယ်တဲ့။ ကောက်ရိုးလည်း စားရမယ် တဲ့။ ပြီးတော့ မြည်းလို ဟီရမယ်တဲ့။ အကုန်လုံး မြည်းတွေ နေထိုင်စားသောက်တဲ့ ဓလေ့ အတိုင်းပဲ ဖြစ်နေတယ်။ တစ်နေ့တော့ ခြသေ့ငယ်တစ်ကောင်က ခြသေ့တွေ မြည်းလို ဟီရမယ် ဆိုတာ ခြသေ့တွေရဲ့ ဇာတိမာန်ကို ပျောက်ဆုံးစေတယ်လို့ ယူဆပြီး-

"ကျုပ်ရဲ့လျှာဟာ ခြသေ့်တစ်ကောင်ရဲ့ လျှာပဲ။ ကျုပ်ရဲ့ ဂုဏ်သရေဟာလည်း ခြသေ့်ရဲ့ ဂုဏ်သရေပဲ။ ကျုပ်ရဲ့ သွေးကြောတွေထဲမှာ လည်ပတ်နေတာလည်း ခြသေ့်တစ်ကောင်ရဲ့ သွေးတွေပဲ၊ မြည်းမိုက်ရဲ့" လို့ ပြောပြီး မြည်းအိုကြီးကို ကိုက်သတ်လိုက်တယ်တဲ့။

အဲဒီအချိန်ကစပြီး ခြသေ့်တွေဟာ တခြားတိရစ္ဆာန်တွေရဲ့ အသားကို စားလာလိုက်ကြတာ ဒီနေ့အထိပဲ။ သူတို့ကိုလည်း ဘယ်သူကမှ ထပ်ပြီး မအုပ်ချုပ်နိုင်တော့ဘူးတဲ့။

* ***His Majesty the Donkey***

❑



ပြော ၂၆

## အပြာရောင်မီးအိမ်

တစ်ခါတုန်းကပေါ့၊ စစ်သည်တော်တစ်ဦးဟာ ဘုရင်မင်းမြတ်အတွက် သစ္စာရှိရှိ ရဲရဲရင့်ရင့် အမှုထမ်းခဲ့တယ်တဲ့။ ဒီလိုနဲ့ စစ်ပွဲပြီးသွားရော ဆိုပါတော့။ ဘုရင်က အဲဒီစစ်သည်တော်ကို ချီးမြှင့်မြှောက်စားခြင်းလည်း မပြု၊ ကျေးဇူးတင်စကားလေး တစ်ခွန်းတောင် မပြောဘဲ အိမ်ပြန်လွှတ်လိုက်တယ်။

အဲဒီစစ်သည်တော် ဘယ်လိုခံစားရမယ်ဆိုတာ စဉ်းစားကြည့်ပေတော့။ သူ့ပိုက်ဆံအိတ်ထဲမှာလည်း ဗလာ၊ သူ့ဗိုက်ထဲမှာလည်း ဗလာ၊ မောလည်းမော၊ ဆာလည်းဆာနဲ့ လျှောက်လာလိုက်တာ စုန်းမကြီးတစ်ယောက်နေတဲ့ တောအစပ်က အိမ်လေးတစ်လုံးကို ရောက်သွားတယ်။ စစ်သည်တော်က စုန်းမကြီးမှန်းသိပေမယ့် ကြောက်ရွံ့မှု မရှိဘူး။

ဆာလွန်းလို့ အစားအစာရှိရင် နည်းနည်းလောက် ပေးဖို့နဲ့ ဒီအိမ်မှာ တစ်ညလောက် အိပ်ခွင့်ပေးဖို့ တောင်းပန်တယ်။ စုန်းမကြီးက-

"မင်းတောင်းတာနဲ့ တန်အောင်တော့ အလုပ်လုပ်ရမယ်" ဆိုပြီး သူ့ခြံကိုလည်း တူးဆွခိုင်းတယ်။ ထင်းတွေကိုလည်း ခွဲခိုင်းခဲ့တယ်။ ဒီလိုနဲ့ နောက်နေ့မနက်ရောက်တော့ စုန်းမကြီးက-

"မင်း ဒီမှာ တစ်ရက်ဆက်နေချင်ရင် ဟောဟို ရေတွင်းပျက်ကြီးရဲ့ အောက်ခြေမှာ ရှိတဲ့ အပြာရောင်မီးအိမ်ကို ယူလာပေးရမယ်။ အဲဒီမီးအိမ်က မီးတောက်က အပြာရောင်ပဲ။ ဒါပေမဲ့ ဘယ်တော့မှ အလင်းရောင်က အပြင်မထွက်ဘူး" လို့ ပြောတယ်။

စစ်သည်တော်က သူ ယူပေးမယ်လို့ ကတိပေးလိုက်တယ်။ နောက်နေ့မနက်ရောက်တော့ စုန်းမကြီးက ရေတွင်းထဲကို ကြိုးတစ်ချောင်းချပေးတယ်။ အဲဒီကြိုးက တွယ်ပြီး စစ်သည်တော်ဟာ ရေတွင်းထဲကို ဆင်းခဲ့တယ်။ ရေတွင်းထဲမှာ စုန်းမကြီးပြောတဲ့ အပြာရောင်မီးအိမ်တွေ့တော့ ယူခဲ့တာပေါ့။



ဒီလိုနဲ့ သူဟာ ချထားတဲ့ကြိုးက ပြန်တွယ်တက်ခဲ့တယ်။ တွင်းဝရောက်ခါနီးတော့ စုန်းမကြီးက လက်ကမ်းပြီး သူ့ဆီက မီးအိမ်ကို အရင်လှမ်းပေးဖို့ တောင်းတယ်။ စစ်သည်တော်က စုန်းမကြီးရဲ့ အမူအရာကို မသင်္ကာတော့ အပေါ်ရောက်မှ ပေးမယ်လို့ ပြန်ပြောလိုက်တယ်။ အဲသလိုလည်း ပြောသံကြားရော စိတ်ဆိုးပြီး စုန်းမကြီးဟာ ရေတွင်းနှုတ်ခမ်းက ကြိုးကို ဖြုတ်ချလိုက်တာ စစ်သည်တော်လည်း ရေတွင်းထဲကို ပြန်ကျသွားပါလေရောတဲ့။

❑

ပြေ ၂၇

## အပြာရောင်မီးအိမ်

စစ်သည်တော်ဟာ ရေတွင်းအောက်ခြေကို ကျသွားပေမယ့် နာကျင်ခြင်း မရှိဘူးတဲ့။ စုန်းမကြီးပြောတဲ့ ပြောစကားကို သူ ပြန်ကြားယောင်နေတယ်။

'ဒီမီးအိမ်က အပြာရောင် မီးတောက်ဟာ ဘယ်တော့မှ အပြင်ကို မထွက်ဘူးတဲ့၊ အဲသလိုဆို ဘာအသုံးဝင်မှာလဲ'

လို့လည်း တွေးမိတယ်။ စစ်သည်တော်က သူတော့ ဘယ်နည်းနဲ့မှ ဒီရေတွင်းပျက်ထဲက အသက်ရှင်ရက် ပြန်ထွက်နိုင်မှာ မဟုတ်ဘူးလို့ ထင်တယ်။ သူ့ဘဝရဲ့ ဆိုးဝါးလှတဲ့ ကုသိုလ်ကြမ္မာကိုပဲ ထိုင်အပြစ်တင်နေမိတယ်။

ဒီရေတွင်းထဲမှာ သူ အစာငတ် ရေငတ်နဲ့ သေမှာပဲ။ မသေခင် ဆေးတံကလေး တစ်ဖွာတစ်ရှိုက်လောက်တော့ သူ သောက်သွားချင်တယ်။ ဒါကြောင့် သူဟာ သူ့မှာ ပါလာတဲ့ ဆေးတံကို မီးညှိဖို့အတွက် မီးအိမ်ပြာကို ကိုင်မြှောက်ပြီး မီးစာကို မြှင့်လိုက်တယ်။ အဲသလို မြှင့်တင်လိုက်တယ်ဆိုရင်ပဲ-

မထင်မှတ်ဘဲ မဖြစ်စလောက် မီးခိုးငွေ့တန်းကလေး ထွက်လာပြီး ညစ်ပတ်ပေရေနေတဲ့ မှင်စာသေးသေးလေး တစ်ကောင် ပေါ်လာတယ်။ သူက ဦးညွှတ်ပြီး-

"ကျွန်ုပ်ဟာ မီးခွက်စောင့် မှင်စာကလေးပါ။ အရှင်အလိုရှိရာ စေခိုင်းတော်မူပါ။ ပြီးမြောက်အောင် ဆောင်ရွက်ပေးပါ့မယ်" လို့ ပြောတယ်။ စစ်သည်တော်က အံ့အားသင့်ပြီး-

"တကယ်လားဟေ့၊ ဒီလိုဆိုရင် ငါ့ကို ဒီရေတွင်းကနေ အပြင်ရောက်အောင် အရင်လုပ်ပေး၊ ပြီးရင် ငွေစလေး ဘာလေးလည်း သုံးရအောင် ရှာပေဦး"

လို့ အမိန့်ပေးလိုက်တယ်။ သူ့စကားဆုံးတာနဲ့ တစ်ပြိုင်နက် သူဟာ ရေတွင်းပေါ် ပြန်ရောက်နေတာ တွေ့ရတယ်။ အဲဒီမှင်စာလေးက-

တဲအိမ်ပတ်ပတ်လည်မှာ ဝှက်ထားတဲ့ စုန်းမကြီးရဲ့ ရွှေငွေရတနာတွေကိုလည်း တွေ့အောင် ပြလိုက်တယ်။ စစ်သည်တော်ဟာ အချိန်ဖြုန်းမနေတော့ဘူး။ တွေ့တဲ့ ရတနာ



ရွှေငွေတွေကို အိတ်တွေနဲ့ ထည့်ယူတော့တာပေါ့။ သူ အဲသလို လုပ်နေချိန်မှာပဲ အဝေးက ကြောင်နက်ကြီးကို စီးပြီး သူ့ဆီလာနေတဲ့ စုန်းမကြီးကို လှမ်းမြင်လိုက်ရတယ်။

စစ်သည်တော်က မီးခွက်စောင့်ကို-

"ကဲဟေ့၊ အဲဒီစုန်းမကြီးကို ဖမ်းပြီး အပြစ်ပေးလိုက်စမ်း"

လို့ အမိန့်ပေးလိုက်တယ်။ သူ့စကားလည်းဆုံးတာနဲ့ ချက်ချင်းပဲ စုန်းမကြီးရဲ့ လက်နဲ့ ခြေတွေကို ကြိုးနဲ့တုပ်ပြီးသား ဖြစ်နေတော့တယ်။ သိပ်မကြာဘူး မီးခွက်စောင့် ပြန်ရောက်လာတယ်။

"သခင့်အမိန့်အတိုင်း စုန်းမကြီးကို ကားစင်တင်ပြီးပါပြီ"

လို့ ပြောလိုက်တယ်။ "ကောင်းပြီ" လို့ စစ်သည်တော်က ပြောပြီး အဲဒီနေရာက ထွက်လာခဲ့တော့တယ်။

❑

ပြေ ၂၈

## အပြာရောင်မီးအိမ်

အခုတော့ ဆင်းရဲတဲ့ စစ်သည်တော်ဟာ သူဌေးကြီးတစ်ဦးလို နေထိုင်နိုင်တဲ့ဘဝ ရောက်သွားပြီပေါ့ကွယ်။ သူဟာ သူ အိပ်မက်တောင် မမက်ဖူးတဲ့ ငွေကြေးတွေ ပိုင်ဆိုင်နေပြီ။ သူဟာ အကောင်းဆုံး ဆိုတဲ့ အဝတ်အစားတွေ ဝတ်ပြီး အကောင်းဆုံး ဆိုတဲ့ တည်းခိုခန်းတွေကို လှည့်လည်နေထိုင်တယ်။

တစ်ညတော့ သူဟာ စားကောင်းသောက်ဖွယ်တွေကို ဗိုက်တင်းအောင် စားပြီး မီးအိမ်ကို မြှင့်လိုက်တယ်။ မီးခွက်စောင့် ပေါ်လာပြီး-

"ဘာ အလိုရှိပါသလဲ သခင်" လို့ မေးတော့-

"ညဘက်ရောက်လို့ ဘုရင့်သမီးတော် အိပ်ပျော်လောက်တဲ့ အချိန်ရောက်ရင် အဲဒီ သူ့အိပ်ဆောင်ကိုသွား၊ အိပ်ရာထဲက ဘုရင့်သမီးကို ငါ့ဆီခေါ်လာခဲ့။ သူ့အဖေဆီမှာ ငါဟာ သစ္စာရှိရှိ အမှုထမ်းခဲ့ပေမယ့် ငါ့ကို ဘာဆုလာဘ်မှ မပေးခဲ့ဘူး။ ဒီတော့ လက်စားချေတဲ့ အနေနဲ့ ဒီမင်းသမီးကို ငါ အစေခံတစ်ယောက်လို ခိုင်းရမယ်" လို့ ပြောလိုက်တယ်။

အဲဒီညကျတော့ တကယ်ပဲ မီးခွက်စောင့်ဟာ အိပ်ပျော်နေတဲ့ မင်းသမီးလေးကို အိပ်ရာထဲကနေ စစ်သည်တော်ရဲ့အခန်းကို ခေါ်လာခဲ့တယ်။ စစ်သည်တော်က-

"ကောင်းတယ်ဟေ့၊ မိန်းမကောင်းဆိုတာ တံမြက်စည်းနဲ့ မကင်းကွာရဘူး။ ကဲ… သူ့ကို ဒီအခန်းကို လှည်းကျင်းပြီး ကြမ်းတိုက်ခိုင်း"

မင်းသမီးလေးဟာ အိပ်ပျော်ရက်နဲ့ တံမြက်စည်းလှည်း ကြမ်းတိုက်ရတယ်။ ပြီးတော့ စစ်သည်တော်ရဲ့ ဖိနပ်ကိုလည်း ပြောင်လက်အောင် တိုက်ရတယ်။ အဝတ်ဟောင်းတွေလည်း လျှော်ပေးရတယ်တဲ့။

လင်းကြက်တွန်ချိန်ရောက်မှပဲ မင်းသမီးလေးကို သူ့အိပ်ရာ ပြန်ပို့လိုက်တယ်။ မင်းသမီးလေးဟာ အိပ်ရာက နိုးတော့-

"ငါ ညက တော်တော်ထူးဆန်းတဲ့အိပ်မက် မက်တာပဲ"



လို့ တွေးမိတယ်။ အဲဒီအကြောင်းတွေကို သူ့အဖေဘုရင်ကြီးကို ပြန်ပြောတယ်။ သူ အိပ်ပျော်နေတုန်း မမြင်ဖူးတဲ့ စစ်သည်တော်တစ်ယောက်ဆီသွားပြီး အစေခံအလုပ်တွေလုပ်ခဲ့ရတဲ့ အကြောင်းပေါ့။

ဘုရင်ကြီးက မင်းသမီးလေးရဲ့ လက်ကို ယူကြည့်လိုက်တော့ လက်တွေ ညစ်ပတ်နေတာ တွေ့ရတယ်။ ဒီတော့ ဒါဟာ အိပ်မက်မဟုတ်ဘူးလို့ တွေးမိတယ်။ ဘာလုပ်ရရင် ကောင်းမလဲ လို့လည်း တွေးရတော့တာပေါ့ကွယ်။

❑

ပြော ၂၆

## အပြာရောင်မီးအိမ်

နောက်ဆုံးတော့ ဘုရင်ကြီးဟာ အကြံတစ်ခုရသွားတယ်။ ညအိပ်ရာဝင်ခါနီး သမီးတော်ရဲ့ လည်ပင်းမှာ ပဲစေ့ကလေး ထည့်ထားတဲ့ အိတ်ကလေးတစ်အိတ် ဆွဲပေးထားလိုက်တယ်။ အဲဒီအိတ်မှာ အပေါက်ကလေးတစ်ခုလည်း ဖောက်ထားတယ်။ ဘုရင်ကြီးရဲ့ ရည်ရွယ်ချက်က မင်းသမီးကလေးကို ခေါ်သွားရင် အဲဒီအိတ်ပေါက်ထဲက ပဲစေ့ကလေးတွေဟာ ခေါ်သွားတဲ့အိမ်ရောက်တဲ့အထိ လမ်းတစ်လျှောက်လုံး ကျကျန်ရစ်ခဲ့မယ်။ အဲဒီပဲစေ့ကလေးတွေကို ခြေရာခံလိုက်သွားရင် လူယုတ်မာကို မိမယ်ပေါ့လေ။

ဒါပေမဲ့ အဲဒီည မင်းသမီးကလေးကိုလာခေါ်တဲ့ မီးခွက်စောင့်က အဲဒီအိတ်ကလေးကို သတိပြုမိသွားတယ်။ အဲဒီတော့ လမ်းမပေါ်မှာ အဲဒီအိတ်ထဲက ပဲစေ့တွေကို ဖြန့်ကြဲပစ်ခဲ့တာပေါ့။ အဲဒီညလည်း မင်းသမီးလေးဟာ အလုပ်ကြမ်းတွေ လုပ်ရတယ်။ အိပ်ရာက နိုးတော့ သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတာပဲတဲ့။ ဒီတစ်ခါလည်း ဘုရင်ကြီးဟာ ရန်သူကို ခြေရာမခံမိပြန်ဘူး။ ဒီတော့ သမီးလုပ်တဲ့သူကို ဒီလို အကြံဉာဏ်ပေးတယ်။

"သမီး… ဒီတစ်ခါတော့ အဲသလိုခေါ်လို့ ရောက်သွားရင် လူယုတ်မာရဲ့ ခုတင်အောက်ကို သမီးရဲ့ ဖိနပ်တစ်ဖက် ကန်သွင်းထားခဲ့"

အဲဒီညလာခေါ်တော့ မင်းသမီးကလေးကလည်း သူ့အဖေ မှာတဲ့အတိုင်း လုပ်ခဲ့တယ်။ နောက်တစ်နေ့ ဘုရင့်အမိန့်နဲ့ စစ်သားတွေက တစ်အိမ်တက်ဆင်းရှာတော့ မင်းသမီးထားခဲ့တဲ့ ဖိနပ်ကို သွားတွေ့တယ်။ အဲဒီအခန်းက အပြာရောင်မီးအိမ်ပိုင်ရှင် စစ်သည်တော်ကိုလည်း တစ်ခါတည်း ဖမ်းခေါ်ခဲ့တာပေါ့။

ဘုရင်မင်းမြတ်ကလည်း သူ့သမီးတော်ကို ဒီလိုအလုပ်ကြမ်းတွေ ခိုင်းရမလားလို့ သိပ်စိတ်ဆိုးနေတော့ စစ်သည်တော်ကို တရားရုံးတင်လိုက်တယ်။ တရားရုံးက စစ်သည်တော်ကို သေဒဏ်အမိန့်ချလိုက်သတဲ့ကွယ်။



သေဒဏ်စီရင်တဲ့နေ့မှာ စစ်သည်တော်ဟာ ကြိုးစင်ပေါ်မှာ ရပ်နေရင်း သူ့ကို နောက်ဆုံးဆန္ဒအနေနဲ့ ဆေးတံသောက်ခွင့်ပေးဖို့ တောင်းတယ်။ ခွင့်ရတော့ သူ့ရဲ့အပြာရောင်မီးအိမ်က မီးစာကို မြှင့်လိုက်တယ်။

အဲသလိုလည်းမြှင့်လိုက်ရော မီးခွက်စောင့်ဟာ တင်းပုတ်ကြီးနဲ့ပေါ်လာပြီး မတရားဆုံးဖြတ်တဲ့ တရားသူကြီးကို တစ်ချက်တည်း ထုလိုက်တာ သေပါလေရော။ အဲဒါလည်း မြင်ရော ဘုရင်ကြီးဟာ ကြောက်လန့်သွားပြီး စစ်သည်တော်ကို သူ့သမီးနဲ့ ပေးစားလိုက်တယ်တဲ့ကွယ်။

* *The Blue Lamp*

❑

ဧပြီ ၂၀

## ကြောင်နဲ့ကြွက် ကမ္ဘာ့ရန်ဖြစ်ရခြင်း

ဟိုးတစ်ခါ တစ်ခါတုန်းက သိပ်တော့ ကြာပြီပေါ့ကွယ်။ အဲဒီတုန်းက ကြောင်ဘုရင်နဲ့ ခွေးဘုရင်တို့ စစ်ဖြစ်ကြတယ်တဲ့။ ဘုရင်တွေ စစ်ဖြစ်တယ်ဆိုတော့ တခြားခွေးတွေ ကြောင်တွေလည်း ပါကုန်ရတာပေါ့ကွယ်။ သူတို့ စစ်ဖြစ်ကြတာ အနှစ်တစ်ထောင်နဲ့ တစ်နှစ်ကြာတာတောင် မပြီးကြဘူးတဲ့။ ဘယ်သူ ဘယ်သူမှလည်း အနိုင်မရကြဘူးတဲ့။

နောက်ဆုံးတော့ သူတို့ ငြိမ်းချမ်းရေးလုပ်ကြရတာပေါ့။ စာရွက်တစ်ရွက်နဲ့ ငြိမ်းချမ်းရေး သဘောတူစာချုပ်လည်း ချုပ်ဆိုကြတယ်။ စာချုပ်ပေါ်မှာ ကြောင်က သူ့လက်သည်းတွေ ထုတ်ပြီး ခြစ်လိုက်တာနဲ့ လက်မှတ်ထိုးပြီးသား ဖြစ်သွားတယ်။ ခွေးတွေလည်း သူ့လက်ဖဝါးကို တင်ပြီး လက်မှတ်ထိုးသလို တံဆိပ်ခတ်လိုက်တာပေါ့။ ပြီးတော့ အဲဒီစာချုပ်ကို ဘယ်သူမှ မခိုးနိုင်အောင် သူတို့ဟာ ထပ်ခိုးလေးတစ်ခုပေါ်က ဂျုံစေ့အိတ်ထဲ သွားဝှက်ထားလိုက်တယ်။

တစ်နေ့တော့ ခရီးထွက်နေတဲ့ ခွေးတစ်ကောင်က ပြန်ရောက်လာတယ်။ သူက ငြိမ်းချမ်းရေးစာချုပ် ချုပ်ထားတာကို မသိဘူး။ ဒီတော့ လမ်းမှာတွေ့တဲ့ ကြောင်ကို သွားဖြဲပြီး မာန်ဖီပြတယ်။ ကြောင်က-

"ခင်ဗျား ရူးနေသလား၊ ရန်မပြုရေး ငြိမ်းချမ်းရေးစာချုပ် ချုပ်ထားတာ မသိဘူးလား" လို့ မေးတယ်။ ခွေးက-

"မင်းပြောတာ တကယ်လား၊ ငါ့ကို အဲဒီစာချုပ်ပြ"

လို့ ပြောတယ်။ အဲဒါနဲ့ ကြောင်နဲ့ခွေးဟာ ထပ်ခိုးကလေးဆီ သွားကြတယ်။ ထပ်ခိုးပေါ် ရောက်လို့ ဂျုံစေ့အိတ်ကို ကြည့်လိုက်တော့ ကြွက်တွေ ဖောက်စားထားလို့ အပေါက်ပေါက် အပြဲပြဲ ဖြစ်နေတယ်။ သူတို့ရဲ့ ငြိမ်းချမ်းရေးစာချုပ်ဟာလည်း ကြွက်တွေ လက်ချက်နဲ့ အစိတ်စိတ် အမြွာမြွာ ဖြစ်နေတာ တွေ့ရတယ်။


"မင်း ငါ့ကို လိမ်တာပဲ၊ သေပေတော့"



ဆိုပြီး ခွေးကကိုက်မယ်လုပ်လို့ ကြောင်က ဒရောသောပါး ထွက်ပြေးရတယ်။ အဲဒီအချိန်ကစပြီး ခွေးတွေဟာ ကြောင်တွေကို တွေ့ရင် သူတို့ကို လိမ်ရပ့ါမလားဆိုပြီး သွားဖြဲဟိန်းဟောက်ကြတာပဲ။ အဲဒီအချိန်ကစပြီး ကြောင်တွေကလည်း သူတို့ရဲ့ ငြိမ်းချမ်းရေးစာချုပ်ကို ကိုက်ဖြဲပစ်ရမလားဆိုပြီး ကြွက်တွေကို ဖမ်းသတ်ပစ်တဲ့အလေ့ ဖြစ်ပေါ်လာတာပဲတဲ့ကွယ်။

* ***Why Cats Catch Mice***

□



# MAY



မေ ၁

## ကျိန်စာသင့် ဖားမင်းသမီးလေး

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်မင်းလုပ်နေတဲ့ ဘုရင်ကြီးတစ်ပါးဆီမှာ သားတော်သုံးပါး ရှိတယ်တဲ့။ တစ်နေ့တော့ ဘုရင်ကြီးဟာ သားတော်သုံးပါးလုံးကို သူ့ရှေ့ကိုခေါ်ပြီး ဒီလိုပြောတယ်တဲ့။

"သားတော်တို့၊ လက်နက်တိုက်ထဲမှာရှိတဲ့ မြားအိုကြီးတစ်စင်းကို သွားယူကြ။ ပြီးရင် သားတော် တစ်ယောက်ကို တစ်ကြိမ် လေးပစ်ရမယ်။ အဲဒီလို ပစ်လိုက်တဲ့ သားတော်တို့ရဲ့ မြားတံကျရောက်ရာနေရာက မိန်းကလေးကို သားတော်တို့ ကိုယ်စီ လက်ထပ်ယူကြရမယ်။ ဒါဟာ အဖေ စီစဉ်လိုက်တဲ့ သားတော်တို့ရဲ့ ဖူးစာရှင် ရွေးချယ်ပွဲပဲ"

သားတော်တွေလည်း ဘုရင်ကြီးပြောတဲ့အတိုင်း လုပ်ဖို့ လက်နက်တိုက်ထဲက မြားကြီးကို သွားယူကြတယ်။ ပြီးတော့ သားတော်အကြီးဆုံးက စပြီး ပစ်တယ်။ သူ အသုံးပြုတာက ကြေးနီမြားတံတဲ့။ လယ်သမားကြီးတစ်ဦးရဲ့သမီး ခြေထောက်နားမှာ သွားစိုက်နေတယ်။ အဲဒီတော့ မင်းသားကြီးလည်း အဲဒီမိန်းကလေးကို ဇနီးအဖြစ် ယူလိုက်ရတယ်။

သားတော်အလတ်ကတော့ ငွေမြားတံကို အသုံးပြုပြီး တအားဆွဲပစ်လိုက်တယ်။ သူ ပစ်လိုက်တဲ့ မြားတံဟာ မြို့စားကြီးရဲ့ စံအိမ်ပြတင်းပေါက်ကနေ အထဲဝင်သွားပြီး မြို့စားသမီးတော် ထိုင်နေတဲ့ ကုလားထိုင်ရဲ့ နောက်ကျောမှာ သွားစိုက်နေတယ်။ ဒီတော့ မင်းသားလတ်လည်း မြို့စားကြီးသမီးနဲ့ လက်ထပ်လိုက်ရတယ်။

သားတော် အငယ်ဆုံးကတော့ ရွှေမြားတံကို အသုံးပြုပြီး သူ့မှာရှိတဲ့ ခွန်အားအကုန်နဲ့ လေးကို ပစ်လွှတ်လိုက်တယ်။ သူ ပစ်လိုက်တဲ့ မြားတံဟာ အရှိန်ပြင်းပြင်းနဲ့ မိုးကုပ်စက်ဝိုင်း ရောက်တော့မယ့်အလား ပြေးထွက်သွားတယ်။ ဒီတော့ မင်းသားလေးလည်း သူ့မြင်းကို ဒုန်းစိုင်းစီးပြီး မြားတံနောက် အမီလိုက်ရတော့တာပေါ့။

လမ်းတွေ၊ အိမ်တွေ၊ ကွင်းတွေ အများကြီးကို မြင်းနဲ့ ဖြတ်စီးခဲ့ရပြီး နောက်ဆုံးတော့ မင်းသားလေးဟာ လတာပြင် ဗွက်နွံတောကြီးတစ်ခုကို ရောက်သွားတော့တယ်။ အဲဒီက



ပိန်းရွက်တစ်ရွက်ရဲအောက်မှာ အင်မတန် အရုပ်ဆိုးတဲ့ ဖားမကလေး တစ်ကောင်က သူ့ရဲ့ ရွှေမြားတံကို ကိုက်ရက်သား သွားတွေ့ရတယ်။ မင်းသားလေးဟာ တော်တော် စိတ်ပျက်သွားတယ်။

သူ့အစ်ကိုတော်တွေ အသီးသီး လှမိန်းမတွေ ရသွားပါရက်နဲ့ သူ့ အလှည့်ကျမှ ဒီလို ရုပ်ဆိုးတဲ့ ဖားကလေးနဲ့ ကြုံရပါ့မလား ဆိုပြီး ကံကြမ္မာကို အပြစ်တင်တယ်။ အဲဒီ နေ့ရာက တစ်ခါတည်း ထွက်ပြေးဖို့လည်း ကြံရွယ်လိုက်တယ်။ သူ ကျော ခိုင်းလိုက်တာနဲ့ တစ်ပြိုင်နက် ဖားမလေး ဆီက လူသံနဲ့ ပြောလိုက်တဲ့ စကားသံကို ကြားလိုက်ရတယ်။

"အို… မင်းသားလေး၊ မင်းအဖေရဲ့ အလိုဆန္ဒကို မင်း ချိုးဖျက်ပစ်တော့မလို့လား"

ဒီစကား ကြားတော့ မင်းသားလေးဟာ တွေဝေသွားတယ်။ နောက်ဆုံးတော့ ငါ့အဖေရဲ့ ဆန္ဒအတိုင်း လိုက်နာပါတော့မယ်လို့ ဆုံးဖြတ်ပြီး ဖားမလေးကို ကောက်ယူပြီး နန်းတော်ကို ပြန်လာခဲ့တော့တယ်တဲ့ကွယ်။

မိဘစကား နားထောင်တဲ့ မင်းသားလေး ဘယ်လို ကောင်းကျိုးရမယ် ဆိုတာ နောက်နေ့မှပဲ ဆက်နားထောင်ကြတော့နော်။

❑

မေ ၂

## ကျိန်စာသင့် ဖားမင်းသမီးလေး

မင်းသားလေး နန်းတော်ကို ပြန်ရောက်လာတော့ သူခေါ်လာတဲ့ ဖားသတို့သမီးလေးကို ကြည့်ပြီး လူတွေက ဝိုင်းရယ်ကြတာပေါ့။ ဒီရွံစရာကောင်းတဲ့ သတ္တဝါကို ခပ်ဝေးဝေး သွားလွှင့်ပစ်လိုက်စမ်းပါလို့လည်း ပြောကြတယ်။ ဒီစကားသံတွေ ကြားတော့ ဖားမလေးဟာ ငိုတော့တာပေါ့။ မျက်ရည်ကျနေတဲ့ ဖားမလေးကို မြင်ပြီး မင်းသားလေးဟာ ပထမဆုံးအကြိမ် သူ့ရင်ထဲမှာ သနားကြင်နာတဲ့စိတ် ဖြစ်ပေါ်လာတယ်။ ဒီတော့ လွှင့်မပစ်ရက်တော့ဘူးပေါ့။

အဲဒီဖားမလေးကို သူ့အဆောင်ကိုပဲ ခေါ်သွားတော့တယ်။

"ဘုရင့်သားတော်တွေဟာ သူတို့ရဲ့ ကတိစကားကို ဘယ်တော့မှ မချိုးဖောက်ပါဘူးကွာ" လို့လည်း ဖားမလေးကို နှစ်သိမ့်စကားပြောလိုက်တယ်။

ဒီလိုနဲ့ နောက်တစ်နေ့ကျတော့ ဘုရင်ကြီးဟာ သူ့သားတော်တွေကို ခေါ်ပြီး ဒီလို ပြောပြန်တယ်။

"ငါ့ရဲ့ ချွေးမတော်တွေ ဘယ်လောက် အချက်အပြုတ်ကောင်းတယ် ဆိုတာ ငါ သိချင်တဲ့ဆန္ဒ ရှိတယ်။ ဒါကြောင့် မနက်ဖြန် ချွေးမတော်တွေဟာ ငါ့အတွက် ပေါင်မုန့်ဖြူ တစ်လုံးစီ ဖုတ်ပြီး ဆက်သကြရမယ်"

ဒီစကားကြားတော့ မင်းသားလေးလည်း စိတ်ပျက်ပြီး ပြန်လာတော့တာပေါ့။ သူ့ မိန်းမ ဖားကလေးက ဘယ်လိုလုပ် ပေါင်မုန့်ဖုတ်နိုင်ပါ့မလဲ။

အဲဒီအကြောင်း ဖားမလေးကို ပြန်ပြောပြတော့-

"မပူပါနဲ့ မောင်တော်ရယ်၊ မနက်ဖြန်ဆိုတာ ဒီနေ့ မဟုတ်ပါဘူး။ တခြားနေ့ တစ်နေ့ပါ" လို့ နှစ်သိမ့်တယ်။ ပြီးတော့ မင်းသားလေးကို သီချင်းဆိုပြီး ချော့သိပ်လိုက်တာ မင်းသားလေးလည်း အိပ်ပျော်သွားရောတဲ့။

မင်းသားလေးလည်း အိပ်ပျော်သွားရော ဖားမလေးဟာ နပေ့ ဆိုတဲ့ ဂျုံမှုန့်လေးတွေကို ရွေးပြီး နယ်တယ်။ ရေတစ်ခွက်လည်း ခပ်ပြီး ထည့်လိုက်သေးတယ်။ ဖားမကလေး

အဲသလို လုပ်နေတာကို ကပ်ရက်အခန်းက အစ်ကိုကြီးတွေရဲ့ ဇနီးတွေရဲ့ အိမ်စေမလေးက တံခါးကြား ထဲက ချောင်းကြည့်ရင်း တွေ့သွားတော့ သူ့သခင်မတွေကို ပြန်ပြောပြတယ်။

ပေါင်မုန့်ကို ဘယ်လိုဖုတ်ရမှန်းမသိတဲ့ အစ်ကိုတွေရဲ့ ဇနီးတွေကလည်း အစေခံမလေး ပြန်ပြောတဲ့အတိုင်း ဖားမလေးလုပ်သလို လိုက်လုပ်ကြတာပေါ့။ ဖားမလေးကတော့ သူ့မှာရှိတဲ့ ဗုံသေးသေးလေးကို ထုတ်တီးလိုက်တယ်။ ဗုံသံကြားတော့ အဝေးအနီးက အရောင်အသွေးစုံ ဖားလေးတွေဟာ စုဝေးရောက်လာကြပြီး ဖားမင်းသမီးလေး ပေါင်မုန့်ဖုတ်တဲ့နေရာမှာ ဝိုင်းကူကြတယ်။ နောက်ဆုံးတော့ သူတို့ဟာ အင်မတန် နူးညံ့ပြီး နှင်းပွင့်လို ဖြူဖွေးတဲ့ ပေါင်မုန့်ကို ဖုတ်လို့ ပြီးသွားတော့တယ်တဲ့။

ကျန်တဲ့ချွေးမနှစ်ယောက်ကတော့ ကောင်းကောင်း မဖုတ်တတ်တော့ သူတို့ ပေါင်မုန့်တွေဟာ ကျွမ်းတူးပြီး မီးသွေးခဲလို မည်းနက်နေတော့တယ်တဲ့။

❑



မေ ၃

## ကျိန်စာသင့် ဖားမင်းသမီးလေး

ဖားမလေးရဲ့ ပေါင်မုန့်ကို မြင်တော့ ဘုရင်ကြီးဟာ သိပ်သဘောကျသွားတယ်။ ကျန်တဲ့ ချွေးမနှစ်ယောက်ရဲ့ ပေါင်မုန့်တွေကိုတော့ ခွေးစာခွက်ထဲ လွှင့်ပစ်လိုက်တယ်။ အဲဒီနောက်တော့ ဘုရင်ကြီးဟာ သားသုံးယောက်ကိုခေါ်ပြီး ဒီလို ပြောပြန်တယ်။

"ငါ့ရဲ့ ချွေးမတော်တွေ အချုပ်အလုပ် ဘယ်လောက် ကျွမ်းကျင်တယ်ဆိုတာ ငါ သိချင်တယ်။ ဒီတော့ မင်းတို့ရဲ့ ဇနီးတွေကို နောက်နေ့ကျရင် ပိုးကော်ဇောတစ်ခု ရက်လုပ်ပြီး ငါ့ဆီ ဆက်သခိုင်းစမ်း"

ဒီသတင်းကို မင်းသားလေးက ပြန်ပြောပြတော့ ဖားမလေးက ပြုံးပဲ နေလိုက်တယ်။ ပြီးတော့ သူဟာ ပိုးချည်မျှင်ကလေးတွေကို ဖြတ်၊ ပြတင်းပေါက်ကနေတစ်ဆင့် ကွင်းပြင်ထဲ ဖြန့်ထားလိုက်တယ်။

ဖားမကလေး အဲသလိုလုပ်တယ်ဆိုတာ သူတို့ရဲ့ အစေခံတွေက ပြန်ပြောတော့ ကျန်တဲ့ ချွေးမနှစ်ယောက်ကလည်း ဖားမလေးလုပ်သလို လိုက်လုပ်ကြတယ်။ ဒါပေမဲ့ လေတိုက်လိုက်တဲ့ အခါကျတော့ သူတို့ရဲ့ ချည်မျှင်တွေဟာ ကောက်ရိုးတွေ၊ ဆူးချုံတွေနဲ့ ငြိပြီး ရှုပ်ထွေးကုန်တော့တယ်။ ဒီတော့ သူတို့ရက်တဲ့ ကော်ဇောတွေလည်း ပုံပျက်ပန်းပျက် ဖြစ်နေတော့တာပေါ့။

ဖားမကလေးကတော့ သူ့ဖုံလေးကို ထုတ်တီးလိုက်တယ်ဆိုရင်ပဲ ပန်းခြံဥယျာဉ်တောထဲက ကြားသမျှ ဖားလေးတွေက ရောက်လာကြပြီး သူ ကော်ဇောရက်တဲ့နေရာမှာ ဝိုင်းကူညီတယ်။ ဒီတော့ သူ့ကော်ဇောလေးဟာ သိပ်လှတယ်တဲ့။

အဲဒီကော်ဇောပေါ်မှာ ပုလဲလုံးကလေးတွေလည်း ထည့်သီရက်ထားသေးတယ်။ ညမှာ ကြယ်ရောင်ကလေးတွေ ဝင်းလဲ့နေတာနဲ့ တူတယ်။ တခြား ကျောက်မျက်ရတနာတွေလည်း ထည့်ရက်ထားသေးတယ်။ နေရောင်ကြောင့် ရေကန်ထဲမှာ လှိုင်းတွန့်ကလေးတွေ တဖိတ်ဖိတ် လက်နေတာနဲ့ တူတယ်တဲ့။ အဲဒီကော်ဇောကို ကြည့်ပြီး ဘုရင်ကြီးဟာ သူ့မျက်လုံးတွေကို သူ မယုံနိုင်အောင် ဖြစ်နေတယ်တဲ့။

အဲဒီနောက်တော့ ဘုရင်ကြီးဟာ အမိန့်တစ်ခု ထပ်ပေးပြန်တယ်။

"မနက်ဖြန်ကျရင် ငါ ဥယျာဉ်တော် ကပွဲကြီးတစ်ခု ကျင်းပမယ်။ အဲဒီပွဲမှာ ငါ့ချွေးမတော်တွေဟာ တက်လာတဲ့ ငါ့ဧည့်သည်တွေနဲ့ တွဲကစေချင်တယ်"

ဒီစကားကြားတော့ မင်းသားလေးဟာ မဖြစ်နိုင်တာ တွေးပြီး စိတ်ပျက်ဝမ်းနည်းသွားတယ်။ ဖားမလေးကို ပြန်ပြောတော့ ဖားမလေးက-

"ဝမ်းနည်းမနေပါနဲ့ မောင်တော်ရယ်၊ မနက်ဖြန်ကျရင်သာ ဥယျာဉ်ပွဲတော်ထဲက ဝက်သစ်ချစားပွဲခုံမှာ ထိုင်ပြီး နှမတော်အလာကို စောင့်ကြိုနေပါ" လို့ အေးအေးလူလူ ပြောလိုက်တယ်။

နောက်နေ့ကျတော့ မင်းသားလေးဟာ ဖားမလေး ပြောလိုက်သလို ဥယျာဉ်ပွဲတော်ထဲက ဝက်သစ်ချစားပွဲခုံကြီးမှာ ထိုင်ပြီး စောင့်မျှော်နေလိုက်တယ်။ အဲဒီအချိန်မှာပဲ ဥယျာဉ်တော်ထဲကို အင်မတန် လှပတဲ့ ရွှေချထားတဲ့ မြင်းရထားတစ်စီး ဝင်လာတယ်။ ပြီးတော့ အဲဒီ မြင်းရထားပေါ်က အင်မတန် ချောမောလှပတဲ့ မင်းသမီးလေး တစ်ပါး ဆင်းလာပြီး-



"ကျွန်မဟာ ဟောဒီ မင်းသားလေးရဲ့ ကြင်ရာတော်၊ ဘုရင်မင်းမြတ်ရဲ့ ချွေးမတော် အငယ်ဆုံး ဖြစ်ပါတယ်" လို့ ကြေညာလိုက်တယ်။

သူ့စကားသံလေးက လည်း အင်မတန် ချိုမြသာယာတယ်။ သူလေးဟာ နတ်ပြည်က နတ်သမီးလေးတစ်ပါးလို လှတော့ မြင်ရတဲ့သူတွေက အံ့သြကုန်တယ်။ ဒီလိုနဲ့ ဘုရင်ကြီး ဧည့်သည်တွေနဲ့ တွဲပြီး ကနေရတော့တယ်တဲ့ကွယ်။

❑

မေ ၄

## ကျိန်စာသင့် ဖားမင်းသမီးလေး

လူတွေအားလုံးဟာ ပျော်ရွှင်ကြတယ်။

"ဘုရင်ကြီး ကျန်းမာစေဖို့အတွက်၊ ဘုရင်ကြီးရဲ့ အလှပဆုံး ချွေးမတော်လေးအတွက်" လို့ ဆုတောင်းပြီး ဂုဏ်ပြု အရက်တွေ သောက်ကြတယ်။ မင်းသားလေးဟာ ဘယ်သူမှ မမြင်မသိရအောင် တိတ်တိတ်ကလေး သူ့အခန်းဆောင်ကို ပြန်လာခဲ့တယ်။ အဲဒီအချိန်မှာ မင်းသမီးလေးရဲ့ ခုတင်ပေါ်မှာ အင်မတန် အရုပ်ဆိုးတဲ့ ဖားအရေခွံတစ်ခုကို တွေ့ရတော့ သူက ယူပြီး မီးရှို့ပစ်လိုက်တာပေါ့။

အဲသလိုရှို့လိုက်ရော တစ်ပြိုင်နက်တည်း ပြင်းထန်တဲ့ မိုးခြိမ်းသံကြီး ပေါ်လာပြီး ရွှေရထားကြီး ပြန်ရောက်လာတော့တယ်။ ဖားမင်းသမီးလေးကလည်း ရိပ်မိသွားပြီး-

"ဖြစ်ရလေ မောင်တော်ရယ်၊ မနက်ထိအောင်သာ စောင့်စားလိုက်ရင် ကျိန်စာပြယ်ပြီး မောင်တော်နဲ့ နှမတော် တစ်သက်လုံးအတူတူ နေကြရတော့မှာ။ အခုတော့ မိစ္ဆာကောင် မှော်ဆရာရဲ့ နန်းတော်ကို နှမတော် ပြန်သွားရတော့မယ်" လို့ ပြောပြီး ရထားလုံးပေါ်တက်လိုက်ပါသွားတော့တယ်တဲ့။

မင်းသားလေးဟာလည်း သူ့မြင်းကိုစီးပြီး အဲဒီရထားကြီးနောက် လိုက်တော့တာပေါ့လေ။ ဒါပေမဲ့ တောအုပ်တစ်အုပ်ထဲ အရောက်မှာတော့ မျက်ခြည်ပြတ်သွားတော့တယ်တဲ့။ အဲဒီလိုနဲ့ တောထဲမှာ မြင်းတစ်စီးနဲ့ လှည့်လည်နေတုန်း သူဟာ ထူးထူးဆန်းဆန်း တဲလေး တစ်လုံးကို တွေ့ရတယ်။ အဲဒီတဲဟာ ပိုးကောင်ကြီးတစ်ကောင်ရဲ့ ခြေထောက်တွေပေါ်မှာ ဆောက်ထားသလိုပဲ။ ဟိုကနေဒီ၊ ဒီကနေဟို လှည့်လည်သွားလာနေတယ်တဲ့။

အဲဒီတဲပြတင်းပေါက်မှာ အရုပ်ဆိုးဆိုး ပိန်ချည့်ချည့်စုန်းမကြီး တစ်ယောက်ကို တွေ့ရတယ်။ စုန်းမကြီးရဲ့လက်ထဲမှာ အရိုးတွေထည့်ထားတဲ့ အိတ်တစ်အိတ်ကို ကိုင်ထားပြီး-

"ငါ့အခိုင်းအစေ ဝက်ဝံတို့၊ သိမ်းငှက်တို့၊ ငါးရံ့တို့ လာ...လာ... စားကြ"

လို့ ခေါ်ပြီး အဲဒီအရိုးတွေကို ပစ်ကြဲကျွေးနေတာ တွေ့ရတယ်။ အဲဒါနဲ့ မင်းသားလေးဟာ သူ့ခြေသလုံးက အသားတချို့ကို ဖဲ့ပြီး အဲဒီတိရစ္ဆာန်တွေကို ပစ်ကျွေးလိုက်တယ်။ အဲဒီအပြုအမူကို စုန်းမကြီးက မြင်တော့-

"မင်းဟာ တော်တော် ဉာဏ်အမြော်အမြင် ကြီးမားတဲ့ ကောင်လေးပဲ။ ဒီအတွက် မင်းကို ငါ ဆုချလိုက်မယ်။ ဒီကနေသွားရင် သိပ်မဝေးတဲ့နေရာမှာ အင်မတန်မြင့်တဲ့ ဝက်သစ်ချပင်ကြီးတစ်ပင် ရှိတယ်။ အဲဒီဝက်သစ်ချပင်ကြီးရဲ့အပေါ်မှာ သေတ္တာတစ်လုံး ရှိတယ်။ အဲဒီသေတ္တာထဲမှာ ငန်းတစ်ကောင် ရှိတယ်။ အဲဒီငန်းရဲ့အထဲမှာ ဥတစ်လုံး ရှိတယ်။ အဲဒီဥထဲမှာ သံချေးတက်နေတဲ့ အပ်တစ်ချောင်း ရှိတယ်။ အဲဒါဟာ မင်းရဲ့ဇနီးကို ပြုစားထားတဲ့ မိစ္ဆာကောင် မှော်ဆရာကြီးရဲ့ ဝိညာဉ်ပဲ။ အဲဒီအပ်ရဲ့ထိပ်ချွန်ကလေးကို ချိုးလိုက်ရင် မှော်ဆရာကြီး သေဆုံးပြီး မင်းဇနီးနဲ့မင်း ပြန်ဆုံရမယ်"

လို့ ပြောတယ်။ ဒီလိုနဲ့ စုန်းမကြီး ညွှန်လိုက်တဲ့အတိုင်း မြင်းကို ဆက်စီးလာတော့ အင်မတန်မြင့်တဲ့ ဝက်သစ်ချပင်ကြီး တစ်ပင်ကို တွေ့ရတယ်။ ဝက်သစ်ချပင်ကြီးဟာ မြင့်လွန်းလို့ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေတုန်း-

ရုတ်တရက် ဝက်ဝံကြီးပေါ်လာပြီး အဲဒီအပင်ကြီးကို အမြစ်က ကိုင်လှုပ်တော့တယ်တဲ့။ ဒီတော့ အပင်ထိပ်က သေတ္တာကြီးလည်း အောက်ပြုတ်ကျလာပြီး ပွင့်သွားတော့တာပေါ့။ သေတ္တာကြီး ပွင့်သွားတာနဲ့အထဲက ငန်းလည်း ထပျံပြေးတော့တယ်။ အဲဒီငန်းကို ရုတ်တရက် သိမ်းငှက်က ပေါ်လာပြီး သူ့ခြေထောက်တွေနဲ့ ကုပ်ဖမ်းပြီး မင်းသားလေးဆီ ခေါ်လာတယ်။

ငန်းကလည်း ရေကန်ထဲကို သူ့ဥကို ဥချလိုက်တယ်။ ရေနက်ထဲကျသွားတဲ့ အဲဒီဥကို ငါးရံ့က ကိုက်ပြီး မင်းသားလေးကို ပေးတယ်။ မင်းသားလေးလည်း အဲဒီဥကို ခွဲလိုက်တော့ အထဲက သံချေးတက်နေတဲ့ အပ်ကလေးတစ်ချောင်းကို တွေ့ရတယ်။ အဲဒီအပ်ကလေးရဲ့ ထိပ်ကို ချိုးလိုက်တာနဲ့ ပြင်းထန်တဲ့ မိုးခြိမ်းသံကြီး ထွက်ပေါ်လာပြီး-

ရုတ်တရက် သူ့ရှေ့မှာ မင်းသမီးလေး ပေါ်လာတော့တယ်တဲ့။ မင်းသားလေးလည်း သူ့ကြင်ရာတော် မင်းသမီးလေးကို မြင်းပေါ်တင်ပြီး နန်းတော်ကြီးဆီကို ပြန်လာခဲ့တော့တယ်တဲ့ကွယ်။

* ***The Frog Czarevna***

❑

မေ ၅

## စစ်သားသစ်သုံးယောက်နှင့် ဘီလူး

တစ်ခါတုန်းက အတူနေ သူငယ်ချင်းသုံးယောက်ဟာ တခြားအလုပ်အကိုင်ကလည်း ရှာဖွေရတာ မလွယ်တာနဲ့ သူတို့အထဲက အကြီးဆုံးလူက-

"ငါတို့စစ်ထဲဝင်ရရင် ကောင်းမယ်၊ စစ်တပ်တစ်တပ်ကို သွားဆက်သွယ်ကြမယ်"

လို့ ပြောတော့ ကျန်နှစ်ယောက်ကလည်း သဘောတူလိုက်ကြတယ်။ ဒီလို သူတို့ဟာ စစ်သားတွေလို တန်းစီပြီး ပါးစပ်ကလည်း 'ဘယ်ညာ၊ ဘယ်ညာ' လို့ ဆိုပြီး လျှောက်လာခဲ့ကြတာပေါ့ကွယ်။

ဒီလိုနဲ့ သူတို့ဟာ ကြီးမားတဲ့ ရေကန်ကြီးတစ်ကန် ဘေးကို ရောက်လာတယ်။ အဲဒီ ရေကန်အလယ်မှာ ကျွန်းကြီးတစ်ကျွန်း ရှိတယ်။ အဲဒီကျွန်းကြီးပေါ်မှာ အိမ်ကြီးတစ်လုံး ရှိတယ်။ အဲဒီအိမ်ကြီးမှာ ဘီလူးကြီးတစ်ကောင် နေနေတယ်တဲ့။

အဲဒီအိမ်ပြတင်းပေါက်ကနေ သူတို့ကိုကြည့်နေတဲ့ ဘီလူးကြီးကို မြင်တော့ အဲဒီ သူငယ်ချင်းသုံးယောက်က နောက်ရွတ်ရွတ် အလေးတောင် ပြုသွားကြတယ်တဲ့။ အကြောက်အလန့် မရှိကြဘူးပေါ့ကွယ်။ ဒီလိုနဲ့ သူတို့ ဆက်လျှောက်လာလိုက်ကြတာ သစ်တောအစွန်မှာ စခန်းချ ရပ်နားနေတဲ့ စစ်တပ်ကြီးရှိရာကို ရောက်သွားကြတယ်။

သူတို့ အဲဒီစစ်တပ်က ဗိုလ်ကြီးဆီသွားပြီး ကျွန်တော်တို့ စစ်မှုထမ်းချင်လို့ပါလို့ ပြောတာပေါ့လေ။ ဒီတော့ စစ်ဗိုလ်လုပ်တဲ့လူက သူ့နှုတ်ခမ်းမွေး ကော့ကော့ကြီးကို လက်နဲ့ လိမ်ပြီး-

"စစ်သားလုပ်တယ်ဆိုတာ မလွယ်ဘူးကွ၊ အကြောက်အလန့် ကင်းရတယ်။ ဒီတော့ ပထမ မင်းတို့သတ္တိကို အရင်စမ်းရမယ်" လို့ ပြောတယ်။

သူတို့သုံးယောက်ထဲက အငယ်ဆုံးကို-

"မင်း ဘီလူးကြီးရဲ့မုန့်ကို ငါ့ဆီရောက်အောင် ယူလာနိုင်ခဲ့ရင် မင်းကို ငါ စစ်ဝတ်စုံ တစ်စုံ ထုတ်ပေးမယ်"

လို့ ပြောတယ်။ အငယ်ဆုံးလည်း အလေးပြုပြီး ချက်ချင်းပဲ ဘီလူးကြီးရဲ့အိမ်ရှိရာကို ပြန်လှည့်ထွက်လာခဲ့တယ်။ ကန်စပ်ရောက်တဲ့အခါကျတော့ စီးဖို့လှေကို သူ့ဘာသာသူဆောက်ရသေးတယ်။ သူဟာ အဲဒီလှေနဲ့သွားလို့ ရေလယ်ကျွန်းရောက်တော့ ဘီလူးကြီးရဲ့အိမ်ထဲကို တိတ်တိတ် ခိုးဝင်တယ်။

ပြီးတော့ တစ်ညလုံး မီးဖိုထဲမှာပုန်းပြီး ဘီလူးကြီး အိပ်ပျော်အောင် စောင့်ရတယ်။ ဘီလူးကြီး အိပ်မောကျနေတော့မှ သူ့မှန်ကို ခိုးယူပြီး တပ်စခန်းကို ပြန်ပြေးတော့တယ်။ စစ်ဗိုလ်လုပ်တဲ့သူက သိပ်သဘောကျသွားတယ်။ အဲဒါနဲ့ သူ့ကို စစ်ဝတ်စုံတစ်စုံ ထုတ်ပေးပြီး စစ်သားအဖြစ်နဲ့ လက်ခံလိုက်တော့တယ်။

ကဲ… အဲဒီစစ်ဗိုလ်က နောက်နှစ်ယောက်ကို ဘယ်လိုတွေ ခိုင်းတယ်။ သူတို့ကရော ခိုင်းတဲ့အတိုင်း စွမ်းဆောင်နိုင်ပါ့မလားဆိုတာ မနက်ဖြန်မှပဲ ဆက်နားထောင်ကြတော့နော်။

❑



မေ ၆

## စစ်သားသစ်သုံးယောက်နှင့် ဘီလူး

နောက်နေ့ကျတော့ ဒုတိယလူကို စစ်ဗိုလ်က-

"မင်းကတော့ ဘီလူးကြီးရဲ့ အိပ်ရာခင်းကို ငါ့ဆီရအောင် မင်း ယူလာခဲ့ရမယ်" လို့ အမိန့်ပေးခိုင်းပြန်တယ်။ သူလည်း ပထမလူလိုပဲ မီးဖိုချောင်ထဲမှာ တစ်ညလုံး ပုန်းနေတယ်။ ဘီလူးကြီး အိပ်ပျော်တော့မှ အိပ်ရာဆီကို သွားပြီး အိပ်ရာခင်းကို ဆွဲယူတယ်။ ဘယ်လိုဆွဲဆွဲ မရဘူးတဲ့။ ဘီလူးကြီးက အဲဒီအပေါ်မှာ အိပ်နေတာကိုး။

နောက်တော့ အိပ်ရာဘေးမှာ ပယင်းလုံးကြီးနှစ်လုံး ချထားတာကို တွေ့တော့ အကြံရသွားတယ်။ ကြမ်းပြင်ပေါ်မှာ အဲဒီပယင်းလုံးတွေချ အိပ်ရာခင်းကိုတင်ပြီး ဆွဲတော့ ပယင်းလုံးရဲ့ လိမ့်အားနဲ့ အိပ်ရာခင်းဟာ သူ့ဆီ ပါလာတော့တယ်။ သူလည်း တပ်ကို ချက်ချင်း ပြန်ပြေးလာခဲ့တာပေါ့။

ခိုင်းလိုက်တဲ့ စစ်ဗိုလ်ကတော့ သူ့မျက်လုံးသူ မယုံနိုင်အောင် ဖြစ်နေတယ်။ အဲဒီ ဒုတိယလူကိုလည်း ချက်ချင်း တပ်ကြပ်ရာထူး ပေးလိုက်တယ်။ နောက်ဆုံး တစ်ယောက်ကိုတော့-

"ကဲ… မင်း ဘီလူးဆီကိုသွား၊ ဘီလူးကို ငါ့ဆီ ခေါ်လာနိုင်ရင် မင်းကို ငါ စစ်ဗိုလ် ခန့်မယ်"

လို့ ပြောတယ်။ စစ်ဗိုလ်ဖြစ်ရင် ဧည့်ခန်းရှစ်ခန်း၊ စားပွဲခုံရှစ်လုံးနဲ့ အိမ်ကို ပေးမယ်လို့လည်း ပြောတယ်။ ခင်ဗျား ကတိသာ တည်ပါစေလို့ ပြောပြီး အဲဒီလူလည်း ထွက်ခဲ့တယ်။ သူက မြင်းတစ်ကောင်နဲ့ ခရာတစ်ခုပဲ ယူလာခဲ့တယ်။

သူ ရေလယ်ကျွန်းကို လှေနဲ့ကပ်သွားတော့ ကျောက်ဆောင်ပေါ် ထိုင်မှိုင်နေတဲ့ ဘီလူးကို တွေ့ရတယ်။ သူ့ရဲ့ မှန်နဲ့ အိပ်ရာခင်း လူခိုးခံရလို့ စိတ်ညစ်နေတာတဲ့။ အဲဒီလူက သူ့ခရာကို အကျယ်ကြီး မှုတ်လိုက်ပြီး ဘီလူးကို-

"ကြားရဲ့လား၊ ဒီနေ့ဟာ တရားစီရင်ရာနေ့ကို ရောက်လာပြီ" လို့ ပြောတယ်။

(ခရစ်ယာန် အယူအဆအရ အဲဒီနေ့ရောက်ရင် သတ္တဝါတိုင်း တရားစီရင်တာ ခံကြရတယ်။)

သူက-

"ကျုပ်ဟာ ခင်ဗျားအတွက် ခေါင်းလုပ်ပေးဖို့ ရောက်လာတာပဲ၊ ခင်ဗျား ခေါင်းချရမယ့်နေရာဟာ ဒီနေရာပဲ" လို့ ပြောတယ်။

ဘီလူးကလည်း အဟုတ်မှတ်သွားတာပေါ့။ အဲဒီမှာ သူကပဲ ဘီလူးကို သစ်ပင်ခုတ်နိုင်းတယ်။ ခေါင်းလုပ်နိုင်းတယ်။ ပြီးတော့-

"ဒီခေါင်း ခင်ဗျားနဲ့ တော်၊ မတော် သိရအောင် ဝင်လှဲကြည့်စမ်းပါ" လို့ ပြောတယ်။

ဘီလူးကလည်း ခပ်ထုံထုံ ဆိုတော့ ပြောတဲ့အတိုင်း လုပ်တာပေါ့။ ဘီလူးလည်း ခေါင်းထဲရောက်ရော သူက ခေါင်းဖုံးကို အလျှင်အမြန် ဆွဲပိတ်ပြီး အပေါ်က သံရိုက်လိုက်တယ်။ ပြီးတော့ အဲဒီခေါင်းကို မြင်းနဲ့ဆွဲပြီး တပ်စခန်းကို ပြန်လာခဲ့တယ်။

စစ်ဗိုလ်က "ငါ့တစ်သက်နဲ့ တစ်ကိုယ် မမြင်ဘူးပါလားကွာ" လို့ ပြောပြီး ကတိအတိုင်း စစ်ဗိုလ်ရာထူး ပေးလိုက်တယ်တဲ့။

* ***The Three Recurits and the Giant***

❑



မေ ၇

## သံဖြူစစ်သားလေး

တစ်ခါတုန်းက ကောင်လေး တစ်ယောက်ဟာ သူ့မွေးနေ့လက်ဆောင်အဖြစ် သံဖြူစစ်သားလေးတွေပါတဲ့ စက္ကူသေတ္တာလေးတစ်လုံး ရတယ်တဲ့။ အဲဒီသံဖြူစစ်သားရုပ်ကလေးတွေဟာ စုစုပေါင်း ၂၅ ရုပ်တောင် ရှိတယ်တဲ့။ သူတို့အားလုံးဟာ တစ်ယောက်နဲ့ တစ်ယောက် အသွင်တူ အဆင်တူတွေတဲ့။ တူမှာပေါ့၊ သူတို့အားလုံးကို သံဖြူဇွန်းကြီး တစ်ဇွန်းတည်းက သွန်းလုပ်ခဲ့တာကိုး။ ဒီတော့ သူတို့ကို ညီအစ်ကိုတွေပဲ ဆိုကြပါတော့။

တစ်ခုတော့ ပြောစရာရှိတယ်။ တခြား စစ်သားရုပ်တွေအားလုံး ခြေထောက် နှစ်ဖက်စီပါပေမယ့် သူတို့ထဲက စစ်သားရုပ်လေး တစ်ရုပ်ကတော့ ခြေထောက်ကလေးတစ်ချောင်းပဲ ရှိရှာတယ်။ အဲဒီစစ်သားရုပ်ကလေးက နောက်ဆုံးမှ လုပ်တာ ဆိုတော့ သံဖြူက ကုန်သွားလို့ အဲဒီလို ခြေထောက်တစ်ဖက် ကျန်ခဲ့တာပေါ့။

အဲဒီအရုပ်ကလေးတွေ လက်ဆောင်ရတဲ့ ကောင်လေးဟာ အဲဒီစစ်သားရုပ်ကလေးတွေနဲ့ စစ်တိုက်တမ်း ကစားတယ်။ သူကိုယ်တိုင်ကတော့ ဘုရင်လုပ်ပြီး အမိန့်ပေးတာပေါ့လေ။ အဲဒီစားပွဲပေါ်မှာ တခြား ကစားစရာအရုပ်တွေလည်း တော်တော်များများ ရှိတယ်။ အဲဒီထဲက အလှဆုံး အရာကတော့ စက္ကူနဲ့လုပ်ထားတဲ့ ရဲတိုက်ကလေးပဲတဲ့။ အဲဒီရဲတိုက်ရဲ့ရှေ့မှာ စက္ကူနဲ့ လုပ်ထားတဲ့ သစ်ပင်ကလေးတွေလည်း ရှိတယ်။ ပြီးတော့ မှန်နဲ့လုပ်ထားတဲ့ ရေကန်လည်း ရှိတယ်တဲ့။ အဲဒီမှန်ပေါ်မှာ ဖယောင်းနဲ့လုပ်ထားတဲ့ ငန်းကလေးတွေကို ချထားတော့ အဲဒီ ငန်းရုပ်ကလေးတွေ မှန်ထဲမှာ အရိပ်ထင်နေတာဟာ ရေကန်ထဲမှာ အရိပ်ထင်နေတဲ့ အတိုင်းပဲတဲ့။

ဒါပေမဲ့ တကယ့်အလှဆုံး ချစ်စရာအကောင်းဆုံး အရာကတော့ ရဲတိုက်ရဲ့ အဝင်ပေါက်နားမှာ ကနေတဲ့ စက္ကူယုမင်းရုပ်ကလေးပါပဲတဲ့။ သူ့ရဲ့လက်တွေကို ခေါင်းပေါ်မှာ မြှောက်ထားတယ်။ ခြေထောက် တစ်ဖက်ကိုလည်း အမြင့်ကြီး မြှောက်ထားတယ်။ လှလှပပ ကနေတဲ့ ဟန်ပေါ့။ ဒါပေမဲ့ စစ်သားရုပ်ကလေးကတော့ အဲဒီကချေသည်မလေးကို သူ့လိုပဲ ခြေထောက် တစ်ဖက်တည်းရှိတဲ့သူလို့ ထင်နေတယ်။

"အင်း… သူနဲ့ငါဟာ တကယ်လိုက်ပါတယ်၊ သူဟာ ငါ့ဇနီး ဖြစ်ထိုက်တဲ့သူပဲ" လို့ တွေးမိပြီး စွဲလမ်းချစ်ခင်နေတယ်။ သူ တစ်ဆက်တည်း စဉ်းစားမိတာက–

"အင်း… သူနဲ့ ငါနဲ့က အဆင့်အတန်းချင်း ဝေးကွာလွန်းပါတယ်၊ သူက ရဲတိုက်ကြီးနဲ့ နေတာ၊ ငါနေတဲ့ ခပ်ချာချာ စက္ကူသေတ္တာထဲမှာ နေချင်မှာ မဟုတ်ဘူး" လို့ပေါ့။





သူက နှာဘူးတစ်ဘူးရဲ့နောက်ကို ရွှေ့လိုက်ပြီး စက္ကူကချေသည် ယမင်းရုပ်ကလေးကို တစ်ချိန်လုံး ငေးစိုက်ကြည့်နေပါတော့တယ်တဲ့။

သံဖြူစစ်သားလေးနဲ့ ယမင်းစက္ကူရုပ်ကလေးရဲ့ ကြေကွဲဖွယ်ရာ အချစ်ကြမ္မာဇာတ်လမ်းကိုတော့ နောက်နေ့မှပဲ ဆက်နားထောင်တော့နော်။

□

မေ ၈

## သံဖြူစစ်သားလေး

ဒီလိုနဲ့ ညရောက်လာတယ်။ ကျန်တဲ့ သံဖြူစစ်သားရုပ်ကလေးတွေလည်း သူတို့နေရာ စက္ကူဘူးထဲ ပြန်ရောက်သွားကြတယ်။ ခြေတစ်ဖက်တည်းရှိတဲ့ စစ်သားရုပ်ကလေးကိုတော့ နှာဘူးနောက်ရောက်နေလို့ မမြင်ဘဲ မေ့သွားဟန် တူတယ်။ ညသန်းခေါင် ၁၂ နာရီ ထိုးသံ ထွက်ပေါ်လာတယ်။

အဲဒီအချိန်မှာပဲ နှာဘူးရဲ့အဖုံး ပွင့်သွားပြီး အထဲက မှင်စာလေးတစ်ကောင် ထွက်လာတယ်။ အဲဒီမှင်စာလေးဟာ စက္ကူကချေသည်မလေးကို စိုက်ကြည့်နေတဲ့ သံဖြူစစ်သားလေးကို တွေ့တော့-

"ဟေ့ကောင် … ခုချက်ချင်း မင်းရဲ့မျက်လုံးတွေကို လွှဲလိုက်စမ်း" လို့ အော်တယ်။

ဒါပေမဲ့ သံဖြူစစ်သားလေးဟာ လုံးဝ မကြားချင်ယောင်ဆောင်နေလိုက်တယ်။ အဲဒီတော့ မှင်စာလေးက ဒေါပွသွားတယ်။

"အေး… မနက်ကျရင်တော့ မင်း ငါ့အကြောင်း ကောင်းကောင်း သိရမှာပေါ့ကွာ" လို့ ကြိမ်းမောင်းတယ်။

ဒီလိုနဲ့ မိုးလင်းလာရော ကလေးတစ်ယောက်က သံဖြူစစ်သားရုပ်ကလေးကို ပြတင်းဘောင်ပေါ် တင်လိုက်တယ်။ အဲဒီ အချိန်မှာပဲ ပြတင်းပေါက်တံခါးက ရုတ်တရက် ပွင့်သွားတယ်။ မှင်စာလေးကပဲ လုပ်လိုက်တာလား။ လေတိုက်လို့ပဲလားလို့ ဘယ်သူမှ မသိနိုင်ဘူးပေါ့။ နောက် လေတစ်ချက် အဝှေ့လိုက်မှာတော့ သံဖြူစစ်သားလေးဟာ ပြတင်းပေါက်ကနေ အပြင်လမ်းပေါ်ကို ဦးစိုက်ကျွမ်းပြန်ကျသွားတော့တယ်။

အင်မတန် ထိတ်လန့်သည်းဖိုဖြစ်တဲ့ လိမ့်ကျမှုကြီးပဲ။ စစ်သားလေးကတော့ ရဲရဲရင့်ရင့်ပဲ သူ့ရိုင်ဖယ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ မြေကြီးပေါ် လဲနေတဲ့သူဟာ ငိုလည်း ငိုချင်တယ်။ အော်ဟစ်ပြီးတော့လည်း အကူအညီ တောင်းချင်တယ်။ ဒါပေမဲ့ ငါဟာ စစ်သားပဲ။ ဒီလိုလုပ်ဖို့ မတော်ဘူး ဆိုပြီး အားတင်းနေတယ်။

အဲဒီမှာ မိုးကလည်း ရွာလာတယ်။ ဘယ်လောက် ရွာသလဲဆိုရင် လမ်းပေါ်မှာ ရေစီးကြောင်းတွေ ပေါ်လာတဲ့အထိပဲ။ မိုးစဲသွားတော့ ကောင်လေးနှစ်ယောက် အဲဒီနေရာကို ရောက်လာတယ်။ သူတို့က သံဖြူစစ်သားလေးကို တွေ့သွားတော့ စက္ကူလှေလေးတစ်ခုလုပ်၊ သံဖြူစစ်သားလေးကို တင်ပြီး မြောင်းရေစီးထဲ မျှောလိုက်ပြန်သတဲ့။

ဒီခရီးကတော့ အင်မတန် ရင်ဖိုစရာကောင်းတဲ့ ခရီးပဲ။ စက္ကူလှေကလေးဟာ ပြင်းထန်တဲ့ မြောင်းရေစီးကြောင်းထဲမှာ လူးကာ လိမ့်ကာ ကွေ့ကာ ကောက်ကာနဲ့ မျောသွားတယ်။ ခြေထောက် တစ်ဖက်တည်းသာရှိတဲ့ စစ်သားကလေးကတော့ ရဲရဲရင့်ရင့်ပဲ သူ့ရိုင်ဖယ်သေနတ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အဲဒီစက္ကူလှေကလေးပေါ်မှာ ပါသွားတော့တယ်တဲ့ကွယ်။

သူ့ရင်ထဲကတော့ သူချစ်တဲ့ စက္ကူယမင်းရုပ်ကလေးနဲ့ ဝေးရပြီ ဆိုပြီး ဆွေးနေတာပေါ့ကွယ်။ စစ်သားရုပ်ကလေးနဲ့ ယမင်းရုပ်ကလေး ပြန်တွေ့ မတွေ့ ဆိုတာတော့ နောက်နေ့မှပဲ ဆက်နားထောင်တော့နော်။

❑



မေ ၉

## သံဖြူစစ်သားလေး

မြောင်းရေစီးကြောင်းထဲမှာ မျောလာတဲ့ သံဖြူစစ်သားလေးရဲ့ စက္ကူလှေကလေးဟာ တစ်နေရာမှာတော့ မြောင်းဖုံးသစ်သား ပျဉ်ချပ်အောက်ကို ရောက်သွားတယ်။ ရှည်လျားမည်းမှောင်တဲ့ လိုဏ်ခေါင်းကြီးတစ်ခုပါပဲ။ အဲဒီအထဲမှာ သူ မျောပါသွားတုန်း အင်မတန်ကြီးတဲ့ မြေကြွက်ကြီးတစ်ကောင်ဟာ သူ့ဘေးကို ဒေါသတကြီး ပြေးလာတယ်။ ပြီးတော့ ကြောက်စရာကောင်းတဲ့ သွားသွားကြီးတွေကို ဖြဲပြီး ခုလို အော်ပြောတယ်။

"ဟေ့… မင်းမှာ ဖြတ်သွားခွင့်လက်မှတ် ပါလား၊ ငါ့တံတားအောက်က ဖြတ်ခွင့်လက်မှတ် ပါလား"

စစ်သားကလေးကတော့ ဒီကြွက်ကြီးပြောတဲ့ ဖြတ်သန်းခွင့်တို့၊ တံတားတို့ ဆိုတာတွေကို နားမလည်ဘူး။ ဒီတော့ သူ ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်တယ်။ သူ့လှေကလေးကိုလည်း ဆက်စီးလာခဲ့တယ်။ ကြွက်ကြီးကတော့ ဒေါသတကြီးနဲ့ အော်တော့တာပေါ့။

"ဒီကောင်ကို ဖမ်းကြဟေ့၊ ဖမ်းကြ" ပေါ့လေ။ ရဲရင့်တဲ့ စစ်သားလေးကတော့ အကြောက်အလန့် မရှိပါဘူး။ ကြွက်ရဲ့ အမိန့်ပေးချက်ကြောင့် မြောင်းထဲက အမှိုက်တွေ၊ ဒိုက်တွေက သူတို့လှေကို တားဖို့ ကြိုးစားကြသေးတယ်။ ဒါပေမဲ့ မရပါဘူး။ ရေက သိပ်သန်နေတော့ စက္ကူလှေလေးကလည်း တစ်ဟုန်ထိုး မျောလာခဲ့တယ်။

မကြာပါဘူး။ သူဟာ နေ့အလင်းရောင်အောက်ကို ပြန်ရောက်သွားတယ်။ သူ ရောက်သွားတဲ့နေရာက အဲဒီမြောင်းထဲကနေ ရေတွေဟာ တူးမြောင်းကြီးထဲ စီးကျတဲ့နေရာ ဖြစ်နေတယ်။ ရေတွေ အသံမြည် စီးကျနေတာဟာ ရေတံခွန်ကြီးတစ်ခုလိုပဲတဲ့။

နောက်ဆုံးတော့ စက္ကူလှေလေးဟာ အဲဒီမြောင်းထဲကနေ တူးမြောင်းကြီးထဲကို ရေစီးအတိုင်း ဇောက်ထိုးကျသွားရောတဲ့။ အဲဒီအောက်ခြေမှာ ကြီးမားတဲ့ ဝဲကတော့ကြီးတစ်ခု ရှိနေတယ်။ စက္ကူလှေကလေးဟာ အဲဒီဝဲထဲကျပြီး ပျက်စီးနစ်မြုပ်သွားတယ်။ သံဖြူစစ်သားရုပ်ကလေးကလည်း ဟိုး… ရေအောက်အနက်ထဲကို တဖြည်းဖြည်း မြုပ်သွားတော့တာပေါ့။

'အင်း… ဒါတွေအားလုံးဟာ မှင်စာလေးရဲ့ လက်ချက်ပဲ ဖြစ်မယ်။ ဒီတစ်ခါတော့ ငါ့ဘဝ ဆုံးပြီ။ ငါချစ်တဲ့ စက္ကူယမင်းရုပ်ကလေးနဲ့လည်း ဒီတစ်သက် ပြန်တွေ့နိုင်စရာ အကြောင်း မရှိတော့ဘူး'

လို့ တွေးပြီး သံဖြူစစ်သားလေးဟာ ဝမ်းနည်းနေမိတယ်တဲ့။

အဲဒီမှာပဲ ရေထဲကျလာတဲ့ စစ်သားရုပ်လေးကို ရေအောက်မြေပြင်မရောက်ခင် ငါးကြီး တစ်ကောင်က အစာမှတ်ပြီး ပြေးဟပ်လိုက်တယ်တဲ့။ ကဲ… ကြေကွဲစရာကောင်းတဲ့ သံဖြူ စစ်သည်လေးရဲ့ ကံဆိုးလိုက်ပုံကတော့ ဥပမာ ပေးစရာတောင် မရှိတော့ဘူး။

ဒီလိုနဲ့ စစ်သားလေးဟာ ငါးကြီးရဲ့ဗိုက်ထဲကို ရောက်သွားတော့တယ်။ အဲဒီမှာက အလင်းရောင် တစ်စက်ကလေးတောင် မရှိဘူး။ မှောင်လိုက်တာလည်း ပိန်းပိတ်လို့တဲ့။ တံတား အောက်က လိုဏ်ခေါင်းထဲထက်တောင် မှောင်သေးတယ်တဲ့။

ကဲ… စစ်သားလေးရဲ့ ကံကြမ္မာ ဘယ်လို ဖန်လာမယ် ဆိုတာ မနက်ဖြန်မှ ဆက် နားထောင်တော့နော်။

❑



မေ ၁၀

## သံဖြူစစ်သားလေး

အဲဒီငါးရဲ့ဝမ်းဗိုက် ဆိုတာက မှောင်ရုံမကဘူး၊ ကျဉ်းကလည်း ကျဉ်းသေးတယ်တဲ့။ သူ့ကြွက်သားလေးတစ်ခုတောင် လှုပ်လို့ မရလောက်အောင် ကျဉ်းတဲ့နေရာ ရောက်နေပေမယ့် သံဖြူစစ်သားလေးဟာ သူ့ရိုင်ဖယ်သေနတ်ကိုတော့ လက်ထဲက မလွှတ်တဲ့ ကျစ်ကျစ်ပါအောင် ဆုပ်ထားမြဲပဲတဲ့။

ဒီလို သူနေရင်းနဲ့ ဘယ်လောက် ကြာသွားတယ် မသိဘူး။

တစ်နေ့ ရုတ်တရက် မျက်စိတွေ ကျိန်းလောက်အောင် အလင်းရောင်ကို တွေ့လိုက်ရပြီး-

"ဟော့··· ကြည့်စမ်းဟော့၊ သံဖြူစစ်သားလေး"

လို့ အော်လိုက်တဲ့ အသံကိုလည်း ကြားလိုက်ရတယ်။ အဲဒီအသံက မီးဖိုခန်းထဲက ထမင်းချက် ကောင်မလေးရဲ့ အသံပဲ။ ဖြစ်ပုံက ဒီလို၊ သံဖြူစစ်သားလေးကို မျိုချထားတဲ့ ငါးကို တံငါသည်တစ်ယောက်က မိလာပြီး ဈေးထဲက ငါးသည်ဆီ လာရောင်းတယ်။ ငါးသည်ဆီက ဒီအိမ်စေမလေးက ဝယ်ခဲ့တာပေါ့လေ။

အိမ်ရောက်လို့ ချက်မယ် ဆိုပြီး ငါးရဲ့ဗိုက်ကို ဓားနဲ့ခွဲလိုက်တာနဲ့ ဗိုက်ထဲမှာ အဲဒီ စစ်သားရုပ်ကလေးတွေကို တွေ့ရရော ဆိုပါတော့ကွယ်။ ယုံချင်ယုံ မယုံချင်နေ၊ သံဖြူစစ်သားလေး အခုရောက်နေတဲ့အိမ်က အရင်က သူနေသွားတဲ့အိမ်ပဲ ဖြစ်နေတာကတော့ ထူးခြားတဲ့ တိုက်ဆိုင်မှုပေါ့နော်။ မထင်မှတ်တဲ့အရာတွေဟာ ကမ္ဘာပေါ်မှာ ဒီလိုပဲ ဖြစ်တတ်တာပဲဟာ။

ဒီလိုနဲ့ စစ်သားလေးဟာ စားပွဲပေါ် ပြန်ရောက်သွားတယ်။ အဲဒီစားပွဲပေါ်မှာ သူ့နောင်တော် စစ်သားရုပ်ကလေးတွေလည်း ရှိတယ်။ တခြားအရုပ်တွေလည်း ရှိတယ်။ စက္ကူရဲ့တိုက်လေးလည်း ရှိတယ်။ စက္ကူယမင်းရုပ်ကလေးကလည်း အရင်ကလိုပဲ ခြေထောက်လေး တစ်ဖက် မြှောက်ပြီး ကလို့။ သူ့ရင်ဘတ်မှာ ထိုးထားတဲ့ ငွေကြယ်ရင်ထိုးလေးကလည်း

အရောင်တွေ လက်လို့။ ဒီတစ်ခါ သံဖြူစစ်သားလေး မြင်ရတာက ကချေသည်လေးဟာ သူ့ကိုပြန်ပြီး ပြုံးကြည့်နေသလိုပဲ။ သူ့စိတ်က ထင်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့လေ။

တစ်နေ့တော့ ရုတ်တရက်ပဲ ဘယ်သူမှန်းမသိတဲ့ ကောင်လေးတစ်ယောက်ဟာ ဘာကြောင့်မှန်း မသိဘူး၊ အဲဒီသံဖြူစစ်သားရုပ်ကလေးကို ကောက်ယူပြီး ဧည့်ခန်းထဲက မီးလင်းဖိုထဲ ပစ်ထည့်လိုက်တယ်။ မကောင်းဆိုးဝါး မှင်စာလေးကပဲ ဒီကောင်လေး နားနား ကပ်ပြီး ဒီလိုလုပ်ဖို့ တီးတိုး ပြောလိုက်သလား မသိဘူး။

သံဖြူစစ်သားလေးဟာ ကြောက်စရာကောင်းလောက်တဲ့ အပူနဲ့ တိုးရတော့တာပဲ။ ဒါပေမဲ့ စက္ကူယမင်းရုပ်ကလေးနဲ့ ဝေးရပြီ ဆိုပြီး တွေးပူတဲ့ သူ့ရင်ထဲက အပူက ပိုပူတယ်တဲ့။ မီးပူရှိန်ကြောင့် သူ့ခန္ဓာကိုယ်ဟာ သံဖြူတွေလည်း ဖယောင်းလို စပြီး အရည်ပျော်စ ပြုလာတော့တာပေါ့။

အဲဒီအချိန်မှာပဲ လေတစ်ချက်တိုက်လိုက်လို့ ထင်ပါရဲ့။ စက္ကူယမင်းရုပ်လေးဟာ လေထဲမှာ ငှက်တစ်ကောင်လို ပျံဝဲပြီး မီးဖိုထဲက စစ်သားလေးဘေးကို ကျလာတယ်။ ယမင်းရုပ်ကလေးက စက္ကူဆိုတော့ မြန်မြန်လောင်ကျွမ်းသွားတာပေါ့။ ချစ်သူနှစ်ဦးဟာ အတူတူ ဘဝဇာတ်သိမ်းသွားတယ်လို့ ဆိုရမလား မသိဘူး။

နောက်နေ့ရောက်လို့ အစေခံမလေးဟာ အဲဒီမီးငြိမ်းနေတဲ့ မီးလင်းဖိုထဲက ရှင်းလင်းဖို့ ပြာတွေကို ကျုံးတဲ့အခါ ရဲရင့်တဲ့ စစ်သားလေးဟာ အသည်းပုံ သံဖြူတုံးလေး ဖြစ်နေတာကို တွေ့ရတယ်တဲ့။ အဲဒါနဲ့အတူ ကချေသည်မလေးရဲ့ ငွေသားနဲ့လုပ်ထားတဲ့ ကြယ်ပွင့်ကလေး ကိုလည်း တွေ့ရတယ်တဲ့။ ကြယ်ပွင့်ကလေးကတော့ မီးလောင်ထားလို့ မီးသွေးတုံးလို မည်းနက် နတာပေါ့ကွယ်။

✱ ***The Brave Little Tin Soldier***

❑





မေ ၁၁

## မှန်တောင်တန်းက အပျိုစင်

ရှေးရှေးတုန်းက ငယ်ရွယ်နုပျိုပြီး ရဲရင့်တဲ့ လူငယ်မုဆိုးလေး တစ်ယောက် ရှိတယ်တဲ့။ တစ်နေ့တော့ သူဟာ အမဲလိုက်ထွက်ရင်း မျက်စိလည် လမ်းမှားပြီး သူတစ်ခါမှ မရောက်ဖူးတဲ့ တောနက်ကြီးရဲ့ တစ်နေရာကို ရောက်သွားတယ်။ အဲဒီမှာ သူတစ်ခါမှ မမြင်ဖူးတဲ့ ရေကန်ကြီးတစ်ကန်ကိုလည်း မြင်ရတယ်တဲ့။

သူ အဲဒီကန်ကြီးကို ငေးကြည့်နေတုန်း ဖွေးဖွေးဖြူနေတဲ့ အမွေးအတောင်တွေနဲ့ ငန်းသုံးကောင်ဟာ မိုးကောင်းကင်ပေါ်က ပျံဝဲလာပြီး အဲဒီရေကန်ကြီးဘေးကို ထိုးဆင်းလာကြတယ်။ သူတို့တွေဟာ သူတို့ကိုယ်ပေါ်က အပေါ်ယံ ငန်းတစ်ကောင်ရဲ့ အရေခွံကို ချွတ်ချလိုက်တဲ့အခါ အင်မတန် ချောမောလှပတဲ့ မိန်းကလေးသုံးယောက် ဖြစ်သွားတယ်။

အံ့ဩလွန်းလို့ မုဆိုးလေးဟာ ကိုယ့်မျက်လုံးတောင် ကိုယ်မယုံသလိုပဲ။ အဲဒီ မိန်းကလေးသုံးယောက် ရေချိုးဆော့ကစားနေကြတာကို ချုံတစ်ခုအကွယ်က ချောင်းကြည့်နေမိတာပေါ့။ အဲဒီအချိန်မှာပဲ အဝေးက ခေါင်းသံတစ်ခု ကြားလိုက်ရတယ်။ မိန်းကလေးသုံးယောက်ဟာ ပြန်ကြဖို့ ပြင်တာပေါ့။

အဲဒီအချိန်မှာ အချိန်ဆွဲမနေတော့ဘဲ မုဆိုးလေးဟာ ကွယ်ရာက ပြေးထွက်လာပြီး ငန်းဝတ်ရုံလေးတစ်ခုကို ယူဝှက်ထားလိုက်တယ်။ သူခိုးဝှက်ထားလိုက်တဲ့ ဝတ်ရုံက ညီအစ်မသုံးယောက်ထဲမှာ အလှဆုံး အငယ်ဆုံး ကောင်မလေးရဲ့ ဝတ်ရုံတဲ့။ ဟို အစ်မနှစ်ယောက်ကတော့ သူတို့ဝတ်ရုံတွေ ဝတ်လိုက်လို့ ငန်းပြန်ဖြစ်ပြီး ပြန်သွားကြပြီပေါ့။ အဲ… အငယ်ဆုံးကောင်မလေးသာ သူ့ဝတ်ရုံကို ရှာမတွေ့တော့ ငိုနေရှာတယ်။

အဲဒီတော့မှ မုဆိုးလေးဟာ ပုန်းကွယ်ရာက ထွက်ပြီး မိန်းကလေးကို ချော့တယ်။

"ငိုမနေပါနဲ့ မိန်းကလေးရယ်၊ ငါက မင်းကို မြင်မြင်ချင်း ချစ်မိလို့ ခုလို လုပ်မိတာပါ။ မင်းကို ငါ လက်ထပ်ယူပါရစေ။ မင်း ငါနဲ့အတူ တို့အိမ်ကို လိုက်ခဲ့ပါလားကွယ်"

နောက်ဆုံးတော့ ငန်းမင်းသမီးလေးဟာ မုဆိုးလေး ခေါ်ဆောင်ရာကို ပါသွားတော့တယ်။ ဖူးစာ ဆိုပါတော့ကွယ်။ သူကလည်း မုဆိုးကလေးကို မြင်မြင်ချင်း နှစ်သက်နေမိတာကိုး။ ဒီလိုနဲ့ ငန်းမင်းသမီးလေးနဲ့ မုဆိုးလေးတို့ လက်ထပ်ဖို့ ပြင်ဆင်ကြတယ်။ မုဆိုးလေးဟာ သူဝှက်ထားတဲ့ ငန်းမင်းသမီးလေးရဲ့ ဝတ်ရုံကို သေတ္တာတစ်လုံးထဲ ထည့်၊ အဲဒီသေတ္တာကို ထပ်ခိုးပေါ်တင် သိမ်းထားလိုက်တယ်။ သူ့ဝတ်ရုံကို ငန်းမင်းသမီးလေး မမြင်အောင်ပေါ့လေ။



ငန်းမင်းသမီးလေးဟာ မုဆိုးလေးနဲ့ ကြာကြာမနေရပါဘူး။ တစ်နေ့တော့ ငန်းမင်းသမီးလေးဟာ ထပ်ခိုးပေါ်တက်ပြီး ပစ္စည်းတစ်ခုကို ရှာရင်း သေတ္တာတစ်လုံးထဲမှာ သူ့ငန်းဝတ်ရုံလေးကို တွေ့သွားတယ်။ မင်းသမီးလေးဟာ ကျိန်စာသင့်နေတဲ့သူ ဆိုတော့ ဒီအတိုင်း မနေသာဘူး။ အဲဒီဝတ်ရုံကလေးကို ဝတ်လိုက်တာနဲ့ ငန်းလေးတစ်ကောင် ပြန်ဖြစ်သွားတော့တယ်။

သူက ပျံခါနီးမှာ မုဆိုးလေးကို-

"ရှင် ကျွန်မကို ပြန်ဆုံချင်သေးတယ် ဆိုရင်တော့ မှန်သေလာတောင်ကို တွေ့အောင်ရှာပေတော့။ ကျွန်မဟာ ကျိန်စာသင့်နေတဲ့ မင်းသမီးလေးပါ။ အခုတော့ အဲဒီတောင်ကို ပြန်ရတော့မယ်" လို့ ပြောပြီး ပျံထွက်သွားရှာသတဲ့ကွယ်။

❑

မေ ၁၂

## မှန်တောင်တန်းက အပျိုစင်

မုဆိုးလေးဟာ သူ့ဇနီးကို သတိရပြီး တစ်နေ့မှ မပျော်ရွှင်ရှာဘူး။ နောက်ဆုံးတော့ ပျောက်ဆုံးနေတဲ့ သူ့ဇနီးကို တွေ့အောင်ရှာမယ်လို့ ရည်ရွယ်ပြီး အထုပ်အပိုးတွေနဲ့ အိမ်က ထွက်ခဲ့တယ်။ ဒီလိုနဲ့ သူဟာ နေ့ပေါင်းများစွာကြာအောင် ခရီးထွက်လာလိုက်တာ နောက်ဆုံးတော့ အင်မတန် ကြီးမားနက်ရှိုင်းတဲ့ တောအုပ်ကြီးတစ်ခုကို ရောက်သွားတယ်။

အဲဒီတောအုပ်ထဲမှာ ရသေ့ညီနောင်သုံးပါးနေတယ်တဲ့။ ဒါပေမဲ့ သူတို့နေတဲ့ နေရာတွေက မနီးဘူး။ တစ်ဦးနဲ့တစ်ဦး အဝေးကြီးတဲ့။ တောအုပ်ကြီးက အဝေးကြီး၊ အကျယ်ကြီးကိုး။ သူက ပထမဆုံးရသေ့ဆီ ရောက်သွားပြီး တောင်းပန်တယ်။

"တပည့်တော်ကို မှန်သေလာတောင်ရှိတဲ့ အရပ်ကို ညွှန်ပြပေးတော်မူပါ ဘုရား" ပေါ့လေ။

ဒီတော့ အဲဒီ ပထမရသေ့က-

"ဒီမှန်သေလာတောင် ဆိုတဲ့ အမည်ကို ငါ့တစ်သက်နဲ့တစ်ကိုယ် ကြားတောင် မကြားဖူးပါဘူးကွယ်။ အင်း… တစ်ခုတော့ ရှိတယ်၊ မင်း ငါ့ထက်အကြီး ဒုတိယအစ်ကို ရှိတယ်၊ အဲဒီအစ်ကိုကို တွေ့လို့ မေးကြည့်ရင်တော့ သူ ပြောပြချင် ပြောပြနိုင်မယ်"

လို့ ပြောပြီး အဲဒီရသေ့က မုဆိုးလေးကို ရွှေဒင်္ဂါးလေး တစ်ပြား ပေးလိုက်တယ်။ ဒီလိုနဲ့ မုဆိုးလေးဟာ ဒုတိယရသေ့ဆီ ရောက်သွားတယ်။ ဒုတိယရသေ့ကို မေးတော့ သူလည်း 'မှန်သေလာတောင်' ဆိုတာ မကြားဖူးဘူးတဲ့။

"ငါတို့ အစ်ကိုအကြီးဆုံး ရသေ့ကြီးကို တွေ့ပြီး မေးကြည့်၊ သူတော့ သိမလား မသိဘူး" လို့ ပြောတယ်။

သူကလည်း ပထမရသေ့လိုပဲ ရွှေဒင်္ဂါးတစ်ပြားပေးပြီး အဲဒီရွှေဒင်္ဂါးတွေကို အတူတူ ထားဖို့ မှာလိုက်တယ်။ ဒီလိုနဲ့ ခရီးထွက်လာလိုက်တာ အဆုံးရှိတယ်လို့တောင် မထင်ရအောင် ကျယ်ပြန့်တဲ့ သဲကန္တာရကြီးတစ်ခုဆီကို ရောက်သွားတယ်။



တစ်နေ့တော့ သူက အဲဒီကန္တာရကို ဖြတ်သွားနေတုန်း-

ချုံပုတ်တစ်ခုအလယ်က နွားသေတစ်ကောင်ကို ဝိုင်းလုနေကြတဲ့ ခြင်္သေ့တစ်ကောင်ရယ်၊ ခွေးအတစ်ကောင်ရယ်၊ သိမ်းငှက်တစ်ကောင်ရယ်၊ ပုရွက်ဆိတ်တစ်ကောင်ရယ်ကို တွေ့တယ်။ သူတို့ဟာ အစာကို အဝေမတည့်လို့ ရန်ဖြစ်နေကြတယ်။ မုဆိုးလေးက-

"ဟေး… ငမိုက်တွေ၊ ငြင်းခုံမနေနဲ့" လို့ အော်ပြောလိုက်တယ်။ ပြီးတော့-

"မင်းတို့ကို ငါ ဝေပေးမယ်။ ခွေးအက အရိုးနဲ့ အဆီယူ။ သိမ်းငှက်က အရွတ်အရွဲယူ၊ သိမ်းငှက်က အစားအစာတွေကို ထိုးဆိတ်မှောက်လှန် စားတတ်တယ်။ ခြင်္သေ့ကတော့ မေးရိုးကြီးတယ်။ ဒီတော့ အသားကိုယူ။ ပုရွက်ဆိတ်ကတော့ ကိုယ်စားတဲ့ အစာအိမ်ထဲမှာ နေရတာ သဘောကျတယ်။ ဒီတော့ ခေါင်းကိုယူ"

အဲဒီလို ဝေပေးတာကို တိရစ္ဆာန် သုံးကောင်ကလည်း သဘောတူတယ်။ ဒီတော့ သူတို့ အဝေမတည့်လို့ ရန်ပွဲဖြစ်နေတာ ရပ်သွားတော့တာပေါ့။

❑

မေ ၁၃

## မှန်တောင်တန်းက အပျိုစင်

တိရစ္ဆာန်သုံးကောင်က မုဆိုးလေးကို ကျေးဇူးတင်စကား ပြောတယ်။

"ကျုပ်တို့ကို ကူညီတဲ့အတွက် ခင်ဗျားကိုလည်း ကျုပ်တို့က တစ်ပြန်တစ်လှည့် ဆုချရမယ်" လို့ ပြောပြီး ခြသေ့်နဲ့ခွေးအက သူတို့ကိုယ်ပေါ်က အမွေးတစ်ချောင်းစီ ပေးတယ်။ သိမ်းငှက်ကတော့ သူ့အတောင်ပံက ငှက်မွေးတစ်ချောင်း နုတ်ပေးတယ်။ ပုရွက်ဆိတ်ကတော့ သူ့ခြေထောက် တစ်ချောင်း ချိုးဖဲ့ပေးတယ်။

"သင် အလိုရှိတဲ့အခါ ကျုပ်တို့ပေးထားတဲ့ လက်ဆောင်တွေနဲ့ သင့်ကိုယ်ကို ပွတ်လိုက်ပါ။ သင်ကိုယ်တိုင် သင်အလိုရှိတဲ့ တိရစ္ဆာန်တစ်ကောင်ဘဝကို ပြောင်းသွားလိမ့်မယ်" လို့ ပြောလိုက်ကြတယ်။

ဒီလိုနဲ့ မုဆိုးလေးဟာ သူတို့ကို ကျေးဇူးတင်စကား ပြောပြီး သူ့ခရီးကို သူ ဆက်ခဲ့တယ်။ ရက်အနည်းငယ်ကြာတဲ့အခါကျတော့ သူဟာ အကြီးဆုံးရသေ့ကြီးနေတဲ့ ဂူကို ရောက်သွားတယ်။

သူက သူယူလာတဲ့ ရှေ့က ရသေ့နှစ်ပါးရဲ့ ရွှေဒင်္ဂါးပြားတွေကို ပြလိုက်တော့ အဲဒီ တတိယရသေ့ကြီးဟာ သဘောကျ ပျော်ရွှင်သွားတယ်။

"ငါ့ညီတော်တွေ ခုအချိန်အထိ အသက်ရှင်ရက် ရှိနေသေးတယ်ဆိုတာ သိရလို့ ဝမ်းသာတယ်ကွာ" လို့ ပြောတယ်။ ပြီးတော့-

"မင်းက ငါ ပျော်အောင် ကူညီတော့ မင်းကိုလည်း သတင်းကောင်း ပြန်ပေးရဦးမှာပေါ့"

လို့ ဆိုပြီး မုဆိုးလေး သိပ်သိချင်နေတဲ့ မှန်သေလာတောင်ရှိတဲ့ အရပ်ကို ညွှန်ပြလိုက်တယ်။ မုဆိုးလေးလည်း ရသေ့ကြီးကို ကျေးဇူးတင်စကားပြောပြီး သူ့ခရီးသူ ဆက်ခဲ့တယ်။ ဒီတစ်ခါတော့ သိပ်ကြာကြာ ခရီးမသွားလိုက်ရဘူး။ အတော်ဝေးဝေး ခပ်လှမ်းလှမ်းမှာ မှန်သေလာ

တောင်ကို လှမ်းတွေ့ရတော့တာပဲ။ နေရောင်မှာ တောင်ထိပ်က အရောင်တလက်လက် တောက်ပနေတယ်။

သူဟာ သူ့ကိုယ်သူ ငှက်မွေးနဲ့ သပ်လိုက်တာနဲ့ သိမ်းငှက်တစ်ကောင်ဖြစ်သွားပြီး မှန်သေလာတောင်ရှိရာကို လေထဲက ပျံသန်းသွားတော့တယ်။ မှန်သေလာတောင် ဆိုတဲ့အတိုင်း အဲဒီတောင်ကြီး တစ်တောင်လုံးက မှန်သားဖြစ်နေတော့ ပြောင်ချောနေတယ်။ တောင်ထိပ်မှာတော့ အင်မတန် ကျဉ်းမြောင်းတဲ့ အပေါက်ကလေး တွေ့ရတယ်။

မုဆိုးလေးဟာ သူ့ကိုယ်သူ ပုရွက်ဆိတ် ခြေထောက်တစ်ချောင်းနဲ့ သပ်လိုက်တော့ ပုရွက်ဆိတ်ကလေးဘဝ ပြောင်းသွားပြီး အဲဒီတွင်းထဲကနေ လျှောဆင်းသွားတော့တယ်။ အဲဒီ သူ ရောက်သွားတဲ့ အောက်မြေတောင်ခေါင်းထဲမှာတော့ အရာအားလုံးဟာ မှန်သားတွေချည်း ဖြစ်နေတယ်။ လူတွေကလည်း မှန်ပန်းပုရုပ်တွေလိုပဲ ဟိုဘက်ဒီဘက် တိုးလျှိုပေါက် မြင်ရအောင် ကြည်လင်နေတယ်။



တစ်နေရာမှာတော့ ဘုရင်ကြီးဟာ သူ့သမီးတော်နှစ်ယောက်ကို တစ်ဖက်တစ်ချက်စီ ရံပြီး ရပ်နေတယ်။ သူ့ဇနီး အငယ်ဆုံး မင်းသမီးလေးကတော့ မှန်သလွန်တစ်ခုပေါ်မှာ ထိုင်နေတယ်။ ပုရွက်ဆိတ်ကလေးဟာ အဲဒီမင်းသမီးရဲ့ ခေါင်းပေါ်ရောက်အောင် တက်သွားပြီး သူ့ရဲ့ မှန်ဆံပင်တွေကြားမှာ မောမောနဲ့ အိပ်ပျော်သွားတော့တယ်တဲ့ကွယ်။

□

မေ ၁၄

## မှန်တောင်တန်းက အပျိုစင်

ပုရွက်ဆိတ်ကလေး အိပ်ပျော်ရာက နိုးလာတဲ့အခါကျတော့ ဒီလို စကားပြောသံတွေ ကြားရတယ်။

"အဖေ… အဖေ၊ ကျွန်မတို့ ဒီဘဝက ဘယ်တော့မှ လွတ်မှာလဲဟင်" လို့ သလွန်ပေါ်က မှန်မင်းသမီးလေးက မေးတယ်။ ဘုရင်ကြီးက ဝမ်းပန်းတနည်း ခေါင်းကိုခါပြီး-

"မင်းသာ တစ်ခါတုန်းက အဖမ်းမခံခဲ့ရဘူးဆိုရင် တို့တစ်တွေ ဒီဘဝက လွတ်တာကြာလှပြီ" လို့ အငယ်ဆုံး သမီးတော်လေးကို ပြောတယ်။ ဆက်ပြီး-

"အခုတော့ တို့တွေဟာ ဒီမှန်သေလာတောင်ထဲထိ ရောက်အောင် တို့ မမြင်ဖူးသေးတဲ့ လူတစ်ယောက် ဝင်လာပြီး ငါ့အကြံဉာဏ်ယူတဲ့ ကာလထိအောင် စောင့်နေကြရဦးမယ်"

"အဖေက ဘယ်လိုအကြံဉာဏ်ပေးစရာများ ရှိလဲ" လို့ မေးတော့ ဘုရင်ကြီးက-

"အဲဒီလူဟာ တို့ကို ပြုစားထားတဲ့ ခေါင်းဆယ့်နှစ်လုံးနဲ့ နဂါးကြီးကို သေအောင် သတ်ရမယ်။ သူ့ရဲ့နောက်ဆုံးခေါင်းက ယုန်ဖြစ်ပြီး ထွက်ပြေးလိမ့်မယ်။ အဲဒီယုန်ကို သတ်နိုင်ရင် ယုန်ထဲက ချိုးငှက်တစ်ကောင်ဖြစ်ပြီး ပျံပြေးလိမ့်မယ်။ အဲဒီချိုးငှက်ကို သတ်နိုင်ရင် အဲဒီ ချိုးငှက်ရဲ့ ခေါင်းက ကျောက်ခဲတစ်လုံး ဖြစ်သွားလိမ့်မယ်။ ငါတို့ရဲ့ ကယ်တင်ရှင်ဟာ အဲဒီကျောက်ခဲကို အပေါက်ကလေးထဲကနေပြီး မှန်သေလာတောင်ထဲကို ပစ်ပေါက်ထည့်မှ တို့တွေ လွတ်မြောက်ကြရမှာ" လို့ ပြောတယ်။

ဒီစကားလည်းကြားရော ပုရွက်ဆိတ်ကလေးဟာ မှန်သေလာထဲက ပြန်ထွက်ခဲ့တယ်။ အပြင်ရောက်တာနဲ့ သိမ်းငှက်အသွင်ပြောင်းပြီး နဂါးကြီးနေတဲ့ဂူဆီ ပျံလာခဲ့တယ်။

နဂါးကြီးနဲ့ တွေ့တော့ သူ့ကိုယ်သူ ခြင်္သေ့အသွင်ပြောင်းပြီး သုံးရက်နဲ့ သုံးညတိုင်တိုင် တိုက်ခိုက်ရတယ်တဲ့။ နောက်ဆုံး နဂါးကြီးဟာ ခေါင်းတစ်လုံးကျန်တဲ့အခါ အဲဒီခေါင်းဟာ ယုန်တစ်ကောင်ဖြစ်ပြီး ထွက်ပြေးတယ်။ ဒီတော့ မုဆိုးလေးဟာ ခွေးအယောင်ဆောင်ပြီး ယုန်ကို လိုက်တယ်။



ယုန်သေတော့ ယုန်ရဲ့ ကိုယ်ထဲက ချိုးငှက်တစ်ကောင် ထွက်လာပြီး ပျံပြေးတယ်။ မုဆိုးလေးလည်း သိမ်းငှက်လို ဖန်ဆင်းပြီး ချိုးငှက်ကို ဖမ်းတယ်။ သူ့ရဲ့ လက်သည်းတွေကြားထဲမှာ ချိုးငှက်သေသွားတော့ အဲဒီချိုးရဲ့ခေါင်းဟာ ကျောက်ခဲတစ်လုံး ဖြစ်သွားတယ်တဲ့။

မုဆိုးလေးဟာ အဲဒီကျောက်ခဲကို ယူလာပြီး မှန်တောင်ထိပ် အပေါက်ကလေးထဲလည်း ပစ်ချလိုက်ရော ကျောက်ခဲဟာ အရှိန်နဲ့ ကျသွားတော့တယ်။ မကြာခင်မှာပဲ မိုးခြိမ်းသံနဲ့တူတဲ့ အက်ကွဲသံကြီး ပေါ်လာပြီး မှန်သေလာတောင်ဟာ အစိတ်စိတ် အမြွာမြွာ ကွဲကြေသွား တော့တယ်တဲ့။ မှန်မင်းသမီးလေးလည်း လူပြန်ဖြစ်လာတယ်တဲ့။ သူတို့ကို ကယ်တင်ခဲ့တဲ့ မုဆိုးလေးကို ဘုရင်ကြီးက သမီးတော်နဲ့ သဘောတူ လက်ထပ်ပေးလိုက်တယ်တဲ့ကွယ်။

* ***The Hunter and the Swan Maiden***

❑

မေ ၁၅

## အသန်မာဆုံးငှက်များ

ဟိုးတစ်ခါတုန်းက သိပ်မကြာသေးတဲ့အချိန် ဆိုပါတော့ကွယ်။ ငှက်အမေကြီး တစ်ကောင်ဆီမှာ ငှက်သားကလေးခြောက်ကောင် ရှိတာယ်တဲ့။ အဲဒီငှက်ညီအစ်ကို ခြောက်ကောင်ဟာ အင်မတန် အကြွားသန် ဘဝင်မြင့်ပြီး သူတို့ကိုယ်သူတို့ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံး ငှက်တွေလို့ ယူဆနေကြတယ်တဲ့။

တစ်နေ့တော့ မြေကြီးကို ထိုးဆွနေတဲ့ တီကောင်လေးတစ်ကောင်ရဲ့ ဦးခေါင်း မြေပေါ်ကို ထွက်နေတာကို အသိုက်ထဲကနေ အမေ ငှက်မကြီးက မြင်တော့ သစ်ပင်ပေါ်က ဆင်းသွားပြီး အဲဒီတီကောင်ရဲ့ ခေါင်းကို နှုတ်သီးနဲ့ကိုက်ပြီး ဆွဲတယ်တဲ့။ သူ ဘယ်လိုပဲ ဆွဲဆွဲ အဲဒီတီကောင်ကတော့ မြေကြီးထဲက ကျွတ်ပါမလာဘူးတဲ့။

အဲဒါကို မြင်တော့ အသိုက်ထဲက သူ့သား ခြောက်ကောင်ထဲက အကြီးဆုံး ကောင်လေးက–

"အမေရေ ခဏလေးစောင့်၊ ကျွန်တော် လာကူပြီ။ ကျွန်တော်က ကမ္ဘာပေါ်မှာ အသန်မာဆုံးအကောင်"

လို့ ပြောပြီး ဘေးကို ရောက်လာတယ်။ နောက်တော့ သူ့အမေ နောက်ကနေ ကူဆွဲပေးတယ်။ ဒါပေမဲ့ ဘယ်လိုဆွဲဆွဲ မရဘူးတဲ့။ အဲဒါကိုမြင်တော့ ဒုတိယသား ငှက်ကလေးလည်း ရောက်လာတယ်။

"မပူနဲ့ အမေ၊ ကျွန်တော် ကူမယ်။ ကျွန်တော်က ကျွန်တော်တို့ ညီအစ်ကိုတွေထဲမှာ အသန်ဆုံးအကောင်"

လို့ ပြောပြီး သူ့အစ်ကိုကြီးရဲ့နောက်က ဝင်ပြီး ကူဆွဲတယ်။ ဒါပေမဲ့လည်း တီကောင်ကတော့ မပါလာပါဘူး။ ဒီလိုနဲ့ သူ့အမေကို ကူဖို့ ဆိုပြီး အသိုက်ထဲက တတိယအကောင်၊ စတုတ္ထအကောင်၊ ပဉ္စမအကောင် စသဖြင့် တစ်ကောင်ပြီး တစ်ကောင် ရောက်လာပြီး ကူဆွဲကြတယ်။ တစ်ကောင်နောက် တစ်ကောင် စီရပ်ပြီး ဆွဲနေကြတာ ဆိုတော့ အဲဒီမှာ ငှက်တန်း

ရှည်ကြီး ဖြစ်နေတာပေါ့။ နောက်ဆုံးကျမှ အငယ်ဆုံး ဆဋ္ဌမမြောက်ငှက်ကလေး ရောက်လာတယ်။

"ဘယ်လို သူရဲကောင်းတွေလဲဗျာ"

လို့ သူက ထေ့ထေ့ငေါ့ငေါ့ ပြောလိုက်သေးတယ်။ ပြီးမှ–

"ကမ္ဘာပေါ်မှာ ကျွန်တော် အသန်မာဆုံးဆိုတာ ခင်ဗျားတို့ တွေ့ကြရလိမ့်မယ်"

လို့ ပြောပြီး သူက နောက်ဆုံးက ဝင်ဆွဲတယ်။ ဒါပေမဲ့ တီကောင်လေးကတော့ မြေကြီးက ကျွတ်ထွက်မလာဘူး။ အဲဒီအချိန်မှာ အဲဒီနားကိုပျံရင်း ရောက်လာတဲ့ ယင်ကောင်လေးတစ်ကောင်ဟာ နောက်ဆုံးငှက်ကလေးရဲ့ အမြီးပေါ်မှာ လာနားတယ်။ ပြီးတော့ သူက အဲဒီငှက်ကလေးရဲ့ အမွေးကို ဆွဲတယ်။ အဲဒီယင်ကောင်လေးက သေးလွန်းအားကြီးတော့ ငှက်ကလေးတွေက သူ့ကို သတိမထားမိကြပါဘူး။

ဒီလိုနဲ့ သူတို့ဆွဲပြီးရင်း ဆွဲလိုက်ကြတာ နောက်ဆုံးတော့ တီကောင်လေးဟာ ကျွတ်ပါလာတယ်တဲ့။ သူတို့တစ်တွေလည်း အရှိန်လွန်ပြီး နောက်ပြန်လဲကုန်ကြရောတဲ့။ ငှက်ကလေးတွေက တစ်ပြိုင်နက်တည်း အော်ကြတယ်။

"ကမ္ဘာပေါ်မှာ တို့အသန်မာဆုံး" တဲ့။

ကလေးတို့ရော ဘယ်လို ထင်သလဲဟင်။



* ***Which is the Strongest of All the Birds?***

❑

မေ ၁၆

## ပြူစားတတ်တဲ့မှန်

ဟိုးတစ်ခါတုန်းက စိတ်သဘောထား ယုတ်မာတဲ့ မှင်စာလေး တစ်ကောင်ဟာ လက်မှတ်တွေထည့်တဲ့ သေတ္တာအဟောင်းလေး တစ်လုံးထဲမှာ နေတယ်တဲ့။ သူ့ဆီမှာ အင်မတန် ထူးဆန်းပြီး ပြူစားတတ်တဲ့ မှန်လေးတစ်ချပ် ရှိတယ်။ အဲဒီမှန်ကလေးဟာ သက်ရှိ၊ သက်မဲ့ ဘယ်လိုအရာမျိုးမဆို အဲဒီမှန်လေးထဲရောက်သွားပြီးရင် မှန်ထဲမှာ မှန်ပန်းချီကားလေး ဖြစ်သွား ရရောတဲ့။ အပြင်ကို ဘယ်တော့မှ ပြန်မရောက်တော့တဲ့ ထာဝရ အကျဉ်းကျသွားတာပေါ့ ကွယ်။

အဲသလိုနဲ့ အဲဒီမှော်မှန်ကလေးထဲမှာ အပြူစားခံရပြီး ရောက်နေတဲ့ အရာတွေဟာ တော်တော်များတယ်တဲ့။ ဘုရင်ကြီးတစ်ပါးနဲ့ သူ့နန်းတော်ကြီး တစ်ခုလုံးလည်း ရှိတယ်။ နဖူးမှာ ရွှေကြယ်ပွင့်လေးတွေနဲ့ အလှဆင်ထားတဲ့ မင်းသမီးလေးတစ်ပါးလည်း ရှိတယ်။ မီးငှက်တစ်ကောင်လည်း ရှိတယ်။ အပြာရောင် ထီးကလေးတစ်လက်လည်း ရှိတယ်။ အို… အစုံပဲ ဆိုပါစို့ကွယ်။

တစ်နေ့တော့ မှန်တိုင်းပြည်က မှန်မင်းသမီးရုပ်ကလေးဟာ လမ်းလျှောက်လာရင်း အဲဒီလက်စွပ်သေတ္တာလေးကို တွေ့သွားတယ်တဲ့။ မှန်မင်းသမီးလေးက အဲဒီသေတ္တာလေးကို ဖွင့်ကြည့်လိုက်တယ်ဆိုရင်ပဲ အထဲက မှင်စာလေးထွက်လာပြီး သူ့လက်ထဲက မှန်နဲ့ မှန်မင်းသမီး လေးကို ပြလိုက်တယ်တဲ့။

ဒါပေမဲ့ မှန်မင်းသမီးလေးက မှန်နဲ့လုပ်ထားတာဆိုတော့ ရေလိုပဲ ကြည်လင်နေတာ ပေါ့။ ဒီတော့ မှင်စာလေးရဲ့မှန်ဟာ မှန်မင်းသမီးလေးကို မမြင်ရဘူး။ ဒီတော့ ပြူစားလို့မရဘူး ဖြစ်နေတာပေါ့။ မှန်မင်းသမီးလေးကတော့ မှန်ထဲက အရာတွေအားလုံးကို မြင်ရတယ်။ ဒီတော့-

"ဟယ်… လှလိုက်တာ၊ ကြည့်စမ်း အထဲမှာ မှန်ပန်းချီကားလေးတွေ"

လို့ ဝမ်းသာအားရ အော်လိုက်တယ်တဲ့။ အဲဒီမှန်လေးကိုလည်း ဘယ်လက်က ညာလက် ပြောင်း၊ ညာလက်က ဘယ်လက်ပြောင်းကြည့်လို့ကို မဝဘူးတဲ့။

မှင်စာလေးကတော့ စိတ်ခတ် အကြီးအကျယ် ကျနေတာပေါ့။ သူ့မှန်ကလေးကိုလည်း သံသယ ဝင်လာတယ်။ အရင်ကလို အစွမ်းမထက်တော့ဘူး ထင်ပြီး သူ့လက်ထဲက မှန်ကို သူ့ဘက်လှည့်ကြည့်လိုက်တယ်။ အဲသလို ကြည့်လိုက်တာနဲ့ မှော်မှန်ကလေးက မှင်စာလေးကို တစ်ခါတည်း စုပ်မျိုချလိုက်ရောတဲ့။ ဒီလိုနဲ့ ကိုယ့်အတတ် ကိုယ်စူးပြီး မှင်စာလေးဟာ သူ့ရဲ့မှော်မှန်ကလေးထဲ ရောက်သွားတော့တယ်။ သူလည်း မှန်ပန်းချီကားလေး ဖြစ်သွားတယ် ဆိုပါတော့ကွယ်။

ခုချိန်ထိ အဲဒီမှော်မှန်ကလေးဟာ နတ်သမီးပုံပြင်ထဲက မှန်တိုင်းပြည် မှန်နန်းတော်ကြီးမှာ ရှိနေတယ်တဲ့။ အဲဒီတိုင်းပြည်ကို အုပ်ချုပ်နေတာက မှန်မင်းသမီးရုပ်လေးတဲ့။ ကဲ… ကလေးတို့ရော တစ်ခါတလေ အဲဒီကိုသွားပြီး မှန်မင်းသမီးလေးနဲ့ မတွေ့ချင်ဘူးလားဟင်။

*** *The lamp in the Box***

❑

မေ ၁၇

## ဝက်ဝံအရေခွံနှင့်လူ

နောက်ကြောင်း ပြန်ပြောရရင် ဟိုတောင်ကုန်းမြင့်တွေဆီက မြစ်တွေ စီးဆင်းလာတဲ့ နေ့၊ ကောင်းကင်ကြီးပေါ်ကနေ မြေပြင်ကို မိုးတွေ ရွာသွန်းချနေတဲ့ နေ့တစ်နေ့ပေါ့ကွယ်။ ရဲရင့်ပြီး မျှော်လင့်ချက် ကြီးမားတဲ့ လူငယ်တစ်ယောက်ဟာ ကမ္ဘာကြီးမှာ ခရီးလှည့်လည်နေတယ်။

တစ်နေ့တော့ သူဟာ ကြီးမားတဲ့ ဝက်သစ်ချပင်ကြီး တစ်ပင်ရဲ့ အောက်ကို ရောက်လာပြီး ခဏထိုင် အနားယူနေတယ်။ ပြီးတော့ ချမ်းသာခြင်းဆိုတာ ဘာလဲလို့ တွေးနေမိတယ်။ အဲဒီအချိန်မှာပဲ သူ့ခေါင်းပေါ်က သစ်ကိုင်းကျိုးသံ ကြားရတယ်။ မြေပြင်ကို ဝက်သစ်ချသီးလေး တစ်လုံး ကြွေကျလာတယ်။ အဲဒီဝက်သစ်ချသီးလေးဟာ မြေပေါ်ကိုရောက်တာနဲ့ ထက်ခြမ်း ကွဲသွားပြီး အထဲက အစိမ်းရောင် ကုတ်အင်္ကျီဝတ်ထားတဲ့ လူသား သေးသေးလေး တစ်ယောက် ထွက်လာတယ်။ သူ့ခြေထောက်တွေကလည်း မြင်းတစ်ကောင်ရဲ့ ခြေထောက်တွေလိုပဲ၊ ခွာတွေနဲ့တဲ့။ သူကြည့်ရတာ မှင်စာလေးတစ်ကောင်နဲ့တောင် တူသေးတယ်။

လူငယ်က အဲသလို ထူးထူးဆန်းဆန်း တွေ့တော့ အံ့အားသင့်ပြီး-

"မင်းကို ဘယ်မိစ္ဆာကောင်ကများ ဒီလိုဖြစ်အောင် ဖန်ဆင်းထားတာလဲ" လို့ မေးလိုက်တယ်။ အဲဒီလူစိမ်းကလေးက မျက်နှာရှုံ့ပြီး-

"ဘယ်မိစ္ဆာကမှ လုပ်ထားတာ မဟုတ်ဘူး၊ ငါကိုယ်တိုင်က မိစ္ဆာကွ" လို့ ပြန်ပြောတယ်။ လူငယ်က အကြောက်အလန့်မရှိဘဲ ပြုံးပြီး-

"မိစ္ဆာနဲ့တွေ့တယ် ဆိုတော့ အတော်ပဲ။ ကျုပ်ကို တန်ခိုးသတ္တိလေး ရှိအောင် ဖန်တီး ပေးစမ်းပါ" လို့ တောင်းပန်တယ်။

အစိမ်းရောင် လူသေးသေးလေးက-

"ဒီလိုလုပ်၊ မင်း ကြိုက်တာပြော၊ မင်းရဲ့ လိုအင်ဆန္ဒကို ပြည့်ဝအောင် ငါ ဖန်တီးပေး

မယ်။ ဒါပေမဲ့ အဲသလိုမလုပ်ခင် မင်းကလည်း ငါ့ဆန္ဒနဲ့ညီအောင် ငါခိုင်းတဲ့အတိုင်း လုပ်ရမယ်၊ ဘယ့်နှယ်လဲ''

ဆိုတော့ လူငယ်က 'စိန်လိုက်လေ' လို့ သဘောတူလိုက်တာပေါ့။ ဒီတော့ မိစ္ဆာလေးက-

''ပထမဆုံး မင်းကို သတ္တိ ရှိ၊ မရှိ အရင်စမ်းသပ်ကြည့်ရမယ်။ ကဲ… မင်းနောက်ကို လှည့်ကြည့်လိုက်စမ်း''

ပြောလို့ သူ လှည့်ကြည့်လိုက်တော့ သူ့ဆီကို ရန်မူမလို့ ပြေးလာတဲ့ ဝက်ဝံကြီးတစ်ကောင်ကို တွေ့ရတယ်။ တုံ့ဆိုင်းမနေဘဲ လူငယ်က သူ့လက်ထဲက သေနတ်နဲ့ ပစ်လိုက်တာ ဝက်ဝံကြီးလည်း သေသွားပါလေရော။ မိစ္ဆာလေးက-

''အင်း… မင်းရဲ့သတ္တိကတော့ မဆိုးပါဘူး။ မင်း မနက်ဖြန်ကျမှပဲ ဒီသစ်ပင်ကြီးအောက်ကို ပြန်လာခဲ့။ အဲဒီတော့မှ မင်းနဲ့ငါ သဘောတူစာချုပ် ချုပ်ကြတာပေါ့။ ငါသွားမယ်၊ ငရဲကို သွားဖို့ ရှိသေးတယ်'' လို့ ပြောပြီး ပျောက်သွားရောတဲ့။



ကဲ… ရဲရင့်တဲ့လူငယ်နဲ့ အစိမ်းရောင်မိစ္ဆာလေးတို့ မနက်ဖြန်တွေ့ပြီး ဘယ်လိုသဘောတူညီချက်လုပ်ကြတယ် ဆိုတာ မနက်ဖြန်မှပဲ ဆက်နားထောင်တော့နော်။ ဒီနေ့မှ သူတို့ မတွေ့ကြတာပဲကိုး။

❑

မေ ၁၈

## ဝက်ဝံအရေခွံနှင့်လူ

ဒီလိုနဲ့ နောက်နေ့ရောက်တော့ လူငယ်ဟာ အဲဒီဝက်သစ်ချပင်အိုကြီးအောက်ကို ရောက်ပြီး မိစ္ဆာလေးကို စောင့်နေခဲ့တယ်။ မကြာပါဘူး။ ပထမနေ့ကလိုပဲ အပင်ပေါ်က ဝက်သစ်ချသီးလေး တစ်လုံး ကြွေကျလာပြီး မြေပြင်ရောက်တော့ ကွဲသွားပြီး အထဲက မိစ္ဆာစိမ်းလေး ထွက်လာတယ်။

"ငါ လာပြီဟေ့၊ တို့သဘောတူစာချုပ် ချုပ်ဆိုဖို့ မင်း အဆင်သင့်ပဲလား" လို့ မေးတယ်။ လူငယ်က-

"အချိန်မရွေးပဲ" လို့ ပြောတော့ မိစ္ဆာလေးက-

"မင်းကို ငါက ဒီလို စမ်းသပ်မယ်။ ငါ ဝတ်ထားတဲ့ ကုတ်အင်္ကျီအစိမ်းလေးကို မင်းကို ငါ ပေးလိုက်မယ်။ ဒီအင်္ကျီက ဘာစွမ်းသလဲဆိုတော့ ဘယ်နေရာ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ် အဲဒီအိတ်ထဲကို နှိုက်လိုက်ရင် ရွှေစတွေ လက်တစ်ဆုပ်စာရနိုင်တယ်"

"ဟာ... ကျုပ် မပူမပင် နေရ စားရပြီဟေ့" လို့ လူငယ်က အော်လိုက်တယ်။ မိစ္ဆာလေးက-

"နေဦး၊ အလျင်မလိုနဲ့ဦး၊ မင်း ဒီအင်္ကျီကို ငါ ပြန်မယူမချင်း ခုနစ်နှစ်လုံးလုံး ဝတ်ထားရမှာ။ ခုနစ်နှစ်မပြည့်မချင်း မချွတ်ရဘူး။ နောက်တစ်ချက်က အဲဒီကုတ်အင်္ကျီ အစိမ်းပေါ်မှာ မင်းမနေ့က သတ်လိုက်တဲ့ ဝက်ဝံကြီးရဲ့ အရေခွံကိုလည်း ထပ်ခြုံထားရဦးမယ်။ အဲဒီအရေခွံကိုလည်း ခုနစ်နှစ်လုံး ကိုယ်ပေါ်က မခွာရဘူး။ နောက်တစ်ချက် လိုက်နာရမှာက အဲဒီခုနစ်နှစ်လုံး ရေမချိုးရဘူး။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး မရိတ်ရဘူး။ ခြေသည်းလက်သည်း မညှပ်ရဘူး။ အဲဒီအချက်တွေကို ဖောက်ဖျက်ရင်တော့ မင်း ရှုံးပြီ။ မင်းကို ငါ အရှင်လတ်လတ် ငရဲကို ခေါ်သွားပြီသာ မှတ်။ ငါပြောသလို ခုနစ်နှစ်လုံး လိုက်နာရင်တော့ မင်းနိုင်ပြီ။ မင်း အလိုရှိတာတစ်ခုကို ဆုတောင်း။ ငါ ပြည့်ဝအောင် ဖန်ဆင်းပေးမယ်" လို့ ပြောတယ်။

လူငယ်ကလည်း မိစ္ဆာလေးရဲ့ တောင်းဆိုချက်ကို သဘောတူလိုက်တယ်။ မိစ္ဆာလေး ပေးတဲ့ ကုတ်အင်္ကျီအစိမ်းကို ဝတ်လိုက်တယ်။ အပေါ်ကနေ ဝက်ဝံရေကိုလည်း ခြုံလိုက်တယ်။ သူက ကုတ်အင်္ကျီစိမ်းရဲ့ အိတ်ထဲကို နှိုက်ကြည့်တော့ သူ့လက်ထဲမှာ ရွှေစတွေ ပါလာတာ တွေ့ရတယ်။

သူ သိပ်ဝမ်းသာသွားပြီး ထအော်တယ်။

"ငါ ကောင်းစားဖို့အချိန် ရောက်ပြီကွ"

သူပြောခဲ့တဲ့စကားက ခဏတော့ မှန်ပါတယ်။ ထာဝရတော့ မဟုတ်ဘူး။ တစ်နှစ်လောက်ကြာတဲ့အခါကျတော့ သူဟာ မိစ္ဆာလေးနဲ့ သဘောတူညီချက်တွေကို လက်မခံချင်အောင် ဖြစ်လာတယ်။ အဲဒီကာလအတွင်းမှာပဲ သူ့ပုံပန်းသဏ္ဌာန်က အပြောင်းလဲကြီး ပြောင်းလဲသွားတာကိုး။

ရေမချိုးရတော့ တစ်ကိုယ်လုံး ညစ်ပတ်နံစော်နေတယ်။ မရိတ်သိမ်းရတဲ့ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေကလည်း ရှည်လျားလာတယ်။ အဆိုးဆုံးကတော့ လက်သည်းခြေသည်း မလှီးဖြတ်ရတာပဲ။ လက်သည်းခြေသည်း အရှည်ကြီးနဲ့ ဝက်ဝံရေကို ခြုံထားတဲ့ သူဟာ တောရိုင်းတိရစ္ဆာန်တစ်ကောင်နဲ့ ပိုတူနေတယ်။

သူ သွားလေရာမှာ မြင်တဲ့လူတွေက ထွက်ပြေးကြတယ်။ ကလေးတွေကလည်း ခဲနဲ့ ပေါက်ထုတ်တယ်။ သူ့ပိုက်ဆံတွေကလည်း အသုံးမဝင်တော့ဘူး။ သူ့ကို လူတွေက လက်မခံတော့ ဒီလိုပိုက်ဆံတွေ ဘယ်သုံးလို့ရတော့မလဲ။

တွေ့တဲ့လူက-

"ဟေ့… ဝက်ဝံအရေနဲ့လူ၊ ထွက်သွားစမ်း၊ မင်း မျက်နှာကို မမြင်ချင်ဘူး၊ နောက်မလာနဲ့"

လို့ နှင်ထုတ်ကြတာချည်းပဲ။ သူလည်း ဝက်ဝံအရေခြုံနဲ့လူဆိုတဲ့ ရွံမုန်းစရာနာမည်နဲ့ လူသိများလာတယ်။ ဒီတော့မှ သူဟာ မိစ္ဆာနဲ့ သဘောတူညီချက်ယူခဲ့တာ မှားခဲ့ပြီလို့ သိတယ်။ ဒါပေမဲ့ အဲဒီသဘောတူညီချက်ကို ချိုးဖောက်လို့လည်း မဖြစ်ဘူး။ ကတိဖျက်ရင် သူ့ကို မိစ္ဆာက အရှင်လတ်လတ် ငရဲပို့မယ်လို့ ကြိမ်းမောင်းထားတာကိုး။ ဒီတော့ သူ့ဒုက္ခနဲ့သူ ကြိတ်မှိတ်ခံစားနေရတော့တာပေါ့ကွယ်။

□

မေ ၁၉

## ဝက်ဝံအရေခြုံနှင့်လူ

ဒီလိုနဲ့ နောက်နှစ်နှစ်နှစ် ထပ်ကြာသွားတယ်။ ဝက်ဝံအရေခြုံနဲ့ လူဟာ ဒီလိုပဲ ဒုက္ခတွေနဲ့ ကမ္ဘာအရပ်ရပ်မှာ လှည့်လည်နေခဲ့ရတယ်။ ဒီလိုနဲ့ ဆောင်းတွင်းတစ်ခု ကျရောက်လာပြန်တယ်။ ဒီဆောင်းကတော့ ထူးထူးခြားခြား အရိုးကွဲလုအောင်အေးတဲ့ ဆောင်းတဲ့။ နေရာတကာမှာ နှင်းတွေကလည်း ထူထူထဲထဲ ကျနေတယ်။

သနားစရာကောင်းတဲ့ ဝက်ဝံရေနဲ့လူဟာ တစ်ညမှာ ဆောင်းခိုဖို့အတွက် တွေ့ရတဲ့ ယာတဲအိမ်လေးတစ်အိမ်ရဲ့ တံခါးကို သွားခေါက်တယ်။ တံခါးလာဖွင့်တဲ့ ယာသမားကြီးရဲ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေအပြည့်နဲ့တဲ့။ သူဟာ မျှော်လင့်ချက်တွေ ဆိတ်သုဉ်းလို့ နောက်ဆုံးအချိန်ရောက်နေတဲ့ လူတဲ့။

အဲဒီလူက ဝက်ဝံရေနဲ့လူကို တွေ့တော့ ဒီလို ရေရွတ်မြည်တမ်းတယ်တဲ့။

"အို… သနားစရာကောင်းတဲ့ ခိုကိုးရာမဲ့ လူသား။ ကျုပ်ဒုက္ခကတော့ဗျာ ခင်ဗျားလောကမှာ မြင်ဖူးမှာတောင် မဟုတ်ဘူး။ ခင်ဗျား စားဖို့အတွက် ကျုပ် အခုအချိန်မှာ အရိုးကလေး တစ်ရိုးတောင် မပေးနိုင်ဘူး။ ကျုပ်တို့ မိသားစုတွေ ကိုယ်တိုင်တောင် ငတ်သေရတော့မယ့် အခြေအနေရောက်နေပြီ။ ဒီနှစ် မိုးဖျက်လို့ ကျုပ်တို့ သီးနှံတွေအားလုံး ပျက်စီးကုန်တယ်။ ဒါပေမဲ့ ကျုပ်ယူထားတဲ့ ကြွေးတွေကတော့မနေဘူး။ ကျုပ် မြေရှင်ဆီကယူထားတဲ့ ကြွေးတွေ မပေးနိုင်ရင် ကျုပ်ထောင်ထဲသွားနေရမှာ။ ကျုပ် ရည်မှန်းချက်တွေလည်း သဲထဲရေသွန်ဖြစ်ပြီ။ ဒါကြောင့် ခင်ဗျားကို အကူအညီ မပေးနိုင်ဘူးလို့ ပြောတာ။ ခင်ဗျား ဟောဒီ ဘာမှမရှိတဲ့ ကြမ်းပြင်ပေါ်မှာ ဒီအတိုင်း အိပ်နိုင်တယ်ဆိုရင်တော့ ကျုပ်ဟာ ကျုပ်အမိုးအောက်မှာ တည်းခွင့်ပေးဖို့ ဝန်မလေးပါဘူး။ မနက်ဖြန်ဆိုရင် ရက်ချိန်းစေ့ပြီ။ ဒီတော့ ကျုပ် ဘယ်လိုကြမ္မာဆိုးနဲ့ တိုးတယ်ဆိုတာ ခင်ဗျား စောင့်ကြည့်သွားဦးပေါ့" လို့ ကြေကွဲဖွယ်ရာ ပြောပြတယ်။

လူငယ်လေးကလည်း ခုလို တစ်ညတာ တည်းခိုခွင့်ရတဲ့အတွက် ကျေးဇူးတင်တဲ့ အကြောင်း ယာတဲရှင်ကို ပြန်ပြောပြီး အခန်းထောင့်တစ်နေရာမှာ တစ်ကိုယ်တည်း သွားလှဲ

နေလိုက်တယ်။ ဒီလိုနဲ့ နံနက်မိုးသောက်လာရောတဲ့။ မိုးလည်းလင်းရော လူငယ်ဟာ သူ ဝတ်ထားတဲ့ မိန္ဓာလေးရဲ့ ကုတ်အင်္ကျီအစိမ်းထဲကို လက်ထည့်ပြီး ပြန်ထုတ်လိုက်တော့ လက်ထဲမှာ ရွှေဒင်္ဂါးတစ်ဆုပ် ပါလာတယ်။ သူက အဲဒီရွှေဒင်္ဂါးတွေကို ယာတဲရှင်ကို ပေးလိုက်ပြီး-

"ကဲ… ခင်ဗျား ပေးစရာရှိတဲ့ ကြွေးတွေကို ဒီရွှေဒင်္ဂါးတွေနဲ့ ပေးလိုက်ပေတော့။ ပိုတာလည်း သုံးချင်ရာသုံး" လို့ ပြောလိုက်တယ်။

ယာတဲရှင်ဟာ မယုံနိုင်လောက်အောင်လည်း ဖြစ်၊ ဝမ်းလည်းသာ၊ အံ့ဩလည်း သွားတယ်။ ဦးခေါင်းကို ညွတ်ပြီး-

"ခင်ဗျားရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ တစ်ခုတော့ ရှိတယ်၊ ဒီငွေတွေကို ကျွန်တော် ပြန်ဆပ်နိုင်မှာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော့်သမီး သုံးယောက်ထဲက ခင်ဗျား သဘောကျတဲ့ တစ်ယောက်ကို ဇနီးအဖြစ်ယူပါ။ ဒီနည်းနဲ့ပဲ ကျေးဇူးဆပ်နိုင်တယ်" လို့ ပြောတယ်။

ပြီးတော့ တစ်ဆက်တည်းမှာပဲ ယာတဲရှင်ဟာ အဲဒီလူရွယ်ကိုပြဖို့အတွက် သူ့သမီး သုံးယောက်ကို ခေါ်လိုက်တယ်တဲ့။

□



မေ ၂၀

## ဝက်ဝံအရေခြုံနှင့်လူ

ယာသမားရဲ့ သမီးသုံးယောက်လုံးဟာ အချောအလှတွေချည်းပဲတဲ့။ ဒါပေမဲ့ အငယ်ဆုံးလေးက အလှဆုံးတဲ့။ သူတို့သုံးယောက်လုံးဟာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေက ရှည်ရှည်၊ လက်သည်းခြေသည်းတွေက ရှည်ရှည်၊ သားရဲတိရစ္ဆာန်တစ်ကောင်ကို တွေ့ရသလို ထိတ်လန့်သွားကြတယ်။ အဲဒီလူနဲ့ လက်ထပ်ရမယ်လို့ဆိုတဲ့ သူ့အဖေရဲ့စကားလည်း ကြားရော လိပ်ပြာလွင့်စဉ်မတတ် ကြောက်ရွံ့သွားကြတယ်။ အကြီးမနှစ်ယောက်က ဒီတောရိုင်းသတ္တဝါနဲ့ တူတဲ့လူကို သူတို့ ဘယ်နည်းနဲ့မှ မယူနိုင်ပါဘူးလို့ ခါးခါးသီးသီး ငြင်းကြတယ်။

သမီးအငယ်ဆုံးလေးကတော့ မိဘစကားလည်း နားထောင်ချင်တယ်။ သူ့ကိုလည်း ကြည့်ပြီး သနားတယ်။ ဒါကြောင့် လက်ထပ်ယူပေါ့မယ်လို့ ကတိပေးလိုက်တယ်။ ဒီကတိလည်း ရရော ဝက်ဝံရေနဲ့လူက သူ့မှာရှိတဲ့ ရွှေလက်စွပ်ကလေးတစ်ကွင်းကို ထက်ဝက်ချိုးပေးတယ်။

ပြီးတော့-

"ဒီအချိန်ဟာ လက်ထပ်ဖို့အချိန် မဟုတ်သေးဘူး။ ငါ ကမ္ဘာကြီးထဲမှာ လှည့်ပတ်သွားလာနေရဦးမယ်။ ဒီတော့ ဒီလက်စွပ်တစ်ခြမ်းကိုပဲ သိမ်းထားပါ။ နောက်လေးနှစ်ကြာတဲ့အခါကျရင် ကျန်တဲ့ ဟောဒီ လက်စွပ်တစ်ခြမ်းကို ယူလာတဲ့သူဆို ဘယ်သူမဆို လက်ထပ်ယူလိုက်ပါ"

လို့ ပြောတယ်။ သမီးအငယ်ဆုံးလေးကလည်း ပြောတဲ့အတိုင်း လိုက်နာပေါ့မယ်လို့ ကတိပေးလိုက်တယ်။ ဒီလိုနဲ့ လူငယ်လည်း အဲဒီက နှုတ်ဆက်ထွက်ခွာလာခဲ့တယ်။

နောက်လေးနှစ်လုံးလုံး သူဟာ ကမ္ဘာကြီးထဲကို လှည့်လည်ခရီးသွားလာနေတယ်။ သူ့အတွက် ခရီးဟာ အင်မတန် ခက်ခဲကြမ်းတမ်းတဲ့ ခရီးပဲပေါ့။ ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ရတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ သူတို့သဘောတူထားတဲ့ ၇ နှစ် စေ့သွားတော့တယ်။

သူဟာ ချိန်းဆိုထားတဲ့ ဝက်သစ်ချပင်အိုကြီးဆီကို ရောက်အောင် ပြန်ခဲ့တယ်။

ဝက်သစ်ချသီး တစ်လုံးကလည်း မြေကို ကြွေကျလာပြီး အထဲက အစိမ်းရောင်မိစ္ဆာလေး ထွက်လာတယ်။ မိစ္ဆာလေးက-

"မင်းဟာ ပေးထားတဲ့ ကတိကို တည်အောင် ထိန်းနိုင်သားပဲ။ ဒီတော့ ဒီတစ်ခါ ငါ့အလှည့်။ ကဲ... မင်း ဘာဖြစ်ချင်သလဲ ပြော။ မင်းရဲ့ ဘယ်လို လိုအင်ဆန္ဒမျိုးကိုမဆို ငါ ပြည့်အောင် ဖြည့်ဆည်းပေးမယ်" လို့ ပြောတယ်။

လူငယ်က တစ်ချက်ရယ်ပြီး သူဖြစ်ချင်တဲ့ဆန္ဒကို ပြောပြတယ်။ ဘာဖြစ်တယ်လို့ ကလေးတို့ ထင်သလဲ။

သူ တောင်းဆိုတာက ထူးထူးဆန်းဆန်း ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ သူ့ကို ရေချိုးပေးဖို့၊ ခြေသည်းလက်သည်း လှီးပေးဖို့၊ မုတ်ဆိတ်ကျင်စွယ် ရိတ်ပေးဖို့၊ ဆံပင်ဖြတ်ပေးဖို့ လောက်ပါပဲ။ မိစ္ဆာလေးကလည်း တစ်ချက်ရယ်လိုက်တယ်။ ပြီးတော့ လူငယ်ပြောတဲ့အတိုင်း ခဏချင်းမှာပဲ ဆောင်ရွက်ပေးလိုက်တယ်။ အခုတော့ ၇ နှစ်လုံးလုံး တောရိုင်းတိရစ္ဆာန် တစ်ကောင်၊ သရဲတစ္ဆေတစ်ကောင်ပုံ ပေါက်နေတဲ့ လူငယ်ဟာ သူ့နဂိုရုပ် ချောမောနုပျိုတဲ့ လူငယ်လေး ပြန်ဖြစ်သွားတော့တယ်။

သူဟာ မိစ္ဆာလေးရဲ့ ကုတ်အင်္ကျီအစိမ်းကို ပြန်ပေးလိုက်တယ်။ ဝက်ဝံရေကိုလည်း လွှင့်ပစ်လိုက်တယ်။ သားသားနားနား အကောင်းဆုံး ဝတ်စုံတွေကို ဝတ်လိုက်တယ်။ ပြီးတော့ သူ့ သတို့သမီးရှိတဲ့အိမ်ကို သွားခဲ့တယ်။

ယာတဲရှင်ရဲ့ တံခါးကို လူတစ်ယောက်က လာခေါက်လို့ ဖွင့်ပေးလိုက်တဲ့အခါ ရည်မွန် ချောမောတဲ့ လူငယ်တစ်ယောက်ကို သူတို့ တွေ့ကြရတယ်။ အဲဒီလူငယ်က သူ့မှာရှိတဲ့ လက်စွပ်တစ်ခြမ်းကို ထုတ်ပြလိုက်တော့မှ သူဟာ ဝက်ဝံရေနဲ့ လူမှန်း သိသွားကြတယ်။

ဒီလိုနဲ့ လူငယ်ဟာ ယာတဲရှင်ရဲ့ သမီးအငယ်နဲ့ လက်ထပ်ပြီး တစ်သက်လုံး ပျော်ပျော် ရွှင်ရွှင် နေသွားတော့တယ်တဲ့ကွယ်။

** The Bearskin*

❑

မေ ၂၁

## မေ့တတ်သောဆင်ကြီး

ဟိုးတစ်ခါတုန်းက တောအုပ်တစ်အုပ်ထဲမှာ အင်မတန် မေ့တတ်တဲ့ ဆင်ကြီးတစ်ကောင် ရှိတယ်တဲ့။ အဲဒီဆင်ကြီးဟာ ဘယ်လောက် မေ့တတ်သလဲဆိုရင်-

မနက် မနက် အိပ်ရာထဖို့လည်း မေ့တယ်တဲ့။

ည ည အိပ်ရာဝင်ဖို့လည်း မေ့တယ်တဲ့။

တစ်ခါတလေ ရေချိုးဖို့လည်း မေ့တယ်တဲ့။

တစ်ခါတလေ အစာစားဖို့လည်း မေ့တယ်တဲ့။

ဒီတော့ တောထဲမှာရှိတဲ့ ခပ်ရှုပ်ရှုပ် မျောက်တွေက သူ့ကိုကြည့်ပြီး အမြဲ အော်ဟစ် လှောင်ပြောင်တတ်တယ်တဲ့။

"ကိုဆင်ကြီး… ကိုဆင်ကြီး…

အလွန်မေ့တဲ့ ကိုဆင်ကြီး၊

ကိုဆင်ကြီး မေ့တတ်တာ

ကမ္ဘာကျော်သဗျာ"

အဲသလို လှောင်ပြောင်သံ ကြားတော့ ဆင်ကြီးဟာ အင်မတန် စိတ်ဆိုးတယ်။ ဒီတော့ သူ့နှတ်ခမ်းနဲ့အပြည့် ကန်ထဲကရေတွေကို စုပ်ပြီး မျောက်တွေကို ပက်ဖျန်းလိုက်တာ မျောက်ရှုပ်တွေ တစ်ကိုယ်လုံး စိုရွှဲကုန်ရောတဲ့။ ဒီတော့ မျောက်တွေဟာ ဆင်ကြီးကို လက်တုံ့ပြန်ဖို့ နည်းလမ်းရှာကြတယ်တဲ့။ နောက်ဆုံးတော့ သူတို့အကြံကောင်းတစ်ခု ရသွားတယ်။ ဒီတော့ သူတို့ဟာ သစ်ကိုင်းတွေပေါ်ကနေပြီး ဆင်ကြီးကို ဒီလို သွားပြောကြတယ်တဲ့။

"ကိုဆင်ကြီး… ဘာလို့ ခင်ဗျားရဲ့ နှာမောင်းကို ထုံးချည်မထားရတာလဲ။ ဒီလိုဆို ခင်ဗျား မေ့တော့မှာ မဟုတ်ဘူး။ ခင်ဗျား နှာမောင်းက အထုံးကို မြင်လို့ စဉ်းစားလိုက်ရင် အဖြေပေါ်လာမှာပေါ့"

အဲဒီစကားကြားတော့ ဆင်ကြီးက အဟုတ်မှတ်သွားတယ်။

"အေး… တကယ်ကောင်းတဲ့ အကြံပဲကွ" လို့ ပြောတယ်။ ပြီးတော့-

"ငါ့ဘာသာ မချည်နိုင်ဘူး၊ မင်းတို့ပဲ ငါ့နှာမောင်းကို ချည်ပေး"

လို့ တောင်းပန်လို့ မျောက်တွေက ဆင်ကြီးရဲ့ နှာမောင်းကို အထုံးဖြစ်အောင် ချည်ပေးလိုက်တယ်။ ပြီးတာနဲ့ မျောက်တွေက ထုံးစံအတိုင်း ဆင်ကြီးကို စကြ နောက်ကြပြန်ရော။ ဆင်ကြီးခေါင်းကိုလည်း အုန်းသီးနဲ့ ပေါက်ကြတယ်။

"ကိုဆင်ကြီး၊ ခင်ဗျားနှာမောင်းကို ဘာလို့ ထုံးထားတာလဲ"

"ငါလည်း မသိဘူး။ ငါလည်း သတိမရတော့ဘူး"

အဲသလိုပြောပြီး ဆင်ကြီးက အော်ငိုတော့တယ်။ ဒီနှာမောင်းက ထုံးထားတော့ သူ့အနေနဲ့ ရေသောက်ချင်တာတောင် သောက်မရဘဲ ဖြစ်နေတာကိုး။ နောက်ဆုံးတော့ ဆင်ကြီးကို သနားပြီး မျောက်တွေက နှာမောင်းအထုံးကို ပြန်ဖြေပေးလိုက်တယ်။ မဖြေခင် သူတို့က "ခင်ဗျား ကျုပ်တို့ကို ရေနဲ့မပက်တော့ပါဘူးလို့ ကတိပေးရမယ်နော်" လို့ ပြောတယ်။ ဆင်ကြီးကလည်း ကတိပေးလိုက်တယ်။

ဒါပေမဲ့ သူ့နှာမောင်းပြေသွားတာနဲ့ ဆင်ကြီးဟာ ရေတွေစုပ်ပြီး မျောက်တွေကို ရွဲရွဲစိုကုန်အောင် ပက်တော့တာပဲတဲ့။ ဆင်ကြီးကတော့ မေ့တတ်တဲ့နေရာမှာ စံပဲလို့ ပြောရမယ်။ သူ ပေးလိုက်တဲ့ ကတိလည်း သူ မေ့တာပဲနော်။

* ***The Forgetful Elephant***

❑





၄မ ၂၂

## တံငါသည်နှစ်ယောက်

ဟိုးရှေးရှေးတုန်းက ပင်လယ်ကမ်းခြေမှာ နံ့ချာတဲ့ တဲလေးတစ်လုံး ရှိတယ်။ အဲဒီမှာ မောင်ကံဆိုတဲ့ တံငါသည် လူငယ်တစ်ယောက်နေတယ်တဲ့။ အခုတစ်လော မောင်ကံဟာ လုပ်ရ ကိုင်ရတာ အဆင်မပြေဘူး ဖြစ်နေတယ်။ သူ တစ်နေကုန်တစ်နေခန်း ဖမ်းတာတောင် ငါးလေးတစ်ကောင် မမိဘူးတဲ့။ နောက်ဆုံးတော့ သူဟာ ငတ်သေရတော့မယ့် အခြေအနေ ရောက်ရှိ လာတယ်။

တစ်ညနေမှာတော့ သူဟာ ပင်လယ်ကမ်းခြေမှာ ဝမ်းနည်းကြေကွဲစွာ ထိုင်ပြီး ဆိုးဝါးလှတဲ့ သူ့ကံကြမ္မာအကြောင်းကို တွေးနေမိတယ်။ အဲဒီအချိန်မှာပဲ ရေထဲမှာ တောက်ပနေတဲ့ အရာတစ်ခုကို သူ လှမ်းမြင်ရတယ်။ 'ရေထဲမှာ မြုပ်နေတဲ့ ရတနာတွေလား မသိဘူး' လို့ သူ တွေးမိတယ်။ သူက တစ်ဆက်တည်းပဲ သူ့ဘာသာသူ တွေးမိတယ်။

"ငါကလည်း ဒီလိုရတဲ့ပစ္စည်းမျိုးကို မလိုချင်ပါဘူး။ ငါ့ကိုယ်ငါပဲ အားကိုးတာ ကောင်းတယ်"

အဲသလို တွေးပြီး ကမ်းခြေက လှည့်ထွက်ခဲ့တယ်။ သူက ခပ်မြန်မြန်ပဲ သူ့တဲကလေးဆီ လျှောက်ပြန်လာခဲ့တယ်။ အဲဒီမှာပဲ သူ့နောက်က ခေါ်သံ ကြားရတယ်။

"မသွားပါနဲ့ဦး၊ တံငါသည်လေး မောင်ကံ"

အဲဒီအသံကြောင့် သူ လှည့်ကြည့်လိုက်တဲ့အခါ ထူးထူးခြားခြား လူစိမ်းတစ်ယောက်ကို မြင်ရတယ်။ သူ့ဆံပင်တွေက ပင်လယ်ရေလိုပဲ ပြာတယ်။ သူ့ကုတ်အင်္ကျီအရှည်ရဲ့ အောက်နားစကလည်း ပင်လယ်ရေထဲမှာ မြုပ်နေတယ်။ သူက သူ့လက်တွေကို ရှေ့ကို ဆန့်တန်းပြီး လမ်းလျှောက်လာနေတာ မမြင်ရတဲ့သူ လမ်းလျှောက်နေသူလိုပဲ။

အဲဒီထူးဆန်းတဲ့ သူစိမ်းက ဒီလိုပြောပြန်တယ်။

"မင်းဟာ သိပ်ဒုက္ခရောက်နေတယ်၊ ငတ်မွတ်နေတယ်ဆိုတာ ငါ သိတယ်။ တကယ်လို့ မင်းဆန္ဒရှိတယ်ဆိုရင် ငါ ကူညီပါရစေ။ ဟောဒီ ငါရဲ့ ကြေးလက်စွပ်ကို မင်းယူထား။



မနက်ဖြန် ညသန်းခေါင်ကျရင် ဒီနေရာကို မင်းပြန်လာခဲ့။ ပင်လယ်ထဲမှာ အရောင်တောက်နေတာ တွေ့ရမယ်။ မင်း အဲဒီကိုသာ တည့်တည့်လျှောက်သွား။ အဲဒီနေရာမှာ ရေပေါ်ကို ပေါ်နေတဲ့ အိုးသုံးလုံးကို တွေ့ရမယ်။ မင်း အလယ်က အလုံးကို ဆယ်လိုက်ပါ။ မင်းဟာ ရေနစ်သေဆုံးခဲ့တဲ့ လူတစ်ယောက်ရဲ့ ဝိညာဉ်ကို လွတ်မြောက်အောင် ဆောင်ရွက်ပေးရာ ရောက်လိမ့်မယ်။ အဲဒီကိစ္စကိုတော့ မင်း ဘယ်သူတစ်ဦး တစ်ယောက်ကိုမှ ဖွင့်မပြောနဲ့။ မင်းရဲ့ကံကြမ္မာ ဘယ်လို ပြောင်းလဲသွားမယ်ဆိုတာ မင်း သိရလိမ့်မယ်"

အဲဒီစကားကို ကြားပေမယ့် မောင်ကံက စိတ်မဝင်စားဘူး။ သူ့ကို နတ်ဆိုးက လှည့်စားနေတဲ့ ထောင်ချောက်တစ်ခုပဲလို့ ထင်တယ်။ အဲဒါနဲ့ သူ့တဲကလေးဆီပဲ သူဘာသာ ပြန်လာခဲ့တော့တယ်တဲ့ကွယ်။

ပင်လယ်ထဲက ထွက်လာတဲ့ သူစိမ်းက ဘယ်လို မြှူဆွယ်ခဲ့သလဲ။ မောင်ကံရော ဘယ်လိုကံကြမ္မာမျိုးနဲ့ ကြုံရသလဲဆိုတာ မနက်ဖြန်မှ ဆက်နားထောင်တော့နော်။

❑

မေ ၂၃

## တံငါသည်နှစ်ယောက်

အိမ်ရောက်ပြီးလို့ အိပ်ရာထဲလှဲပြီး မကြာခင်မှာပဲ မောင်ကံဟာ နေမကောင်း ဖြစ်တော့တယ်တဲ့။ သူဟာ တစ်နှစ်လုံးလုံး နေမကောင်းဖြစ်ပြီး ဖျားနာနေတယ်။ သူဟာ သူ့လှေရော၊ သူ့ပိုက်ကွန်တွေရော ရောင်းလိုက်ရတယ်။ နောက်ဆုံး သူ့တဲကလေးကိုပါ ရောင်းလိုက်ရတယ်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သူ့မှာ သူတောင်းစား တစ်ယောက်လိုပဲ တောင်ဝှေးလေး တစ်ချောင်းပဲ ပိုင်ရှာတော့တယ်။

ဒီလိုနဲ့ သူ တစ်ခါတုန်းကရောက်ခဲ့တဲ့ ကမ်းခြေကိုရောက်ပြီး ဟိုတစ်ခါတုန်းကလိုပဲ စိတ်ပျက်လက်ပျက် ထိုင်မှိုင်နေတုန်း ဖြန့်းဆို ရုတ်တရက် ပင်လယ်ထဲက အရောင်တွေ တောက်ပလာတာ တွေ့ရတယ်။ အဲဒီအလင်းရောင်ကို လှိုင်းတွေက သူ့ဆီတစ်ဆင့် သယ်ဆောင်လာတယ်။ အဲဒီအလင်းရောင် သူ့ရှေ့ရောက်တော့ အထဲက ဆံပင်ပြာပြာနဲ့လူ ထွက်ပေါ်လာပြန်တယ်။ သူက-

"တို့ စကားပြောခဲ့ကြတာ တစ်နှစ်တောင်ရှိခဲ့ပြီ မောင်ကံ။ ဘယ်လိုလဲ၊ မင်းစိတ်ကို မင်း ပြောင်းလဲမပစ်သေးဘူးလား" လို့ မေးတယ်။

မောင်ကံက စဉ်းစားတယ်။ သူ့ဘဝဟာ အခြေအနေ အဆိုးဝါးဆုံးအချိန်ကို ရောက်နေတယ်။ ဒီလူစိမ်းပြောတာကို လက်ခံပြီး လုပ်လိုက်ရင်လည်း လက်ရှိအခြေအနေထက်တော့ ပိုပြီး ဆိုးဝါးသွားစရာ မရှိဘူးလို့ပေါ့။ ဒါကြောင့် သူက နောက်နေ့ သန်းခေါင်ယံကျရင် တစ်ခေါက်လာပြီး ရေနစ်သေတဲ့လူရဲ့ ဝိညာဉ်ကို ကယ်တင်ပါ့မယ်လို့ ကတိပေးလိုက်တယ်။ ဒီကတိလည်းရရော လူစိမ်းဟာ သူ့လက်က ကြေးလက်စွပ်ကို ချွတ်ပေးပြီး ပျောက်ကွယ်သွားရောတဲ့။

နောက်တစ်နေ့ သန်းခေါင်ယံကျတော့ မောင်ကံလည်း သူ့ကတိအတိုင်း အဲဒီကမ်းခြေကို ရောက်လာတာပေါ့။ မလှမ်းမကမ်း ပင်လယ်ထဲ တစ်နေရာမှာ သူဟာ ထူးထူးဆန်းဆန်း မီးရောင်ကို မြင်ရတယ်တဲ့။ သူက အဲဒီကို ဦးတည်သွားလိုက်တယ်။ သူက ရေကူးသွားရ

မယ်လို့ ထင်နေတာ။ အခုတော့ လှိုင်းတွေက သူ့ကို အသာအယာ အဲဒီအလင်းရောင်ဆီ သယ်ဆောင်သွားလေတော့ သူ့အဖို့ လမ်းလျှောက်သွားရသလိုပဲတဲ့။

မကြာခင်မှာပဲ သူ အံ့အားသင့်စရာနဲ့ ကြုံရတယ်။ သူဟာ မြက်ခင်းပြင်ကြီးတစ်ခုပေါ် ရောက်သွားတယ်။ အဲဒီမှာ မြက်ရိတ်သမားတွေဟာ မတ်တတ်ရိတ်ရတဲ့ တံစဉ်ရှည်ကြီးတွေနဲ့ သီချင်းတကြော်ကြော်ဆိုရင်း ပျော်ပျော်ရွှင်ရွှင် မြက်ရိတ်နေကြတယ်။ သူ့အိမ်နားပတ်ဝန်းကျင်က သူတို့ရွာနဲ့ နီးတဲ့ရွာတွေက ရေနစ်သေဆုံးသွားကြတဲ့ လူတွေချည်း ဖြစ်နေတယ်တဲ့။

သူက အဲဒီလိုတွေ့ပေမယ့် ဘယ်သူ့ကိုမှလည်း စကားတစ်ခွန်းမှ မပြောဘူး။ ရပ်လည်း မရပ်ဘဲ ဆက်လျှောက်ခဲ့တယ်တဲ့။ လှပတဲ့ အိမ်ကလေး တစ်အိမ်ထဲကနေပြီး မိန်းမချောလေး တစ်ယောက်က ထွက်ခေါ်တာတောင်မှ သူ မရပ်ဘဲ ဆက်လျှောက်ခဲ့တယ်တဲ့။ ဒီလိုနဲ့ သူဟာ ရေပေါ်မှာပေါ်နေတဲ့ အိုးသုံးလုံးကို သွားတွေ့တော့တယ်။

အဲဒီတော့ သူစိမ်းမှာလိုက်တဲ့အတိုင်း အလယ်ကအိုးကို ဆယ်လိုက်တယ်တဲ့။ အဲဒီ အချိန်မှာပဲ မြက်ရိတ်သမားတွေဟာ သူ့ဆီကို ပြေးလာကြတယ်။ အော်ဟစ်လာလိုက်ကြတာ ကြောက်စရာလန့်စရာပဲတဲ့။ မောင်ကံ့က အင်း… ဒီတစ်ခါတော့ ငါ့ဘဝရဲ့ နောက်ဆုံးအချိန် ရောက်ပြီ ထင်ပါရဲ့လို့ တွေးလိုက်မိတယ်။ အဲဒီအချိန်မှာပဲ သူ အိပ်ရာက လန့်နိုးလာတော့ တယ်တဲ့။

သူ နိုးလာတော့ တွေ့ရတာက သူဟာ ကမ်းခြေတစ်ခုပေါ်မှာ လှဲရက်သား ဖြစ်နေ တယ်တဲ့။ သူ့အတွက် အံ့အားသင့်စရာ မြင်ရတာက သူ့တစ်ကိုယ်လုံးဟာ အကြေးခွံတွေ ဖုံးနေတယ်တဲ့။ အဲဒီအကြေးခွံတွေ အားလုံးဟာလည်း ရွှေသားစစ်စစ်တွေ ဖြစ်နေတယ်တဲ့ ကွယ်။

❑

မေ ၂၄

## တံငါသည်နှစ်ယောက်

အဲဒီလို ကံကောင်းတဲ့ တံငါသည်လေး မောင်ကံရဲ့ သတင်းဟာ ပင်လယ်ကမ်းခြေ တစ်လျှောက် တစ်ယောက်စကား တစ်ယောက်နားကနေ ပျံ့နှံ့လို့သွားတယ်။ အဲဒီလို ကြားတဲ့ အထဲမှာ တံငါရွာတစ်ရွာက မောင်စံဆိုတဲ့ လူပျင်းတစ်ယောက်လည်း ပါတယ်။ သူဟာ မောင်စံဆိုတဲ့ နာမည်နဲ့လိုက်အောင် အေးအေးဆေးဆေး အချောင်စံနေချင်တဲ့ကောင်တဲ့။ စိတ်ထား ကလည်း ကောက်ကျစ်ယုတ်မာသေးတယ်တဲ့။ ရေသာခိုချင်တဲ့စိတ်လည်း ရှိတယ်တဲ့။ အင်မတန် နားပူနားဆာ မြည်တွန်တောက်တီးတတ်တဲ့ ဇနီးတစ်ယောက်လည်း ရှိတယ်တဲ့။

သူက မောင်ကံ ကုသိုလ်ထူးသွားတာကို ကြားပြီး သိပ်အားကျနေတယ်။ ဒါကြောင့် ရွာထဲက အရက်ဆိုင်မှာ နေ့စဉ် သွားသောက်ရင်း ဘာသတင်းများ ကြားရမလဲလို့ အမြဲ နားစွင့်နေတယ်တဲ့။ တစ်နေ့တော့ ရွာထဲက လူတစ်ယောက်နဲ့ အရက်ဆိုင်ထဲကို ရောက်လာပြီး အူယားဖားယား သူ့မိန်းမ မတော်တဆ ရေနစ်သေတဲ့အကြောင်း ပြောပြတယ်။ သူ့မိန်းမ ဆုံးပြီဆိုတာ ကြားရတော့ မောင်စံဟာ တော်တော် ပျော်သွားတယ်။ နားပူနားဆာ အပြောခံရတဲ့ ဒုက္ခက လွတ်ပြီပေါ့လေ။

သူက-

"အင်း... ဘုရားသခင် ပေးတော်မူတဲ့ လက်ဆောင်ကတော့ အံ့မခန်းပဲဟော့။ သူပိုင်တဲ့ အရာကို သူပြန်ခေါ်တော်မူတာပဲ" လို့ ပြောပြီး ဒီလို ဆက်တွေးသေးတယ်။

"အခုနေများ မောင်ကံလို ငါသာ ရွှေအကြေးခွံတွေ ပေါက်လာရင် အပိုင်ပဲ။ နောက် ဇနီးအသစ်ကလေး တစ်ယောက် ချက်ချင်း ကောက်ယူလိုက်မယ်။ ငါ့မှာလည်း နားပူနားဆာ လုပ်တဲ့ မိန်းမမှ မရှိတော့ဘဲ"

ဒီလိုနဲ့ တစ်ညနေမှာ ထူးဆန်းတဲ့ ပင်လယ်ထဲက အလင်းရောင်ကို ရှာဖို့အတွက် သူဟာ ပင်လယ်ကမ်းခြေကို ထွက်လာခဲ့တယ်။ သူ သိပ်ကြာကြာ မရှာလိုက်ရပါဘူး။ ပင်လယ်

ထဲမှာ အဲဒီအလင်းရောင်ကို တွေ့ရတော့တာပဲ။ အဲဒီအလင်းရောင်ထဲက ဆံပင်ပြာပြာနဲ့ ထူးဆန်းတဲ့ လူလည်း ထွက်လာတယ်။

အဲဒီလူကိုတွေ့တော့ မောင်စံက ဟန်တောင် မဆောင်နိုင်ဘဲ-

"ကျုပ်လည်း ရေနစ်သေတဲ့လူရဲ့ ဝိညာဉ်ကို ကယ်တင်ပါရစေ" လို့ ပြောတယ်။

အဲဒီတော့ လူစိမ်းကလည်း စကားတစ်လုံးမှ မပြောတော့ဘဲ သူ့ခြေထောက်က ကြေး ခြေကွင်းကို ချွတ်ပေးလိုက်ပြီး လှိုင်းတွေကြားမှာပဲ ပျောက်ကွယ်သွားတယ်။

နောက်တစ်နေ့ ညသန်းခေါင်ကျတော့ မောင်စံဟာ ပင်လယ်ကမ်းခြေကို သွားတယ်။ သူလည်း မောင်ကံလိုပဲ ရေလယ်မှာ ထူးခြားတဲ့ အလင်းရောင် တွေ့ရတာပေါ့။ မောင်စံကိုလည်း လှိုင်းတွေကပဲ အဲဒီနေရာရောက်အောင် ခေါ်ဆောင်သွားတယ်။ ထုံးစံအတိုင်း မြက်ခင်းကွင်းပြင် ကျယ်ကြီးထဲမှာ သီချင်းဆိုပြီး မြက်ရိတ်နေတဲ့လူတွေကို တွေ့ရတာပေါ့။ ဆက်လျှောက်သွား လိုက်တာ အဲဒီမြက်ခင်းပြင်ကြီးရဲ့ အစွန်း မှာ လှပတဲ့ အိမ်ကလေးတစ်လုံးကို မောင်စံ တွေ့လိုက်ရတယ်တဲ့။



"တော်တော် နေချင်စရာကောင်းတဲ့ နေရာကလေးပဲ"

မောင်စံက အဲသလိုတွေးပြီး အဲဒီအိမ်လေးဆီသွားပြီး အိမ်တံခါးကို ခေါက်လိုက်တယ် ဆိုရင်ပဲ-

ကဲ... အိမ်တံခါးပွင့်သွား တော့ သူ ဘာကိုမြင်ရမယ် ထင်သလဲ ဟင်။

❑

## မေ ၂၅

# တံငါသည်နှစ်ယောက်

အိမ်တံခါးပွင့်သွားလို့ သူ မြင်လိုက်ရတာက ကြောက်စရာကောင်းတဲ့ ဘီလူးမတစ်ကောင်တဲ့။ အရုပ်ဆိုးဆိုး ပါးစပ်ပြဲလိုက်တာကလည်း ဟိုဘက်နားရွက်ကနေ ဒီဘက်နားရွက်ရောက်တဲ့အထိပဲတဲ့။ မောင်စံကတော့ ခပ်တည်တည်ပဲ-

"မင်္ဂလာပါ အမျိုးသမီး၊ ရေပေါ်ပေါ်နေတဲ့ အိုးသုံးအိုးကို ဘယ်နေရာမှာများ တွေ့နိုင်မလဲ၊ ညွှန်ပြပေးပါ" လို့ မေးလိုက်တယ်။

"ခဏလေးစောင့်၊ မင်းကို ငါ ပြမယ်" လို့ ဘီလူးမက ပြောပြီး သူ့အနား ကပ်လာတယ်။ ပြီးတော့-

"ကဲ… မင်း ငါ့ကို လက်ထပ်မလား၊ လက်မထပ်ဘူးလား ပြော။ ငြင်းရင်တော့ တစ်ချက်တည်း အသေရိုက်သတ်လိုက်မယ်" လို့ ဆက်ကြိမ်းလိုက်တယ်။

ဒီတော့မှ မောင်စံလည်း ထွက်ပြေးတော့တယ်။ သူ့နောက်က ဘီလူးမက လိုက်ဖမ်းတော့တယ်။ မြက်ရိတ်နေတဲ့ လူတွေကလည်း တံစဉ်တွေ ကိုင်ပြီး လိုက်တော့တယ်။ မောင်စံလည်း လေလိုမြန်အောင် ပြေးရတော့တာပဲ။ အဲသလိုပြေးရင်းနဲ့ မောင်စံဟာ သူ့ရှေ့မှာ ရေပေါ်ပေါ်နေတဲ့ အိုးသုံးအိုးကို တွေ့တယ်။ သူက စဉ်းစားမနေတော့ဘဲ သူနဲ့အနီးဆုံး အစွန်ဆုံး အိုးကိုပဲ ဆယ်လိုက်တယ်။

အဲဒီခဏမှာပဲ ကောင်းကင်ကြီးတစ်ခုလုံး သူ့အပေါ် ပိပြိုကျလာသလို မြင်လိုက်ရတယ်။ ဒီတစ်ခါတော့ သူ့ဘဝရဲ့ နောက်ဆုံးအချိန်ရောက်ပြီလို့ ထင်လိုက်တာပေါ့။ အဲဒီအချိန်မှာပဲ သူ ရုတ်တရက် အိပ်ရာက နိုးလာတယ်။ သူဟာ ပင်လယ်ကမ်းခြေတစ်နေရာမှာ လဲနေတာ တွေ့ရတယ်။ အိပ်မက်ဆိုးက လွန်မြောက်ခဲ့ပြီပေါ့လေ။

သူက သူ့ခန္ဓာကိုယ်က အရေပြားကို လျှင်လျှင်မြန်မြန် ကြည့်လိုက်တယ်။ ကလေးတို့ ထင်တဲ့အတိုင်းပါပဲ။ သူ့ခန္ဓာကိုယ်တစ်ခုလုံးဟာ အကြေးခွံတွေ ဖုံးနေတာ တွေ့ရတယ်။



ဒါပေမဲ့ ရွှေသားအကြေးခွံတွေတော့ မဟုတ်ဘူး။ သာမန် ရိုးရိုးငါးတွေမှာ ရှိတဲ့ အကြေးခွံတွေတဲ့။ သူ ကြောက်လန့်သွားတယ်။ ဝမ်းနည်းစိတ်ပျက်လည်း သွားတယ်။

"အိမ်အပြန် ရွှေစကလေး ဘာကလေး ပါအောင် ယူနိုင်မယ် ထင်ခဲ့တာ အခုတော့..." လို့ မြည်တမ်းတယ်။ သူ သူ့အိမ်အပြန်မှာ ပါလာတာကတော့ သူ့မျက်လုံးနဲ့အပြည့် မျက်ရည်တွေပါပဲ။

နေဦးကွဲ့၊ ပုံပြင်က မဆုံးသေးဘူး။ သူ အိမ်နား ရောက်တော့ ပြတင်းပေါက်ကနေ အရောင်တလက်လက် မြင်ရလို့ သူက ရွှေထင်ပြီး ဝမ်းသာသွားတယ်။ ဒါပေမဲ့ အိမ်တံခါးဝ ရောက်လို့ မြင်လိုက်ရတာကတော့ သူ့ကို ဒေါသတကြီး စိုက်ကြည့်ရင်း လက်ပိုက်ရပ်နေတဲ့ သူ့ရဲ့ အင်မတန် မြည်တွန်တောက်တီးတတ်တဲ့ဇနီး ဖြစ်နေသတဲ့ကွယ်။

*The Two Fishermen*



မေ ၂၆

## သီချင်းဆိုတဲ့မြစ်

ဟိုးရှေးရှေးတုန်းက ဖန်သားလို ကြည်လင်တဲ့ မြစ်ကြီးတစ်စင်းရဲ့ ကမ်းပါးမှာ နုပျို လှပတဲ့ လူနီရိုင်း မိန်းမပျိုလေးတစ်ဦး နေထိုင်တယ်တဲ့။ သူ့နာမည်ကတော့ 'မနက်ခင်းနှင်းဥ' လို့ ခေါ်တယ်။ သူဟာ မနက် နေစထွက်လာကတည်းက သီချင်းစဆိုတော့တာပဲတဲ့။

သူဆိုတဲ့ သီချင်းသံကလေးက ချိုသာလွန်းအားကြီးတော့ နတ်ဘုရားတွေရဲ့ အကြီးအမှူး ဖြစ်တဲ့ နတ်ဘုရားကြီးကတောင် သူ့သီချင်းသံလေးကို နားထောင်ဖို့အတွက် ကမ္ဘာမြေကြီးပေါ်မှာ ရှိတဲ့ ဘဝတွေကို ခဏရပ်ထားရတယ်တဲ့။ အဲသလောက် ကောင်းတယ် ဆိုပါတော့။

အဲဒီ မနက်ခင်းနှင်းဥလေးမှာ ချစ်သူရှိတယ်တဲ့။ သူ့ချစ်သူက လူနီရိုင်းတွေထဲမှာ အရဲရင့်ဆုံးလူငယ်တဲ့။ မနက်ခင်းနှင်းဥလေးနဲ့ သူတို့ဟာ တစ်နေ့မှာ လက်ထပ်ကြဖို့ သစ္စာ ကတိတွေ ထားခဲ့ကြတယ်တဲ့။ တစ်နေ့တော့ အဲဒီလူငယ်ဟာ သူ့ရဲ့ ကနူးလှေကလေးနဲ့ မြစ်ကြောင်းကို စုန်ဆင်းသွားတယ်။ အရေးတကြီးသွားရလို့ လူငယ်ဟာ ရေအားလုံးကို ပိုင်တဲ့ နတ်ဘုရားကို ခရီးမထွက်ခင် ပူဇော်တိုင်တည်ဖို့ မေ့သွားတယ်တဲ့။

အဲဒီတော့ မြစ်ကြီးက အရမ်းစိတ်ဆိုးတော့တာပေါ့။ ဝဲကြမ်းကြီးတွေ ဖန်တီးပြီး လှေကလေးကို မှောက်လိုက်တယ်။ လူနီရိုင်း လူငယ်ကိုလည်း မြစ်အောက်ခြေရောက်အောင် ဆွဲနစ်ပစ်လိုက်တယ်တဲ့ကွယ်။ အဲဒီလူငယ်ဟာ မြစ်ထဲမှာပဲ သက်တံငါးလေး တစ်ကောင် အဖြစ် ပြောင်းလဲသွားတယ်တဲ့။ သက်တံငါးလို့ ခေါ်ကြတာက သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ သက်တံ လို ရောင်စုံ အစက်အပြောက်ကလေးတွေရှိလို့တဲ့။

မနက်ခင်းနှင်းဥဟာ မျက်ရည်အသွယ်သွယ်ကျပြီး သူ့ရဲ့ ချစ်သူကို သူ့ကို ပြန်ပေးဖို့ မြစ်ကြီးကို အမျိုးမျိုး တောင်းပန်တယ်။ ဒါပေမဲ့ မြစ်ကြီးကတော့ မင်းမလှုပ်အဲမလှုပ်နဲ့ စကားမတုံ့ပြန်ဘူးတဲ့။ လှိုင်းတွေကလည်း ဘာမှမသိသလို မကြားသလို နေကြတယ်တဲ့။

ဒီတော့ နောက်ဆုံးမှာ မနက်ခင်းနှင်းဥလေးဟာ ရေထဲကို ကိုယ့်ဘာသာ ခုန်ချလိုက်တော့ တယ်။ မြစ်ကြီးကို သူ့ချစ်သူကို ပြန်မပေးနိုင်ရင် မထူးပါဘူး၊ သူ့ကိုပါ ယူပါတော့လို့



မျက်ရည်တွေနဲ့ တောင်းပန်လိုက်တယ်။ ရေတို့ရဲ့ အရှင်သခင်ဟာ မနက်ခင်း နှင်းဥလေးအပေါ် ကြင်နာသနားစိတ်ဝင်လာပြီး ဆုလာဘ်ပေးတဲ့အနေနဲ့ မနက်ခင်း နှင်းဥကလေးကို ရေတံခွန်အဖြစ် ပြောင်းလဲလိုက်တယ်။

နှစ်စဉ်နှစ်တိုင်းပဲ တစ်နှစ် တစ်ခါ သက်တံငါးတွေဟာ အဲဒီရေတံခွန်ကို ရောက်ရှိလာလေ့ ရှိတယ်။ သူတို့ဟာ အဲဒီမှာ နေဆာလှုံကြတယ်။ ပလုံစီသံကြားအောင် ရေထဲမှာ ဝဲလှည့်ကြတယ်။ အဲဒီအချိန်ကစပြီး ဖန်သားနဲ့တူတဲ့ မြစ်ကြီးဟာ မိုးလင်းကတည်းက စသီချင်း ဆိုတော့တာပဲ။ အဲဒီအသံဟာ မနက်ခင်း နှင်းဥလေးရဲ့အသံနဲ့တူတယ်လို့ လူတွေက ပြောကြပါတယ်။



***** ***The Singing River***

*(ရက်အင်ဒီးယန်းပုံပြင်)*

❑

မေ ၂၇

## ကျောင်းအုပ်ကြီးနှင့် ငမန်း

ဟိုးတစ်ခါတုန်းက တံငါရွာလေးတစ်ရွာမှာ ပညာရှိ ဆိုတဲ့ ကျောင်းအုပ်ဆရာကြီး တစ်ယောက် ရှိတယ်။ သူဟာ စာအုပ်ကောင်းတွေ အများကြီး ဖတ်တယ်။ ထူးထူးဆန်းဆန်း အရာတွေကိုလည်း လုပ်တတ်တယ်တဲ့။ သူက တစ်ကနေ ငါးအထိ ဘယ်လို ရေတွက်ရတယ် ဆိုတာလည်း သိတယ်။ သူ့ရဲ့ ဘယ်ဘက်နားရွက်ပေါ်မှာလည်း သူ အိပ်တတ်တယ်။ ရေအောက် မှာလည်း စကားပြောတတ်တယ်။ ပြီးတော့ လက်ကိုင်ပဝါထဲမှာလည်း နှာချေတတ်တယ်တဲ့။

သူလုပ်သမျှထဲမှာ အထူးဆန်းဆုံးအရာကတော့ မိုးမရွာဘဲနဲ့ သူ့ခေါင်းပေါ်မှာ ဦးထုပ် ဆောင်းတာပဲတဲ့။ တစ်ရွာလုံးက လူတွေက ပြောကြတာကတော့ ကျောင်းအုပ်ဆရာကြီးဟာ မှော်ပညာတတ်မြောက်နေတာ ဖြစ်နိုင်တယ်တဲ့။

နေသာတဲ့နေ့ တစ်နေ့မှာတော့ တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ ဆရာကြီးဟာ သူ့လှေကလေးနဲ့ ကမ်းခြေတစ်ဝိုက်မှာ ရွက်တိုက်နေတယ်တဲ့။ အဲဒီအချိန်မှာ ငါးမန်းတစ်ကောင် ရောက်လာပြီး လှေကို မှောက်ပစ်လိုက်တယ်။ ကျောင်းအုပ်ဆရာကြီးကိုလည်း ခြေထောက်က ကိုက်ပြီး ပင်လယ်ကြမ်းပြင်ရေနက်ထဲ ရောက်အောင် ဆွဲသွားတယ်။ သူ့ဦးထုပ်ကတော့ ရေမျက်နှာပြင်ပေါ်မှာ မျောပြီး ကျန်နေခဲ့တယ်။

ကျောင်းအုပ်ဆရာကြီးက ခပ်တည်တည်နဲ့ ငါးမန်းကို ဒီလိုပြောတယ်တဲ့။

"ဟဲ့… ငါးမိုက်ငါးမန်း၊ နင့်လောက်ရူးတာ မရှိတော့ဘူး။ ငါ့ရဲ့ခေါင်း ဟောဟို ရေပေါ်မှာ ပေါလောမျော ကျန်နေခဲ့တာ မတွေ့ဘူးလား။ မင်းစားမယ်ဆိုရင် ငါ့ခန္ဓာကိုယ် တစ်ခုလုံးမှာ အဲဒီခေါင်းဟာ အကောင်းဆုံး အစိတ်အပိုင်းပဲ။ ကောင်းတာတွေမှန်သမျှ အဲဒီမှာ စုနေတာ။ ငါ့မျက်လုံးလည်း အဲဒီမှာ၊ ငါ့နားရွက်လည်း အဲဒီမှာ၊ ငါ့နှာခေါင်းလည်း အဲဒီမှာ၊ ငါ့ဦးနှောက်လည်း အဲဒီမှာပဲ"

ငါးမန်းက အပေါ်ကို မော့ကြည့်လိုက်တော့ တကယ်ပဲ ရေမျက်နှာပြင်ပေါ်မှာ ပေါ်ပြီး ပေါလောမျောနေတဲ့ ဦးထုပ်ကို သွားတွေ့တယ်။ ဒီတော့ အဲဒါကိုပဲ ကျောင်းအုပ်ဆရာကြီး


ပြောတဲ့ ခေါင်းလို့ထင်ပြီး ကိုက်ထားတဲ့ ဆရာကြီး ခြေထောက်ကို လွှတ်ပြီး ဦးထုပ်ဆီ ကူးပြေးသွားတယ်။

ငါးမန်း လွှတ်လိုက်တာနဲ့ ဆရာကြီးလည်း အမြန်ဆုံး ရေကူးပြီး ကုန်းပေါ်တက်ပြေးလာခဲ့တယ်တဲ့။ ပြီးတော့ သူဟာ မိုက်မဲတဲ့ ငါးမန်းအကြောင်းကို တွေ့တဲ့လူတိုင်းကို ပြောပြတော့တယ်။ လူတွေက ရယ်လည်း ရယ်ကြတယ်။ အဲဒီအကြောင်းကို ပြောမဆုံးအောင်လည်း ဖြစ်နေကြတယ်။ အဲဒါဟာ တကယ်ဖြစ်ခဲ့တာလား။

တကယ်လို့ ဦးထုပ်တစ်လုံးကို ဆောင်းထားတဲ့ ငါးမန်းတစ်ကောင်ကို တွေ့ရင်တော့ အဲဒီငါးမန်းဟာ ရေပေါ် ပေါလောမျောနေတဲ့ ကျောင်းအုပ်ဆရာကြီးရဲ့ ခေါင်းကို လိုက်ရှာနေတဲ့ ငါးမန်းပဲလို့ ယူဆလိုက်ပါတော့ကွယ်။

* ***The Clever Schoolmaster and the Stupid Shark***

❑



မေ ၂၈

## မင်းသမီးနှင့် ပဲစေ့

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်က မင်းသားလေးတစ်ပါးဟာ သူနဲ့ လက်ထပ်ဖို့အတွက် သင့်တော်တဲ့ ကြင်ရာတော် မင်းသမီးလေးတစ်ပါး လိုချင်နေတယ်။ အဲဒီမင်းသမီးလေးဟာ ခြောက်ပြစ်ကင်းသဲလဲစင် တကယ့်မင်းသမီးလေး ဖြစ်ရမယ်လို့ ရည်စူးထားတယ်။ ဒီလိုနဲ့ သူဟာ ကမ္ဘာကြီးထဲကို သတို့သမီး အရှာထွက်ခဲ့တယ်။

မြက်တောထဲက ပန်းတွေ မြင်ရသလိုပဲ နေရာအနှံ့အပြားမှာ မင်းသမီးတွေ ဆိုတာကိုတော့ တွေ့ပါရဲ့။ ဒါပေမဲ့ မင်းသားလေးကတော့ တစ်ယောက်ကိုမှ စိတ်တိုင်းမကျဘူးတဲ့။ သူတို့ထဲက တစ်ယောက်ယောက်ဟာ နောက်ဆုံး မဖြစ်စလောက် အပြစ်ကလေးပဲဖြစ်ဖြစ် ရှိနေတာ တွေ့ရတယ်တဲ့။ နောက်ဆုံးတော့ မင်းသားလေးလည်း ကြင်ရာတော် ရှာမရဘဲ စိတ်ပျက်လက်ပျက်နဲ့ပဲ အိမ်ပြန်လာရတော့တာပေါ့။

တစ်ညနေတော့ ပြင်ပမှာ လေတွေမိုးတွေ သည်းသည်းထန်ထန် ရွာသွန်းနေတုန်းတဲ့။

နန်းတော်တံခါးကို တစ်စုံတစ်ယောက်က လာခေါက်လို့ ဘုရင်မကြီးက တံခါးကို ဖွင့်ပေးလိုက်တဲ့အခါ အင်မတန်လှပတဲ့ မိန်းမပျိုလေးတစ်ယောက် တံခါးဝမှာ ရပ်နေတာ တွေ့ရတယ်တဲ့။ သူ့တစ်ကိုယ်လုံး ခေါင်းကနေ ခြေထောက်အထိ ရေတွေ စိုရွှဲနေလိုက်တာ ဥယျာဉ်မှူးတစ်ယောက် ရေလောင်းပြီးစ ပန်းကလေးတစ်ပွင့်လိုပဲ။ တကယ်လို့ သူ့ရဲ့ အဝတ်တွေက ရေတွေကိုသာ ညှစ်ချလိုက်ရင် အဲဒီမိန်းမပျိုလေးဟာ ရေအိုင်ငယ်လေးတစ်အိုင်ထဲမှာ ရပ်နေသလို ဖြစ်သွားမှာတဲ့။ အဲဒီလောက်ကို စိုရွှဲနေတာ။ အဲဒီမိန်းမပျိုလေးက ဘုရင်မကြီးကို နန်းတော်မှာ တစ်ညတာ တည်းခိုဖို့ ခွင့်တောင်းတယ်တဲ့။ ,

"မင်းက ဘယ်သူလဲ" လို့ ဘုရင်မကြီးက မေးတော့-

"ကျွန်မ မင်းသမီးလေးပါ" လို့ ပြောတယ်။

ဒီစကားကြားတော့ တကယ့်မင်းသမီးလေး ရောက်လာတယ် ထင်ပြီး တစ်နန်းတော်လုံး ပျော်ရွှင်သွားကြတယ်။ ဘုရင်မကြီးကတော့ မိန်းမပျိုလေးရဲ့စကားကို ကြားရရုံနဲ့ မယုံနိုင်

သေးဘူးပေါ့။ ဒါကြောင့် သူက ပဲစေ့လေးတစ်စေ့ကို ယူပြီး မင်းသမီးလေးအိပ်မယ့် ခုတင်ပေါ် တင်ထားလိုက်တယ်။

ပြီးတော့မှ အဲဒီပဲစေ့လေးပေါ်ကမှ အိပ်ရာခင်း အထပ်နှစ်ဆယ်ခင်းခိုင်းတယ်။ ပြီးတော့မှ မင်းသမီးလေးကို အဲဒီအိပ်ရာမှာ အိပ်ခိုင်းတယ်။ မိုးလင်းလာတော့ ဘုရင်မကြီးက မင်းသမီးလေးကို တွေ့ပြီး မေးတယ်။

"ညက အိပ်လို့ပျော်ရဲ့လား" လို့။

မင်းသမီးလေးက ညည်းညည်းညူညူနဲ့-



"ကျွန်မတော့ တစ်ညလုံး တစ်မှေးလေးမှတောင် အိပ်မပျော်ရပါဘူးရှင်။ ကျွန်မ ကျောကုန်းတော့ သနားစရာတောင်ကောင်းနေပြီ။ ကျွန်မ အိပ်ရာထဲမှာ မာကျောတဲ့ အရာတစ်ခု ရှိနေတယ်လို့ ထင်တာပဲ" လို့ ပြောတယ်။

ဒီစကား ကြားတော့မှ ဘုရင်မကြီးက သူဟာ မင်းသမီးအစစ်ကလေးပဲလို့ ယုံကြည်သွားတယ်။ သူ့သား မင်းသားလေးနဲ့လည်း အကြီးအကျယ် အခမ်းအနားနဲ့ လက်ထပ်ပေးလိုက်တယ်တဲ့ကွယ်။

* *The Princess and the Pea*

❑

မေ ၂၄

## မင်းသမီး တစ်ဆယ့်နှစ်ပါး

ဟိုးရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးမှာ သမီးတော် တစ်ဆယ့်နှစ်ပါး ရှိတယ်တဲ့။ သူတို့ဟာ တစ်ယောက်ထက် တစ်ယောက် ပိုပြီး ချစ်စရာကောင်းတယ်တဲ့။ ဒီတော့ သူတို့အထဲမှာ အငယ်ဆုံး ဆယ့်နှစ်ယောက်မြောက် မင်းသမီးလေးဟာ ချစ်စရာအကောင်းဆုံး ဆိုပါတော့ကွယ်။

သူတို့အားလုံးဟာ အိပ်ခန်းဆောင်ကြီးတစ်ခုထဲမှာ စုဝေးပြီး အိပ်ကြတယ်တဲ့။ အဲဒီခန်းမဆောင်ကို ဘုရင်ကြီးကိုယ်တိုင် ညတိုင်းညတိုင်း သော့ခလောက်ကြီး ခုနစ်ခုနဲ့ ပိတ်လှော့ရှိတယ်။ အဲသလို လုပ်တာကတော့ ညညကျရင် သူ့သမီးတော်တွေ သူတို့အိပ်ရာကနေ တခြားကို မသွားနိုင်အောင်ပေါ့ကွယ်။ ဒါပေမဲ့ သူ လုပ်သမျှကိုင်သမျှဟာ အချည်းနှီး ဖြစ်နေတယ်တဲ့။

ဘာဖြစ်လို့လဲဆိုတော့ မိုးလင်းတိုင်း မိုးလင်းတိုင်း သမီးတော်တွေရဲ့ ဖိနပ်တွေဟာ တွန့်ကြေနွမ်းဖတ်နေတာ အမြဲတွေ့နေရလို့တဲ့။ ကြည့်ရတာက သူတို့ဟာ ညညကျရင် တခြားအရပ်တစ်ပါးကို သွားပြီး ကခုန်နေကြသလိုပဲ။ ဒါကြောင့်သာ ဖိနပ်တွေ ကြေမွနေတာပေါ့။ အဲဒီကိစ္စကို အဖြေရှာ စဉ်းစားမရလို့ ဘုရင်ကြီးဟာ သောကရောက်နေရတယ်။

တစ်နေ့တော့ အကြံရပြီး သူက သူပိုင်တဲ့ တစ်နိုင်ငံလုံးကို အမိန့်ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်တယ်။ သူ့သမီးတော်တွေ ညည ဘယ်ကိုသွားပြီး ကခုန်နေတယ်ဆိုတာ ဖော်ထုတ်ပေးနိုင်တဲ့သူဆိုရင် မည်သူကိုမဆို သူ့သမီးတော် တစ်ယောက်နဲ့ လက်ထပ်ထိမ်းမြား ပေးမယ် ဆိုတဲ့ ကြေညာချက်ပေါ့လေ။

အဲဒီသတင်းကြားတော့ မင်းသားတွေ၊ သူရဲကောင်းတွေဟာ အဲဒီတာဝန်ကိုယူဖို့ တိုင်ပင်ကြတယ်။ သူတို့ဟာ အဲဒီမင်းသမီးလေးတွေရဲ့ အိပ်ခန်းရှေ့မှာ တစ်လှည့်စီ စောင့်ကြပ်ကြတယ်။ ဒါပေမဲ့ ဘယ်သူမှ ဘုရင်ကြီးသိချင်တဲ့ ပုစ္ဆာရဲ့အဖြေကို မဖော်ထုတ်နိုင်ကြဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ စောင့်ကြပ်တဲ့သူတိုင်းဟာ နာရီက သန်းခေါင်ယံ မြည်သံကြားရင်



အိပ်ပျော်သွားကြလို့ပါပဲတဲ့။ ဘယ်လိုတင်းထားထား သူတို့မျက်ခွံတွေဟာ လေးလံ၊ သူတို့မျက်လုံးတွေဟာ ပိတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလိုက်ကြတာ မိုးလင်းမှပဲ နိုးတော့တယ်တဲ့။

မိုးလင်းလို့ ကြည့်လိုက်တော့လည်း မင်းသမီးလေးတွေရဲ့ ဖိနပ်တွေဟာ ဟိုအဝေးကို သွားကခုန်ပြီး ပြန်လာရသလို နွမ်းကြေနေတယ်တဲ့။ ဒီလိုနဲ့ နောက်လူတွေ စောင့်ကြည့်ကြတော့လည်း အကြောင်းမထူးဘဲ ဖြစ်နေတယ်။ ဘုရင်ကြီးဟာ ဒေါသဖြစ်ပြီး ဂရုတစိုက် မစောင့်တဲ့သူတွေကို သူ့တိုင်းပြည်က နှင်ပစ်လိုက်တယ်။ သူလည်း ကြံရာမရ ဖြစ်ပြီး ပလ္လင်ပေါ်မှာ ထိုင်မှိုင်နေရတော့တာပေါ့။ မင်းခစားတွေလည်း တုတ်တုတ်မှ မလှုပ်ရဲတော့ဘူး။

တစ်နေ့တော့ သာမညမထင်မရှား စစ်သားလေးဟာ အဲဒီနန်းတော် ပြတင်းပေါက်အောက်က ဖြတ်လျှောက်သွားတယ်။ အဲသလိုသွားရင်း ဘုရင်ကြီးဟာ တရားခံရှာမရလို့ ညည်းနေတဲ့အသံလည်း ကြားတယ်။ ဒီတော့ သူက 'အင်း… ငါ့ရဲ့ ကံကိုတော့ ငါ စမ်းကြည့်ဦးမှပဲ' လို့ တွေးတယ်။ မင်းသမီးလေးတွေကို ငါ စောင့်ကြည့်လို့ ဘုရင်ကြီး လိုချင်တဲ့ အဖြေရရင် ငါလည်း မင်းသမီးတစ်ပါးနဲ့ လက်ဆက်ရမယ်။ ငါ့အတွက် တခြားနည်းလမ်း ရွေးစရာ မရှိတော့ဘူးလို့ စဉ်းစားရင်း နန်းတော်တံခါးဝကို လျှောက်သွားတော့တယ်တဲ့။

❑

မေ ၃၀

## မင်းသမီး တစ်ဆယ့်နှစ်ပါး

နန်းတော်ဆီကို သွားတဲ့ မင်းသားလေးဟာ လမ်းမှာ အဘွားအိုကြီး တစ်ယောက်နဲ့ တွေ့တယ်။ သူက အဘွားအိုကို ကြင်ကြင်နာနာ ပြုံးပြီး နှုတ်ဆက်တော့ အဲဒီအဘွားအိုက-

"မင်းဟာ လိမ္မာယဉ်ကျေးတဲ့ လူငယ်လေး ဖြစ်တယ်။ ကြင်လည်းကြင်နာ သနား တတ်တယ်။ ဒီအတွက် မင်းကို ငါ ဆုချီးမြှင့်ရမယ်။ မင်းအခု ဘယ်ကို ဘာကိစ္စနဲ့ သွားနေ တာလဲ ဆိုတာ ငါ သိတယ်" လို့ ပြောတော့ စစ်သားလေးလည်း အံ့အားသင့်သွားတာပေါ့။

အဘွားအိုက ဆက်ပြီး-

"မင်းကို ငါ မှာကြားစရာတွေ ရှိတယ်။ မင်း မင်းသမီးလေးတွေရဲ့ အိပ်ခန်းကို စောင့်နေတဲ့အခါ မင်းကို သူတို့က ဝိုင်အရက် လာတိုက်လိမ့်မယ်။ အဲဒါကို ဘယ်တော့မှ မသောက်လေနဲ့။ ငါ့စကားကို မင်း ဂရုတစိုက် နားထောင်လိုက်နော်ပါ။ မနက်မိုးလင်းတဲ့အထိ မျက်တောင်ကလေးတောင် တစ်ချက်မခတ်နဲ့။ ဒါပေမဲ့ မင်း အိပ်ချင်ယောင်တော့ ဆောင်နေ ရမယ်။ ဟောဒီ မှော်ဝတ်ရုံကိုလည်း ယူထား။ အဲဒီဝတ်ရုံကို ခြုံလိုက်ရင် မင်းဟာ ကိုယ်ပျောက် သွားလိမ့်မယ်။ အဲသလိုဆိုရင် မင်းသမီးလေးတွေ ဘယ်ကိုသွားတယ် ဆိုတာ မင်း သူတို့ မသိအောင် လိုက်ကြည့်လို့ရပြီ"

လို့ ပြောတယ်။ စစ်သားလေးလည်း အဲဒီအဘွားအိုကို ကျေးဇူးတင်စကား ပြောပြီး ဆက်ထွက်လာခဲ့တယ်။

အဲသလိုနဲ့ ဘုရင်ကြီးဆီကိုသွားပြီး မင်းသမီးလေးတွေကို စောင့်ကြည့်ခွင့်ပေးဖို့ ခွင့် တောင်းတယ်။ ဘုရင်ကြီးကလည်း ခွင့်ပြုလိုက်တယ်။ နန်းတော်တွင်း အစေခံတွေက အဝတ်အစားကောင်းတွေ စစ်သားလေးကို ဝတ်ပေးပြီး မင်းသမီးလေးတွေ အိပ်ဆောင်ရှေ့ကို ခေါ်သွားတယ်။

"ကဲ… မင်း ဝတ္တရားကို မင်း ထမ်းဆောင်ပေတော့။ ပျက်ကွက်ရင်တော့ မင်း ခေါင်းတစ်လုံး ဆုံးရှုံးပြီလို့သာ မှတ်ပေတော့"



လို့ ပြောပြီး သူတို့ ပြန်သွားကြတယ်။ စစ်သားလေးကတော့ အကြဲ့နဲ့ဆိုတော့ ပြုံးနေခဲ့တာပေါ့။ ညလယ်မတိုင်မီမှာ အငယ်ဆုံး မင်းသမီးလေးဟာ စစ်သားလေးဆီကို ဝိုင်တစ်ခွက် ယူလာပြီး ပေးတယ်။ စစ်သားလေးက သောက်ချင်ယောင်ဆောင်ပြီး သူ့ခါးထဲမှာ ဝှက်ပြီး ချည်ထားတဲ့ ရေမြှုပ်ထဲကို အလစ်လောင်းထည့်လိုက်တယ်။ ပြီးတော့ ကြမ်းပြင်ပေါ်မှာ လှဲချပြီး အိပ်ချင်ယောင်ဆောင်နေလိုက်တယ်။ ပြတင်းဝကနေ အသံဗလံတွေကိုတော့ နားစွင့်နေတာပေါ့။

ညသန်းခေါင်ရောက်တော့ အကြီးဆုံး မင်းသမီးလေးဟာ အိပ်ရာထဲက ထလာပြီး ဖယောင်းတိုင် ထွန်းတယ်။ ပြီးတော့ သူ့ခုတင်ကို လက်နဲ့ သုံးချက် ခေါက်လိုက်တော့ အဲဒီ ခုတင်ဟာ နေရာရွှေ့သွားတယ်။ ခုတင်အောက်က ကြမ်းပြင်ပွင့်သွားပြီး မြေအောက်ကို ဆင်းတဲ့ လှေကားထစ်တွေ ပေါ်လာတယ်။ မင်းသမီးလေး ဆယ့်နှစ်ပါးဟာ တစ်ယောက်ပြီး တစ်ယောက် ရှေ့ဆင့်နောက်ဆင့် အဲဒီလှေကားထစ်တွေအတိုင်း မြေအောက်ထဲ ဆင်းသွားကြတယ်။

အဲဒါကို မြင်တော့ စစ်သားလေးလည်း ဝတ်ရုံကို ခြုံလိုက်တယ်။ အဲဒီလို ခြုံလိုက်တာနဲ့ သူ့ကိုယ်ဟာ ပျောက်ကွယ်သွားတော့တယ်တဲ့။

❑



မေ ၃၁

## မင်းသမီးတစ်ဆယ့်နှစ်ပါး

ကိုယ်ပျောက်နေတဲ့ စစ်သားလေးဟာ မင်းသမီးလေးတွေနောက်က ပြေးလိုက်ခဲ့တယ်။ မြေအောက် လှေကားထစ်တွေအတိုင်း မင်းသမီးလေးတွေ ပြေးဆင်းသွားတာ မြန်လွန်းလို့ ငှက်ကလေးတွေ ပျံသွားတဲ့အတိုင်းပဲတဲ့။

သူတို့နောက်က ပြေးလိုက်လာတဲ့ ကိုယ်ပျောက်စစ်သားလေးဟာ နောက်ဆုံးက မင်းသမီးလေးကို ဝင်တိုးမိတယ်။ အဲဒီမင်းသမီးလေးက-

"အစ်မတော်တို့၊ ကျွန်မတို့နောက်က တစ်ယောက်ယောက် လိုက်လာတယ်" လို့ ပြောလိုက်တယ်။ တခြားသူတွေက မယုံဘူး။

"တို့နောက်က လိုက်လာတာ ကြမ်းပြင်က သံလေးတစ်ချောင်းပဲ ဖြစ်နိုင်တယ်"

အဲဒီခဏမှာပဲ သူတို့ဟာ ထူးခြားဆန်းကြယ်တဲ့ ပန်းဥယျာဉ်ကြီး တစ်ခုထဲ ရောက်သွားတယ်။ အဲဒီဥယျာဉ်ထဲမှာ ပေါက်နေတဲ့ သစ်ပင်တွေကလည်း ရွှေပင်ငွေပင်တွေတဲ့။ သစ်ကိုင်းတွေကလည်း ရွှေသစ်ကိုင်း ငွေသစ်ကိုင်းတွေတဲ့။ အဲဒီမှာ တစ်ကိုယ်လုံး စိန်တွေ ဖုံးနေတဲ့ ငှက်ကလေး တစ်ကောင်ကလည်း တောက်ပနေတဲ့ သစ်ငုတ်တိုလေးပေါ်မှာ သီချင်းဆိုနေတယ်တဲ့။

စစ်သားလေးက အနီးဆုံးသစ်ပင်က သစ်ကိုင်းလေးတစ်ကိုင်းကို ချိုးလိုက်တယ်။ ဘုရင်ကြီးနဲ့တွေ့လို့ ပြန်ပြောပြတဲ့အခါ သက်သေသာဓက တင်ပြရအောင်ပေါ့။ သူ သစ်ကိုင်းချိုးလိုက်တဲ့ အသံကို မင်းသမီးအငယ်ဆုံးလေးက ကြားသွားတယ်။ မင်းသမီးလေးက "ကျွန်မတို့နောက်က ချွတ်ခနဲ အသံကြားလိုက်တယ်" လို့ ပြောတယ်။

အစ်မကြီးလုပ်တဲ့သူက-

"အဲဒါ ပြုစားခံထားရတဲ့ မင်းသားလေးတွေက တို့ကို ကြိုဆိုဂုဏ်ပြုတာနေမှာပေါ့" လို့ ပြောတယ်။

သူတို့တွေဟာ ခပ်သုတ်သုတ် သွားလိုက်ကြတာ ရေကန်ကြီးတစ်ကန်ရဲ့ ကန်စပ်ကို ရောက်သွားတယ်။ အဲဒီရေစပ်မှာ မင်းသားလေး ဆယ့်နှစ်ပါးဟာ လှေကလေး ဆယ့်နှစ်စင်းနဲ့ စောင့်နေကြတယ်။ မင်းသမီးလေးတစ်ပါးစီကို သူတို့ဟာ လှေပေါ်တင်ပြီး ရေကန်ကြီး အလယ်မှာရှိတဲ့ သက်တံ့နန်းတော်ကြီးဆီကို ခေါ်သွားတော့တယ်။

ကိုယ်ပျောက်နေတဲ့ စစ်သားလေးလည်း အငယ်ဆုံး မင်းသမီးလေးကို တင်တဲ့ လှေပေါ် ဆက်လိုက်သွားတာပေါ့။ အဲဒီလှေကိုလှော်တဲ့ မင်းသားက-

"မင်းသမီးလေး ဒီနေ့မှ မင်း ဘာလို့ ဒီလောက် လေးနေတာလဲ။ မင်း ကိုယ် အလေးချိန်ကြောင့် လှေတောင် မြုပ်ခါနီးပြီ"

လို့ ပြောတယ်။ ကိုယ်ပျောက်နေတဲ့ခရီးသည် အပိုတစ်ယောက် အဲဒီလှေပေါ်မှာ နိုးလိုက်လာတာ သူမှ မသိဘဲကိုး။

နောက်ဆုံးတော့ သူတို့ဟာ သက်တံ့နန်းတော်ကြီးကို ရောက်သွားပြီး စတင် ကကြ တော့တယ်။ ကိုယ်ပျောက်နေတဲ့ စစ်သားလေးလည်း သူတို့နဲ့ ဝင်ကနေခဲ့တယ်။ အဲသလိုနဲ့ တစ်ည ကုန်လွန်သွားပါရော။

မိုးလင်းခါနီးကျမှ မင်းသားလေးတွေဟာ သူတို့အဖော် မင်းသမီးလေးတွေကို အလာတုန်းကလိုပဲ ကမ်းခြေအရောက် လှေတွေနဲ့ ပြန်လိုက်ပို့တယ်။ မင်းသမီးလေးတွေကလည်း မြေအောက်လိုဏ်ခေါင်းအတိုင်း အမြန် သူတို့အိပ်ခန်းဆီအရောက် ပြန်ပြေးကြတယ်တဲ့။

အဲဒါတွေကို အစအဆုံး မြင်ခဲ့ရတဲ့ စစ်သားလေးဟာ ဘုရင်ကြီးကို အကြောင်းစုံ ပြန်လျှောက်တော့တာပေါ့။ ပထမတော့ ဘုရင်ကြီးက မယုံဘူးတဲ့။ နောက်မှ စစ်သားလေး သက်သေပြတဲ့ ထူးဆန်းတဲ့ ဥယျာဉ်ကြီးထဲ ရွှေသစ်ကိုင်းရယ်၊ မင်းသမီးလေးတွေရဲ့ အိပ်ခန်း အောက်မှာ ထူးဆန်းတဲ့ လိုဏ်ခေါင်း တကယ်ရှိနေတာရယ်ကို မြင်ပြီး ယုံကြည်လက်ခံသွား တယ်။

အဲဒီထူးခြားတဲ့ ဥမင်ကိုလည်း သူ ပိတ်ပစ်လိုက်တယ်။ စစ်သားလေးကိုလည်း မင်းသမီး အငယ်ဆုံးလေးနဲ့ ပေးစားလိုက်တယ်။ ကျန်တဲ့ သမီးတော်တွေကိုလည်း သင့်တော်တဲ့သူတွေနဲ့ ပေးစားလိုက်တာပေါ့လေ။ ပြစားခံနေရတဲ့ ကျိန်စာသင့်နေတဲ့ မင်းသားလေးတွေလား။ သူတို့ ကတော့ သန်းခေါင်ရောက်ရင် သက်တံ့နန်းတော်ထဲမှာ ကပွဲသဘင် ဆင်ယင်ကြတုန်းတဲ့။ သူတို့တွေကတော့ အဲဒီဘဝက ဘယ်သူမှ မလွတ်မြောက်ချင်ဘူးလို့ ထင်ရတာပဲကွယ်။

* ***The Danced-Away Shoes***

❑

# JUNE



ခန်း ၂

## မှော်ပန်းပွင့်

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်ကို စိုးမိုးအုပ်ချုပ်နေတဲ့ ဘုရင်တစ်ပါးဟာ သူ့နိုင်ငံမှာရှိတဲ့ သူ့ရဲ့ စစ်သည်တော်တွေ ဘယ်လို နေထိုင်စားသောက်ကြတယ်၊ သူ့အပေါ် ဘယ်လို သဘောထားကြတယ် ဆိုတာ သိရအောင် စုံစမ်းချင်တာနဲ့ သူတောင်းစား တစ်ယောက်လို ဝတ်စားဆင်ယင်ပြီး နန်းတော်က ထွက်ခဲ့တယ်တဲ့။

သူဟာ ပထမဆုံးတွေ့ရတဲ့ တပ်ကြပ်ကြီးတစ်ယောက်ရဲ့ အိမ်တံခါးကို သွားခေါက်ပြီး-

"ကျုပ်ဟာ ဆင်းရဲတဲ့ သူတောင်းစားအိုကြီးပါ။ ဖြစ်နိုင်ရင် ဒီမှာ တစ်ညလောက် အိပ်ပါရစေ" လို့ တောင်းပန်စကား ပြောတယ်။ တပ်ကြပ်ကြီးက သဘောကောင်းတော့-

"အိပ်နိုင်ပါတယ်ဗျာ၊ ဟောဟို ကောက်ရိုးတွေကိုယူပြီး ခင်ဗျား မွေ့ရာလုပ် အိပ်ပေတော့" လို့ ခွင့်ပြုတယ်။ ဘုရင်ကြီးလည်း ကောက်ရိုးပုံကို ခင်းပြီး တပ်ကြပ်ကြီး ညွှန်ကြားတဲ့အတိုင်း အိပ်မယ်လုပ်တုန်း တပ်ကြပ်ကြီးက လာနှိုးတယ်။ သူက-

"လူအိုကြီး၊ ခင်ဗျားကို ကမ္ဘာလောကကြီးက ဂရုမစိုက် ပစ်ပယ်ထားလွန်းအားကြီးတယ်။ မပူနဲ့၊ ခင်ဗျားကို ကျွန်တော် ကူညီမယ်။ ကျုပ်မှာ မှော်ပန်းတစ်ပွင့် ရှိတယ်။ အဲဒီ မှော်ပန်းနဲ့ ခေါက်လိုက်ရင် ဘယ်လို သော့ခလောက်မျိုးမဆို ပွင့်တယ်။ ကျုပ်တို့ မြို့လယ် အဝိုင်းကြီးကို သွားမယ်" လို့ ပြောတယ်။ မြို့လယ်အဝိုင်း ဆိုတာက ဈေးဆိုင်တွေနဲ့ တစ်နေ့လုံး အင်မတန် စည်ကားတဲ့နေရာပေါ့လေ။ ညကျတော့ ဆိုင်တွေအားလုံး ပိတ်ပြီး ဆိုင်ရှင်တွေ အိပ်နေကြတာပေါ့။ တပ်ကြပ်ကြီးဟာ အဲဒီနေရာရောက်တော့ သူယူလာတဲ့ မှော်ပန်းပွင့်နဲ့ ဈေးဆိုင်တစ်ဆိုင်ရဲ့ တံခါးကို ခေါက်လိုက်တယ်။ ဒီတော့ သော့ပွင့်သွားတာပေါ့။

တပ်ကြပ်ကြီးဟာ အဲဒီဆိုင်ထဲကို ဝင်၊ ဆိုင်ထဲက ပိုက်ဆံသိမ်းတဲ့ သေတ္တာကိုဖွင့်ပြီး အထဲက ငွေတွေကို အကုန်ထုတ်တယ်။ ပြီးတော့မှ သေသေချာချာ ရေတွက်ပြီး သုံးပုံပုံတယ်။ သူက ဘယ်လိုပြောသလဲ ဆိုတော့-

"ဒီငွေတစ်ပုံကတော့ ဆိုင်ရှင် သူ့ကုန်တွေ ပြန်ဝယ်ဖို့ပဲ။ ဒီဒုတိယတစ်ပုံကတော့ အရောင်းအဝယ်လုပ်တဲ့အတွက် သူ တကယ်ရသင့်ရထိုက်တဲ့ ဝေစုပဲ။ ဟောဒီ တတိယအပုံကတော့ ဈေးဝယ်သူတွေဆီက မတရား အမြတ်ကြီးစားထားလို့ရတဲ့ ပိုက်ဆံပဲ။ ဒီငွေကို ကျုပ်တို့ ယူရမယ်"

အဲသလိုပြောပြီး သုံးပုံတစ်ပုံကို ယူခဲ့တယ်။ ပြီးတော့ နောက်တစ်ဆိုင်ကို သွားကြပြန်ရော။ ဒီလိုနဲ့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နဲ့ ပထမနည်းအတိုင်း ရှိတဲ့ငွေရဲ့ သုံးပုံတစ်ပုံကို ယူလာလိုက်ကြတာ နောက်ဆုံး ဈေးတစ်ဝိုက်က ဆိုင်တွေ ကုန်ပါလေရောတဲ့။ ယူစရာ တစ်ဆိုင်မှ မကျန်တော့ဘူးပေါ့။

နောက်ဆုံးတော့ သူတို့ ဘုရင့်ငွေတိုက်ထဲ ရောက်သွားတော့တယ်။ သူတောင်းစားယောင်ဆောင်ထားတဲ့ ဘုရင်ကြီး အဲဒီထဲက ငွေတွေကို သူ့အိတ်တွေထဲ ကျုံးထည့်တာပေါ့လေ။ အဲဒါကိုလည်းမြင်ရော တပ်ကြပ်ကြီးက ဘုရင်ကြီးပါးကို တစ်ချက် ရိုက်လိုက်ပြီး-

"ဒါ ဘုရင်ကြီးရဲ့ စစ်သည်တော်တွေအတွက် ထားတဲ့ ပိုက်ဆံတွေ။ ခင်ဗျား လက်ဖျားနဲ့တောင် မထိနဲ့" လို့ အော်လိုက်တယ်။

ပြီးတော့-

"ဘုရင်ကြီးဟာ သူ့ရဲ့ ပိုက်ဆံတွေကို တစ်နိုင်ငံလုံး ကျေးလက်တွေအထိ မကျန်ရအောင် အကျိုးရှိအောင် သုံးစွဲလိမ့်မယ်။ အဲဒီကျတော့ ခင်ဗျားလည်း ရသင့်ရထိုက်တဲ့ ဝေစုရလိမ့်မယ်၊ ပြန်ကြမယ်" လို့ ပြောပြီး ပြန်လာကြတယ်တဲ့။

နောက်တစ်နေ့ရောက်တော့ အဲဒီတပ်ကြပ်ကြီးကို ခေါ်ပြီး ညက ဖြစ်ပျက်ခဲ့သမျှတွေကို အကုန်လုံး ပြန်ပြောပြလိုက်တယ်။ အဲဒီစကားတွေကြားတော့ တပ်ကြပ်ကြီးဟာ ကြောက်လန့်တုန်လှုပ်သွားတာပေါ့။ ဘုရင်ကြီးက-

"ငါ မင်းကို ခွင့်လွှတ်ပါတယ်။ မင်းဟာ တကယ့် လူကောင်းတစ်ယောက်ပါပဲ။ ညက မင်း ငါ့ပါးကို ရိုက်လိုက်တာဟာ ငါ့ကို ဂုဏ်ပြုတာလို့ပဲ ငါ ယူဆပါတယ်။ မင်းကိုလည်း ဒီနေ့ကစပြီး ဗိုလ်ချုပ်ရာထူး တိုးမြှင့်ပေးလိုက်မယ်"

လို့ ဝမ်းသာအားရ ပြောလိုက်တယ်တဲ့ကွယ်။

* ***The Magic Flower***

❑

ဇွန် ၂

## ကြက်တူရွေးပုံပြင်

တစ်ခါတုန်းက လူငယ်တစ်ယောက်ဟာ လူစည်ကားတဲ့ ဈေးထဲကို ကြက်တူရွေး တစ်ကောင်ကို ယူလာတယ်တဲ့။ အဲဒီကြက်တူရွေးဟာ ပုံတွေ အများကြီး ပြောတတ်တဲ့ ကြက်တူရွေးလို့ ပြောတယ်။ အခုပြောမယ့် ပုံဟာလည်း အဲဒီကြက်တူရွေးလေး ပြောတဲ့ ပုံပြင်တွေထဲက ပုံတစ်ပုံပဲ ဆိုပါတော့ကွယ်။

ကျုပ် ငယ်ငယ်တုန်းကပေါ့ဗျာ၊ ငယ်ငယ်ဆိုတာ အမွေးအတောင် ကောင်းကောင်း မပေါက်သေးတဲ့အရွယ် ဆိုပါတော့။ အဲဒီတုန်းက ကျုပ်နေတာက ရွှေလှောင်အိမ်ဗျ။ အဲဒီ ကျုပ်ရဲ့ လှောင်အိမ်ကို အင်မတန် မာနကြီးတဲ့ ဘုရင့်သမီးတော်ရဲ့ တစ်ပင်တိုင်မြနန်းထဲမှာ ချိတ်ဆွဲထားတာ။ အဲဒီဘုရင့်သမီးတော်က တော်တော် လှတယ်။

ဘယ်လောက် လှသလဲဆိုရင် သူ ဖြတ်လျှောက်သွားတဲ့အခါ လမ်းဘေးဝဲယာက ပန်းတွေက ဦးညွှတ်အရိုအသေပေးကြတယ်။ နန်းဥယျာဉ်တော်ထဲကို သူ ဆင်းလာရင်လည်း ငှက်တကာ့ ငှက်တွေထဲမှာ အလှဆုံးဆိုတဲ့ ဥဒေါင်းငှက်တွေကတောင် ရှက်လွန်းလို့ သူတို့ရဲ့ အမွေးအတောင်တွေထဲမှာ ခေါင်းဝှက်ပြီး ပုန်းနေကြရတယ်။ အဲဒီငှက်တွေဟာ မင်းသမီးလေးနဲ့ ယှဉ်လိုက်ရင် အရုပ်ဆိုးအကျည်းတန်ကုန်တာပဲ။

တစ်ခုတော့ ရှိတယ်။ အဲဒီမင်းသမီးလေးဟာ လှသလောက် ရက်လည်း ရက်စက်တယ်။ ပြီးတော့ စိတ်ရှုးပေါက်ပြီး ထင်တာလည်း လုပ်တတ်တယ်တဲ့။ မင်းသမီးလေးဟာ ကြယ်ပွင့်ကလေးတွေ ပန်းထိုးထားတဲ့ ဝတ်ရုံရှည်ကြီးကို ဝတ်တယ်။ လိပ်ပြာတောင်ပံလေးတွေ ဖွဲ့စပ်ချုပ်ထားတဲ့ ပဝါကို ခေါင်းမြီးခြုံတယ်။ သူ့ရဲ့ အရောင်တလက်လက် တောက်ပနေတဲ့ ဖိနပ်ကတော့ အင်မတန်ကြီးတဲ့ စိန်တုံးကြီးနှစ်တုံးကို အခေါင်းဖြစ်အောင် အပေါက်ဖောက်ထားတာတဲ့။ သူချိုးတဲ့ ရေကလည်း သူ့အပါးမှာ ခစားနေတဲ့ အခြွေအရံတွေရဲ့ မျက်ရည်ပေါက်တွေတဲ့။ အဲဒီလိုပဲ အစေခံတွေရဲ့ အင်မတန် နူးညံ့တဲ့ ဆံပင်တွေနဲ့ ရက်ထားတဲ့ ခြင်ထောင်ပါးပါးကလေးနဲ့ အိပ်တာတဲ့။ တော်တော်လည်း စိတ်ရှုးပေါက်တဲ့ ကောင်မလေးပဲနော်။


သူ့ရဲ့ အဖေကလည်း အင်မတန် ဩဇာအာဏာ ပြင်းထန်တဲ့ ဘုရင်။ သူ့သမီးရဲ့ အလိုဆန္ဒမှန်သမျှကို မဖြစ်ဖြစ်အောင် ဖြည့်ဆည်းပေးတတ်တဲ့ အဖေဘုရင်ကြီးတဲ့။ တစ်နေ့တော့ အရုဏ်တက်အချိန်မှာ မင်းသမီးလေးဟာ ဥယျာဉ်ထဲကို ဆင်းလာတယ်တဲ့။ နေထွက်ပြူစ ကာလလေးပေါ့လေ။ မင်းသမီးလေးအဖို့တော့ သူ့ဘဝမှာ ဒါဟာ ပထမဆုံး ကြုံတွေ့ရတဲ့ အရုဏ်ဦးတဲ့။

ဆောင်းတွင်းဆိုတော့ သစ်ရွက်တွေ၊ ပန်းပွင့်တွေ၊ မြက်ခင်းတွေပေါ်မှာ နှင်းဥကလေး တွေ ဖုံးအုပ်နေတယ်တဲ့။ မိုးကုပ်စက်ဝိုင်းကနေ ထွက်ပြူလာတဲ့ နေမင်းရဲ့ ရောင်ခြည် ကလည်း တစ်လောကလုံးကို ဖျန်းပက်နေတယ်။ အဲဒီနေရောင်ခြည်နဲ့ တွေ့တဲ့အခါ ပန်းပွင့် တွေ၊ သစ်ရွက်တွေပေါ်က နှင်းဥကလေးတွေဟာ သက်တံရောင် တောက်ပပြီး အင်မတန် လှပတဲ့ စိန်ပွင့်ကလေးတွေလို လင်းလဲ့နေတယ်။

အဲဒီနှင်းရည်ဥကလေးတွေဟာ တောက်လည်း တောက်ပ၊ လှလည်း အင်မတန် လှတော့ မြင်ရတဲ့ မိန်းကလေးဟာ လိုချင်ပြီး အရူးအမူး ဖြစ်သွားတယ်။ သူ့အဖေဆီ ရောက်အောင် ပြေးသွားပြီး-

"ခမည်းတော်ဘုရား၊ သမီးတော်ကို မိုးသောက် နှင်းရည်ဥလေးတွေနဲ့ သရဖူလေး တစ်ခု လုပ်ပေးပါ ဘုရား။ မရရင်တော့ သမီးတော် သေရပါလိမ့်မယ်" လို့ အော်ပြောလိုက် တော့တယ်တဲ့။

❑



ဂွန် ၃

## ကြက်တူရွေးပုံပြင်

သူ့သမီးရဲ့ အဲသလို တောင်းဆိုသံကို ကြားရင်ကြားချင်းပဲ ဘုရင်ကြီးဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ရွှေပန်းထိမ်သည်တွေကို အားလုံး သူ့ဆီ အရောက်လာရမယ်လို့ ဆင့်ခေါ်လိုက်တယ်။ သူတို့ ရောက်လာကြတော့-

သူ့သမီး အလိုရှိတဲ့ မိုးသောက်နှင်းရည်ဥကလေးတွေနဲ့ လုပ်ထားတဲ့ သရဖူ မနက်ဖြန်ပြုလုပ်ပြီး ဆက်ကြရမယ်။ မဆက်သနိုင်ဘူးဆိုရင် အသတ်ခံရမယ်လို့ အမိန့်တော် ချမှတ်လိုက်တယ်တဲ့။

မဖြစ်နိုင်တဲ့ကိစ္စကို ခိုင်းတာဆိုတော့ ရွှေပန်းထိမ်ဆရာအားလုံးဟာ စိတ်လည်းပျက်၊ စိတ်လည်းညစ်နဲ့ ခေါင်းငိုက်စိုက်ချပြီး ကိုယ့်အိမ်ကို ပြန်လာကြရတယ်။ သူတို့ထဲက ဘယ်သူတစ်ဦးတစ်ယောက်မှ ဒီလို မနက်ခင်း နှင်းရည်ပေါက်ကလေးတွေနဲ့ လုပ်ထားတဲ့ သရဖူကို ဆက်သနိုင်မှာ မဟုတ်ဘူး ဆိုတာ သူတို့ သိကြတယ်။ ဒီတော့ စိုးရိမ်ပူပန်စိတ်နဲ့ အဲဒီည တစ်ညလုံး အိပ်မပျော်ကြဘူး။

နောက်နေ့မနက်ကျတော့ သူတို့အားလုံးဟာ မျက်ရည်စိုစွတ်နေတဲ့ မျက်လုံး၊ ကြေကွဲနေတဲ့ အသည်းနှလုံးကိုယ်စီနဲ့ နန်းတော်ကို ရောက်လာကြတယ်။ ဘုရင်ကြီးက-

"ဘယ့်နှယ်လဲဟေ့၊ ငါ လုပ်ခိုင်းလိုက်တဲ့ မိုးသောက်နှင်းရည်ဥ သရဖူ လုပ်ပြီးခဲ့ကြပြီလား" လို့ မေးတယ်။ သူတို့ဟာ သူတို့ခေါင်းတွေကို လေးလေးလံလံပဲ ယမ်းခါပြကြတယ်။ အဲဒီအချိန်မှာပဲ ထောင့်တစ်ထောင့်က အသံတစ်သံ ထွက်လာတယ်။ ပြောလိုက်တဲ့ သူကတော့ ရွှေပန်းထိမ်ဆရာ လူအိုကြီးတစ်ယောက်ပဲ။ သူက-

"မင်းသမီး လိုချင်တဲ့ သရဖူမျိုးကို ကျွန်တော်မျိုး လုပ်ပေးနိုင်ပါတယ် ဘုရား။ ဒါပေမဲ့ ပထမ သူမကိုယ်တိုင် သရဖူလုပ်ဖို့အတွက် အလှဆုံး ဆိုတဲ့ နှင်းရည်ဥစိန်ပွင့်ကလေးတွေကို ရွေးကောက်ပေးနိုင်းတော်မူပါ ဘုရား" လို့ ရဲရဲဝံ့ဝံ့ လျှောက်လိုက်တယ်။



အဲဒီအသံလည်း ကြားရော မင်းသမီးလေးဟာ ချက်ချင်းပဲ ဥယျာဉ်ထဲကို ပြေးဆင်းသွားတယ်။ ပြီးတော့ မြက်ဖျားတွေမှာ သီးနေတဲ့၊ သစ်ရွက်နဲ့ ပန်းပွင့်လေးတွေပေါ်မှာ တင်နေတဲ့ တလက်လက် တောက်ပနေတဲ့ နှင်းပေါက် နှင်းရည်ဥကလေးတွေကို လိုက်ကောက်တော့တာပါပဲတဲ့။ ဒါပေမဲ့ အဲဒီနှင်းဥစိန်ပွင့်လေးတွေဟာ သူ့လက်နဲ့ ထိလိုက်တာနဲ့ သူ့လက်ဖျားထိပ်မှာပဲ ကြေမွပျက်စီးသွားလေတော့ ဘယ်ကောက်ယူလို့ ရနိုင်ပါ့မလဲကွယ်။

အဲဒီတော့မှ ပန်းထိမ်ဆရာ လူအိုကြီးက-

"ဒီနှင်းရည်ဥလေးတွေကို မင်းတောင် ယူလို့မရတာ တခြားသူတွေလည်း ယူလို့ ဘယ်ရပါ့မလဲ" လို့ ပြောပြီး ချက်ချင်းပဲ နန်းတော်ထဲက ထွက်သွားလိုက်တာ နံနက်ခင်း မိုးသောက်နှင်းဥလေး ပျောက်ဆုံးသွားသလိုပဲတဲ့။

ဒီတော့မှ မင်းသမီးလေးလည်း ရှက်ရှက်နဲ့ ငိုပြီး နန်းတော်ထဲကို ပြန်ပြေးဝင်လာတယ်။ ကြောက်ရွံ့နေကြတဲ့ ပန်းထိမ်သည်တွေကိုတော့ ရွှေတိုရွှေစတွေနဲ့ အဖိုးတန် ကျောက်အချို့ကို ဆုအဖြစ် ပေးလိုက်သေးတယ်တဲ့။



အဲဒီအချိန်ကစပြီး မင်းသမီးလေးဟာ မာနမကြီးတော့ဘူးတဲ့။ ကြက်တူရွေးပြောတဲ့ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

* *The Parrot's Story*

❑

ခွန် ၄

## ကံကောင်းတဲ့ သိုးကျောင်းသမား

ဟိုးတစ်ခါတုန်းကတဲ့၊ သိုးကျောင်းသား တစ်ယောက် ရှိတယ်။ တစ်နေ့တော့ သူဟာ သူ့သိုးအုပ်ကို စားကျက်ထဲမှာ လွှတ်ကျောင်းနေတုန်း ခပ်ရှုပ်ရှုပ် သိုးတစ်ကောင်က သိုးအုပ်ထဲက ခွဲပြီး ထွက်ပြေးတယ်။ သူလည်း အဲဒီသိုးနောက်ကိုလိုက်ရင်းက တောအုပ်ကြီးတစ်ခုထဲ ရောက်သွားတယ်တဲ့။

အဲဒီတောအုပ်ထဲက သစ်ပင်တစ်ပင်အောက်မှာ အငွေ့တထောင်းထောင်း ထနေတဲ့ ချက်ပြုတ်ထားတဲ့ အိုးတစ်အိုးကို သွားတွေ့တယ်။ အဲဒီအိုးက သူ တစ်ခါမှ မရဖူးတဲ့ သင်းပျံ့ပျံ့ အနံ့တစ်မျိုး ရနေတယ်။ သိုးကျောင်းသားလည်း စဉ်းစားမနေတော့ဘဲ သူ့မှာ ပါလာတဲ့ သစ်သားဇွန်းနဲ့ ခပ်ပြီး တစ်ဇွန်းသောက်လိုက်တယ်။

အရသာရှိလိုက်တာတဲ့။ အသားဟင်း အရသာမျိုး။ ဒါပေမဲ့ အသားဟင်းလည်း မဟုတ်ဘူး။ ပူတင်းမုန့်နှစ် အရသာမျိုး။ ဒါပေမဲ့ ပူတင်းမုန့်နှစ်လည်း မဟုတ်ဘူး။ သူဘဝ တစ်သက်သာ စားဖူးခဲ့သမျှ ဘယ်အရသာနဲ့မှ မတူတဲ့ အရသာတဲ့။ အဲဒီအခိုက်မှာပဲ သစ်ပင်သစ်ကိုင်းတွေ ကြားထဲက ကျိုးကျိုးကျွတ်ကျွတ်အသံ ကြားရတယ်။ သူက တောပုန်းဓားပြတွေ ပုန်းနေတာ ဖြစ်မယ်ထင်ပြီး လန့်သွားတာပေါ့။ ဒါပေမဲ့ သေသေချာချာ ကြည့်လိုက်တော့မှ အဲဒီသစ်ကိုင်းတွေ ကြားထဲမှာ ကြောင်လေးတစ်ကောင်ကို တွေ့ရတယ်တဲ့။

ကြောင်လေးက သူ့ကိုတစ်လှည့်၊ ဟင်းအိုးကိုတစ်လှည့် ကြည့်ပြီး-

"ကောင်းပြီ သိုးကျောင်းသား၊ မင်းဟာ ငါ ချက်ထားတဲ့ အိုးကို ခိုးသောက်မိခဲ့ပြီ။ ဒီတော့ ငါခိုင်းတာ လုပ်ရမယ်။ မင်းကို ငါ အလုပ်တစ်ခုပေးမယ်။ ဟောဒီ သစ်တောထဲက သစ်ပင်တွေ အကုန်လုံးကို ညမရောက်ခင် ပြီးအောင် ခုတ်ပေတော့။ ခုတ်ပြီးရင် သင့်ကို ရွှေဒင်္ဂါးတစ်ရာပေးမယ်" လို့ ပြောတယ်။



သိုးကျောင်းသားလေးက လည်း အားတက်သရော ခုတ်တော့တာပေါ့။ ဒါပေမဲ့ နေဝင်ခါနီးတဲ့အထိ သူခုတ်တာ သစ်တောထဲက သစ်ပင်တွေရဲ့ တစ်ဝက်တောင် မကုန်နိုင်သေးဘူးတဲ့။ ဒီအတိုင်းဆို ညမရောက်ခင် သစ်တောတစ်ခုလုံး ပြီးအောင် ခုတ်နိုင်ဖို့ မလွယ်ဘူး။

ကြောင်လေးက-

"ခဏနေပါဦး၊ ကျုပ် သင့်ကို ကူညီပါ့မယ်" လို့ ပြောပြီး ပုဆိန်တစ်လက် ထုတ်ပေးတယ်။ အဲဒီပုဆိန်ကတော့ ထက်လည်းထက်၊ မြန်တာကလည်း လျှပ်ပြက်သလိုပဲတဲ့။ အဲဒါနဲ့ ညလည်းရောက်ရော သစ်ပင်တွေအားလုံး ခုတ်ပြီးသား ဖြစ်သွားရော။

ကြောင်လေးက-

"ကောင်းပြီ၊ ကျုပ်တို့ အိပ်ကြသေးတာပေါ့။ မနက်ရောက်တော့မှ သစ်ပင်တွေကို စီပြီး ပုံရအောင်။ သင့်ကိုလည်း ကျုပ် ရွှေဒင်္ဂါးတစ်ရာ ထပ်ပေးမယ်" လို့ ပြောတယ်တဲ့။

□

ဇွန် ၅

## ကံကောင်းတဲ့ သိုးကျောင်းသမား

နောက်နေ့ကျတော့ သိုးကျောင်းသားလေးဟာ မနက်အစောကြီး အိပ်ရာက နိုးလာတယ်။ ဒီတစ်ခါတော့ ကြောင်လေးက သူ့ကို မကူညီတော့ဘူးတဲ့။ အဲသလိုနဲ့ အဲဒီနေ့မှာ သူဟာ ပင်စည်တွေကို စုထပ်ပြီး ပုံရတယ်။ ထင်းပုံကြီး ဖြစ်သွားတော့ ကြောင်ကလေးက အဲဒီထင်းပုံကြီးကို မီးရှို့ခိုင်းတယ်။ သူက မီးရှို့လို့ ထင်းပုံကြီးလည်း မီးတောက်လာရော ကြောင်ကလေးဟာ မပြောမဆို ထင်းပုံထဲကို ခုန်ဝင်သွားတော့တယ်။ သူဟာ တားချိန်တောင် မရလိုက်ဘူး။

ဒါပေမဲ့ သူ ဝမ်းနည်းပန်းနည်း ကြည့်နေတုန်းမှာပဲ ထင်းမီးပုံကြီးထဲက အင်မတန် လှပတဲ့ မင်းသမီးလေးတစ်ပါး ထွက်လာတယ်တဲ့။ မင်းသမီးလေးက သူ့ကို ပြုံးကြည့်ပြီး–

"ရှင့်ကြောင့် ကျွန်မရဲ့ ကျိန်စာတွေ ပျက်ပြီး လွတ်မြောက်သူတစ်ယောက် ဖြစ်သွားပြီ။ ကျေးဇူးတင်ပါတယ်။ ကဲ… ကျွန်မတို့ နန်းတော်ကို သွားကြတာပေါ့။ ဟိုရောက်ရင် ရှင် ကျွန်မကို လက်ထပ်ပါ" လို့ ပြောတယ်။

သိုးကျောင်းသားဟာလည်း ဝမ်းသာအားရ "အေး… သွားကြတာပေါ့" လို့ ပြောလိုက်တယ်။ သူတို့ဟာ တောထဲမှာတွေ့တဲ့ မြင်းတစ်ကောင်ကို စီးပြီး ခရီးဆက်ခဲ့ကြတယ်။ တစ်နေရာရောက်တဲ့အခါကျတော့ လူစိမ်းတစ်ယောက် ခုန်ထွက်လာပြီး သိုးကျောင်းသားလေးကို–

"အေး… မင်း ငါ့မြင်းကို ငါပြန်လာတဲ့အထိ ထိန်းထားစမ်း" လို့ ပြောပြီး သူက ဘာမှ ပြန်မပြောရခင် တောထဲကို ပြန်ဝင်ပြေးသွားတယ်တဲ့။

ဒီလိုနဲ့ သူလည်း မင်းသမီးလေးနဲ့အတူ မြင်းစီးလာလိုက်တာ မြစ်တစ်စင်းဘေးကို ရောက်လာတယ်။ သိုးကျောင်းသားလည်း မြင်းမြီးကို ဖြတ်ပြီး ရေထဲ လွှင့်ပစ်ခဲ့တယ်။ ပြီးတော့ တစ်ဖက်ကမ်းကို ဖြတ်ကူးတော့တယ်။

လူစိမ်းလည်း သူမြင်းကို လိုက်ရှာရင်း မြစ်ကမ်းဘေးကို ရောက်လာတော့ သူမြင်းရဲ့ အမြီးကို တွေ့တယ်။ မြစ်ကို ဖြတ်ကူးရင်း မြစ်ထဲမှာ သိုးကျောင်းသားနဲ့ သူမြင်း မြုပ်ချည် ပေါ်ချည် ဖြစ်နေတာလည်း မြင်ရတယ်။

သူကတော့ မြစ်ကို ဖြတ်ဆောက်ထားတဲ့ တံတားဆီကို သွားပြီး တစ်ဖက်ကမ်းကို ကူးသွားတယ်။ သိုးကျောင်းသားကတော့ မြစ်ကို ပင်ပင်ပန်းပန်း ဖြတ်သန်းပြီးတော့မှ တစ်ဖက်ကမ်းကို ရောက်သွားတယ်။ တစ်ဖက်ကမ်းကိုရောက်မှ သိုးကျောင်းသားဟာ သူ ကူးခဲ့တဲ့ ကမ်းမှာ သူ့ဦးထုပ် ကျကျန်ခဲ့တာကို သတိရတယ်။ ဒါနဲ့ သူလည်း မင်းသမီးလေးကို မြင်း ဇက်ကြိုးကို ခဏကိုင်ထားပါဦးလို့ ပြောပြီး သူ့ဦးထုပ်ရှာရအောင် တစ်ဖက်ကမ်းကို ပြန်ကူး ခဲ့တယ်။

အဲဒီအချိန်မှာပဲ အသင့်ချောင်းနေတဲ့ လူစိမ်းဟာ သူမြင်းပေါ်ကို ခုန်တက်ပြီး မင်းသမီး လေးနဲ့အတူ နန်းတော်ရောက်အောင် မောင်းသွားရောတဲ့။ ဒါပေမဲ့ နောက်ဆုံးတော့ သိုးကျောင်းသား လေးဟာ သူ့ဦးထုပ်ကို ပြန်ရှာတွေ့သွားပါတယ်တဲ့။

* ***The Lucky Shepherd***

❑



ဇွန် ၆

## ပညာရှိလယ်သမား

တစ်ခါတုန်းက လယ်သမားတစ်ယောက်ဟာ သူ့မြင်းပေါက်ကလေးကို စီးပြီး တောင်ကုန်းလေး တစ်ကုန်းပေါ် တက်လာတယ်တဲ့။ မြင်းပေါက်ကလေးခမျာ သူနိုင်တဲ့ ဝန်ထက် ပိုပြီး ထမ်းနေရလို့ ခါးချည့်နေတယ်။ အဲဒီလယ်သမားက တော်တော်လေးတဲ့ မျိုးစေ့ အိတ်ကြီး တစ်အိတ်ကိုလည်း လွယ်ထားသေးတာကိုး။ ဒီတော့ မြင်းပေါက်လေး မသက်သာ ဘူးပေါ့။ အဲသလို စီးလာတာကို ပါးရည်နပ်ရည်ရှိတဲ့ လူလည် သံဖြူသမား တစ်ယောက်က မြင်သွားတယ်။ သံဖြူသမားက–

"ဟေ့… လယ်သမား၊ မင်း ဘာလုပ်နေတာလဲ။ မင်း မြင်းလေးရဲ့ ခါးကို ချိုးပစ် တော့မလို့လား။ သီးနှံစေ့အိတ်ကြီးက တော်တော်လေးတယ်။ မင်းက လမ်းဆင်းလျှောက်၊ မြင်းကလေးကို သီးနှံအိတ်ပဲ အသယ်ခိုင်း" လို့ အကြံပေးတယ်။

ဒီတော့ လယ်သမားက–

"မင်း အရူးပဲ၊ မင်း မမြင်ဘူးလား၊ ဒီသီးနှံအိတ်ကြီးကို ငါက လွယ်လာတာပဲ ဥစ္စာ။ မြင်းကလေး သယ်လာရတာမှ မဟုတ်တာဘဲ" လို့ ပြန်ပြောတယ်။

ဒီစကားကို ကြားတော့ သံဖြူဆရာက ဒီလယ်သမားဟာ အတော်နုံအတဲ့လူ၊ စဉ်းစားဉာဏ် နည်းတဲ့လူဆိုတာ သိသွားတယ်။ ဒီတော့ ဒီလူကိုတော့ လှည့်စားဦးမှပဲလို့ ကြံပြီး လယ်သမားနဲ့ အတူ ခရီးဆက်လာရင်း လယ်သမားရဲ့ နေရပ်လိပ်စာကို သိရအောင် မေးတယ်။ သိလည်း သိရရော ဖြတ်လမ်းကနေ လယ်သမားရဲ့အိမ်ကို သူက အရင်ရောက်အောင် သွားတော့တာပဲ။

လယ်သမားအိမ်ရောက်တော့ လယ်သမားရဲ့ မိန်းမကြီးကို–

"အမေ၊ အမေ့ယောက်ျားက နှုတ်ဆက်အနမ်းတွေ ပို့ခိုင်းလိုက်လို့ ကျွန်တော် ရောက် လာတာပါ။ သူက မိသားစုအတွက် အလုပ်တွေ လုပ်နေရလို့ တော်တော်နဲ့ ပြန်လာနိုင်ဦးမှာ မဟုတ်ဘူးတဲ့။ ဒီတော့ အိမ်မှာ အမေတစ်ယောက်တည်း အထီးကျန် ဖြစ်မနေရအောင်

ကျွန်တော့်ကို အကူအညီပေးဖို့ လွှတ်လိုက်တယ်။ သူ ပြန်မလာမချင်း ဒီအိမ်မှာပဲနေဖို့လည်း မှာလိုက်တယ်" လို့ ပြောတယ်။

လယ်သမားရဲ့ မိန်းမကြီးကလည်း ဝမ်းသာအားရ လက်ခံလိုက်တယ်။ သဘောတူညီမှု ရတာနဲ့ သံဖြူသမားဟာ လယ်သမားရဲ့အိမ်ကို သူ့အိမ်လို ထင်သလို လုပ်တော့တာပဲ။ သူက ပထမဆုံး လယ်သမားရဲ့ အိမ်ရှေ့မှာရှိတဲ့ ရောက်ပင်နှစ်ပင်ကို ခုတ်ပစ်လိုက်တယ်။ အဲဒီ အပင်တွေဟာ အိမ်ပေါ်ကို အရိပ်ကျနေတယ်လို့ အကြောင်းပြပြီးတော့ပေါ့လေ။

အဲသလိုလုပ်ပြီး မကြာခင်မှာပဲ လယ်သမားဟာ သူ့မြင်းလေးစီးပြီး ရောက်လာတယ်။ မြင်းပေါက်ကလေးဟာ သူ့အိမ်ကို မှတ်မိတော့ ခြံထဲကိုဝင်မယ် ပြုတယ်။ ဒီတော့ လယ်သမားဟာ မြင်းပေါက်ကလေးကို ဟိန်းဟောက်ပြီး-

"ဘယ်သွားနေတာလဲ၊ တော်တော် နတဲ့ အတဲ့ မြင်းပဲ။ ကိုယ် ဘယ်မှာနေတယ် ဆိုတာတောင် ကိုယ် မသိတော့ဘူးလား။ တို့အိမ်ရှေ့မှာ ရောက်ပင်နှစ်ပင် ရှိတယ်။ အခု ဒီမှာ ရှိမှ မရှိတာ။ ဒါတို့အိမ် ဘယ်ဟုတ်ပါ့မလဲ။ ဒီရွာမှာ မတွေ့ရင်လည်း တို့အိမ်ကို တခြား ရွာတွေမှာ လှည့်ပတ်ရှာကြတာပေါ့" လို့ ပြောပြီး မြင်းကို တခြားကို မောင်းသွားတယ်။ ဒီလိုနဲ့ အဲဒီစကားအတိုင်းပဲ လယ်သမားဟာ သူ့အိမ်ကို ကမ္ဘာကြီးထဲမှာ လှည့်ပတ်ရှာနေတော့ တယ်တဲ့ကွယ်။

❑

ဇွန် ၇

## ပညာရှိလယ်သမား

အဲသလိုနဲ့ လယ်သမားဟာ သူ့အိမ်ကို မတွေ့မချင်း ကမ္ဘာကြီးထဲမှာ မြင်းတစ်ကောင်စီးပြီး လှည့်ပတ်ရှာနေတော့တယ်တဲ့။ ခရီးက ရှည်ကြာလာတော့ သူလည်း ပင်ပန်းလာတာပေါ့။ တစ်နေ့တော့ တည်းခိုဆောင်ကြီး တစ်ခုကို ရောက်လာပြီး ခဏနားဖို့ ကြံရွယ်လိုက်တယ်။

သူ ဆိုင်ထဲမှာ ထိုင်မိတယ်ဆိုရင်ပဲ ဆိုင်ရှင်ဟာ သူ့ဆီ အူယားဖားယား ပြေးလာပြီး အကူအညီတောင်းတယ်။

"ကျုပ်ကို ကူညီပါဦးဗျာ။ ကျုပ်နောက်လိုက်ခဲ့ပါ။ ကျုပ်မြင်းမ မြင်းဇောင်းထဲမှာ လဲနေတာကြာပြီ။ သူ့ကို ဘယ်လိုလုပ်လုပ် မထဘူး"

လယ်သမားလည်း ဆိုင်ရှင်ခေါ်တဲ့နောက် လိုက်သွားတော့ မြင်းဇောင်းထဲ ရောက်သွားတယ်။ လဲနေတဲ့ မြင်းမကို တွေ့တော့ မြင်းမဘေးနားမှာ ဒူးထောက်ထိုင်ပြီး လေသံတိုးတိုးနဲ့-

"မင်း အသက်ရှင်ဖို့ ကြိုးစားပေတော့။ မင်း သေရင် ခွေးတစ်အုပ်က မင်းအသားကို ပျော်ပျော်ကြီး ဝိုင်းစားကြလိမ့်မယ်။ မင်း အသက်ရှင်နေရင်တော့ မင်းစားဖို့ စိမ်းစိမ်းစိုစို မြက်တွေ အများကြီးပဲ"

အဲသလို ပြောလိုက်တယ်။

ဒီအသံလည်းကြားရော မြင်းမဟာ ဝေါက်ခနဲ ထရပ်တော့တာပဲတဲ့။ သူက တကယ် နေမကောင်းတာ မဟုတ်ဘူး။ ပျင်းပြီး အလုပ်မလုပ်ချင်လို့ နေမကောင်းချင်ယောင်ဆောင်နေတာ။ တည်းခိုခန်းပိုင်ရှင်ကတော့ ပါးစပ်ဟောင်းလောင်းဖြစ်အောင် အံ့အားသင့်သွားတယ်။

"ခင်ဗျား တကယ်တော်တဲ့လူပဲ။ စကားလေးတစ်ခွန်း နှစ်ခွန်း ပြောရုံနဲ့ မြင်းတစ်ကောင်ကို ရောဂါပျောက်အောင် ကုပေးနိုင်တယ်" လို့ တအံ့တဩ ရေရွတ်တယ်။

ဒီလိုနဲ့ သူ့သတင်းစကားကို ဘုရင်ကြီးကပါ ကြားသွားတယ်တဲ့။ ဒီတော့ အဲဒီ လယ်သမားကို သူ့နန်းတော်ကို ဖိတ်ခေါ်ပြီး သူ့စီးတော်မြင်း နေမကောင်းတာကို ကုဖို့ စေခိုင်းတယ်။

လယ်သမား မြင်းကိုကြည့်တဲ့အနီးမှာ ဘုရင်ကလည်း ထိုင်ကြည့်နေတယ်။ အဲဒီအချိန်မှာ ရာသီဥတုက တော်တော် ဆိုးဆိုးဝါးဝါး အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းပျပျ ဖြစ်နေတယ်။ မှန်တိုင်းတွေလည်း တိုက်ခတ်နေတယ်။ လယ်သမားဟာ ဝိုင်းအုံနေတဲ့ ခြင်တွေကို သူ့လက်နဲ့ ဝှေ့ယမ်းပြီး ခတ်နှင်လိုက်တယ်။ အဲဒါကိုထိုင်ကြည့်နေတဲ့ ဘုရင်ကြီးက မြင်တော့ လယ်သမား လက်ဝှေ့ယမ်းလိုက်တာကို သူ့ကို လှမ်းခေါ်လိုက်တာပဲလို့ တွေးပြီး ထိုင်ရာက ထလာခဲ့တယ်။

အဲဒါ ကံကောင်းတာပဲ။ ရုတ်တရက် လျှပ်စီးဝင်းပြက်ပြီး စီးတော်မြင်းကို မိုးကြိုး တစ်ချက် ပစ်ချလိုက်တယ်။ ဘုရင်ကြီးသာ ခုန ထမလာခဲ့မိရင် မိုးကြိုးစက်ကွင်းထဲ သေမှာ မလွဲဘူး။ သူ့အသက်ကို ကယ်လိုက်တဲ့ ကျေးဇူးရှင်ပဲလို့ ယူဆပြီး လယ်သမားကို ဘုရင်ကြီးဟာ အရမ်းကျေးဇူးတင်သွားတယ်။ အဲဒါနဲ့ အဲဒီလယ်သမားကို သူ့ရဲ့ အမတ်ချုပ်ကြီးအဖြစ် ခန့်အပ်လိုက်ရောတဲ့။

* ***The Wise Peasant***

❑



ခန်း ၈

## ပြွန်ပလွေမှုတ်သမား

ဟိုးရှေးရှေးတုန်းက ပြွန်ပလွေမှုတ်တတ်တဲ့ လူငယ်တစ်ဦး ရှိတယ်တဲ့။ တစ်နေ့တော့ သူဟာ ကျေးရွာဂီတပွဲတော်မှာ ဝင်ပြိုင်ဖို့အတွက် သူ့ပြွန်ပလွေကို ပိုက်ပြီး ထွက်လာခဲ့တယ်။ မကြာခင်မှာပဲ သူ့ရှေ့လမ်းပေါ်မှာ အနက်ရောင် ဥလေးတစ်လုံး လိမ့်လာတာ တွေ့ရတယ်။ "ငါ့ကို အပြင်ထွက်နိုင်အောင် လုပ်ပေးပါ။ ငါ အပြင်ထွက်ပါရစေ" ဆိုတဲ့ အသံတိုးတိုး ကလေးလည်း ကြားရတယ်။ အဲဒါနဲ့ သူလည်း အဲဒီဥကလေးကို ခွဲလိုက်တာပေါ့။ ဥလေးထဲက ဘာထွက်လာတယ် ထင်သလဲ။ အနက်ရောင် မှင်စာလေးတစ်ကောင် ထွက်လာတယ်တဲ့။

မှင်စာလေးဟာ "မင်းကို ပြိုင်ပွဲမှာ ငါ အနိုင်ရအောင် ကူမယ်" လို့ ပြောပြီး ကြွက်မြီးနဲ့ တူတဲ့ သူ့ဆံပင်ထဲက တစ်ချောင်းကို ဖြတ်ပြီး ပြွန်ပလွေသမားရဲ့ ပလွေပေါ်ကို ကြာပွတ်လို ရိုက်လိုက်တယ်။ တစ်ပြိုင်နက်တည်း သူလည်း ရေနွေးအိုးက ရေငွေ့တွေလိုပဲ ပျောက်ကွယ်သွားရောတဲ့။ အင်း… ငါတော့ ဆုရတော့မှာပဲလို့ တွေးပြီး ပြွန်ပလွေသမားဟာ ကျေးရွာဆီ ပျော်ပျော်ရွှင်ရွှင် ထွက်လာခဲ့တယ်။ ဒီလိုနဲ့ ပြိုင်ပွဲကျင်းပတဲ့နေ့ရက် ရောက်လာတာပေါ့။

အဲဒီရက်ရောက်လို့ ပလွေမှုတ်တော့မယ်လို့ သူ့ရဲ့ လေပြွန်အိတ်ကို ဖိလိုက်တာနဲ့ တစ်ပြိုင်နက် ပလွေထဲက မှင်စာကလေးဟာ ခုန်ထွက်လာပြီး သီချင်းတစ်ပုဒ် ဆိုတော့တယ်တဲ့။ သူဆိုတဲ့ သီချင်းက-

"ငါတို့ ချမ်းသာတော့မည်။ ရောက်ရာအရပ်က ပိုက်ဆံတွေ မင်းတို့သခင်တွေဆီက တို့ဆီ မြန်မြန်လာပါဗျ"

အဲဒီသီချင်းလည်းကြားရော ကောက်ကျစ်တဲ့ မြေပိုင်ရှင်တွေ၊ အမြတ်ကြီးစားတဲ့ ကုန်သည်တွေ၊ မရိုးသားတဲ့ ဈေးသည်တွေဆီက ရွှေတိုငွေစ ပိုက်ဆံမှန်သမျှဟာ သူတို့ရဲ့ ပိုက်ဆံအိတ်တွေထဲက ခုန်ထွက်ပြီး ပြွန်ပလွေသမားလေးဆီ မြေပြင်မှာ လိမ့်လာကြတယ်တဲ့။ ပြီးတော့ ပလွေသမားလေးရဲ့ လေပြွန်အိတ်ကြီးထဲကို ညို့ငင်ခံနေရတဲ့ ပစ္စည်းတွေလို ခုန်ဝင်ကြတယ်တဲ့။

"ဟေး... သူခိုး ရပ်လိုက်စမ်း"

သူတို့က အော်ပေမယ့် ပလွေသမားကလေးဟာ ပလွေမှုတ်မပျက်ဘူးတဲ့။ သူတို့ဟာ သူတို့ရဲ့ ရွှေတိုရွှေစ ပိုက်ဆံတွေကို ပလွေသမားလေးဆီ ထွက်မသွားအောင် ဘယ်လို တားတား လည်း တားမရဘူးတဲ့။

"သူခိုးတွေ အော်မနေနဲ့။ ရပ်လိုက်၊ သူခိုးတွေ" လို့ မျက်မှောင်ကုတ်ပြီး မှင်စာလေးက ပြောတယ်။

ပြန်ပလွေသမားကလေးကလည်း-

"ကမ္ဘာပေါ်မှာ ဒီအတိုင်း ဖြစ်နေကြတာပဲ။ ခင်ဗျားတို့ဟာ လူတွေအပေါ် စိတ်နှလုံး ကောင်းမရှိတဲ့ လူတွေ" လို့ ပြောပြီး ပိုက်ဆံတွေအားလုံးကို လာကြည့်နေတဲ့ ဆင်းရဲသူ တွေဆီ ပြန်ကြဲပေးလိုက်တယ်။

"ကဲ... ပိုက်ဆံတွေ၊ မင်းတို့ကို တရားသဖြင့် ပိုင်ဆိုင်တဲ့ ပိုင်ရှင်အစစ်အမှန်ဆီ ပြန်ပေတော့" လို့ ပြောလိုက်တယ်။ မှင်စာကလေးက-

"မင်းလုပ်တာ မှန်တယ် ပလွေသမား။ မင်းသာ မရှိးမသားဘဲ အဲဒီပိုက်ဆံတွေကို ယူထားမယ်ဆိုရင် အဲဒီပိုက်ဆံတွေဟာ မိစ္ဆာကြီးက မင်းရဲ့ ဝိညာဉ်ကို ဝယ်ယူတဲ့ အဖိုးအခတွေ ဖြစ်သွားလိမ့်မယ်" လို့ ပြောလိုက်တယ်။

ပြန်ပလွေသမားက ပြုံးတယ်။ ပြီးတော့ ပလွေကို မှုတ်ပြီး ထွက်သွားရောတဲ့။ သူဟာ အခုအချိန်အထိ တစ်ရွာပြီးတစ်ရွာလိုက်ပြီး ပလွေမှုတ်နေတယ်တဲ့။ တစ်နေ့ကျရင်တော့ ကလေးတို့ ရွာကိုလည်း ရောက်ချင် ရောက်လာမှာပေါ့ကွယ်။

* *The Bigpiper*

❑

ဇွန် ၉

## ငန်းစိမ်း

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ သူဆင်းရဲလင်မယားရှိတယ်တဲ့။ သူတို့မှာ မွေးထားတဲ့ သမီးကလည်း ဆယ့်နှစ်ယောက်တောင် ရှိတယ်တဲ့။ ဒီတော့ သူတို့ ပင်ပင်ပန်းပန်း ရုန်းကန် စားသောက်နေကြရတာပေါ့ကွယ်။ တစ်နေ့တော့ သူဆင်းရဲဟာ သူတို့တဲကနေ သမီးအကြီးဆုံး လေးကို ခေါ်ပြီး တောထဲကို ထွက်လာခဲ့တယ်။ တောထဲမှာ ထင်းကောက်ရအောင်၊ ထင်းရှာ ရအောင်ပေါ့ကွယ်။

ထင်းတွေဟာ ရှာလို့ ရပါတယ်တဲ့။ ဒါပေမဲ့ အဲဒီတောနက်ထဲမှာ သားအဖ နှစ်ယောက် ဟာ မျက်စိလည် လမ်းပျောက်နေတယ်။ အိမ်ကို ဘယ်လိုပြန်ရမှန်း မသိ။ ဗိုက်ကလည်း ဆာနဲ့။ ဒုက္ခအကြီးအကျယ် တွေ့နေတာပေါ့ကွယ်။ အဲဒီအချိန်မှာပဲ သူတို့ရှေ့ကို ရထားကြီး တစ်စင်း ဆိုက်လာတယ်တဲ့။ မြင်းတွေဆွဲတဲ့ အဲဒီရထားဖြူကြီးထဲက အင်မတန် ချောမော လှပတဲ့ မိန်းမပျိုလေး တစ်ယောက် ထွက်လာတယ်။ သူဆင်းရဲသားအဖ ကြည့်လိုက်တော့ အဲဒီမိန်းမပျိုလေးရဲ့ တစ်ကိုယ်လုံးဟာ ဖားလေးတစ်ကောင်လို စိမ်းနေတယ်တဲ့။

အဲဒီမိန်းမပျိုလေးက-

"ရှင်တို့သားအဖ ဒုက္ခရောက်နေတာကို ကျွန်မ သိတယ်။ ကျွန်မ ကူညီမယ်။ ရှင့်ရဲ့ ဒီသမီးအကြီးဆုံးလေးကို ကျွန်မဆီမှာ ခုနစ်နှစ် အမှုထမ်းဖို့ ထည့်လိုက်ပါလား။ အဲသလို ထည့်လိုက်ရင် မင်းတို့ရဲ့ မီးဖိုခန်းမှာ စားစရာသောက်စရာတွေ အမြဲ အပြည့်ဖြစ် နေအောင် ဖန်ဆင်းပေးမယ်။ မကုန်ခန်းလို့ ဘယ်တော့မှလည်း ပြန်ဖြည့်နေစရာ မလိုဘူး" လို့ ပြောတယ်။

အဲဒီစကားကို ကြားတော့ ဆင်းရဲသားဟာ ဝေခွဲမရ ဖြစ်သွားတယ်။ ဒါပေမဲ့ သူ့သမီး အကြီးက သူတို့ ဆင်းရဲနေတာကို သိတော့ သဘောတူလိုက်ဖို့ တိုက်တွန်းတယ်။ သူ ဒီမိန်းမပျိုလေးရဲ့ဆီကို လိုက်ပြီး ခုနစ်နှစ်နေပါ့မယ်လို့ ပြောတော့ သူ့အဖေ ဆင်းရဲသားလည်း လက်ခံလိုက်ရတော့တယ်။ ဒီလို သဘောတူလိုက်တာနဲ့ သူစိမ်းမိန်းမပျိုဟာ သူဆင်းရဲရဲ့

သမီးအကြီးဆုံးလေးကို ခေါ်ပြီး ရထားနဲ့ ထွက်သွားတော့တယ်တဲ့။ သူဆင်းရဲလည်း ဒီတော့မှ ပျောက်နေတဲ့ သူ့လမ်းကို မှတ်မိပြီး အိမ်ကို ပြန်ရောက်လာတော့တယ်။

အိမ်ပြန်ရောက်လို့ ဒီအကြောင်းတွေ ပြောပြတော့ သူ့မိန်းမက မယုံဘူး။ သူ့ယောက်ျား ဟာ တောထဲမှာ မျက်စိလည် လမ်းမှားနေတယ်။ သိပ်ဆာလောင်မွတ်သိပ်နေတာရယ်ကြောင့် ဦးနှောက်ကို ထိခိုက်ပြီး ရူးသွားပြီလို့ ထင်တာပေါ့လေ။ ဒါပေမဲ့ နောက်ဖေး မီးဖိုထဲကိုလည်း ဝင်ကြည့်မိရော အရမ်းအံ့သြသွားရတော့တယ်တဲ့။



မီးဖိုထဲမှာ စားစရာ သောက်စရာ အမျိုးစုံ ရောက်နေလိုက်တာ ကြမ်းပြင်ကနေ ခေါင်မိုးထိလုပဲတဲ့။ အစားအသောက်တွေကလည်း ကောင်းပေ့ဆိုတာတွေဆိုတော့ သူတို့ရဲ့ မီးဖိုချောင်လေးဟာ ဘုရင်ရဲ့ စားဖိုခန်းနဲ့တောင် တူနေတယ်တဲ့။ ဒီလိုနဲ့ သူတို့ မိသားစုဟာ ဇိမ်နဲ့ စားသောက် နေထိုင်နိုင်သွားတယ်တဲ့ကွယ်။

*✱ The Green Goose*

❑

## ရွှန် ၁၀

### ငန်းစိမ်း

မိန်းမပျိုလေးနောက်ပါသွားတဲ့ သူဆင်းရဲရဲ့ သမီးအကြီးဆုံးဟာ ငွေသားနဲ့ လုပ်ထားတဲ့ တိုင်လုံးကြီးတစ်လုံးပေါ်က ရွှေနန်းတော်ကြီးဆီကို ရောက်သွားတယ်တဲ့။ အဲဒီမှာ အခန်းတွေကလည်း များလိုက်တာဆိုတာ ချယ်ရီပင်ပေါ်က ချယ်ရီပန်းပွင့်တွေထက်တောင် ပိုဦးမယ်တဲ့။

သူ့ကိုခေါ်လာတဲ့ သခင်မက သူ့ကို သော့တွဲတစ်တွဲ ပေးရင်း-

"ဟောဒါဟာ ဒီနန်းတော်က အခန်းတွေ အားလုံးကို ဖွင့်တဲ့ သော့တွေပဲ။ မင်းဟာ အဲဒီအခန်းတွေနဲ့ အခန်းထဲမှာရှိတဲ့ စိန်စီထားတဲ့ ခုတင်တွေကို နေ့စဉ် သိမ်းဆည်းလှည်းကျင်းရမယ်။ ဟိုနောက်ဆုံးက အခန်းတစ်ခန်းကိုတော့ ဘယ်တော့မှ ဖွင့်မဝင်လေနဲ့။ ဖွင့်ဝင်ရင် မင်း အကြီးအကျယ် ဖျားနာလိမ့်မယ်" လို့ ပြောတယ်တဲ့။

ကောင်မလေးကလည်း ကောင်းပါပြီလို့ ဝန်ခံကတိပေးပြီး သူ ကတိထားတဲ့အတိုင်း အခန်းတွေကို သုတ်သင်လှည်းကျင်းနေလိုက်တာ ခြောက်နှစ်နဲ့ ခြောက်လတောင် ကြာသွားတယ်တဲ့။ သူ အဲဒီနန်းတော်မှာ အလုပ်စလုပ်တုန်းက ကလေးသာသာပဲ ရှိသေးတာပေါ့ကွယ်။ သူ အဲဒီမှာလုပ်နေတဲ့ နှစ်ကာလတွေ တစ်လျှောက်လုံးမှာ သူ့ကို ခေါ်လာခဲ့တဲ့ သခင်မကိုရော၊ ကျန်တဲ့ လူတစ်ဦးတစ်ယောက်ကိုရော ဘယ်သူ့ကိုမှ မတွေ့ရဘူးတဲ့ကွယ်။

ဒါပေမဲ့ တစ်ခု ထူးဆန်းတာက မနက်မိုးလင်းလို့ အခန်းထဲကို ဝင်ပြီး ရှင်းလင်းလှည်းကျင်းရင် စိန်စီခုတင်တွေပေါ်က အိပ်ရာတွေဟာ ညက လူတွေ အိပ်သွားသလို ကြေမွ တွန့်လိမ်နေတာပဲတဲ့။ ဒီလိုနဲ့ တဖြည်းဖြည်းနဲ့ ခုနစ်နှစ်ပြည့်ဖို့ နီးကပ်လာပြီ ဆိုပါတော့ကွယ်။

ကြာလည်း ကြာလာတော့ မိန်းကလေးဟာ သူ့ရဲ့ စပ်စပ်စုစုသိချင်တဲ့ စိတ်ကို မျိုသိပ်မရဘဲ ဖြစ်လာတယ်။ ဒါနဲ့ မဖွင့်ရဘူးလို့ တားမြစ်ထားတဲ့ အစွန်ဆုံးက အခန်းကို ဖွင့်ပြီး အထဲကို ဝင်သွားတယ်။ အဲဒီအခန်းကြီးတစ်ခုလုံးဟာ ရွှေချထားပြီး အခန်းအလယ်မှာ ရေကန်ကြီးတစ်ကန် ရှိတယ်။ အဲဒီရေကန်ထဲမှာတော့ အမွေးအတောင်တွေ အကုန်လုံး စိမ်းနေတဲ့ ငန်းတစ်ကောင်ဟာ ရေကူးနေတယ်တဲ့။

မိန်းကလေးကိုလည်း မြင်ရော ငန်းစိမ်းက-

"တော်တော်မိုက်မဲတဲ့ ကောင်မလေးပဲ။ မင်းသာ ကတိတည်ရင် ငါတို့အပေါ် ကျနေတဲ့ ကျိန်စာတွေ ပြယ်တော့မှာ။ အခုတော့ တို့ နောက်အနှစ်တစ်ရာ ခံရဦးမယ်" လို့ အော်ပြောတယ်တဲ့။

ချက်ချင်းပဲ မိန်းကလေးလည်း မိဘတွေအိမ်ကို ပြန်ရောက်သွားတယ်။ သူတို့ မီးဖိုထဲက စားစရာ သောက်စရာတွေလည်း ချက်ချင်းပဲ ပျောက်ကွယ်ကုန်တယ်။ သူတို့လည်း အရင်ကလိုပဲ ဆင်းရဲမြဲ ဆင်းရဲနေရတော့တယ်တဲ့ကွယ်။

❑



ဗွန် ၁၁

## လောရှည်၊ အနံ့ရှည်နှင့် နတ်မျက်စိ

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်မင်းလုပ်နေတဲ့ ဘုရင်ကြီး တစ်ပါးဆီမှာ လှပရဲရင့်တဲ့ သားတော်လေးတစ်ပါး ရှိတယ်တဲ့။ တစ်နေ့တော့ ဘုရင်ကြီးဟာ မင်းသားလေးကို ခေါ်ပြီး ဒီလိုပြောတယ်။

"သားတော် အခုအချိန်ဟာ သားတော် ကြင်ရာတော် ရွေးချယ်ပြီး လက်ထပ်ထိမ်းမြားဖို့ အရွယ်ပဲ။ ဒီတော့ ဟောဒီသော့ကို ယူ၊ နန်းတော်ထဲက (၁၃) ခန်းမြောက် အခန်းကို သွား။ အဲဒီအခန်းကို အဲဒီသော့နဲ့ ဖွင့်ဝင်လိုက်ရင် ကမ္ဘာပေါ်မှာ အချောအလှဆုံး ဆိုတဲ့ မင်းသမီးလေးတွေရဲ့ ပုံတူပန်းချီကားတွေကို တွေ့ရမယ်။ အဲဒီအထဲက သားတော် အနှစ်သက်ဆုံးသူကို ရွေးချယ်ပေတော့"

မင်းသားလေးဟာ အမိန့်ကို နာခံပြီး အဲဒီအခန်းကို သွားခဲ့တယ်။ သော့ဖွင့်ပြီး ဝင်လိုက်တော့ အဲဒီအခန်းထဲမှာ ရွှေဘောင်ကွပ်ထားတဲ့ ပန်းချီကားကြီး ဆယ့်နှစ်ကားကို တွေ့ရတယ်။ ဆယ့်တစ်ကားကတော့ အင်မတန်လှပတဲ့ မင်းသမီးလေးတွေရဲ့ ပုံတူပဲ။ တစ်ပုံထက် တစ်ပုံ ပိုလှနေတာ တွေ့ရမယ်။ နောက်ဆုံး ပန်းချီကားတစ်ချပ်ကတော့ ထူးခြားတယ် ခေါ်ရမယ်။ အဲဒီပန်းချီကားရှေ့မှာ အဝတ်နက်နဲ့ ဖုံးကာထားတာ တွေ့ရတယ်။

စူးစမ်းချင်တဲ့စိတ်နဲ့ မင်းသားလေးဟာ အဲဒီပန်းချီကားရှေ့က အဝတ်စကို ဆွဲဖယ်လိုက်တယ်ဆိုရင်ပဲ အင်မတန် ချောမောလှပတဲ့ မင်းသမီးလေးတစ်ပါးရဲ့ မျက်နှာကို တွေ့ရတယ်။ ဘယ်လောက် ချောသလဲဆိုရင် မြင်လိုက်ရတဲ့ မင်းသားလေးဟာ အသက်ရှူဖို့တောင် မေ့လျော့သွားတဲ့အထိပဲတဲ့။

ဒါပေမဲ့ အဲဒီမင်းသမီးလေးရဲ့ မျက်နှာဟာ ဖျော့တော့တော့ ဖြူဖပ်ဖြူရော် ဖြစ်နေတယ်တဲ့။ အဲဒီမင်းသမီးလေးရဲ့ မျက်လုံးအိမ်မှာလည်း မျက်ရည်စလေးတွေ ရစ်ဝိုင်းတွဲခိုလို့တဲ့။ ချက်ချင်းပဲ မင်းသားလေးဟာ ဆုံးဖြတ်ချက်ချလိုက်တယ်။ ပါးစပ်ကလည်း ထုတ်ကြွေးကြော်လိုက်တယ်။

"ဒီမင်းသမီးလေးကလွဲလို့ ငါ ဘယ်သူ့ကိုမှ လက်မထပ်ဘူးဟေ့"

ဒီစကားကိုကြားတော့ ပန်းချီကားထဲက မင်းသမီးလေးက ပြုံးတယ်တဲ့။ နောက်တော့ ပန်းချီကားပေါ်က ပျောက်ကွယ်သွားရော။ မင်းသားလေးဟာ သူ့အဖေ ဘုရင်ကြီးကို သွားတွေ့ပြီး သူ ရွေးချယ်လိုက်တဲ့ မင်းသမီးလေးအကြောင်းကို ပြောပြတော့ ဘုရင်ကြီးက ညည်းတွားရှာတယ်။

"အင်း… မင်း ရွေးချယ်လိုက်တာ မင်းအတွက်တော့ ကံဆိုးတာပဲ ငါ့သား။ အဲဒီ မင်းသမီးလေးဟာ မဟူရာ မှော်ဆရာကြီးရဲ့ ရဲတိုက်မှာ အကျဉ်းကျနေတဲ့ မင်းသမီးလေးပဲ။ အင်မတန် ရဲရင့်တယ် ဆိုတဲ့ မင်းသားတွေ၊ သူရဲကောင်းတွေဟာ အဲဒီမင်းသမီးလေးကို ကယ်တင်မယ် ဆိုပြီး ခရီးထွက်သွားလိုက်ကြတာ တစ်ယောက်မှ ပြန်မလာနိုင်ရှာဘူး"

ဒါပေမဲ့ မင်းသားလေးကတော့ သူ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူး။ ဝမ်းနည်းကြေကွဲနေတဲ့ သူ့အဖေ ဘုရင်ကြီးကို နှုတ်ဆက်ပြီး မှော်ဆရာကြီးရဲ့ လက်ထဲမှာ အကျဉ်းကျနေတဲ့ သနားစရာ မင်းသမီးကလေးကို ကယ်တင်ဖို့အတွက် မြင်းတစ်စီးနဲ့ နန်းတော်ကြီးက ထွက်ခဲ့တယ်တဲ့ကွယ်။

❑



ခန်း ၁၂

## လောရှည်၊ အနံ့ကျယ်နှင့် နတ်မျက်စိ

အဲသလိုနဲ့ မင်းသားလေးဟာ ကျိန်စာသင့်နေတဲ့ မင်းသမီးလေးကို ကမ္ဘာမြေအနှံ့ လိုက်ရှာဖွေနေခဲ့တာ အချိန်တွေတောင် တော်တော် ကြာလာခဲ့တယ်တဲ့။ မင်းသမီးလေးကို ဖမ်းဆီးချုပ်နှောင်ထားတဲ့ မဟူရာ မှော်ဆရာကြီးရဲ့ ရဲတိုက် ဘယ်မှာရှိတယ် ဆိုတာကတော့ လုံးဝ စုံစမ်းလို့ မရခဲ့ဘူးတဲ့။

တစ်နေ့တော့ သူဟာ တောနက်ကြီးတစ်ခုထဲမှာ မြင်းဖြတ်စီးသွားရင်း လူသုံးယောက် တစ်စုကို တွေ့တယ်တဲ့။ တစ်ယောက်က အရပ်ရှည်ရှည်။ ထင်းရှူးပင်တစ်ပင်လိုကို ရှည်တာ တဲ့။ တစ်ယောက်က ဖရုံသီးလို ခန္ဓာကိုယ်က လုံးလုံးဝိုင်းဝိုင်း အနံ့ကျယ်ကျယ်တဲ့။ တစ်ယောက် ကတော့ သူ့မျက်လုံးပေါ်မှာ အဝတ်နက် အစတစ်စကို ပိတ်ပြီး စည်းနှောင်ထားတယ်တဲ့။

အနားက သူ့မြင်း ဖြတ်သွားတော့-

"ဟေး… မင်းသားလေး ခဏနေပါဦး။ ကျုပ်တို့ကို ခင်ဗျားဆီမှာ အမှုထမ်းခွင့် ပေးပါလား" လို့ အရပ်ရှည်ရှည်က အော်ပြောတယ်။

မင်းသားလေးက သူ့မြင်းကို ရပ်ပြီး-

"မင်းတို့က ဘယ်သူတွေလဲ။ မင်းတို့က ဘာတွေများ လုပ်နိုင်လို့လဲ" လို့ မေးတယ်။ ဒီတော့ အရပ်ရှည်ရှည်နဲ့ လူက ပြန်ပြောတယ်။

"ကျုပ်နာမည်က လောရှည်။ ဟောဒီ ဝဝလူက အနံ့ကျယ်။ ဟောဒီ ကျန်တဲ့လူ ကတော့ နတ်မျက်စိတဲ့။ ကျုပ်အရပ်က ဘယ်လောက်ရှည်သလဲဆိုရင် ကျုပ်ကိုယ်ကို ဆန့်ထုတ် လိုက်ရင် တိမ်တွေကိုတောင် ကျုပ်လက်နဲ့ လှမ်းကိုင်လို့ ရတယ်။ ဟောဒီ ကိုအနံ့ကျယ်ကတော့ ဝမ်းခေါင်း ဘယ်လောက်ကျယ်သလဲဆိုရင် ပင်လယ်ကြီးတစ်ခုလုံးကိုတောင် တစ်ခါတည်းနဲ့ ကုန်အောင် သောက်နိုင်တယ်။ သူ့ဗိုက်ကြီးနဲ့ ဖိလိုက်ရင်လည်း သူ့ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိ သက်မဲ့တွေအားလုံး ပိပြားကုန်ကြတော့တာပဲ။ ဟောဒီ နတ်မျက်စိကတော့ ကမ္ဘာကြီးရဲ့ အဆုံးကိုတောင် လှမ်းကြည့်ရင် မြင်နိုင်တယ်။ သူ့မျက်လုံးပေါ်က ပဝါနက်ကို ဖယ်လိုက်ရင်

ပြောတာ။ သူ့မျက်လုံးနဲ့ ကြည့်လိုက်ရင် အမာကျောဆုံး ဆိုတဲ့ ကျောက်တုံးတွေတောင် ကွဲအက်ကုန်နိုင်တယ်''

အဲဒီစကားတွေကြားတော့ မင်းသားလေးလည်း-

''ကောင်းပြီ၊ ကောင်းပြီ။ ခင်ဗျားတို့ကို ကျုပ်ရဲ့ အမှုတော်ကိုထမ်းဖို့ တပည့်အဖြစ် လက်ခံမယ်၊ ကျုပ်ခိုင်းတာကို ဖြစ်အောင် လုပ်ပြနိုင်ရင်။ ကဲ… ပထမဦးဆုံး မဟူရာ မှော်ဆရာကြီးရဲ့ ရဲတိုက် ဘယ်မှာရှိသလဲဆိုတာ ကျုပ်ကို အရင်ရှာဖွေပြကြစမ်းပါ'' လို့ ပြောလိုက်တယ်။

ချက်ချင်းပဲ နတ်မျက်စိဟာ အရပ်ရှစ်မျက်နှာကို စေ့စေ့စပ်စပ် လှည့်ပတ်ကြည့်လိုက်တယ်။ မကြာခင် သူဟာ အားရပါးရ ထအော်လိုက်တယ်။

''တွေ့ပြီဟေ့၊ ငါ တွေ့ပြီ။ ဒါပေမဲ့ အဲဒီနေရာက ဝေးကွာလွန်းလှတယ်။ တို့တစ်တွေ ခြေထောက်တွေကိုသာ အားပြုပြီး လမ်းလျှောက်ကြမယ်ဆိုရင် တို့တစ်တွေ အိုမင်းရင့်ရော်လို့ သေကုန်တဲ့အထိတောင် အဲဒီနေရာကို ရောက်နိုင်မှာ မဟုတ်ဘူး''

လောရှည်က-

''ဒီအတွက်တော့ မပူပါနဲ့။ ခင်ဗျားတို့ကို ကျုပ် ပခုံးပေါ်တင်ပြီး ခေါ်သွားပါ့မယ်''

လောရှည်က သူ့ပခုံးပေါ်မှာ ကျန်တဲ့လူတွေကို တင်ပြီး ခရီးဆက်တယ်။ သူ့အရပ်ကရှည်၊ သူ့ခြေထောက်ကြီးတွေကလည်း ရှည်တော့ သူ့ခြေလှမ်းတစ်လှမ်း လှမ်းလိုက်ရင် မိုင် အတော်ဝေးဝေး ခရီးပေါက်သွားတယ်တဲ့။ ဒီလိုနဲ့ အဲဒီနေ့ နေမဝင်မီမှာပဲ သူတို့ဟာ မဟူရာ မှော်ဆရာကြီးရဲ့ ရဲတိုက်နားကို ရောက်ရှိသွားကြတော့တယ်တဲ့ကွယ်။

□



ဇွန် ၁၇

## လောရှည်၊ အနံကျယ်နှင့် နတ်မျက်စိ

သူတို့ရောက်သွားတဲ့ ရဲတိုက်ကြီးဟာ လူသူကင်းမဲ့တဲ့ အရပ်လိုပဲ တိတ်ဆိတ် ငြိမ်သက်နေတယ်။ ရဲတိုက်ရှေ့ ကွင်းပြင်မှာတော့ အင်မတန် ထူးဆန်းတဲ့ ချပ်ဝတ်တန်ဆာ အပြည့်အစုံနဲ့ သူရဲကောင်းတွေရဲ့ ရုပ်တုတွေကို တွေ့ရတယ်။ ကြည့်ရတာကတော့ အဲဒီသူရဲကောင်းတွေဟာ မှော်ဆရာကြီးရဲ့ လက်ချက်နဲ့ ရုတ်တရက် ကျောက်ရုပ်ဖြစ်သွားကြတဲ့ပုံပါပဲ။

တစ်ယောက်ကဆို သူ့ဓားကို ဆွဲထုတ်ရက် တန်းလန်း၊ တစ်ယောက်ကဆို ပါးစပ်ကို ဖွင့်ရက်၊ တစ်ယောက်ကဆို ခလုတ်တိုက်လဲတဲ့ ပုံပဲ။ ဒါပေမဲ့ မြေပြင်ပေါ်ကို လဲမကျခင်မှာပဲ ကျောက်ရုပ်ဖြစ်နေတယ်။ မင်းသားလေးနဲ့ သူ့တပည့်သုံးယောက်ဟာ ရဲရဲဝံ့ဝံ့ပဲ အဲဒီကွင်းပြင်ကြီးကို ဖြတ်ပြီး ရဲတိုက်ကြီးရဲ့ ခန်းမကြီးထဲကို ဝင်လာခဲ့ကြတယ်။

အဲဒီခန်းမကြီးရဲ့အလယ်မှာ ထူးဆန်းတဲ့ ဝက်သစ်ချ စားပွဲကြီးတစ်လုံး ရှိတယ်။ သူတို့တွေ အဲဒီစားပွဲနားကို ရောက်သွားတာနဲ့ နဂိုက ဘာမှမရှိတဲ့ ပန်းကန်တွေထဲကို အင်မတန် ကောင်းမွန်တဲ့ စားသောက်ဖွယ်ရာတွေ ရုတ်တရက် ရောက်လာတယ်။ သတ္တုခွက်တွေထဲမှာလည်း အင်မတန် အရသာရှိတဲ့ ဝိုင်အရက်တွေ ရောက်လာတယ်တဲ့။

ခရီးပန်းလာတဲ့ မင်းသားလေးနဲ့ သူ့အပေါင်းအသင်းတွေဟာ ဘာမှ တွေးတောမနေတော့ဘဲ စားပွဲပေါ်က စားသောက်စရာတွေကို အားရပါးရ စားသောက်ကြတယ်တဲ့။ သူတို့စားသောက်ပြီးချိန်မှာပဲ ဝုန်းခနဲ မီးတောက်ကြီးတစ်ခု ထွက်ပေါ်လာပြီး အုတ်နံရံကြီးဟာ ထက်ခြမ်းကွဲသွားတယ်။ အဲဒီအုတ်နံရံနောက်က မဟူရာ မှော်ဆရာကြီးဟာ အခန်းထဲကို တစ်လှမ်းချင်း လျှောက်ဝင်လာတယ်။

သူ့မှာ မုတ်ဆိတ်မွေး အနက်ရောင် အရှည်ကြီး ရှိတယ်။ သူ့ခါးမှာလည်း သံကြိုးတစ်ကြိုးကို ခါးပတ်လို ချည်နှောင်ထားတယ်။ လက်တစ်ဖက်ကတော့ ဝမ်းနည်းကြေကွဲနေတဲ့ မင်းသမီးလေးကို ဆွဲခေါ်လာတယ်။ မှော်ဆရာကြီးက မင်းသားလေးကို မနှစ်မြို့တဲ့ အသံကြီးနဲ့ ပြောတယ်။

"မင်း ဒီကို ဘာလို့ရောက်လာတယ် ဆိုတာ ငါ သိတယ်ဟေ့။ ဒီတော့ မင်း ဟောဒီ အခန်းကြီးထဲမှာ မင်းသမီးကို မပျောက်အောင် ဒီတစ်ည စောင့်ရှောက်ပေတော့။ မနက်မိုးလင်းတဲ့ အထိ စောင့်ရှောက်နိုင်တယ်ဆိုရင် မင်း နိုင်ပြီ။ ဒီမင်းသမီးလေးကို မင်း ပိုင်ပြီ။ အေး… အဲဒီလို မစောင့်ရှောက်နိုင်ဘူးဆိုရင်တော့ မင်းလည်း အရင်က လူတွေကို ကျောက်တုံးဘ၀ ရောက်ရပြီသာ မှတ်ပေတော့" လို့ ပြောပြီး အခိုးအငွေ့ဖြစ် ပျောက်ကွယ်သွားတယ်။

မင်းသားလေးဟာ မင်းသမီးလေးကို စကားပြောဖို့ ကြိုးစားပေမယ့် အချည်းနှီး ဖြစ်သွားတယ်။ မင်းသမီးလေးဟာ အရုပ်ကြိုးပြတ် လဲကျသွားပြီး အိပ်မောကျနေတဲ့သူလို မလှုပ်မယှက် ဖြစ်နေတော့တယ်။ မင်းသမီးလေးကို မင်းသားလေးက ထွေးပွေ့ထားလိုက်တယ်။ လောရှည်ကတော့ သူ့ခန္ဓာကိုယ်ကြီးကို ဆန့်ထုတ်ပြီး အဲဒီခန်းမကြီးတစ်ခုလုံးကို ခါးပတ်ပတ်သလို ပတ်ထားလိုက်တယ်။ အနံ့ကျယ်ကလည်း သူ့ခန္ဓာကိုယ်ကို ရေစည်ကြီးတစ်ခုလို ဖောင်းကားလိုက်ပြီး အခန်းတံခါး၀ကို ပိတ်ဆို့ထားလိုက်တယ်။ ပြီးတော့ သူတို့ ဒီညတစ်ညလုံး တစ်မှေးမှ မအိပ်ဘဲ မင်းသမီးလေးကို စောင့်ရှောက်ကြမယ်လို့ ကတိပြုလိုက်ကြတယ်။ ဒါပေမဲ့ မကြာမီမှာပဲ သူတို့တစ်တွေဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားကြတော့တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သောက်ခဲ့တဲ့ ဝိုင်တွေထဲမှာ သောက်တဲ့လူ အိပ်ပျော်စေတဲ့ ဆေးတွေ ခတ်ထားတာကိုးကွဲ့။ ကဲ… သူတို့တွေ မင်းသမီးလေးကို ဘယ်လိုကယ်မလဲ ဆိုတာ မနက်ဖြန်မှပဲ ဆက်နားထောင်တော့နော်။

❑



အခန်း ၁၄

## လောရှည်၊ အနံ့ကျယ်နှင့် နတ်မျက်စိ

ညလယ်ရောက်တော့ မင်းသားလေးဟာ ရုတ်တရက် နိုးလာတယ်။ မင်းသမီးလေးကို ကြည့်လိုက်တော့ မရှိတော့ဘူး။ အခန်းထဲမှာ ရှာလို့လည်း မတွေ့ဘူး။ ဒါနဲ့ သူ့တပည့်သုံးယောက်ကို အိပ်နေရာက နှိုးပြီး ပြောရတော့တာပေါ့။ ဒီတော့ နတ်မျက်စိက–

"ပူမနေပါနဲ့ မင်းသားလေး။ ဒီကိစ္စ ကျုပ်တာဝန်ထားပါ" ဆိုပြီး စူးရှတဲ့ သူ့မျက်လုံးနဲ့ တစ်ကမ္ဘာလုံး လှည့်ပတ်ကြည့်ရှုတော့တာပေါ့။ နောက်ဆုံးတော့ သူက ဝမ်းသာအားရ ထအော်လိုက်တယ်။

"တွေ့ပြီဗျို့၊ မင်းသမီးလေးကို တွေ့ပြီ။ ဒီကနေ တော်တော်ဝေးတဲ့ ပင်လယ်နက်ရဲ့ အောက်ခြေ ကြမ်းပြင်ပေါ်မှာ ရွှေလက်စွပ်ကလေးတစ်ကွင်း ကျနေတာ။ အဲဒီလက်စွပ်ကလေးဟာ မှော်ဆရာကြီး ပြုစားပြီး အသွင်ပြောင်းထားတဲ့ မင်းသမီးလေးပဲ"

လောရှည်က အနံ့ကျယ်နဲ့ နတ်မျက်စိကို သူ့ပခုံးပေါ်တင်ပြီး ပင်လယ်နက်ဆီ ရောက်အောင် သုတ်ခြေတင်တော့တယ်။ သူ့ခြေလှမ်းတစ်လှမ်း လှမ်းလိုက်ရင် မိုင်သုံးဆယ်တောင် ရောက်တယ်တဲ့။ ဒီတော့ မကြာခင်ပဲ သူတို့သုံးယောက် ပင်လယ်နက်ကမ်းခြေကို ရောက်သွားတာပေါ့ကွယ်။

လောရှည်က သူ့လက်တံရှည်ကြီးတွေနဲ့ ပင်လယ်နက်ကြမ်းပြင်ကို စမ်းသပ်ရှာပေမယ့် ရွှေလက်စွပ်ကလေးကို မတွေ့ဘဲ ဖြစ်နေတယ်။ ဒါနဲ့ အနံ့ကျယ်က အဲဒီပင်လယ်ထဲက ရေတွေကို ကုန်အောင် သောက်ပေးလိုက်ရတယ်။ နတ်မျက်စိက လက်စွပ်ကလေးရှိတဲ့ နေရာကို ပြတယ်။ ဒီတစ်ခါတော့ လောရှည်ဟာ လွယ်လွယ်ကူကူပဲ အဲဒီရွှေလက်စွပ်ကလေးကို ကောက်ယူလိုက်နိုင်တယ်။

သူတို့သုံးယောက် မှော်ဆရာကြီးရဲ့ ရဲတိုက်ဆီကို အမြန် ပြန်လာခဲ့ကြတယ်။ ဒါပေမဲ့ ခရီးက သိပ်မတွင်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လောရှည်ပခုံးပေါ် တင်ထမ်းလာရတဲ့ အနံ့ကျယ်ရဲ့ ခန္ဓာကိုယ်ကြီးက သိပ်လေးနေတာကိုး။ လေးမှာပေါ့လေ၊ ပင်လယ်ကြီး တစ်ခု



လုံးကို စုပ်မျိုထားတဲ့သူ မဟုတ်လား။ ဒါကြောင့် လောရှည်က အနံကျယ်ကို ပခုံးပေါ်က ချပြီး ဗိုက်ထဲက ရေတွေကို ပြန်အန်ခိုင်းရတယ်။ အနံကျယ် အန်ချလိုက်တာ အဲဒီနားမှာ ပင်လယ်တစ်ခု ဖြစ်သွားရောတဲ့။

အဲဒီအချိန်မှာ အရှေ့ဘက်က ရောင်နီလာနေပြီ။ မိုးလင်းတော့မယ်ပေါ့။ အချိန်က မရှိတော့ဘူး။ လောရှည်က သူ့လက်တံရှည်ကြီးနဲ့ ရဲတိုက်ရဲ့ ပြတင်းဝကနေပြီး မင်းသားလေး ရှိတဲ့ ခန်းမထဲကို လက်စွပ်ကလေး ပစ်သွင်းလိုက်တယ်။ အဲဒီလက်စွပ်ကလေးဟာ မင်းသားလေး ရှိတဲ့ အခန်းထဲလည်းရောက်ရော မင်းသမီးလေး ဖြစ်သွားရောတဲ့။

အဲဒီအချိန်မှာပဲ မှော်ဆရာကြီး ရောက်လာတယ်။ မင်းသမီးလေးကို မင်းသားလေးရဲ့ ရင်ခွင်မှာ မြင်ရတော့ သိပ်စိတ်ဆိုးသွားတာပေါ့။ သူ့ခါးမှာ ချည်ထားတဲ့ သံကြိုးကို တစ်ဝက်စီ ဖြစ်အောင် ဆွဲဖြတ်လိုက်တယ်။ ပြီးတော့ သူလည်း ကျီးကန်းနက်ကြီး တစ်ကောင်အဖြစ် အသွင်ပြောင်းပြီး ပျံပြေးသွားရောတဲ့။

ရဲတိုက်ကြီးရှေ့က ကျောက်ရုပ်ဖြစ်နေတဲ့သူတွေ အားလုံးဟာလည်း အဲဒီအချိန်မှာ လူပြန်ဖြစ်လာကြတယ်။ မင်းသားလေးလည်း မင်းသမီးလေးကို ခေါ်ပြီး သူ့နန်းတော်ကြီးကို ပြန်လာခဲ့တယ်။ လောရှည်၊ အနံကျယ်နဲ့ နတ်မျက်စိတို့ကတော့ လမ်းခွဲသွားကြတယ်။ သူတို့ဟာ အခုအချိန်အထိ အခက်အခဲတွေ့နေတဲ့ လူကောင်းတွေကို လိုက်လံကူညီနေကြတုန်းလို့ ပြောကြ တာပဲကွယ်။

***** Tall, Broad and Sharpsighted**

❑

ဇွန် ၁၅

## မျိုးစေ့ကြီး

ဟိုးရှေးရှေးတုန်းက ညီအစ်ကိုနှစ်ယောက် ရှိတယ်တဲ့။ တစ်ယောက်က ချမ်းသာပြီး တစ်ယောက်က ဆင်းရဲတယ်တဲ့။ သူတို့နှစ်ယောက်လုံးဟာ စစ်တပ်ထဲမှာ အမှုထမ်းကြတာ ပါပဲ။ ဒါပေမဲ့ ဆင်းရဲတဲ့ညီဟာ စစ်သည်တော်ဘဝကို မပျော်ပိုက်တာနဲ့ တပ်ထဲက ထွက်ပြီး သူ့လယ်တောကို ပြန်လာခဲ့တယ်။

ပြီးတော့ အင်မတန် မာကျောတဲ့ တောရိုင်းမြေကို ပင်ပင်ပန်းပန်း ထွန်ယက်ပြီး ပျိုးကြဲတယ်တဲ့ကွယ်။ ပျိုးကြဲတယ်ဆိုတာ စားပင်သောက်ပင် ပေါက်နိုင်တဲ့ မျိုးစေ့တွေကို ထွန်ထားတဲ့ မြေပေါ်မှာ ကြဲတာကို ခေါ်တာကွဲ့။ တောင်ယာအလုပ်ပေါ့ကွယ်။ အဲဒီမှာ မျိုးစေ့တစ်စေ့ဟာ အဆမတန် ကြီးထွားလာတာ တွေ့ရတယ်တဲ့။ ဘယ်လောက် ကြီးသလဲ ဆိုရင် အဲဒီဆင်းရဲသား ယာသမားဟာ နွားနှစ်ကောင်နဲ့အတူတူ ဆွဲတာတောင် ဆွဲမရလောက် အောင် ကြီးလာတယ်တဲ့။

ဒီတော့ ဆင်းရဲသား ယာသမားလည်း ကြောက်သွားတာပေါ့။ ဒီမျိုးစေ့ကို ဘယ်လို သတ္တဝါနဲ့ ဆွဲမှ ရပါ့မလဲ မသိဘူး။ ငါ့တစ်သက်စားရင်လည်း ကုန်နိုင်ဖွယ် မရှိဘူး။ ရောင်းရင် လည်း ဝယ်မယ့်သူရှိမှာ မဟုတ်ဘူး။ ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရပါ့မလဲ တွေးပူတာပေါ့လေ။ နောက်ဆုံးတော့ တစ်ခု သွားတွေးမိတယ်။ အင်း… ဒီမျိုးစေ့ကြီးကို ဘုရင်ကြီးကို သွား လက်ဆောင်ပေးမှပဲ ကောင်းမယ်ပေါ့လေ။

နောက်ဆုံးတော့ သူဟာ တွေးမိတဲ့အတိုင်းပဲ ဘုရင်ကြီးကို သွားလျှောက်တယ်။ ဘုရင်ကြီးဟာ လယ်သမားရဲ့ မျိုးစေ့ကို မြင်တော့-

"သင်ဟာ တကယ့် ယာသမားကောင်း တစ်ယောက်ပါပဲ" လို့ ချီးမွမ်းတယ်။

ဆင်းရဲသားကိုလည်း မင်းဟာ အင်မတန် ကံကောင်းတဲ့ နက္ခတ်နဲ့ ယှဉ်မွေးတဲ့လူ ဖြစ်ရမယ်လို့ ဆိုတယ်။ ဆင်းရဲသားကတော့ ဒီလောက်နဲ့ မကျေနပ်နိုင်ဘူး။ သူနဲ့ သူ့မိသားစု အင်မတန် ဆင်းရဲမွဲတေတဲ့အကြောင်း လျှောက်လိုက်တယ်။

"ကျွန်တော်မျိုးရဲ့ အစ်ကိုဟာဖြင့် စစ်မှုထမ်းနေတာ ကပ္ပတိန်ရာထူး ရနေပါပြီ။ ချမ်းသာလိုက်တာလည်း မပြောပါနဲ့တော့။ သူ ရွှေစတွေထည့်ထားတဲ့ အိတ်ဟာ မြင်းကုန်းနှီးကို တဖျပ်ဖျပ် ရိုက်လို့" လို့ ပြောတယ်။ ဘုရင်ကလည်း ဆင်းရဲသားကို သနားပြီး–

"ကဲ... မင်းလည်း တကယ်ဆင်းရဲတယ်ဆိုရင် ငါ့ ဘဏ္ဍာတိုက်ထဲက မင်း သယ်နိုင်သလောက် ရွှေစငွေစတွေ သယ်သွားကွာ" လို့ ခွင့်ပြုလိုက်တယ်။ ဒီလိုနဲ့ ဆင်းရဲသားဟာ ချမ်းသာသွားတယ်။ အဲဒီသတင်းကို အစ်ကိုလုပ်တဲ့သူက ကြားတော့–

'ငါ့ညီ ဘာမဟုတ်တဲ့ မျိုးစေ့လေး သွားပေးတာတောင် ဒီလောက်ဆုချရင် ငါက ရွှေတိုငွေစတွေ သွားလက်ဆောင်ပေးရင် ဆုအများကြီးချမှာပဲ' လို့ တွေးပြီး အင်မတန်လှတဲ့ သူ့ရဲ့ မြင်းနက်ကြီးပေါ်မှာ သူပိုင်ဆိုင်သမျှ ရွှေငွေလက်ဝတ်ရတနာတွေကို သယ်ဆောင်တင်သွားပြီး ဘုရင်ကြီးကို ဆက်သတယ်တဲ့။

ဘုရင်ကြီးက "အင်း... မင်း ပေးလို့သာ ယူရတယ်။ ဒီလိုရွှေငွေလက်ဝတ်ရတနာတွေဆို တို့လိုဘုရင်တွေအတွက် မလိုချင်အဆုံး ရှိနေတဲ့ အရာတွေပါ။ ဒါပေမဲ့ မင်းကိုလည်း ငါဆုတော့ ချလိုက်ဦးမှာပဲလေ" လို့ ပြောတယ်တဲ့။

ပြီးတော့ သူ့အနိုင်းအစေတွေကို ဆုချဖို့ ပစ္စည်းသွားယူခိုင်းလိုက်တယ်။ အဲဒါက ဘယ်လိုပစ္စည်းမျိုးထင်သလဲ ကလေးတို့ရေ၊ သူ့ညီက ဘုရင်ကြီးကို ဆက်သထားတဲ့ ဧရာမမျိုးစေ့ကြီးပဲ ဖြစ်နေတယ်တဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်နော်။

* *The Swede*

❑



## ဇွန် ၁၆

## ကိုလူပျင်း

ကလေးတို့ရေ…။

လောကကြီးမှာ ဘယ်သူတွေ ဘယ်လောက်ပျင်းတယ် ပြောပြော၊ ဒီပုံပြင်ထဲက ကိုလူပျင်းကိုတော့ မီမှာ မဟုတ်ဘူးကွယ်။ အဲဒီကိုလူပျင်းဆီမှာ ဆိတ်တစ်ကောင် ရှိတယ်။ သူဟာ အဲဒီဆိတ်ကို နေ့တိုင်း စားကျက်ကို ပို့ပြီး ကျောင်းကျောင်းနေရတာကို ပျင်းလာတယ်။ အဲဒါနဲ့ ခပ်ဝဝ မဘုတ်ဆုံကို လက်ထပ်ယူလိုက်တယ်တဲ့။

သူ့အကြံကတော့ သူ့ဆိတ်ကို မဘုတ်ဆုံကိုပဲ ကျောင်းခိုင်းတော့မယ်ပေါ့ကွယ်။ သူနဲ့ ရပြီးတော့ မဘုတ်ဆုံက အဲဒီဆိတ်ကို ကျောင်းတယ်။ သူကတော့ ပျင်းပျင်းနဲ့ တစ်နေ့လုံး အိပ်ရာပေါ် လှဲနေတော့တာပဲ။ ဘာမှလည်း ချက်ပြုတ်မထားဘူး။ မဘုတ်ဆုံကပဲ ဆိတ်ကျောင်းရာက ပြန်လာမှ ချက်ရပြုတ်ရတယ်။ ဒီတော့ မဘုတ်ဆုံ အလုပ်ရှုပ်တာပေါ့။ ဒါနဲ့ မဘုတ်ဆုံက ခုလို အကြံပေးတယ်။

"တို့ရဲ့ဆိတ်ကို ပျားအုံတစ်အုံနဲ့ လဲလိုက်ကြရအောင်။ ပျားတွေဆိုတာ ဆိတ်လို စားကျက်လိုက်ပို့နေစရာ မလိုဘူး။ သူတို့ဘာသာ သူတို့ ပန်းဝတ်ရည်ကို ရှာပြီး စုပ်ယူကြတာ။ အချိန်တန်တော့ ပျားအုံမှာ ပျားရည်အပြည့်နဲ့၊ အသာကလေး ညှစ်ယူလိုက်ရုံပဲ"

အဲဒီအကြံကို ကိုလူပျင်းကလည်း သဘောတူတယ်။ ဟုတ်တယ်၊ လူလည်း အလုပ်လုပ်စရာ မလိုဘူး။ ပျားရည်ဆိုတာ ဆိတ်နို့ထက် ကောင်းတာပဲ။

ဒီလိုနဲ့ သူတို့ဟာ ဆိတ်နဲ့ ပျားအုံကို လဲလိုက်ကြတာ။ နွေကုန်လို့ ဆောင်းရောက်တော့ အဲဒီပျားအုံကို ညှစ်ယူလိုက်တာ ပျားရည်တစ်ပုလင်း ရတယ်။ အဲဒီပျားရည်ပုလင်းကို သူတို့ အိပ်ရာခြေရင်းမှာ သူခိုး လာမခိုးနိုင်အောင် ဆိုပြီး ထားလိုက်ကြတယ်။

မကြာခင်မှာ ကိုလူပျင်းက ဒီလို တွေးမိပြန်တယ်။

'မဘုတ်ဆုံဟာ အချို အင်မတန် ကြိုက်တယ်။ ပျားရည်တွေကို သူတစ်ယောက်တည်း စားပစ်ရင် ငါ့ဖို့ကျန်မှာ မဟုတ်ဘူး'

အဲသလို တွေးပြီး မဘုတ်ဆုံကို-

"မဘုတ်ဆုံရေ၊ တို့ရဲ့ ပျားရည်ကို ငှန်းမတစ်ကောင်ရယ်၊ ငှန်းသားပေါက်ကလေးတွေနဲ့ရယ် လဲလိုက်ရင် ကောင်းမယ် ထင်တယ်"

မဘုတ်ဆုံက-

"ကောင်းတော့ ကောင်းပါရဲ့ ကိုပျင်းရယ်။ ဒါပေမဲ့ ဒီငှန်းတွေကို ကျွန်မတို့ ကလေးမရရင် ဘယ်သူက မြက်ခင်းစားကျက်ကို ပို့မှာလဲ" လို့ ပြန်မေးတယ်။ ကိုလူပျင်းက-

"ကလေးတွေဆိုတာ အလုပ်ကောင်းကောင်း လုပ်ချင်ကြတာ မဟုတ်ပါဘူးကွာ။ သူတို့က လိပ်ပြာဖမ်းဖို့လောက်သာ စိတ်ဝင်စားတာ" လို့ ပြောတယ်။

ဒီတော့ မဘုတ်ဆုံက ဒေါသနဲ့ တုတ်တစ်ချောင်းကို ဆွဲယူပြီး-

"သူတို့ ခိုင်းတာမလုပ်ဘဲ နေကြည့်ပါလား။ သူတို့ ခြေသလုံးတွေကို တုတ်နဲ့ ယောသလို လွှဲရိုက်ပစ်လိုက်မယ်" ဆိုပြီး ရိုက်လိုက်တာ တစ်ခါတည်း ပျားရည်ပုလင်းကို ထိပြီး ကွဲသွားတော့ ပျားရည်တွေလည်း ဖိတ်ကုန်တော့တာပေါ့။ ကိုလူပျင်းက-



"ကောင်းတယ်ဟေ့၊ ငှန်းမကြီးနဲ့ ငှန်းပေါက်ကလေးတွေရဲ့ လမ်းဆုံးပဲ။ သူတို့ကို ဘယ်သူမှ ကျောင်းနေစရာ မလိုတော့ဘူး။ တို့တွေလည်း အလုပ်မရှုပ်တော့ဘူး" လို့ ဝမ်းသာအားရ ပြောတယ်။ ပြီးတော့ ပုလင်းကွဲပေါ်က ပျားရည်စလေးတွေကို လျှာနဲ့လျက်ပြီး သူတို့လည်း အိပ်ရာထဲ ပြန်လှဲနေကြတယ်။ အဲဒီအချိန်ကစပြီး သူတို့လည်း ဘာမှလုပ်စရာ မလိုတော့ဘူးတဲ့။

❑

ဖွန် ၁၇

## ရေဘူးနှင့် ပေါင်မုန့်

ဟိုးရှေးရှေးတုန်းက အင်မတန် သဒ္ဓါတရားကောင်းပြီး ရက်ရောတဲ့ လူတစ်ယောက်ရယ်၊ အင်မတန် နှမြောတွန့်တိုတတ်တဲ့ ကပ်စေးနဲ့ တစ်ယောက်ရယ်ဟာ အတူတူ ခရီးထွက်ခဲ့ကြတယ်တဲ့။

ထုံးစံအတိုင်းပဲ ကိုရက်ရောကတော့ လမ်းမှာတွေ့ရတဲ့ ဘယ်သူ့ကိုမဆို အကူအညီတောင်းရင် သူ့မှာရှိသမျှထဲက ခွဲဝေပြီး ကူညီစောင့်ရှောက်ခဲ့တာပဲတဲ့။ ကိုကပ်စေးနဲ့ကတော့ တွန့်တိုတတ်တဲ့လူပီပီ သူ့ခေါင်းက သန်းတစ်ကောင်တောင်မှ ဘယ်သူ့ကိုမှ မပေးကမ်းခဲ့ဖူးဘူးတဲ့။

တစ်နေ့ သူတို့ နားနေကြတုန်း ရတ်တရက် သူတို့အထုပ်တွေ ဘေးမှာ ပေါင်မုန့်အပေါ်ခွံ အပိုင်းအစလေးသုံးခု တွေ့တယ်။ ရုတ်တရက်ပဲ အဘိုးအိုတစ်ယောက် ရောက်လာပြီး-

"ကျုပ် ဘာတစ်လုတ်မှ မစားရတာ သုံးရက်ရှိပါပြီဗျာ။ ခင်ဗျားတို့ ပေါင်မုန့်ခွံလေး တစ်ခုလောက် ကျုပ်ကို မစပါ" လို့ တောင်းတယ်။

ကပ်စေးနဲ့ ဒေါသကြီးက-

"ဘာလို့ ပေးရမှာလဲဗျ" လို့ ပြောပြီး ပေါင်မုန့် အစအနနှစ်ခုကို ခပ်မြန်မြန် ကောက်ယူပြီး ဝါးစားလိုက်တယ်။ ကိုရက်ရောတော့ သူ့အတွက် ကျန်နေတဲ့ ဝေစုပေါင်မုန့်တစ်စကို အဘိုးအိုကို ရက်ရက်ရောရောပဲ ကျွေးလိုက်တယ်။

အဘိုးအိုက စားပြီးတော့-

"မင်းတို့နှစ်ယောက်လုံးကိုတော့ ငါ ဆုကောင်းကောင်းကြီး ပြန်ပေးရမယ်။ ဟောဒါက ပေါင်မုန့်တစ်ဖဲ့။ ဒီပေါင်မုန့်ကို မျိုချလိုက်ရင် ပါးစပ်နဲ့အပြည့် ရွှေတွေရလိမ့်မယ်။ ဟောဒါကတော့ ခါးပိုက်ဆောင်ရေဘူး။ ဒီရေဘူးထဲက ရေတွေကတော့ ဘယ်လိုရောဂါမျိုးကိုမဆို ကုသပျောက်ကင်းနိုင်တယ်။ ကဲ… မင်းတို့ ကိုယ်လိုချင်တာ ရွေးယူပေတော့" လို့ ပြောတယ်။

ကပ်စေးနှဲက 'အင်း… ငါ ဘာယူရရင် ကောင်းမလဲ' လို့ တွေးတယ်။ နောက်တော့ လောဘကြီးတဲ့သူပီပီ ပေါင်မုန့်တစ်ဖဲ့ကို ရွေးယူလိုက်တယ်။ အဲဒီပေါင်မုန့်တစ်ဖဲ့ကို မျိုချလိုက်လို့ ဗိုက်ထဲလည်း ရောက်သွားရော သူ့ခန္ဓာကိုယ်ထဲမှာ ရွှေတွေ ပြည့်သွားလိုက်တာ လည်ပင်းဝအထိ ရောက်လာတယ်။

သူလည်း မတ်တတ်ရပ်မနေနိုင်တော့ဘဲ လဲကျပြီး လိမ့်သွားလိုက်တာ တံတားတစ်ခုပေါ် ရောက်သွားတော့တယ်။ တံတားကလည်း သူ့ကိုယ်အလေးချိန်ကို မခံနိုင်ဘဲ ကျိုးကျသွားလေတော့ တံတားအောက်က မြစ်ထဲကို ရောက်သွားတယ်။ နောက်ဆုံးတော့ ကပ်စေးနှဲကို သူ မက်မောတဲ့ ရွှေတွေကပဲ ရေအောက်ရောက်အောင် မြုပ်ပစ်လိုက်တာပေါ့ကွယ်။

ကိုရက်ရောတော့ သူ့မှာရှိတဲ့ ရောဂါပျောက်တဲ့ရေနဲ့ ကမ္ဘာကိုလှည့်ပြီး ဒုက္ခရောက်နေတဲ့သူတွေ၊ ရောဂါရနေတဲ့သူတွေကို ကယ်တင်ရာက အင်မတန်လှတဲ့ မင်းသမီးတစ်ပါးနဲ့ ရပြီး နောက်ဆုံး သူကိုယ်တိုင် ဘုရင်ဖြစ်သွားတော့တယ်တဲ့ကွယ်။

* ***The loaf and the Flask***

❑



ဇွန် ၁၈

## မစံပယ်နှင့် စုန်းမကြီး

တစ်ခါတုန်းက မစံပယ်လို့ခေါ်တဲ့ အင်မတန်လှပတဲ့ မိန်းကလေးတစ်ဦး ရှိတယ်တဲ့။ ဖြူဖြူဖွေးဖွေး စံပယ်ပွင့်လေးလို လှလို့ မစံပယ်လို့ ခေါ်တာပေါ့ကွယ်။ မစံပယ်လေးနေတဲ့ နေရာနဲ့ မိုင်အတော်ဝေးဝေး ပတ်ဝန်းကျင်မှာတောင် မစံပယ်လေးကို မီအောင် လှတဲ့သူ တစ်ယောက်မှ မရှိဘူးတဲ့။ သူဟာ ဘာကိုမှလည်း လိုချင်တပ်မက်မှု မရှိဘူးတဲ့။ စိတ်ထား အေးချမ်းတဲ့ မိန်းကလေးပေါ့ကွယ်။

တစ်နေ့တော့ သူ့ဘဝမှာ ဝမ်းနည်းစရာ ကြုံလာတယ်။ သူ အင်မတန်ချစ်တဲ့ သူ့အမေ သေဆုံးသွားတာပဲ။ သူ့အမေဟာ မသေဆုံးခင် မစံပယ်လေးကို အနားကို ခေါ်ပြီး ကစားစရာ အရုပ်လေး တစ်ရုပ်ပေးရင်း အခုလို မှာတယ်တဲ့။

"သမီးလေး၊ ဟောဒီ အမေပေးတဲ့ အရုပ်ကလေးကို ကိုယ့်ရင်သွေးကလေးလေးလို ဂရုတစိုက် သိမ်းထားပါ။ သမီး ဘယ်လိုဒုက္ခမျိုးကိုပဲတွေ့တွေ့ အဲဒီအရုပ်ကလေးကို စားစရာ သောက်စရာ နည်းနည်းလေးပေးပြီး ဆုတောင်းပါ။ မင်းကို ဒီအရုပ်ကလေးက အစစအရာရာ အကူအညီပေးပါလိမ့်မယ်"

အဲသလိုမှာပြီး သူ့အမေလည်း သေဆုံးသွားတယ်။ မစံပယ်လေးဟာ မျက်ရည်တွေ ခန်းခြောက်ကုန်တဲ့ထိအောင် ငိုခဲ့ရတာပေါ့ကွယ်။ မကောင်းတဲ့ ကံကြမ္မာဆိုတာ တစ်ကိုယ်တည်း မလာဘူး ဆိုတဲ့ စကားရှိတယ်။ အဖော်အပေါင်းနဲ့ လာတယ်လို့ ဆိုချင်တာပေါ့ကွယ်။

မစံပယ်လေးရဲ့ အဖေဟာလည်း မကြာခင် နောက်အိမ်ထောင်ပြုလိုက်တယ်တဲ့။ မစံပယ်လေးရဲ့ မိထွေးမှာ အရုပ်ဆိုးဆိုး သမီးနှစ်ယောက် ပါလာတယ်။ စိတ်သဘောတွေ ကလည်း သူတို့ရုပ်ရည်တွေလိုပဲ ဆိုးတယ်တဲ့။ သူတို့သုံးယောက်လုံးဟာ ရုပ်ချောတဲ့ မစံပယ် လေးကို ကြည့်မရအောင် မုန်းကြတော့ အမျိုးမျိုး နှိပ်စက်ကြတယ်တဲ့။

ကြမ်းတမ်းပေ့ ဆိုတဲ့ အလုပ်တွေကို ခိုင်းတယ်။ ပြီးတော့ အမြဲတမ်း အပြစ်တင် မောင်းမဲနေတာပဲတဲ့။ အချိန်ရှိသရွေ့ မစံပယ်လေးရဲ့ အသည်းနှလုံးတွေဟာ ကြေကွဲပူဆွေးမှု

တွေနဲ့ ပြည့်ပြီး လေးလံနေရတယ်တဲ့။ အဲဒီလိုအခါမျိုးမှာ မစံပယ်လေးဟာ သူ့အရုပ်ကလေးကို အကူအညီတောင်းရတယ်။ သူ့အရုပ်ကလေးက သူ့ကို သူ့အမေ ဆိုပြလေ့ရှိတဲ့ သီချင်းလေး ဆိုပြပြီး နှစ်သိမ့်တတ်တယ်။

တစ်နေ့တော့ သူ့အဖေဟာ အိမ်ကနေပြီး ခရီးဝေးရက်ရှည်လမျာ ထွက်သွားတယ်။ သူ့မိထွေးနဲ့ မိထွေးရဲ့ သမီးနှစ်ယောက်ဟာ တစ်နေ့လုံး အိပ်ရာထဲမှ လှဲနေကြပြီး သူ့ကို အလုပ်အမျိုးမျိုး ခိုင်းကြတယ်။ မစံပယ်လေးဟာ အလုပ်များလွန်းလို့ တစ်နေ့တော့ မီးမွေးဖို့ မေ့သွားတယ်။ သူ့မိထွေးက ဒေါပွပြီး-

“မစံပယ်၊ စုန်းမကြီးရဲ့ အိမ်ကိုသွားပြီး သူကိုယ်တိုင် မွေးထားတဲ့ မီးကို ယူခဲ့။ အဲဒါ မပါလာရင် နင် အိမ်ပြန်မလာခဲ့နဲ့” လို့ အော်ပြောလိုက်တယ်။

မစံပယ်လေး ဘာလုပ်တယ် ထင်သလဲ။ အဲဒီစုန်းမကြီးရဲ့အိမ်ကို သွားရအောင် မှောင်မည်းနေတဲ့ ညကြီးထဲကို တစ်ယောက်တည်း ထွက်လာခဲ့တော့တယ်တဲ့ကွယ်။

* *(Beautiful Vasilisa)*

❑



## ခန်း ၃၉

### မစံပယ်နှင့် စုန်းမကြီး

သနားစရာကောင်းတဲ့ မစံပယ်ကလေးမှာ အိမ်ကထွက်ပြီး တစ်ကိုယ်တည်း လျှောက်လာရင်းနဲ့ နောက်ဆုံး မည်းမှောင်နေတဲ့ တောကြီးတစ်ခုထဲ ရောက်သွားတယ်။ အဲဒီမှာ မြင်းမည်းကြီးကို စီးထားတဲ့ မည်းမည်းကြီးတစ်ခု သူ့ဘေးက ဖြတ်သွားတာကို တွေ့ရတယ်။ အဲဒီတောထဲက သစ်ပင်တွေက သစ်ကိုင်းတွေမှာ လူခေါင်းခွံဖြူဖြူတွေ ချိတ်ဆွဲထားကြတယ်။ အဲဒီခေါင်းတွေကလည်း အရောင်တွေ ထွက်နေတယ်။

အဲဒါတွေမြင်ရတော့ မစံပယ်လေးဟာ ကြောက်အားလန့်အားနဲ့ ထွက်ပြေးတော့တာပေါ့။ သူ လူအရိုးတွေနဲ့ လုပ်ထားတဲ့ ခြံဝက တံခါးကြီးဆီရောက်တော့ အသက်တောင်ကောင်းကောင်း မရှူနိုင်တော့ဘူး။ အဲဒီဂိတ်နားမှာ အင်မတန်ကြီးမားတဲ့ သစ်ပင်ကြီးတစ်ပင်လည်း ရှိတယ်။ အဲဒီသစ်ပင်ကြီးရဲ့ တစ်ဖက်မှာတော့ အင်မတန် ထူးဆန်းတဲ့ တဲလေးတစ်လုံးတွေ့ရတယ်။ အဲဒီတဲလေးဟာ ကြက်ခြေထောက် တစ်ချောင်းပေါ်မှာ ဆောက်ထားတာတဲ့။ အဲဒီ ကြက်ခြေထောက်ကလည်း တစ်နေရာတည်းမနေဘဲ နေရာအနှံ့ လှည့်လည် သွားလာနေတယ်။

အဲဒီအချိန်မှာပဲ ကြောင်မည်းတစ်ကောင်နဲ့ ခွေးမည်းတစ်ကောင် ခုန်ထွက်လာတယ်။ သူတို့ မေးရိုးတွေမှာလည်း သွေးတွေစွန်းလို့၊ သူတို့ လက်သည်းတွေကလည်း သံမဏိဆူးတွေလို ချွန်ထက်နေတယ်။ သူတို့ ပြေးလာတဲ့ပုံက မစံပယ်လေးကို တစ်စစီဖြစ်အောင် ဆုတ်ဖွဲ့ကိုက်ခဲပစ်မယ့် ပုံပဲ။ မစံပယ်လေးက ကြောက်အားလန့်အား အော်လိုက်တာပေါ့။

အဲဒီအချိန်မှာပဲ ကြက်ခြေထောက်ရိုးပေါ်က အိမ်ကလေးရဲ့ ပြတင်းပေါက်တံခါးကပွင့်သွားတယ်။ အဲဒီပြတင်းပေါက်က မျက်လုံးနက်နက်နဲ့ လူပု မိန်းကလေး တစ်ယောက်ပေါ်လာပြီး ခွေးနဲ့ကြောင်ကို ပြန်ခေါ်လိုက်တယ်။ ပြီးတော့ မစံပယ်လေးကို တအံ့တသြကြည့်ပြီး-

"ဒီနေရာမှာ ဘာလာလုပ်နေတာလဲ မိန်းကလေး" လို့ မေးလိုက်တယ်။ အကူအညီကင်းမဲ့နေတဲ့ မစံပယ်လေးကလည်း သူ ဒီရောက်လာရတဲ့အကြောင်းကို အမှန်အတိုင်း ပြောပြလိုက်တယ်။ ဒီတော့ လူပုမကလေးက-

"အင်း… ကလေးမ၊ ဒီနေရာက မင်းသာ အသက်ရှင်ရက် ပြန်ထွက်သွားနိုင်မယ်ဆိုရင် အဲဒီအဖြစ်ကို ငါတော့ ယုံနိုင်မယ်တောင် မထင်ဘူး။ ဒီနေရာဟာ အင်မတန် ဆိုးဝါးရက်စက်တဲ့ ငါ့သခင် စုန်းမကြီးရဲ့နေရာပဲ။ သူဟာ လူအသားကို စားပြီး လူ့အရေပြားကို ဝတ်တဲ့လူ။ ဒီတော့ အခုနေ မင်း ထွက်ပြေးရင် ကောင်းမယ်" လို့ အကြံပေးတယ်။

အဲဒီအချိန်မှာပဲ လေထဲမှာ ကျယ်လောင်တဲ့ မိုးခြိမ်းသံကြီးတစ်ချက် ကြားလိုက်ရပြီး ကောင်းကင်ပေါ်က တံမြက်စည်းပျံကို စီးလာတဲ့ စုန်းမကြီးဟာ မြေပေါ်ကို ဆင်းလာတယ်။ သူ့နောက်က တိမ်မည်းတိမ်စိုင်တွေလည်း ပါလာတယ်တဲ့။ မစံပယ်ကို မြင်တော့-

"ဟော့… မင်းက တီကောင်ပိန်ပိန်ကလေးလား။ ဒီမှာ ဘာလာလုပ်နေတာလဲ" လို့ မနှစ်မြို့တဲ့လေသံနဲ့ မေးလိုက်တယ်။

မစံပယ်လေးကတော့ သနားစရာ ဒူးထောက် တောင်းပန်ပြီး သူ့ကို စုန်းမကြီးဆီက မီးစလေးနည်းနည်းပေးလိုက်ဖို့ တောင်းပန်တယ်။ အဲဒီမီးမှမပါရင် ကျွန်မလည်း ပြန်ရမှာ မဟုတ်ဘူးလို့ ပြောတယ်။ စုန်းမကြီးက-

"ကောင်းပြီလေ၊ မင်းကို ငါ ခိုင်းစရာတွေ ရှိတယ်။ ငါခိုင်းတာတွေကို ဖြစ်အောင် လုပ်နိုင်ရင် မင်း တောင်းတာကို ပေးမယ်။ အေး… ဖြစ်အောင် မလုပ်နိုင်ဘူးဆိုရင်တော့ မင်း စွပ်ပြုတ်လုပ်ပြီး အသောက်ခံရပြီသာ မှတ်ပေတော့" လို့ ပြောပြီး မှောင်မည်းနေတဲ့ ကြွက်တွင်းတစ်ခုထဲမှာ မစံပယ်လေးအတွက် အိပ်ရာလုပ်ပေးပြီး တစ်ည အိပ်ခိုင်းလိုက်တယ်တဲ့ကွယ်။

❑



## ဇွန် ၂၀

### မစံပယ်နှင့် စုန်းမကြီး

မနက်မိုးလင်းလို့ မစံပယ်လေးနိုးတဲ့အချိန်ကျတော့ စုန်းမကြီးဟာ အိတ်ကြမ်းကြီး တစ်အိတ် ယူလာပြီး မစံပယ်လေးရှေ့က ကြမ်းပြင်ပေါ် မှောက်ချလိုက်တယ်။

"ဟောဒါက ပဲစေ့နဲ့ ဘိန်းစေ့တွေ ရောနေတာပဲ။ အဲဒါတွေကို သတ်သတ်စီဖြစ်အောင် နင် ခွဲပေးရမယ်။ ဟောဒီ ငါ့တံခါးဝနားက မြင်းနီကြီး စီးထားတဲ့ နီနီအရာကြီး ဖြတ်သွားတဲ့ အချိန်ကျလို့မှ နင် ပြီးအောင် မရွေးနိုင်ဘူးဆိုရင်တော့ နင့်ကို ငါ သတ်စားမယ်"

အဲသလိုလည်း ပြောပြီးရော စုန်းမကြီးဟာ သူ့ရဲ့ တံမြက်စည်းပျံကို စီးပြီး ထွက်သွား လိုက်တာ ကျယ်လောင်တဲ့ မိုးခြိမ်းသံကြီး မြည်ဟည်းကျန်ခဲ့တယ်တဲ့။ စုန်းမကြီး မရှိတော့ တာနဲ့ မစံပယ်လေးဟာ စ ငိုတော့တယ်။

"ငါတော့ ဒီအလုပ်ကို ဘယ်နည်းနဲ့မှ ပြီးအောင် လုပ်နိုင်မှာ မဟုတ်ဘူး။ စုန်းမကြီး ပြန်လာရင် သတ်စားတာ ခံရတော့မှာပဲ" ပေါ့လေ။

အဲသလို ငိုရင်းနဲ့ သူဟာ သူ့အမေပေးခဲ့တဲ့ အရုပ်ကလေးကို သတိရလာတယ်။ ဒါနဲ့ အဲဒီအရုပ်ကလေးကို ထုတ်ပြီး ဆုတောင်းလိုက်တာပေါ့ကွယ်။ အရုပ်ကလေးက-

"မပူပါနဲ့ကွယ်၊ အချိန်တန်ရင် အားလုံး ပြီးသွားမှာပါ" လို့ နှစ်သိမ့်စကားပြောရင်း သစ်တောကြီးတစ်ခုလုံးမှာရှိတဲ့ ငှက်ကလေးတွေအားလုံးကို ခေါ်လိုက်တယ်။

ပြီးတော့ ငှက်ကလေးတွေကို ပဲစေ့နဲ့ ဘိန်းစေ့တွေ ခွဲခိုင်းတယ်။ ငှက်ကလေးတွေက တစ်ကောင်ပြီးတစ်ကောင် နှုတ်သီးလေးတွေနဲ့ ပဲစေ့လေးတွေကို ကောက်လိုက်ကြတာ မကြာခင် မှာပဲ ပြီးသွားတော့တယ်တဲ့။

စုန်းမကြီး ပြန်ရောက်လာလို့ အလုပ်တွေ ပြီးနေတာ မြင်ရတော့ သူ့မျက်စိကိုသူ မယုံနိုင်လောက်အောင် ဖြစ်နေတာပေါ့။

"ကောင်းပြီ၊ ဒီတစ်ခါတော့ မင်းကို ဒီထက်ခက်တဲ့ အလုပ်တစ်ခုနဲ့ စမ်းသပ်ရမယ်။ အဲဒီအလုပ်ကို ဂိတ်တံခါးအနားမှာ မြင်းမည်းကြီးကို မည်းမည်း အရာဝတ္ထုကြီးက စီးပြီး



ဖြတ်သွားတဲ့ အချိန်မတိုင်မီ ပြီးအောင် လုပ်ရမယ်။ မပြီးရင်တော့ နင် စွပ်ပြုတ်အိုးထဲ ရောက်ပြီသာ မှတ်ပေတော့'' လို့ ပြောပြီး ဒီတစ်ခါတော့ အိတ်ကြမ်းကြီး သုံးဆယ်တောင် ယူလာတယ် တဲ့။ အဲဒီအိတ်တွေထဲမှာ အခွံမာ တဲ့ ရွှေရောင်အသီးတွေ ပါလာ တယ်။ အဲဒါတွေကို ကြမ်းပေါ် သွန်ချပြီး-

''အဲဒါတွေကို အခွံတခြား၊ အစေ့တခြား ဖြစ်အောင် လုပ်ပေတော့'' လို့ ပြောပြီး တံမြက်စည်းပျံ စီးပြီး ပြန်ထွက်သွားပြန်တယ်။

ထုံးစံအတိုင်းပဲ မစံပယ်ကလေးလည်း အရုပ်ကလေး ကို ထုတ်ပြီး အကူအညီ တောင်းရတာပေါ့။ ဒီတစ်ခါ တော့ အရုပ်ကလေးက တောကြီးထဲက ကြွက်တွေအားလုံး ကို ခေါ်လိုက်တယ်။ အဲဒီကြွက်တွေက သူတို့ရဲ့ သွားမာမာတွေနဲ့ အခွံတွေကို ကိုက်ခွဲပေးကြ တာပေါ့လေ။ ဒီလိုနဲ့ ညနေမတိုင်မီ အလုပ်တွေအားလုံး ပြီးကုန်တယ်။

အဲဒီအချိန်မှာပဲ မြင်းမည်းကြီး စီးတဲ့ လူမည်းကြီးလည်း ဖြတ်သွားတယ်။ စုန်းမကြီး လည်း ပြန်ရောက်လာတယ်။ သူက မဖြစ်နိုင်ဘူးထင်လို့ ခိုင်းတဲ့ အလုပ်တွေ ပြီးနေတာ မြင်ရတော့ အံ့သြသွားတယ်။

''ကဲ... ဒီနေ့တော့ မင်းလုပ်စရာ မရှိတော့ဘူး။ သွားအိပ်ချေတော့'' လို့ မစံပယ် လေးကို ပြောတယ်။ မစံပယ်လေးလည်း အနားယူလိုက်ရတာပေါ့ကွယ်။

❑

ဇွန် ၂၁

## မစံပယ်နှင့် စုန်းမကြီး

ညရောက်တော့ စုန်းမကြီးဟာ မျက်လုံးနက်နက်နဲ့ သူ့အစေခံ လူပုမလေးကို နှိုးပြီး ပြောတယ်။

"မီးဖိုထဲမှာ မီးဖိုထားစမ်း။ ငါ မနက်စာအဖြစ်နဲ့ မစံပယ်ဇွပ်ပြုတ် သောက်မယ်"

အဲသလိုပြောပြီး သူကတော့ သူ့အိပ်ရာမှာ ပြန်လှဲအိပ်လိုက်တာ အိပ်ပျော်သွားတယ်။ မျက်လုံးနက်နက်နဲ့ လူပုမလေး ပြောပြလို့ မစံပယ်လေးကလည်း ဒီအကြောင်းကို သိသွားရော။ လူပုမလေးကို ဒူးထောက် တောင်းပန်တော့တယ်။ သူ့ကို ထွက်ပြေးခွင့်ပေးပါပေါ့လေ။ ရှင့်ကို ကျွန်မရဲ့ ပိုးလည်စည်းလေး ပေးပါ့မယ်ပေါ့လေ။ ကြင်နာတတ်တဲ့ လူပုကလေးဟာလည်း ခွင့်ပေးလိုက်တယ်။

ခွင့်လည်းရရော မစံပယ်လေးဟာ ဂိတ်တံခါးကြီးဆီ ရောက်အောင် ခြေကုန်သုတ် ပြေးတော့တယ်။ ဒါပေမဲ့ ဂိတ်နားလည်းရောက်ရော အဲဒီဂိတ်နားက သစ်ပင်က သစ်ကိုင်း တွေက မစံပယ်လေးရဲ့ ဆံပင်တွေ ဆွဲထားတော့တယ်တဲ့။ မစံပယ်လေးရဲ့ မျက်နှာရှေ့နားမှာ ကပ်ပြီး ဂိတ်တံခါးကြီးလည်း ပိတ်သွားတော့တယ်။

မစံပယ်ကလေးဟာ သူ့ခေါင်းက ဖဲကြိုးလေးကို ဖြုတ်ပြီး သစ်ကိုင်းမှာ ချည်ပေးလိုက် တယ်။ သူ့မှာပါလာတဲ့ ထောပတ်ကိုလည်း ဂိတ်တံခါးက ပတ္တာကြီးထဲ ထည့်ပေးလိုက်တယ်။ အဲသလို လုပ်လိုက်တာနဲ့ သစ်ကိုင်းကြီးကလည်း ဆံပင်ဆွဲထားတာကို လွှတ်လိုက်ပြီး ဂိတ် တံခါးကြီးကလည်း ဖွင့်ပေးလိုက်တော့တယ်။ မစံပယ်လေး ထွက်ပြေးခဲ့ပြန်တာပေါ့။

ညလည်း ညဆိုတော့ ရှေ့က တောကြီးက နက်မှောင်နေတယ်။ အဲဒါနဲ့ သစ်ကိုင်း တွေမှာ ချိတ်ဆွဲထားတဲ့ လူ့ဦးခေါင်းခွံတစ်ခုကို ဆွဲယူလိုက်ရတယ်။ ခေါင်းခွံရဲ့ မျက်လုံး တွေက ခုလို မှောင်ထဲမှာဆို အလင်းရောင်ထွက် တောက်ပနေတော့ မစံပယ်လေးအဖို့ ဖန်မီးအိမ် တစ်လုံး ရလာသလိုပဲ အားကိုးရတယ်တဲ့။ ဒီလိုနဲ့ မိုးလင်းသွားတယ်။



စုန်းမကြီးဟာ ဒီတော့မှ အိပ်ရာက နိုးလာပြီး မစံပယ်လေး ထွက်ပြေးသွားတာကို သိရတယ်။ သူက သူ့တပည့်တွေကို အပြစ်တင် ကြိမ်းမောင်းတယ်။ သူ့တပည့်တွေက-

"သခင်မဆီမှာ ကျွန်မတို့၊ ကျွန်တော်တို့ အမှုထမ်းလာတာ ကြာပြီ။ တစ်ခါမှ ဆု၊ လက်ဆောင် မရဖူးဘူး။ အခု မစံပယ်လေးကတော့ ကျွန်မတို့ကို လည်စည်းပဝါရယ်၊ ဖဲကြိုးလေးရယ်၊ ထောပတ်ရယ်ကို လက်ဆောင်ပေးသွားတယ်" လို့ ပြန်ပြောကြတယ်။

ဒီစကားကြားတော့ စုန်းမကြီးဟာ ဒေါသဖြစ်လွန်းလို့ မြေကြီးပေါ် လဲကျသွားတယ်။ သူ့ကို မြေကြီးက မျိုချလိုက်တယ်တဲ့ကွယ်။

အိမ်ပြန်ရောက်သွားတဲ့ မစံပယ်လေးကို သူ့မိထွေးနဲ့ သမီးနှစ်ယောက်က ဆီးပြီး ဆူပူကြိမ်းမောင်းတယ်။ တို့ မှာလိုက်တဲ့ မီးလည်း မရဘူး။ နင် ဒီလောက်ကြာအောင် ဘယ်တွေ လျှောက်သွားနေတာလဲ။ နင့်ကို ကောင်းကောင်း အပြစ်ပေးဦးမှပဲပေါ့လေ။

အဲဒီစကားလည်း ကြားရော မစံပယ်လေး ယူလာတဲ့ လူ့ခေါင်းခွံက သူတို့ဘက် လှည့်ကြည့်လိုက်တာ သူတို့လည်း လူစင်စစ်ကနေ မီးဖိုလေးသုံးခု ဖြစ်သွားရောတဲ့ကွယ်။ မစံပယ်လေးကတော့ အဲဒီအိမ်ကလေးမှာပဲ တစ်ကိုယ်တည်း အေးအေးချမ်းချမ်း နေနေတာ ပေါ့ကွယ်။

တစ်နေ့တော့ အဲဒီအိမ်ဘေးက ဖြတ်သွားတဲ့ မင်းသားလေးတစ်ပါးဟာ မစံပယ်လေးကို မြင်သွားပါရောတဲ့။ ဒါနဲ့ သူလည်း လက်ထပ်ခွင့်တောင်းပြီး သူ နေထိုင်တဲ့ ရဲတိုက်ကြီးဆီ မစံပယ်ကလေးကို ခေါ်သွားတော့တယ်တဲ့ကွယ်။

❑

ဇွန် ၂၂

## မောင်နံ့လေးနဲ့ တစ္ဆေရဲတိုက်

တစ်ခါတုန်းက ညီအစ်ကိုနှစ်ယောက် ရှိတယ်တဲ့။ တစ်ယောက်က အသိဉာဏ် ပညာနဲ့ ပြည့်စုံလို့ မောင်ပညာလို့ ခေါ်တယ်။ တစ်ယောက်ကတော့ ထူထူထိုင်းထိုင်း ခပ်အအ ဖြစ်လို့ မောင်နံ့လို့ ခေါ်ကြတယ်တဲ့။ မောင်ပညာဟာ အင်မတန် ကြောက်တတ်တဲ့ လူတဲ့။

ဒါကြောင့် လူတွေက ပြောကြတယ်။ ဘာပြောသလဲဆိုတော့-

"မောင်ပညာဟာ သင်္ချိုင်းကို ညဘက် ဖြတ်သွားရမယ်ဆိုရင် တော်တော် ကြောက်ရွံ့ တုန်လှုပ်မှာပဲကွ" လို့ ပေါ့လေ။

ဒီစကားကို မောင်နံ့က ကြားတော့ သူ့ဘာသာ အတွေးခေါင်ပြီး-

"အင်း... ငါ့အစ်ကိုကို လူတွေက ဉာဏ်ရှိတယ်လို့ ပြောကြတာ ဒီလို ကြောက်တတ် လို့ပဲ ဖြစ်မယ်။ ငါ့ကို ကြောက်တတ်အောင် ဘယ်သူသင်ပေးနိုင်မလဲ။ ငါ ဘယ်လိုလုပ် သင်ရမလဲဟင်" လို့ သူ့ခွေးကို ဝမ်းနည်းပန်းနည်း ပြောတယ်။ ဒီစကားကို ဘုရားရှိခိုး ကျောင်းစောင့်ကြီးက ကြားသွားတော့-

"မင်း ကြောက်ရွံ့တတ်အောင် သင်ချင်တယ်ဆိုရင် လွယ်ပါတယ်။ ညကျရင်သာ သင်္ချိုင်းထဲက ခေါင်းလောင်းထိုးတဲ့ မျှော်စင်ဆီ လာခဲ့" လို့ ပြောတယ်။ သူတို့ဆီက သင်္ချိုင်း တွေက ဘုရားရှိခိုးကျောင်းထဲမှာသာ ရှိတာကိုး။

အဲဒီညကျတော့ ဘုရားရှိခိုးကျောင်းစောင့်ဟာ ဝတ်ရုံဖြူကြီး ခြုံပြီး စောင့်နေတယ်။ သူ့ကိုသာမြင်ရင် မောင်နံ့ကလေး သေမတတ် ကြောက်သွား မယ်လို့တောင် တွေးနေသေးတယ်။

ဒါပေမဲ့ သူ တွေးတောတာတွေဟာ တလွဲတွေ ဖြစ်နေတယ်။ သူ့ကိုလည်း မြင်ရော မောင်နံ့ကလေးက-

"ဒီမှာ တစ္ဆေအိုကြီး၊ ဝေးဝေးသွားစမ်းဗျာ။ ကျုပ်မှာ အချိန်မရှိဘူး။ ကျုပ် မျှော်စင်က ခေါင်းလောင်းတွေ ထိုးမလို့လာတာ။ ပြီးတော့ ကြောက်တယ်ဆိုတာ ဘာလဲ ဆိုတာလည်း ကျုပ် သင်ရဦးမယ်" လို့ ပြောတယ်။

ဒါပေမဲ့ အဝတ်ဖြူကြီး ခြုံထားတဲ့ ကျောင်းစောင့်ကြီးက လက်မလျှော့ဘူး။ အသံသေး အသံကြောင်နဲ့ အော်ပြည့်ည်းပြတော့ မောင်နံ့ကလေးလည်း ဒေါပွပွနဲ့ အဲဒီတစ္ဆေအတုကြီးရဲ့ နားအုံကို လက်သီးနဲ့ တစ်ချက်ထိုးလိုက်တာ တစ္ဆေအတုကြီးလည်း လှေကားပေါ်က လိမ့်ကျပြီး နံရိုးတွေ ကျိုးကုန်ရောတဲ့။

နောက်ဆုံးတော့ လူငယ်ကလေး မောင်နံ့လည်း သူ့ရည်ရွယ်ချက် အထမမြောက်တော့ဘူး ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ ပြန်လာခဲ့ရတော့တာပေါ့။ မနက်ရောက်လို့ သူ့အဖေက ဒီအကြောင်းလည်း သိသွားရော ဘုရားရှိခိုးကျောင်းစောင့်ကြီးကို ဒီလို အနာတရ ဖြစ်အောင် လုပ်ရသလား ဆိုပြီး ဆူပူတော့တာပေါ့။ ပြီးတော့ ပိုက်ဆံနည်းနည်းပေးပြီး–

"ကဲ… မင်းဟာ မိသားစုကို အရှက်တကွဲဖြစ်အောင် လုပ်တဲ့ကောင်ပဲ။ မင်းကို အိမ်မှာ လက်မခံနိုင်တော့ဘူး" ဆိုပြီး နှင်ပစ်လိုက်တော့တယ်။ ဒီလိုနဲ့ မောင်နံ့ကလေးလည်း အိမ်က ထွက်လာခဲ့ရတော့တာပေါ့ကွယ်။ တစ်နေရာရောက်တော့ ရပ်ပြီး သူက ညည်းတယ်။



"အင်း… ကြောက်တယ်ဆိုတာ ဘယ်လိုဟာပါလိမ့်။ တစ်ကမ္ဘာလုံးမှာ ငါ့ကို သင်ပေးနိုင်မယ့်လူ တစ်ယောက်မှ မရှိတော့ဘူးလားဟေ့"

အဲသလို ညည်းသံကို ခရီးသွားရင်း အနားက ဖြတ်သွားတဲ့ လူတစ်ယောက်က ကြားတော့ ပြုံးတယ်။ ပြီးတော့ မောင်နံ့ကလေးကို ရာဇဝတ်သားတွေကို ကြိုးပေးသတ်လေ့ရှိတဲ့ လူသတ်ကုန်းကို ခေါ်သွားတယ်။

"ကဲ… ဒီမှာသာ မင်း ဒီတစ်ညကုန်အောင် နေပေတော့။ ကြောက်တယ်ဆိုတာ ဘယ်လိုဟာလဲဆိုတာ မကြာခင် သိရလိမ့်မယ်" လို့ ပြောပြီး သူ့လမ်းသူ ဆက်သွားတော့တယ်တဲ့။ အဲဒီလူသတ်ကုန်းမှာတော့ မောင်နံ့လေးတစ်ယောက်ပဲ ကျန်ခဲ့တာပေါ့ကွယ်။

*** (The Lad Who Wanted to learn to Fear)**

❑

ခွန် ၂၇

## မောင်နုံနှင့် တစ္ဆေရဲတိုက်

မောင်နုံလေးဟာ ကြိုးစင်တွေရဲ့အောက်မှာ မီးပုံတစ်ပုံ ဖိုပြီး ထိုင်နေတယ်။ ညက မှောင်လည်းမှောင်၊ အေးလည်း အေးလာပြီ။ လူသေအလောင်း ခုနစ်လောင်းကလည်း ကြိုးစင်ပေါ်မှာ တွဲလောင်းလှုပ်ယမ်းနေတယ်။ ဆွေးမြည့်နေတဲ့ အဝတ်အစားတွေအောက်က အရိုးတွေကလည်း ဂျိုးဂျိုးဂျောက်ဂျောက် မြည်လို့တဲ့။ လင်းနို့တွေကလည်း ကွေ့ပတ်ပျံသန်းနေတယ်။ မောင်နုံလေးက အဲဒါတွေကို ကြောက်စရာလို့ မမြင်ဘူး။

သူက တစ်ခုပဲ တွေးမိတယ်။ ဒီကြိုးစင်ပေါ်က လူတွေ သေနေကြတာဟာ အအေးမိလို့ပဲ ဖြစ်မယ်လို့။ သူက နုံသာနုံတယ်၊ နဂိုကတည်းက စိတ်ကောင်းနှလုံးကောင်းလည်း ရှိတဲ့သူကိုး။ ဒီတော့ အဲဒီအလောင်းတွေကို ကြိုးစင်ပေါ်က ဖြုတ်ချတယ်။ ပြီးတော့ သူထိုင်နေတဲ့ မီးပုံဘေးမှာ ဝိုင်းထိုင်ခိုင်းတယ်။ ဒါပေမဲ့ ကြွက်သားမရှိတဲ့ အရိုးတွေက ဘယ်ထိုင်နိုင်ပါ့မလဲ။ ဆွေးမြည့်နေတဲ့ အလောင်းတွေရဲ့ အဝတ်အစားတွေကို မီးစွဲလောင်လို့ သူကပဲ လက်နဲ့ ရိုက်ပြီး ငြိမ်းရသေးတယ်။

မောင်နုံလေးဟာ စိတ်ပျက်လက်ပျက်နဲ့ အလောင်းကောင်တွေကို-

"ခင်ဗျားတို့ဟာ အလကားလူတွေပဲ၊ ဘာမှ ကိုယ့်ဟာကိုယ် မလုပ်ချင်ဘူး၊ နေရာတကာ ကျုပ်ကပဲ လုပ်ပေးရတယ်"

အဲသလိုပြောပြီး စကားမပြောတတ်တဲ့ သူ့အဖော်တွေကို ကြိုးစင်တွေမှာ ပြန်ချိတ်ပေးလိုက်တယ်။

မနက်ရောက်တော့ ခရီးသွားတဲ့လူဟာ အဲဒီနားကို ပြန်ရောက်လာတယ်။ သူက မောင်နုံကို ပြုံးပြီး မေးတယ်။

"ဘယ့်နှယ်လဲဟေ့၊ ကြောက်တယ်ဆိုတာ ဘာလဲဆိုတာ မင်း သင်ပြီးပြီ မဟုတ်လား" ဆိုတော့ မောင်နုံက-

"အလကား မစွံပါဘူးဗျာ" ဆိုပြီး ညက သူလုပ်ခဲ့သမျှ ပြန်ပြောပြလိုက်တယ်။ အဲဒီစကားတွေကြားတော့ ခရီးသွားက အင်မတန် အံ့အားသင့်သွားတယ်။ သူ့တစ်သက်မှာ ဒီလောက် အကြောက်တရားမရှိတဲ့သူကို မမြင်ဖူးခဲ့ဘူးကိုး။ အဲဒါနဲ့ မောင်နံ့ကို ဘုရင်ကြီးဆီ ခေါ်သွားပြီး အကြောင်းစုံ လျှောက်တင်လိုက်တယ်။

ဘုရင်ကြီးက-

"အင်း… ကြောက်ရွံ့တယ်ဆိုတာ ဘယ်လိုလဲဆိုတာ သင်ကြားချင်တယ်ဆိုရင် ဒီနေရာကနေ သိပ်မဝေးတဲ့ တစ္ဆေရဲတိုက်ကို သွားပေတော့။ အဲဒီကိုသွားတဲ့အခါ မင်းကို လိုချင်တာ သုံးမျိုး ယူခွင့်ပေးမယ်။ မင်း အဲဒီရဲတိုက်ထဲမှာ သုံးညအိပ်နိုင်တယ်ဆိုရင် မင်းကို ငါ့သမီးတော်နဲ့ ပေးစားမယ်" လို့ ပြောတယ်။ မောင်နံ့ကလေးက ချက်ချင်းပဲ သဘောတူ လိုက်တာပေါ့ကွယ်။



*** (The Lad Who Wanted to learn to Fear)**

❑

ခန်း ၂၄

## မောင်နံ့နှင့် တစ္ဆေရဲတိုက်

ဒီလို သဘောတူပြီးတာနဲ့ မောင်နံ့ကလေးဟာ ဘုရင့်အစေခံတွေဆီက ပစ္စည်းသုံးမျိုး တောင်းယူပြီး အဲဒီတစ္ဆေရဲတိုက်ကြီးရှိရာကို ထွက်ခဲ့တယ်။ သူ တောင်းယူသွားတဲ့ ပစ္စည်းသုံးခုက အသွားထက်တဲ့ ပုဆိန်ရယ်၊ ပြုတ်တူကြီးတစ်ခုရယ်၊ တွင်ခုံခေါ်တဲ့ ပွတ်စင်တစ်ခုရယ်ပဲတဲ့။

ဒီလိုနဲ့ ညရောက်လာတယ်။ ရဲတိုက်ထဲက မီးဖိုချောင်မှာပဲ မီးဖိုပြီး ဘာများ ဖြစ်လာလေမလဲလို့ မောင်နံ့လေးဟာ စောင့်နေခဲ့တယ်။ သန်းခေါင်ရောက်တဲ့အခါကျတော့ အခန်းထဲကို ခွေးတစ်ကောင်နဲ့ ကြောင်တစ်ကောင် ပြေးဝင်လာတယ်။ ခွေးရဲ့ အစွယ်တွေကလည်း သွေးအလူးလူးနဲ့တဲ့။ ကြောင်ရဲ့ မျက်လုံးတွေကလည်း မီးဝင်းဝင်းတောက်လို့တဲ့။

ကြောင်နဲ့ခွေးက သူ့ကို ဘာပြောသလဲ ဆိုတော့-

"ဟေ့... မင်း တို့နဲ့အတူတူ ဖဲကစားပါလား။ အေး... မင်းရှုံးရင်တော့ မင်းကို တစ်စစီဖြစ်အောင် တို့ ဆုတ်ဖြဲပစ်မယ်" တဲ့။

မောင်နံ့ကတော့ ဟန်မပျက်ဘဲ-

"အေး... ကစားကြတာပေါ့။ ဒါပေမဲ့ မင်းတို့ လက်သည်းတွေက ရှည်လွန်း၊ ချွန်လွန်းတယ်။ ဖဲချပ်တွေ ပြဲကုန်မယ်။ ဒီတော့ အဲဒီလက်သည်းတွေကို ငါက အရင် တိဖြတ်ပေးချင်တယ်" လို့ ပြန်ပြောလိုက်တယ်။

ကြောင်နဲ့ ခွေးဟာလည်း ကောင်းပြီ ဆိုပြီး သူတို့လက်တွေ၊ ခြေတွေကို ပေးလိုက်တာပေါ့လေ။ အဲဒီလက်တွေ၊ ခြေတွေကို ပြုတ်တူနဲ့ ညှပ်၊ တွင်ခုံမှာ မှုလီစုပ်ပြီးတော့မှ ခွေးနဲ့ ကြောင်ရဲ့ ခေါင်းကို မောင်နံ့ကလေးက ပုဆိန်နဲ့ ခုတ်ဖြတ်ပစ်လိုက်တယ်။ ပြီးတော့မှ သူ အေးအေးဆေးဆေး အိပ်ရာပေါ် သွားလှဲလိုက်တယ်။

သူ သွားလှဲလိုက်တယ်ဆိုရင်ပဲ အိပ်ရာက ကြွတက်သွားပြီး စမ်းချောင်းထဲက တုတ်ကလေးတစ်ချောင်းလို လည်နေတော့တာပဲတဲ့။ မောင်နံ့က-



"ကြည့်စမ်း၊ ဘယ်လောက် စီးလို့ ကောင်းလိုက်သလဲ။ ပုခက်လိုပဲ" လို့ ပြောပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ မနက်မိုးလင်းလို့ လာကြည့်တဲ့ ဘုရင်ကြီးဟာ မောင်နံ့ကို မြင်တော့ သေနေပြီလို့ ထင်တယ်။ ဒါပေမဲ့ မောင်နံ့က မျက်လုံးတွေ ပွင့်လာပြီး-

"ကြောက်ရွံ့တယ် ဆိုတာကို သင်ရတယ်ဆိုတာ တော်တော် ပျော်စရာ ကောင်းတာပဲ။ ကျွန်တော် နောက်နှစ်ရက် ဆက်သင်ရဦးမယ်နော်" လို့ ပြောလိုက်တော့ ဘုရင်ကြီးလည်း အံ့သြသွားတာပေါ့။

နောက်နေ့ညနေကျတော့ မောင်နံ့ကလေးဟာ အဲဒီတစ္ဆေခြောက်တဲ့ ရဲတိုက်ကြီးကို ကြောက်ရွံ့တယ်ဆိုတာ ဘာလဲလို့ သင်ရအောင် သွားပြန်ပါရောတဲ့။

** The Lad Who Wanted to learn to Fear*

❑

ခွန် ၂၅

## မောင်နံနှင့် တစ္ဆေရဲတိုက်

အဲဒီနေ့ ညသန်းခေါင်ရောက်တော့ မီးခိုးခေါင်းတိုင်ထဲက ကျိုးကျိုးချွတ်ချွတ် မြည်လာပြီး ပထမတော့ လူတစ်ယောက်ရဲ့ ခြေထောက်တစ်စုံ ထွက်ကျလာတယ်တဲ့။ နောက်တော့ ခေါင်းတစ်လုံး ထွက်ကျလာတယ်။ နောက်တော့မှ ခန္ဓာကိုယ်ကြီးချည်းပဲ ထွက်ကျလာတယ်တဲ့။ အဲဒီ ခေါင်းရယ်၊ ကိုယ်ရယ်၊ ခြေထောက်ရယ်ဟာ သူတို့ဘာသာ သူတို့ ပူးပေါင်းသွားကြပြီး တစ္ဆေတစ်ကောင် ဖြစ်သွားတယ်။

ဒီအတိုင်းပဲ တစ္ဆေတွေ တစ်ကောင်ပြီးတစ်ကောင် ထွက်လာလိုက်ကြတာ လေးကောင်တောင်တဲ့။ မောင်နံကတော့ စားပွဲတစ်လုံးက ထိုင်ပြီး အေးအေးလူလူ ငေးကြည့်နေတာပဲ။

တစ္ဆေတွေက လေးကောင်လည်းစုံရော သူတို့နဲ့ ပါလာတဲ့ လူခေါင်းခွံတွေကို တစ်ယောက်နဲ့တစ်ယောက် မြှောက်ပစ်ပေးပြီး ဘောလုံးဖမ်းတမ်း ကစားနေကြတယ်တဲ့။ မောင်နံကိုလည်း တို့နဲ့ ဘောလုံးဝင်ကစားပါလားလို့ ဖိတ်ခေါ်တယ်။ မောင်နံက-

"မင်းတို့ ဘောလုံးတွေက မညီမညာ မသေမသပ်နဲ့။ ငါ လုံးအောင် ပြင်ပေးမယ်" ဆိုပြီး အဲဒီ လူခေါင်းခွံတွေကို ပွတ်စင်ပေါ်တင် ပုဆိန်နဲ့ ရွေပြီး လုံးအောင် လုပ်ပေးတယ်တဲ့။ ပြီးတော့ တစ္ဆေတွေနဲ့အတူ သူ ဝင်ကစားနေလိုက်တာ မိုးလင်းလို့ ကြက်အော်သံ ကြားမှပဲ တစ္ဆေတွေ ပျောက်ကွယ်ကုန်ကြတယ်တဲ့ကွယ်။

"အို... ခက်တာပဲ။ ကြောက်ရွံ့တယ်ဆိုတာ ဘာလဲလို့ ဘယ်သူကမှလည်း ငါ့ကို သင်ပေးမသွားပါလား" လို့ မောင်နံလေး ညည်းရင်း ကျန်ခဲ့တယ်။

ဒီလိုနဲ့ နောက်နေ့ည ရောက်လာပြန်ရော။

ဒီတစ်ခါတော့ မီးခိုးခေါင်းတိုင်ထဲက ဆူဆူညံညံအသံတွေ ကြားရပြီး ခေါင်းကြီးတစ်လုံး ထွက်ကျလာတယ်။ အဲဒီခေါင်းထဲမှာ မုတ်ဆိတ်ရှည်တွေနဲ့ ထောင်မှူးကြီး ဝတ်စုံဝတ်ထားတဲ့ အလောင်းကြီး တစ်လောင်းလည်း ပါလာတယ်။ အဲဒါကို မောင်နံက မြင်တော့-



"အင်း... ခင်ဗျားတော့ တော်တော်အေးနေမှာပဲ" လို့ ပြောပြီး အဲဒီအလောင်းကြီးကို သူ့အိပ်ရာထဲ ယူပြီး အတူတူ အိပ်တယ်တဲ့။ အဲဒီလို အိပ်ပြီး မကြာပါဘူး၊ အလောင်းကြီးဟာ တဖြည်းဖြည်း ပူနွေးလာပြီး ထထိုင်တော့တယ်။ မောင်နံ့ကလေးကိုလည်း သူ့လက်တွေနဲ့ ဆွဲထားပြီး-

"မင်းဟာ ငါ့ကိုလာပြီး အသက်သွင်းပေးတဲ့ကောင်ပဲ။ မင်း မကြောက်ရှုံ့ဘူး ဆိုရင်တော့ မင်း သေရလိမ့်မယ်" လို့ ပြောတယ်။ မောင်နံ့လေးက-

"အဲဒါဟာ ကျုပ် ဒီကို ရောက်လာရတဲ့ အကြောင်းပဲ" လို့ ပြောတယ်။

ထောင်မှူးတစ္ဆေကြီးဟာ မောင်နံ့ကို လျှို့ဝှက်လိုဏ်ခေါင်းကနေ ရဲတိုက်ကြီးရဲ့ မြေအောက်ခန်းထဲကို ခေါ်သွားတယ်။

အဲဒီလည်းရောက်ရော မြေကြီးမှာ သံနဲ့လုပ်ထားတဲ့ ထိတ်တုံးတစ်ခုကို တစ္ဆေထောင်မှူးကြီး တစ်ချက်တည်း ရိုက်လိုက်တယ်။ မောင်နံ့က-

"ကျွန်တော် ဒါထက်သာအောင် လုပ်နိုင်တယ်" လို့ ပြောပြီး တစ္ဆေကြီးရဲ့ မုတ်ဆိတ်ကို ဆွဲယူပြီး ထိတ်တုံးခတ်ထားလိုက်တယ်။ အဲဒီမှာ ပြင်းထန်တဲ့ မိုးကြိုးပစ်သံကြားရပြီး တစ္ဆေကြီးလည်း ပျောက်သွားတယ်။ လေထဲကနေ စိန်ပွင့်တွေ၊ ကြယ်စတွေဟာ မြေကြီးပေါ်ကို ကျလာပြီး ဖိတ်ဖိတ်တောက်နေတော့တယ်တဲ့။

နောက်နေ့မနက်မှာ ရောက်လာတဲ့ ဘုရင်ကြီးဟာ မောင်နံ့နဲ့အတူ စိန်တွေ၊ ရွှေတွေ မြင်တော့ သူ့မျက်လုံးသူ မယုံနိုင်လောက်အောင် အံ့အားသင့်ပြီး မောင်နံ့လေးကို နန်းတော်ခေါ်သွားပြီး သူ့သမီးတော်နဲ့ ပေးစားလိုက်တယ်တဲ့ကွယ်။

* *(The lad Who Wanted to learn to Fear)*

❑

ဇွန် ၂၆

## မာနရှင်မင်းသမီး

ဟိုးရှေးရှေးတုန်းက အင်မတန် ဩဇာအာဏာရှိတဲ့ ဘုရင်ကြီးတစ်ပါးဆီမှာ အင်မတန် ချောမောလှပတဲ့ သမီးတော်လေးတစ်ပါး ရှိတယ်တဲ့။ တစ်နေ့တော့ ဘုရင်ကြီးဟာ အဲဒီ သမီးတော်အတွက် ကြင်ရာတော် သတို့သားလောင်းရွေးချယ်ပွဲ လုပ်ဖို့ စီးချင်းထိုးပြိုင်ပွဲတစ်ခု ကျင်းပတယ်။

ကမ္ဘာမြေအရပ်ရပ်မှာရှိတဲ့ နိုင်ငံအသီးသီးကို ပြိုင်ပွဲဝင်ဖို့ ဖိတ်စာတွေ ပို့လိုက်လေတော့ ကမ္ဘာအရပ်ရပ်က မင်းညီမင်းသားတွေ၊ သူရဲကောင်းတွေ၊ အိမ်ထောင်မရှိသေးတဲ့ နုပျိုတဲ့ ဘုရင်တွေ အားလုံးလိုလို စုဝေးရောက်ရှိလာကြတယ်။ ချောသလောက် မာနကြီးတဲ့ မင်းသမီး လေးကတော့ ရောက်လာသမျှ သတို့သားလောင်းတွေကို တစ်ယောက်မှ သဘောမကျဘူးတဲ့။ တချို့ကျတော့ ရှည်လို့၊ တချို့ကျတော့ ပုလို့၊ တချို့ကျတော့ ဝလို့၊ တချို့ကျတော့ ပိန်လို့ စသဖြင့် အမျိုးမျိုး အပြစ်ရှာ လှောင်ပြောင်နေတယ်တဲ့။

အဲဒီထဲမှာ ငယ်ရွယ်တဲ့ ဘုရင်လေးတစ်ပါးလည်း ပါတယ်။ အဲဒီဘုရင်လေးဟာ ရဲလည်း ရဲရင့်တယ်။ ရောက်လာသမျှ လူတွေထဲမှာ ကြည့်အကောင်းဆုံးလည်း ဖြစ်တယ်။ ဒါပေမဲ့ သူ့မုတ်ဆိတ်မွေးကတော့ ကျိုးတိုးကျဲတဲ ဖြစ်နေတယ်တဲ့။ တစ်ခါတုန်းက သူ အမဲ လိုက်တုန်း တောထဲမှာ ဝက်ဝံထိုင်းတစ်ကောင်နဲ့ တိုက်ခိုက်ရင်း ပါးမှာ ဒဏ်ရာရခဲ့ဖူးတာကိုး။ အဲဒီဘုရင်လေးဟာ စီးချင်းထိုးကြတဲ့အခါ သူ့ပြိုင်ဘက်တွေ အားလုံးကိုလည်း အနိုင်ရလိုက် တယ်တဲ့။

မင်းသမီးလေးဟာ သူ့ကိုကြည့်ပြီး-

"အမယ်လေး ကယ်တော်မူကြပါ။ ဒီဘုရင် ကျိုးတိုးကျဲတဲရဲ့ဇနီး ကျွန်မ ဖြစ်ရ တော့မယ်။ ကယ်ကြပါဦး" လို့ နှုတ်က ထုတ်ညည်းတယ်။ ဒီတော့ ဘုရင်ကလေးကလည်း ဘုရင်ကျိုးတိုးကျဲတဲလို့ အမည်တွင်သွားတော့တာပေါ့။ နောက်ဆုံးတော့ အဲဒီဘုရင်ကလေး



အပါအဝင် ပြိုင်ပွဲဝင်လာကြသူ အားလုံးဟာ ဘုရင်ကြီးကို နှုတ်ဆက်အလေးပြုပြီး ပြန်သွားကြတယ်။

ဘုရင်ကြီးလည်း သူ့သမီးတော်အပေါ် သိပ်ဒေါသဖြစ်သွားတာပေါ့။

"မင်းရဲ့ မာနအတွက် မင်းကို အပြစ်ပေးရမယ်။ ဟောဒီ နန်းတော်တံခါးဝက ပထမဆုံး ဝင်လာတဲ့ ခြေသလုံးအိမ်တိုင် တစ်ယောက်ယောက်နဲ့ မင်းကို လက်ထပ်ပေးရမယ်။ မင်းနဲ့ အထိုက်တန်ဆုံးဟာ သူပဲ ဖြစ်ရမယ်" လို့ ပြောတယ်။

အဲဒီအခိုက်မှာပဲ တံခါးဝကနေ ခြေသလုံးအိမ်တိုင် ပျံကျတစ်ယောက်ဟာ စောင်းတီးသီချင်းဆိုပြီး ဝင်လာတာ တွေ့ရတယ်။ ဘုရင်ကြီးက-

"ကဲ... သမီးတော်၊ မင်း သူနဲ့သာ လက်ထပ်ဖို့ ပြင်ပေတော့" လို့ ပြောတယ်။ ပြီးတော့ အဲဒီစောင်းသမားကို ခေါ်ပြီး လက်ထပ်ပွဲကျင်းပဖို့ စီစဉ်တော့တယ်တဲ့။

* ***(King Ragbeard)***

❑

# ဇွန် ၂၈

## မာနရှင်မင်းသမီး

မာနရှင်မင်းသမီးလေးဟာ သူ့အဖေကို အမျိုးမျိုး ငိုယိုတောင်းပန်ပေမယ့် မရဘူး။ ခေါင်းမာတဲ့ ဘုရင်ကြီးက သူ့ဆုံးဖြတ်ချက်ကို မပြင်ဘူးတဲ့။ မင်းသမီးလေးကို အဲဒီပျံကျ စောင်းသမားနဲ့ပဲ ပေးစားလိုက်တယ်။ ပြီးတော့-

"ကဲ... မင်း မင်းယောက်ျားနဲ့ လိုက်သွားပေတော့။ သူ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ သူနေတဲ့နေရာမှာပဲ မင်း နေရလိမ့်မယ်" ဆိုပြီး နန်းတော်ကပါ နှင်ထုတ်လိုက်တယ်တဲ့။

မင်းသမီးလေးလည်း ဝမ်းနည်းပက်လက်နဲ့ သူ့ယောက်ျားနောက်က လိုက်ခဲ့ရတော့ တာပေါ့လေ။ ဒီလိုနဲ့ တစ်တောဝင် တစ်တောင်တက်နဲ့ လာလိုက်ကြတာ ရက်အတော်ကြာတော့ နိုင်ငံတစ်နိုင်ငံကို ရောက်သွားတယ်တဲ့။ အဲဒီနိုင်ငံဟာ လှလည်းလှ၊ ချမ်းလည်း ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတဲ့။ အင်မတန် လှပတဲ့ နန်းတော်ကြီးကို မြင်ရတော့ မင်းသမီးလေးက-

"ဒါ ဘယ်နိုင်ငံလဲဟင်" လို့ မေးတယ်။ သူ့ယောက်ျားက-

"မင်း မသိဘူးလား၊ ဒါဟာ လူတွေက ဘုရင် ကျီးတိုးကျဲတဲ့လို့ ခေါ်နေတဲ့ ဘုရင်လေး ရဲ့ နိုင်ငံပဲ" လို့ ပြောတယ်။ ဒီတော့မှ မင်းသမီးလေးက နောင်တရပြီး-

"ကျွန်မသာ သူ့ကို ယူလိုက်ရင် သူနဲ့အတူ ဒီနန်းတော်ပလ္လင်ပေါ်မှာ ထိုင်နေရမှာ" လို့ ညည်းတယ်။ သူ့ယောက်ျားက-

"ဟော့... ငါ့ရှေ့မှာ တခြားလူတစ်ယောက်ကို တမ်းတနေတဲ့အသံ မကြားချင်ဘူး" လို့ ဟောက်ပြီး မြို့စွန်က တဲကုပ်လေးတစ်ခုကို ခေါ်သွားတယ်။

အဲဒီအိမ်ကလေးက ဘယ်လောက် နိမ့်သလဲဆိုရင် အိမ်ထဲကို မင်းသမီးလေး ဒူးထောက် ဝင်ရတယ်တဲ့။ စုတ်ချာလိုက်တာလည်း လွန်ပါရောတဲ့။ သူ့ယောက်ျားက-

"အဲဒါ မင်းရဲ့အိမ်ပဲ မင်းသမီးလေး။ အခုအချိန်ကစပြီး ထမင်းတစ်လုတ် စားဖို့ အတွက် မင်းလက်ချောင်းတွေကို အားကိုးပြီး ပင်ပင်ပန်းပန်း လုပ်ရပြီသာ မှတ်ပေတော့"

အဲသလိုပြောပြီး သူက မင်းသမီးလေးကို ဘီစကွတ် ဘယ်လိုလုပ်ရတယ်။ ပေါင်မုန့် ဘယ်လိုဖုတ်ရတယ်။ ဂျုံ ဘယ်လိုနယ်ရတယ် ဆိုတာတွေ သင်ပေးတယ်။ ပြီးတော့ ညစ်ပေနေတဲ့ အိမ်ကိုလည်း လှည်းကျင်းရှင်းလင်းခိုင်းတယ်။ အင်မတန် နုနယ်တဲ့ မင်းသမီးလေးရဲ့ လက်ချောင်းတွေဟာ အလုပ်ကြမ်းတွေလုပ်ရလို့ ပွန်းပဲ့ပြီး သွေးတွေ ဘာတွေတောင် ထွက်လာတယ်တဲ့။ သူ့ယောက်ျားက-

"မင်းဟာ တော်တော် အသုံးမကျတဲ့ဟာပဲ။ ကဲ… ဟောဟို မြေအိုးနှစ်အိုးကိုသား ဈေးကို သွားရောင်းပေတော့" လို့ ခိုင်းတယ်။

ဒါနဲ့ မင်းသမီးလေး အဲဒီအိုးနှစ်အိုးကို ယူပြီး ဈေးကို လာရောင်းတော့တာပေါ့။ ဈေးလမ်းမပေါ် ချရောင်းနေတုန်း ကံဆိုးချင်တော့ အရက်မူးနေတဲ့ မြင်းတပ်သားတစ်ယောက်စီးလာတဲ့ မြင်းက တက်နင်းလို့ အဲဒီအိုးတွေလည်း အစိတ်စိတ်အမြွှာမြွှာ ကွဲကုန်ကြတယ်တဲ့။

အိမ်ပြန်ရောက်တော့ သူ့ယောက်ျားက သူ့ကို ဆူပူပြန်တယ်။

"မင်းဟာ ဘာကိုမှ အဆင်ပြေအောင် မလုပ်တတ်ဘူး။ ဒီတော့ နန်းတော် မီးဖိုချောင်မှာ သွားပြီး ပန်းကန်ဆေးတဲ့အလုပ်ပဲ လုပ်ပေတော့" လို့ ခိုင်းပြန်တယ်။

❑



## ဇွန် ၂၈

## မာနရှင်မင်းသမီး

ဒီလိုနဲ့ မင်းသမီးလေးဟာ နန်းတော်မီးဖိုချောင်ထဲကို ပန်းကန်ဆေးဘဝနဲ့ ရောက်သွားပြန်တယ်။ အဲဒီမှာ သူဟာ တော်တော် ပင်ပင်ပန်းပန်း အလုပ်တွေ လုပ်ရတယ်တဲ့။ တစ်နေ့လုံး နားရတယ်ကို မရှိဘူးတဲ့။ စားဖိုဆောင် ထမင်းချက်ဆီကလည်း ကြင်ကြင်နာနာစကား ဆိုလို့ တစ်လုံးမှ မကြားရဘူးတဲ့။

ဒါပေမဲ့ မင်းသမီးလေးဟာ ကြိုးစားပြီး လုပ်တယ်။ အခုတော့ သူဟာ တော်တော်လေး ထိန်းထိန်းသိမ်းသိမ်း နေထိုင်လုပ်ကိုင်တတ်ပြီတဲ့။ မီးဖိုချောင်ထဲမှာ သူဟာ အိုးလေးတစ်အိုး ဝှက်ထားတယ်။ နန်းတော်စားဖိုဆောင်ထဲက စားစရာ သောက်စရာ အပိုအလျှံတွေကို အဲဒီ အိုးလေးထဲမှာ ထည့်သိမ်းထားတတ်တယ်။ အိမ်အပြန်ကျရင် အဲဒီအိုးလေးကို သူ ဝှက်ပြီး ယူသွားတတ်တယ်။ သူက နန်းတော် မီးဖိုချောင်မှာ ပန်းကန်ဆေးရတာဆိုတော့ သူ့အင်္ကျီ အဝတ်အစားတွေ ရေမစိုရအောင် အဝတ်အစားတွေ အပေါ်က အဝတ်ရှည် ကာပြီး ဝတ်ထားရတယ်။ သူက စားစရာ သောက်စရာတွေ ထည့်ထားတဲ့ အိုးလေးကို အဲဒီအဝတ်အောက်က ဝှက်ယူတာလေ။ အိမ်ရောက်ရင် သူ့ယောက်ျားလည်း ကျွေး၊ သူလည်း စားရတာပေါ့လေ။

တစ်နေ့တော့ စားဖိုဆောင် အကြီးအကဲက ဒီနေ့ အထူးစီမံ ချက်ပြုတ်ရမယ်လို့ ပြောတယ်။ နန်းတော်မှာ အရေးကြီးတဲ့ ထမင်းစားပွဲကြီး ရှိတယ်။ ဒီနေ့ ဘုရင်ကြီးဟာ သူ့ ကြင်ရာတော် သတို့သမီးကို နန်းတော်ကို ခေါ်လာလိမ့်မယ်လို့ ပြောတယ်။

အဲဒီနေ့မှာတော့ မင်းသမီးလေး အလုပ်များလိုက်တာ လုံးဝကို အနားမယူရရှာဘူးတဲ့။ ညနေပိုင်းရောက်မှပဲ အိမ်ပြန်ဖို့ အနားရတော့တယ်တဲ့။ အဲဒီအချိန်မှာ သူ့အိုးကလေးထဲမှာလည်း သူထည့်ထားတဲ့ စားစရာတွေက အိုးနှုတ်ခမ်းထိအောင် ပြည့်နေပြီတဲ့။ အိုးကလေးကို သူက ထုံးစံအတိုင်း ရင်ဘတ်ထဲက အဝတ်စကြီးအောက်မှာ ဝှက်ထားတာပေါ့လေ။

ထမင်းစားပွဲကြီးကလည်း စခါနီးနေပြီ။ မင်းသမီးလေးဟာ မချုပ်တည်း မအောင့်အည်း နိုင်ဘဲ အဲဒီထမင်းစားပွဲ ကျင်းပတဲ့ ခန်းမဆောင်ကြီးကို ဟနေတဲ့ တံခါးကြားကနေ

ချောင်းကြည့်လိုက်တယ်။ သူ နန်းတော်ကို ရောက်ကတည်းက ဘုရင် ကျိုးတိုးကျဲတဲနဲ့ တစ်ခါမှ မဆုံခဲ့ဖူးဘူးကိုး။ ပြီးတော့ ဘုရင်ရဲ့ ကြင်ရာတော်ကိုလည်း သိချင်နေတယ်။

အဲဒီအချိန်မှာ ရုတ်တရက် တံခါးဟာ ပွင့်သွားပြီး လက်နှစ်ဖက်က သူ့ကို ခန်းမကြီး ထဲကို ဆွဲခေါ်သွားတာနဲ့ ကြုံရတယ်။ သူကြည့်လိုက်တော့ အဲဒီဘုရင်ကြီးဟာ တခြားသူ မဟုတ်ဘဲ သူ့ယောက်ျား ပုံကျစောင်းသမား ဖြစ်နေတယ်တဲ့။ မင်းသမီးလေးလည်း အံ့သြ သွားတယ်။ ဘုရင်ကတော့ မင်းသမီးလေးရဲ့ လက်ကို ဆွဲပြီး အခန်းထဲမှာ လှည့်ပတ်ကနေ တယ်။

မင်းသမီးလေးဟာ လည်နေအောင် ကနေရတော့ အင်္ကျီအောက်က ဝှက်ထားတဲ့ အိုးကလေးက လျှောထွက်ကျပြီး ကွဲသွားတော့တယ်။ ကြမ်းပြင်ပေါ်မှာလည်း အိုးလေးထဲ ထည့်ထားတဲ့ စားသောက်စရာတွေ ပြန့်ကျဲကုန်တော့တာပေါ့။ မင်းသမီးလေးဟာ ရှက်လွန်းလို့ ထွက်ပြေးဖို့ ကြံသေးတယ်။ ဒါပေမဲ့ ဘုရင်လေးက လက်ကို ဆွဲပြီး တားထားလိုက်တယ်။

"ရှက်စရာ မဟုတ်ပါဘူး၊ ဒါတွေဟာ မင်းယောက်ျား ပုံကျစောင်းသမားအတွက် မဟုတ်လား။ မင်းဟာ တာဝန်ကျေတဲ့ ဇနီးကောင်း တစ်ယောက် ဆိုတာ ဖော်ပြတာပဲ"

ဘုရင်လေးက မင်းသမီးလေးကို ဆက်ပြီး ရှင်းပြတယ်။

"မင်းရဲ့ ကြီးလွန်းတဲ့ မာနကို အပြစ်ပေးဖို့အတွက် မင်းရဲ့ အဖေရယ်၊ ငါရယ် နှစ်ယောက် တိုင်ပင်ပြီး ခုလို စီမံလိုက်ကြတာပဲ။ ပုံကျစောင်းသမားလည်း ငါပဲ။ အရက်မူး နေတဲ့ မြင်းတပ်သားဟာလည်း ငါပဲ။ အခုတော့ အင်မတန် မာနကြီးတဲ့ နှလုံးသားဟာ ကြင်နာ သနားမှုနဲ့ နူးညံ့ ပျော့ပျောင်းလာပါပြီ။ ငါတို့ စမ်းသပ်တဲ့ စမ်းသပ်မှုကို မင်း အောင်မြင်ပါပြီ။ ဒီတော့ မင်း ဒီနန်းတော်မှာပဲ ငါ့မိဖုရားအဖြစ် နေပါတော့"



အဲဒီစကားတွေ ကြားတော့ မင်းသမီးလေးလည်း သိပ်ပျော်သွားတာပေါ့ကွယ် ဟုတ်လား။

* *King Ragbeard*

□

ဇွန် ၂၉

## ကြွက်ကလေးပုံပြင်

ဟိုးရှေးရှေးတုန်းက ကြွက်နိုင်ငံတော်ကြီးတစ်ခုမှာ ကြွက်မလေးတစ်ကောင် နေထိုင်နေတယ်တဲ့။ အဲဒီကြွက်မလေးဟာ အမြဲတမ်း ဘယ်အရာကိုမှ အလိုမကျ ဖြစ်နေတတ်တဲ့ ကြွက်မလေးတဲ့။ ဘယ်လိုဟာမျိုးကိုမဆို သူ့နှာခေါင်းနဲ့ နမ်းရှုပ်ကြည့်ရင်း ထွက်သွားတတ်တဲ့ ကြွက်မလေးတဲ့။ သူ့ သဘောကျတာ ဘာမှ မရှိဘူးတဲ့။

တစ်နေ့တော့ အဲဒီကြွက်မလေးဟာ ဒီကြွက်နိုင်ငံတော်က ထွက်ပြီး ကမ္ဘာကြီးထဲကို ခြေဆန့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်တဲ့။ အဲဒါနဲ့ ကြွက်တွင်းထဲကနေ အစောင့်အရှောက် ကြွက်တွေရဲ့ အလစ်မှာ အသာကလေး လစ်ထွက်လာခဲ့တယ်တဲ့။ ကြွက်တွင်းဝရောက်လို့ ကမ္ဘာကြီးထဲကို သူ လှမ်းကြည့်လိုက်တဲ့အခါ -

ဘာကိုများ မြင်ရမယ် ထင်သလဲ ကလေးတို့ရေ။

ကြွက်ကလေး ပထမဆုံး မြင်ရတာက ကြွက်တွင်းဝနဲ့ မလှမ်းမကမ်း မြက်ပင်တွေပေါ်မှာ ဆောက်ထားတဲ့ ငှက်သိုက်ကလေးတဲ့။ ကြွက်မကလေး ငှက်သိုက်ကို မြင်တော့-

"ငါက ဒီလို နန်းတော်မျိုးမှာမှ နေချင်တာ" လို့ ပြောလိုက်သေးတယ်။ အဲဒီ ငှက်သိုက်ထဲက ငှက်တစ်ကောင် ထပျံသွားတာ မြင်ရတော့-

'ဒါဟာ ငှက်ဘုရင်ကြီးကိုယ်တိုင်ပဲ ဖြစ်ရမယ်။ ကြည့်စမ်း၊ သူ့ဝတ်လုံအင်္ကျီဟာ ဘယ်လောက်လှသလဲ။ မှိုင်းမှိုင်းအရောင်မွဲမွဲတို့ရဲ့ ကြွက်ဘုရင်ကြီးရဲ့ ဝတ်လုံနဲ့တော့ တခြားစီပဲ' လို့လည်း တွေးလိုက်သေးတယ်။

ပြီးတာနဲ့ သူဟာ မျက်စိတစ်မှိတ်အတွင်း အဲဒီငှက်သိုက်ကလေးပေါ်ကို ခုန်တက်လိုက်တယ်တဲ့။ ပြီးတော့ အဲဒီငှက်သိုက်ကလေးကို သူ့အိမ်လို သဘောပိုက်နေပြီး အသိုက်ထဲက ငှက်ကလေးတွေကို-

"ဟေ့… ငါဟာ ငှက်ဘုရင်မပဲ။ မင်းတို့ မနှောင့်ယှက်ကြနဲ့" လို့ ပြောလိုက်သေးတယ်။ ငှက်ကလေးတွေက အသိုက်ထဲက ထွက်ပြေးပြီး သိမ်းငှက်ကြီးကို သွားတိုင်ကြ



တယ်။ ငှက်ကလေးတွေ စကားကို ကြားရတော့ သိမ်းငှက်ကြီးက သိပ်ဒေါသထွက်သွားတယ်။

"ဒါဟာ နိုင်ငံတော်ကိစ္စပဲကွ။ ကြွက်က ငှက်ဘုရင်မ ဖြစ်ရမယ်လို့၊ မဖြစ်နိုင်ဘူး။ ဒီကြွက်ကိုတော့ ငါ့အကြောင်း ပြရသေးတာပေါ့" လို့ ပြောပြီး ကြွက်မလေးရှိတဲ့ ငှက်သိုက်ဆီ ပျံသွားခဲ့တယ်။ ကြွက်မလေးကလည်း ပါးတယ်။ သိမ်းငှက်ကြီးကိုလည်း မြင်ရော-

"သိမ်းငှက်ကြီးလာပြီ၊ မုဆိုးကြီးရေ၊ ရှင့်သေနတ်ကို ထုတ်ပြီး ပစ်တော့လေ" လို့ အော်တယ်။ ဒီအသံလည်းကြားရော သိမ်းငှက်ကြီးဟာ ကြောက်လန့်တကြား ပျံထွက်ပြေးရောတဲ့။ အဲဒီအချိန်မှာပဲ ကောင်လေးတစ်သိုက်ဟာ အဲဒီအနားကို ရောက်လာကြတယ်။ သူတို့ဟာ ကြွက်ကလေးကိုလည်း မြင်ရော ညောင်··· ညောင်နဲ့ ကြောင်အော်သံကို တုပြီး တိုးတိုးလေး အော်လိုက်ကြတယ်။ ကြောင်အော်သံလည်း ကြားရော ကြွက်မလေးဟာ ငှက်သိုက်ထဲက ခုန်ဆင်းပြီး ကြွက်တွင်းထဲ ဝင်ပြေးသွားလိုက်တာ တစ်ခါတည်း ပြန်ကို ပေါ်မလာတော့ဘူး။ ငှက်ကလေးတွေကတော့ ကြွက်ကလေးပြေးတာကို မြင်တော့ သဘောကျလွန်းလို့ သူတို့ကိုယ်က ငှက်တောင်လေး တစ်တောင်စီကို ကောင်လေးတွေအတွက် မြက်ခင်းပေါ်ကို ခြွေချပေးကြတယ်တဲ့ကွယ်။

* ***A little Mouse Story***

❑

ပုံ ၃၀

## သူခိုးလက်က သူဝှက်လု

တစ်ခါတုန်းက ရွာတစ်ရွာမှာ ခပ်ထိုင်းထိုင်းနဲ့အအ လူငယ်တစ်ယောက် ရှိတယ်။ သူဟာ ပျင်းကလည်း ပျင်းသေးတယ်တဲ့။ ဘယ်လောက် ပျင်းသလဲဆိုရင် တနင်္ဂနွေမနက် ဘုရားရှိခိုးကျောင်းလာတာတောင် သူ့အိပ်ရာကို စီးပြီး လာချင်တာတဲ့။ တစ်နေ့တော့ သူ့အဖေက သူ့ကို ဒီလို ကြိမ်းမောင်းတယ်။

"ငါ့ရှေ့က ထွက်သွားစမ်း ငပျင်း။ လူတွေ လုပ်ရိုးလုပ်စဉ် နေ့စဉ်အလုပ်ကလေး တွေကိုမှ မင်း မလုပ်ချင်ဘူးဆိုရင် မင်းတော့ ဓားပြတိုက်သာ စားပေတော့" လို့။

အဲဒီစကားကို ငပျင်းက တကယ်မှတ်သွားတယ်။ သူ့အတွက် အကြံကောင်းပေးလိုက် သလိုပဲ။ ငပျင်းဟာ အိမ်က ထပ်ခိုးပေါ်ကို တက်ပြီး သေတ္တာထဲက သူ့အဘိုးရဲ့ သေနတ်ဟောင်း တစ်လက်ကို ယူတယ်။ ပြီးတော့ သံချေးတက်နေတဲ့ ဓားရှည်တစ်လက်ကိုလည်း သူ့ခါးပတ် ကြားထဲမှာ ထိုးထည့်လိုက်တယ်။

ပြီးတော့ သူဟာ အိမ်ကထွက်ခဲ့ပြီး လမ်းဘေး လယ်ကွင်းနားက ရေတွင်းတစ်တွင်း ဘေးမှာ ပုန်းနေလိုက်တယ်။ သူ ကံကောင်းချင်တော့ အဲဒီလမ်းကပဲ ကုန်သည်တစ်သိုက်ဟာ မြို့က ဈေးရောင်းပြီး လမ်းလျှောက်လာကြတယ်။ အနားလည်းရောက်ရော ငပျင်းဟာ ခုန်ထွက် ပြီး တကယ့်ဓားပြကြီး တစ်ယောက်ရဲ့ လေသံနဲ့-

"ပစ္စည်းပေးမလား၊ အသက်ပေးမလား" လို့ ခြိမ်းခြောက်လိုက်တယ်။

ကုန်သည်တွေအားလုံးကပဲ ကြောက်ပြီး ပါသမျှ ရွှေငွေတွေ ထုတ်ပေးကြတယ်။ ဒီတော့ သူ့မှာပါလာတဲ့ အိတ်ဟာ ရွှေတွေငွေတွေနဲ့ ခဏလေးနဲ့ ပြည့်သွားတယ်တဲ့။

အဲဒီအချိန်မှာပဲ ဘုရင်ဟာ သူ့မြင်းရထားနဲ့ အဲဒီနားကို ရောက်လာတယ်။ မိုက်မဲတဲ့ ငပျင်းက ခုနလိုပဲ ရထားရှေ့က ထွက်ရပ်ပြီး အော်တယ်။

"အသက်ကို ပေးမလား၊ ပစ္စည်းကို ပေးမလား"

ဒါပေမဲ့ ဘုရင်က ရှုးပေါ်ပေါ်လူမှ မဟုတ်တာ။ ငပျင်းကို-

"အင်း… တကယ့်ကို ကြီးကျယ်တဲ့ ဓားပြကြီးနဲ့ လာတွေ့နေတာပဲ။ ဒီမယ် ခင်ဗျားရဲ့ ဆန္ဒကိုတော့ ကျုပ် ဖြည့်ဆည်းပေးချင်ပါတယ်။ ဒါပေမဲ့ ကျုပ် ပိုင်ဆိုင်သမျှ ရတနာရွှေငွေတွေ အားလုံးက ဟောဟို ရေတွင်းထဲမှာ ဝှက်ထားတာ။ ကျုပ်ရော၊ ကျုပ်ရဲ့ ရထားမောင်းသမား ကရော ရေမကူးတတ်ကြဘူး။ ခင်ဗျား ယူနိုင်ရင်တော့ ရေတွင်းထဲ ကိုယ်တိုင်သာ ဆင်းယူ ပေတော့" လို့ ပြောတယ်။

ငပျင်းဟာလည်း တကယ်ယုံပြီး ရေတွင်းထဲ ဆင်းရအောင် သူ့အဝတ်အစားတွေ ချွတ်တယ်။ ဒီတော့ သူ့ကိုယ်ပေါ်က ရွှေတွေလည်း အပြင်ထွက်ကျကုန်တာပေါ့။ အဝတ်အစား တွေလည်း ချွတ်ပြီးရော ငပျင်းဟာ ရေတွင်းထဲကို ခုန်ချသွားတော့တယ်တဲ့။

ဒီတော့မှ ဘုရင်မင်းမြတ်ဟာ အူတက်မတတ် ရယ်တယ်။ ရယ်ပြီး-

"ဩော်… တော်တော် နုံတဲ့အတဲ့ကောင်ပဲ။ ဘုရင်မင်းမြတ်ဆိုတာ ကမ္ဘာမြေပေါ်က ဓားပြတွေထဲမှာ အကြီးကျယ်ဆုံး ဓားပြဆိုတာပဲ ဆိုတာလောက်မှ ဒီကောင် မသိဘူးလား"

ပြောပြီး ငပျင်း ကျန်ခဲ့တဲ့ ရွှေတွေငွေတွေကို ရထားပေါ်ကောက်တင်ပြီး ခရီးဆက် ထွက်သွားတော့တယ်တဲ့ကွယ်။

* *The Thief Robbed*

❑

သစ္စာနီ

